ဟဇရသ် မောင်လာနာ မွဖ်သီ မိုဟမ္မဒ် ရှဖီး(အ်)

၏

ကုရ်အာန် သဖ်စီရ် (အူရ်ဒူ) ကျမ်းမှ

မအာရိဖွလ်ကုရ်အာန်
မြန်မာဘာသာပြန်

အစောင် ၁၇

အာယသ်တော် ၂၁း၁ မှ ၂၂း၇၈ အထိ

ပြန်ဆိုရေးသားတည်းဖြတ်သူ

မောင်လာနာ မွဖ်သီ ကာရီ မိုဟမ္မဒ် ယူစွဒ် (အဆ်အဒီ)

မာတိကာ

ခဉ်	အကြောင်းအရာ	စာမျက်နှာ

ပါရာ [၁၇]

စူရာဟ် အန်ဖေယာ

နဗီတမန်တော်များကဏ္ဍ

၂၁ း ၁ မှ ၂၁ း ၁၀ အထိ

၁။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၃

၂။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၆

၃။ စူရာဟ်အန်ဖေယာ၏ ထူးခြားမှု ၆

၄။ ကုရ်အာန်ကျမ်းတော်မြတ်သည် အာရပ်များအဖို့ ဂုဏ်ယူဖွယ်ရာဖြစ်ခြင်း ၉

၂၁ း ၁၁ မှ ၂၁ း ၁၅ အထိ

၅။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၀

၆။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၁

၂၁ း ၁၆ မှ ၂၁ း ၂၉ အထိ

၇။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၄

၈။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၈

၂၁ း ၃၀ မှ ၂၁ း ၃၃ အထိ

၉။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၂၄

၁၀။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၂၅

၂၁ း ၃၄ မှ ၂၁ း ၄၇ အထိ

၁၁။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၃၃

၁၂။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၃၇

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၃။	သေခြင်းတရားဟူသည်မှာ အဘယ်နည်း။	၃၈
၁၄။	လောက၏ဒုက္ခဟူသရွေ့နှင့် သုခချမ်းသာဟူသရွေ့တို့သည် စမ်းသပ်မှု	၃၉
၁၅။	အလျှင်စလိုပြုခြင်းသည် ရှုတ်ချဖွယ်ဖြစ်ခြင်း	၄၀
၁၆။	'ကေယာမသ်' နေ့တွင် ပြုမူဆောင်ရွက်ချက်များ၏ အလေးချိန်နှင့် ၎င်းတို့အား ချိန်တွယ်မည့် ချိန်ခွင်	၄၁
၁၇။	'အအ်မာလ်' ကျင့်စဉ်များ ချိန်တွယ်သည့် ပုံသဏ္ဍာန်	၄၃
၁၈။	'အအ်မာလ်' ကျင့်စဉ်များကို စာရင်းစစ်ဆေးခြင်း	၄၃
	၂၁ း ၄၈ မှ ၂၁ း ၅၀ အထိ	
၁၉။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၄၄
၂၀။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၄၅
	၂၁ း ၅၁ မှ ၂၁ း ၇၃ အထိ	
၂၁။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၅၀
၂၂။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၅၄
၂၃။	ဟဇရတ်အီဗ်ရာဟီမ် ﷺ ၏ စကားသည် မုသားမဟုတ်၊ သွယ်ဝိုက်၍ ပြောဆိုသည့် စကားဖြစ်ကြောင်း ရှင်းလင်းချက်နှင့် ဆန်းစစ်ခြင်း	၅၆
၂၄။	ဟဒီးစ်တော်၌ ဟဇရတ်အီဗ်ရာဟီမ် ﷺ အပေါ် မုသား (၃) ခုပြောဆိုခဲ့သည်ဟု ညွှန်းဆိုရခြင်း၏ အဓိကအရင်းအမြစ်	၅၈
၂၅။	မုသားဟု သုံးနှုန်းထားသည့် ဟဒီးစ်တော်အရ ဟဇရတ်အီဗ်ရာဟီးမ် ﷺ အား မှားယွင်းသည်ဟု သတ်မှတ်ခြင်းသည် အသိမဲ့ခြင်းသာဖြစ်ခြင်း	၆၁
၂၆။	ဖော်ပြပါဟဒီးစ်တော်တွင် အရေးကြီးသည့် ညွှန်ကြားချက်တစ်ရပ်နှင့် စိတ်ထား ဖြူစင်သော ကျင့်စဉ်၏ နက်နဲသိမ်မွေ့မှုအကြောင်း	၆၃
၂၇။	ဟဇရတ်အီဗ်ရာဟီမ် ﷺ အပေါ် 'နမ်ရူးဒ်' ၏ မီးပုံမှာ ပန်းဥယျာဉ်ဖြစ်သွား ရခြင်း၏ အကြောင်းရင်း	၆၃
	၂၁ း ၇၄ မှ ၂၁ း ၇၅ အထိ	
၂၈။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၆၆
၂၉။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၆၇

စဉ်	အကြောင်းအရာ	စာမျက်နှာ

၂၁း၇၆ မှ ၂၁း၇၇ အထိ

၃၀။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၆၈

၃၁။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၆၉

၂၁း၇၈ မှ ၂၁း၈၂ အထိ

၃၂။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၇၀

၃၃။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၇၃

၃၄။ စီရင်ချက်ချပြီးသော တရားသူကြီး၏ စီရင်ချက်ကို ဖျက်သိမ်းခြင်းနှင့် ပြောင်းလဲခြင်း ပြုနိုင်ပါသလော။ ၇၄

၃၅။ တရားရေးစီရင်ရန် တရားတော်အရ တွေးခေါ်သူနှစ်ဦးတို့သည် မိမိတို့တွေးခေါ်မှု အသီးသီးဖြင့် ဆန့်ကျင်ဘက်ဖြစ်သော စီရင်ချက်နှစ်ခု ချမှတ်လိုက်ကြပါလျှင် ၎င်းတို့နှစ်ဦး၏စီရင်ချက်နှစ်ခုအနက် မည်သူကအမှန်ဖြစ်၍ မည်သူက အမှားဟု သတ်မှတ်ရမည်နည်း။ ၇၆

၃၆။ ဥဇ်ဖိကာဟ်ဆိုင်ရာ ဓမ္မသတ်အရ လူတစ်ဦး၏တိရစ္ဆာန်သည် အခြားသူတစ်ဦး၏ အသက် (သို့) ဥစ္စာပစ္စည်းများကို နစ်နာဆုံးရှုံးစေပါလျှင် စီရင်ဆုံးဖြတ်ချက်သည် မည်သို့ ဖြစ်ရမည်နည်း။ ၇၈

၃၇။ တောင်များနှင့် ငှက်များ၏ 'သပ်စ်ဗီးဟ်' ၇၉

၃၈။ သံချပ်ကာအင်္ကျီ ပြုလုပ်ခြင်း အတတ်ပညာကို ဟဇရသ်ဒါဝူးဒ် ﷺ အား အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ချီးမြှင့်ခြင်း ၈၀

၃၉။ လူတို့အား အကျိုးသက်ရောက်စေသည့် အတတ်ပညာသည် နဗီတမန်တော်တို့၏ အလုပ်ဖြစ်ခြင်း ၈၁

၄၀။ ဟဇရသ်စုလိုင်မာန် ﷺ အတွက် လေအပေါ် နိုင်နင်းခြင်းနှင့် ၎င်းနှင့်စပ်လျဉ်းသည့် ဓမ္မသတ်များ ၈၁

၄၁။ စုလိုင်မာန် ﷺ အတွက် ဂျင်န်နှင့် ရှိက်သွာန်များအပေါ် နိုင်နင်းမှုချီးမြှင့်ခြင်း.. ၈၃

၄၂။ မှတ်သားဖွယ်ရာ အချက်တစ်ချက် ၈၄

၂၁း၈၃ မှ ၂၁း၈၄ အထိ

၄၃။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၈၅

၄၄။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၈၆
၄၅။ အိုင်ယူးဗ် ﷺ အကြောင်း ၈၆
၄၆။ တမန်တော် အိုင်ယူးဗ် ﷺ ၏ ဒိုအာ တောင်းခံခြင်းသည် 'ဆွဗရ်' နှင့် ဆန့်ကျင်ခြင်းမဟုတ် ၈၈

၂၁ း ၈၅ မှ ၂၁ း ၈၆ အထိ

၄၇။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၉၀
၄၈။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၉၀
၄၉။ ဟဇရသ်ဇုလ်ကိဖ်လ်သည် နဗီဖြစ်ပါသလော။ (သို့) ဝလီဖြစ်ပါသလောဆိုခြင်းနှင့် ၄င်း၏ အံ့ဖွယ်ဖြစ်ရပ် ၉၀

၂၁ း ၈၇ မှ ၂၁ း ၈၈ အထိ

၅၀။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၉၅
၅၁။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၉၆
၅၂။ ယူနွတ်စ် ﷺ ၏ ဖြစ်ရပ် ၉၆
၅၃။ ယူနွတ်စ် ﷺ ၏ဒိုအာသည် လူတိုင်းအတွက် အချိန်တိုင်းတွင် လိုလားချက်တိုင်းအတွက် လက်ခံသည့်ဒိုအာ ဖြစ်ခြင်း ၁၀၀

၂၁ း ၈၉ မှ ၂၁ း ၉၀ အထိ

၅၄။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၀၁
၅၅။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၀၂

၂၁ း ၉၁

၅၆။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၀၃

၂၁ း ၉၂ မှ ၂၁ း ၁၀၅ အထိ

၅၇။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၀၆
၅၈။ အာယသ်တော်များ၏ ဆက်စပ်မှု ၁၀၆
၅၉။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၀၉

စဉ်	အကြောင်းအရာ	စာမျက်နှာ

၂၁ း ၁၀၆ မှ ၂၁ း ၁၁၂ အထိ

၆၀။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၁၆
၆၁။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၁၈

စူရာဟ် ဟာဂ်ျ
ဟာဂ်ျပြုခြင်းကဏ္ဍ

၂၂ း ၁ မှ ၂၂ း ၂ အထိ

၆၂။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၁၉
၆၃။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၂၀
၆၄။ စူရာဟ်၏ ထူးခြားမှုများ ၁၂၀
၆၅။ ကေယာမသ်၏ ဇလ်ဇလဟ် (ငလျင်လှုပ်ခြင်း) မည်သည့်အခါဖြစ်မည်နည်း။ ... ၁၂၁

၂၂ း ၃ မှ ၂၂ း ၁၀ အထိ

၆၆။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၂၅
၆၇။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မတ်များ ၁၂၇
၆၈။ မိခင်၏ ဝမ်းကြာဗိုက်အတွင်း၌ လူသားဖြစ်ရန် ဖန်ဆင်းပုံ အဆင့်ဆင့်နှင့် အခြေအနေအမျိုးမျိုး ၁၂၈
၆၉။ လူသား၏ ပထမအဆင့် ဖန်ဆင်းမှုပြီးနောက် ဘဝသက်တမ်းအဆင့်ဆင့်နှင့် အခြေအနေအမျိုးမျိုး ၁၃၀

၂၂ း ၁၁ မှ ၂၂ း ၁၃ အထိ

၇၀။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၃၂
၇၁။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၃၃

၂၂ း ၁၄ မှ ၂၂ း ၁၆ အထိ

၇၂။ အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ် ၁၃၄
၇၃။ သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ ၁၃၅

စဉ်	အကြောင်းအရာ	စာမျက်နှာ
	၂၂ း ၁၇ မှ ၂၂ း ၁၈ အထိ	
၇၄။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၃၇
၇၅။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၃၈
၇၆။	အဖန်ဆင်းခံအပေါင်းတို့ အမိန့်နာခံသူများဖြစ်ရခြင်း၏ အကြောင်းအရင်း	၁၃၈
	၂၂ း ၁၉ မှ ၂၂ း ၂၄ အထိ	
၇၇။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၄၂
၇၈။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၄၃
၇၉။	ဂျန္နသ်သားများအား လက်ကောက်များ ဆင်ယင်ပေးရခြင်း၏အမြော်အမြင်	၁၄၃
၈၀။	ပိုးထည်သည် အမျိုးသားများအတွက် 'ဟရာမ်'ဖြစ်ခြင်း	၁၄၄
	၂၂ း ၂၅	
၈၁။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၄၆
၈၂။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၄၆
၈၃။	မက္ကာဟ်၏ 'ဟရာမ်'နယ်နိမိတ်သည် မွတ်စ္စလင်မ်အားလုံးအတွက် တူညီသော အခွင့်အရေး ရရှိခြင်းအကြောင်း	၁၄၈
	၂၂ း ၂၆ မှ ၂၂ း ၂၉ အထိ	
၈၄။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၅၁
၈၅။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၅၂
၈၆။	'ဗိုင်သွလ္လာဟ်' (ကအ်ဗဟ်) စတင်တည်ဆောက်ခြင်း	၁၅၂
၈၇။	'ဟဂ္ဂျ်'ကျင့်စဉ်များကို အစဉ်လိုက်ပြုလုပ်ခြင်း၏ အဆင့်အတန်း	၁၅၈
၈၈။	အမေးအဖြေတစ်ခု	၁၅၉
	၂၂ း ၃၀ မှ ၂၂ း ၃၃ အထိ	
၈၉။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၆၂
၉၀။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၆၃
	၂၂ း ၃၄ မှ ၂၂ း ၃၇ အထိ	
၉၁။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၆၇
၉၂။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၇၀

ခဉ်	အကြောင်းအရာ	စာမျက်နှာ
၉၃။	'အေဗာဒသ်'၏ ထူးခြားသည့်ပုံသဏ္ဌာန်များသည် အဓိကရည်ရွယ်ချက်မဟုတ်။ နှလုံးသားမှ စိတ်ထားဖြူစင်မှုနှင့် နာခံခြင်းတို့သည်သာ အဓိကရည်ရွယ်ချက်	၁၇၂
	၂၂ း ၃၈	
၉၄။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၇၃
၉၅။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၇၃
	၂၂ း ၃၉ မှ ၂၂ း ၄၁ အထိ	
၉၆။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၇၄
၉၇။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၇၅
၉၈။	ကာဖိရ်များနှင့် 'ဂျိဟားဒ်' ပြုရန် ပထမအမိန့်	၁၇၅
၉၉။	'ဂျိဟားဒ်' နှင့် စစ်ထိုးတိုက်ခိုက်ခြင်း၏ အမြော်အမြင်	၁၇၆
၁၀၀။	'ခုလဖာအေရာရှိဒီးန်' နှင့် စပ်လျဉ်း၍ ကုရ်အာန်၏ ကြိုတင်မိန့်ကြားချက်နှင့် ထိုအတိုင်း ဖြစ်ပေါ်လာခြင်းများအကြောင်း	၁၇၇
	၂၂ း ၄၂ မှ ၂၂ း ၅၁ အထိ	
၁၀၁။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၈၁
၁၀၂။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၈၃
၁၀၃။	ကမ္ဘာမြေပေါ်၌ လှည့်ပတ် ခရီးသွားခြင်းသည် သံဝေဂတရားရယူရန်ဖြစ်လျှင် သာသနာ၏ အလိုကျဖြစ်ခြင်း	၁၈၃
၁၀၄။	'အာခေရသ်' တမလွန်၏ နေ့တစ်နေ့သည် နှစ်တစ်ထောင်ဖြစ်ခြင်း	၁၈၃
၁၀၅။	သံသယတစ်ခု၏အဖြေ	၁၈၄
	၂၂ း ၅၂ မှ ၂၂ း ၅၇ အထိ	
၁၀၆။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၈၇
၁၀၇။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၈၈
	၂၂ း ၅၈ မှ ၂၂ း ၅၉ အထိ	
၁၀၈။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၉၀

ခဉ်	အကြောင်းအရာ	စာမျက်နှာ
	၂၂း၆၀	
၁၀၉။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၉၁
၁၁၀။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၉၁
	၂၂း၆၁ မှ ၂၂း၆၆ အထိ	
၁၁၁။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၉၄
၁၁၂။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၉၅
	၂၂း၆၇ မှ ၂၂း၇၀ အထိ	
၁၁၃။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၁၉၇
၁၁၄။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၁၉၈
၁၁၅။	သံသယတစ်ခု၏ အဖြေ	၂၀၀
	၂၂း၇၁ မှ ၂၂း၇၄ အထိ	
၁၁၆။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၀၂
၁၁၇။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၀၃
၁၁၈။	တုဖက်နှိုင်းယှဉ်ခြင်းနှင့် ရုပ်တု၊ ဆင်းတုများ ကိုးကွယ်သည့်အသိခေါင်းပါးသော လုပ်ရပ်အပေါ် ပမာခိုင်းနှိုင်း၍ ရှင်းလင်းစွာ တင်ပြခြင်း	၂၀၃
	၂၂း၇၅ မှ ၂၂း၇၈ အထိ	
၁၁၉။	အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်	၂၀၅
၁၂၀။	သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ	၂၀၇
၁၂၁။	စူရာဟ်ဟဂ်ျ၏ 'စဂ်ျဒဟ်သေလာဝသ်' များ	၂၀၇
၁၂၂။	အကျိုးကျေးဇူး	၂၀၉
၁၂၃။	အွမ္မသ်မုဟမ္မဒီယဟ်သည် အလ္လာဟ်အသျှင်မြတ် အထူးရွေးချယ်တော်မူထားသည့် အွမ္မသ်ဖြစ်ခြင်း	၂၀၉

ပါရာ [၁၇]

စူရာဟ် အန်ဗိယာ

နဗီတမန်တော်များကဏ္ဍ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

اِقْتَرَبَ لِلنَّاسِ حِسَابُهُمْ وَهُمْ فِيْ غَفْلَةٍ مُّعْرِضُوْنَ ①

၂၁ : ၁ ။ ။ လူသားတို့အား စစ်ဆေးမေးမြန်းရန် အချိန်ကာလသည် ၎င်းတို့နှင့် နီးကပ်၍ လာခဲ့လေပြီ။ (သို့ပါလျက်) အမှန်စင်စစ် ၎င်း (ကာဖိရ်၊ မုရှ်ရစ်က်) တို့သည် (ယခုတိုင်၊ သတိမမူ) မျက်နှာလွှဲလျက် ပေါ့ဆမှု၌ပင် ရှိနေကြကုန်၏။

مَا يَأْتِيْهِمْ مِّنْ ذِكْرٍ مِّنْ رَّبِّهِمْ مُّحْدَثٍ اِلَّا اسْتَمَعُوْهُ وَهُمْ يَلْعَبُوْنَ ②

၂၁ : ၂ ။ ။ ၎င်းတို့သည် မိမိတို့ထံသို့ မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်မှ မည်သည့် (တစ်စုံတစ်ရာ) သစ်လွင်သော သတိပေးနှိုးဆော်ချက်မဆို ရောက်လာလျှင် ၎င်းတို့သည် ယင်းသတိပေးနှိုးဆော်ချက် ပြက်ချော် ပြောင်လှောင်၍သာ နားထောင်ကြကုန်၏။

لَاهِيَةً قُلُوْبُهُمْ وَاَسَرُّوا النَّجْوَى الَّذِيْنَ ظَلَمُوْا
هَلْ هٰذَا اِلَّا بَشَرٌ مِّثْلُكُمْ اَفَتَاْتُوْنَ السِّحْرَ وَاَنْتُمْ تُبْصِرُوْنَ ③

၂၁ : ၃ ။ ။ စင်စစ် ၎င်း (မက္ကာဟ်မြို့သား ကာဖိရ်၊ မုရှ်ရစ်က်) တို့၏ စိတ်နှလုံးများသည် (ယင်းသတိပေးနှိုးဆော်ချက်ကို) ဂရုမမူဘဲ (ရှိကြ၏။) ၎င်းပြင် ထိုမတရား ကျူးလွန်သူတို့က "ဤသူ (တမန်တော်မြတ်မိုဟမ္မဒ်) သည် အသင်တို့ကဲ့သို့ပင်၊ လူသားတစ်ဦးမျှသာ ဖြစ်၏။ သို့ပါလျက် အသင်တို့သည် (မျက်ဝါးထင်ထင်) မိမိတို့ သိမြင်နေကြပါလျက် မျက်လှည့်အတတ် (ပညာဆိုင်ရာ စကား) ကို (နားထောင်ရန်) လာကြဦးမည်လော" ဟု လျှို့ဝှက်စွာ တိုင်ပင်ဆွေးနွေးကြကုန်၏။

قٰلَ رَبِّىْ يَعْلَمُ الْقَوْلَ فِى السَّمَآءِ وَالْاَرْضِ وَهُوَ السَّمِيْعُ الْعَلِيْمُ ﴿٤﴾

၂၁ : ၄ ။ ။ (နဗီတမန်တော်က) 'ငါ့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် မိုးကောင်းကင်နှင့် ပထဝီမြေ၌ (ပြောဆိုသမျှသော) စကား (ဟူသမျှ) တို့ကို သိရှိတော်မူ၏။ စင်စစ် ထိုအသျှင်မြတ်သည် အကြွင်းမဲ့ ကြားတော်မူသော၊ အကြွင်းမဲ့ သိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူသည်' ဟု ပြောကြားလေ၏။

بَلْ قَالُوْٓا اَضْغَاثُ اَحْلَامٍۢ بَلِ افْتَرٰىهُ بَلْ هُوَ شَاعِرٌ ۚ فَلْيَاْتِنَا بِاٰيَةٍ كَمَآ اُرْسِلَ الْاَوَّلُوْنَ ﴿٥﴾

၂၁ : ၅ ။ ။ ထိုသို့ အလျှဉ်းမဟုတ်။ စင်စစ်မှာမူ ၎င်း (ကာဖိရ်) တို့က '(ဤကုရ်အာန်ကျမ်းတော်မြတ်သည်) ဂယောင်ဂယက် မြင်မက်သော အိပ်မက်မျှသာဖြစ်သည်။ ထို့ပြင်မက စင်စစ်မှာ ယင်း (မိုဟမ္မဒ်) သည် ဤ (ကုရ်အာန်ကျမ်းတော်မြတ်) ကို ကြံဖန်လီဆယ်၍ ဖန်တီး (သီကုံး) ထားသည်။ ထို့ပြင်မက စင်စစ်မှာ ယင်း (မိုဟမ္မဒ်) သည် လင်္ကာဆရာ တစ်ဦးပင် ဖြစ်ပေသည်။ ထိုသို့မဟုတ်ခဲ့လျှင် ရှေးသူဟောင်းများ (ရစူလ်တမန်တော်များအဖြစ်) စေလွှတ်ခြင်း ခံခဲ့ရသကဲ့သို့ပင် ယင်း (မိုဟမ္မဒ်) သည်လည်း ကျွန်ုပ်တို့ထံ တန်ခိုးတော်သက်သေလက္ခဏာ တစ်စုံတစ်ရာကို ယူလာသင့်ပေသည်' ဟု ပြောဆိုကြ၏။

مَآ اٰمَنَتْ قَبْلَهُمْ مِّنْ قَرْيَةٍ اَهْلَكْنٰهَا ۚ اَفَهُمْ يُؤْمِنُوْنَ ﴿٦﴾

၂၁ : ၆ ။ ။ အမှန်စင်စစ် ၎င်းတို့အလျှင် ငါအသျှင်မြတ် ဖျက်ဆီးတော်မူခဲ့သော မည်သည့်မြို့ရွာ (မှ မြို့သူရွာသားများ) မျှပင် (တန်ခိုးတော်များကို တွေ့မြင်ကြပါလျက်နှင့်) အီမာန်သက်ဝင်ယုံကြည်ခဲ့ကြသည် မဟုတ်ပေ။ သို့ဖြစ်ပေရာ ဤသူတို့သည် အီမာန်သက်ဝင်ယုံကြည်ကြဦးမည်လော။

وَمَآ اَرْسَلْنَا قَبْلَكَ اِلَّا رِجَالًا نُّوْحِىْٓ اِلَيْهِمْ فَسْـَٔلُوْٓا اَهْلَ الذِّكْرِ اِنْ كُنْتُمْ لَا تَعْلَمُوْنَ ﴿٧﴾

၂၁ : ၇ ။ ။ စင်စစ် (အို၊ နဗီတမန်တော်) ငါအသျှင်မြတ်သည် အသင့်အလျှင်ကလည်း ယောကျ်ားများကိုသာလျှင် (ရစူလ်တမန်တော်များအဖြစ်) စေလွှတ်တော်မူခဲ့၏။ ၎င်းတို့ထံ ငါအသျှင်မြတ်သည် (ဝဟီ) အမိန့်တော်များကို ထုတ်ပြန်တော်မူလေ့ရှိခဲ့၏။ သို့ဖြစ်ပေရာ အကယ်၍ အသင်တို့သည် (မိမိတို့ကိုယ်တိုင်) မသိကြပါလျှင် (ရှေး) ကျမ်းဂန် ရရှိသူတို့အား မေးမြန်း (၍ ကြည့်) ကြလေကုန်။

وَمَا جَعَلْنٰهُمْ جَسَدًا لَّا يَاْكُلُوْنَ الطَّعَامَ وَمَا كَانُوْا خٰلِدِيْنَ ﴿٨﴾

၂၁ : ၈ ။ ။ ထို့ပြင် ငါအသျှင်မြတ်သည် ၎င်း (ရစူလ်တမန်တော်) တို့အား၊ အစာအဟာရ စား (သောက်) ခြင်း မပြုသော၊ ခန္ဓာကိုယ်မျိုး (အဖြစ်) ပြုလုပ် (ဖန်ဆင်း) တော်မူခဲ့သည်လည်း မဟုတ်ပေ။ ၎င်း (ရစူလ်တမန်တော်) တို့သည် (အသက်သေဆုံးခြင်း မရှိဘဲ) အမြဲထာဝရ (အသက်ရှင်) နေသူများလည်း မဖြစ်ခဲ့ကြချေ။

ثُمَّ صَدَقْنَٰهُمُ ٱلْوَعْدَ فَأَنجَيْنَٰهُمْ وَمَن نَّشَآءُ وَأَهْلَكْنَا ٱلْمُسْرِفِينَ ⑨

၂၁ : ၉ ။ ။ ထို့နောက် ငါအသျှင်မြတ်သည် ၄င်း (ရစူလ်တမန်တော်) တို့အဖို့ (၄င်းတို့နှင့် ထားရှိတော်မူခဲ့သော) ကတိအတိုင်းကို ဆောင်ရွက်ပေးတော်မူခဲ့၏။ သို့ဖြစ်ပေရာ ငါအသျှင်မြတ်သည် ၄င်း (ရစူလ်တမန်တော်) တို့နှင့် ငါအသျှင်မြတ် အလိုရှိတော်မူသော သူတို့အား ကယ်ဆယ်တော်မူခဲ့လေသည်။ သို့ရာတွင် ငါအသျှင်မြတ်သည် စည်းကမ်းကျူးလွန်သူတို့အား ဖျက်ဆီးတော်မူခဲ့၏။

لَقَدْ أَنزَلْنَآ إِلَيْكُمْ كِتَٰبًا فِيهِ ذِكْرُكُمْ أَفَلَا تَعْقِلُونَ ⑩

၂၁ : ၁၀ ။ ။ ကေန်မလွဲ ငါအသျှင်မြတ်သည် အသင်တို့ထံ အကြင်ကဲ့သို့သော ကျမ်းဂန်တစ်စောင်ကို ထုတ်ပြန်ပေးသနားတော်မူခဲ့ပြီးဖြစ်၏။ ယင်းကျမ်းဂန်တွင် အသင်တို့အား သတိပေးနှိုးဆော်ချက် (များ) ပါရှိ၏။ သို့ပါလျက် အသင်တို့သည် မသိနားမလည်ကြလေသလော။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို (သွေဖည်ငြင်းဆန်သူ) လူသားတို့အား စစ်ဆေးရန် (အချိန်သည်ကား) နီးကပ်လာလေပြီ။ ('ကေယာမသ်' သည် တစ်စတစ်စဖြင့် နီးကပ်လာလေပြီ။) သို့ပါလျက် ၄င်းတို့သည် (ယခုတိုင်) အလေးမမူလျက် (သာ) ရှိနေကြပေသည်။ (ထိုစစ်ဆေးမည့်အချိန်ဆိုသည်ကို ယုံကြည်ရန်သော်လည်းကောင်း၊ ထို့အတွက် ပြင်ဆင်ရန်သော်လည်းကောင်း၊ မျက်နှာလွှဲလျက် ပေါ့ဆမှုဖြင့်သာ ရှိနေကြပေသည်။

၄င်းတို့ထံသို့ ၄င်းတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်မှ ၄င်းတို့နှင့် လျော်ကန်သည့် သစ်လွင်သော သတိပေးနှိုးဆော်ချက် တစ်စုံတစ်ရာ ရောက်ရှိလေသော် (၄င်းသတိပေးနှိုးဆော်ချက်အား နာယူ၍ သံဝေဂရယူမည့်အစား) ၄င်းတို့သည် ထိုသတိပေးနှိုးဆော်ချက်ကို ရယ်မောဖွယ်ရာအဖြစ် နားထောင်ကြကုန်၏။

၄င်းတို့၏ စိတ်နှလုံးသားများသည် (ယင်းသတိပေးနှိုးဆော်ချက်ကို လုံး၀) ဂရုမမူဘဲ ရှိကြကုန်၏။ ၄င်းအပြင် ယင်းကျူးလွန်သည့်သူ (ကာဖိရ်) တို့က ဤသူ (တမန်တော်မိုဟမ္မဒ် ﷺ) သည် အသင်တို့ကဲ့သို့ပင် (သာမန်) လူသားတစ်ဦးမျှသာ ဖြစ်သည်။ (ဆိုလိုသည်မှာ နဗီမဟုတ်။ စိတ်ကို စွဲလန်းစေသော လှည့်ဆော်သည့် စကားများကို ပြောဆိုလေ့ရှိသူ ဖြစ်သည်။ ၄င်းအပေါ် တန်ခိုးတော်ဟု ထင်ယောင်ထင်မှားဖြစ်ပြီး ထိုတန်ခိုးတော်အပေါ် 'နဗူဝသ်'ဟု မယူဆကြလေနှင့်။) အကြောင်းမှာ ၄င်းသည် အမှန်စင်စစ် မှော်အတတ်များ ရောနှောသည့် စကားသာ ဖြစ်သည်။) သို့ရှိရာ အသင်တို့သည် မှော်ဆရာ၏ စကားကို နားထောင်ရန် ၄င်းထံသို့ သွားကြပါမည်လော။) စင်စစ် အသင်တို့သည် ထိုအကြောင်းကို ကောင်းစွာသိရှိသူများ ဖြစ်ကြသည်ဟူ၍ (အချင်းချင်း) လျှို့ဝှက်စွာ ဆွေးနွေးကြသည်။ ထိုသို့ ဆွေးနွေးရခြင်းသည် အစ္စလာမ်သာသနာဝင်များကို ကြောက်ရွံ့၍ မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ကာဖိရ်များသည် ထိုအခါက မက္ကာဟ်မြို့၌ အားနည်းစုများ မဟုတ်ကြပေ။ သို့သာမက အစ္စလာမ်ဆန့်ကျင်ရေးကို လျှို့ဝှက်စွာ ပုန်ကန်မှုများ ပြုလုပ်ပြီး အမြစ်မှ လှန်ထုတ်ရန် ဖြစ်သည်။

(နဗီတမန်တော်မြတ် ﷺ အဖို့ တုန့်ပြန်ဖြေကြားရန် အမိန့်ကျရောက်လာခဲ့သည်။) သို့ရှိရာ နဗီတမန်တော် မိုဟမ္မဒ် ﷺ က (အမိန့်တော်နှင့် လျော်ညီစွာ) မိန့်ကြားသည်မှာ 'ကျွန်ုပ်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် မိုးကောင်းကင်၌ဖြစ်စေ၊ ပထဝီမြေ၌ဖြစ်စေ၊ (ရှေ့မှောက်၌ ဖြစ်စေ၊ အကွယ်၌ဖြစ်စေ) ပြောဆိုသမျှ စကားကို (ကောင်းစွာ) ကြားသိတော်မူသည်။ စင်စစ် ထိုအသျှင်မြတ်သည် အကြွင်းမဲ့ ကြားတော်မူသော၊ အကြွင်းမဲ့ သိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။ (ဆိုလိုသည်မှာ အသင်တို့ ပြောဆိုကြသည့် ဤကုဖွ်ရ်၏ စကားများကိုလည်း ကောင်းစွာ သိရှိတော်မူ၏။ အသင်တို့အား ကောင်းစွာ အစားပေးတော်မူမည်ဟု ဆိုလိုခြင်းဖြစ်သည်။)

၄င်းတို့သည် ကုရ်အာန်ကျမ်းမြတ်ကို မှော်အတတ်ဟု ပြောဆိုကြရုံသာမက) ဤ (ကုရ်အာန်) သည် ထင်ယောင်ချောက်ချား တွေးခေါ်မှုများသာ ဖြစ်သည်။ (အမှန်စင်စစ် စိတ်ကို ဆွဲဆောင် စွဲလန်းစေခြင်းလည်း မရှိပေ။) ဟုလည်း ဆိုကြပေသည်။ ထိုမျှမကသေး ထိုသူ (နဗီတမန်တော်) က ဤကုရ်အာန်ကို တမင်ကြံဖန် လီဆယ်ဖန်တီးခဲ့သည်ဟု ဆိုကြသည်။ (အိပ်မက်၏ အာရုံ၌မူ လူသားသည် မရည်ရွယ်ဘဲလျက် ပြုမူခြင်း၊ ချို့ယွင်းချက်ဖြစ်ခြင်း၌ ဝိရောဓါများ၌ နစ်မြုပ်ခြင်းများလည်း ဖြစ်နိုင်သည်။ ဤစွပ်စွဲမှုသည် ကုရ်အာန်အပေါ်၌သာ မဟုတ်ဘဲ) ဤသူ (မိုဟမ္မဒ်) သည် လင်္ကာဆရာတစ်ဦးသာ ဖြစ်သည် (ဟုလည်း ဆိုကြပေသည်။ ၄င်း၏ စကားဟူသမျှတို့သည် ဤနည်းအတိုင်း ဖန်တီးထားသည့် အတွေးအခေါ်များသာ ဖြစ်သည်။) အချုပ်ဆိုရသော် ဤသူ (မိုဟမ္မဒ်) သည် ရစူလ်မဟုတ်၊ ရစူလ်ဟု ကြွေးကြော်နေသူသာ ဖြစ်သည်။) အကယ်၍ ၄င်းသာ ရစူလ်ဖြစ်ပါလျှင် 'မုအ်ဂျိဇာဟ်' တန်ခိုးတော်များစွာ ပြသခဲ့သည့် ရှေးက ရစူလ်အဖြစ် စေလွှတ်ခြင်းခံရသူများကဲ့သို့ တစ်စုံတစ်ရာ ယူဆောင်လာသင့်သည်။ ထိုအခါ ကျွန်ုပ်တို့သည် ရစူလ်အဖြစ် လက်ခံကြမည်။ အီမာန်ယူကြမည်ဟု ပြောဆိုကြသည်။ (ဤသို့ ပြောဆိုခြင်းမှာလည်း) အကြောင်းပြချက်တစ်ခုသာ ဖြစ်သည်။ ထိုသို့သော တန်ခိုးတော်များ ပြသခြင်း မရှိပါက ရှေးနဗီများအားလည်း လက်ခံယုံကြည်ကြမည် မဟုတ်ပေ။ အလ္လာဟ်အသျှင်မြတ်က ၄င်းတို့၏ ပြောဆိုချက်များကို တုန့်ပြန်ပြောကြားတော်မူသည်မှာ ၄င်းတို့အလျှင်က ငါအသျှင်မြတ်က ပျက်စီးစေတော်မူခဲ့သည့် မြို့ရွာတစ်ခုခုမှ (မြို့သူမြို့သားများသည်) ပင်လျှင် (မိမိတို့ တောင်းဆိုသည့် တန်ခိုးတော်များ တွေ့မြင်ခဲ့ကြပါလျက်) အီမာန်ယူခြင်း မရှိခဲ့ကြပေ။ သို့ရှိရာ ဤသူတို့သည် (ထို 'မုအ်ဂျိဇာဟ်' တန်ခိုးတော်များ ပေါ်လွင်ထင်ရှားခြင်းအပေါ်) သက်ဝင်ယုံကြည်မှု ပြုကြဦးမည်လော။ ဤသို့သော အခြေအနေများအပေါ်၌ အီမာန်ယူခြင်း မရှိသည့်အပေါ် 'အဇာဗ်' အပြစ်ဒဏ်များ ကျရောက်ပေလိမ့်မည်။ ထို့ကြောင့် ကျွန်ုပ်သည် 'မုအ်ဂျိဇာဟ်' များ ပြသခြင်း မပြုပေ။ ကုရ်အာန်၏ 'မုအ်ဂျိဇာဟ်' သည်ပင် လုံလောက်ပေသည်။

ထို့နောက် 'ရိစာလသ်' (ရစူလ်တမန်တော်ဖြစ်ခြင်းနှင့် စပ်လျဉ်း၍ ရစူလ်တမန်တော်သည် လူသားများမှ ဖြစ်ရန် မထိုက်ဟူသော ၄င်းတို့၏ သံသယများအပေါ် တုန့်ပြန်မိန့်ကြားတော်မူသည်မှာ (အို၊ နဗီတမန်တော်) ငါအသျှင်မြတ်သည် အသင့်ထက်အလျှင် လူသားများကိုသာ တမန်တော်အဖြစ် စေလွှတ်တော်

မူခဲ့သည်။ ၎င်းတို့ထံ ငါအသျှင်မြတ်က 'ဝဟီ' (ဗျာဒိတ်တော်) ပို့ချတော်မူခဲ့သည်။ သို့ရှိရာ (အို၊ သွေဖည်ငြင်းဆန်သူတို့) အကယ်၍ အသင်တို့သည် ဤအကြောင်း မသိရှိကြပါလျှင် 'အဟ်လိကိသာဗ်' (ရှေးကျမ်းရပုဂ္ဂိုလ်များ) ထံ မေးမြန်းကြည့်ပါလေ။ (အကြောင်းမှာ ဤသူတို့သည် ကာဖိရ်များပင် ဖြစ်လင့်ကစား 'ခဗ်ရေမုသဝါသိရ်' ၌ ဆင့်ပြန်သူသည် မွတ်စ္စလင်မ်ဖြစ်ရန် စည်းကမ်းသတ်မှတ်ချက် မရှိသောကြောင့် ဖြစ်သည်။ အသင်တို့ သည် ထိုသူတို့အား မိမိတို့၏ မိတ်ဆွေများအဖြစ် မှတ်ယူပါလျှင် ၎င်းတို့၏ စကားများကို အသင်တို့ ယုံကြည်ရန် ထိုက်ပေသည်။ (အလားတူ 'ရိစာလာ' နှင့် စပ်လျဉ်း၍ ရစူလ်သည် ဖရစ်ရှ်သာဟ်ဖြစ်သင့်သည်ဟူသည့် ၎င်းတို့၏ အခြားသံသယ၏ ပြောဆိုချက်အပေါ် တုန့်ပြန်ဖြေကြားတော်မူသည်မှာ ၎င်းပြင် ငါအသျှင်မြတ်သည် ထို (ရစူလ်တမန်တော်) များအား အစာအဟာရ (စားသောက်ခြင်း) မရှိသည့် ခန္ဓာကိုယ်များအဖြစ် ပြုလုပ် (ဖန်ဆင်း) တော်မူခဲ့သည်လည်း မရှိ။ (ဖရစ်ရှ်သာဟ်အဖြစ် ဖန်ဆင်းခြင်း မပြုခဲ့။)

တစ်ဖန် (နဗီကိုယ်တော်မြတ် ﷺ ၏ ကွယ်လွန်တော်မူမည့်အပေါ် စောင့်ဆိုင်း၍ ပျော်ရွှင်ဝမ်းမြောက်ကြသူများအပေါ် အလ္လာဟ်အသျှင်မြတ်၏ ဗျာဒိတ်တော် (نَتَرَبَّصُ بِهٖ رَيْبَ الْمَنُوْنِ) ဤကွယ်လွန်သေဆုံးခြင်းသည် နဗီဖြစ်ခြင်းကို ငြင်းဆိုခြင်းမဟုတ်။ အကြောင်းမှာ) ထို (ရှေးလွန်ပြီးသော) ပုဂ္ဂိုလ်များသည်လည်း (လောက၌) အစဉ်ထာဝရ နေရသူများ မဟုတ်ကြသောကြောင့် ဖြစ်သည်။ သို့ရှိရာ နဗီတမန်တော်မြတ် ﷺ ၏ ကွယ်လွန်သေဆုံးခြင်းဖြစ်သည့်အပေါ် နဗီဖြစ်ခြင်း၌ မည်သည့်စောဒကတက်ရန် ထိုက်ပါသနည်း။ အချုပ်မှာ နဗီကိုယ်တော်မြတ် ﷺ သည်လည်း ရှေးနဗီများကဲ့သို့ပင် ဖြစ်သည်။ ဤသူများသည် နဗီကိုယ်တော်မြတ် ﷺ အား ငြင်းဆန်သွေဖည်ခြင်း ပြုကြသကဲ့သို့ ရှေးနဗီတို့၏ ခေတ်သမယ၌ ရှိသူကာဖိရ်များကလည်း ထိုရှေးနဗီတို့အား သွေဖည်ငြင်းဆန်သူတို့အား 'အဇာဗ်'ဖြင့် ဖျက်ဆီးပစ်တော်မူမည်။ အသင်တို့နှင့် မုအ်မင်န် သက်ဝင်ယုံကြည်သူတို့အား ကယ်တင်တော်မူမည်ဟု ကတိတော်ပြုခဲ့သည်ဖြစ်ရာ ငါအသျှင်မြတ်သည် ထိုကတိတော်အတိုင်း တည်စေတော်မူခဲ့သည်။ ဆိုလိုသည်မှာ ၎င်းတို့နှင့်အတူ ကယ်တင်လွတ်မြောက်ရန် အလိုတော်ရှိသူများကို ထို 'အဇာဗ်'မှ လွတ်မြောက်စေတော်မူခဲ့သည်။ ထို့နောက် (အမိန့်နာခံခြင်းမှ) စည်းကမ်းချိုးဖောက် သွေဖည်သူတို့ကို (ထို 'အဇာဗ်'ဖြင့်) ဖျက်ဆီးတော်မူခဲ့လေသည်။ (သို့ရှိရာ ထိုသူများအဖို့ အကြောက်တရား ထားရှိရန် ထိုက်ပေသည်။) အို၊ သွေဖည်ငြင်းဆန်သူတို့၊ အသင်တို့၏ ထိုသွေဖည်ငြင်းဆန်ခြင်း၏ နောက်တွင် အသင်တို့အပေါ် လောကီ၊ လောကုတ္တရာ နှစ်ဌာနစလုံးတွင် 'အဇာဗ်'ရောက်ရှိလာခြင်းသည် အံ့သြစရာ မဟုတ်ပါချေ။ အကြောင်းမှာ) ငါအသျှင်မြတ်သည် အသင်တို့ထံသို့ အသင်တို့အတွက် သတိပေးနှိုးဆော်ချက်များ ပါရှိသည့် ကျမ်းဂန်အား ချပေးတော်မူခဲ့သောကြောင့် ဖြစ်သည်။ ဤမျှ သတိပေးနှိုးဆော်ချက်များ ပါရှိသည့်တိုင် အသင်တို့ နားမလည်ကြလေသလော။ (လက်မခံကြလေသလော။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

စူရာဟ်အန်ဗေယာ ၏ ထူးခြားမှု

ဟဇရတ်အဗ်ဒုလ္လာဟ်ဗင်န် မတ်စ်အူဒ် (ရ) သခင်က မိန့်ဆိုသည်မှာ စူရာဟ်ကဟဖ်၊ စူရာဟ်မရ်ယမ်၊ စူရာဟ်သွာဟာနှင့် စူရာဟ်အန်ဗေယာ စသည့် စူရာဟ်လေးပုဒ်သည် ပထမဆုံး ကျရောက်သည့် စူရာဟ်များမှဖြစ်ပြီး ကျွန်ုပ်၏ ရှေးဟောင်းပစ္စည်းနှင့် ရှာဖွေထားချက်များဖြစ်သည်။ ကျွန်ုပ်သည် ဤစူရာဟ် (၄) ပုဒ်ကို အမြဲတစေ ထိန်းသိမ်းခဲ့သည်။ *[ကုရ်သုဗီကျမ်း]*

اِقْتَرَبَ لِلنَّاسِ حِسَابُهُمْ

ဆိုလိုသည်မှာ လူတို့အား ၄င်းတို့၏ 'အအ်မာလ်' ကျင့်စဉ်များနှင့် စပ်လျဉ်း၍ စစ်ဆေးမေးမြန်းခြင်းခံရမည့်အချိန် နီးကပ်လာလေပြီ။ ('ကေယာမသ်' နေ့ကို ဆိုလိုခြင်းဖြစ်သည်။)

'ကေယာမသ်' နေ့ နီးကပ်လာနေခြင်းသည် လောကီ၏ ကျန်ရှိသည့် သက်တမ်းကို ဆိုလိုသည်။ အကြောင်းမှာ ဤအုမ္မသ်သည် နောက်ဆုံးအုမ္မသ်ဖြစ်သောကြောင့်ပင် ဖြစ်သည်။ အကယ်၍ စာရင်းစစ်ဆေးမှုသည် အားလုံးအတွက် ဆိုလိုခြင်းဖြစ်လျှင် 'ကဗရ်'၏ စစ်ဆေးမှုသည်လည်း အကျုံးဝင်ပေသည်။ ဤသည် လူသားတိုင်း သေဆုံးပြီးနောက် ချက်ချင်း အစစ်ခံရမည်ဖြစ်သည်။ ထို့ကြောင့် လူသားတိုင်း၏ သေခြင်းတရားကို ၄င်း၏ တစ်ဦးချင်းအတွက် 'ကေယာမသ်'ဟု ခေါ်ဆိုသည်။

من مات فقد قامت قيامته .

အကြင်သူသည် ကွယ်လွန်သွားပါလျှင် မုချကေန် ၄င်း၏ 'ကေယာမသ်' ဆိုက်ရောက်ခဲ့လေပြီ။

ဤအဓိပ္ပာယ်ကို ထောက်ရှု၍ စာရင်းစစ်ဆေးမည့်အချိန် နီးကပ်လာပြီဆိုသည်မှာ လုံးဝ ထင်ရှားပေသည်။ လူတိုင်း၏ သေခြင်းတရားသည် အသက်မည်မျှပင် ရှိသူဖြစ်စေ၊ မည်သို့မျှ ဝေးကွာလှသည် မဟုတ်ပါ။ အထူးသဖြင့် အသက်ဇီဝိန် ချုပ်ငြိမ်းမည့် နောက်ဆုံးအချိန်ကို မသိရှိနိုင်သည့်အခါ နေ့စဉ်နေ့တိုင်း နာရီတိုင်းတွင် သေခြင်းတရားသည် ရှေ့၌ ရှိနေသည်ဆိုခြင်းမှာ ထင်ရှားပေသည်။ ဤအာယသ်တော်၏ ရည်ရွယ်ချက်မှာ မေ့မောလျက် သတိမမူ အလေးမထားသူများအား သတိပေးနှိုးဆော်ခြင်း ဖြစ်သည်။ ထိုသတိပေးချက်တွင် မုအ်မင်န်၊ ကာဖိရ်တို့အားလုံး ပါဝင်သည်။ လောကီရေးလိုလားချက်များ၌ နစ်မွန်းလျက် ထိုစာရင်းစစ်ဆေးမည့်နေ့ကို မမေ့လျော့ကြလေနှင့်။ အကြောင်းမှာ ထိုနေ့ကို မေ့လျော့ခြင်းသည်ပင် မကောင်းမှုဒုစရိုက်များ၏ အရင်းအမြစ်ဖြစ်ကြောင်း သတိပေးနှိုးဆော်ခြင်း ဖြစ်သည်။

مَا يَأْتِيهِمْ مِنْ ذِكْرٍ مِنْ رَبِّهِمْ مُحْدَثٍ إِلَّا اسْتَمَعُوهُ وَهُمْ يَلْعَبُونَ لَاهِيَةً قُلُوبُهُمْ

တမလွန်နှင့် 'ကဗရ်အဇာဗ်'ကို မေ့လျော့လျက် ထိုနေ့အတွက် ပြင်ဆင်ခြင်းများမှ မျက်နှာလွှဲသွားသူများ၏ အခြေအနေကို ဖြည့်စွက်တင်ပြခြင်း ဖြစ်သည်။ ၄င်းတို့၏ ရှေ့မှောက်၌ ကုရ်အာန်၏

သစ်လွင်သည့် အမိန့်တော်များ ကျရောက်လာခဲ့ပြီး ဖတ်ကြားပြသခြင်း ခံရသောအခါ ၎င်းတို့သည် လှောင်ပြောင်ပျက်ရယ်ပြုသည့် အနေအထားမျိုးဖြင့် နားထောင်ကြလေသည်။ ၎င်းတို့၏ နှလုံးသားများတွင် အလ္လာဟ်နှင့် တမလွန်ဆိုသည်ကို လုံးဝ မေ့လျော့နေကြသည်။ အလိုသဘောမှာ ကုရ်အာန်ကို နားထောင်သည့်အချိန်တွင် ၎င်းတို့သည် မိမိတို့၏ ကစားခုန်စားမှုနှင့် လုပ်ငန်းများ၌သာ မွေ့လျော်နေပြီး ကုရ်အာန်ဘက်သို့ မည်သို့မျှ အာရုံစူးစိုက်မှု မရှိခြင်း ဖြစ်နိုင်သည်။

ကုရ်အာန်ကျမ်းတော်မြတ်၏ အာယသ်တော်များကိုပင် လှောင်ပြောင် ပျက်ရယ်ပြုစရာအဖြစ် ဆက်ဆံခြင်းအဓိပ္ပာယ်လည်း ဖြစ်နိုင်သည်။

أَفَتَأْتُونَ السِّحْرَ وَأَنتُمْ تُبْصِرُونَ

ထို (သွေဖည်ငြင်းဆန်သူ) တို့သည် အချင်းချင်း တီးတိုးစွာ ဆွေးနွေးကြသည်မှာ ဤသူ (မိုဟမ္မဒ် ﷺ) သည် မိမိကိုယ်မိမိ ရစူလ်၊ နဗီဖြစ်ကြောင်း ကြွေးကြော်နေသည်။ စင်စစ် ၎င်းသည် ကျွန်ုပ်တို့ကဲ့သို့ လူသားမျှသာဖြစ်သည်။ ၎င်း၏ စကားကို ကျွန်ုပ်တို့ လက်ခံရန် ၎င်းမှာ ဖရစ်ရှ်သဟ်လည်း မဟုတ်ပေဟု ဆွေးနွေးကြခြင်း ဖြစ်သည်။ ထို့နောက် ၎င်းတို့သည် အသျှင်မြတ်၏ မုဂ္ဂပါဠိတော်အား ၎င်းတို့ရှေ့၌ ဖတ်ကြားပြသပါသော်လည်း ကုရ်အာန်၏ 'ဖဆွာဟသ်'၊ 'ဗလာဂသ်' တို့သည် နှလုံးသားများ၌ စူးရှသက်ရောက်မှု ရှိခြင်းကို မည်သည့်ကာဖိရ်မျှ ငြင်းဆိုခြင်းငှာ မပြုနိုင်ခဲ့ကြပေ။ ထို့ကြောင့် ထိုသို့ဖြစ်ခြင်းမှ လူတို့အား ဖယ်ရှားရန် နည်းလမ်းရှာဖွေကြသည်မှာ ကုရ်အာန်အား မှော်အတတ်၊ ပဉ္စလက်ဟု စွပ်စွဲသမုတ်ကြလေသည်။ ထို့နောက်တစ်ဖန် လူတို့အား အစ္စလာမ်လက်ခံခြင်းမှ သွေဖည်ကြရန်အတွက် 'ဤသူသည် မှော်ဆရာဖြစ်ကြောင်း၊ အသင်တို့ သိရှိပြီးဖြစ်သည်။ ထို့ကြောင့် အသင်တို့သည် ၎င်းသူ (မိုဟမ္မဒ် ﷺ) ထံသို့ သွားခြင်းနှင့် ဤကျမ်းဂန်အား နားထောင်ခြင်းတို့သည် အသိဉာဏ်ရှိသူ၏ ဂုဏ်အင်နှင့် ဆန့်ကျင်ပေသည်'ဟု ပြောဆိုကြ၏။ ၎င်းတို့အချင်းချင်း တီးတိုးစွာ ဆွေးနွေးကြခြင်းမှာ မွတ်စ္စလင်မ်များ ကြားသွားမည်ဆိုပါက ၎င်းတို့၏ အသိခေါင်းပါးသည့် လှည့်ဖြားမှုများ ပေါ်လွင်သွားမည် ဖြစ်သောကြောင့်ပင် ဖြစ်သည်။

بَلْ قَالُوا أَضْغَاثُ أَحْلَامٍ

'အဍ်ဂါးဆ်အဟ်လားမ်'ဆိုသည်မှာ 'နဖ်စ်'စိတ်ရိုင်းနှင့် ရှိုက်သွာန်ဘက်မှ အတွေးအခေါ်အာရုံများ ရောနှောပါဝင်သည့် အိပ်မက်ကို ခေါ်ဆိုသည်။ ထို့ကြောင့် အဓိပ္ပာယ်ပြန်ဆိုရာ၌ ဂယောင်ခြောက်ခြားတွေးခေါ်မှုများဟု ပြန်ဆိုခြင်းဖြစ်သည်။ ဆိုလိုသည်မှာ ထိုကာဖိရ်မိစ္ဆာတို့သည် ပထမတွင် ကုရ်အာန်အား မှော်အတတ်ဟု ဆိုကြသည်။ ထို့နောက် အဆင့်တက်၍ ဂယောင်ခြောက်ခြားအိပ်မက်များဟု ဆိုကြပြန်သည်။ တစ်ဖန် နောက်တစ်ဆင့်တက်၍ 'ဤသည်မှာ အလ္လာဟ်အသျှင်မြတ်အပေါ် စွပ်စွဲခြင်းသာ ဖြစ်သည်။ စင်စစ် ဤသည် ၎င်းသူ (မိုဟမ္မဒ် ﷺ) လုပ်ကြံလီဆယ်ထားသည့် စကားများသာ ဖြစ်သည်'ဟု ပြောဆိုကြပြန်သည်။ တစ်ဖန် ထပ်ဆင့်၍ 'ဤသူ (မိုဟမ္မဒ် ﷺ) သည် လင်္ကာဆရာတစ်ဦးဖြစ်သည်။ လင်္ကာဆရာတို့၏ အတွေးအခေါ်များသည် ၎င်း၏ စကားများ၌ ပါရှိသည်' ဟု ဆိုကြသည်။

فَلْيَاْتِنَا بِاٰيَةٍ

အကယ်၍ ဤသူ (မိုဟမ္မဒ် ﷺ) သည် အမှန်ပင် နဗီနှင့် ရစူလ်ဖြစ်ပါက ကျွန်ုပ်တို့ တောင်းဆိုသည့် 'မုအ်ဂျေဇာဟ်'တန်ခိုးတော်များ ပြသနိုင်ရပေမည်။

၎င်း (မိစ္ဆာ) တို့၏ ပြောကြားချက်အား အလ္လာဟ်အသျှင်မြတ်က တုန့်ပြန်တော်မူသည်မှာ ရှေးအွမ္မသ်များတွင် ဤကဲ့သို့သော အဖြစ်အပျက်များ ကြုံတွေ့ခဲ့ရပြီးဖြစ်သည်။ ထိုအွမ္မသ်သားတို့သည် မိမိတို့၏ ရစူလ်၊ နဗီများထံ 'မုအ်ဂျေဇာဟ်'တန်ခိုးတော်များ ပြသရန် တောင်းဆိုခဲ့ကြသည်။ အလ္လာဟ်၏ ရစူလ်က မိမိလက်ဖြင့် 'မုအ်ဂျေဇာဟ်'တန်ခိုးတော်များ ပြသခဲ့ပါသော်လည်း ၎င်းတို့ အီမာန်သက်ဝင်ယုံကြည်မှု မပြုခဲ့ကြပါချေ။ ၎င်းတို့၏ နှုတ်မှ ဖွင့်ဟတောင်းဆိုသည့် 'မုအ်ဂျေဇာဟ်'များကို တွေ့မြင်ပြီးလည်း ၎င်းတို့က အီမာန်သက်ဝင်ယုံကြည်ခြင်းကို ဥပေက္ခာပြု ရှောင်ဖယ်ခဲ့ကြသည်။ ထိုသူများအတွက် အလ္လာဟ်အသျှင်မြတ်၏ ဥပဒေတစ်ရပ်မှာ လောက၌ပင် 'အဇာဗ်'ပြစ်ဒဏ်ချ၍ အဆုံးစီရင် ဖျက်ဆီးတော်မူခြင်းဖြစ်သည်။ ယခု နောက်ဆုံးအွမ္မသ်ကိုမူ ကိုယ်တော်မြတ် ﷺ ၏ ဂုဏ်သိက္ခာတော်ကြောင့် အများအပြား 'အဇာဗ်'ချပေးခြင်းကို ထိန်းသိမ်းထားတော်မူခြင်း ဖြစ်သည်။ ထို့ကြောင့် ၎င်းကာဖိရ်တို့အား ၎င်းတို့တောင်းဆိုသည့် 'မုအ်ဂျေဇာဟ်'တန်ခိုးတော်များ ပြသခြင်း မသင့်တော်ပေ။

ရှေ့၌ اَفَهُمْ يُؤْمِنُوْنَ ဟူသည့် အပိုဒ်သည် 'ဤသူတို့သည် နှုတ်မှ ဖွင့်ဟတောင်းဆိုသည့် 'မုအ်ဂျေဇာဟ်' တန်ခိုးတော်များကို တွေ့မြင်ပြီး အီမာန်ယူကြပါဦးမည်လော'ဟူသည့် အချက်ကို ပြသနေခြင်းဖြစ်သည်။ ဆိုလိုသည်မှာ ဤအကြောင်းနှင့် စပ်လျဉ်း၍ ၎င်း (ကာဖိရ်မိစ္ဆာ) တို့အား ယုံကြည်စိတ်ချရခြင်း မပြုနိုင်။ ထို့ကြောင့် ၎င်းတို့ တောင်းဆိုသည့် 'မုအ်ဂျေဇာဟ်' တန်ခိုးတော်များကို မပြသစေခြင်းဖြစ်သည်။

فَاسْئَلُوْٓا اَهْلَ الذِّكْرِ اِنْ كُنْتُمْ لَا تَعْلَمُوْنَ

'အဟ်လွှ်ဇိက်ရ်'၏ သဘောမှာ ဤနေရာတွင် တမန်တော်မြတ် ﷺ ထံတော်၌ အီမာန်ယူပြီးဖြစ်သော 'သောင်ရားသ်'ကျမ်းတတ် ပညာရှင်နှင့် 'အင်န်ဂျီးလ်'ကျမ်းတတ် ပညာရှင်များ ဖြစ်သည်။ ဆိုလိုသည်မှာ 'အကယ်၍ အသင်တို့သည် ရှေးနဗီများနှင့် စပ်လျဉ်း၍ ထိုနဗီတို့သည် လူသားများပင် ဖြစ်သလော။ (သို့) ဖရစ်ရှ်သာဟ်များ ဖြစ်သလောဆိုသည်ကို မသိကြပါလျှင် 'သောင်ရားသ်'နှင့် 'အင်န်ဂျီးလ်'ကျမ်းတတ်ပညာရှင်များထံ၌ မေးမြန်းကြကုန်။' အကြောင်းမှာ ထိုပညာရှင်တို့သည် ရှေးနဗီတမန်တော်အားလုံးတို့မှာ လူသားမျိုးနွယ်မှပင်ဖြစ်ကြောင်း သိရှိကြခြင်းကြောင့် ဖြစ်သည်။

အကယ်၍ ဤနေရာတွင် 'အဟ်လွှ်ဇိက်ရ်' အား မည်သည့်ကန့်သတ်ချက်မှ မပြုဘဲ 'အဟ်လိကိသားဗ်'ကျမ်းရ ပုဂ္ဂိုလ် (ယဟူးဒ်၊ နစ္စာရာ) များဟု အလိုသဘောကောက်ယူပါလျှင် လွဲမှားမည်မဟုတ်ပါ။ အကြောင်းမှာ ဤကိစ္စနှင့် စပ်လျဉ်း၍ အားလုံးတို့မှာ သက်သေများသာ ဖြစ်သောကြောင့်ပင် ဖြစ်သည်။ အနှစ်ချုပ်ဖွင့်ဆိုချက်၌ ဤသည့်အလိုသဘောကိုပင် ကောက်ယူ၍ ဖွင့်ဆိုထားသည်။

ဓမ္မသတ် ။ ။ သဖ်စီးရ်ကုရ်သုဗီကျမ်း၌ ရေးသားထားသည်မှာ ဤအာယသ်တော်အားဖြင့် တရားတော်၏ ပညတ်ချက်များအား မသိနားမလည်သူ၊ ပညာမဲ့တစ်ဦးအဖို့ ပညာရှင်တစ်ပါးပါး၏ နောက်လိုက်ပြုရန် 'ဝါဂျိဗ်' ဖြစ်သည်။ ထိုအာလင်မ်ပညာရှင်ထံ မေးမြန်းသင်ယူ၍ ဤအတိုင်း ကျင့်သုံးရမည်ဟု ဖြစ်သည်။

ကုရ်အာန်ကျမ်းတော်မြတ်သည် အာရဗ်များအဖို့ ဂုဏ်ယူဖွယ်ရာဖြစ်ခြင်း

كِتَابًا فِيهِ ذِكْرُكُمْ

'ကိသာဗ်'၏ အလိုသဘောမှာ ကုရ်အာန်ဖြစ်သည်။ 'ဇိက်ရ်'၏ အလိုသဘောမှာ ထူးမြတ်မှု၊ မြင့်မြတ်မှုနှင့် ကျော်စောမှုဟု ဖြစ်သည်။ ဆိုလိုသည်မှာ ဤကုရ်အာန်ကျမ်းမြတ်သည် အသင်တို့၏ အာရဗီဘာသာစကားဖြင့် ကျရောက်ခဲ့သည်။ အသင်တို့အတွက် ကြီးမားသည့် ဂုဏ်ယူဖွယ်ရာ သိက္ခာနှင့် အမြဲထာဝစဉ်အတွက် ကျော်စောမှုပင်ဖြစ်သည်။ အသင်တို့သည် ဤကျမ်းမြတ်အား တန်ဖိုးထားကြရမည်။ အာရဗ်ကမ္ဘာကြီးအား အလ္လာဟ်အသျှင်မြတ်သည် ဤကုရ်အာန်ကျမ်းတော်မြတ်၏ 'ဗရ်ကသ်' မင်္ဂလာတော်တို့ဖြင့် လောကတစ်ခုလုံးအပေါ် လွှမ်းမိုးမှုနှင့် အောင်နိုင်မှုများအဖြစ် ချီးမြှင့်ထားတော်မူသည်ကို ကမ္ဘာကတွေ့မြင်ပြီးဖြစ်သည်။ တစ်လောကလုံး၌ အာရဗ်၏ ကြီးမြတ်မှု ဂုဏ်သိက္ခာနှင့် ကျော်စောမှုဖြစ်ခဲ့သည်။ ဤသည်မှာ အာရဗ်တို့၏ ဒေသ၊ (သို့) မျိုးနွယ်စု (သို့) ဘာသာစကား၏ ထူးမြတ်မှုကြောင့် မဟုတ်ဘဲ ကုရ်အာန်ကြောင့်သာ ဖြစ်သည်။ အကယ်၍ ကုရ်အာန်ကျမ်းတော်မြတ်သာ မရှိခဲ့ပါလျှင် ယနေ့ အာရဗ်မျိုးနွယ်ဟူ၍ အမည်တပ်ပြီး ခေါ်ဝေါ်သူပင် ရှိမည်မထင်ပါ။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَكَمْ قَصَمْنَا مِن قَرْيَةٍ كَانَتْ ظَالِمَةً وَأَنشَأْنَا بَعْدَهَا قَوْمًا آخَرِينَ ﴿١١﴾

၂၁ : ၁၁ ။ ။ အမှန်စင်စစ် ငါအသျှင်မြတ်သည် များစွာသော မတရားကျူးလွန်လျက်ရှိခဲ့သည့် မြို့ရွာ မြောက်မြားစွာတို့ကို ဖျက်ဆီးတော်မူ၍ ၎င်းမြို့ရွာများ (ပျက်စီးသွားပြီး) နောက်တွင် ငါအသျှင်မြတ်သည် အခြားသော လူမျိုးများကို ပေါ်ထွန်းစေတော်မူခဲ့၏။

فَلَمَّا أَحَسُّوا بَأْسَنَا إِذَا هُم مِّنْهَا يَرْكُضُونَ ﴿١٢﴾

၂၁ : ၁၂ ။ ။ သို့ဖြစ်ပေရာ ယင်း (မြို့ရွာသား) တို့သည် ငါအသျှင်မြတ်၏ ပြစ်ဒဏ် (သက်ရောက်လာသည်) ကို တွေ့မြင်ကြသောအခါ ၎င်းတို့သည် ရုတ်တရက် ယင်းမြို့ရွာများမှ ထွက်ပြေးကြကုန်၏။

لَا تَرۡكُضُواْ وَٱرۡجِعُوٓاْ إِلَىٰ مَآ أُتۡرِفۡتُمۡ فِيهِ وَمَسَٰكِنِكُمۡ لَعَلَّكُمۡ تُسۡـَٔلُونَ ١٣

၂၁ : ၁၃ ။ ။ (ထိုအခါ ကောင်းကင်တမန်များက ၎င်းတို့အား ပြက်ရယ်သောအားဖြင့်) 'အသင်တို့သည် မပြေးကြကုန်လင့်။ အသင်တို့သည် စည်းစိမ်အဖြစ် ချီးမြှင့်ပေးသနားတော်မူခြင်း ခံခဲ့ကြရသော ဥစ္စာပစ္စည်းများ (ရှိရာ) သို့နှင့် မိမိတို့၏ နေအိမ်များသို့ ပြန်သွားကြလေကုန်။ အသင်တို့သည် မေးမြန်းခြင်းကို ခံခဲ့ကြရာ၏' (ဟု ပြောဆိုခဲ့ကြကုန်သည်။)

قَالُواْ يَٰوَيۡلَنَآ إِنَّا كُنَّا ظَٰلِمِينَ ١٤

၂၁ : ၁၄ ။ ။ ထိုအခါ ၎င်း (မြို့သူ ရွာသား) တို့က 'သြော်- ဖြစ်မှဖြစ်ရလေခြင်း။ ကေန်စင်စစ် ကျွန်ုပ်တို့သည် သာလျှင် မတရားမှုကို ကျူးလွန်သူများ ဖြစ်ခဲ့ကြပေသည်' ဟု ပြောဆို (ညည်းညူမြည်တမ်း) ခဲ့ကြကုန်၏။

فَمَا زَالَت تِّلۡكَ دَعۡوَىٰهُمۡ حَتَّىٰ جَعَلۡنَٰهُمۡ حَصِيدًا خَٰمِدِينَ ١٥

၂၁ : ၁၅ ။ ။ ၎င်းတို့၏ ယင်းကဲ့သို့ပင် ညည်းညူမြည်တမ်းမှုသည် (ဆက်လက်၍) ရှိမြဲအတိုင်းပင် ရှိနေခဲ့ရာ နောက်ဆုံးတွင် ငါအသျှင်မြတ်သည် ၎င်းတို့အား ရိပ်သိမ်းပြီးဖြစ်သော လယ်ယာကို ငြိမ်းသွားသော မီး (ကဲ့သို့၊ ပြာအတိ) ဖြစ်စေတော်မူခဲ့ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ငါအသျှင်မြတ်သည် မတရားမှုကို ကျူးလွန်သူ (ကာဖိရ်) များ နေထိုင်သည့် မြို့ရွာများကို ဖျက်ဆီးတော်မူခဲ့သည်။ ထို့ပြင် ယင်းမြို့ရွာများအား ဖျက်ဆီးပြီးနောက် ငါအသျှင်မြတ်သည် အခြားလူမျိုးများ ပေါ်ထွန်းစေတော်မူခဲ့သည်။ ထိုမတရားမှု ကျူးလွန်သူ (ကာဖိရ်) တို့သည် ငါအသျှင်မြတ်ဘက်တော်မှ 'အဇာဗ်'အပြစ်ဒဏ်များ ကျရောက်လာသည်ကို သိမြင်ကြလေသော် 'အဇာဗ်'မှ လွတ်ကင်းရန် ထိုမြို့ရွာများမှ ထွက်ပြေးကြကုန်၏။ ထိုအခါ အလ္လာဟ်အသျှင်မြတ်က အသင်တို့ မပြေးကြကုန်လင့်။ အသင်တို့အား စည်းစိမ်အဖြစ် ချီးမြှင့်ခဲ့သည့် ဥစ္စာစည်းစိမ်များရှိရာသို့လည်းကောင်း၊ မိမိတို့နေအိမ်များသို့လည်းကောင်း ပြန်ကြလေကုန်။ (ထိုအခါ) အသင်တို့အပေါ် မည်သည့်ဒုက္ခများ ကျရောက်လာပါသနည်းဟူ၍ အသင်တို့သည် တစ်စုံတစ်ရာ မေးမြန်းခြင်း ခံရဖွယ်ရှိသည်။ (ဤသည်မှာ ၎င်းတို့၏ အသိဉာဏ်မဲ့သည့် ရဲတင်းမှုအပေါ် သတိပေးခြင်းဖြစ်သည်။ အသင်တို့ ဂုဏ်မောက်ခဲ့သည့် အသင်တို့၏ ဥစ္စာပစ္စည်းများနှင့် အိမ်များလည်း မရှိတော့ပေ။ အသင်တို့အား စာနာထောက်ထားမည့် အသင်တို့၏ မိတ်ဆွေသင်္ဂဟများလည်း အစအနပင် မရှိကြတော့ပေ။) ထိုသူတို့သည် 'သြော်- ဖြစ်ရလေခြင်း၊ စင်စစ် ကျွန်ုပ်တို့သည်သာ မတရားမှုကို ကျူးလွန်ခဲ့သူများ ဖြစ်ကြပါသည်' ဟု ပြောခဲ့ကြပေသည်။ ၎င်းတို့၏ ထိုကဲ့သို့ အော်ဟစ်ပြောဆိုမှုသည် ဤအတိုင်း ဆက်လက်၍ ရှိနေခဲ့သည်မှာ ငါအသျှင်မြတ်က ၎င်းတို့အား ရိတ်သိမ်းပြီးသော လယ်ယာ၊ ငြိမ်းသွားသည့်မီး (ကဲ့သို့) ပြုလုပ်တော်မူသည်အထိ ဖြစ်သည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဤအာယသ်တော်များ တင်ပြထားသည့် မြို့ရွာများနှင့် စပ်လျဉ်း၍ အချို့ 'မုဖတ်စိရ်' (အဖွင့်ပညာရှင်) တို့က ယမန်နိုင်ငံမှ 'ဟုဒ္ဒုရာ' နှင့် 'ကုလာဗဟ်' တို့ ဖြစ်သည်ဟု သတ်မှတ်ကြသည်။ ထိုမြို့ရွာများ၌ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ရစူလ်တမန်တော်တစ်ပါးကို စေလွှတ်တော်မူခဲ့သည်။ ၎င်း၏အမည်နှင့် ပတ်သက်၍ ဆင့်ပြန်ချက်များ ကွဲလွဲမှုရှိသည်။ အချို့ဆင့်ပြန်ချက်များတွင် 'မူဆာဗင်နဲမိရှာ' ဟုလည်းကောင်း၊ အချို့ဆင့်ပြန်ချက်များတွင် 'ရှုအိုင်ဗ်' ဟုလည်းကောင်း လာရှိသည်။ အကယ်၍ 'ရှုအိုင်ဗ်' သည် အမည်ဖြစ်ပါက ၎င်းရှုအိုင်ဗ်သည် မဒ်ယာန်မှ ရှုအိုင်ဗ် ﷺ မဟုတ်ဘဲ အခြားရှုအိုင်ဗ်ဖြစ်သည်။ ထိုမြို့ ရွာသားတို့က အလ္လာဟ်အသျှင်မြတ်၏ ရစူလ်ကို သတ်ဖြတ် ကွပ်မျက်လိုက်ကြသည်။ အလ္လာဟ်အသျှင်မြတ်သည် ထိုမြို့ရွာသားတို့အား ကာဖိရ်ဘုရင် 'ဗုခ်သေနဆွ်ဆွရ်' ၏ လက်ဖြင့် ဖျက်ဆီးစေတော်မူခဲ့ပြီး ၎င်းတို့အပေါ် အုပ်စိုးစေတော်မူခဲ့သည်မှာ ဗနီအိစ်ရာအီးလ်တို့က ပါလက်စတိုင်း၌ တရားလက်လွှတ် နေထိုင်ပြုမူခဲ့ကြသည့်အခါ ၎င်းတို့အပေါ်၌လည်း 'ဗုခ်သေနစ္စ်ဆွရ်' အား အုပ်စိုးစေ၍ အပြစ်ဒဏ်ခတ်တော်မူခဲ့သည့်အတိုင်းပင် ဖြစ်ခဲ့သည်။

သို့ရာတွင် ကုရ်အာန်ကျမ်းတော်မြတ်တွင် မည်သည့်မြို့ရွာဖြစ်ကြောင်း အတိအကျအမည်ဖြင့် သတ်မှတ်ဖော်ပြခြင်း မရှိသည့်အတွက် မြို့ရွာတစ်ခုခုဟူ၍သာ ဆိုရပေမည်။ ဤမြို့ရွာများတွင် ယမန်နိုင်ငံ၏ မြို့ရွာများလည်း အကျုံးဝင်ပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَمَا خَلَقۡنَا ٱلسَّمَآءَ وَٱلۡأَرۡضَ وَمَا بَيۡنَهُمَا لَٰعِبِينَ ⑯

၂၁ : ၁၆ ။ ။ စင်စစ် ငါအသျှင်မြတ်သည် မိုးကောင်းကင်နှင့် ပထဝီမြေကိုလည်းကောင်း၊ ယင်း (မိုးကောင်းကင်နှင့် မြေပထဝီ) နှစ်ခု၏ ကြား၌ ရှိရှိသမျှတို့ကိုလည်းကောင်း ကစားခုန်စားရန် (အပျင်းပြေ) ဖန်ဆင်းထားတော်မူသည် မဟုတ်ပေ။

لَوۡ أَرَدۡنَآ أَن نَّتَّخِذَ لَهۡوٗا لَّٱتَّخَذۡنَٰهُ مِن لَّدُنَّآ إِن كُنَّا فَٰعِلِينَ ⑰

၂၁ : ၁၇ ။ ။ အကယ်၍သာ ငါအသျှင်မြတ်သည် (အပျင်းပြေ) ကစားစရာကိုသာ ပြုလုပ်ရန် ရည်စူးတော်မူခဲ့ပါလျှင် (ယင်းသို့) ပြုလုပ်တော်မူမည့် အသျှင်မြတ်လည်း ဖြစ်တော်မူပါလျှင်၊ ကေန်မုချ မိမိ၏ ထံတော်၌ ရှိသည်တို့အနက်မှပင် ယင်း (ကစားစရာ) ကို ပြုလုပ်ထားတော်မူသည်။

بَلْ نَقْذِفُ بِالْحَقِّ عَلَى الْبَاطِلِ فَيَدْمَغُهُ فَإِذَا هُوَ زَاهِقٌ ۚ وَلَكُمُ الْوَيْلُ مِمَّا تَصِفُونَ ﴿١٨﴾

၂၁ : ၁၈ ။ ။ ထိုသို့ အလျဉ်းမဟုတ်။ စင်စစ်မှာ ငါအသျှင်မြတ်သည် အမှန်ကို အမှားပေါ်၌ ပစ်ပေါက်တော်မူ၏။ ထိုအခါ ယင်းအမှန်သည် ထိုအမှား၏ ဦးနှောက်ကို ထွက်စေ၏။ ထိုအခါ ယင်းအမှားသည် ရုတ်တရက် ပျောက်ပျက်သွားလေတော့၏။ စင်စစ် အသင်တို့၌ မိမိတို့၏ ကြံဖန်စွပ်စွဲချက် (ဖြင့် ပြောဆိုလေ့ရှိသော စကား) များကြောင့် ပျက်စီးခြင်းသည် ရှိပေမည်။

وَلَهُ مَن فِي السَّمَاوَاتِ وَالْأَرْضِ ۚ وَمَنْ عِندَهُ لَا يَسْتَكْبِرُونَ عَنْ عِبَادَتِهِ وَلَا يَسْتَحْسِرُونَ ﴿١٩﴾

၂၁ : ၁၉ ။ ။ စင်စစ် မိုးကောင်းကင်များနှင့် ပထဝီမြေ၌ ရှိရှိသမျှသော အဖန်ဆင်းခံအားလုံးတို့ကို ထိုအသျှင်မြတ်သည်သာလျှင် စိုးပိုင်တော်မူ၏။ ၎င်းပြင် ထိုအသျှင်မြတ်ထံတော်၏ အပါးတော်၌ (ခစားလျက်) ရှိနေကြသောသူ (ကောင်းကင်တမန်) တို့သည် ထိုအသျှင်မြတ်အား ခဝပ်ကိုးကွယ်ခြင်းမှ မာနထောင်လွှားကြသည်လည်း မဟုတ်ပေ။ မောပန်းကြသည်လည်း မရှိပေ။

يُسَبِّحُونَ اللَّيْلَ وَالنَّهَارَ لَا يَفْتُرُونَ ﴿٢٠﴾

၂၁ : ၂၀ ။ ။ ၎င်း (အပါးတော်၌ ရှိသူ) တို့သည် ထိုအသျှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်းကို ပျင်းရိခြင်းမရှိဘဲ၊ နေ့ညမပြတ် ရွတ်ဆိုဘဝနာ စီးဖြန်းလျက် ရှိကြကုန်၏။ ရပ်တန့်ကြသည်ဟူ၍လည်း မရှိပေ။

أَمِ اتَّخَذُوا آلِهَةً مِّنَ الْأَرْضِ هُمْ يُنشِرُونَ ﴿٢١﴾

၂၁ : ၂၁ ။ ။ သို့ပါလျက် ၎င်း (မုရှ်ရစ်က်) တို့သည် ပထဝီမြေမှဖြစ်သော အရာများကို၊ ကိုးကွယ်ရာများ (အဖြစ်) ပြုလုပ်ထားကြလေသလော။ ယင်းအရာများသည် (သက်မဲ့တစ်စုံတစ်ရာကို အသက်သွင်း၍) ရှင်ပြန်စေနိုင်ကြသလော။

لَوْ كَانَ فِيهِمَا آلِهَةٌ إِلَّا اللَّهُ لَفَسَدَتَا ۚ فَسُبْحَانَ اللَّهِ رَبِّ الْعَرْشِ عَمَّا يَصِفُونَ ﴿٢٢﴾

၂၁ : ၂၂ ။ ။ အကယ်၍သာ ဤ (မိုးကောင်းကင်နှင့် ပထဝီမြေ) နှစ်ခုစလုံးတွင် အလ္လာဟ်အသျှင်မြတ်မှတစ်ပါး အခြား (ထာဝရ တည်ရှိသော) ကိုးကွယ်ရာများ ရှိနေကြပါလျှင်၊ ယင်း (မိုးကောင်းကင်နှင့် မြေပထဝီ) နှစ်ခုစလုံးသည် ဧကန်မလွဲ ပျက်စီးခဲ့ပြီး ဖြစ်ကြပေသည်။ စင်စစ် 'အရ်ရှ်' ပလ္လင်တော်ကို စိုးပိုင်တော်မူသော အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့ ကြံဖန်စွပ်စွဲပြောဆိုကြသည်တို့မှ (လုံးဝ) သန့်ရှင်းစင်ကြယ် အပြစ်ကင်းတော်မူ၏။

لَا يُسْـَٔلُ عَمَّا يَفْعَلُ وَهُمْ يُسْـَٔلُوْنَ ﴿٢٣﴾

၂၁ : ၂၃ ။ ။ ထိုအသျှင်မြတ်သည် မိမိပြုလုပ်တော်မူသော ကိစ္စများနှင့် စပ်လျဉ်း၍ (မည်သူ့ရှေ့၌မျှ) စစ်ဆေးမေးမြန်းခြင်းကို ခံရတော်မူမည်မဟုတ်ပေ။ သို့ရာတွင် ၎င်းတို့မူ (မိမိတို့ ပြုလုပ်ကြသော အမှုကိစ္စတို့နှင့် စပ်လျဉ်း၍) စစ်ဆေးမေးမြန်းခြင်းကို ခံကြရပေမည်။

اَمِ اتَّخَذُوْا مِنْ دُوْنِهٖٓ اٰلِهَةً ۭ قُلْ هَاتُوْا
بُرْهَانَكُمْ ۚ هٰذَا ذِكْرُ مَنْ مَّعِيَ وَذِكْرُ مَنْ قَبْلِيْ ۭ
بَلْ اَكْثَرُهُمْ لَا يَعْلَمُوْنَ ۙ الْحَقَّ فَهُمْ مُّعْرِضُوْنَ ﴿٢٤﴾

၂၁ : ၂၄ ။ ။ သို့ပါလျက် ၎င်း (မုရှ်ရစ်က်) တို့သည် အလ္လာဟ်အသျှင်မြတ်အား စွန့်၍ အခြားဆည်းကပ်ကိုးကွယ်ရာများကို ပြုလုပ်ထားကြလေသလော။ (အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား၊ ဤသို့) ပြောကြားပါလေ။ (အချင်းတို့) 'အသင်တို့သည် မိမိတို့၏ သက်သေသာဓက အထောက်အထားများကို ယူဆောင်ခဲ့ကြလေကုန်။ ဤကျမ်းဂန် (ကုရ်အာန်) သည် ငါနှင့်အတူ ရှိကြသော သူတို့အား သတိပေး နှိုးဆော်ချက်သည်လည်းကောင်း၊ ငါ၏အလျှင် ရှိခဲ့ကြဘူးသော သူတို့အား သတိပေးနှိုးဆော်ချက်သည်လည်းကောင်း ဖြစ်ချေသည်။ သို့ပါလျက် ထိုသူတို့အနက် အများဆုံးသော သူတို့မှာမူ အမှန်ကို မသိကြသောကြောင့် ၎င်းတို့သည် မျက်နှာလွှဲ၍ ရှိနေကြကုန်၏။

وَمَآ اَرْسَلْنَا مِنْ قَبْلِكَ مِنْ رَّسُوْلٍ اِلَّا نُوْحِيْٓ اِلَيْهِ اَنَّهٗ
لَآ اِلٰهَ اِلَّآ اَنَا فَاعْبُدُوْنِ ﴿٢٥﴾

၂၁ : ၂၅ ။ ။ စင်စစ် (အို၊ နဗီတမန်တော်) ငါအသျှင်မြတ်သည် အသင့်အလျှင် စေလွှတ်တော်မူခဲ့သော မည်သည့် ရစူလ် တမန်တော်၏ ထံသို့မဆို၊ 'ကေန်အမှန် ငါအသျှင်မြတ်မှတစ်ပါး (အခြား) ဆည်းကပ်ကိုးကွယ်ရာ အသျှင်ဟူ၍ အလျဉ်းမရှိပြီ။ သို့ဖြစ်ပေရာ အသင်တို့သည် ငါအသျှင်မြတ်ကိုသာလျှင် ခဝပ်ကိုးကွယ် ဆည်းကပ်ကြလေကုန်' ဟူ၍ ဝဟီ အမိန့်တော် ထုတ်ပြန်ချမှတ်တော်မူသည်သာ ဖြစ်သည်။

وَقَالُوا اتَّخَذَ الرَّحْمٰنُ وَلَدًا سُبْحٰنَهٗ ۭ بَلْ عِبَادٌ مُّكْرَمُوْنَ ﴿٢٦﴾

၂၁ : ၂၆ ။ ။ ထို့ပြင် ၎င်းတို့က 'ရဟ်မာန်' အနန္တကရုဏာတော်ရှင်သည် (ကောင်းကင်တမန်များအား) သားသမီး ပြုလုပ်တော်မူခဲ့သည်' ဟု (စွပ်စွဲ) ပြောဆိုကြကုန်၏။ ထိုသို့ အလျဉ်းမဟုတ်။ စင်စစ်မှာ (၎င်းကောင်းကင်တမန်တို့သည် ထိုအသျှင်မြတ်၏ သားသမီးများ မဟုတ်ကြချေ။ ထိုအသျှင်မြတ်၏) မြင့်မြတ်သော ကျွန်များပင် ဖြစ်ကြကုန်၏။

لَا يَسْبِقُونَهُۥ بِٱلْقَوْلِ وَهُم بِأَمْرِهِۦ يَعْمَلُونَ ﴿٢٧﴾

၂၁ : ၂၇ ။ ။ ၎င်း (ကောင်းကင်တမန်) တို့သည် ထိုအသျှင်မြတ် ရှေ့တော်မှောက်ဝယ် ကျူး၍ စကားပြောဆိုနိုင်ကြသည် အလျဉ်းမဟုတ်ပေ။ ထို့ပြင် ၎င်းတို့သည် ထိုအသျှင်မြတ်၏ အမိန့်တော်ကိုသာ (တသွေမတိမ်း) လိုက်နာဆောင်ရွက်ကြကုန်၏။

يَعْلَمُ مَا بَيْنَ أَيْدِيهِمْ وَمَا خَلْفَهُمْ وَ
لَا يَشْفَعُونَ إِلَّا لِمَنِ ٱرْتَضَىٰ وَهُم مِّنْ خَشْيَتِهِۦ مُشْفِقُونَ ﴿٢٨﴾

၂၁ : ၂၈ ။ ။ ထိုအသျှင်မြတ်သည် ၎င်းတို့၏ ရှေ့၊ နောက် (ဖြစ်သမျှ) အကြောင်းကိစ္စ အလုံးစုံတို့ကို (အကြွင်းမဲ့) သိတော်မူ၏။ ထို့ပြင် ၎င်းတို့သည် ထိုအသျှင်မြတ် ကျေနပ်နှစ်သက်တော်မူသော သူမှအပ၊ အခြားမည်သူ့ကိုမျှ ကြားဝင်အသနားခံ (တောင်းပန်) ပေးနိုင်ကြမည်မဟုတ်ပေ။ စင်စစ် ၎င်းတို့သည် ထိုအသျှင်မြတ်အား ကြောက်ရွံ့ရိုသေ ခုံညားမှုကြောင့် (အမြဲတစေ) ကြောက်ရွံ့လျက်ပင် ရှိကြကုန်၏။

وَمَن يَقُلْ مِنْهُمْ إِنِّىٓ إِلَٰهٌ مِّن دُونِهِۦ فَذَٰلِكَ نَجْزِيهِ جَهَنَّمَ ۚ
كَذَٰلِكَ نَجْزِى ٱلظَّٰلِمِينَ ﴿٢٩﴾

၂၁ : ၂၉ ။ ။ စင်စစ် ၎င်းတို့အနက်၊ မည်သူမဆို 'ကျွန်ုပ်သည်လည်း ထိုအသျှင်မြတ်အပြင် (အခြား) ကိုးကွယ်ရာအသျှင် (တစ်ပါး) ဖြစ်သည်' ဟု ပြောဆိုပါမူ၊ ငါအသျှင်မြတ်သည် ၎င်းအား 'ဂျဟန္နမ်' ငရဲဘုံ၏ ပြစ်ဒဏ်ကို ပေးတော်မူမည်။ ငါအသျှင်မြတ်သည် မတရားကျူးလွန်သူတို့အား ဤနည်းအတိုင်းပင် ပြစ်ဒဏ်ပေးတော်မူသည်သာ ဖြစ်၏။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(ငါအသျှင်မြတ်တစ်ပါးတည်း တည်ရှိတော်မူကြောင်းကို ငါအသျှင်မြတ်၏ ပြုလုပ်ဖန်ဆင်းတော်မူသည်များ (ဖန်ဆင်းခံ) များက ညွှန်ပြနေကြပါသည်။ အဘယ်ကြောင့်ဆိုသော်) ငါအသျှင်မြတ်သည် မိုးကောင်းကင်ကိုလည်းကောင်း၊ မြေပထဝီကိုလည်းကောင်း၊ ၎င်းနှစ်ခု၏ အကြား၌ ရှိသည်တို့ကိုလည်းကောင်း၊ ကစားရန် ဖန်ဆင်းထားတော်မူသည် မဟုတ်ပေ။ (၎င်းတို့အား ဖန်ဆင်းရခြင်းတွင် အမြော်အမြင်များစွာ ရှိသည်။ ယင်းတို့အနက် အကြီးမားဆုံး အမြော်အမြင်မှာ 'သောင်ဟီးဒ်' တစ်ပါးတည်း တည်ရှိတော်မူကြောင်း ညွှန်ပြရန်ဖြစ်သည်။ အကယ်၍ ငါအသျှင်မြတ်သည် (မိုးကောင်းကင်နှင့် မြေပထဝီအား ဖန်ဆင်းရာတွင် မည်သည့်အမြော်အမြင်မှမရှိဘဲ ၎င်းတို့အား ဆော့ကစားရန်သက်သက်မျှ ရည်ရွယ်လျက် (ဤဖန်ဆင်းမှု၌ အကျိုးကျေးဇူးများစွာတို့ကို မရည်ရွယ်ဘဲ စိတ်၏ ပျော်ရွှင်မှုအတွက်သာ ရည်ရွယ်ခြင်း) ဖြစ်လျှင် ငါအသျှင်မြတ်သည် မိမိထံ၌ ရှိသည်များဖြင့်သာ ပြုလုပ်တော်မူပေမည်။ အကယ်၍သာ

ငါအသျှင်မြတ်သည် ဤသို့ ပြုလုပ်ရန် ဖြစ်သော (ဥပမာ- မိမိ၏ ပြည့်စုံကုံလုံသည့် ဂုဏ်တော်များကို ပြသ၍) ပြုလုပ်တော်မူပေမည်။ (အဘယ်ကြောင့်ဆိုသော် အဖန်ဆင်းခံနှင့် ဖန်ဆင်းရှင်၏ ဂုဏ်အင်နှင့် ကိုက်ညီမှု ရှိသင့်သည်ဆိုပါလျှင် လောကအပေါင်းအား ဖန်ဆင်းရှင်၏ ဂုဏ်အင်နှင့် တစ်ချိန် ပျက်စီးမည့် အဖန်ဆင်းခံ၏ ဂုဏ်အင်သည် မည်သို့ ကိုက်ညီမှု ရှိနိုင်မည်နည်း။ လောကအပေါင်းအား ဖန်ဆင်းရှင်၏ ဇာတိတော် အဘယ်မှာနည်း။ သင်္ခါရဖြစ်သော အဖန်ဆင်းခံတို့၏ အခြေအနေမှာ မည်သို့နည်း။ သို့ရာတွင် ဂုဏ်တော်များသည် အမြဲထာဝရအတွက် တည်ရှိနေသည့်အတွက် ကိုက်ညီမှုရှိပေသည်။ သို့ရှိရာ ဦးနှောက် ဖြင့် တွေးခေါ်မှုဆိုင်ရာ အထောက်အထားများနှင့် အလဟဿ ဖန်ဆင်းမှုဟု သတ်မှတ်ရန် မဖြစ်နိုင်။ ထို့ကြောင့် သင်္ခါရဖြစ်သော ဖန်ဆင်းခံများ၌ မည်သည့်အရာကိုမျှ အလဟဿဖန်ဆင်းခံဖြစ်သည်ဟု သံသယ မဖြစ်သင့်ပေ။

သို့ရှိရာ ငါအသျှင်မြတ်သည် ကစားရန် အကြောင်းမဲ့ အပိုအဖြစ် ဖန်ဆင်းတော်မူထားခြင်း မဟုတ် ကြောင်း ဖြစ်သည်သာမက အမှန်တရား ပေါ်လွင်ရန်နှင့် အမှားကို ချေမှုန်းရန် ဖန်ဆင်းကြောင်း ပေါ်လွင် ပေသည်။ စင်စစ်မှာကား ငါအသျှင်မြတ်သည် (အဖန်ဆင်းခံများက သက်သေအဖြစ် အတည်ပြုလျက် ရှိသော) အမှန် (သစ္စတရား) ကို အမှား (မိစ္ဆာတရား) အပေါ် ပစ်ပေါက်တော်မူသည်။ သို့ရှိရာ အမှန်တရား သည် အမှား၏ ဦးနှောက်ကို ထွက်စေခဲ့သည်။ (အမှားအပေါ် အနိုင်ယူ လွှမ်းမိုးစေခဲ့သည်။) သို့ရှိရာ (အမှားသည် ရှုံးနိမ့်လျက် ရုတ်တရက် ပျောက်ပျက်သွားသည်။ (ဆိုလိုသည်မှာ ဖန်ဆင်းခံများ၏ ညွှန်ပြမှု ဖြင့် ရရှိသော 'သောင်ဟီးဒ်' တစ်ပါးတည်း တည်ရှိတော်မူခြင်း၏ အထောက်အထားများ ရှုရစ်က် တုဖက် နိုင်းယှဉ်ကိုးကွယ်ခြင်းကို လုံးဝ ငြင်းဆိုပြီး ထိုအကြောင်းများနှင့် စပ်လျဉ်း၍ ဆန့်ကျင်ခြင်းဟူသည့် အစိပ္ပာယ်ပင် မရှိခြင်းကို ဆိုလိုသည်။) ထို့နောက် (အသင်တို့သည် တိကျပေါ်လွင် ခိုင်မာသည့် အထောက် အထားများရှိပါလျက် ရှုရစ်က် တုဖက်နိုင်းယှဉ် ကိုးကွယ်မှုကို ပြုနေကြပါလျှင် အသင်တို့၏ စွပ်စွဲချက် များကြောင့် အသင်တို့သာလျှင် ကြီးစွာသော ပျက်စီးဆုံးရှုံးခြင်း ဖြစ်ပေမည်။ စင်စစ် မိုးကောင်းကင်၌ လည်းကောင်း၊ မြေပထဝီ၌လည်းကောင်း ရှိသမျှ အရာအားလုံးတို့မှာ အလ္လာဟ်အသျှင်မြတ်၏ အပါးတော် ၌ ခစားလျက်ရှိကြကုန်သော ဖရစ်ရှ်သာဟ်တို့၏ (ခဝပ်မှုပြုခြင်းမှာ) ၎င်းတို့သည် အသျှင်မြတ်အား ခဝပ် ခြင်း မပြုနိုင်လောက်အောင် မာနထောင်လွှားသူများ မဟုတ်ကြပေ။ မောပန်းငြီးငွေ့ ပျင်းရိကြသည်လည်း မရှိကြပေ။ ၎င်းတို့သည် နေ့ညဉ့်မပြတ် ထိုအသျှင်မြတ်၏ 'သတ်စ်ဗီးဟ်'၊ 'သက္ကဒီးစ်' (သန့်ရှင်းစင်ကြယ် တော်မူကြောင်း) ကို ရွတ်ဆိုလျက်သာ ရှိကြသည်။ (မည်သည့်အခါမျှ) ရပ်တန့်သွားသည်ဟူ၍ မရှိပေ။ (ဤကောင်းကင်တမန်များ၏ အခြေအနေမှာ ဤမျှ ဖြစ်သည်ဆိုလျှင် အများအပြားသော ဖန်ဆင်းခံများမှာမူ မည်မျှအထိ ရှိကြပါမည်နည်း။ ခဝပ်ခြင်း ခံထိုက်သူမှာ ထို (အလ္လာဟ်) အသျှင်မြတ်သာလျှင် ဖြစ်တော် မူသည်ဖြစ်ပေရာ ဤသို့ သက်ဝင်မှုမပြုဘဲ ထိုအသျှင်မြတ်နှင့် တုဖက်နိုင်းယှဉ်ကိုးကွယ်မှု ပြုထိုက်သည်ဟု မှတ်ယူခြင်းမှာ မည်မျှ အသိမဲ့သည့် လုပ်ရပ်ဖြစ်ပါသနည်း။)

('သောင်ဟီးဒ်'၏ ဤအထောက်အထားများ ရှိပါလျက်) ထိုသူတို့သည် အလ္လာဟ်အသျှင်မြတ်မှအပ ကိုးကွယ်ရာ အသျှင်များအဖြစ် ပြုလုပ်ထားကြသော (အထူးသဖြင့်) မြေထွက်ပစ္စည်းများဖြင့် ပြုလုပ်ထားသည်။ ဥပမာ- ကျောက်တုံး၊ ကျောက်ခဲ၊ (သို့) တွင်းထွက်ပစ္စည်းများကဲ့သို့သော အဆင့်နိမ့်သည့် အရာများဖြင့် ပြုလုပ်ထားသည့် ဆင်းတုများ) ကိုးကွယ်ရာတို့က သေသူအား ရှင်ပြန်ထစေနိုင်ပါသလော။ (ဆိုလိုသည်မှာ အသက်ဝိညာဉ်မျှပင် ထည့်သွင်းခြင်း မပြုနိုင်သည့်အခါ ဤမျှ ချို့တဲ့ ချည့်နဲ့သူမှာ မည်သည့်အခါ ကိုးကွယ်ရာအသျှင်ဖြစ်ရန် ထိုက်ပါမည်နည်း။) အကယ်၍သာ ဤ (မိုးကောင်းကင်နှင့် ပထဝီမြေ) တို့တွင် အလ္လာဟ်အသျှင်မြတ်အပြင် အခြားသော ကိုးကွယ်ရာ (ဝါဂိုဗုလ်ဝုဂျူးဒ်) ရှိနေသည်ဆိုပါလျှင် ယင်း (မိုးကောင်းကင်နှင့် ပထဝီမြေ) နှစ်ခုစလုံးတွင် မလွဲမသွေ ပျက်စီးခဲ့ပြီး ဖြစ်ပေမည်။ (အဘယ်ကြောင့်ဆိုသော် သဘာဝအရ နှစ်ပါးစလုံး၏ ဆန္ဒနှင့် လုပ်ဆောင်ချက်တို့မှာ ကွဲလွဲခြင်းများ ဖြစ်ရှိပေမည်။ ထိုအခါ တစ်ပါးနှင့်တစ်ပါး တိုက်ခိုက်ကြပေမည်။ ထိုသို့ တိုက်ခိုက်ခြင်းကြောင့် ပျက်စီးခြင်း မုချ ဖြစ်ရတော့မည်။ သို့ရာတွင် ဤမိုးကောင်းကင်နှင့် မြေပထဝီ၌ ဤသို့ ပျက်စီးခြင်း မဖြစ်သည့်အတွက် ကိုးကွယ်ရာအသျှင် အများအပြားလည်း မရှိနိုင်ပေ။) အမှန်စင်စစ် 'အရ်ရှ်'ပလ္လင်တော်အား စိုးပိုင်တော်မူသော အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့ လုပ်ကြံစွပ်စွဲကြသည့် ('နအူးဇုဗိလ္လာဟ်၊ အလ္လာဟ်အသျှင်မြတ်နှင့်အတူ တဘက်ကိုးကွယ်ရာ အသျှင်မြတ် နောက်ထပ်လည်း ရှိသည်ဟု) စွပ်စွဲချက်တို့မှ (လုံးဝ) စင်ကြယ်သန့်ရှင်း အပြစ်ကင်းတော်မူသည်။ (ထိုအသျှင်မြတ်သည် မိမိ ပြုလုပ်တော်မူသော ကိစ္စများနှင့် စပ်လျဉ်း၍ (မည်သည့်သူရှေ့၌မျှ) မေးမြန်းခြင်းခံရမည်မဟုတ်။ လူသားအပေါင်းတို့မှာမူ (မိမိတို့ပြုလုပ်ခဲ့သည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍) စစ်ဆေးမေးမြန်းခြင်းကို ခံကြရပေမည်။ (ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်ကသာ စစ်ကြောမေးမြန်းခြင်းကို ပြုလုပ်နိုင်သည်ဖြစ်ရာ မည်သည့်ကြီးမြတ်မှုကမျှ ထိုအသျှင်မြတ်နှင့် တုဖက်နိူင်းယှဉ် ပြိုင်ဆိုင်မှု ပြုနိုင်ပါမည်နည်း။ ဤနေရာအထိ လိမ်လည်မှုသားများနှင့် စွပ်စွဲချက်များ ပြုရန် မဖြစ်နိုင်သည့် အကြောင်းများဖြစ်ပြီး ရှေ့တွင် မေးမြန်းချက်များနှင့် တားမြစ်ချက်များ လာရှိပေသည်။ သို့ဖြစ်ပါလျက် ၎င်း (မုရှ်ရစ်က်) တို့သည် ထိုအသျှင်မြတ်အပြင် အခြားသော ကိုးကွယ်ရာများ ပြုလုပ်ထားကြလေသလော။)

(အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့) ပြောကြားပါလေ။ (အို၊ အချင်းတို့) အသင်တို့သည် (ဤကြွေးကြော်မှုအပေါ်) မိမိတို့၏ အထောက်အထားများကို တင်ပြကြကုန်လော။ (ဤနေရာအထိ မေးမြန်းချက်နှင့် တွေးခေါ်မှုဆိုင်ရာ အထောက်အထားများဖြင့် ရှရစ်က်အား ဆန့်ကျင်ခြင်း ဖြစ်သည်။ ရှေ့၌ ဆင့်ပြန်ချက်ဆိုင်ရာ အထောက်အထားများ လာရှိပေမည်။) ဤသည် ကျွန်ုပ်နှင့်အတူ ရှိသူတို့၏ ကျမ်းဂန် (ကုရ်အာန်) နှင့် ကျွန်ုပ်အလျင်က ရှိခဲ့ဘူးသူတို့၏ ကျမ်းဂန်များ ('သောင်ရားသ်'၊ 'ဇဗူရ်' နှင့် 'အင်န်ဂျီးလ်' ကျမ်းများ) ၌ ပါရှိသည်။ ကုရ်အာန်ကျမ်းတော်မြတ်သည် အလ္လာဟ်အသျှင်မြတ်ထံတော်မှ ကျရောက်ကြောင်း တွေးခေါ်မှုဆိုင်ရာ အထောက်အထားဖြင့်ပင် အတည်ဖြစ်သည်။ ကျန်ရှိ ကျမ်းဂန်များမှာ လူတို့က ပြုပြင်ပြောင်းလဲပစ်ခဲ့ပြီး ဖြစ်သည်။ သို့သော် ကုရ်အာန်ကျမ်းတော်မြတ်အား ပြုပြင်ပြောင်းလဲထားခြင်း မရှိကြောင်းအား ဒွိဟသံသယပင် ဖြစ်စရာမရှိပေ။ ထိုကျမ်းများ၌ ပါရှိသော အကြောင်းအရာများသည် ကုရ်အာန်ကျမ်းတော်မြတ်နှင့် ကိုက်ညီမှုရှိလျှင် လုံးဝ အမှန်ပင် ဖြစ်သည်။ ဖော်ပြပါအထောက်အထားများ တင်ပြရခြင်းမှာ ဤသူတို့သည် 'သောင်ဟီးဒ်'တစ်ပါးတည်း တည်ရှိတော်မူခြင်းကို ယုံကြည်

ကြပါသော်လည်း လက်ခံခြင်းကား မရှိပါချေ။) ထိုမျှမက ၎င်းတို့တွင် အများဆုံးသောသူတို့မှာ အမှန်တရားကို ယုံကြည်ခြင်း မပြုကြပါချေ။ (ထို့ကြောင့်) ထိုသူတို့သည် (ဤအမှန်တရားအား လက်ခံခြင်းမှ) မျက်နှာလွှဲ၍ နေကြကုန်၏။ ထို့နောက် (ဤ 'သောင်ဟီးဒ်'တရားသည် တစ်မိန်းဆန်းစရာဖြစ်သည့် အသစ်အဆန်းမဟုတ်ဘဲ ရှေးကနဦးမှပင် ရှိခဲ့သော တရားများဖြစ်သည်။)

သို့ရှိရာ ငါအသျှင်မြတ်သည် အသင်၏အလျင် စေလွှတ်ခဲ့သမျှသော နဗီတမန်တော်အပေါင်းတို့ထံသို့ ငါသအျှင်မြတ်ထံတော်မှ 'ကေန်အမှန် ငါအသျှင်မြတ်မှအပ အခြားခဝပ်ကိုးကွယ်ရာ အလျဉ်းမရှိ။ အသင်တို့သည် ငါအသျှင်မြတ်ကိုသာလျှင် ခဝပ်ကိုးကွယ်ကြကုန်လော'ဟူသည့် 'ဝဟီ'ဗျာဒိတ်တော် မပို့ချသည်ဟူ၍ မရှိ။ (ပို့ချတော်မူခဲ့သည်သာ ဖြစ်သည်။) ထို့အပြင် ထိုမုရှ်ရစ်က် (တို့အနက် အချို့) တို့သည် 'ရဟ်မာန်'အနန္တကရုဏာတော်ရှင် အလ္လာဟ်အသျှင်မြတ်သည် (နအူဇုဗိလ္လာဟ်၊ ဖရစ်ရှ်သာဟ်များအား) သားသမီးအဖြစ် မွေးဖွားထားသည်ဟူ၍ စွပ်စွဲပြောဆိုကြကုန်၏။ ထို (အလ္လာဟ်) အသျှင်မြတ်သည် (၎င်းတို့၏ စွပ်စွဲပြောဆိုခြင်းများမှ) သန့်ရှင်းစင်ကြယ်တော်မူ၏။ (ဖရစ်ရှ်သာဟ်များသည် ထိုအသျှင်မြတ်၏ သားသမီးများ မဟုတ်ကြပေ။) ထိုမျှမက ထိုအသျှင်မြတ်၏ မြင့်မြတ်သည့် ကျွန်များသာ ဖြစ်ကြပေသည်။ (၎င်းဖရစ်ရှ်သာဟ်တို့၏ ဤသို့ မြင့်မြတ်ခြင်းအပေါ် ထိုအသိဉာဏ်မရှိသူတို့က အတွေးအထင်လွဲမှားကြခြင်း ဖြစ်သည်။ ထိုဖရစ်ရှ်သာဟ်တို့၏ ကျွန်ခံခြင်း၊ အမိန့်နာခံခြင်း၊ ကျိုးနွံခြင်းနှင့် ရိုသေကိုင်းရှိုင်းခြင်းတို့မှာ) ထိုဖရစ်ရှ်သာဟ်တို့သည် အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်သို့ ကျူး၍ စကားပြောဆိုခြင်း အလျဉ်း မပြုနိုင်ကြပေ။ (ထိုမျှသာမက အမိန့်တော်ကို စောင့်ဆိုင်းလျက်သာ ရှိနေကြသည်။) ထို (အလ္လာဟ်) အသျှင်မြတ်၏ အမိန့်တော်နှင့်အညီသာ လိုက်နာဆောင်ရွက်ကြသည်။ ထိုအသျှင်မြတ်၏ အမိန့်တော်နှင့် ဆန့်ကျင်၍ မပြုလုပ်နိုင်ကြပေ။ အကြောင်းမှာ ၎င်းတို့ သိရှိထားကြသည်မှာ) အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ ရှေ့နောက်အကြောင်းကိစ္စအဝဝတို့ကို (အကြွင်းမဲ့ ကောင်းစွာ) သိတော်မူ၏။ (သို့ရှိရာ အမိန့်တော်ရှိလာသည့်အခါ အမိန့်တော်နှင့်အညီသာ ပြုလုပ်ကြပြီး လုပ်ရပ်အားဖြင့် ဆန့်ကျင်ခြင်းနှင့် စကားအားဖြင့် ရှေ့သို့ ကျူးခြင်းများကို မပြုလုပ်ကြပေ။ ထို့နောက် (၎င်း၏ ရိုသေကိုင်းရှိုင်းသည့် အခြေအနေမှာ) ၎င်းတို့သည် ထိုအသျှင်မြတ် ကျေနပ်နှစ်သက်သူမှအပ မည်သူ့အတွက်မျှ ကြားဝင် အသနားခံနိုင်ကြသည် မဟုတ်။ ထိုအသျှင်မြတ်အား ရိုသေကိုင်းရှိုင်းမှုကြောင့် (အမြဲတစေ) ကြောက်ရွံ့တုန်လှုပ်လျက် ရှိနေကြသည်။ (ဤသည်မှာ ဖရစ်ရှ်သာဟ်များ၏ ရိုသေကိုင်းရှိုင်းမှုနှင့် အမိန့်နာခံမှုများကို တင်ပြခြင်းဖြစ်သည်။ ရှေ့၌ အလ္လာဟ်အသျှင်မြတ်၏ နိုင်နင်းလွှမ်းမိုးတော်မူခြင်းနှင့် အမိန့်ပေးတော်မူခြင်းအကြောင်းကို တင်ပြထားပေသည်။) ၎င်းတို့အနက် မည်သူမဆို ထိုအသျှင်မြတ်အပြင် ကျွန်ုပ်သည်လည်း ကိုးကွယ်ရာအသျှင် (တစ်ပါး) ဖြစ်သည်ဟု ပြောဆိုပါမူ ငါအသျှင်မြတ်သည် ၎င်းအား 'ဂျဟန္နမ်'၏ အပြစ်ဒဏ်ကို ပေးတော်မူမည်။ ငါအသျှင်မြတ်သည် မတရား ကျူးကျော်စော်ကားသူတို့အား ဤအတိုင်း ပြစ်ဒဏ်ပေးတော်မူသည်သာ ဖြစ်သည်။ (အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အပေါ် အခြားအဖန်ဆင်းခံများကဲ့သို့ အပြည့်အဝ လွှမ်းမိုးထားတော်မူခြင်းကတစ်ကြောင်း၊ ၎င်းတို့အတွက် ကိုးကွယ်ရာ အသျှင်ရှိရန် အရေးကြီးခြင်းက တစ်ကြောင်း စသည်တို့ကြောင့် ၎င်းတို့သည် အသျှင်မြတ်၏ သားသမီးများ မည်သို့ ဖြစ်နိုင်အံ့နည်း။)

သိမှတ်ဖွယ်ရာများနှင့် ခမ္မသတ်များ

وَمَا خَلَقْنَا السَّمَآءَ وَالْاَرْضَ وَمَا بَيْنَهُمَا لٰعِبِيْنَ

စင်စစ် ငါအသျှင်မြတ်သည် မိုးကောင်းကင်ကိုလည်းကောင်း၊ ပထဝီမြေကိုလည်းကောင်း၊ ယင်း (မိုးကောင်းကင်နှင့် ပထဝီမြေ) နှစ်ခု၏ အကြား၌ ရှိသမျှတို့ကိုလည်းကောင်း ကစားရန် ဖန်ဆင်းထားတော်မူသည် မဟုတ်ပေ။ နောက်မှလာသော အာယသ်တော်တွင် အချို့မြို့ရွာများအား ဖျက်ဆီးပစ်တော်မူခဲ့ခြင်းအကြောင်း ပါရှိသည်။

ဤအာယသ်တော်တွင် မိုးကောင်းကင်နှင့် ပထဝီမြေတို့အပြင် ၎င်းတို့နှစ်ခုအတွင်း၌ ရှိသော အဖန်ဆင်းခံဟူသရွေ့တို့၏ ဖန်ဆင်းထားတော်မူခြင်းတို့သည် အလွန်ကြီးမားကျယ်ဝန်းသည့် အမြော်အမြင်နှင့် ရည်ရွယ်ချက်များအပေါ်၌ အခြေခံခြင်း၊ တစ်ဖန် ဖျက်ဆီးခြင်းခံရသည့် မြို့ရွာများအား ဖျက်ဆီးရခြင်းမှာလည်း အဓိကအမြော်အမြင်တစ်ခုပင် ဖြစ်ကြောင်းတို့ဘက်သို့ ရည်ညွှန်းထားပေသည်။ ဤအာယသ်တော်၌ ထိုအကြောင်းအရာ၏ အလိုသဘောကို ကောက်ယူသည်မှာ မိုးကောင်းကင်နှင့် ပထဝီမြေအပြင် ယင်းနှစ်ခုတို့အကြား၌ ရှိရှိသမျှသော အဖန်ဆင်းခံဟူသရွေ့တို့၏ ဖန်ဆင်းထားတော်မူခြင်း၊ တစ်ဖန် ယင်းအဖန်ဆင်းခံတို့၏ တည်ရှိလှုပ်ရှား လည်ပတ်နေခြင်းများ စသော ငါအသျှင်မြတ်၏ တန်ခိုးတော်အနန္တနှင့် အကြွင်းမဲ့ သိမြင်တော်မူခြင်းနှင့် အကြွင်းမဲ့ ကြားတော်မူခြင်း မတွေ့မမြင်၊ နားမလည်နိုင်ကြဘဲ ငါအသျှင်မြတ် တစ်ပါးတည်း တည်ရှိတော်မူကြောင်းနှင့် ငါအသျှင်မြတ် စေလွှတ်တော်မူသည့် ရစူလ်တမန်တော်များအား မယုံကြည်သွေဖည်ငြင်းဆန်ကြသည်။ ထို့နောက် ငါအသျှင်မြတ်၏ ဖန်ဆင်းတော်မူခြင်းများကို ငါအသျှင်မြတ်သည် ထိုအရာအားလုံးတို့ကို အကျိုးမဲ့သက်သက် ကစားရန်သာ ဖန်ဆင်းထားတော်မူသည်ဟု ထင်မြင်ယူဆသူတို့နှင့် စပ်လျဉ်းသည်ဟူ၍ ဖွင့်ဆိုထားသည်။

لَاعِبِيْنَ ဟူသော စာလုံးသည် لَعِبَ မှ ဆင်းသက်လာသည်။ لَعِبٌ သည် မည်သည့်မှန်ကန်သည့် ရည်ရွယ်ချက်မျှ မရှိခြင်းနှင့် ပတ်သက်၍ သုံးနှုန်းသည့်စကားလုံး ဖြစ်သည်။

لَهْوٌ သည် မှန်ကန်သော (သို့) မှားယွင်းသော မည်သည့်ရည်ရွယ်ချက်မျှ မရှိဘဲ အားလပ်နေသည့် အချိန်ကို ကုန်ဆုံးစေရန် ပြုလုပ်သည့်အလုပ်နှင့် စပ်လျဉ်း၍ သုံးနှုန်းသည့်စကားလုံး ဖြစ်သည်။

တမန်တော်မြတ် ﷺ နှင့် ကုရ်အာန်အပေါ်၌ စောဒကတက်၍ 'သောင်ဟီးဒ်' အလ္လာဟ်တစ်ပါးတည်း တည်ရှိတော်မူခြင်းကို ငြင်းဆိုသည့် အစ္စလာမ့်ရန်သူများသည် အလ္လာဟ်အသျှင်မြတ်၏ ကြီးမားလှစွာသော ဤလက္ခဏာတော်များကို တွေ့မြင်သိရှိကြပါလျက် 'ဤအရာအားလုံးတို့ကို အလဟဿအကျိုးမဲ့ ကစားရန်သာ ဖန်ဆင်းထားခြင်းဖြစ်သည်'ဟု ပြောဆိုခဲ့ကြသည်။ ထိုပြောဆိုမှုအပေါ် အသျှင်မြတ်က ဖြေကြားတော်မူသည်မှာ 'ဤသည် ကစားစရာ၊ အကျိုးမဲ့လုပ်ရပ်မဟုတ်။ အနည်းငယ်မျှ လေးလေးနက်နက် စဉ်းစားကြည့်ရှုမည်ဆိုလျှင် လောကအပေါင်းတို့အတွင်း၌ ရှိရှိသမျှတို့အနက် မြူမှုန်မျှ အရာတစ်ခုချင်းစီ၌လည်းကောင်း၊ တန်ခိုးတော်အသျှင်မြတ်၏ ဖန်ဆင်းမှုတစ်ခုချင်း၌လည်းကောင်း၊ ထောင်ပေါင်းများစွာသော

အမြော်အမြင်များ ရှိပေသည်။ ထိုအရာအားလုံးတို့သည် အသျှင်မြတ်တစ်ပါးတည်း တည်ရှိတော်မူကြောင်းနှင့် ထိုအသျှင်မြတ်ကို သိရှိရန် သင်ခန်းစာများပင် ဖြစ်ပေသည်။

لَوْ اَرَدْنَا اَنْ نَّتَّخِذَ لَهْوًا لَّاتَّخَذْنَاهُ مِنْ لَّدُنَّا اِنْ كُنَّا فَاعِلِيْنَ ۝

အကယ်၍သာ ငါအသျှင်မြတ်သည် အလုပ်တစ်ခုကို ကစားရန်အတွက်သာ ပြုလုပ်ဖန်ဆင်းလိုတော်မူခြင်းဖြစ်လျှင်၊ ထို့နောက် ငါအသျှင်မြတ်သည် ထိုကဲ့သို့သော အလုပ်ကို ပြုလုပ်ရန် ရှိသည်ဖြစ်လျှင် မိုးကောင်းကင်နှင့် ကမ္ဘာမြေပထဝီ စသည်တို့အား ဖန်ဆင်းရန် အဘယ်မှာလျှင် လိုအပ်ပါမည်နည်း။ ဤလုပ်ရပ်အတွက်မူ ငါအသျှင်မြတ်သည် မိမိထံ၌ ရှိသည်တို့ဖြင့်ပင် ပြုလုပ်နိုင်တော်မူသည်။ အာရဗီဘာသာတွင် لَوْ ဟူသည့် အက္ခရာသည် မရှိသေး၊ မဖြစ်သေးသည့် အရာအပေါ် အတွေးအာရုံဖြင့် ပြောဆိုသည့် အက္ခရာဖြစ်သည်။ ဤနေရာတွင်လည်း ဤအက္ခရာကို သုံးနှုန်း၍ တင်ပြထားသည်မှာ ထိုအနိမ့်၊ အမြင့်၊ မြေပထဝီနှင့် မိုးကောင်းကင်တို့၏ ဖန်ဆင်းမှုနှင့် အံ့ဖွယ်လုပ်ဆောင်ချက်များကို ကစားရန်၊ စိတ်အလိုဖြည့်ရန် ဖန်ဆင်းထားသည့်ဟု ပြောဆိုသည့် အသိမဲ့သူတို့သည် ဤမျှ ကြီးမားသည့် လုပ်ဆောင်ချက်သည် ကစားရန်အတွက် မဟုတ်ကြောင်း သိရှိနိုင်ပါသလော။

ဤမျှကြီးမားလှသည့် အလုပ်သည် ကစားရန်အတွက်သာ ပြုလုပ်ထားခြင်းမဟုတ်ကြောင်းနှင့် ကစားရန်အတွက်သာဆိုလျှင် ဤသို့ ပြုလုပ်ဖန်ဆင်းမည်မဟုတ်ကြောင်းကိုပင် ၎င်းတို့ မသိနိုင်ကြပါသလော။ ကစားခုန်စားခြင်း၏ မည်သည့်အလုပ်နှင့်မဆို အသျှင်မြတ်၏ ကြီးကျယ်မြင့်မြတ်မှုနှင့် အလွန်ပင် ကွာခြားလှပေသည်။ ကောင်းစွာ အသိတရား ရှိသူတစ်ဦးကပင် ဤသို့ ပြုမည်မဟုတ်ဟူသည့် အကြောင်းကို ဤအာယသ်တော်က ညွှန်းဆိုခြင်းဖြစ်သည်။

لَهْوٌ ၏ ကျော်ကြားသည့် မူရင်းအဓိပ္ပာယ်မှာ အလဟဿ အကျိုးမဲ့၊ အချည်းနှီးဟု ဖြစ်သည်။ ထိုအဓိပ္ပာယ်နှင့်အညီပင် အထက်ပါဖွင့်ဆိုချက်ကို ဖွင့်ဆိုခြင်းဖြစ်သည်။ အချို့သော အဖွင့်ပညာရှင်များက لَهْوٌ ဟူသည့် စာလုံးသည် တစ်ခါတစ်ရံ ဇနီးအတွက်နှင့် သားသမီးများအတွက်လည်း သုံးစွဲနိုင်သည်ဟု ဆိုကြသည်။ ဤနေရာ၌ ထိုအဓိပ္ပာယ်ကို ယူမည်ဆိုလျှင် ဤအာယသ်တော်သည် ယဟူဒီနှင့် နဆွာရာတို့၏ အဆိုကို ချေပခြင်းဖြစ်ပေသည်။ ၎င်းတို့က ဟဇရသ်မစီးဟ် عليه السلام အားလည်းကောင်း၊ ဟဇရသ်အုဇိုင်းရ် عليه السلام အားလည်းကောင်း အလ္လာဟ်အသျှင်မြတ်၏ သားတော်များဖြစ်သည်ဟု ဆိုကြသည်။ ထို့ကြောင့် အကယ်၍ ငါအသျှင်မြတ်သည် သားသမီးအဖြစ် ထားရှိရန် ဖြစ်ပါလျှင် လူသားအဖန်ဆင်းခံများမှ အဘယ်ကြောင့် ထားပါမည်နည်း။ မိမိထံ၌ရှိသည့် အဖန်ဆင်းခံများမှပင် ထားတော်မူပေမည်ဟူ၍ ဖြစ်ပေမည်။

بَلْ نَقْذِفُ بِالْحَقِّ عَلَى الْبَاطِلِ فَيَدْمَغُهُ فَاِذَا هُوَ زَاهِقٌ

قَذْفٌ ၏ အဓိပ္ပာယ်မှာ လွှင့်ပစ်ခြင်း၊ ပစ်ပေါက်ခြင်းဟု ဖြစ်သည်။ يَدْمَغُ ၏ အဓိပ္ပာယ်မှာ ဦးနှောက်အပေါ် ပစ်ပေါက်ရိုက်နှက်ခြင်းဟု ဖြစ်သည်။ ذَاهِقٌ ၏ အဓိပ္ပာယ်မှာ သွားသောသူနှင့် အစအနမျှပင်

မရှိဖြစ်သွားသူဟု ဖြစ်သည်။ အာယသ်တော်၏ အလိုသဘောမှာ မိုးကောင်းကင်နှင့် မြေပထဝီနှင့် အံ့ဖွယ် ဆန်းကြယ် အရာဟူသမျှတို့ကို ငါအသျှင်မြတ်သည် ကစားရန်သာ ဖန်ဆင်းတော်မူထားခြင်းမဟုတ်ဘဲ အလွန်ကြီးမား နက်ရှိုင်း သည့် အမြော်အမြင်များအပေါ် အခြေခံ၍ ဖန်ဆင်းတော်မူထားခြင်း ဖြစ်သည်။ ၎င်းတို့အနက် အမြော်အမြင် တစ်ခုမှာ ၎င်းတို့အား ကြည့်ရှုတွေ့မြင်သိရှိခြင်းဖြင့် အမှန်နှင့် အမှားကို ခွဲခြားနိုင်ခြင်းဖြစ်သည်။ တန်ခိုးတော်အသျှင်မြတ်၏ ဖန်ဆင်းမှုများသည် လူသားအား ၎င်း၏ ရှေ့မှောက်၌ အမှားလုံးဝ မရောက်ရှိနိုင်အောင် အမှန်တရားဘက်သို့ လမ်းပြပို့ဆောင်ပေးခြင်း ဖြစ်သည်။ ဤအကြောင်းအရာ၏ အလိုသဘောမှာ အမှားအပေါ်၌ အမှန်တရားဖြင့် ပစ်ပေါက်လိုက်သည့်အခါ အမှား၏ ဦးနှောက် ထွက်သွားသည်။ အစအနပင် မရှိ ဖြစ်သွားသည်ဟု ဖြစ်သည်။

وَمَنْ عِنْدَهُ لَا يَسْتَكْبِرُوْنَ عَنْ عِبَادَتِهِ وَلَا يَسْتَحْسِرُوْنَ

ငါအသျှင်မြတ်၏ အပါးတော်၌ရှိသော ငါအသျှင်မြတ်၏ ကျွန်တော် (ဖရစ်ရှ်သာဟ်) များသည် အချိန်တိုင်း၌ ငါအသျှင်မြတ်၏ 'အေဗာဒသ်'၌ ရပ်နားခြင်းအလျဉ်းမရှိဘဲ မွေ့လျော်လျက် ရှိနေကြသည်။ အကယ်၍ အသင်တို့သည် ငါအသျှင်မြတ်အား 'အေဗာဒသ်'မပြုကြပါလျှင်လည်း ငါအသျှင်မြတ်၏ ကိုးကွယ်ရာ ဖန်ဆင်းရှင်ဖြစ်ခြင်းတွင် မည်သို့မျှ ပြောင်းလဲမှု ဖြစ်ပေါ်မည်မဟုတ်ပါချေ။ လူသားသည် အခြားသူများအား မိမိ၏ အခြေအနေနှင့် နှိုင်းယှဉ်သုံးသပ်သည့် အလေ့အထရှိသူ ဖြစ်သည်။ ၎င်းအဖို့ အမြဲတစေ 'အေဗာဒသ်'ပြုခြင်းကို အရာနှစ်ခုကြောင့် အဟန့်အတားဖြစ်စေနိုင်သည်။ ပထမအချက်မှာ အရာ တစ်ခုခုအား 'အေဗာဒသ်'ပြုလုပ်ခြင်းဖြင့် မိမိ၏ အဆင့်အတန်းနှင့် ဆန့်ကျင်သည်ဟု ယူဆသည့်အတွက် 'အေဗာဒသ်'ပြုခြင်းအနီးသို့ပင် မသွားတော့ပေ။ ဒုတိယအချက်မှာ 'အေဗာဒသ်'ကိုမူ ပြုလုပ်ရန် ဆန္ဒရှိ သည်။ သို့ရာတွင် လူသားဖြစ်သည့်အလျောက် အမြဲတစေ စဉ်ဆက်မပြတ် ပြုလုပ်နိုင်ခြင်းမရှိဘဲ အနည်းငယ် ပြုလုပ်ပြီးလျှင် မောပန်းသွားတတ်သည်။ ၎င်းအဖို့ အနားယူခြင်းနှင့် အိပ်စက်ခြင်းတို့မှာ လိုအပ်ချက် ဖြစ်ပေါ်လာလေ့ရှိသည်။ ထို့ကြောင့် နောက်ဆုံးအာယသ်တော်တွင် ဖရစ်ရှ်သာဟ်များအား ထိုအချက်နှစ်ချက် မရှိကြောင်း တင်ပြထားခြင်း ဖြစ်သည်။ ၎င်း (ဖရစ်ရှ်သာဟ်) တို့သည် ငါအသျှင်မြတ်အား 'အေဗာဒသ်' ပြုလုပ်ခြင်းအပေါ် မိမိတို့၏ ဂုဏ်အဆင့်နှင့် ဆန့်ကျင်သည်ဟု ဂုဏ်မောက်ခြင်း၊ မာနထားခြင်း မပြုကြပေ။ 'အေဗာဒသ်'ပြုလုပ်ရခြင်းကြောင့် မည်သည့်အခါမျှ မောပန်းခြင်း မရှိကြပါချေ။ ဤအကြောင်းရာများ တင်ပြပြီးသည့်နောက် အာယသ်တော်တွင်

يُسَبِّحُوْنَ الَّيْلَ وَالنَّهَارَ لَا يَفْتُرُوْنَ

ဟု မိန့်ကြားတော်မူထားသည်။ ဖရစ်ရှ်သာဟ်တို့သည် နေ့ရောညဉ့်ပါ 'သပ်စ်စီဟ်' ဘာဝနာစီးဖြန်းမှု ပြုနေလျက်ရှိကြပြီး မည်သည့်အခါမျှ ပျင်းရိလေးတွဲခြင်း မရှိကြချေ။

အဗ်ဒွလ္လာဟ်ဗင်န်ဟာရိဆ်က ပြောဆိုသည်မှာ ကျွန်ုပ်သည် ကအဗ်အဟ်ဗာရ်အား 'ဖရစ်ရှ်သာဟ် များအဖို့ 'သပ်စ်စီးဟ်'ပြုလုပ်ခြင်းအပြင် အခြားအလုပ်တစ်စုံတစ်ရာ ရှိပါသလား။ အကယ်၍ ရှိသည်ဆိုလျှင်

အခြားအလုပ်များနှင့်အတူ အမြဲတစေ အချိန်တိုင်း၌ 'သပ်စ်ဗီးဟ်'ပြုလုပ်လျက်သာ ရှိနေကြသည်ဆိုသည်မှာ မည်သို့ ဖြစ်နိုင်ပါမည်နည်း'ဟု မေးရာ ၄င်းက 'အို၊ ကျွန်ုပ်၏ တူမောင်၊ အသင်ပြုလုပ်နေသည့် အလုပ်တစ်ခုခုသည် အသင်၏ အသက်ရှူရှိုက်ခြင်းဖြင့် ရပ်တန့်သွားပါသလော။ အလုပ်ပြုလုပ်ခြင်းကြောင့် အသက်မရှူခြင်း၊ ရပ်တန့်ခြင်း ဖြစ်ပါ၏လော။ စင်စစ် ဖရစ်ရှ်သာဟ်တို့၏ 'သပ်စ်ဗီးဟ်' ရွတ်ဆိုနေခြင်းသည် ကျွန်ုပ်တို့၏ အသက်ရှူခြင်း (သို့) မျက်တောက်ခတ်ခြင်းတို့ကဲ့သို့ ဖြစ်သည်။ ဤအချက်နှစ်ချက်သည် ၄င်းတို့အဖို့ အချိန်တိုင်း၌ အဆက်မပြတ် ရှိနေသည်။ မည်သည့်အခါမျှ ပြတ်တောက် ရပ်ဆဲသွားခြင်း မရှိပေ။' *[ကုရ်သုဗီ၊ ဖဟ်ရေမိုဟ်ဘီသွ်]*

أَمِ اتَّخَذُوٓا ءَالِهَةً مِّنَ الْأَرْضِ هُمْ يُنشِرُونَ

ဤအာယသ်တော်တွင် မုရှ်ရစ်က်တို့၏ အသိတရားမဲ့ခြင်းတို့ကို နည်းမျိုးစုံဖြင့် ဖော်ပြထားသည်။ ဦးစွာပထမ ၄င်းမုရှ်ရစ်က်တို့သည် မည်မျှ အသိတရား ခေါင်းပါးကြပါသနည်း။ ကိုးကွယ်ရာအဖြစ် ရွေးချယ်သတ်မှတ်ကြသည်တို့မှာ မြေပထဝီမှ ဖန်ဆင်းခံတို့ကိုပင် သတ်မှတ်ကြသည်။ ထိုကိုးကွယ်ရာတို့သည်ကားမိုးကောင်းကင်မှ အဖန်ဆင်းခံတို့ထက် အောက်ဘက်မှ နိမ့်ကျသော အရာများသာ ဖြစ်ပေသည်။ ဒုတိယအချက်မှာ ၄င်းတို့က မိမိတို့၏ ကိုးကွယ်ရာအဖြစ် ရွေးချယ်သတ်မှတ်ထားသည်တို့သည် တစ်စုံတစ်ဦးအား အသက်သွင်း၍ ရှင်သန်စေသည်ကို ၄င်းတို့ တွေ့မြင်ဘူးခဲ့ကြပါသလော။ ကိုးကွယ်ခြင်း ခံထိုက်သူသည် အဖန်ဆင်းခံများ၏ သေခြင်း၊ ရှင်ခြင်းတို့မှာ ၄င်း၏ လက်ဝယ်၌ရှိရန် အရေးကြီးပေသည်။

لَوْ كَانَ فِيهِمَآ ءَالِهَةٌ

ဤအာယသ်တော်သည် အများဆုံး ဖြစ်လေ့ဖြစ်ထရှိသည့် သဘာဝတရားအပေါ် အခြေခံသည့် 'သောင်ဟီးဒ်'တစ်ပါးတည်း တည်ရှိတော်မူကြောင်း အထောက်အထားဖြစ်သည်။ အီလ်မေ့ကလာမ်ကျမ်းများ၌ အဆိုအမျိုးမျိုးဖြင့် တင်ပြထားသည့် အတွေးအခေါ်ဆိုင်ရာ အထောက်အထားများဘက်သို့ ညွှန်းဆိုထားသည်။ သဘာဝတရားအပေါ် အခြေခံသည့် အထောက်အထားဖြစ်ရခြင်းမှာ အကယ်၍ မိုးကောင်းကင်နှင့် မြေပထဝီတို့၌ အရှင်နှစ်ပါးတို့က စိုးမိုးချုပ်ကိုင်ထားသည်ဆိုပါလျှင် အရှင်နှစ်ပါးစလုံး၏ အမိန့်တော်များ၊ မိုးကောင်းကင်နှင့် မြေပထဝီအပေါ်၌ အပြည့်အဝ ကျရောက်စေလိုကြသည်မှာ ထင်ရှားပေသည်။ သဘာဝတရားအရကြည့်လျှင် တစ်ဦးက အမိန့်တစ်စုံတစ်ရာပေးသည်ကို အခြားတစ်ဦးကလည်း ဤအတိုင်း အမိန့်ပေးမည်။ (သို့) တစ်ဦးက နှစ်သက်သည့် အရာကို အခြားတစ်ဦးလည်း နှစ်သက်မည်ဆိုသည်မှာ ဖြစ်နိုင်သည့်ကိစ္စမဟုတ်ပေ။ တစ်ခါတစ်ရံ အယူအဆမတူညီခြင်း၊ အမိန့်ချမှတ်မှု မတူညီခြင်းများ မလွဲမသွေပင်ဖြစ်ကြပေမည်။ အရှင်နှစ်ပါး၏ အမိန့်တော်များသည် မိုးကောင်းကင်နှင့် မြေပထဝီပေါ်၌ ကွဲလွဲစွာ ချမှတ်နေသည်ဖြစ်လျှင် ထိုမိုးကောင်းကင်နှင့် မြေပထဝီနှစ်ခုစလုံးတွင် ပျက်စီးခြင်းမှတစ်ပါး အခြားမရှိနိုင်ပြီ။ အရှင်တစ်ပါးက ဤအချိန်၌ နေ့ဖြစ်စေရန် လိုလားသည့်အချိန် အခြားတစ်ပါးက ညဥ့်ဖြစ်စေရန် လိုလားပေမည်။ တစ်ပါးက မိုးရွာသွန်းစေလိုသည့်အချိန်၊ ကျန်တစ်ပါးက မိုးမရွာစေလိုခြင်းများ ဖြစ်နိုင်ပေသည်။

သို့ရှိရာ အရှင်နှစ်ပါး၏ ဆန့်ကျင်ဘက်ဖြစ်သော အမိန့်များသည် မည်ကဲ့သို့ ရှင်သန် တည်ရှိနိုင်ပါမည်နည်း။ အကယ်၍ တစ်ပါးမှာ ရှုံးနိမ့်သွားသည်ဆိုပါလျှင် ၎င်းသည် စိုးပိုင်သော ပြုလိုရာ ပြုနိုင်စွမ်းရှိသော အရှင် မဖြစ်နိုင်တော့ပေ။ အကယ်၍ ထိုအရှင်နှစ်ပါးတို့သည် အချင်းချင်း ညှိနှိုင်းတိုင်ပင်လျက် အမိန့်တော်များ ချမှတ်သည်ဟု သံသယဖြစ်ပါလျှင်လည်း ၎င်းတို့နှစ်ဦးသည် တစ်ဦး၏ အကြံပေးချက်ကို တစ်ဦးက သဘောတူလက်ခံသည်။ အခြားတစ်ဦး၏ အကြံဉာဏ်မပါဘဲ မိမိက မည်သည့်အလုပ်မျှ မလုပ်နိုင်ဟု ဆိုပါလျှင် ၎င်းတို့နှစ်ဦးစလုံးသည် အရာရာကို စိတ်ကြိုက်ပြုနိုင်စွမ်းမရှိသော၊ စိုးပိုင်သော အရှင်များ မဖြစ်နိုင်။ နှစ်ဦးစလုံး၌ ချို့တဲ့မှုများ ရှိနေသည်။ ချို့တဲ့မှု ရှိသူသည် လောကအပေါင်းအား စိုးမိုးအုပ်ချုပ် စီရင်ဆုံးဖြတ်နိုင်သည့် အသျှင် မဖြစ်နိုင်။

ရှေ့တွင် တင်ပြလျက်ရှိသော အာယသ်တော် **لَا يُسْـَٔلُ عَمَّا يَفْعَلُ وَهُمْ يُسْـَٔلُوْنَ** တွင်လည်း ဤအကြောင်းများဘက်သို့ ညွှန်းဆို မိန့်တော်မူသည်မှာ 'တစ်စုံတစ်ဦးအဖို့ ဥပဒေပြဋ္ဌာန်းချက်တစ်ခုခုကို လိုက်နာကျင့်ဆောင်ရပြီး ၎င်း၏ လုပ်ရပ် ကျင့်ဆောင်ချက်များအပေါ် အရေးယူခွင့် ရှိသူတစ်ဦး ရှိနေပါလျှင် ထိုသူသည် 'ခုဒါ'အသျှင် မဖြစ်နိုင်ပေ။ 'ခုဒါ'အသျှင်ဆိုသည်မှာ မည်သူတစ်ဦးတစ်ယောက်၏ ဥပဒေစည်းကမ်းချက်ကိုမျှ လိုက်နာခြင်း မပြုရသူ၊ ၎င်းအား စစ်ကြောမေးမြန်းခွင့်ရှိသူ မည်သူမျှ မရှိသူပင် ဖြစ်ပေသည်။ အကယ်၍ အရှင်နှစ်ပါးရှိပြီး နှစ်ပါးစလုံးသည် အကြံပေးချက်များအပေါ် လိုက်နာနေရပါလျှင် နှစ်ပါးစလုံးအဖို့ တစ်ပါးအပေါ် တစ်ပါး စစ်ကြောမေးမြန်းခြင်းနှင့် အကြံပြုချက်ကို မလိုက်နာ၍ အရေးယူနိုင်ခွင့်များ ရှိပေမည်။ ဤသို့ ရှိခြင်းသည်ပင် 'ခုဒါ' အသျှင်မြတ်၏ အဆင့်အတန်းနှင့် မကိုက်ညီနိုင်တော့ပေ။

هٰذَا ذِكْرُ مَنْ مَّعِىَ وَذِكْرُ مَنْ قَبْلِىْ

၎င်း၏ အလိုသဘောတစ်ခုမှာ ဖွင့်ဆိုချက်အနှစ်ချုပ်၌ တင်ပြခဲ့သည့်အတိုင်း **ذكر من معى** သည် ကုရ်အာန်ကို ဆိုလိုခြင်းဖြစ်ပြီး၊ **ذكر من قبلى** သည် 'သောင်ရားသ်'၊ 'အင်န်ဂျီးလ်'နှင့် 'ဇဗူရ်'စသော ရှေးကျမ်းများဖြစ်သည်ကို ဆိုလိုသည်။ အာယသ်တော် ၏ အဓိပ္ပာယ်မှာ ကျွန်ုပ်အပါအဝင် ကျွန်ုပ်နှင့်တကွ ရှိသူများ၏ ကုရ်အာန်နှင့် ရှေးအွမ္မသ်တို့၏ 'သောင်ရားသ်'၊ 'အင်န်ဂျီးလ်'၊ 'ဇဗူရ်'စသော ကျမ်းများအနက် ကျမ်းတစ်စောင်စောင်တွင် အလ္လာဟ်အသျှင်မြတ်မှအပ အခြားအရာများအပေါ် 'အေဗာဒသ်'ပြုရန်ဟူသော လမ်းညွှန်ချက် တစ်စုံတစ်ရာ ရှိပါသလော။ 'သောင်ရားသ်'၊ 'အင်န်ဂျီးလ်'နှင့် 'ဇဗူရ်'စသည့် ကျမ်းများသည် ပြုပြင်ပြောင်းလဲခြင်းများ ပြုခံရပြီး ယခုတိုင်လည်း အလ္လာဟ်အသျှင်မြတ်မှအပ အခြားတစ်စုံတစ်ဦးအား တုဖက်နှိုင်းယှဉ်၍ ကိုးကွယ်ရာအသျှင် အဖြစ် ပြုပါဟူသော ညွှန်ကြားချက်သည် မည်သည့်နေရာတွင်မျှ ရှင်းလင်းစွာ တင်ပြထားခြင်း မရှိပါချေ။

ဗဟ်ရေမုဟီးသ်ကျမ်း၌ ၎င်း၏ အလိုသဘောတစ်ခုကို တင်ပြထားသည်မှာ 'ဤကုရ်အာန်ကျမ်းတော်မြတ်သည် ကျွန်ုပ်နှင့် အတူတကွ ရှိသူများအတွက်နှင့် ကျွန်ုပ်၏အလျင် ရှိခဲ့သူများအတွက်လည်း 'ဇိက်ရ်'

ဖြစ်သည်'ဟု ဖြစ်သည်။ ဆိုလိုသည်မှာ မိမိနှင့်အတူ ရှိသူများအတွက်မူ 'ဒအ်ဝသ်'နှင့် အမိန့်ပညတ်ချက်များ ဖြန့်ချီပို့ချခြင်းအားဖြင့် 'ဇိက်ရ်'ဖြစ်သည်။ ရှေးအွမ္မသ်များအတွက် 'ဇိက်ရ်'ဖြစ်ရခြင်းမှာမူ ထိုကျမ်းတော်မြတ်အားဖြင့် ရှေးအွမ္မသ်တို့၏ အခြေအနေ၊ လုပ်ဆောင်ချက်များနှင့် ဖြစ်စဉ်သမိုင်းများ ရှင်းသန့်ရခြင်းဟု အဓိပ္ပာယ်ဖြစ်ကြောင်း တင်ပြထားသည်။

لَا يَسْبِقُونَهُ بِالْقَوْلِ وَهُمْ بِأَمْرِهِ يَعْمَلُونَ

ဆိုလိုသည်မှာ ဖရစ်ရှ်သာဟ်များသည် အလ္လာဟ်အသျှင်မြတ်၏ သားသမီးများ မည်သို့ ဖြစ်နိုင်အံ့နည်း။ စင်စစ် ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်၏ ရှေ့သို့ ကျူး၍ စကားပြောဆိုခြင်းလည်း မည်သည့်အခါမျှ မပြုကြပေ။ ထိုအသျှင်မြတ်၏ အမိန့်တော်နှင့် ဆန့်ကျင်၍ တစ်စုံတစ်ရာ ပြုလုပ်ခြင်းလည်း မရှိကြပေ။ အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ရိုကျိုးလျက်သာ ရှိနေကြခြင်း ဖြစ်သည်။ စကားပြောဆိုရာ၌ ရှေ့သို့ ကျူး၍ မပြောဆိုဟူသည့် အလိုသဘောမှာ အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ အမိန့်တော် တစ်စုံတစ်ရာ မကျရောက်မချင်း မိမိတို့ဆန္ဒအလျောက် ရှေ့သို့ ကျူး၍ စကားပြောဆိုရန် သတ္တိမရှိခြင်းကို ဆိုလိုသည်။ ဤအာယသ်တော်မှ အကြီးအကဲတို့အား ရိုသေရမည့်အကြောင်း သိရှိရသည်မှာ ထိုင်ဝိုင်းတစ်ခုတွင် အရေးကိစ္စတစ်ခု ပေါ်ပေါက်သည့်အခါ အဆိုပါထိုင်ဝိုင်း၏ အကြီးအကဲ၏ စကားကို ဦးစွာ စောင့်ဆိုင်းကြရမည်။ မိမိဘက်မှ ဦးစွာ တင်ပြပြောဆိုခြင်းသည် ရိုသေမှု၊ စည်းကမ်းရှိမှု၊ ယဉ်ကျေးမှုနှင့် ဆန့်ကျင်ကြောင်း သိရှိရသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

أَوَلَمْ يَرَ الَّذِينَ كَفَرُوا أَنَّ السَّمَاوَاتِ وَالْأَرْضَ
كَانَتَا رَتْقًا فَفَتَقْنَاهُمَا وَجَعَلْنَا مِنَ الْمَاءِ كُلَّ شَيْءٍ حَيٍّ أَفَلَا يُؤْمِنُونَ ۝٣٠

၂၁ : ၃၀ ။ ။ စင်စစ် မိုးကောင်းကင်များနှင့် ပထဝီမြေတို့မှာ ပိတ်လျက်ရှိခဲ့ရာ ငါအသျှင်မြတ်သည် ၎င်း (မိုးကောင်းကင်နှင့် မြေပထဝီ) နှစ်ခုစလုံးကို ဖွင့်လှစ်ပေးတော်မူခဲ့ကြောင်း (တစ်နည်း) မိုးကောင်းကင်များနှင့် ပထဝီမြေတို့မှာ တစ်ခုနှင့်တစ်ခု ပူးကပ်၍ နေခဲ့ရာ ငါအသျှင်မြတ်သည် ၎င်း (မိုးကောင်းကင်နှင့် မြေပထဝီ) နှစ်ခုစလုံးကို တစ်ခုနှင့်တစ်ခု ခွဲခြားတော်မူခဲ့ကြောင်းကို ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့သည် မသိမမြင်ခဲ့ကြလေသလော။ ထို့ပြင် ငါအသျှင်မြတ်သည် ရေဖြင့် သက်ရှိသတ္တဝါ ခပ်သိမ်းတို့ကို ဖန်ဆင်းတော်မူခဲ့၏။ သို့ပါလျက် ၎င်းတို့သည် (ငါအသျှင်မြတ်၏ ဖန်ဆင်းမှုကို) သက်ဝင်ယုံကြည်ခြင်း မရှိကြလေသလော။

وَجَعَلْنَا فِي الْأَرْضِ رَوَاسِيَ أَنْ
تَمِيدَ بِهِمْ وَجَعَلْنَا فِيهَا فِجَاجًا سُبُلًا لَّعَلَّهُمْ يَهْتَدُونَ ﴿٣١﴾

၂၁ : ၃၁ ။ ။ ၄င်းပြင် ငါအသျှင်မြတ်သည် ပထဝီမြေပြင်၌၊ ယင်းပထဝီမြေသည် လူတို့နှင့်တကွ လှုပ်ရှား (ယိမ်းယိုင်သွား) ခြင်း မရှိနိုင်ရန်၊ တောင်များကို (ကျောက်ဆူးများအဖြစ်) ချထားတော်မူခဲ့လေသည်။ ထို့ပြင် ငါအသျှင်မြတ်သည် လူသားတို့ လိုရာသို့ ရောက်ရှိနိုင်ကြရန်အလို့ငှာ၊ ယင်းတောင်များ၌ တောင်ကြားလမ်းများကို လမ်းများအဖြစ် ပြုလုပ်ထားတော်မူခဲ့လေသည်။

وَجَعَلْنَا السَّمَاءَ سَقْفًا مَّحْفُوظًا ۖ وَهُمْ عَنْ آيَاتِهَا مُعْرِضُونَ ﴿٣٢﴾

၂၁ : ၃၂ ။ ။ ၄င်းပြင် ငါအသျှင်မြတ်သည် မိုးကောင်းကင်ကို (ပြိုပျက်ခြင်းမှ) ထိန်းသိမ်းပြီးဖြစ်သော အမိုး (အဖြစ်) ပြုလုပ်တော်မူခဲ့လေသည်။ သို့ပါလျက် ၄င်းတို့သည် ယင်းမိုးကောင်းကင် (၌ ရှိကြသော) သက်သေလက္ခဏာများမှ မျက်နှာလွှဲလျက် ရှိနေကြကုန်၏။

وَهُوَ الَّذِي خَلَقَ اللَّيْلَ وَالنَّهَارَ وَالشَّمْسَ وَالْقَمَرَ ۖ كُلٌّ
فِي فَلَكٍ يَسْبَحُونَ ﴿٣٣﴾

၂၁ : ၃၃ ။ ။ စင်စစ် ထိုအသျှင်မြတ်သည်ပင်လျှင် ညဉ့်နှင့် နေ့ကိုလည်းကောင်း၊ နေနှင့် လကိုလည်းကောင်း ဖန်ဆင်းတော်မူခဲ့သော အသျှင်မြတ် ဖြစ်တော်မူ၏။ ၄င်း (ဂြိုဟ်၊ နက္ခတ်တာရာ) အသီးသီးတို့သည် (မိမိတို့သက်ဆိုင်ရာ) ဂြိုဟ်၊ နက္ခတ်တာရာလမ်းအသီးသီးတွင် လှည့်ပတ်သွားလာ လှုပ်ရှားလျက်ပင် ရှိနေကြကုန်သည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

စင်စစ် မိုးကောင်းကင်နှင့် ပထဝီမြေတို့သည် (ကနဦးက) ပိတ်လျက် (ဝါ) ပူးကပ်လျက်ရှိခဲ့သည်။ (ဆိုလိုသည်မှာ မိုးကောင်းကင်မှ မိုးရွာသွန်းမှု မရှိခြင်းနှင့် မြေပထဝီ၌ ကောက်ပဲသီးနှံများ ပေါက်ရောက်မှု မရှိခြင်း ဖြစ်သည်။ ဤသည်ကိုပင် ပိတ်လျက်ရှိခဲ့သည်ဟု ဆိုခြင်းဖြစ်သည်။ ယခုခေတ်၌လည်း နေရာတစ်ခု (သို့) ကာလတစ်ခုတွင် မိုးရွာသွန်းခြင်းနှင့် ကောက်ပဲသီးနှံ ပေါက်ရောက်ခြင်းမရှိလျှင် ထိုနေရာဒေသ (သို့) ထိုကာလကို ပိတ်သည်ဟု သုံးနှုန်းနိုင်သည်။) သို့တိုင်အောင်လည်း ငါအသျှင်မြတ်သည် ထိုနှစ်ခု (မိုးနှင့် မြေ) ကို (မိမိ၏ တန်ခိုးတော်ဖြင့်) ဖွင့်ပေးတော်မူခဲ့သည်။ (မိုးကောင်းကင်မှ မိုးရွာသွန်းခြင်းနှင့် ကမ္ဘာမြေပထဝီ၌ ကောက်ပဲသီးနှံများ ပေါက်ရောက်စေတော်မူခဲ့သည်။) ထို့နောက် (မိုးရွာသွန်းစေခြင်းဖြင့် ငါအသျှင်မြတ်သည် သစ်ပင်များ ပေါက်ရောက်ခြင်းကိုသာ ဖြစ်စေတော်မူသည် မဟုတ်ဘဲ) ငါအသျှင်

မြတ်သည် (မိုး) ရေဖြင့် သက်ရှိသတ္တဝါခပ်သိမ်းတို့ကို ဖန်ဆင်းတော်မူခဲ့သည်။ (သက်ရှိသတ္တဝါ ခပ်သိမ်းတို့၏ ဖြစ်ပေါ်လာခြင်းနှင့် တည်ရှိနေခြင်းတို့တွင် ဆက်စပ်မှု ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ရေသည်လည်း မုချ ပါဝင်ပေသည်။)

အခြားအာယသ်တော်တစ်ပါးတွင်

وَمَا اَنْزَلَ اللهُ مِنْ مَّاءٍ فَاَحيَا بِهِ الْاَرْضَ بَعْدَ مَوْتِهَا وَبَثَّ فِيْهَا مِنْ كُلِّ دَا بَّةٍ

ဟူ၍ လာရှိထားပေသည်။

(ဤသည်တို့ကို) ကာဖိရ်များ (မသိ) မမြင်ကြလေသလော။ ထို (အချက်များကို ကြားရပြီး) နောက်တွင်လည်း အီမာန်သက်ဝင်ယုံကြည်ခြင်း မရှိကြပေ။ ထို့နောက် ငါအသျှင်မြတ်သည် (မိမိ၏ တန်ခိုးတော်ဖြင့်) ပထဝီမြေကို လူတို့အား သယ်ဆောင်ရင်း လှုပ်ရှား (ယိမ်းယိုင်သွား) ခြင်း မရှိနိုင်ရန် တောင်များကို (ကျောက်ဆူးများအဖြစ်) ချထားတော်မူခဲ့သည်။ ထို့နောက် ငါအသျှင်မြတ်သည် လူသားတို့ သွားလိုရာ စခန်းသို့ ရောက်ရှိစေနိုင်ခြင်းငှာ ကမ္ဘာမြေပထဝီတွင် ကျယ်ဝန်းသည့် လမ်း (တောင်ချိုင့်၊ တောင်ဝှမ်း) များကိုလည်း ပြုလုပ်ဖန်ဆင်းပေးထားတော်မူသည်။ ငါအသျှင်မြတ်သည် (မိမိ၏ တန်ခိုးတော်ဖြင့်) မိုးကောင်းကင်ကို (မြေပထဝီ၏အပေါ် မျက်နှာစာတွင်) အမိုးတစ်ခု (ကဲ့သို့) ဖန်ဆင်းပြုလုပ်ပေးတော်မူသည်။ ထိုအမိုးသည် (အဘက်ဘက်မှ) လုံခြုံမှုကို ရရှိစေသည်။ (ပြိုကျခြင်း၊ ကျိုးပဲ့ ပျက်စီး ပေါက်ကွဲခြင်းများမှ လုံခြုံမှုရှိသည်။ ထို့ပြင် ရှိုက်သွာန် (၏ မိုးကောင်းကင်သို့ သွားရောက်၍ ထိုမှ) စကားများနားထောင်ခြင်းတို့မှလည်း လုံခြုံမှုရှိစေခြင်းကို ဆိုလိုသည်။ သို့ရာတွင် ဤသို့ လုံခြုံမှုရှိခြင်းသည် ထာဝရအတွက် မဟုတ်ပေ။ သတ်မှတ်ကာလတစ်ခုအထိသာ ဖြစ်ပေသည်။) သို့ပါလျက် ၎င်းတို့သည် ထို (မိုးကောင်းကင်အတွင်း၌ ရှိသော) သက်သေလက္ခဏာများမှ မျက်နှာလွှဲလျက် ရှိကြကုန်၏။ (ဆိုလိုသည်မှာ ထိုသက်သေလက္ခဏာများအပေါ် စဉ်းစားတွေးခေါ် ဆင်ခြင်မှုများ မပြုကြချေ။) စင်စစ် ထိုအသျှင်မြတ်သည်ကား ညဉ့်နှင့် နေ့ကိုလည်းကောင်း၊ နေနှင့် လကိုလည်းကောင်း ဖန်ဆင်းတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ (မိုးကောင်းကင်၏ သက်သေလက္ခဏာများမှာ နေနှင့် လတို့မှ ဂြိုဟ်များ ဖြစ်သည်။) ထိုဂြိုဟ်နက္ခတ်အသီးသီးတို့သည် (မိမိတို့ သက်ဆိုင်ရာ) ဂြိုဟ်နက္ခတ် လမ်းအသီးသီးမှ လှည့်ပတ်သွားလာ လှုပ်ရှားလျက် ရှိကြကုန်၏။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

اَوَلَمْ يَرَ الَّذِيْنَ كَفَرُوْا

ဤနေရာတွင် يَرَ (မြင်တွေ့ခြင်း) ၏ အဓိပ္ပာယ်မှာ မျက်စိဖြင့် တွေ့မြင်ပြီး သိသည်ဖြစ်စေ၊ ဦးနှောက်၏ ဉာဏ်ပြချက်ဖြင့် သိသည်ဖြစ်စေ၊ ကန့်သတ်ခြင်းမရှိသော အသိကို ခေါ်ဆိုသည်။ အကြောင်းမှာ

ရှေ့၌ ဆက်၍လာမည့် အကြောင်းအရာနှင့် စပ်လျဉ်း၍ အချို့မှာ တွေ့မြင်ရခြင်းဖြင့် သိသကဲ့သို့ အချို့မှာ ဦးနှောက်၏ ညွှန်ပြချက်ဖြင့် သိရှိရခြင်းများ ဖြစ်သောကြောင့်ပင် ဖြစ်သည်။

اَنَّ السَّمٰوٰتِ وَالْاَرْضَ كَانَتَا رَتْقًا فَفَتَقْنٰهُمَا

رَتْق ဟူသည့် စာလုံး၏ အဓိပ္ပာယ်မှာ ပိတ်ခြင်းဟု ရပြီး فَتْق ၏ အဓိပ္ပာယ်မှာ ဖွင့်ခြင်းဟု ဖြစ်သည်။ ၎င်းစာလုံးနှစ်လုံး رَتْق و فَتْق ကို ပေါင်း၍ 'အလုပ်တစ်ခုခုအား စီမံခြင်းနှင့် ထိုစီမံခြင်း၌ ပြည့်ဝသော အခွင့်အာဏာရှိခြင်း' ဟူသော အဓိပ္ပာယ်အတွက် သုံးစွဲခြင်းဖြစ်သည်။

အာယသ်တော်၏ စာလုံးများ၏ အဓိပ္ပာယ်မှာ 'မိုးကောင်းကင်နှင့် မြေပထဝီသည် အပိတ်ဖြစ်ခဲ့သည်။ ငါအသျှင်မြတ်က ဖွင့်ပေးတော်မူခဲ့သည်' ဟု ဖြစ်သည်။ ဤအာယသ်တော်၏ အဓိပ္ပာယ်အရ ပိတ်ခြင်းနှင့် ဖွင့်ခြင်း၏ အလိုသဘောမှာ မည်သို့ပါနည်း။ ဤအလိုသဘောနှင့် စပ်လျဉ်း၍ အဖွင့်ပညာရှင်များက အဆိုအမျိုးမျိုး တင်ပြခဲ့ကြသည်။ သို့ရာတွင် ၎င်းတို့အနက် ဆွဟာဗာများနှင့် အဖွင့်ပညာရှင် အများစုတို့က အနှစ်ချုပ်ဖွင့်ဆိုချက်၌ ရွေးချယ်ခဲ့သည့် အဓိပ္ပာယ်ကိုသာ ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။ 'ပိတ်ခြင်း' ဟူသည့်သဘောမှာ မိုး ကောင်းကင်မှ မိုးရွာသွန်းခြင်းနှင့် မြေပထဝီ၌ ကောက်ပဲသီးနှံများ ပေါက်ရောက်မှု မရှိခြင်းဖြစ်သည်။ 'ဖွင့်ခြင်း' ဟူသည့် သဘောမှာ မိုးရွာသွန်းခြင်းနှင့် ကောက်ပဲသီးနှံများ ပေါက်ရောက်ခြင်းကို ခေါ်ဆိုသည်။

အိဗ်နေကဆီးရ်၏ သဖ်စီးရ်ဖွင့်ဆိုချက်တွင် အိဗ်နေအာဘီဟာသင်မ်၏ စနဒ်ဖြင့် ဟဇရသ်အဗ်ဒွလ္လာဟ် ဗင်န်အုမရ် ﷺ သခင်၏ ဖြစ်စဉ်ကို ဆင့်ပြန်ခဲ့သည်မှာ တစ်နေ့သောအခါ ပုဂ္ဂိုလ်တစ်ဦးသည် ဟဇရသ် အဗ်ဒွလ္လာဟ်ဗင်န် အုမရ် ﷺ ထံသို့ ရောက်ရှိလာပြီး ဤအာယသ်တော်၏ ဖွင့်ဆိုချက်ကို မေးမြန်းသည့် အခါ ဟဇရသ်အဗ်ဒွလ္လာဟ်ဗင်န်အုမရ် ﷺ က ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ဘက်သို့ ညွှန်ပြ၍ 'ထို အဖိုးအိုထံသို့ သွားပါ။ ၎င်းအား မေးမြန်းပါ။ ၎င်း၏ ဖြေကြားချက်အား ကျွန်ုပ်အားလည်း ပြောပြလှည့်ပါ' ဟု ပြောဆိုလေရာ ထိုပုဂ္ဂိုလ်သည် ဟဇရသ်အဗ်ဒွလ္လာဟ်ဗင်န်အဗ္ဗားစ် ﷺ သခင်ထံသို့ သွား၍ 'ဤအာယသ် တော်တွင် رَتْقًا နှင့် فَفَتَقْنٰ တို့၏ အလိုသဘောမှာ မည်သို့ပါနည်း' ဟု မေးမြန်းလေသည်။ ဟဇရသ်အိဗ်နေ အဗ္ဗားစ် ﷺ သခင်က 'အစကနဦးတွင် မိုးကောင်းကင်သည် ပိတ်လျက်ရှိခဲ့သည်။ မိုးရွာသွန်းခြင်း မရှိခဲ့ပေ။ ကမ္ဘာမြေပထဝီသည်လည်း ပိတ်လျက် ရှိခဲ့သည်။ သစ်ပင်များ ပေါက်ရောက်ခြင်းမရှိခဲ့ပေ။ အလ္လာဟ် အသျှင်မြတ်သည် လူသားတို့အား ကမ္ဘာမြေပထဝီ၌ နေထိုင်စေတော်မူသည့်အခါ မိုးကောင်းကင်မှ မိုးရွာ သွန်းခြင်းကို ဖွင့်ပေးတော်မူလိုက်သည်။ ကမ္ဘာမြေပထဝီ၌လည်း သစ်ပင်များ ကောက်ပဲသီးနှံများ ပေါက် ရောက်ခြင်းကို ဖွင့်ပေးတော်မူလိုက်သည်' ဟု ဖြေကြားလေရာ ထိုပုဂ္ဂိုလ်သည် ဤအာယသ်တော်၏ အလိုသဘောကို သဘောပေါက်သွားရပြီး ဟဇရသ်အိဗ်နေအုမရ် ﷺ သခင်ထံသို့ ပြန်လာခဲ့သည်။ ထို့နောက် ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ ထံမှ ကြားသိခဲ့ရသမျှတို့ကို ပြန်လည်တင်ပြလိုက်သည်။ ထိုအခါ အိဗ်နေအုမရ်

ﷺ က 'အိမ်နေအဗ္ဗားစ်သည် ကုရ်အာန်၏ အဖွင့်ပညာရပ်ကို မုချ ချီးမြှင့်ခံရသူဖြစ်ကြောင်း ကျွန်ုပ်အဖို့ အတည်ဖြစ်သွားပေပြီ။ မူလက ကျွန်ုပ်သည် ကုရ်အာန်ဖွင့်ဆိုချက်နှင့် စပ်လျဉ်း၍ အိမ်နေအဗ္ဗားစ် ﷺ ၏ ဖွင့်ဆိုချက်များကို သတ္တိပြခြင်းများဟုသာ ကျွန်ုပ် ထင်မှတ်ခဲ့သည်။ ယင်းအချက်ကို ကျွန်ုပ်နှစ်သက်ခြင်း မရှိခဲ့ပေ။ ယခုမူ အလ္လာဟ်အသျှင်မြတ်သည် ၎င်းအား ကုရ်အာန်ဖွင့်ဆိုမှုပညာရပ်၏ ထူးခြားသည့် အရသာကို ချီးမြှင့်တော်မူလိုက်ကြောင်း ကျွန်ုပ် သိရှိလိုက်ရပါသည်။ ၎င်းသည် فتق ရတ္တနှင့် စပ်လျဉ်းသော ဖွင့်ဆိုချက်ကို အမှန်အတိုင်း ဖွင့်ဆိုခဲ့ပါသည်' ဟု ပြောကြားလေသည်။ ရူဟွလ်မအာနီကျမ်းတွင် အိမ်နေအဗ္ဗားစ် ﷺ သခင် ၏ ဤဆင့်ပြန်ချက်ကို အိမ်နေမွန်ဇိရ်၊ အဘူနအီးမ်နှင့် မုဟာဒ်ဒီဆ် (ဟာဒီးစ်ပါမောက္ခ) အုပ်စုတစ်စုတို့၏ အညွှန်းဖြင့် ဆင့်ပြန်ထားသည်။ ၎င်းတို့တွင် ဟာကင်မ်သည်လည်း ပါဝင်ပေသည်။ ဟာကင်မ်က ဤဆင့်ပြန်ချက်သည် မှန်ကန်ကြောင်းကို ဆိုခဲ့သည်။

အိမ်နေအသွီယဟ်အောင်ဇီက 'ဤဆင့်ပြန်ချက်ကို ဆင့်ပြန်လျက် အထက်ပါ သဖ်စီးရ်ဖွင့်ဆိုချက်သည် အကောင်းဆုံး၊ ပြည့်စုံမှုအရှိဆုံး၊ ကုရ်အာန်၏ ရှေ့နောက်အကြောင်းအရာများ ဆက်စပ်ကိုက်ညီမှုအရှိဆုံး ဖြစ်သည်' ဟု ဆိုသည်။

ဤဖွင့်ဆိုချက်တွင် သွေဖည်ငြင်းဆိုသူများ၏ ဆန့်ကျင်ခြင်းအပေါ် သတိသံဝေဂတရားနှင့် အထောက်အထားများလည်း ပါရှိပေသည်။ ထို့နောက် 'မအ်ရိဖသ်'နှင့် 'သောင်ဟီးဒ်'တရားများ၏ အခြေခံဖြစ်သော အလ္လာဟ်အသျှင်မြတ်၏ ထူးမြတ်သည့် ကျေးဇူးတော်များနှင့် ပြည့်စုံကုံလုံသည့် တန်ခိုးတော်များကိုလည်း ပေါ်လွင်ထင်ရှားစေသည်။ နောက်ဆက်တွဲလာရှိသည့်

وَجعلنا من الماء كل شئ حيّ

ဟူသည့် အာယသ်တော်နှင့် အဓိပ္ပာယ်အား ဖြင့် ဆက်စပ်မှုရှိသည်။ ဗဟာရ်ရေမိုဟီးသ်ကျမ်းတွင်လည်း ဤသင်ကိုပင် တင်ပြထားသည်။ ကုရ်သုဗီက ဤသည်ကို တင်ပြရာတွင် အက်ရမဟ်၏ အဆိုကိုလည်း အတည်ပြုလျက် မိန့်သည်မှာ အခြားအာယသ်တော်တစ်ပါးတွင်လည်း ဤအဓိပ္ပာယ်ကို ထောက်ခံထားသည်။ ယင်းအာယသ်တော်မှာ

وَالسَّمَاءِ ذَا تِ الرجع والارض ذات الصدع

ဖြစ်ပြီး သွဗ်ရီသခင်ကလည်း ဤသဖ်စီးရ်ကိုပင် ရွေးချယ်ခဲ့သည်။

وَجَعَلْنَا مِنَ الْمَاءِ كُلَّ شَيْءٍ حَيٍّ

အလိုသဘောမှာ သက်ရှိသတ္တဝါဟူသရွေ့တို့၏ ဖန်ဆင်းမှုတွင် မုချအမှန် ရေပါဝင်သည်။ သက်ရှိသတ္တဝါနှင့် ဝိညာဉ်ရှိသည့် အရာများသည် ဆန်းစစ်လေ့လာသူ သုတေသီများထံတွင် လူနှင့် တိရစ္ဆာန်များသာ မဟုတ်ဘဲ သစ်ပင်များနှင့် ကျောက်စိုင်ကျောက်ခဲများသည်လည်း ဝိညာဉ်နှင့် အသက်ဇီဝိန်ရှိကြောင်း

အတည်ပြု မိန့်ဆိုကြသည်။ သို့ရှိရာ ရေသည် ထိုအရာအားလုံးကို ဖန်ဆင်းရာ၌လည်းကောင်း၊ ၎င်းအရာအားလုံးတို့၏ တိုးတက်ရှင်သန်နိုင်ရန်လည်းကောင်း အကြီးမားဆုံးနေရာမှ ပါဝင်ကြောင်း ထင်ရှားပေသည်။

အိမ်နေကစီးရ်သည် အေမာမ်၏ စနဒ်ဖြင့် ဟဇရသ်အဘူဟူရိုင်ရာဟ် ﷺ ၏ ဆင့်ပြန်ချက်ကို ဆင့်ပြန်ခဲ့သည်မှာ ဟဇရသ်အဘူဟူရိုင်ရာဟ် ﷺ က ကျွန်ုပ်သည် ကိုယ်တော်မြတ် ﷺ အား 'အို့၊ တမန်တော်မြတ်၊ ကျွန်တော်မျိုးသည် ကိုယ်တော်မြတ် ﷺ အား ဖူးတွေ့လိုက်ရပါလျှင် ကျွန်တော်မျိုး၏ စိတ်နှလုံးသားတွင် အလွန်ပျော်ရွှင်ချမ်းမြေ့လျက် မျက်လုံးများ၌ အေးမြမှု ဖြစ်ရပါသည်။ ကျွန်တော်မျိုးအား အရာအားလုံးနှင့် စပ်လျဉ်း၍ မိန့်ကြားတော်မူပါ' ဟု ပြောကြားရာ ကိုယ်တော်မြတ် ﷺ က 'အရာဟူသမျှတို့သည် ရေဖြင့် ဖန်ဆင်းခြင်းခံရသည်ဟု မိန့်တော်မူလေသည်။ ထိုအခါ ဟဇရသ်အဘူဟူရိုင်ရာဟ် ﷺ က 'ကျွန်တော်မျိုးအား 'ဂျန္နသ်'သို့ ရောက်ရှိစေမည့် ကျင့်စဉ်ကို ညွှန်ပြတော်မူပါ'ဟု လျှောက်ထားရာ ကိုယ်တော်မြတ် ﷺ က

افش السلام واطعم الطعام وصل الارحام وقم بالليل

الناس نيام ثم ادخل الجّنة بسلام

စလာမ်များမြောင်စွာ ပေးပါ။ (မသိသူပင်ဖြစ်စေ၊ စလာမ်ပေးရမည်ဟု ဆိုလိုသည်။) အစားအစာ (ထမင်း) ကျွေးမွေးခြင်းပြုပါ။ (ဤအချက်တွင်လည်း ကာဖိရ်ပင်ဖြစ်စေ၊ ဖာစိက်ပင်ဖြစ်စေ၊ ကန့်သတ်ချက်မရှိ။ လူတိုင်းကို ကျွေးမွေးခြင်းဖြင့် စဝါးဗ်ရမည်သာ ဖြစ်သည်ဟု ဆိုလိုသည်။) ဆွေမျိုးသားချင်းများနှင့် အဆက်အသွယ်ပြုလုပ်ပါ။ ညဉ့်အချိန်တွင် လူအများ အိပ်စက်သည့်အခါ 'သဟဂျ်ဂျုဒ်နမာဇ်' ဖတ်ပါ။ သို့ရှိရာ 'ဂျန္နသ်'သို့ အေးချမ်းစွာ ဝင်ရောက်ရပေလိမ့်မည်'ဟု မိန့်ကြားတော်မူပေသည်။

وَجَعَلْنَا فِى الْاَرْضِ رَوَاسِىَ اَنْ تَمِيْدَ بِهِمْ

مَيْد ဟူသည့် စာလုံးသည် အာရဗီဘာသာတွင် 'မတည်မငြိမ်၊ လှုပ်ယမ်းမှု'ကို ခေါ်ဆိုသည်။ အာယသ် တော်၏ အလိုသဘောမှာ 'အလ္လာဟ်အသျှင်မြတ်သည် ကမ္ဘာမြေပထဝီအား အလေးချိန်ညီမျှ၍ တည်ငြိမ်မှု ရှိစေရန် တောင်များကို တည်စေတော်မူခဲ့ခြင်း ဖြစ်သည်။ သို့မှသာ မတည်မငြိမ်၊ လှုပ်ယမ်းမှု ဖြစ်ခြင်း မရှိနိုင်ပေ။ ထိုသို့သာဖြစ်လျှင် ကမ္ဘာမြေပထဝီ၌ မှီတင်းနေထိုင်သူများ ဒုက္ခရောက်ကြပေလိမ့်မည်။ သိပ္ပံပညာရှင်များက တောင်များ၏ အလေးချိန်သည် ကမ္ဘာမြေပထဝီအား တည်ငြိမ်မှုရှိရာ၌ အကျိုးဝင်သည်'ဟု ဆိုကြသည်။

كُلٌّ فِى فَلَكٍ يَسْبَحُوْنَ

فَلَك ၏ မူရင်းအဓိပ္ပာယ်မှာ လုံးဝန်းသော၊ ဝိုင်းသော အရာဟူသရွေ့ကို ခေါ်ဆိုသည်။ ထို့ကြောင့် ယစ်ဘီး၌ တွဲလျက်ရှိသည့် သားရေအဝိုင်းကို فلكة المغزل ဟု ခေါ်ဆိုခြင်းဖြစ်သည်။ *[ရှုဟ်]*

ထို့ကြောင့်လည်း မိုးကောင်းကင်ကို **فلك** ဟု ခေါ်ဆိုခြင်းဖြစ်သည်။ ဤနေရာ၌ နေနှင့် လတို့သည် ၄င်းတို့ လှုပ်ရှားလည်ပတ်ရာ လမ်းကြောင်းများအပေါ်၌ တည်ရှိနေခြင်းကို ဆိုလိုသည်။ ကုရ်အာန်၏ စာလုံးများ တွင် ဤဂြိုဟ်နက္ခတ်လမ်းကြောင်းများသည် မိုးကောင်းကင်အတွင်း၌ပင် ရှိသလော။ (သို့) မိုးကောင်းကင်၏ ပြင်ပ၌ရှိသလော ဆိုသည့်အကြောင်း ရှင်းလင်းစွာ ဖော်ပြထားခြင်း မရှိချေ။

မျက်မှောက်ခေတ် လေဟာနယ်စူးစမ်း သုတေသနပြုချက်များအရ ထိုဂြိုဟ်နက္ခ လည်ပတ်ရာ လမ်းကြောင်းများသည် မိုးကောင်းကင်နှင့် အလွန်နိမ့်သော အပိုင်း၏ လေဟာနယ်အတွင်း၌ဖြစ်ကြောင်း သိရှိရသည်။

ဤအာယသတော်၏ ပေါ်လွင်မှုအဓိပ္ပာယ်အားဖြင့် နေသည်လည်း ပတ်လမ်းတစ်ခုအပေါ်တွင် တည်ရှိ လည်ပတ်နေကြောင်း သိရှိရပေသည်။ မျက်မှောက်ခေတ်သိပ္ပံပညာရှင်များသည် ကနဦးက ထိုအချက်ကို ငြင်းဆိုခဲ့ကြသည်။ ယခုမူ ၄င်းတို့သည်လည်း အဆိုပါအတိုင်းပင် လက်ခံပြောဆိုလျက် ရှိကြသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَمَا جَعَلْنَا لِبَشَرٍ مِّن قَبْلِكَ الْخُلْدَ ۖ أَفَإِن مِّتَّ فَهُمُ الْخَالِدُونَ ﴿٣٤﴾

၂၁ : ၃၄။ ။ (အို၊ နဗီတမန်တော်) စင်စစ် ငါအသျှင်မြတ်သည် အသင့်အလျင်၊ ရှေးလွန်လေပြီးသော ကာလ၌ မည်သည့်လူသားတစ်ဦးတစ်ယောက်၌မျှပင် အမြဲထာဝရ တည်ရှိနေခြင်း (သေခြင်းကင်းမဲ့မှု) ကို ပြုလုပ်တော်မမူခဲ့ပေ။ သို့ဖြစ်ပေရာ အကယ်၍ အသင်သည် သေဆုံးကွယ်လွန်ခဲ့ပါလျှင်၊ ၄င်းတို့သည် အစဉ်ထာဝရ (ရှင်) နေကြရမည့်သူများ ဖြစ်ကြလေသလော။

كُلُّ نَفْسٍ ذَائِقَةُ الْمَوْتِ ۗ وَنَبْلُوكُم بِالشَّرِّ وَالْخَيْرِ فِتْنَةً ۖ وَإِلَيْنَا تُرْجَعُونَ ﴿٣٥﴾

၂၁ : ၃၅။ ။ သက်ရှိသတ္တဝါတို့သည် သေခြင်းတရား (၏ အရသာ) ကို မြည်းစမ်းစေရမည့်သူများ ဖြစ်ကြကုန်၏။ စင်စစ် ငါအသျှင်မြတ်သည် အသင်တို့အား ဆိုးရွားသော အခြေအနေဖြင့်လည်းကောင်း၊ ကောင်းမွန်သော အခြေအနေဖြင့်လည်း ကောင်း (ကောင်းစွာ) စမ်းသပ်တော်မူ၏။ ၄င်းပြင် ငါအသျှင်မြတ်၏ ထံတော်သို့ပင် အသင်တို့သည် ပြန်လည် ရောက်ရှိစေ ခြင်းကို ခံကြရပေမည်။

وَإِذَا رَآكَ الَّذِينَ كَفَرُوا إِن يَتَّخِذُونَكَ إِلَّا هُزُوًا أَهَٰذَا الَّذِي يَذْكُرُ آلِهَتَكُمْ وَهُم بِذِكْرِ الرَّحْمَٰنِ هُمْ كَافِرُونَ ﴿٣٦﴾

၂၁ : ၃၆။ ။ ၄င်းပြင် ကာဖိရ်သွေဖည်ငြင်းပယ်သော သူတို့သည် အသင့်အား တွေ့မြင်ကြသောအခါ ပြက်ရယ်ပြောင် လှောင်သမှု ပြုလုပ်ကြကုန်၏။ (၄င်းတို့က) 'အသင်တို့၏ ကိုးကွယ်ရာဘုရားများကို (ကဲ့ရဲ့) ပြောဆိုသူသည် ဤသူပင်လော'

(ဟု အချင်းချင်း ပြောဆိုကြကုန်၏။) စင်စစ် ၎င်းတို့သည် 'ရဟ်မာန်း' အနန္တကရုဏာတော်ရှင်၏ (အကြောင်း) နှင့် ပတ်သက်၍ ပြောဆို (တသ) ခြင်းကို လက်မခံ ငြင်းပယ်ကြသူများ ဖြစ်ကြကုန်၏။

خُلِقَ الْإِنسَانُ مِنْ عَجَلٍ سَأُورِيكُمْ آيَاتِي فَلَا تَسْتَعْجِلُونِ ﴿٣٧﴾

၂၁ : ၃၇ ။ ။ လူသားသည် အလျင်လိုမှုဖြင့် (လောကြီးတတ်သူအဖြစ်) ဖန်ဆင်းခြင်း ခံခဲ့ရလေသည်။ မကြာမီပင် ငါအသျှင်မြတ်သည် မိမိ၏ သက်သေလက္ခဏာတော်များကို အသင်တို့အား ပြသတော်မူမည် ဖြစ်ပေသည်။ သို့ဖြစ်ပေရာ အသင်တို့သည် ငါအသျှင်မြတ်ထံတော်တွင် အလျင်စလို တောင်းခံခြင်းကို မပြုကြကုန်လင့်။

وَيَقُولُونَ مَتَىٰ هَٰذَا الْوَعْدُ إِن كُنتُمْ صَادِقِينَ ﴿٣٨﴾

၂၁ : ၃၈ ။ ။ ထို့ပြင် ၎င်း (ကာဖိရ်) တို့က 'အကယ်၍ အသင်တို့သည် မှန်ကန်စွာ ပြောဆိုသူ သစ္စာဝါဒီများ ဖြစ်ကြပါလျှင်၊ ယင်းချိန်းဆိုချက် ကတိတော်သည် မည်သည့်အချိန်အခါ၌ (လက်တွေ့ ဖြစ်မြောက်) ပြည့်စုံပါမည်နည်း' ဟု ပြောဆိုကြကုန်၏။

لَوْ يَعْلَمُ الَّذِينَ كَفَرُوا حِينَ لَا يَكُفُّونَ عَن وُجُوهِهِمُ النَّارَ وَلَا
عَن ظُهُورِهِمْ وَلَا هُمْ يُنصَرُونَ ﴿٣٩﴾

၂၁ : ၃၉ ။ ။ အကယ်၍သာ ဤကာဖိရ်သွေဖည်ငြင်းပယ်သောသူတို့သည် အကြင်အချိန်အခါကို သိကြပါမူ (ယင်းကဲ့သို့ ပြောဆိုကြမည် မဟုတ်ပေ။) ထိုအချိန်အခါတွင် ယင်းသူတို့သည် မိမိတို့၏ မျက်နှာများမှလည်းကောင်း၊ မိမိတို့၏ ကျောကုန်းများမှလည်းကောင်း ငရဲမီးကို တွန်းလှန်တားဆီး ဖယ်ရှားနိုင်ကြမည် မဟုတ်ပေ။ ထို့ပြင် ၎င်းတို့သည် (မည်သည့်) အကူအညီကို (မျှ) လည်း ရရှိကြမည်မဟုတ်ပေ။

بَلْ تَأْتِيهِم بَغْتَةً
فَتَبْهَتُهُمْ فَلَا يَسْتَطِيعُونَ رَدَّهَا وَلَا هُمْ يُنظَرُونَ ﴿٤٠﴾

၂၁ : ၄၀ ။ ။ စင်စစ် ယင်း (မီး) ဘေးအန္တရာယ်သည် ၎င်းတို့အပေါ်၌ ရုတ်တရက်ပင် သက်ရောက်လာပေမည်။ ထိုအခါ ယင်း (မီး) ဘေးအန္တရာယ်သည် ၎င်းတို့အား သတိချွတ်ယွင်း တွေဝေမိန်းမောသွားစေမည် ဖြစ်သည့်အပြင်၊ ၎င်းတို့သည် ထို (မီး) ဘေးအန္တရာယ်ကို တွန်းလှန်နိုင်ကြမည်လည်း မဟုတ်ပေ။ ထို့ပြင် ရွှေ့ဆိုင်းခြင်းကိုလည်း ခံကြရမည် မဟုတ်ပေ။

وَلَقَدِ اسْتُهْزِئَ بِرُسُلٍ مِّنْ قَبْلِكَ فَحَاقَ بِالَّذِيْنَ سَخِرُوْا
مِنْهُمْ مَّا كَانُوْا بِهٖ يَسْتَهْزِءُوْنَ ﴿٤١﴾

၂၁ : ၄၁ ။ ။ (အို၊ နဗီတမန်တော်) ကေန်မလွဲ အသင့်အလျှင် ရှေးအတိတ်ကျော်ကာလ၌လည်း ရစူလ်တမန်တော်များ
သည် ပြက်ရယ်သမှု ပြောဆိုခြင်းကို ခံခဲ့ကြရလေ၏။ သို့ရာတွင် ၄င်းရစူလ်တမန်တော်တို့အား ပြက်ရယ်သမှု ပြောဆိုကြသော
သူတို့အပေါ်၌ ၄င်းတို့ ပြက်ရယ်သမှု ပြောဆိုခြင်း၏ ပြစ်ဒဏ်သည် ဝန်းဝိုင်းခဲ့လေသည်။

قُلْ مَنْ يَّكْلَؤُكُمْ بِالَّيْلِ
وَالنَّهَارِ مِنَ الرَّحْمٰنِ ؕ بَلْ هُمْ عَنْ ذِكْرِ رَبِّهِمْ مُّعْرِضُوْنَ ﴿٤٢﴾

၂၁ : ၄၂ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် (၄င်းတို့အား၊ ဤသို့) ပြောကြားပါလေ။ (အချင်းတို့) 'အသင်တို့
အား ညဉ့်၌လည်းကောင်း၊ နေ့၌လည်းကောင်း၊ 'ရဟ်မာန်' အနန္တကရုဏာတော်ရှင် (၏ ပြစ်ဒဏ်) မှ မည်သူသည် ကာကွယ်
စောင့်ရှောက်၍ထားပါသနည်း။ စင်စစ်မှာ ၄င်းတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ကို အောက်မေ့
တသ သတိရခြင်းမှ မျက်နှာလွှဲ၍ နေသူများပင် ဖြစ်ကြကုန်၏။'

اَمْ لَهُمْ اٰلِهَةٌ تَمْنَعُهُمْ مِّنْ دُوْنِنَا ؕ لَا يَسْتَطِيْعُوْنَ نَصْرَ
اَنْفُسِهِمْ وَلَا هُمْ مِّنَّا يُصْحَبُوْنَ ﴿٤٣﴾

၂၁ : ၄၃ ။ ။ ၄င်းတို့၌ ငါအသျှင်မြတ်အပြင် မိမိတို့အား ကာကွယ်စောင့်ရှောက်မည့် ကိုးကွယ်ရာများ ရှိကြလေသလော။
စင်စစ် (၄င်းတို့၏) ထိုကိုးကွယ်ရာများသည် မိမိတို့ကိုယ်တိုင်ပင် ကူညီရန် တတ်စွမ်းနိုင်ကြသည် မဟုတ်ပေ။ ထိုနည်းတူစွာ
၄င်းတို့သည် ငါအသျှင်မြတ်၏ (ပြစ်ဒဏ်) မှ ကာကွယ်စောင့်ရှောက်ခြင်းကို ခံကြရမည်လည်း မဟုတ်ပေ။

بَلْ مَتَّعْنَا هٰٓؤُلَآءِ وَ
اٰبَآءَهُمْ حَتّٰى طَالَ عَلَيْهِمُ الْعُمُرُ ؕ اَفَلَا يَرَوْنَ اَنَّا نَاْتِى
الْاَرْضَ نَنْقُصُهَا مِنْ اَطْرَافِهَا ؕ اَفَهُمُ الْغٰلِبُوْنَ ﴿٤٤﴾

၂၁ : ၄၄ ။ ။ အမှန်စင်စစ် ငါအသျှင်မြတ်သည် ၄င်းတို့နှင့် ၄င်းတို့၏ အဘ၊ ဘိုး၊ ဘေးတို့အား (လောကီစည်းစိမ်
များကို ချီးမြှင့်ပေးသနားတော်မူခြင်းအားဖြင့်) အသက်တာရှည်သွားသည့်အထိ စံစားစေတော်မူခဲ့၏။ ငါအသျှင်မြတ်သည်
(မက္ကာဟ်မြို့၏) မြေကို ပတ်ဝန်းကျင်များမှ (တစ်ဖြည်းဖြည်း) ယုတ်လျော့ (ကျဉ်းမြောင်း) အောင် ပြုလုပ်လာတော်မူသည်

ကို ၎င်း (ကာဖိရ်) တို့သည် မမြင်ကြလေသလော။ သို့ဖြစ်ပေရာ ၎င်းတို့သည် (လွှမ်းမိုး) အောင်မြင်သောသူများ ဖြစ်ကြမည်လော။

(အာရပ်နိုင်ငံတွင် အစ္စလာမ်သည် တစ်ဖြည်းဖြည်း တိုးတက်ပြန့်ပွား ထွန်းကား၍ နယ်နိမိတ် ကြီးမားလာခဲ့သည်နှင့်အမျှ ကာဖိရ်တို့၏ အရှိန်အဝါများသည် ပျက်စီးမှေးမှိန်၍ လာပြီး နယ်နိမိတ်သည်လည်း ကျဉ်းမြောင်းလာခဲ့ရချေသည်။)

قُلْ إِنَّمَآ أُنذِرُكُم بِٱلْوَحْىِ ۚ وَلَا يَسْمَعُ ٱلصُّمُّ ٱلدُّعَآءَ إِذَا مَا يُنذَرُونَ ﴿٤٥﴾

၂၁ : ၄၅ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား၊ ဤသို့) ပြောကြားပါလေ။ (အချင်းတို့) 'ငါသည် အသင်တို့အား 'ဝဟီ' အမိန့်တော်ဖြင့် သတိပေးနှိုးဆော်ခြင်းသာ ဖြစ်သည်။ သို့ရာတွင် နားပင်းသူတို့မှာမူ၊ သတိပေးနှိုးဆော်ခြင်း ခံကြရသောအခါ ဟစ်ခေါ်ခြင်းကိုပင် ကြားကြသည်မဟုတ်ပေ။'

وَلَئِن مَّسَّتْهُمْ نَفْحَةٌ مِّنْ عَذَابِ رَبِّكَ لَيَقُولُنَّ يَٰوَيْلَنَآ إِنَّا كُنَّا ظَٰلِمِينَ ﴿٤٦﴾

၂၁ : ၄၆ ။ ။ ထို့ပြင် စင်စစ် အကယ်၍သာ ၎င်းတို့၌ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ အပြစ်ဒဏ်သည် အငွေ့မျှပင် သက်ရောက်ထိပါးခဲ့ပါမူ၊ အမှန်ပင် ၎င်းတို့က 'ဩော်- ကျွန်ုပ်တို့ ဖြစ်မှုဖြစ်ရလေခြင်း။ ကျွန်ုပ်တို့သည်သာလျှင် မတရားမှုကို ကျူးလွန်သော သူများ ဖြစ်ကြသည်' ဟု (ညည်းညူမြည်တမ်း) ပြောဆိုကြပေမည်။

وَنَضَعُ ٱلْمَوَٰزِينَ ٱلْقِسْطَ لِيَوْمِ ٱلْقِيَٰمَةِ فَلَا تُظْلَمُ نَفْسٌ شَيْـًٔا ۖ وَإِن كَانَ مِثْقَالَ حَبَّةٍ مِّنْ خَرْدَلٍ أَتَيْنَا بِهَا ۗ وَكَفَىٰ بِنَا حَٰسِبِينَ ﴿٤٧﴾

၂၁ : ၄၇ ။ ။ စင်စစ် ငါအသျှင်မြတ်သည် 'ကေယာမသ်' ရှင်ပြန်ထရမည့်နေ့တွင် တရားမျှတမှု၏ ချိန်ခွင်များကို ထားရှိတော်မူမည်။ သို့ဖြစ်ပေရာ မည်သူတစ်ဦးတစ်ယောက်မျှ အနည်းငယ် စိုးစဉ်းမျှပင် မတရားသဖြင့် နှိပ်စက်ခြင်းကို ခံရမည် မဟုတ်ပေ။ ထို့ပြင် အကယ်၍ (တစ်ဦးတစ်ယောက်၌) မုန်ညင်းစေ့၊ တစ်စေ့မျှ အလေးချိန် (ရှိသော ပြုမူဆောင်ရွက်မှု) ရှိသော်ငြားလည်း၊ ငါအသျှင်မြတ်သည် ယင်း (ပြုကျင့်မှု) ကိုပင် (ရှေ့တော်မှောက်သို့) အသင့် ရောက်ရှိစေတော်မူမည်သာ ဖြစ်သည်။ စင်စစ် ငါအသျှင်မြတ်သည်ပင် စစ်ဆေးတော်မူသော အသျှင်မြတ်အဖြစ် လုံလောက်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့နောက် (အသင်၏ သေဆုံးကွယ်လွန်ခြင်းအပေါ် ထိုသူများသည် ပျော်ရွှင်လျက် ရှိနေကြသည်။ ယင်းနှင့် စပ်လျဉ်း၍ အလ္လာဟ်အသျှင်မြတ်က

فتربص به ر يب المنون

ဟု မိန့်တော်မူထားပေသည်။

အသင်၏ ဤသေဆုံးမှုသည်လည်း နဗီဖြစ်ခြင်းကို တားဆီးသည့်အရာ မဟုတ်ပါချေ။ အကြောင်းမှာ အို၊ နဗီတမန်တော်) ငါအသျှင်မြတ်သည် အသင်၏အလျင် ရှေးကာလတွင် မည်သည့်လူသားတစ်ဦးကိုမျှ (နဗီ ဖြစ်စေ၊ နဗီမဟုတ်သူဖြစ်စေ လောကတွင်) အမြဲထာဝရနေရသူ (မသေဆုံးသူ) ဟူ၍ ပြုတော်မူခြင်း မရှိခဲ့ပေ။ (အလ္လာဟ်အသျှင်မြတ်၏ မိန့်ကြားချက် وَمَاكَانُوا خٰلِدِيْنَ တွင် သို့ရှိရာ အသင်၏အလျင် ရှေးနဗီများသည်လည်း သေခြင်းတရား ဆိုက်ရောက်လာပြီး ထိုသို့ ဖြစ်သည့်အတွက် ၎င်းတို့၏ နဗီဖြစ်ခြင်းတွင် မည်သူမျှ သံသယ မဖြစ်ခဲ့ကြပါ။ အလားတူ အသင်၏ ကွယ်လွန်သေဆုံးခြင်းအပေါ် အသင်၏ နဗီဖြစ်ခြင်းကို မည်သည့်သံသယမျှ ဖြစ်စရာ မရှိနိုင်ပေ။ အချုပ်ဆိုရသော် နဗီဖြစ်ခြင်းနှင့် သေခြင်းတရား နှစ်ခုစလုံးသည် လူတစ်ဦးတွင် ဒွန်တွဲလျက်ရှိခြင်း ဖြစ်နိုင်ပေသည်။) တစ်ဖန် အကယ်၍ အသင်သည် ကွယ်လွန်သေဆုံးခြင်း ဖြစ်မည်ဆိုလျှင် ထိုသူတို့သည် (လောက) အစဉ်ထာဝရ နေကြရသူများ ဖြစ်ပါသလော။ နောက်ဆုံးတွင် ၎င်းတို့သည်လည်း သေဆုံးကြရပေမည်ဖြစ်ရာ အဘယ်ကြောင့် ပျော်ရွှင်နေကြပါသနည်း။ ဆိုလိုသည်မှာ အသင်၏ ကွယ်လွန်ခြင်းအပေါ် ၎င်းတို့၏ ပျော်ရွှင်မှုသည် အကယ်၍ 'နဗူဝသ်' ချုပ်ငြိမ်းပျက်စီးခြင်းဟုယူဆကြပါလျှင် ၎င်း၏အဖြေမှာ وَمَاجَعَلْنَا لِبَشَرٍ ဟူသည့် အာယသ်တော်ဖြစ်သည်။ အကယ်၍ လူပုဂ္ဂိုလ်အပေါ် အညိုးဖွဲ့ ရန်လိုခြင်းကြောင့် ဖြစ်လျှင် ၎င်း၏ အဖြေမှာ اَفَاۡئِنْ مِّتَّ ဟူသည့် အာယသ်တော်ပင် ဖြစ်သည်။

အချုပ်မှာ ၎င်းတို့၏ ဤစောင့်ဆိုင်းမှုသည် အခြေအနေတိုင်း၌ အကျိုးမဲ့သာ ဖြစ်ပေသည်။ သေခြင်းတရားဆိုသည်မှာ အသင်တို့အတွင်းဝယ်) သက်ရှိ သတ္တဝါတိုင်းသည် မရဏသေခြင်းတရား (၏ အရသာ) ကို မြည်းစမ်းရပေမည်။ (စင်စစ် ငါအသျှင်မြတ်သည် အသင်တို့အား အနည်းငယ်သော ကာလအတွက် သက်တမ်းပေးထားခြင်းဖြစ်သည်။ အဓိကရည်ရွယ်ချက်မှာ) ငါအသျှင်မြတ်သည် အသင်တို့အား ဆိုးရွားသည့် အခြေအနေဖြင့်လည်းကောင်း၊ ကောင်းသော အခြေအနေဖြင့်လည်းကောင်း စမ်းသပ်တော်မူရန် ဖြစ်သည်။ (ဆိုးရွားသည့် အခြေအနေဆိုသည်မှာ ရောဂါဖြစ်ခြင်းနှင့် ဆင်းရဲချို့တဲ့ခြင်း စသော စိတ်နှင့် ဆန့်ကျင်သည်များ ဖြစ်ပြီး၊ ကောင်းသော အခြေအနေဆိုသည်မှာ ကျန်းမာခြင်းနှင့် လိုလားတောင့်တမှုကင်း၍ ချမ်းသာကြွယ်ဝ ပြည့်စုံခြင်း စသည့် စိတ်နှင့် ကိုက်ညီသည်များ ဖြစ်သည်။ ဘဝသက်တမ်းတွင် ဤမည်သော အခြေအနေများသည် ပုံစံအမျိုးမျိုးဖြင့် တွေ့ကြုံရတတ်သည်။ ၎င်းတို့အနက် အချို့တို့သည် အီမာန်နှင့်

အမိန့်နာခံမှုတို့၏ အောက်၌ ရှိပြီး အချို့တို့မှာ ကုဖွ်ရ်နှင့် သွေဖည်ငြင်းဆန်၊ မနာခံမှုများ၏ အောက်၌ ရှိကြသည်။ ဤဘဝသက်တမ်းကို ပေးထားရသည်မှာ မည်သို့သော 'အမလ်' ကျင့်စဉ်များ ပြုကျင့်မည်ကို ကြည့်ရှုရန်ဖြစ်သည်။)

ထို့နောက် (ထိုဘဝသက်တမ်း ကုန်ဆုံးသည့်အပေါ်) ငါအသျှင်မြတ်ထံတော်သို့ပင် အသင်တို့ ပြန်လည် ရောက်ရှိကြရပေမည်။ (ထို့နောက် လူတိုင်းလူတိုင်းကို ၎င်းတို့၏ ကျင့်စဉ်များနှင့်အညီ ကောင်းကျိုး၊ ဆိုးကျိုး အစားပေးပေမည်။ အဓိကအရေးပါသည့် ကိစ္စများမှာ သေဆုံးသည့်အချိန်နှင့် သေဆုံးပြီးသည်နှင့် ရင်ဆိုင်ရပေမည်။ ဘဝသက်တမ်းမှာမူ အခိုက်အတန့်သာ ဖြစ်သည်။ သို့တိုင်အောင်လည်း ထိုသူတို့သည် ဤဘဝသက်တမ်းအပေါ် မောက်မာနေကြသည်။ နဗီတမန်တော်၏ ကွယ်လွန်သေဆုံးခြင်း ဖြစ်မည့်အပေါ် ဘဝသက်တမ်း၌ တမလွန်အတွက် အသုံးဝင်မည့် အီမာန်နှင့် အမိန့်နာခံမှုများကို ရှာဖွေခြင်းကား မပြုကြပါချေ။ ထို့အပြင် အကောင်းအဆိုး စာရင်းကို ဘယ်ဘက်မှ ပေးခံရခြင်းနှင့် တမလွန်စခန်းများ၌ လှေးလံခက်ခဲခြင်းများကို ကြောက်ရွံ့ခြင်း မရှိကြပါချေ။) ထို့နောက် (ထိုသွေဖည်ငြင်းဆန်သူတို့၏ အခြေအနေမှာ) ထိုကာဖိရ်တို့သည် အသင့်အား တွေ့မြင်ကြသောအခါ ပြက်ရယ်ပြု လှောင်ပြောင်ကြ၏။ (ထို့နောက် အချင်းချင်း ပြောဆိုကြသည်မှာ) အသင်တို့၏ ကိုးကွယ်ရာများအား (မကောင်း) ပြောဆိုသူသည် ဤသူပင် ဖြစ်ပါသလော။ (သို့ရှိရာ ကိုယ်တော်မြတ် ﷺ အပေါ် 'ဗွဒ်' ရုပ်များအား ဆန့်ကျင်သည့်အတွက် စောဒကတက်ကြသည်။) ထို့ပြင် ၎င်းတို့ (ကိုယ်တိုင်) သည် 'ရဟ်မာန်' အနန္တ ကရုဏာတော်ရှင်နှင့် ပတ်သက်၍ ပြောဆိုခြင်းကို ငြင်းပယ်သူများပင် ဖြစ်ကြသည်။ (စောဒကတက်ရသည့် အဓိက အကြောင်းအရင်းမှာ) ၎င်းတို့သည် မိမိတို့၏ အခြေအနေအပေါ်၌ ကဲ့ရဲ့ ပြောင်လှောင်လိုကြခြင်းကြောင့် ဖြစ်သည်။ ၎င်းတို့၏ အခြေအနေမှာ ကုဖွ်ရ်ငြင်းဆန်ခြင်းအပေါ် အပြစ်အစားပေးမည့်အကြောင်း အထက်၌ တင်ပြခဲ့သည့်အတိုင်း إلينا ترجعون ကို ကြားသိကြရသောအခါ မိမိတို့၏ သွေဖည်ငြင်းဆိုခြင်းအပေါ် ဤအပြစ်ဒဏ် အမြန်ကျရောက်ပါစေဟူ၍ တောင်းဆိုကြခြင်းဖြစ်သည်။ လူသား၏ ပင်ကိုယ်ဇာတိ ဓလေ့မှာ လူသားသည် အလျင်လို လောဘကြီးတတ်သူအဖြစ် ဖန်ဆင်းခြင်းခံရသည်။ (ဆိုလိုသည်မှာ အလျင်လိုမှုနှင့် လောဘကြီးတတ်မှုတို့သည် ၎င်း၏ အစိတ်အပိုင်းတစ်ခုကဲ့သို့ ဖြစ်သည်။ ထို့ကြောင့် ၎င်းတို့သည် 'အဇားဗ်' အပြစ်ဒဏ်ကို အလျင်စလို တောင်းဆိုကြခြင်း ဖြစ်သည်။ ထိုသို့ တောင်းဆိုရာ၌ ကြန့်ကြာနေသည်ကို မဖြစ်နိုင်သော အထောက်အထားဟု မှတ်ယူကြသည်။ သို့ရာတွင် အို၊ ကာဖိရ်တို့၊ ဤသည် အသင်တို့၏ အမှားဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထို 'အဇားဗ်' ပေးမည့် အချိန်သည် သတ်မှတ်ထားပြီးဖြစ်သည်။ သို့ရှိရာ အနည်းငယ် သည်းခံစောင့်ဆိုင်းကြကုန်။)

ငါအသျှင်မြတ်သည် (ထိုအချိန် ရောက်ရှိလာသည့်အခါ) အသင်တို့အား မိမိ၏ သက်သေလက္ခဏာတော်များကို (ဘေးဗလာ အပြစ်ဒဏ်) ပြသတော်မူမည်။ သို့ရှိရာ အသင်တို့သည် ငါအသျှင်မြတ်ထံတော်မှ အလျင်စလို တောင်းခံခြင်း မပြုကြကုန်လင့်။ (အကြောင်းမှာ 'အဇားဗ်' အပြစ်ဒဏ်ဟူသည် အချိန်မရောက်မီ ကျရောက်ခြင်းမရှိ။ ထို့ပြင် အချိန်ရောက်လျှင် ဆိုင်းငံ့ခြင်း မရှိသောကြောင့်ပင် ဖြစ်သည်။) ထို့နောက်

ဤသူတို့သည် 'အဇားဗ်'အပြစ်ဒဏ်အား သတ်မှတ်ထားခြင်းဖြစ်သည်ဟူသော အကြောင်းကို ကြားသိရသောအခါ ရစူလ်တမန်တော်နှင့် မုအ်မင်န်များအား) ပြောကြားသည်မှာ ဤချိန်းဆိုချက် ကတိတော်သည် မည်သည့်အချိန် လက်တွေ့ဖြစ်မြောက်မည်နည်း။ အကယ်၍ အသင်တို့သည် ('အဇားဗ်' ကျရောက်မည်ဟူသော သတင်းပေးခြင်း၌) မှန်ကန်သူ သစ္စာဝါဒီများ ဖြစ်ကြပါလျှင် ('အဘယ်ကြောင့် ထို 'အဇားဗ်' သည် အလျင်အမြန် ကျရောက်လာခြင်း မရှိပါသနည်း'ဟု ပြောဆိုကြသည်။ အမှန်စင်စစ် ၎င်းတို့သည် မိမိတို့၏ အလေးမမူ၊ မဆင်ခြင်သော စကားများ ပြောဆိုကြခြင်းမှာ ထိုဒုက္ခများကို မသိရှိကြသောကြောင့် ဖြစ်သည်။) ၎င်းတို့အား လေးဘက်လေးရံမှ ငရဲမီးများ ဝိုင်းရံလျက်ရှိမည်။ ထိုသူများသည် အဆိုပါမီးကို မိမိတို့၏ ရှေ့နောက်မှ တားဆီးနိုင်ကြမည် မဟုတ်သကဲ့သို့ ၎င်းတို့ကို မည်သူမှလည်း ကူညီကြမည် မဟုတ်ပေ။ အကယ်၍သာ ဤ 'အဇားဗ်'အပြစ်ဒဏ်၏ ဒုက္ခကို ၎င်းတို့ သိရှိကြပါလျှင် လောက၌ပင် 'အဇားဗ်'အပြစ်ဒဏ် တောင်းဆိုခြင်းကို ပြုကြမည်မဟုတ်ပေ။ သို့ပါသော်လည်း ၎င်းတို့ တောင်းဆိုခြင်းသည့်အတိုင်း ငရဲ၏ အပြစ်ဒဏ်မှာ လုံးဝ ကျရောက်လာမည် မဟုတ်ပေ။) စင်စစ် ၎င်း 'အဇားဗ်' အပြစ်ဒဏ်သည် ၎င်းတို့အပေါ် ရုတ်တရက် ကျရောက်လာပြီး ၎င်းတို့ကို သတိလစ် မေ့မျော သွားစေမည်။ ထိုအခါ ၎င်းတို့သည် ထို 'အဇားဗ်'အပြစ်ဒဏ်ကို တွန်းလှန်နိုင်ကြမည်မဟုတ်ပေ။ ထို့ပြင် ၎င်းတို့အဖို့ ရွှေ့ဆိုင်းနိုင်ခွင့်လည်း ရရှိကြမည် မဟုတ်ပေ။ (အကယ်၍ ၎င်းတို့က ဤ'အဇားဗ်'အပြစ်ဒဏ်သည် 'အာခိရသ်'တမလွန်အတွက်ဟု ကတိပြုသတ်မှတ်ထားပြီး လောက၌ ကျရောက်ရန်မရှိဟု ဆိုလျှင် လောက၌ ထို 'အဇားဗ်'အပြစ်ဒဏ်နှင့် အလားတူ နမူနာပြသပါဟု ပြောဆိုလာကြပါလျှင် ၎င်းတို့အား အရေးတယူလုပ်၍ 'အဇားဗ်'အပြစ်ဒဏ်၏ နမူနာအကြောင်းကို သတင်းပေး ပြောကြားနိုင်ပေသည်။ ထိုအကြောင်းမှာ) အသင်၏အလျင် ပွင့်ပေါ်ခဲ့ပြီးသမျှသော နဗီတမန်တော်အပေါင်းတို့သည် (ကာဖိရ်တို့၏) ပျက်ရယ်ပြု ပြောင်လှောင်ခြင်းကို မုချ ခံခဲ့ကြရသည်။ ထိုသို့ ပျက်ရယ်ပြု လှောင်ပြောင်သူများအပေါ်သို့ ၎င်းတို့၏ ပျက်ရယ်ပြု လှောင်ပြောင်ခြင်းအပေါ် 'အဇားဗ်'အပြစ်ဒဏ် ကျရောက်ခဲ့သည်။ ၎င်းတို့၏ လှောင်ပြောင်မှုမှာ ('အဇားဗ်'အပြစ်ဒဏ် အဘယ်မှာနည်းဟု ဖြစ်သည်။ သို့ရှိရာ ကုဖွ်ရ်ပြုခြင်းသည် 'အဇားဗ်'အပြစ်ဒဏ်ထိုက်ကြောင်း သိရှိရပေသည်။ အကယ်၍ ဤ လောက၌ ကျရောက်ခြင်းမရှိပါလျှင် 'အာခိရသ်' တမလွန်၌မူ ကျရောက်ပေမည်။)

ထို့နောက် (အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား ဤသို့) ပြောကြားပါလေ။ (အသင်တို့အား လောက၌ ဤ 'အဇားဗ်'မှ ကင်းလွတ်နေသည်ဆိုလျှင် ဤသည် အသင်တို့အား အနန္တကရုဏာတော်ရှင်ကပင် စောင့်ရှောက်တော်မူခြင်း ဖြစ်သည်။ ထို့နောက် ဤသို့ စောင့်ရှောက်ခြင်းတွင်လည်း ထိုအသျှင်မြတ်၏ ကျေးဇူးတော်နှင့် ထိုအသျှင်မြတ်တစ်ပါးတည်း ရှိတော်မူကြောင်းကို ညွှန်းဆိုနေခြင်းပင်ဖြစ်သည်။ အကယ်၍ အသင်တို့သည် ဤသည်ကို လက်ခံခြင်းမရှိပါက အသင်တို့ ပြသပါ။) အသင်တို့ ညဉ့်၌လည်းကောင်း၊ နေ့၌ လည်းကောင်း 'ရဟ်မာန်'အနန္တကရုဏာတော်ရှင် (၏ ပြစ်ဒဏ်) မှ မည်သူက ကာကွယ်စောင့်ရှောက်ပါသနည်း။ (ထိုအကြောင်းအရာ၏ တောင်းဆိုချက်မှာ ၎င်းတို့အနေနှင့် 'သောင်ဟီးဒ်'

ကို ယုံကြည်သွားရမည် ဖြစ်သည်။ သို့သော် ယခုတိုင် လက်ခံခြင်းမရှိကြပါချေ။) ထိုမျှမက ၎င်းတို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင် (အစစ်အမှန်) အား အောက်မေ့တသ သတိရခြင်း (တစ်ပါးတည်းအသျှင်မြတ်အား လက်ခံခြင်း) မှ မျက်နှာလွှဲဖယ်နေသူများပင် ဖြစ်ကြသည်။ (သို့ရာတွင် ငါအသျှင်မြတ်သည် مَن يَكْلَؤُكُم ၏ အလိုသဘောကို ရှင်းလင်းရန် ပေါ်လွင်ထင်ရှားစွာ မေးမြန်းတော်မူသည်မှာ) ၎င်းတို့၌ ငါအသျှင်မြတ်အပြင် (ဖော်ပြပါ 'အဇာဗ်'များမှ) ကာကွယ်ပေးမည့် ကိုးကွယ်ရာများ ရှိကြပါသလော။ (စင်စစ် ထိုကိုးကွယ်ရာတို့၏ အခြေအနေမှာ မိမိတို့ကိုယ်တိုင်ပင် ကာကွယ်စောင့်ရှောက်နိုင်စွမ်း မရှိကြပါချေ။ ဥပမာ- ၎င်းတို့အား တစ်စုံတစ်ဦးက ချိုးဖွဲ့ဖျက်ဆီးခြင်းပြုပါလျှင် ခုခံကာကွယ်နိုင်စွမ်း မရှိပါချေ။ ထို့ကြောင့် အလ္လာဟ်အသျှင်မြတ်က

وَإِن يَسْلُبْهُمُ الذُّبَابُ

ဟူ၍ မိန့်ကြားထားခြင်း ဖြစ်သည်။ ထို့ကြောင့် ၎င်းတို့၏ ကိုးကွယ်ရာများက ၎င်းတို့အား ကာကွယ်စောင့်ရှောက်နိုင်စွမ်း မရှိပေ။) ထို့အပြင် ၎င်းတို့အဖို့ ငါအသျှင်မြတ်နှင့် ရင်ဆိုင်ရန်အတွက် မည်သူမျှ ကူညီစောင်မနိုင်ကြမည်မဟုတ်ပေ။ (ထို့ပြင် ၎င်းတို့သည် ထိုတိကျထင်ရှားသည့် သက်သေလက္ခဏာများ ရှိကြသည့်တိုင် အမှန်တရားကို လက်ခံခြင်း မပြုကြခြင်းမှာ ကြွေးကြော်မှုနှင့် အထောက်အထား သက်သေလက္ခဏာများ၌ တစ်စုံတစ်ရာ ချွတ်ယွင်း၍ မဟုတ်ပါချေ။) သို့သာမက (အဓိကအကြောင်းအရင်းမှာ) ငါအသျှင်မြတ်သည် ထိုသူတို့အားလည်းကောင်း၊ ထိုသူတို့၏ အဘနှင့် ဘိုး၊ ဘေးတို့အားလည်းကောင်း (လောကီ၏) စည်းစိမ်များကို ၎င်းတို့ အသက်ကြီးရင့်လာသည့် ကာလတစ်ခုတိုင် ချီးမြှင့်ပေးတော်မူခဲ့သည်။ (သားစဉ်မြေးဆက် ဘိုး၊ ဘေးများမှသည် ၎င်းတို့ထိတိုင် စည်းစိမ်ယစ်မူးလျက် ရှိခဲ့ကြသည်။ စားသောက်၍ မောက်မာမှုများ ပြုကြသည်။ သို့ရှိရာ ဤသည် ၎င်းတို့၏ မေ့လျော့မှု ချွတ်ယွင်းချက်သာ ဖြစ်ချေသည်။ သို့သော် ၎င်းတို့သည် သတိပေးနှိုးဆော်ချက်များ ရောက်ရှိလာသည့်တိုင် ရှုရီအသ်နှင့် လောကီရေးတို့၌ ဤမျှအထိ မေ့လျော့နေရန်ကား မသင့်ပါချေ။ သို့ရှိရာ သတိပေးနှိုးဆော်ချက် အမိန့်တစ်ခု ထုတ်ပြန်ခဲ့သည်မှာ) ငါအသျှင်မြတ်သည် ထိုသူတို့၏ မြေပထဝီကို (အစ္စလာမ်၏ အောင်မြင်မှုများနှင့်အတူ) လေးဘက်လေးတန်မှ ယုတ်လျော့ (ကျဉ်းမြောင်း) အောင် ပြုလုပ်လာတော်မူသည်ကို ၎င်းတို့ မမြင်ကြပါသလော။ သို့ရှိရာ ထိုသူတို့သည် (တမန်တော်မြတ် ﷺ နှင့် မုအ်မင်န်တို့အပေါ်) အောင်နိုင်ကြမည်ဟု (ထင်မြင်မှော်လင့်နေကြပါသလော။ အဘယ်ကြောင့်ဆိုသော် ဖြစ်လေ့ဖြစ်ထရှိသည့် အကြောင်းတရားအထောက်အထားများမှာ ထပ်တူထပ်မျှ ဖြစ်နေသောကြောင့်ပင် ဖြစ်သည်။ ၎င်းတို့၏ ရှုံးနိမ့်မှု၊ မုအ်မင်န်တို့၏ အောင်နိုင်မှုများ ရလျက်ရှိနေခြင်းမှာ မွတ်စ္စလင်မ်တို့သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်အား တသွေမတိမ်းနာခံလျက် မျက်နှာလွှဲဖယ်မှု မပြုခြင်း၊ အစ္စလာမ်အား ကူညီစောင်မခြင်းများကို လက်မလွှတ်ခြင်းတို့ကြောင့် ဖြစ်သည်။ သို့ရှိရာ ဤအမိန့်တော်၌ စဉ်းစားခြင်းသည်ပင် သတိပေးနှိုးဆော်ခြင်းဖြစ်ရန် လုံလောက်ပေသည်။ အကယ်၍ ဤအချက်အပေါ်၌လည်း မသိနားမလည်မှုဖြင့် 'အဇာဗ်' ချပေးရန် တောင်းဆိုမှုပြုပါလျှင်) အသင်သည် (၎င်းတို့အား ဤသို့) ပြောကြားပါလေ။ (အချင်းတို့)

ကျွန်ုပ်သည် အသင်တို့အား 'ဝဟီ'အမိန့်တော်အားဖြင့် သတိပေးနိုးဆော်ခြင်းသာ ဖြစ်ချေသည်။ ('အဇာဗ်' ကျရောက်ခြင်းမှာမူ ကျွန်ုပ်၏ ပြုနိုင်စွမ်းနှင့် မသက်ဆိုင်ပါချေ။)

ထို့နောက် (အမှန်တရားဘက်သို့ ဖိတ်ခေါ်သည့် ဤလမ်းစဉ်သည် လုံလောက်မှု ရှိပေသည်။ သို့ရာတွင်) ဤနားပင်းသူများသည်ကား (အမှန်တရားဘက်သို့ ဖိတ်ခေါ်ရန်အတွက် 'အဇာဗ်'အပြစ်ဒဏ်မှ) ခြောက်လှန့်သတိပေး နိုးဆော်ခြင်းခံကြရသောအခါ ဟစ်အော်ခြင်းကို ကြားကြခြင်း မရှိကြပါချေ။ (အမှန်တရား၏ ပေါ်လွင်ထင်ရှားခြင်းတို့ကို စဉ်းစားတွေးတောခြင်းပင် မပြုကြပါချေ။ ထိုမျှမက ၄င်းတို့သည် 'အဇာဗ်'ကိုသာ တောင်းဆိုနေကြပေသည်။) ထို့နောက် (၄င်းတို့၏ သတ္တိနှင့် စပ်လျဉ်းသော အခြေအနေမှာ) အကယ်၍ အသင်၏ အသျှင်မြတ်ဘက်မှ 'အဇာဗ်'အပြစ်ဒဏ်၏ အငွေ့မျှ ၄င်းတို့အပေါ် သက်ရောက်ခဲ့ပါလျှင် (၄င်းတို့၏ ရဲစွမ်းသတ္တိဟူသမျှ ပျောက်ကွယ်သွားကြပြီး) ၄င်းတို့က 'ဩော်- ဖြစ်ရလေခြင်း။ (ကျွန်ုပ်တို့၏ ရှေ့မှောက်သို့ ဤဆိုးရွားခြင်း မည်သို့ ရောက်ရှိလာပါသနည်း။) ဧကန်စင်စစ် ကျွန်ုပ်တို့သည်သာ မတရားမှုကို ကျူးလွန်သူများဖြစ်ကြသည်ဟု ပြောဆိုကြပေမည်။ (၄င်းတို့၏ 'အဇာဗ်'ကို တောင်းဆိုသည်အထိ သတ္တိရှိမှုနှင့် ၄င်းတို့၏ ဆိုးသွမ်းမှုများအပေါ် လောက၌ပင် ဆုံးဖြတ်စီရင်ရန် ထိုက်ပေသည်။ သို့သော် ငါအသျှင်မြတ်သည် ဉာဏ်အမြော်အမြင်များစွာတို့ဖြင့် လောက၌ အပြစ်ဒဏ်ပေးရန် လိုလားတော်မမူပေ။ 'အာခိရသ်' တမလွန်အတွက်သာ 'အဇာဗ်'အပြစ်ဒဏ်ကို သတ်မှတ်ထားတော်မူသည်။) ထို့နောက် ငါအသျှင်မြတ်သည် 'ကေယာမသ်'နေ့တွင် မျှတသည့် ချိန်ခွင်များ ထားရှိတော်မူမည်။ (လူခပ်သိမ်းတို့၏ 'အအ်မာလ်'အကောင်းအဆိုး ကျင့်စဉ်များကို ချိန်တွယ်တော်မူမည်။ သို့ရှိရာ မည်သူမျှ စိုးစဉ်းမျှ မတရားပြုခံရခြင်း ရှိမည်မဟုတ်ပေ။ (မတရားပြုခြင်း မခံရခြင်းဆိုသည်မှာ) အကယ်၍ (တစ်ဦးတစ်ယောက်၏ 'အမလ်'ကျင့်စဉ် တစ်စုံတစ်ရာသည်) နှမ်းစေ့မျှ အလေးချိန်ရှိပါလျှင်လည်း ငါအသျှင်မြတ်သည် ယင်းပြုကျင့်မှုကိုပင် ရှေ့တွင် ရောက်ရှိစေတော်မူမည်။ (ထို့နောက် ငါအသျှင်မြတ်သည် ဤပြုကျင့်မှုကိုလည်း ချိန်တွယ်တော်မူမည်။) စာရင်းစစ်ဆေးရန်အတွက် ငါအသျှင်မြတ်သည်ပင် လုံလောက်တော်မူပေသည်။ ('အအ်မာလ်'များအား ချိန်တွယ်ခြင်းနှင့် စာရင်းစစ်ဆေးခြင်းများကို ငါအသျှင်မြတ်က ပြုတော်မူပြီးသောအခါ မည်သူတစ်ဦးတစ်ယောက်ကမျှ ပြန်လည်စစ်ဆေးချိန်တွယ်ရန် လိုအပ်မည် မဟုတ်ပေ။ အလ္လာဟ်အသျှင်မြတ်၏ ချိန်တွယ် စစ်ဆေးမှုအပေါ်၌ပင် ဆုံးဖြတ်စီရင်မှု ဖြစ်ပေလိမ့်မည်။ သို့ရှိရာ ထို 'ကေယာမသ်'နေ့တွင် လူတို့၏ ဆိုးသွမ်းမှုများအတွက်လည်း ထိုက်တန်သည့် အပြစ်ပေးခြင်းများ ပြည့်ဝအောင် ပြုလုပ်တော်မူပေမည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

وَمَا جَعَلْنَا لِبَشَرٍ مِّنْ قَبْلِكَ الْخُلْدَ

ရှေ့လွန်ခဲ့သည့် အာယသ်တော်တွင် ဟဇရသ်မစီးဟ် عليه السلام အားလည်းကောင်း၊ (သို့) ဟဇရသ်အုဇိုင်ရ် عليه السلام စသည်တို့အားလည်းကောင်း အလ္လာဟ်အသျှင်မြတ်နှင့် တုဖက်နှိုင်းယှဉ်မှု ပြုခြင်း (သို့)

ဖရစ်ရှိသာဟ်များနှင့် မစီးဟ် عليه السلام အား အလ္လာဟ်အသျှင်မြတ်၏ သားသမီးများဖြစ်သည်ဟု စွပ်စွဲပြောဆိုကြသည့် ကာဖိရ်၊ မုရှိရစ်က်တို့၏ လမ်းမှားသည့် ကြွေးကြော်မှုများနှင့် မုရှိရစ်က်တို့၏ ယုံကြည်ချက် အယူဝါဒများကို မှားယွင်းပြီး လမ်းမှားရောက်မည့်အကြောင်း ချေဖျက်၍ မိန့်ဆိုထားသည်ဖြစ်ရာ ထိုမိန့်ဆိုချက်အပေါ် ကာဖိရ်များဘက်မှ မည်သည့်အဖြေမျှ မရှိနိုင်တော့ပေ။ ထိုအခြေအနေ၌ ကာဖိရ်တို့အတွက် အထောက်အထား အကိုးအကားများအရ ရှုံးနိမ့်ရသောအခါ ဒေါသအမျက်များ ထွက်ခဲ့ကြသည်။ ထို့ကြောင့် မက္ကာဟ်မြို့သား မုရှိရစ်က်များက ကုရ်အာန်၌ တင်ပြခဲ့သည့်

نَتَرَبَّصُ بِهِ رَيْبَ الْمَنُونِ

အာယသ်တော်အတိုင်း တမန်တော်မြတ် ﷺ အလျင်အမြန် သေဆုံးကွယ်လွန်ရန် မျှော်လင့်ဆန္ဒထားကြခြင်းဖြစ်သည်။ ဤအာယသ်တော်တွင် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ အကျိုးမဲ့သော မျှော်လင့်ချက်ဆန္ဒများအပေါ် အဖြေနှစ်ခုပေးထားတော်မူသည်။ ပထမအဖြေမှာ 'အကယ်၍ ငါအသျှင်မြတ် စေလွှတ်တော်မူသည့် ရစူလ်တမန်တော်သည် စောလျင်စွာ ကွယ်လွန်သေဆုံးသွားလျှင် အသင်တို့အတွက် မည်သည့် အကျိုး သက်ရောက်မည်နည်း။ အကယ်၍ အသင်တို့၏ ရည်ရွယ်ချက်မှာ ရစူလ်တမန်တော် ကွယ်လွန်သေဆုံးသွားသည့်အခါ ဤသူသည် နဗီ၊ ရစူလ်မဟုတ်ပါ။ အကယ်၍သာ နဗီရစူလ်ဖြစ်ပါလျှင် သေခြင်းတရားဆိုက်ရောက်မည်မဟုတ်ဟု လူတို့အား ပြောကြားလိုခြင်း ဖြစ်ပါလျှင် နဗီဖြစ်ကြောင်း၊ အသင်တို့ လက်ခံခဲ့သည့် နဗီတမန်တော်များသည် သေဆုံးကွယ်လွန်ခြင်း မရှိခဲ့ပါသလော။ ထိုနဗီတမန်တော်တို့၏ သေခြင်းတရားသည် ၎င်းတို့၏ 'နဗူဝသ်'နှင့် 'ရိစာလသ်'တို့နှင့် မည်သို့မျှ မသက်ဆိုင်ဟု ဆိုပါလျှင် ကိုယ်တော်မြတ် ﷺ ၏ ကွယ်လွန်သေဆုံးမှုအပေါ် ကိုယ်တော်မြတ် ﷺ ၏ 'နဗူဝသ်' နဗီဖြစ်ခြင်းအား ဆန့်ကျင်သည့် ဝါဒဖြန့်ခြင်းများ မည်ကဲ့သို့ ပြုနိုင်ပါဦးမည်နည်း။ အကယ်၍ အသင်တို့၏ ရည်ရွယ်ချက်မှာ ကိုယ်တော်မြတ် ﷺ အလျင်အမြန် ကွယ်လွန်ငြိမ်းသွားရန် ဖြစ်ပါလျှင် သေခြင်းတရား၏ လမ်းစဉ်သည် အသင်တို့၌လည်း ရှိသည်။ နောက်ဆုံး အသင်တို့သည်လည်း သေဆုံးကြပေမည်။ သို့ရှိရာ တစ်စုံတစ်ဦး သေဆုံးခြင်းအပေါ် ပျော်ရွှင်နေခြင်းမှာ မည်သို့ အဓိပ္ပာယ်ရှိပါမည်နည်း။

သေခြင်းတရားဟူသည်မှာ အဘယ်နည်း။

ထို့နောက် အသျှင်မြတ် မိန့်တော်မူသည်မှာ-

كُلُّ نَفْسٍ ذَائِقَةُ الْمَوْتِ

သက်ရှိသတ္တဝါ ခပ်သိမ်းတို့သည် သေခြင်းတရားကို မြည်းစမ်းရမည့်သူများပင် ဖြစ်သည်။

ဤနေရာ၌ သက်ရှိသတ္တဝါဟူသရွေ့ဆိုသည်မှာ မြေပထဝီမှ သက်ရှိသတ္တဝါများကို ဆိုလိုခြင်း ဖြစ်သည်။ ၎င်းတို့အားလုံးအဖို့ သေခြင်းတရား ဆိုက်ရောက်မည်မှာ ကေန်ပင် ဖြစ်သည်။ 'မလာအေ့ကာဟ်'

ကောင်းကင်တမန်များသည် ထိုသက်ရှိသတ္တဝါများ၌ မပါဝင်ပေ။ ဤနေရာ၌ ကွဲလွဲမှုများ ရှိသည်။ 'ကေယာမသ်'နေ့တွင် ကောင်းကင်တမန်များထံ၌လည်း သေခြင်းတရား ဆိုက်ရောက်မည်။ မဆိုက်ရောက်မည် ဆိုသည်နှင့် စပ်လျဉ်း၍ ကွဲလွဲမှုရှိသည်။ အချို့ပုဂ္ဂိုလ်များက လူသားဖြစ်စေ၊ မြေပထဝီမှ သက်ရှိသတ္တဝါဖြစ်စေ၊ (သို့) ဖရစ်ရှ်သဟ်နှင့် မိုးကောင်းကင်မှ သက်ရှိသတ္တဝါများဖြစ်စေ၊ တစ်ဒင်္ဂအတွက် သေခြင်းတရားကို မြည်းစမ်းရမည်ပင် ဖြစ်သည်ဟု ဆိုကြသည်။ အချို့ပုဂ္ဂိုလ်များက ဖရစ်ရှ်သာဟ်များ၊ 'ဂျန္နသ်'ရှိ 'ဟူရ်'ကညာများနှင့် 'ဂျန္နသ်'၏ ကျွန်များသည် သေခြင်းတရားနှင့် ကင်းရှင်းသည်'ဟု ဆိုကြသည်။ *[ရှုးဟွာလ်မအာနီကျမ်း]*

ذائقة الموت

ဟူသည့် စာလုံးသည် 'သက်ရှိသတ္တဝါဟူသရွေ့သည် သေခြင်းတရား၏ ထူးခြားသည့် ဒုက္ခတစ်မျိုးကို ခံစားရမည်' ဟူသည့်ဘက်သို့ ညွှန်းဆိုပြသနေသည်။

အဘယ်ကြောင့်ဆိုသော် အရသာမြည်းစမ်းသည်ဟူသော ဝေါဟာရသည် ဤသို့သော နေရာ၌သာ သုံးစွဲရခြင်းကြောင့် ဖြစ်သည်။ ဝိညာဉ်သည် ခန္ဓာကိုယ်နှင့် တစ်ဆက်တည်း တစ်သားတည်းဖြစ်သည့်အတွက် ၎င်းဝိညာဉ်သည် ခန္ဓာကိုယ်မှ ထွက်သည့်အခါ ဒုက္ခများ ခံစားရမည်မှာ သဘာဝပင်ဖြစ်သည်။ အချို့သူတော်စင်များထံတွင် လောကီ၏ မွန်းကျပ်မှုများမှ လွတ်ကင်းရသည်။ စစ်မှန်သော ချစ်ရသူ (အလ္လာဟ်) နှင့် တွေ့ဆုံရမည့်အချိန် ရောက်ရှိလာပြီဟူသော အကြောင်းများကြောင့် သေခြင်းတရား၏ အရသာကို ခံစားရရှိကြသည်။ ဤသည် ထူးခြားသည့်ပုံစံဖြင့် ရရှိသည့် အရသာပင် ဖြစ်သည်။ ခန္ဓာကိုယ်မှ ဝိညာဉ် ထွက်ခွာစဉ် သဘာဝအလျောက် ခံစားရသော ဒုက္ခ မရောက်ရှိဟု ဆိုလိုခြင်းကား မဟုတ်။ အကြောင်းမှာ လူတစ်ဦးအဖို့ ကြီးမားသည့် သာယာမှုနှင့် ကြီးမားသည့် အကျိုးအမြတ် ရှေ့မှောက်သို့ ရောက်ရှိလာပါလျှင် ထိုအကျိုးအမြတ်အတွက် ဒုက္ခငယ်များကို ခံစားနိုင်ရန်မှာ လွယ်ကူသွားတတ်သောကြောင့် ဖြစ်သည်။ ဤအဓိပ္ပာယ်ကို ထောက်ရှုလျက် အချို့သူတော်စင်တို့က လောက၏ သောကဗျာပါဒ ပူဆွေးမှုများနှင့် ဒုက္ခများကိုလည်း ချစ်ခင်စုံမက်ဖွယ်ရာအဖြစ် သတ်မှတ်ကြခြင်း ဖြစ်သည်။

လောက၏ ဒုက္ခဟူသရွေ့နှင့် သုခချမ်းသာဟူသရွေ့တို့သည် စမ်းသပ်မှုပင်ဖြစ်ခြင်း

وَ نَبْلُوْكُمْ بِالشَّرِّ وَ الْخَيْرِ فِتْنَةً

ငါအသျှင်မြတ်သည် အသင်တို့အား ဆိုးသော အခြေအနေဖြင့်လည်းကောင်း၊ ကောင်းသော အခြေအနေဖြင့်လည်းကောင်း (ကောင်းစွာ) စမ်းသပ်တော်မူသည်။ ဆိုးသော အခြေအနေဟူသည်မှာ စိတ်နှင့် ဆန့်ကျင်သည်များကို ဆိုလိုခြင်းဖြစ်သည်။ ဥပမာ- ရောဂါဘယဖြစ်ခြင်း၊ ပူဆွေးသောကဖြစ်ခြင်းနှင့် ဝေဒနာခံစားရခြင်း စသော အရာများ ဖြစ်သည်။ ကောင်းသော အခြေအနေဟူသည်မှာ ၎င်းနှင့် ဆန့်ကျင်ဘက်

ဖြစ်သော စိတ်မှ လိုလားတောင့်တ နှစ်သက်သည့် အရာများကို ဆိုလိုခြင်းဖြစ်သည်။ ဥပမာ- ကျန်းမာစွာရှိခြင်း၊ ပျော်ရွှင်ချမ်းမြေ့သာယာခြင်း၊ ချမ်းသာခြင်း၊ ဥစ္စာပစ္စည်း ကုံလုံကြွယ်ဝခြင်း စသည်တို့ဖြစ်သည်။ ဤနှစ်မျိုးစလုံးသည် ဤလောက၌ လူသားအား စမ်းသပ်ရန်ဖြစ်သည်။ ဆိုးသော အခြေအနေဟူသော စိတ်နှင့် ဆန့်ကျင်မှုတို့အား 'ဆွဗရ်'ပြုလုပ်လျက် ၎င်း၏ ဝတ္တရားများကို ထမ်းဆောင်ခြင်းနှင့် ကောင်းသော အခြေအနေဟူသော စိတ်မှ လိုလားနှစ်သက်သည့် အရာများ ရရှိသည့်အခါ ကျေးဇူးတင်ခြင်းနှင့် ၎င်း၏ ဝတ္တရားများကို ထမ်းဆောင်ခြင်းဖြစ်သည်။ ထိုသည့်အပေါ်၌ မည်သူသည် မြဲမြဲကြံ့ခိုင်စွာ နေနိုင်ခြင်း၊ မနေနိုင်ခြင်း ဆိုသည်မှာ စမ်းသပ်ခြင်းဖြစ်သည်။ 'ဆွဗရ်'၏ ဝတ္တရားများအပေါ် မြဲမြဲကြံ့ခိုင်စွာ နေရခြင်းထက် စည်းစိမ်ချမ်းသာ ရရှိခြင်းတွင် ၎င်း၏ ဝတ္တရားများအပေါ် မြဲမြဲကြံ့ခိုင်စွာ နေရခြင်းက ပို၍ ခက်ခဲသည်ဟု သူတော်စင်များက မိန့်ဆိုထားခြင်း ဖြစ်သည်။ လူသားသည် ဒုက္ခများအပေါ် သည်းခံ 'ဆွဗရ်' ပြုရခြင်းသည် ဤမျှ လေးလံခက်ခဲမှု မရှိပေ။ သို့ရာတွင် စည်းစိမ်ချမ်းသာနှင့် ငြိမ်းအေးချမ်းသာရှိခြင်းအပေါ် ၎င်း၏ ဝတ္တရားများအား မြဲမြဲကြံ့ခိုင်စွာ နေနိုင်ရန်မှာ ခက်ခဲလှပေသည်။ ဤသည့်အပေါ် ဟဇရတ် အဗ္ဗဒုရ်ရဟ်မာန်ဖ်ဗ် ﷺ သခင်က မိန့်ဆိုသည်မှာ-

بُلينا بالضرّاء فصبرنا وبلينا بالسّراء فلم فصبر

ကျွန်ုပ်သည် ဒုက္ခများ၌ နှစ်မွန်းခဲ့ရသည်။ ထိုဒုက္ခများအပေါ် ကျွန်ုပ်သည် 'ဆွဗရ်'ပြုလုပ်ခဲ့ပါသည်။ သို့သော် စည်းစိမ်ချမ်းသာမှုများ ချီးမြှင့်ခံရသည့်အခါတွင်မူ ထိုအပေါ်၌ သည်းခံ 'ဆွဗရ်'ပြုနိုင်ခြင်း မရှိခဲ့ပါ။ ဆိုလိုသည်မှာ ၎င်း၏ ဝတ္တရားများကို ကျေပွန်အောင် ဆောင်ရွက်ရာ၌ မြဲမြဲကြံ့ခိုင်စွာ မပြုနိုင်ခဲ့ပါ။

[ရှုဟွလ်မအာနီကျမ်း]

အလျင်စလိုပြုခြင်းသည် ရှုတ်ချဖွယ်ဖြစ်ခြင်း

خُلِقَ الْإِنْسَانُ مِنْ عَجَلٍ

عجل သည် အလျင်အမြန်ပြုခြင်း၊ အလျင်စလို ပြုခြင်း၏ အဓိပ္ပာယ်ဖြစ်သည်။ ၎င်း၏ မူလဇစ်မြစ်မှာ 'အရာတစ်ခုခုကို ၎င်း၏ အချိန်မတိုင်မီ လိုလားခြင်း၊ တောင်းဆိုခြင်း ဖြစ်သည်။ ဤအရည်အချင်း၏ ပင်ကိုယ်ကပင်လျှင် ရှုတ်ချဖွယ်ပြစ်ချက် ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ အခြားတစ်နေရာ၌လည်း ဤအရည်အချင်းကို လူသား၏ အားနည်းချက်အဖြစ် ဖော်ပြမိန့်ကြားထားတော်မူသည်။

وَكَانَ الْإِنْسَانُ عَجُوْلًا

လူသားသည် အလွန်ပင် အလျင်စလိုပြုတတ်သူဖြစ်သည်။ ဟဇရတ်မူစာ ﷺ သည် 'သူရ်'တောင်ပေါ်သို့ မိမိ၏ အမျိုးသား၏အလျင် ရှေ့မှ အလ္လာဟ်အသျှင်မြတ်၏ ထံတော်ပါးတွင် ခစားခဲ့စဉ် ထိုနေရာ၌

လည်း ဤအလျင်စလို ပြုမိသည့်အပေါ် အမျက်တော်ရှခြင်း ခံခဲ့ရသည်။ နဗီတမန်တော် ﷺ နှင့် သူတော်စင်များနှင့် စပ်လျဉ်း၍ ကောင်းမှုကုသိုလ်များအား အလျင်စလို ပြုခြင်းမှာမူ မနှစ်သက်ဖွယ် အလျင်အမြန်ပြုလုပ်ခြင်း၌ အကျုံးမဝင်ပေ။ အဘယ်ကြောင့်ဆိုသော် ထိုလုပ်ရပ်သည် အချိန်မကျမီအလျင် တောင်းဆိုခြင်းမဟုတ်ဘဲ အချိန်ရခိုက် ကောင်းမှုကုသိုလ်များမြောင်စွာ ပွားများကျင့်ဆောင်ခြင်း၊ ကြိုးပမ်းခြင်းသာ ဖြစ်ပေသည်။

خُلِقَ الْاَنْسَانُ مِنْ عَجَلٍ

၏ အလိုသဘောမှာ လူသားတွင် အခြားသော အားနည်းချက်များရှိသကဲ့သို့ ထိုအားနည်းချက်များအနက် အလျင်စလို ပြုလုပ်တတ်ခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း တင်ပြခြင်းဖြစ်သည်။ ဤသည် လူသား၏ ပင်ကိုယ်စရိုက်နှင့် စိတ်နေသဘောထားပင် ဖြစ်သည်။ အာရဗ်တို့သည် ဤသည်ကို ထောက်ရှု၍ ဥပမာ- လူတစ်ဦးတစ်ယောက်၌ ဒေါသဖြစ်လွယ်သည့် စိတ်နေသဘောထားရှိလျှင် ထိုသူ့အား ဤသူသည် ဒေါသဖြင့် ဖန်ဆင်းခံရသူဖြစ်သည်ဟု ခိုင်းနှိုင်းပြောဆိုလေ့ရှိကြသည်။

سَاُرِيْكُمْ اٰيٰتِيْ

ဤအာယသ်တော်၏ အလိုသဘောမှာ 'တမန်တော်မြတ် ﷺ ၏ မှန်ကန်မှုကို 'မုအ်ဂျေဇာဟ်' တန်ခိုးတော်များနှင့် အခြေအနေအဖြစ်အပျက်များက သက်သေပြထွက်ဆိုခြင်း ဖြစ်သည်' ဟု ဆိုလိုသည်။

[ကုရ်သုဗီးကျမ်း]

ဥပမာ- 'ဗဒရ်'စစ်ပွဲ စသည်တို့၌ ထင်ရှားသော နိမိတ်လက္ခဏာ (မုအ်ဂျေဇာဟ်) များ ထင်ရှားစွာ ဖြစ်ပေါ်ခဲ့သည်။ နောက်ဆုံးတွင် အနိမ့်ကျဆုံးနှင့် အင်အားအနည်းဆုံးဟု ယူဆခြင်းခံရသော မွတ်စလင်မ်များက အောင်နိုင်မှု ရရှိသွားကြသည်ကို မျက်စိအားလုံးတို့က တွေ့မြင်လိုက်ကြရသည်။

'ကေယာမသ်' နေ့တွင် ပြုမူ ဆောင်ရွက်ချက်များ၏ အလေးချိန်နှင့် ၎င်းတို့အား ချိန်တွယ်မည့် ချိန်ခွင်

وَنَضَعُ الْمَوَازِيْنَ الْقِسْطَ لِيَوْمِ الْقِيٰمَةِ

موازين ဟူသည့် စာလုံးသည် ميزان ၏ 'ဂျမအ်'အများကိန်းဖြစ်ပြီး 'ချိန်ခွင်'ဟု အဓိပ္ပာယ်ရသည်။ ဤနေရာတွင် ချိန်ခွင်အတွက် အများကိန်းကို အသုံးပြုထားသည်။ ထို့ကြောင့် အချို့အဖွင့်ပညာရှင်များက လူသားတိုင်းအတွက် ချိန်ခွင်တစ်ခုစီသော်လည်းကောင်း၊ (သို့) ကျင့်စဉ်တစ်ခုစီအတွက် ချိန်ခွင်တစ်ခုစီသော်လည်းကောင်း သတ်မှတ်ထားသည်ဟု ဆိုကြသည်။ သို့သော် အများစုပညာရှင်များကမူ 'ချိန်ခွင်မှာမူ တစ်ခုသာဖြစ်သည်။ ချိန်ခွင်များဟု အများကိန်းသုံးနှုန်းထားခြင်းမှာ များစွာသော ချိန်ခွင်တို့၏ အလုပ်ကို ပြုလုပ်ရမည်ဖြစ်သောကြောင့်ပင် ဖြစ်သည်။ အကြောင်းမှာ ဟာရေသ်အာဒမ် ﷺ မှစ၍ 'ကေယာမသ်'

ထိတိုင် ဖန်ဆင်းခံလူသားတို့၏ အရေးအတွက်မှာ အလ္လာဟ်အသျှင်မြတ်သာ သိတော်မူသည်။ ၎င်းတို့အားလုံး၏ ကျင့်စဉ်များကို ဤချိန်ခွင်ဖြင့်ပင် ချိန်တွယ်မည်ဖြစ်သည်။

قسط ၏ အဓိပ္ပာယ်မှာ တရားမျှတခြင်းဟု ဖြစ်သည်။ ဤချိန်ခွင်သည် တရားမျှတစွာဖြင့် ချိန်တွယ်မည် ဖြစ်သည်။ အနည်းငယ်မျှ အပိုအလိုရှိမည်မဟုတ်ပေ။

မွတ်စ်သဒ်ရပ်က်ဟာကင်မ်ကျမ်းတွင် ဟဇရက်စလ်မာန် ؓ သခင်၏ ဆင့်ပြန်ချက် တမန်တော်မြတ် ﷺ မိန့်ကြားတော်မူသည်မှာ 'ကေယာမသ်'နေ့တွင် ကျင့်စဉ်များ ချိန်တွယ်ရန် ချိန်ခွင်တစ်ခု ထားရှိပေမည်။ ထိုချိန်ခွင်၌ မိုးနှင့် မြေကို ချိန်တွယ်လိုပါကလည်း ဝင်ဆန့်နိုင်သည်အထိ ထိုချိန်ခွင်မှာ ကြီးမားကျယ်ပြန့်သည်။ *[မဇ္ဇ်ဟရီကျမ်း]*

ဟာဖိဇ်အဘူလ်ကာစင်မ်လာလ်ကာအီက မိမိ၏ 'စုနန်'ကျမ်းတွင် ဟဇရက်အနက်စ် ؓ သခင်၏ ဆင့်ပြန်ချက် လာရှိပေသည်။ ထိုဆင့်ပြန်ချက်တွင် တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ 'မီဇာန်'ချိန်ခွင်တွင် ဖရစ်ရှ်သာဟ်တစ်ပါးကို သတ်မှတ်တော်မူမည်။ ထို့နောက် လူသားတိုင်းကို ဤမီဇာန်ချိန်ခွင်ရှေ့၌ ခေါ်ဆောင်လာပေမည်။ အကယ်၍ ၎င်း၏ ကောင်းမှုဘက်မှ အလေးသာခဲ့ပါမူ မည်သူမည်ဝါသည် အောင်မြင်သူဖြစ်သွားပြီ။ ယခုမှ ၎င်းအတွက် နဖူးစာမဲ့သူ မဖြစ်နိုင်တော့ပြီဟူ၍ ဖရစ်ရှ်သာဟ်က ကြေညာပေမည်။ ထိုကြေညာချက်ကို 'ဟရှရ်'၌ ရှိသူအားလုံး ကြားကြရပေမည်။ အကယ်၍ ကောင်းမှုများဘက်မှ အလေးချိန်လျော့နည်းနေပါလျှင် 'မည်သူမည်ဝါသည် ကံဆိုးသူဖြစ်လျက် နဖူးစာမဲ့သွားလေပြီ။' ယခုမှ ၎င်းသူသည် မည်သည့်အခါမျှ အောင်မြင်မည်မဟုတ်ပေဟု ဖရစ်ရှ်သာဟ်က ကြွေးကြော်ပေမည်။ ဟာဖိဇ်အဘူလ်ကာစင်မ် ကာအီက 'ဟဇရက်ဟုဇိုင်ဖဟ် ؓ သခင်၏ ဆင့်ပြန်ချက်တွင် တင်ပြ မိန့်တော်မူထားသည်မှာ 'မီဇာန်'ချိန်ခွင်၌ သတ်မှတ်ထားသည့် ဖရစ်ရှ်သာဟ်သည် ဟဇရက်ဂျိဗ်ရီးလ် 'အမီးန်'ဖြစ်သည်' ဟူ၍ ဖြစ်သည်။ *[ကုရ်သုဗီကျမ်း]*

ဟာကင်မ်ကျမ်း၊ ဗိုင်ဟကီမ်းကျမ်းနှင့် အာဂျုရီကျမ်းတို့က ဟဇရက်စွိဒ်ဒီကဟ်အာအေရှာဟ် ؓ ၏ ဆင့်ပြန်ချက်ကို ဆင့်ပြန်ကြသည်။ ဟဇရက်အာအေရှာဟ် ؓ သခင်မက ဆင့်ပြန်သည်မှာ 'ကျွန်ုပ်မသည် တမန်တော်မြတ် ﷺ အား 'ကေယာမသ်'နေ့တွင်လည်း ကိုယ်တော်မြတ် ﷺ သည် မိမိ၏ အိမ်သူ၊ အိမ်သား၊ သားသမီးများကို သတိရပါမည်လော'ဟု မေးမြန်းလျှောက်ထားရာ ကိုယ်တော်မြတ် ﷺ က 'ကေယာမသ်နေ့တွင် နေရာ (၃) ခု၌ မည်သူမျှ မည်သူ့ကိုမျှ သတိရမည်မဟုတ်။ ၎င်းတို့အနက် နေရာတစ်ခုမှာ 'မီဇာန်'ချိန်ခွင်ရှေ့တွင် ကျင့်စဉ်များ ချိန်တွယ်ရန် စုရုံးရောက်ရှိပြီး မိမိ၏ 'ချိန်ခွင်တွင် ကောင်းမှုဘက်မှ အလေးသာခြင်း၊ (သို့) လျော့နည်းခြင်းတို့၏ ရလဒ်ကို မသိရသရွေ့ ထိုသူသည် မည်သူ့ကိုမျှ သတိရမည်မဟုတ်ပေ။ ဒုတိယနေရာမှာ ကောင်းမှု၊ မကောင်းမှု မှတ်တမ်း ပေးအပ်သည့်အခါ ယင်းမှတ်တမ်းအား လက်ယာဘက်မှ ပေးအပ်ခံရခြင်း၊ (ဤသည် အောင်မြင်ခြင်း လက္ခဏာဖြစ်သည်။) သို့မဟုတ် လက်ဝဲလက် (သို့) ကျောဘက်တွင် ပေးအပ်ခံရခြင်း၊ (ဤသည် 'အဇားဗ်'ခံရမည့် လက္ခဏာဖြစ်သည်)

စသည်တို့ မသတ်မှတ်သရွေ့ ဖြစ်သည်။ တတိယနေရာမှာ 'ပွလ်စွေရား'မှ ဖြတ်ကျော်စဉ် တစ်ဘက်ကမ်းသို့ မရောက်သရွေ့ ထိုသူသည် မည်သူ့ကိုမျှ သတိရမည်မဟုတ်ပေ။ *[မဇ္ဖဟရီကျမ်း]*

وَاِنْ كَانَ مِثْقَالَ حَبَّةٍ مِّنْ خَرْدَلٍ اَتَيْنَا بِهَا

စာရင်းစစ်ဆေးမည့်နေ့နှင့် 'အအ်မာလ်'ကျင့်စဉ်များ ချိန်တွယ်သည့်အခါ လူသားတို့၏ သေးငယ်သော ကြီးမားသည့် ကောင်းသော၊ ဆိုးသော ကျင့်စဉ်အားလုံး ရှေ့မှောက်၌ တင်ပြခြင်းခံရပေမည်။ သို့မှသာ စာရင်းစစ်ဆေးခြင်းနှင့် ချိန်တွယ်ခြင်းတို့၌ ပါဝင်မည်ဖြစ်သည်။

'အအ်မာလ်' ကျင့်စဉ်များ ချိန်တွယ်သည့် ပုံသဏ္ဍာန်

ဖရစ်ရှိသာဟ်များက ရေးမှတ်ခဲ့သည့် ကျင့်စဉ်များ၏ မှတ်တမ်းကို ချိန်တွယ်ခြင်း ခံရမည်ဆိုခြင်းလည်း ဖြစ်နိုင်သည်။ 'ဗိသွာကဟ်'၏ ဟဒီးစ်တော်မှလည်း ဤသည့်ဘက်သို့ ညွှန်းဆိုနေသည်။ တစ်ဖန် 'အအ်မာလ်'ကျင့်စဉ်များကို ၎င်းတို့အတိုင်းပင် ရုပ်ဝတ္ထုသဏ္ဍာန် ပြုလုပ်၍ ချိန်တွယ်ခြင်း ခံရပေမည်။ များသောအားဖြင့် ဆင့်ပြန်ချက်များသည် ဤသည်ကိုပင် ထောက်ခံထားပေသည်။ ပညာရှင်အများစုတို့သည်လည်း ဤသည်ကိုပင် လက်ခံကြသည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင်

وَوَجَدُوْا مَا عَمِلُوْا حَاضِرًا

စသော အာယသ်တော်များနှင့် များစွာသော ဟဒီးစ်ဆင့်ပြန်ချက်များသည်လည်း ဤသည်ကိုပင် ထောက်ခံလျက် ရှိပေသည်။

'အအ်မာလ်' ကျင့်စဉ်များကို စာရင်းစစ်ဆေးခြင်း

သိရ်မေဇီက ဟဇရသ်အာအေရှာဟ် ﷺ သခင်ထံမှ ဆင့်ပြန်သည်မှာ ပုဂ္ဂိုလ်တစ်ဦးသည် တမန်တော်မြတ် ﷺ ထံ အခစားဝင်၍ ထိုင်ပြီး လျှောက်ထားသည်မှာ 'အို၊ တမန်တော်မြတ်၊ ကျွန်တော်မျိုးတွင် ကျွန်နှစ်ဦး ရှိပါသည်။ ၎င်းတို့သည် ကျွန်တော်မျိုးအား လိမ်ညာ မုသားဆိုကြပါသည်။ လုပ်ငန်းများ၌ အလွဲသုံးစား ပြုကြပါသည်။ ကျွန်တော်မျိုး၏ အမိန့်များကို ဆန့်ကျင်ကြပါသည်။ ထိုသို့ ပြုသည့်အတွက် ကျွန်တော်မျိုးသည် ၎င်းတို့အား ပြစ်တင်ရှုတ်ချ ပြောဆိုခြင်းများ ပြုခဲ့ပါသည်။ လက်ဖြင့်လည်း ရိုက်နှက်ခဲ့ပါသည်။ သို့ရှိရာ ကျွန်တော်မျိုးနှင့် ထိုကျွန်များအကြား တရားမျှတမှု မည်သို့ ရှိပါသနည်း။' တမန်တော်မြတ် ﷺ က မိန့်ကြားတော်မူသည်မှာ '၎င်းတို့၏ မနာခံမှု၊ အလွဲသုံးစားပြုမှုနှင့် ဆိုးသွမ်းမှုတို့မှာ ချိန်တွယ်ခြင်း ခံရပေမည်။ တစ်ဖန် အသင်၏ ဆိုဆဲမှုနှင့် ရိုက်နှက်အပြစ်ပေးခြင်းများသည်လည်း ချိန်တွယ်ခြင်းခံရမည်။ အကယ်၍ အသင်၏ အပြစ်ပေးမှုနှင့် ၎င်းတို့၏ အပြစ်ကျူးလွန်မှုမှာ ဆတူဖြစ်နေပါလျှင် ဆုံးဖြတ်စီရင်မှုမှာ တူညီပေလိမ့်မည်။ အကယ်၍ အသင်၏ အပြစ်ပေးမှုသည် ၎င်းတို့၏ ပြစ်မှုထက် နည်းနေပါက ထိုနည်းခြင်းသည် အသင်၏ အကောင်းပြုခြင်းစာရင်း၌ ဖြစ်ပေမည်။ အကယ်၍ ၎င်းတို့၏ အပြစ်ထက်

များသွားပါက အသင် မတရားပြုသမှု အသင့်အား အစားယူပါလိမ့်မည်။' တမန်တော်မြတ် ﷺ က ဤသို့ မိန့်ကြားသည့်အခါ ၄င်းသည် ထိုနေရာမှထ၍ သီးခြားထိုင်လိုက်သည်။ ထို့နောက် ငိုယိုလေသည်။ ထိုအခါ ကိုယ်တော်မြတ် ﷺ က 'အသင်သည် ကုရ်အာန်၌

وَنَضَعُ الْمَوَازِيْنَ الْقِسْطَ لِيَوْمِ الْقِيٰمَةِ

ဟူသော အာယသ်တော်ကို ဖတ်ရွတ်ပါသလော' ဟု မိန့်ကြားတော်မူလေရာ ထိုသူက 'ယခုအချိန်၌မူ ကျွန်တော်မျိုးသည် ၄င်းတို့အား သူကောင်းပြု၍ ထိုစာရင်းစစ်ဆေးခြင်းခံရမည့် သောကမှ လွတ်ကင်းရန် အခြားလမ်းမရှိတော့ပြီ' ဟု လျှောက်ထားဖြေကြားလေသည်။ *[ကုရ်သုဗီကျမ်း]*

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَلَقَدْ اٰتَيْنَا مُوْسٰى وَهٰرُوْنَ الْفُرْقَانَ وَضِيَآءً وَّذِكْرًا لِّلْمُتَّقِيْنَ ﴿٤٨﴾

၂၁ : ၄၈ ။ ။ ကေန်စင်စစ် ငါအသျှင်မြတ်သည် (ရှေးယခင်က၊ နဗီတမန်တော်) မူစာနှင့် ဟာရွန်တို့အား အမှား နှင့် အမှန်ကို ကွဲပြားခြားနားစေသော အလင်းရောင်တစ်ခုဖြစ်သည့် (သော်ရားသ်) ကျမ်းကို ချီးမြှင့်ပေးသနားတော်မူခဲ့လေသည်။ ထိုကျမ်းတော်သည် ပြစ်မှုဒုစရိုက်များမှ ရှောင်ကြဉ်ကြကုန်သော 'မွတ်သကွီ' သူတော်ကောင်းတို့အဖို့ အလင်းရောင်နှင့် အဆုံးအမတရားတော်တစ်စောင် ဖြစ်၏။

الَّذِيْنَ يَخْشَوْنَ رَبَّهُمْ بِالْغَيْبِ وَهُمْ مِّنَ السَّاعَةِ مُشْفِقُوْنَ ﴿٤٩﴾

၂၁ : ၄၉ ။ ။ အကြင်သူ (တော်ကောင်း) တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ကို မမြင်ဖူးကြဘဲလျက်၊ ကြောက်ရွံ့ရိုသေကြကုန်၏။ ထို့ပြင် ၄င်းတို့သည် 'ကေယာမသ်' ရှင်ပြန်ထရမည့်နေ့ကို ကြောက်ရွံ့စိုးရိမ်သူများလည်း ဖြစ်ကြကုန်၏။

وَهٰذَا ذِكْرٌ مُّبٰرَكٌ اَنْزَلْنٰهُ ۭ اَفَاَنْتُمْ لَهٗ مُنْكِرُوْنَ ﴿٥٠﴾

၂၁ : ၅၀ ။ ။ စင်စစ် ဤ (ကုရ်အာန်) ကျမ်းတော်မြတ်သည် ငါအသျှင်မြတ် ချပေးသနားတော်မူသော ကျက်သရေမင်္ဂလာ အပြာပြာနှင့် ပြည့်စုံသော အဆုံးအမတရားတော်တစ်စောင်ပင် ဖြစ်သည်။ သို့ပါလျက် အသင်တို့သည် ဤကျမ်းတော်ကို မယုံမကြည် ငြင်းပယ်သူများပင် ဖြစ်ကြလေသလော။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ငါအသျှင်မြတ်သည် (အသင်၏အလျှင်) မူစာနှင့် ဟာရွန် عليهما السلام တို့အား ဆုံးဖြတ်စီရင်နိုင်သော၊ ထို့ပြင် အလင်းရောင်ဖြစ်သော ပြစ်မှုများမှ ရှောင်ကြဉ်သူ 'မွတ်သကွီ' များအတွက် အဆုံးအမတရားများ

ဖြစ်သော ကျမ်းတစ်စောင်ဖြစ်သည့် (သောင်ရားသ်) ကျမ်းကို ချီးမြှင့်တော်မူခဲ့သည်။ ထို (သူတော်စင်) တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်အား မတွေ့မမြင်ကြပါဘဲလျက် ကြောက်ရွံ့ကြကုန်၏။ ထို့ပြင် (အသျှင်မြတ်အား ကြောက်ရွံ့ခြင်း၏ အကြောင်းခံဖြင့်) ၎င်းတို့သည် 'ကေယာမသ်' နေ့ကို (လည်း) ကြောက်ရွံ့ကြလေသည်။ (အကြောင်းမှာ 'ကေယာမသ်' နေ့တွင် အလ္လာဟ်အသျှင်မြတ်၏ မနှစ်မြို့မှုနှင့် အပြစ်ပေးခြင်းများ မခံရလေရန် ကြောက်ရွံ့ခြင်းကြောင့် ဖြစ်သည်။) ထို့နောက် (၎င်းတို့အား ငါအသျှင်မြတ်က ထိုကျမ်းမြတ်ကို ချပေးတော်မူသကဲ့သို့) ဤကျမ်းမြတ်ကုရ်အာန်သည်လည်း အကျိုးအမြတ်များစွာနှင့် အဆုံးအမဖြစ်သော ကျမ်းဖြစ်ပေသည်။ ဤကျမ်းကို ငါအသျှင်မြတ်က ချပေးတော်မူသည်။ (ထိုကျမ်းများ ပေးပြီးနောက် အသျှင်မြတ်၏ ဝေလွှတော်သည် ကျမ်းစာများ ပို့ချခြင်းနှင့် ထိုကျမ်းများသည် အလ္လာဟ်အသျှင် မြတ်ဘက်တော်မှ ချပေးသည့် ကျမ်းများဖြစ်ကြောင်း အထောက်အထားများဖြင့် သိရှိရပါသည်။) သို့တိုင်အောင် အသင်တို့သည် (အလ္လာဟ်အသျှင်မြတ်ဘက်မှ ချပေးသည့် ကျမ်းများဖြစ်ကြောင်းကို) ငြင်းပယ်ကြပါသလော။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

اَلْفُرْقَانَ وَضِيَاءً وَّ ذِكْرًا لِّلْمُتَّقِيْنَ

ဤအချက် (၃) ချက်စလုံးသည် 'သောင်ရားသ်' ကျမ်း၏ ဂုဏ်ရည်များပင် ဖြစ်သည်။ **فرقان** သည် 'အမှားအမှန် ခွဲခြားပြသပေးသူ' ဖြစ်သည်။ နှလုံးသားများအတွက် **ضياء** 'အလင်းရောင်' ဖြစ်သည်။ **ذكر** 'လူတို့အတွက် အဆုံးအမတရားများနှင့် တရားလမ်းမှန်ရရှိနိုင်သည့် အကြောင်းခံဖြစ်သည်။ အချို့ပညာရှင်များက **فرقان** ၏ အလိုသဘောမှာ 'ဟဇရသ်မူစာ ﷺ အား အခြေအနေတိုင်း၌ အလ္လာဟ်အသျှင်မြတ်က ကူညီစောင်မတော်မူခြင်းဖြစ်သည်' ဟု ဆိုကြသည်။ အကြောင်းမှာ ဖိရ်အောင်န်ထံ၌ မွေးစားခံခဲ့ခြင်း၌လည်းကောင်း၊ တစ်ဖန် ဖိရ်အောင်န်နှင့် ရင်ဆိုင်မှုပြုသည့်အခါတွင် အလ္လာဟ်အသျှင်မြတ်က ဖိရ်အောင်န်အား သေးသိမ်စေတော်မူခြင်း၌လည်းကောင်း ထို့နောက် ဖိရ်အောင်န်၏ စစ်တပ်က လိုက်လာသည့်အခါ မြစ်ပြင်၌ လမ်းများဖြစ်ပေါ်၍ ယင်းလမ်းတို့မှဖြတ်ပြီး လွတ်မြောက် အောင်မြင်သွားခဲ့ပြီး ဖိရ်အောင်န်၏ စစ်တပ်ကို နစ်မြုပ်စေခဲ့ရာ၌လည်းကောင်း၊ အလားတူ ထို့နောက်ပိုင်းတွင်လည်း အခြေအနေတိုင်း၌ အလ္လာဟ်အသျှင်မြတ်က ကူညီစောင်မတော်မူခဲ့သောကြောင့် ဖြစ်သည်။ **ضياء** နှင့် **ذكر** နှစ်ခုစလုံးသည် 'သောင်ရားသ်' ကျမ်း၏ ဂုဏ်ရည်များ ဖြစ်သည်။ ကုရ်သုဗီက ဤသည်ကိုပင် ဦးစားပေးခဲ့သည်။ အကြောင်းမှာ **فرقان** ၏ နောက်မှ **و** အက္ခရာ၏ အကြောင်းခံဖြင့် ကွာဝေးခြားနားအောင် ပြုလုပ်ပါက **فرقان** ဟူသည် 'သောင်ရားသ်' အပြင် အခြားအရာတစ်ခုခုဘက်သို့ ညွှန်းဆိုကြောင်း သိရှိရပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَلَقَدْ آتَيْنَا إِبْرَاهِيمَ رُشْدَهُ مِن قَبْلُ وَكُنَّا بِهِ عَالِمِينَ ﴿٥١﴾

၂၁ : ၅၁ ။ ။ ထို့ပြင် ကေန်မလွဲ ငါအသျှင်မြတ်သည် ထိုထက်အလျင်၊ ရှေးဦးမဆွက (တမန်တော်) အီဗ်ရာဟီမ်အား (တရားလမ်းမှန်ပေါ်၌ ကြံ့ခိုင်စွာ ရပ်တည်စေနိုင်သော) ဆင်ခြင်တုံတရားကို ချီးမြှင့်ပေးသနားတော်မူခဲ့၏။ စင်စစ် ငါအသျှင်မြတ်သည် ၎င်း (နဗီတမန်တော် အီဗ်ရာဟီမ်) အား ကောင်းစွာ သိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

إِذْ قَالَ لِأَبِيهِ وَقَوْمِهِ مَا هَٰذِهِ التَّمَاثِيلُ الَّتِي أَنتُمْ لَهَا عَاكِفُونَ ﴿٥٢﴾

၂၁ : ၅၂ ။ ။ (ပြန်လည် သတိရကြလေကုန်။) တစ်ရံရောအခါ၊ ၎င်း (နဗီတမန်တော် အီဗ်ရာဟီမ်) သည် မိမိ၏ ဖခင်နှင့် အမျိုးသားတို့အား (အချင်းတို့) 'အသင်တို့ စွဲလမ်းကိုးကွယ်လျက် ရှိကြကုန်သော ဤရုပ်တုများသည် အဘယ်သို့သော အရာများနည်း' ဟု ပြောဆို (မေးမြန်း) ခဲ့လေသည်။

قَالُوا وَجَدْنَا آبَاءَنَا لَهَا عَابِدِينَ ﴿٥٣﴾

၂၁ : ၅၃ ။ ။ ၎င်း (အမျိုးသား) တို့က 'ကျွန်ုပ်တို့သည် မိမိတို့၏ အဘ၊ ဘိုး၊ ဘေးတို့အား ယင်း (ရုပ်တုများ) ကို ကိုးကွယ်သူများအဖြစ် တွေ့ရှိခဲ့ကြသည်' ဟု ပြောဆို (ဖြေကြား) ခဲ့ကြလေသည်။

قَالَ لَقَدْ كُنتُمْ أَنتُمْ وَآبَاؤُكُمْ فِي ضَلَالٍ مُّبِينٍ ﴿٥٤﴾

၂၁ : ၅၄ ။ ။ ၎င်း (အီဗ်ရာဟီမ်) က 'အသင်တို့သည်လည်းကောင်း၊ အသင်တို့၏ အဘ၊ ဘိုး၊ ဘေးတို့သည်လည်းကောင်း ထင်ရှားစွာသော မှောက်မှား (လမ်းလွဲ) မှု၌ပင် ကေန်မလွဲ ရှိနေခဲ့ကြသည်' ဟု ပြောကြားခဲ့လေသည်။

قَالُوا أَجِئْتَنَا بِالْحَقِّ أَمْ أَنتَ مِنَ اللَّاعِبِينَ ﴿٥٥﴾

၂၁ : ၅၅ ။ ။ ၎င်း (အမျိုးသား) တို့က (အို၊ အီဗ်ရာဟီမ်) 'အသင်သည် ကျွန်ုပ်တို့ထံ အမှန်ကို ယူဆောင်လာခဲ့လေသလော။ သို့တည်းမဟုတ် အသင်သည် ပြက်ချော်ပြောင်လှောင်သူတစ်ဦးပင် ဖြစ်လေသလော' ဟု ပြောဆို (မေးမြန်း) ခဲ့ကြကုန်၏။

قَالَ بَل رَّبُّكُمْ رَبُّ السَّمَاوَاتِ وَالْأَرْضِ الَّذِي
فَطَرَهُنَّ وَأَنَا عَلَىٰ ذَٰلِكُم مِّنَ الشَّاهِدِينَ ﴿٥٦﴾

၂၁ : ၅၆ ။ ။ ယင်း (အီဗ်ရာဟီမ်) က 'ထိုသို့ (ပြက်ရယ်ပြောဆိုခြင်း) အလျှင်းမဟုတ်။ စင်စစ် အသင်တို့၏ အသျှင်သခင်သည် မိုးကောင်းကင်များနှင့် ပထဝီမြေကို စိုးပိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူသည့်အပြင်၊ ၎င်း (မိုးကောင်းကင်

များနှင့် ပထဝီမြေ) တို့အား ဖန်ဆင်းတော်မူခဲ့သော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။ ၎င်းပြင် ငါသည် ဤသည်နှင့် စပ်လျဉ်း၍ သက်သေများတွင် တစ်ဦးအပါအဝင်ဖြစ်သည်' ဟု ပြောဆို (မြွက်ကြား) ခဲ့လေသည်။

وَتَاللَّهِ لَأَكِيدَنَّ أَصْنَامَكُمْ بَعْدَ أَنْ تُوَلُّوا مُدْبِرِينَ ﴿٥٧﴾

၂၁ : ၅၇ ။ ။ 'ထို့ပြင် အလ္လာဟ်အသျှင်မြတ်၏ ကျမ်းစာ၊ ငါသည် အသင်တို့၏ (ကိုးကွယ်ရာဖြစ်သော) ရုပ်ပွားဆင်းတုများနှင့် စပ်လျဉ်း၍ အသင်တို့ ပြန်သွားကြပြီးနောက် လျှို့ဝှက်ကြံစည်မည် ဖြစ်သည်။'

فَجَعَلَهُمْ جُذَاذًا إِلَّا كَبِيرًا لَهُمْ لَعَلَّهُمْ إِلَيْهِ يَرْجِعُونَ ﴿٥٨﴾

၂၁ : ၅၈ ။ ။ ထို့နောက် ၎င်း (အီဗ်ရာဟီမ်) သည် ယင်းရုပ်ပွားဆင်းတုအနက် (ရုပ်ပွားဆင်းတု) အကြီးဆုံးမှအပ ကျန်ရုပ်ပွားဆင်းတုအားလုံးကို အစိတ်စိတ်အပိုင်းပိုင်းဖြစ်အောင် ပြုလုပ် (ဖျက်ဆီး) ခဲ့လေ၏။ (ယင်းသို့ ရုပ်ပွားဆင်းတု အကြီးကို ချန်ထားခဲ့ခြင်းမှာ) ၎င်း (အီဗ်ရာဟီမ်) ထံသို့ (စုံစမ်းရန်) ပြန်လာကြရန်အလို့ငှာ ဖြစ်ပေ၏။

قَالُوا مَنْ فَعَلَ هَٰذَا بِآلِهَتِنَا إِنَّهُ لَمِنَ الظَّالِمِينَ ﴿٥٩﴾

၂၁ : ၅၉ ။ ။ ၎င်း (အမျိုးသား) တို့က (ပြန်လာ၍ ဆင်းတုများ၏ အဖြစ်အပျက်ကို တွေ့မြင်ရသောအခါ) 'မည်သူသည် (ငါတို့၏ ကိုးကွယ်ရာများကို) ဤသို့ ပြုလုပ်ခဲ့ဘိသနည်း။ ဧကန်မလွဲ ထိုသူတို့သည် မတရားကျူးကျော်စော်ကားသူ တစ်ဦးပင် ဖြစ်သည်' ဟု ပြောဆိုခဲ့ကြကုန်၏။

قَالُوا سَمِعْنَا فَتًى يَذْكُرُهُمْ يُقَالُ لَهُ إِبْرَاهِيمُ ﴿٦٠﴾

၂၁ : ၆၀ ။ ။ ၎င်း (အမျိုးသား) တို့ (အနက်မှ အချို့) က 'ကျွန်ုပ်တို့သည် 'အီဗ်ရာဟီမ်' မည်သော လုလင်တစ်ယောက်အား ဤ (ကျွန်ုပ်တို့၏ ကိုးကွယ်) တို့ကို (ပြစ်တင် ပုတ်ခတ်) ပြောဆိုသည်ကို ကြားဘူးခဲ့ကြသည်' ဟု ပြောဆိုကြကုန်၏။

قَالُوا فَأْتُوا بِهِ عَلَىٰ أَعْيُنِ النَّاسِ لَعَلَّهُمْ يَشْهَدُونَ ﴿٦١﴾

၂၁ : ၆၁ ။ ။ (ထိုအခါ) ၎င်း (အမျိုးသား) တို့က 'သို့ဖြစ်လျှင် အသင်တို့သည် ယင်း (အီဗ်ရာဟီမ်) အား (ဖမ်းဆီး၍) လူအများရှေ့မှောက်ဝယ် ခေါ်ဆောင်ခဲ့ကြလေကုန်။ သို့မှသာလျှင် ၎င်းတို့ (အားလုံး၊ ယင်းအီဗ်ရာဟီမ်အား မည်သို့ အပြစ်ပေးခြင်း ခံရသည်ကို) မြင်နိုင်ကြပေမည်' ဟု ပြောဆိုကြလေ၏။

قَالُوٓا ءَأَنتَ فَعَلْتَ هَٰذَا بِـَٔالِهَتِنَا يَٰٓإِبْرَٰهِيمُ ﴿٦٢﴾

၂၁ : ၆၂ ။ ။ (အီဗ်ရာဟီမ်သည် ၎င်းတို့ရှေ့မှောက်သို့ ရောက်လာသောအခါ) ၎င်းတို့က 'အို၊ အီဗ်ရာဟီမ်၊ အသင်သည်ပင်လျှင် ၎င်းတို့၏ ကိုးကွယ်ရာများကို ဤသို့ ပြုမူ (စော်ကား) ခဲ့ခြင်းဖြစ်လေသလော' ဟု ပြောဆို (မေးမြန်း) ခဲ့ကြကုန်၏။

قَالَ بَلْ فَعَلَهُۥ كَبِيرُهُمْ هَٰذَا فَسْـَٔلُوهُمْ إِن كَانُوا۟ يَنطِقُونَ ﴿٦٣﴾

၂၁ : ၆၃ ။ ။ (ထိုအခါ) ၎င်း (အီဗ်ရာဟီမ်) က (ဤသို့) ပြောဆို (ဖြေကြား) ခဲ့လေ၏။ (အချင်းတို့) 'ထိုသို့ အလျှဉ်း မဟုတ်။ စင်စစ် ၎င်းတို့၏ အကြီးအကဲဖြစ်သော၊ ယင်း (ရုပ်ပွားဆင်းတုကြီး) ကသာလျှင် ဤသို့ ပြုလုပ် (ဟန်လက္ခဏာရှိ) ခဲ့သည်။ သို့ဖြစ်ပေရာ အသင်တို့သည် ထိုရုပ်တုများကိုပင်၊ အကယ်၍ ၎င်းတို့သည် စကားပြောဆိုနိုင်ကြပါလျှင် (မေးမြန်း၍ ကြည့်) ကြလေကုန်။'

فَرَجَعُوٓا۟ إِلَىٰٓ أَنفُسِهِمْ فَقَالُوٓا۟ إِنَّكُمْ أَنتُمُ ٱلظَّٰلِمُونَ ﴿٦٤﴾

၂၁ : ၆၄ ။ ။ ထို (ပြန်ကြားချက်ကို ကြားရပြီး) နောက်၊ ၎င်း (အမျိုးသား) တို့သည် မိမိတို့၏ စိတ်ထဲတွင် တွေးတောစဉ်းစားခဲ့ကြလေသည်။ ထို့နောက် ၎င်းတို့သည် (မိမိတို့အချင်းချင်း၊ စိတ်ထဲတွင်) 'အသင်တို့သည်သာလျှင် အမှားကို ကျူးလွန်သူများ ဖြစ်ကြသည်' ဟု (ထုတ်ဖော်) ပြောဆိုခဲ့ကြကုန်၏။

ثُمَّ نُكِسُوا۟ عَلَىٰ رُءُوسِهِمْ لَقَدْ عَلِمْتَ مَا هَٰٓؤُلَآءِ يَنطِقُونَ ﴿٦٥﴾

၂၁ : ၆၅ ။ ။ ထို့နောက် ၎င်းတို့သည် မိမိတို့ ဦးခေါင်းများကို အောက်သို့ စိုက်လျက် (အို၊ အီဗ်ရာဟီမ်) 'ဤရုပ်ပွားဆင်းတုများသည် (အလျှဉ်း) စကားပြောဆိုနိုင်ကြသည်မဟုတ်ကြောင်းကို အသင်သည် (ကောင်းစွာ) သိရှိသည်' ဟုပြောဆိုခဲ့ကြ၏။

قَالَ أَفَتَعْبُدُونَ مِن دُونِ ٱللَّهِ مَا لَا يَنفَعُكُمْ شَيْـًٔا وَلَا يَضُرُّكُمْ ﴿٦٦﴾

၂၁ : ၆၆ ။ ။ (ထိုအခါ) ၎င်း (အီဗ်ရာဟီမ်) က 'သို့ပါလျက် အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အား စွန့်၍ အသင်တို့အား မည်သို့မျှ အကျိုးဖြစ်ထွန်းစေနိုင်သည်လည်း မဟုတ်၊ အကျိုးယုတ်စေနိုင်သည်လည်း မဟုတ်သော အကြင်အရာများကို ကိုးကွယ်ဆည်းကပ်၍ နေကြလေသလော' ဟု ပြောဆို (မေးမြန်း) ခဲ့လေ၏။

أُفٍّ لَّكُمْ وَلِمَا تَعْبُدُونَ مِن دُونِ ٱللَّهِ ۖ أَفَلَا تَعْقِلُونَ ﴿٦٧﴾

၂၁ : ၆၇ ။ ။ 'ထွီ!၊ အသင်တို့နှင့် အသျှင်မြတ်မှတစ်ပါး အသင်တို့ ဆည်းကပ်ကိုးကွယ်ကြသော အရာများသည် စက်ဆုပ်ရွံရှာဖွယ်ကောင်းလှပေသည်။ သို့ပါလျက် အသင်တို့သည် (အနည်းငယ်မျှပင်) မသိနားမလည်ကြလေသလော' (ဟု ပြောကြားခဲ့၏)

قَالُوا حَرِّقُوهُ وَانْصُرُوا آلِهَتَكُمْ إِنْ كُنْتُمْ فَاعِلِينَ ﴿٦٨﴾

၂၁ : ၆၈ ။ ။ ၎င်း (အမျိုးသား) တို့က 'အကယ်၍ အသင်တို့သည် တစ်စုံတစ်ရာကို ပြုလုပ်မိသူများပင် ဖြစ်ကြပါမူ၊ ၎င်း (အိဗ်ရာဟီမ်) အား မီးတင်ရှို့လျက် မိမိတို့၏ ကိုးကွယ်ရာ (ဘုရား) များ (ကိုယ်စား ကလဲ့စားချေ၍) ဝိုင်းမ ကူညီကြလေကုန်'ဟု ပြောဆိုကြကုန်၏။

قُلْنَا يَا نَارُ كُونِي بَرْدًا وَسَلَامًا عَلَىٰ إِبْرَاهِيمَ ﴿٦٩﴾

၂၁ : ၆၉ ။ ။ (ထိုအခါ) ငါအသျှင်မြတ်သည် 'အို၊ မီး၊ အသင်သည် အိဗ်ရာဟီမ်အပေါ်၌ အေးမြ၍ ငြိမ်းချမ်းသာယာမှု အတိဖြစ်လော'ဟု မိန့်ကြားတော်မူခဲ့၏။

وَأَرَادُوا بِهِ كَيْدًا فَجَعَلْنَاهُمُ الْأَخْسَرِينَ ﴿٧٠﴾

၂၁ : ၇၀ ။ ။ စင်စစ် ၎င်းတို့သည် (နဗီတမန်တော်) အိဗ်ရာဟီမ်အား မကောင်းသော အကြံအစည်ကို ကြံစည်ခဲ့ကြသော်လည်း ငါအသျှင်မြတ်သည် ၎င်းတို့အား အကြံမအောင်မြင်သူများပင် ဖြစ်စေတော်မူခဲ့၏။

وَنَجَّيْنَاهُ وَلُوطًا إِلَى الْأَرْضِ الَّتِي بَارَكْنَا فِيهَا لِلْعَالَمِينَ ﴿٧١﴾

၂၁ : ၇၁ ။ ။ ထို့ပြင် ငါအသျှင်မြတ်သည် ၎င်း (နဗီတမန်တော် အိဗ်ရာဟီမ်) နှင့် လူးသ်တို့အား (ရန်သူတို့၏ဘေးရန်အပေါင်းမှ လွတ်မြောက်စေရန် အလို့ငှာ) ကမ္ဘာသူကမ္ဘာသားတို့အဖို့ ကျက်သရေမင်္ဂလာနှင့် ပြည့်စုံတော်မူသည့် အကြင်နယ်မြေဒေသ (ဖြစ်သော ဆီးရီးယားနယ်မြေ) သို့ (စေလွှတ်တော်မူခြင်းဖြင့်) ဆောင်ကြဉ်းကယ်ဆယ်တော်မူခဲ့၏။

وَوَهَبْنَا لَهُ إِسْحَاقَ وَيَعْقُوبَ نَافِلَةً ۖ وَكُلًّا جَعَلْنَا صَالِحِينَ ﴿٧٢﴾

၂၁ : ၇၂ ။ ။ တစ်ဖန် ငါအသျှင်မြတ်သည် ၎င်း (အိဗ်ရာဟီမ်) အား (သားတော်) အိစ်ဟာက်အပြင်၊ မြေးတော် ယအ်ကူးဗ်ကိုပါ ချီးမြှင့်ပေးသနားတော်မူခဲ့၏။ ထို့ပြင် ငါအသျှင်မြတ်သည် ၎င်းတို့ (အနက်) အသီးသီးတို့ကို သူတော်ကောင်းများပင် ဖြစ်စေတော်မူခဲ့၏။

وَجَعَلْنَاهُمْ أَئِمَّةً يَهْدُونَ بِأَمْرِنَا وَأَوْحَيْنَا إِلَيْهِمْ فِعْلَ
الْخَيْرَاتِ وَإِقَامَ الصَّلَاةِ وَإِيتَاءَ الزَّكَاةِ ۖ وَكَانُوا لَنَا عَابِدِينَ ﴿٧٣﴾

၂၁ : ၇၃ ။ ။ ထိုနည်းတူစွာ ငါအသျှင်မြတ်သည် ၎င်းတို့အား၊ ငါအသျှင်မြတ်၏ အမိန့်တော်နှင့် (သတ္တဝါများအား) တရားလမ်းမှန်ကို ညွှန်ပြလေသော ရှေ့ဆောင်ရှေ့ရပ်များအဖြစ်သို့ ချီးမြှင့်တော်မူခဲ့၏။ တစ်ဖန် ငါအသျှင်မြတ်သည် ထိုသူတို့

ထံ ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မှုဆောက်တည်ကြရန်ကိုလည်းကောင်း၊ 'ဆွလာသ်' ဝတ်ပြုမှုကို ဆောက်တည်ကြရန်ကိုလည်းကောင်း၊ 'ဇကားသ်' ပေးဆောင်ကြရန်ကိုလည်းကောင်း 'ဝဟီ' အမိန့်တော်ကို ထုတ်ပြန်တော်မူခဲ့၏။ စင်စစ် ၎င်းတို့သည် ငါအသျှင်မြတ်အား ခဝပ်ကိုးကွယ်သူများပင် ဖြစ်ခဲ့ကြကုန်၏။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ငါအသျှင်မြတ်သည် ထို (မူစာ عليه السلام ၏ ခေတ်သမယ) အလျှင်က အီဗ်ရာဟီးမ် عليه السلام အား ၎င်း၏ (အဆင့်အတန်းနှင့် လျော်ညီစွာ) ဆင်ခြင်တုံတရား အသိဉာဏ်ကို ချီးမြှင့်တော်မူခဲ့သည်။ ငါအသျှင်မြတ်သည် ၎င်း၏ (ကျင့်စဉ်နှင့် အသိပညာတို့၏ အရည်အချင်းတို့ကို) ကောင်းစွာ သိတော်မူသော အသျှင် ဖြစ်တော်မူ၏။ (၎င်းသည် အရည်အချင်းပြည့်ဝသူ ဖြစ်သည်။ ၎င်း၏ လွန်ခဲ့ပြီးသော ထိုအချိန်သည် သတိရ အောက်မေ့ဖွယ်အချိန် ဖြစ်သည်။ ၎င်း (အီဗ်ရာဟီးမ်) သည် မိမိ၏ ဖခင်နှင့် မိမိ၏ အမျိုးသားများအား (၎င်းတို့သည် ရုပ်တုများ ကိုးကွယ်ခြင်း၌ နစ်မွန်းနေကြသည်ကို တွေ့မြင်လျက်) 'အသင်တို့သည် ဤ (အကျိုးမဖြစ်နိုင်သော) ရုပ်တုများ (အား ကိုးကွယ်ဆည်းကပ်ခြင်း) ကို ပြုနေကြပါသလော' ဟု မေးမြန်းခဲ့လေသည်။ ၎င်းတို့က ပြောကြား (ဖြေကြား) သည်မှာ 'ကျွန်ုပ်တို့သည် မိမိတို့၏ အဘ၊ ဘိုး၊ ဘွားတို့အား ထိုရုပ်တုများအား ကိုးကွယ်သူများအဖြစ် မြင်တွေ့ခဲ့ကြပါသည်။ (၎င်းတို့သည်ကား အသိဉာဏ်ရှိသူများ ဖြစ်ကြပါသည်။ ဆိုလိုသည်မှာ ဤရုပ်တုများသည် ကိုးကွယ်ဆည်းကပ်ခြင်း ပြုထိုက်ပါသည်ဟု ဆိုလိုခြင်းဖြစ်သည်)' ဟု ပြောဆို (ဖြေကြား) ကြလေသည်။ အီဗ်ရာဟီးမ် عليه السلام က 'အသင်တို့သည်လည်းကောင်း အသင်တို့၏ အဘ၊ ဘိုး၊ ဘွားတို့သည်လည်းကောင်း (ထိုရုပ်တုများအား ကိုးကွယ်ဆည်းကပ်ရာအဖြစ် မှတ်ယူရာတွင်) ထင်ရှားစွာသော မှောက်မှားမှု၌ ရှိခဲ့ကြသည်' ဟု ပြောကြားခဲ့သည်။ (ဆိုလိုသည်မှာ ၎င်းတို့ထံ၌ မိမိတို့၏ ကိုးကွယ်ဆည်းကပ်ရာ အသျှင်ဖြစ်ကြောင်း မည်သည့်အထောက်အထားမျှ မရှိပေ။ ထို့ကြောင့် ၎င်းတို့မှာ လမ်းမှားခြင်း၌ ဖြစ်ရပေသည်။ ထို့နောက် အသင်တို့သည် အထောက်အထား အကိုးအကားမရှိဘဲ စိတ်၏ တွေးထင်ရာနောက်သို့ လိုက်နေသူတို့၏ နောက်လိုက်မှု ပြုသည့်အတွက် အသင်တို့သည် လမ်းမှားသို့ ရောက်ကြရပေသည်။ ထိုအခါ ၎င်းတို့သည် မကြားဘူးခဲ့ကြသော ဤသို့သော စကားကို ကြား၍ အံ့သြစွာဖြင့်) ၎င်းတို့က (အို၊ အီဗ်ရာဟီမ်) 'အသင်သည် (မိမိထံပါး၌) အမှန်စကားဟု (မှတ်ယူလျက်) ကျွန်ုပ်တို့အား တင်ပြနေခြင်းလော။ (သို့) စိတ်ထင်ရာကို ပြောဆိုနေခြင်းလော' ဟု (မေးမြန်း) ကြလေသည်။

ဟဇရသ်အီဗ်ရာဟီမ် عليه السلام က ပြောဆိုသည်မှာ (စိတ်ထင်ရာ ပြုလုပ်ပြောဆိုခြင်း) မဟုတ်ပါ။ အမှန်စကားပင် ဖြစ်ပါသည်။ ဤသည် ကျွန်ုပ်ထံ၌သာမဟုတ်ဘဲ ၎င်းတို့သည် ကိုးကွယ်ဆည်းကပ်ခြင်း ခံထိုက်သူများမဟုတ်ကြောင်းမှာ ဧကန်မုချ အမှန်တရားပင်ဖြစ်ပါသည်။) ထိုမျှမက အသင်တို့၏ အသျှင် (ဆည်းကပ်ကိုးကွယ်ခြင်း ခံထိုက်သော အစစ်အမှန်ဖြစ်သော အသျှင်) မှာ မိုးကောင်းကင်များနှင့် ကမ္ဘာမြေပထဝီကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ပင် ဖြစ်သည်။ ထိုအသျှင်မြတ်သည် ထိုအရာ (မိုး

ကောင်းကင်များနှင့် မြေပထဝီကိုလည်းကောင်း ၎င်းတို့နှစ်ခုအတွင်း၌ရှိသော ဤရုပ်တုများ အပါအဝင် ဖန်ဆင်းခံ) အားလုံးတို့ကို ဖန်ဆင်းတော်မူခဲ့သည်။ ထို့နောက် ကျွန်ုပ်သည် ဤ (ကြွေးကြော်မှု) အပေါ်၌ သက်သေအဖြစ် ရှိပါသည်။ (အသင်တို့ပြုသကဲ့သို့ အသိဉာဏ်မဲ့သူများ ပုံစံဖြင့် ကျွန်ုပ် မပြုလုပ်ပါ) ၎င်းအပြင် အလ္လာဟ်အသျှင်မြတ်၏ ကစမ်၊ အသင်တို့ (ထိုရုပ်တုများအပါးမှ) ပြန်သွားကြပြီးနောက် ကျွန်ုပ်သည် အသင်တို့၏ ထိုရုပ်တုများနှင့် စပ်လျဉ်း၍ လျှို့ဝှက်ကြံစည်မှု ပြုမည်ဖြစ်သည်။ သို့မှသာ ၎င်းတို့၏ ချို့တဲ့မှုနှင့် မည်သို့မျှ မတတ်စွမ်းနိုင်ခြင်းများမှာ ပို၍ ပေါ်လွင်ထင်ရှားလာပေမည်။ ထိုသူတို့သည် အီဗ်ရာဟီမ် عليه السلام အား 'ဤသူသည် တစ်ဦးတည်းသာဖြစ်သည့်အတွက် ကျွန်ုပ်တို့နှင့် ဆန့်ကျင်၍ မည်သည့် အရာ ပြုလုပ်နိုင်ပါမည်နည်းဆိုသည့် သဘောဖြင့် မည်သို့မျှ အလေးမမူဘဲ ထွက်သွားကြလေသည်။) သို့ရှိရာ (၎င်းတို့ ထွက်သွားကြပြီးနောက်) အီဗ်ရာဟီးမ် عليه السلام သည် ထိုရုပ်ပွားဆင်းတုများကို (ပုဆိန် စသည်တို့ဖြင့် ချိုးဖဲ့ဖျက်ဆီး၍) အပိုင်းပိုင်းအစစ ပြုလုပ်လိုက်လေသည်။ အကြီးဆုံးသော ရုပ်တုကိုမူ ချန်ထားခဲ့သည်။ (ထိုရုပ်တုသည် ခန္ဓာကိုယ်တွင်လည်းကောင်း၊ ထိုသူတို့၏အမြင်၌လည်းကောင်း အမြတ်ဆုံး ဟု မှတ်ယူသည့် ရုပ်တုဖြစ်သည်။ ဤသို့ ပြုလုပ်ခြင်းသည် ရုပ်တုတစ်ခုတည်း ကျန်ရှိပြီး ကျန်ရုပ်တုအား လုံးတို့ ကျိုးပဲ့ခြင်းသည် ဤကျန်ရှိသည့် ရုပ်တုကပင် အားလုံးကို ချိုးဖဲ့ဖျက်ဆီးခြင်း ဖြစ်တန်ရာဟူ၍ ဒွိဟသံသယဖြစ်စေရန် ရည်ရွယ်ခြင်းဖြစ်သည်။ သို့ရှိရာ ၎င်းတို့သည် အစကနဦးတွင်မူ ဤသို့ ဒွိဟသံသယ ဖြစ်မိကြပေလိမ့်မည်။ နောက်တွင်မှ ၎င်းတို့သည် ချိုးဖဲ့ဖျက်ဆီးသူကို ဆန်းစစ်ရှာဖွေကြလိမ့်မည်။ ထိုရုပ်တု ကြီးအပေါ်၌ ဒွိဟသံသယလည်း ဖြစ်မည်မဟုတ်တော့ပေ။ ၎င်းတို့အနေဖြင့် ထိုရုပ်တု၏ ချို့တဲ့မှုနှင့် ပြုနိုင် စွမ်း မရှိခြင်းတို့ကို သိရှိသွားကြပေမည်။ ၎င်းတို့အဖို့ အထောက်အထားမရှိ ဖြစ်သွားကြပေမည်။ သို့ရှိရာ နောက်ဆုံးတွင် ၎င်းတို့အား အဖြေမရှိဖြစ်အောင် ပြုလုပ်ရန်ဖြစ်သည်။ ထို့အပြင် ဤရုပ်တု၌ ချို့တဲ့ခြင်း၊ မစွမ်းနိုင်ခြင်းတို့ကို အတည်ဖြစ်စေရန်ကိုလည်း ရည်ရွယ်ခြင်းဖြစ်သည်။ ဤတွင် အချို့က ငြင်းဆိုကြမည်။ တစ်စုံတစ်ဦးက ထောက်ခံယုံကြည်ခြင်း ပြုမည်။ ထို့ကြောင့် ရုပ်တုကြီးတစ်ခုတည်းကို ပကတိအတိုင်း ချန်ထားခဲ့ပြီး အားလုံးကို ချိုးဖဲ့ ဖျက်ဆီးလိုက်ခြင်းဖြစ်သည်။)

ထိုသို့ ပြုလုပ်လိုက်ခြင်းဖြင့် ၎င်းတို့သည် အီဗ်ရာဟီမ် عليه السلام ထံသို့ (စုံစမ်းရန် သဘောဖြင့်) ပြန်လာ ကြပေမည်။ အချုပ်မှာ ၎င်းတို့သည် ဝတ်ပြုရာ ဘုရားကျောင်းသို့ ရောက်ရှိကြသောအခါ ကိုးကွယ်ရာ ရုပ်တုများ၏ ဆိုးရွားသည့် အခြေအနေကို တွေ့မြင်လျက် အချင်းချင်း) ၎င်းတို့က ပြောဆိုကြသည်မှာ 'ကျွန်ုပ်တို့၏ ကိုးကွယ်ရာများ ဤကဲ့သို့ (ရှိုင်းပျစွာ) မည်သူက ပြုလုပ်ပါသနည်း။' ဤသို့ ပြုလုပ်ထားခြင်း ကြောင့် ထိုသူများ အလွန် ဒေါသူပုန်ထကြမည်မှာ မုချဖြစ်သည်။ (ဤစကားအား تالله لاكيدن ဟူ၍ ဟဇရတ်အီဗ်ရာဟီမ် عليه السلام ပြောကြားသည်ကို ကြားသိခြင်းမရှိခဲ့သူတို့က မေးမြန်းခြင်း ဖြစ်သည်။ (သို့) ထိုစကားပြောဆိုချိန်၌ မရှိသူများ ဖြစ်ပေမည်။ အကြောင်းမှာ ထိုစကားပြောဆိုသည့် အချိန်တွင် လူအားလုံး တစ်စုတည်းရှိနေရန် မဖြစ်နိုင်ပေ။ အကယ်၍ ရှိနေသည်ဆိုလျှင်လည်း အားလုံး မကြားနိုင်ဘဲ အချို့ကသာ ကြားခဲ့ခြင်းဖြစ်မည်။

[ဒုရ်ရေမန်ဆူးရ်ကျမ်း]

(ဤအကြောင်းကို သိရှိသူအချို့က) ကျွန်ုပ်တို့သည် အိဗ်ရာဟီမ်ဟု ခေါ်တွင်သူ လူငယ်တစ်ဦးအား ဤရုပ်တုများနှင့် စပ်လျဉ်း၍ (မကောင်း) ပြောဆိုသည်ကို ကြားဘူးခဲ့ကြပါသည်ဟု ပြောဆိုလေသည်။ ထို့နောက် ၄င်းတို့အားလုံးက (သို့မဟုတ် ဦးစွာပထမ မေးမြန်းခဲ့သူများက) ပြောဆိုသည်မှာ (ဤသို့ ဆိုလျှင်) ၄င်းအား လူအားလုံးတို့၏ မျက်မှောက်၌ ခေါ်ဆောင်ခဲ့ကြလော့။ (၄င်းက ဝန်ခံမည်ဆိုလျှင်) လူအားလုံးတို့က (၄င်း၏ ဝန်ခံခြင်းကို) သက်သေဖြစ်ကြပေလိမ့်မည်။ (ထို့နောက် အထောက်အထားများ နှင့်တကွ ၄င်းအား အပြစ်ဒဏ်ခတ်မည်ကို မည်သူကမျှ ရှုတ်ချခြင်း ပြုနိုင်မည်မဟုတ်ပေ။ အချုပ်မှာ အားလုံး၏ ရှေ့မှောက်သို့ အိဗ်ရာဟီမ် عليه السلام ရောက်ရှိလာပြီး ၄င်းအား 'အို၊ အိဗ်ရာဟီမ် عليه السلام ၊ အသင် သည် ကျွန်ုပ်တို့၏ ကိုးကွယ်ရာများအပေါ် ဤသို့သော ပြုမူခြင်းများ ပြုခဲ့ပါသလော'ဟု ၄င်းတို့က မေးမြန်းကြလေရာ အိဗ်ရာဟီမ် عليه السلام က (တုန့်ပြန်) ဖြေကြားသည်မှာ '(ဤအလုပ်ကို ကျွန်ုပ် ပြုလုပ် ခြင်း) အလျဉ်းမဟုတ်။ ထိုမျှမက ၄င်းတို့အနက် အကြီးဆုံးဆင်းတုကပင် ပြုလုပ်ခြင်းဖြစ်သည်' ဟု (အဘယ်ကြောင့် သံသယမရှိကြပါသနည်း။ အကယ်၍ ထိုဆင်းတုအကြီးဆုံးသည် ဤသို့ ပြုလုပ်သူ ဖြစ်သည်ဟု ယူဆနိုင်ပါက ဆင်းတုအငယ်များသည် စကားပြောဆိုနိုင်ကြောင်း ယူဆရပေမည်။) သို့ရှိရာ အသင်တို့သည် ထိုရုပ်တုများက စကားပြောဆိုတတ်ကြသည်ဖြစ်လျှင် ၄င်းတို့ကို (သာ) မေးမြန်း (၍ ကြည့်) ကြပါ။ (အကယ်၍ ကြီးသော ရုပ်တုသည် ဤအမှုကို မပြုလုပ်နိုင်သူဖြစ်ခြင်းနှင့် အခြားသော ရုပ်တုငယ်များ၌ စကားပြောဆိုနိုင်စွမ်း မရှိဟုဆိုပါလျှင် ထိုရုပ်တုအားလုံးတို့တွင် ချို့တဲ့မှု၊ မစွမ်းနိုင်မှု များသာဖြစ်ကြောင်း အသင်တို့ လက်ခံလိုက်ကြခြင်းပင် ဖြစ်သည်။ သို့ရှိရာ ၄င်းတို့အား ကိုးကွယ်ရာများ ဟူ၍ ယုံကြည်ချက် မည်သို့ ထားနေကြပါသနည်း။)

ထိုစကားအပေါ် ၄င်းတို့အားလုံးသည် မိမိတို့စိတ်တွင်းမှ တွေးတောစဉ်းစားကြပြီး (အချင်းချင်း) ပြောဆိုကြသည်မှာ စေန်စင်စစ် အသင်တို့သာလျှင် အမှားကျူးလွန်သူများ ဖြစ်ကြသည်။ (အိဗ်ရာဟီမ် သည် အမှန်တရားပေါ်၌ ရှိသည်။ ချို့တဲ့မှုရှိသော အရာသည် မည်ကဲ့သို့ ကိုးကွယ်ရာအသျှင် ဖြစ်နိုင်မည် နည်း။) ထို့နောက် (အရှက်တရားရလျက်) ၄င်းတို့သည် မိမိတို့၏ ဦးခေါင်းများကို အောက်သို့ စိုက်၍ (အိဗ်ရာဟီမ် عليه السلام အား အလွန်နိမ့်ကျသည့် လေသံဖြင့် ပြောဆိုသည်မှာ) 'အို၊ အိဗ်ရာဟီမ်၊ ဤရုပ်ပွား ဆင်းတုများသည် (အလျဉ်း) စကားပြောဆိုနိုင်ကြသည် မဟုတ်ကြောင်း အသင် ကောင်းစွာ သိပါသည်' ဟု ပြောဆိုခဲ့ကြသည်။ (ကျွန်ုပ်တို့သည် ၄င်းတို့အား မည်သို့ မေးမြန်းရပါမည်နည်း။ ၄င်းရုပ်တုကြီးသည် ဤသို့ ပြုနိုင်စွမ်းမရှိသည်မှာ အမှန်ပင် သေချာပါသည်။ ထိုအခါ) အိဗ်ရာဟီမ် عليه السلام က (ကောင်းစွာ နားထောင်ပြီး) မိန့်ဆိုသည်မှာ သို့ပါလျက် အသင်တို့သည် အလ္လာဟ်အသျှင်မြတ်အပြင် အသင်တို့အား အကျိုးဖြစ်ထွန်းစေနိုင်ခြင်းလည်း မရှိ။ အကျိုးယုတ်နိုင်စေခြင်းလည်း မရှိသည့် အရာများကို ကိုးကွယ် ဆည်းကပ်နေကြသလော။ အသင်တို့အပေါ် 'လအ်နသ်'ကျရောက်ပါစေ။ (အမှန်တရား၏ အလင်းရောင် ကျရောက်နေပါလျက် ငြင်းဆိုခြင်းအပေါ် သုံးနှုန်းခြင်းဖြစ်သည်။) အသင်တို့သည်လည်းကောင်း၊ အသင်တို့ ၏ ကိုးကွယ်ရာများသည်လည်းကောင်း စက်ဆုပ်ဖွယ်ကောင်းလှပေသည်။ အသင်တို့သည် ဤမျှပင် အသိ

ဉာဏ်မရှိကြလေသလော။ (ထိုစကားအားလုံးတို့ ပြောဆိုခြင်း၏ အဓိကရည်ရွယ်ချက်မှ ချိုးဖဲ့ဖျက်ဆီးခြင်းကို ငြင်းဆိုရန် ပြောခြင်းမဟုတ်ပေ။ လက်စားချေမည့် အရိပ်အမြွက်များ တွေ့ရှိရခြင်းကြောင့် ငြင်းဆိုသည်မဟုတ်ဟု ထင်မှတ်ရသော စကားများကို ပြောဆိုရခြင်းဖြစ်သည်။ ဟဇရသ်အိဗ်ရာဟီမ် ﷺ က ချိုးဖဲ့ဖျက်ဆီးကြောင်းကိုမူ ၄င်းတို့ သိရှိသွားရပြီးဖြစ်သည်။

ထိုစကားများအပေါ် အခြေမရှိ ဖြစ်လာကြလေသော် အသိဉာဏ်မဲ့သူတို့အဖို့ အခြေမရှိ၊ အင်အားရှိသည့်အပေါ် ရန်လိုမှုများ ဖြစ်လာကြသည်။ သို့ရှိရာ အချင်းချင်း) ၄င်းတို့ ပြောဆိုကြသည်မှာ ထို (အိဗ်ရာဟီမ်) အား မီးတင်ရှို့လျက် မိမိတို့၏ ကိုးကွယ်ရာများအတွက် (၄င်းအား) လက်စားချေကြကုန်။ အကယ်၍ အသင်တို့သည် တစ်စုံတစ်ရာပြုလုပ်မည်ဆိုလျှင် (ဤအလုပ်ကို ပြုလုပ်ပါ။ ထိုသို့မဟုတ်ပါက ဤစကားသည် လုံးဝပျောက်ကွယ်သွားပါလိမ့်မည်။ နောက်ဆုံးတွင် အားလုံးတို့သည် တစ်ညီတစ်ညွတ်တည်း မီးတင်ရှို့ရန် ကိစ္စကို စီစဉ်ကြသည်။ ထို့နောက် အိဗ်ရာဟီမ် ﷺ အား ထိုမီးပုံကြီး၌ ထည့်လိုက်ကြသည်။ ထိုအခါ) 'ငါအသျှင်မြတ်သည် (မီးအား) အသင်သည် အိဗ်ရာဟီမ် ﷺ အပေါ်၌ အေးမြ၍ ငြိမ်းချမ်းသာယာခြင်းများ ဖြစ်လော'ဟု မိန့်ကြားတော်မူလိုက်၏။ (ဆိုလိုသည်မှာ လောင်ကျွမ်းသွားစေမည့် ပူလောင်ခြင်း မဖြစ်လေနှင့်။ ရေခဲဖြစ်သွားလောက်အောင် အေးမြခြင်းလည်း မရှိစေနှင့်။ အကြောင်းမှာ ဤအေးမြခြင်းကြောင့် ဒုက္ခရောက်စေနိုင်သောကြောင့် ဖြစ်သည်။ ထို့ပြင်မက လေပြေလေညင်းများသဖွယ် ဖြစ်ရှိလော။ သို့ရှိရာ ထိုအတိုင်းပင် ဖြစ်ခဲ့လေသည်။ အိဗ်ရာဟီမ်နှင့် ပတ်သက်၍ (ပျက်စီးပါစေဟု) မကောင်းကြံရွယ်သူတို့အား ၄င်းတို့၏ အကြံအစည်များကို ငါအသျှင်မြတ်က အကျိုးမဲ့ ဖြစ်စေခဲ့သည်။ (၄င်းတို့၏ အကြံအစည် မအောင်မြင်ဘဲ ၄င်းတို့၏ ယူဆချက်နှင့် ဆန့်ကျင်လျက် အမှန်တရားပေါ်၌ ရပ်တည်သူ အိဗ်ရာဟီမ် ﷺ ၏ အမှန်တရားသည် ပို၍ အတည်ဖြစ်ခဲ့သည်။)

ထို့နောက် ငါအသျှင်မြတ်သည် အိဗ်ရာဟီမ် ﷺ နှင့် (ဒွရ်ရေမန်ဆူးရ်ကျမ်းတွင် အိဗ်နေအဗ္ဗားစ် ﷺ ၏ ဆင့်ပြန်ချက်အရ ၄င်း၏ တူတော်မောင်) လူးသ် ﷺ တို့အား (၄င်းသည် မိမိအမျိုးသားများနှင့် ဆန့်ကျင်လျက် အိဗ်ရာဟီမ် ﷺ အပေါ် လက်ခံယုံကြည်ခဲ့သူဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင် فَاٰمَنَ لَهٗ لُوۡطٌ ဟူ၍ မိန့်ကြားချက်ရှိပေသည်။ ထို့ကြောင့် အမျိုးသားများက ၄င်းအားလည်း ရန်လိုမှုများ ပြုခဲ့ကြပြီး ဆီးရီးယားနိုင်ငံသို့) စေလွှတ်၍ (ကာဖိရ်များ၏ ဒုက္ခပေးခြင်း အန္တရာယ်များမှ) ကယ်တင်တော်မူခဲ့သည်။ ထိုနိုင်ငံတွင် ငါအသျှင်မြတ်သည် ကျက်သရေမင်္ဂလာ၊ သုခချမ်းသာနှင့် ပြည့်စုံသည့် ဒေသအဖြစ် ပြုတော်မူထားသည်။ (လောကီရေးနှင့် စပ်လျဉ်း၍ အလွန်ကောင်းမွန်သည့် သစ်သီးဝလံပန်းမန်များ အလွန်များပြားစွာ ထွက်ရှိသည်။ အခြားဒေသမှ လူတို့သည်လည်း ဤအရာများဖြင့် အကျိုးခံစားခွင့် ရရှိနိုင်ကြသည်။ သာသနာအရေးနှင့် စပ်လျဉ်း၍ နဗီတမန်တော်များစွာတို့သည် ထိုဒေသ၌ ရောက်ရှိခဲ့ကြပြီး ၄င်းတို့၏ ရှရီအသ်တရားတော်များ၏ 'ဗရ်ကသ်'မင်္ဂလာတော်တို့သည် ဝေးလံခေါင်သီသည့် ကမ္ဘာ့ဒေသအသီးသီး၌ ပြန့်နှံ့ခဲ့သည်။

ဆိုလိုသည်မှာ ဆီးရီးယားနိုင်ငံဘက်သို့ အသျှင်မြတ်၏ ခွင့်ပြုချက်ဖြင့် ၎င်းတို့သည် ဟိဂျ်ရသ် ပြုခဲ့ကြသည်။) ထို့အပြင် ငါအသျှင်မြတ်သည် (ဟိဂျ်ရသ်ပြုပြီးနောက်) ၎င်းအား (သားတော်) အိစ်ဟားက် နှင့် (မြေးတော်) ယအ်ကူးဗ်တို့ကို ချီးမြှင့်တော်မူခဲ့သည်။ ၎င်းတို့ (ဖခင်၊ သား၊ မြေး) တို့ အားလုံးကို (အဆင့်အတန်းမြင့်မားသည့်) သူတော်စင်၊ သူတော်ကောင်းများ ဖြစ်စေတော်မူခဲ့သည်။ (အဆင့်အတန်း မြင့်မားသည့် သူတော်စင်များဆိုသည်မှာ လူသားများအနက်မှ နဗီဖြစ်ခြင်း၏ ဂုဏ်သိက္ခာဖြစ်သည်။ ဆိုလို သည်မှာ ၎င်းတို့အားလုံးကို နဗီအဖြစ် ပြုတော်မူခဲ့သည်။) ထို့နောက် ငါအသျှင်မြတ်သည် ၎င်းတို့ (အားလုံး) ကို ('နဗူဝသ်'အတွက် အရေးကြီးသည့်အချက်ဖြစ်သော) ရှေ့ဆောင်ရှေ့ရပ်များအဖြစ် ချီးမြှင့်တော်မူခဲ့ သည်။ အကြောင်းမှာ ငါအသျှင်မြတ်၏ အမိန့်တော်ဖြင့် (သက်ရှိတို့အား) တရားလမ်းမှန် ညွှန်ပြနိုင်ရန် ဖြစ်သည်။ (ဤသည် 'နဗူဝသ်'၏ အဆင့်အတန်းများမှ ဖြစ်သည်။) ထို့နောက် ငါအသျှင်မြတ်သည် ၎င်း တို့ထံ ကောင်းမြတ်သော အကျင့်အမူများကို ကျင့်မူဆောက်တည်ကြရန်လည်းကောင်း၊ (အထူးသဖြင့်) နမာဇ်ဝတ်ပြုမှုကို ဆောက်တည်ကြရန်လည်းကောင်း၊ 'ဇကားသ်' ပေးဆောင်ကြရန်လည်းကောင်း 'ဝဟီ' အမိန့်တော်ကို ထုတ်ပြန်ပို့ချတော်မူခဲ့သည်။ (ဆိုလိုသည်မှာ ဤအလုပ်များကို ပြုလုပ်ကြကုန်ဟု ဖြစ်သည်) စင်စစ် ၎င်းတို့သည် ငါအသျှင်မြတ်အား (ကောင်းစွာ) ခစားကိုးကွယ်သူများ ဖြစ်ခဲ့ကြသည်။ (အမိန့်တော် ချမှတ်သမျှကို ၎င်းတို့သည် ကောင်းစွာ အမိန့်နာခံကြသည်။ သို့ရှိရာ صالحين သည် 'နဗူဝသ်'၏ ပြည့်စုံမှုကိုလည်းကောင်း၊ اوحينا اليهم فعل الخيرات သည် အသိပညာ ပြည့်စုံခြင်းကိုလည်းကောင်း၊ كانو النا عابدين သည် ပြုမူကျင့်ဆောင်ခြင်းများ၏ ပြည့်စုံခြင်းကိုလည်းကောင်း ائمةً يهدونى သည် အခြားသူများအား တရားလမ်းမှန် ညွှန်ပြခြင်း၏ ပြည့်စုံမှုတို့ကိုလည်းကောင်း ပြည့်ဝစွာ ညွှန်ပြ ထားသည်။

သိမှတ်ဖွယ်ရာများနှင့် ပြဿနာများ

وَتَاللّٰهِ لَاَ كِيْدَنَّ اَصْنَامَكُمْ

အာယသ်တော်၏ စာလုံးများအရ ဤစကားကို ဟဇရသ်အိဗ်ရာဟီမ် عليه السلام သည် မိမိအမျိုးသားများ ရှေ့တွင် ပြောခဲ့ကြောင်း ထင်ရှားပေသည်။ သို့ရာတွင် ဟဇရသ်အိဗ်ရာဟီမ် عليه السلام က မိမိ၏ အမျိုးသား များကို اِنِّى سَقِيْمٌ ကျွန်ုပ် မကျန်းမမာဖြစ်နေသည်ဟု ပြောဆို၍ 'အီးဒ်' နေ့၌ ၎င်းတို့နှင့်အတူ လိုက်ပါရန် ငြင်းဆိုခဲ့သည်။ ထို့နောက် ရုပ်ပွားဆင်းတုများအား ချိုးဖဲ့ဖျက်ဆီးခြင်း ဖြစ်ပေါ်လာ၍ အမျိုးသားများက ဤအလုပ်ကို မည်သူ ပြုလုပ်ပါသနည်းဟူ၍ ပြုလုပ်သူအား ရှာဖွေကြခြင်းနှင့် စပ်လျဉ်း၍ သံသယရှိသည်။ အကယ်၍ အိဗ်ရာဟီမ် عليه السلام ပြောဆိုသည့် စကားအား မူလကပင် သိရှိခဲ့ပါလျှင် ဤဖြစ်ရပ်များ မည်သို့ ဖြစ်လာပါမည်နည်း။ ထိုသံသယ၏ အဖြေကို အပေါ်၌ အနှစ်ချုပ်ဖွင့်ဆိုချက်တွင် အိဗ်ရာဟီမ် عليه السلام သည်

တစ်ဦးတည်းသောသူ ဖြစ်သည်။ တစ်မျိုးသားလုံးနှင့် ယှဉ်ပြိုင်ရန် ၎င်း၌ မည်သည့်အခြေအနေ အင်အားမျှ မရှိဟု ယူဆလျက် အိဗ်ရာဟီမ် عليه السلام ၏ ထိုစကားကို တစ်မျိုးသားလုံးက အလေးမမူခဲ့ခြင်း ဖြစ်နိုင်သည်။ ထို့နောက် မေ့လျော့သွားခြင်းလည်း ဖြစ်နိုင်သည်ဟု တင်ပြခဲ့သည်။ *[ဗယာနုလ်ကုရ်အာန်ကျမ်း]*

ထို့ပြင် ထိုအပြစ်ကျူးလွန်သူအား ရှာဖွေစုံစမ်းသူများသည် အိဗ်ရာဟီမ် عليه السلام ပြောကြားခဲ့စဉ်က မရှိခဲ့သူ၊ ထိုစကားကို မကြားသိခဲ့သူများလည်း ဖြစ်နိုင်သည်။ အဖွင့်ပညာရှင်များအနက် မုဂျာဟိဒ်နှင့် ကသာဒဟ်တို့၏ အဆိုမှာ ဤစကားကို ဟဇရတ်အိဗ်ရာဟီမ် عليه السلام သည် မိမိ၏ အမျိုးသားများရှေ့မှောက်တွင် ပြောဆိုခဲ့ခြင်းမဟုတ်ဘဲ မိမိစိတ်၌သာ ပြောဆိုခဲ့ခြင်းဖြစ်သည်။ (သို့) အမျိုးသားများ ထွက်သွားကြပြီးနောက် ကျန်ရှိနေခဲ့သူ အဖိုးကြီးတစ်ဦးနှစ်ဦးအား ပြောပြခဲ့ခြင်း ဖြစ်သည်။ ရုပ်တုများ ချိုးဖွဲ့ဖျက်ဆီးခံရသည့်ဖြစ်ရပ် ပေါ်ပေါက်လာသည့်အခါ အမျိုးသားများက ထိုလုပ်ရပ်အား ပြုလုပ်သူကို ရှာဖွေစုံစမ်းစဉ် ထိုသို့ ပြောဆိုကြခြင်းဖြစ်သည်။ *[ကုရ်သုဗီကျမ်း]*

فَجَعَلَهُمْ جُذٰذًا

جُذَاذً သည် جِذٌّ ၏ အများကိန်းဖြစ်သည်။ အပိုင်းအစဟု ခေါ်သည်။ ဆိုလိုသည်မှာ အိဗ်ရာဟီမ် عليه السلام သည် ထိုဆင်းတုများအား ချိုးဖွဲ့၍ အပိုင်းပိုင်းပြုလုပ်ခဲ့သည်။ اِلَّا كَبِيْرًا لَّهُمْ အကြီးဆုံး ရုပ်တုကို ချိုးဖွဲ့ခြင်းမပြုဘဲ ချန်လှပ်ထားခဲ့သည်။ ထိုရုပ်တုသည် ကြီးမားခြင်းကြောင့် (သို့) မိမိ၏ ကြီးမားခြင်းသည် အခြားရုပ်တုများထက် ကြီးမားခြင်းကြောင့် ဖြစ်သည်။ ထို့ပြင် ထုထည်ခန္ဓာ အကြီးဆုံး ဖြစ်သည့်အလျောက် ဤရုပ်တုကြီးသည် အခြားရုပ်တုများထက် ပို၍ မြတ်သည်ဟူသော အယူဝါဒရှိသောကြောင့်လည်း ဖြစ်နိုင်သည်။

لَعَلَّهُمْ اِلَيْهِ يَرْجِعُوْنَ

ဤအာယသ်တော်တွင် اِلَيْهِ ဟူသည့် နာမ်စားသုံးနှုန်းမှုတွင် အဓိပ္ပာယ်နှစ်မျိုး ကောက်ယူနိုင်သည်။ တစ်မျိုးမှာ အနှစ်ချုပ်ဖွင့်ဆိုချက်တွင် တင်ပြခဲ့သကဲ့သို့ ဟဇရတ်အိဗ်ရာဟီမ် عليه السلام ဘက်သို့ ညွှန်းဆိုသော နာမ်စားဖြစ်သည်။ ဟဇရတ်အိဗ်ရာဟီမ် عليه السلام သည် မိမိ၏ ပြုမူဆောင်ရွက်ချက်အပေါ် ထားရှိသည့် ရည်ရွယ်ချက်မှာ ‘ဤသူတို့သည် ကျွန်ုပ်ထံ ပြန်လည်ရောက်ရှိလာကြပေမည်။ ကျွန်ုပ်အား အသင်သည် အဘယ်ကြောင့် ဤသို့ ပြုလုပ်ပါသနည်း’ဟု မေးမြန်းကြလိမ့်မည်။ ထိုအခါ ‘ကျွန်ုပ်သည် ၎င်းတို့၏ အသိဉာဏ်မဲ့မှုများကို ဖော်ထုတ်အသိပေးမည်’ဟု ဖြစ်သည်။

اِلَيْهِ يَرْجِعُوْنَ

၏ အခြားအလိုသဘောတစ်ခုမှာ ဟဇရတ်အိဗ်ရာဟီမ် عليه السلام က ဤသို့ ပြုမူခြင်း၏ ရည်ရွယ်ချက်မှာ ၎င်းတို့သည် မိမိတို့၏ ရုပ်တုများ အပိုင်းပိုင်းအစစ ဖြစ်နေသည်ကို တွေ့မြင်ကြပြီး ဤအရာများသည်

ကိုးကွယ်ခြင်းခံထိုက်သူများ မဟုတ်ဟု အသိဉာဏ်ဝင်ရောက်လာပြီး ဟဇရတ်အီဗ်ရာဟီမ် عليه السلام ၏ သာသနာဘက်သို့ ဦးတည်လာလိမ့်မည်ဟု မျှော်လင့်လျက် ပြုလုပ်ခြင်းဖြစ်သည်။

ကလ်ဘီက မိန့်ဆိုသည်မှာ اليه ၏ နာမ်စားသည် كبير အကြီးဆုံးရုပ်တုဘက်သို့ ညွှန်းဆိုသည်။ အဓိပ္ပာယ်မှာ 'ငင်းတို့ ပြန်ရောက်လာပြီး မိမိတို့၏ ကိုးကွယ်ရာများ အပိုင်းပိုင်းအစစ ဖြစ်နေခြင်း၊ အကြီးဆုံးရုပ်တုမှာ အကောင်းပကတိအတိုင်း ရှိနေခြင်း၊ ငင်း၏ ပခုံးပေါ်၌ ပုဆိန်တင်ထားခြင်းတို့ကို တွေ့မြင်ရသောအခါ ငင်းရုပ်တုကြီးရှိရာသို့ လှည့်သွားကြပြီး ငင်းအား 'ဤအရာများ မည်သို့ ဖြစ်သွားရပါသနည်း' ဟု မေးမြန်း ကြရာ ထိုရုပ်တုက မည်သို့မျှ ဖြေကြားနိုင်ခြင်း မရှိသည့်အပေါ် ထိုရုပ်တုလည်း ချို့တဲ့ခြင်းရှိကြောင်း ငင်းတို့အဖို့ ရှင်းလင်းစွာ သိရှိသွားကြပေမည်' ဟု ဖြစ်သည်။

ဟဇရတ်အီဗ်ရာဟီမ် عليه السلام ၏ စကားသည် မုသားမဟုတ်၊ သွယ်ဝိုက်၍ ပြောဆိုသည့် စကားဖြစ်ကြောင်း ရှင်းလင်းချက်နှင့် ဆန်းစစ်ခြင်း

قَالَ بَلْ فَعَلَهٗ كَبِيْرُ هُمْ هٰذَا فَسْئَلُوْ هُمْ اِنْ كَانُوْا يَنْطِقُوْنَ

ဟဇရတ်အီဗ်ရာဟီမ် عليه السلام အား ငင်း၏ အမျိုးသားများက ဖမ်းဆီး၍ ခေါ်ဆောင်လာကြပြီး ငင်းအား ဝန်ခံစေရန် မေးမြန်းကြလေသည်။ 'အသင်သည် ကျွန်ုပ်တို့၏ ကိုးကွယ်ရာများအား ဤသို့ ပြုလုပ်ပါသလော' ဟု မေးမြန်းကြရာ ဟဇရတ်အီဗ်ရာဟီမ် عليه السلام က 'သို့သာမက ငင်းတို့အနက် အကြီးဆုံးကသာ ဤသို့ ဖျက်ဆီးခဲ့ဟန် တူပေသည်။ ထိုရုပ်တုများက စကားပြောဆိုတတ်ပါလျှင် ငင်းတို့ကိုသာ မေးမြန်းကြည့်ကြလေ' ဟု ဖြေကြားလေသည်။

ဤနေရာ၌ စောဒမေးခွန်းတစ်ခု ပေါ်ပေါက်လာသည်မှာ 'ဟဇရတ်အီဗ်ရာဟီမ် عليه السلام သည် ဤအလုပ်ကို မိမိကိုယ်တိုင် ပြုလုပ်ပြီးနောက်မှ ထိုအလုပ်အား မိမိမလုပ်ကြောင်း ငြင်းဆိုခြင်းနှင့် ရုပ်ပွားဆင်းတုများအနက် အကြီးဆုံးရုပ်တုဘက်သို့ လွှဲဖယ်ချခြင်းသည် ဖြစ်ရပ်နှင့် ဆန့်ကျင်လျက် မုသားဖြစ်နေသည်။ ဟဇရတ်ခလီလွလ္လာဟ်ဟူသော ဂုဏ်သိက္ခာနှင့် မထိုက်တန်ပေ။' ငင်း၏ အဖြေနှင့် စပ်လျဉ်း၍ အဖွင့်ပညာရှင်များက အဆိုအမျိုးမျိုးကို တင်ပြခဲ့ကြသည်။ ငင်းတို့အနက် ဗယာနုလ်ကုရ်အာန်ကျမ်း၏ ဖွင့်ဆိုချက်အနှစ်ချုပ်၌ ဖော်ပြထားသည်ကို တင်ပြပါသည်။ ဟဇရတ်အီဗ်ရာဟီမ် عليه السلام ပြောကြားသည့် ဤစကားသည် သွယ်ဝိုက်သောနည်းဖြင့် 'အသင်တို့သည် ဤအလုပ်ကို အကြီးဆုံးရုပ်တုက ပြုလုပ်ခြင်းဖြစ်သည်ဟု အဘယ်ကြောင့် မယူဆကြပါသနည်း' ဟူ၍ ပြောကြားခြင်းဖြစ်သည်။ ဖြစ်ရပ်နှင့် ဆန့်ကျင်၍ သွယ်ဝိုက်သောနည်းဖြင့် ပြောဆိုခြင်းသည် မုသား၌ အကျုံးမဝင်ပေ။

ကုရ်အာန်ကျမ်းတော်မြတ်တွင်

ان كان للرحمن ولد فانا اول العابدين

ဟု လာရှိထားပေသည်။ ဆိုလိုသည်မှာ 'အကယ်၍ 'ရဟ်မာန်'မဟာကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်တွင် သားသမီးရှိမည်ဆိုပါက ကျွန်ုပ်သည် ပထမဦးဆုံး ၎င်း၏ ခဝပ်ကိုးကွယ်မှုကို ပြုသူများ၌ အပါအဝင်ဖြစ်ပေမည်'ဟု ဖြစ်သည်။ ပို၍ ဟဇရတ်အိဗ်ရာဟီးမ် عليه السلام ၏ ဤစကားသည် မုသားနှင့် လုပ်ကြံမှုများမပါဘဲ တင်ပြခြင်းဖြစ်သည်။

ဤသည်ကို ဗဟာရဲမုဟီးသ်၊ ကုရ်သုဗီနှင့် ရူဟုလ်မအာနီကျမ်း စသည်တို့၌ တင်ပြထားသည်မှာ ဟဇရတ်အိဗ်ရာဟီးမ် عليه السلام သည် မိမိလက်ဖြင့် ကိုယ်တိုင်ပြုလုပ်ခဲ့သည့် အလုပ်ကို ရုပ်တုအကြီးဆုံးက ပြုလုပ်သည်ဟူ၍ သွယ်ဝိုက်သည့်နည်းဖြင့် လွှဲဖယ်ပြောဆိုခဲ့သည်။ အကြောင်းမှာ ဤအလုပ်ကို ပြုလုပ်ရန် ဟဇရတ် အိဗ်ရာဟီးမ် عليه السلام အား တိုက်တွန်းသောသူသည် ထိုအကြီးဆုံးသော 'မုဒ်'ရုပ်ဖြစ်သောကြောင့်ပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဟဇရတ်အိဗ်ရာဟီမ် عليه السلام ၏ အမျိုးသားတို့သည် ဤအကြီးဆုံး ရုပ်တုကြီးကို အားလုံးထက် ပို၍ ကြည်ညို လေးစားလွန်းသောကြောင့် ဖြစ်သည်။ ပမာတင်ပြရလျှင် ခိုးဝှက်သူတစ်ဦးအား လက်ဖြတ်၍ အပြစ်ပေးပြီးနောက် ဤသည် ကျွန်ုပ်က လက်ဖြတ်သည်မဟုတ် အသင်၏ ခိုးဝှက်ခြင်း လုပ်ရပ်ကသာ အသင်၏လက်ကို ဖြတ်ခြင်း ဖြစ်သည်' ဟု ပြောဆိုသည့်နှယ် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လက်ဖြတ်ခြင်း၏ အကြောင်းခံဖြစ်သည့် အလုပ်ကို ၎င်းက ကျူးလွန်သောကြောင့် ဖြစ်သည်။

ဟဇရတ်အိဗ်ရာဟီမ် عليه السلام သည် ပြုမူဆောင်ရွက်ချက်အရလည်း ရုပ်တုကြီးဘက်သို့ လွှဲဖယ်ပုံချခဲ့သည်။ ဆင့်ပြန်ချက်များ၌ ရုပ်တုငယ်များကို ချိုးဖျက်ရာ၌ အသုံးပြုခဲ့သည့် ပုဆိန်ကို ရုပ်တုကြီး၏ လည်ဂုတ် (သို့) လက်ထဲ၌ ထားပေးခဲ့သည်။ သို့မှသာ တွေ့မြင်သူများက ဤရုပ်တုကြီးကသာလျှင် ဤအလုပ်ကို ပြုမူလိုက်သည်ဟု ယူဆစေရန်ဖြစ်သည်။ စကားအရာ၌လည်း ၎င်းရုပ်တုကြီးဘက်သို့ လွှဲဖယ်ပုံချခဲ့သည်။ ဤသည် သွယ်ဝိုက်သော နည်းလမ်းတစ်ခုဖြစ်သည်။ အာရဗီဘာသာဖြင့် ကျော်ကြားသည့် အဆိုသည် انبت الربيع البقلة သည် ၎င်း၏ ပမာတစ်ခုဖြစ်သည်။ ဆိုလိုသည်မှာ ရာသီဥတု၌ ရှာသွန်းသည့် မိုးသည် ပျိုးပင်၊ ပေါက်ပင်များအား ပေါက်ရောက်စေသည်ဟု ဖြစ်သည်။ စင်စစ် ပျိုးပင်၊ ပေါက်ပင်များအား ပေါက်ရောက်စေသူမှာ အလ္လာဟ်အသျှင်မြတ်သာလျှင် ဖြစ်တော်မူသည်။ သို့သော်လည်း အပေါ်ယံ ထင်ရှားမှု၏ အကြောင်းခံတစ်ခုဘက်သို့သာ လွှဲဖယ်ပုံချ၍ ဆိုထားခြင်းဖြစ်သည်။ ၎င်းအား မုသားဟူ၍ မည်သို့မျှ မဆိုနိုင်ပေ။ ထိုနည်းတူစွာ ဟဇရတ်အိဗ်ရာဟီမ် عليه السلام က ရုပ်တုကြီးဘက်သို့ ပြုမူချက်အရသော်လည်းကောင်း၊ စကားအရသော်လည်းကောင်း လွှဲဖယ်ပုံချခြင်းသည်လည်း မုသား အလျဉ်း မဖြစ်ပေ။ သို့ရာတွင် များစွာသော သာသနာ့အကျိုးများအတွက် ဤသည်ကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ၎င်းတို့အနက် အကျိုးတစ်ခုမှာ တွေ့မြင်သူများက ဤအကြီးဆုံးရုပ်တုသည် 'ငါ့အား ခဝပ်ကိုးကွယ်မှု ပြုခြင်းတွင် ဤရုပ်တုငယ်များအား အဘယ်ကြောင့် တဘက်နှိုင်းယှဉ်ကိုးကွယ်မှု ပြုကြပါသနည်း'ဟု ထင်မြင်ယူဆစေခြင်း ဖြစ်သည်။ အကယ်၍ ၎င်းတို့၏ နှလုံးသား၌ ဤယူဆချက် ပေါ်ပေါက်လာသည် ဆိုပါလျှင် 'သောင်ဟီးဒ်'(ကိုးကွယ်ရာအသျှင် တစ်ပါးတည်း တည်ရှိတော်မူခြင်း) ၏ လမ်းစ ပွင့်သွားပေ

မည်။ အကြောင်းမှာ ရုပ်တုအကြီးသည် မိမိနှင့်အတူ ရုပ်တုငယ်များအား ယှဉ်တွဲကိုးကွယ်ခြင်းကို နှစ်သက်တော်မူနိုင်ခြင်းမရှိဟု ဆိုပါက အလ္လာဟ်အသျှင်မြတ်သည် ထိုရုပ်တုများနှင့် တွဲဖက်နှိုင်းယှဉ်ခြင်းကို မည်သို့နှစ်သက်နိုင်မည်နည်း။

ဒုတိယအချက်မှာ ကျွန်ုပ်တို့က အကြင်အရှင်ကို အလ္လာဟ်အသျှင်မြတ်နှင့် အရာရာကို စွမ်းဆောင်နိုင်တော်မူသော အရှင်ဟု ခေါ်ဆိုကြသည်။ အကယ်၍ အဆိုပါအတိုင်း စွမ်းဆောင်နိုင်တော်မူသော အရှင်ဖြစ်သည်ဆိုလျှင် တစ်စုံတစ်တစ်ဦးက ၎င်းတို့အား ချိုးဖွဲ့ဖျက်ဆီးရန် မည်သို့ စွမ်းနိုင်ပါမည်နည်းဟူသော အတွေးအခေါ်များ ပေါ်ပေါက်လာစေရန် ထိုသူများအတွက် အလွန်နိုးစပ်ပေသည်။

တတိယအချက်မှာ အကယ်၍ ဤချိုးဖွဲ့ဖျက်ဆီးသည့် အလုပ်သည် ရုပ်တုကြီးဖြစ်သည်ဟု ညွှန်းဆိုပြသထားသည်။ အကယ်၍ ဤရုပ်တုကြီးက အခြားရုပ်တုများကို ချိုးဖွဲ့ဖျက်ဆီးခြင်း ပြုနိုင်သည်ဖြစ်သော် ရုပ်တုများအနေဖြင့် စကားပြောဆိုခြင်းလည်း ပြုနိုင်ပေမည်။ ထို့ကြောင့်လည်း

فَسْئَلُوْ هُمْ اِنْ كَانُوْا يَنْطِقُوْنَ

ဟု မိန့်တော်မူခြင်း ဖြစ်သည်။ အချုပ်ဆိုရသော် ဟဇရသ်အိဗ်ရာဟီမ် عليه السلام ၏ ဖော်ပြပါစကားကို ၎င်းပြောဆိုသည့်အတိုင်း ထားလျက် ဟဇရသ်အိဗ်ရာဟီမ် عليه السلام က ဤအလုပ်ကို ရုပ်တုကြီးဘက်သို့ လွှဲဖယ်ပုံချမှုပြုခြင်း ဖြစ်သည်ဟု ဆိုလာပါလျှင်လည်း ဤသည် သွယ်ဝိုက်သည့်နည်းဖြင့် ပြောဆိုခြင်းသာ ဖြစ်သည်။ ထိုသို့ ပြောဆိုခြင်းသည် မုသားပြောဆိုခြင်းနှင့် မျက်မြင်ဖြစ်ရပ်နှင့် ဆန့်ကျင်သည်ဟု ဒွိဟဖြစ်စရာမရှိဘဲ ပရိယာယ်တစ်မျိုးသာ ဖြစ်ပေသည်။

ဟဒီးစ်တော်၌ ဟဇရသ်အိဗ်ရာဟီမ် عليه السلام အပေါ် မုသား (၃) ခု ပြောဆိုခဲ့သည်ဟု ညွှန်းဆိုရခြင်း၏ အစီကအရင်းအမြစ်

ဆွဟီးစ်ဟဒီးစ်တော်များ၌ ကိုယ်တော်မြတ် ﷺ ကိုယ်တော်တိုင် မိန့်ကြားတော်မူသည်မှာ–

انّ ابراهيم عليه السلام لم يكذب غير ثلاث

ဟဇရသ်အိဗ်ရာဟီမ် عليه السلام သည် နေရာ (၃) နေရာမှအပ မည်သည့်အခါမျှ မုသားပြောဆိုခြင်း မရှိခဲ့ပေ။ *[ဘိုခါရီကျမ်း၊ မွတ်စ္စလင်မ်ကျမ်း။]*

ထို (၃) နေရာ၏ အကြောင်းကို ဤဟဒီးစ်တော်၌ပင် အကျယ်တဝင့် တင်ပြထားသည်မှာ ထိုနေရာ (၃) ခုအနက် နှစ်ခုမှာ အလ္လာဟ်အသျှင်မြတ်အတွက်သာ ပြောဆိုခဲ့ခြင်းဖြစ်သည်။ တစ်ခုမှာ ဤအာယသ်တော်၌ بل فعله كبيرهم ဟု ပြောဆိုခဲ့ခြင်း ဖြစ်သည်။ ဒုတိယတစ်ခုမှာ 'အီးဒ်'နေ့တွင် အမျိုးသားများအား ၎င်းက انّى سقيم 'ကျွန်ုပ်နေထိုင်မကောင်းပါ'ဟု အကြောင်းပြ ပြောဆိုခဲ့ခြင်းဖြစ်သည်။ တတိယ

တစ်ခုမှာ (မိမိဇနီးသည်၏ လုံခြုံမှုအတွက် ပြောဆိုခဲ့ခြင်းဖြစ်သည်။) ဟဇရတ်အိဗ်ရာဟီမ် عليه السلام သည် မိမိ၏ကြင်ယာတော် စာရဟ်သခင်မနှင့်အတူ ခရီးထွက်ရာ၌ မတရားမှုပြုကျင့်တတ်သည့် ဘုရင် အုပ်စိုးသည့် ဒေသတစ်ခုမှ ခရီးသွားနေစဉ်က ဖြစ်ခဲ့သည်။ အဆိုပါဘုရင်သည် လူတစ်ဦးအား ၎င်း၏ ဇနီးနှင့်အတူ တွေ့မြင်ပါလျှင် ဇနီးအား ဖမ်းဆီး၍ မတရားမှု ပြုလေ့ရှိသည်။ သို့သော် သမီးသည် အဘနှင့် ဖြစ်စေ၊ ညီမသည် အစ်ကိုမောင်တို့နှင့်ဖြစ်စေ တွေ့ရှိလျှင် ဤမတရားမှုကို မပြုလုပ်ပေ။ ဟဇရတ် အိဗ်ရာဟီမ် عليه السلام သည် မိမိဇနီးနှင့်အတူ ဤမြို့ရွာသို့ ရောက်ရှိလာကြောင်း သတင်းပေးသူတစ်ဦးက ထိုဘုရင်ထံသို့ သတင်းပေးပို့လိုက်သည်။ ထို့ကြောင့် ဟဇရတ်စာရဟ်သခင်မအား ဖမ်းဆီး၍ ခေါ်ဆောင်လာခဲ့သည်။ ဖမ်းဆီးသူများက ဟဇရတ်အိဗ်ရာဟီမ် عليه السلام အား 'ဤအမျိုးသမီးသည် အသင်နှင့် မည်သို့ တော်စပ်ပါသနည်း' ဟု မေးမြန်းရာ ဟဇရတ်အိဗ်ရာဟီမ် عليه السلام က မတရားပြုသူတို့၏ ကြောက်ရွံ့ စိုးရိမ်ဖွယ်ရာများမှ လွတ်ကင်းစေရန် ရည်ရွယ်၍ 'ဤသည် ကျွန်ုပ်၏ နှမဖြစ်ပါသည်' ဟု ဖြေကြားခဲ့သည်။ (ဤသို့ ဖြေကြားသည့်စကားကိုပင် ဟဒီးစ်တော်က မုသားဟု ညွှန်းဆိုခြင်းဖြစ်သည်။) ဤသို့ ပြောဆိုသည့်တိုင် ၎င်းတို့က ဟဇရတ်အိဗ်ရာဟီမ် عليه السلام က ကြင်ယာတော်စာရဟ်သခင်မအား 'ကျွန်ုပ်သည် အသင်မနှင့် မောင်နှမတော်စပ်သည်' ဟု ၎င်းတို့အား ပြောကြားထားသည်။ အသင်မသည်လည်း ဤစကားနှင့် ဆန့်ကျင်၍ မပြောပါနှင့်။ အကြောင်းမှာ အစ္စလာမ့်တရားတော်၏ တော်စပ်မှုအရ အသင်မသည် ကျွန်ုပ်၏ နှမဖြစ်သောကြောင့်ပင် ဖြစ်သည်။' ဤနေရာတွင် ကျွန်ုပ်တို့နှစ်ဦးသာ မွတ်စ္စလင်မ်ဖြစ်သည်။ အစ္စလာမ့်သားချင်းမောင်နှမတော်စပ်ပါသည်'ဟု ပြောပြထားသည်။ ဟဇရတ်အိဗ်ရာဟီမ် عليه السلام အဖို့ ရင်ဆိုင်ယှဉ်ပြိုင်ရန် မည်သို့မျှ စွမ်းအားမရှိပါချေ။ အလ္လာဟ်အသျှင်မြတ်၏ ရှေ့တော်မှောက်ဝယ် ကျိုးနွံနှိမ့်ချစွာ ဝိုင်ကြွေးလျက် နမာဇ်ဝတ်ပြုလေတော့သည်။ ဟဇရတ်စာရဟ်သခင်မသည် မတရားပြုကျင့်သူ ဇာလင်မ်ထံသို့ ရောက်ရှိသွားသည်။ ထိုဇာလင်မ် မတရားမှုပြုသူသည် မကောင်းသော ရည်ရွယ်ချက်ဖြင့် ရှေ့သို့ တိုးလိုက်သည့်အခါ တန်ခိုးတော်အသျှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်က ၎င်းအား အကြောသေသူအဖြစ် အကြောများ ရပ်ဆိုင်းသွားအောင် ပြုတော်မူလိုက်သည်။ ထိုအခါ ၎င်းက ဟဇရတ်စာရဟ်သခင်မအား 'ကျွန်ုပ်၏ ဤရောဂါ ပျောက်ကင်းသွားစေရန် အသင်မ ဒိုအာတောင်းပေးပါ။ ကျွန်ုပ်သည် အသင်မအား မည်သို့မျှ မပြောတော့ပါ'ဟု တောင်းပန်လေသည်။

၎င်း၏ ပြောကြားချက်အပေါ် ဟဇရတ်စာရဟ်သခင်မက ဒိုအာတောင်းပေးလိုက်သည်။ သခင်မ၏ ဒိုအာဖြင့် အလ္လာဟ်အသျှင်မြတ်သည် ၎င်းအား အကောင်းပကတိ ပြုပေးတော်မူလိုက်လေသည်။ ထိုအခါ ၎င်းက ကတိပျက်၍ မကောင်းသော 'နိယသ်'ဖြင့် ဟဇရတ်စာရဟ်သခင်မအပေါ် လက်တင်ရန် ကြိုးစားလေသည်။ ထိုအခါ အလ္လာဟ်အသျှင်မြတ်သည် ပထမအကြိမ်ကဲ့သို့ ဖြစ်စေတော်မူလိုက်ပြန်သည်။ ဤသို့ဖြင့် (၃) ကြိမ်တိုင်တိုင် ဤအတိုင်းဖြစ်ပြီးသောအခါမှ ဟဇရတ်စာရဟ်သခင်မအား ပြန်လွှတ်ပေးလိုက်သည်။ (ဤသည် ဟဒီးစ်တော်မှ တင်ပြသည့် အကြောင်းအရာ၏ အကျဉ်းဖြစ်သည်။) မည်သို့ပင်ဆိုစေ၊ ဟဒီးစ်တော်၌ ဟဇရတ်အိဗ်ရာဟီမ် عليه السلام အပေါ် မုသားပြောဆိုခြင်း (၃) မျိုးကို ညွှန်းဆိုထားသည်။ ထိုမုသား

သည် နမီ၏ ဂုဏ်သိက္ခာနှင့် ဆန့်ကျင်သောအရာ ဖြစ်သည်။ သို့ရာတွင် ထိုသို့ မုသားပြောဆိုရခြင်းနှင့် စပ်လျဉ်းသော အဖြေသည် ဤဟဒီးစ်တော်အတွင်း၌ပင် ရှိပေသည်။ ထိုအဖြေမှာ အမှန်စင်စစ် ဤစကားများ အနက် မည်သည့်စကားတွင်မှ မုသား၏ စစ်မှန်သည့် အဓိပ္ပာယ်မပါရှိပေ။ ဤသည် မတရားပြုခြင်းမှ လွတ်ကင်းရန် ပရိယာယ်သုံးခြင်းဖြစ်၍ ပြုပိုင်သည်။ မုသား၏ အဓိပ္ပာယ်၌ မပါဝင်ပေ။ ထိုသို့ မပါဝင်ကြောင်း ဟဒီးစ်တော်တွင် အထောက်အထား တင်ပြထားသည်မှာ 'ဟဇရတ်အိဗ်ရာဟီမ် عليه السلام က ဟဇရတ်စာရဟ် သခင်မအား 'ကျွန်ုပ်သည် အသင်မနှင့် မောင်နှမတော်စပ်သည်ဟု ပြောဆိုထားသည်။ အသင်မအား မေးမြန်း ပါက အသင်မသည်လည်း ကျွန်ုပ်အား အစ်ကိုတော်စပ်သည်ဟု ပြောဆိုပါ' ဟု ပြောဆိုထားလေသည်။ ဤသို့ နှမတော်စပ်သည်ဟု ပြောဆိုရသည့်အကြောင်းကိုလည်း သူမအား ပြောပြထားသည်မှာ 'ကျွန်ုပ်တို့ နှစ်ဦးသည် အစ္စလာမ်တရားတော်အရ မောင်နှမတော်စပ်သောကြောင့် ဖြစ်သည်။'

ဤသည်မှာ ပရိယာယ်၏ အမည်ဖြစ်သည်။ စကားလုံးများ၌ အဓိပ္ပာယ်နှစ်မျိုး ကောက်ယူနိုင်ပြီး နားထောင်ရသူသည် အဓိပ္ပာယ်တစ်မျိုး ကောက်၍ ပြောဆိုသူ၏ ရည်ရွယ်ချက်မှာ အခြားအဓိပ္ပာယ်ဖြစ်သည်။ မတရားမှုမှ လွတ်မြောက်ရန် ဤသို့သော ပရိယာယ်သုံးခြင်းသည် ပညာရှင်အားလုံးထံတွင် တစ်ညီ တစ်ညွတ်တည်း ပြုပိုင်ပေသည်။ ဤပရိယာယ်သည် ရှီအာများ၏ 'သကီယဟ်' နှင့် လုံးဝ ကွဲလွဲပေသည်။ 'သကီယဟ်' သည် ပေါ်လွင်စွာ မုသားပြောဆိုပြီး ထိုမုသားအပေါ် 'အမလ်' ပြုကျင့်ရပေသည်။ ဟဇရတ် အိဗ်ရာဟီမ် عليه السلام ပြောဆိုသည့် ပရိယာယ်စကားသည် မုသားမဟုတ်ဘဲ ပြောဆိုလိုက်သည့် စကားမှာ လုံးဝ မှန်ကန်သော စကားပင်ဖြစ်သည်။ ဥပမာ- အစ္စလာမ်၏ အမိန့်အရ မောင်နှမဖြစ်ခြင်းဟူသော စကားသည် မုသားမဟုတ်ပါချေ။ ဤသို့ မုသားမဟုတ်ကြောင်းကို တင်ပြပါဟဒီးစ်တော်၏ စာလုံးများ အရ ထင်ရှားစွာ သိရှိရသည်မှာ စင်စစ် ဤသည်မှာ မုသားပြောဆိုခြင်းမဟုတ်ဘဲ ပရိယာယ်စကားဆို ခြင်းသာ ဖြစ်သည်။ ဤနည်းအတိုင်းပင် အထက်၌ တင်ပြခဲ့ပြီးဖြစ်သည့် ပထမစကားနှစ်ခွန်းသည်လည်း ဤအမိန့်ပင် ဖြစ်သည်။

بَلْ فَعَلَهُ كَبِيرُهُمْ

တွင်လည်း အထက်တွင် တင်ပြခဲ့သည့်အတိုင်း ဤအလုပ်သည် အကြီးဆုံးရုပ်တုကြီးက ပြုလုပ် နိုင်ပေသည်ဟု သွယ်ဝိုက်သောနည်းဖြင့် ပြောဆိုခဲ့သည်။

အလားတူ إِنِّي سَقِيمٌ ဟူသော စကားလုံးကို သုံးနှုန်းပြောဆိုခဲ့သည်။ ထိုစကား၌လည်း سَقِيمٌ ဟူသည်မှာ အပြင်ပိုင်း မကျန်းမာခြင်း၏ အဓိပ္ပာယ်ဆောင်သကဲ့သို့ ပူဆွေးဝမ်းနည်းမှုတို့၏ အဓိပ္ပာယ်၌ လည်း ပြောဆိုရသော စကားလုံးဖြစ်သည်။ ဟဇရတ်အိဗ်ရာဟီမ် عليه السلام သည် ဤဒုတိယအဓိပ္ပာယ်၏ ရှုထောင့်မှ إِنِّي سَقِيمٌ ဟု ပြောဆိုသုံးနှုန်းခဲ့ခြင်း ဖြစ်သည်။ ဤစကားကို ကြားရသူတို့က ထိုစကားအရ မကျန်းမာခြင်းဟူသော အဓိပ္ပာယ်ကို မှတ်ယူကြသည်။

ဖော်ပြပါ ဟဒီးစ်တော်၌ပင် 'ဤမုသားစကား (၃) မျိုးတို့သည် အလ္လာဟ်အသျှင်မြတ်အတွက်သာ ဖြစ်သည်' ဟူသော စာလုံးများ လာရှိပေသည်။ ဆိုလိုသည်မှာ ဤစကားသည် မည်သည့်အပြစ်မှ မထိုက်စေသော စကားဖြစ်သည်။ ထိုသို့မဟုတ်ပါက အပြစ်ထိုက်စေသော အလုပ်တစ်ခုသည် အလ္လာဟ်အသျှင်မြတ်အတွက် ဖြစ်သည်ဟု ဆိုခြင်းမှာ မည်သို့မျှ မဖြစ်နိုင်ပါချေ။ အပြစ်ထိုက်သော အလုပ်မဖြစ်စေရန်မှာလည်း အစစ်အမှန်အရ မုသားစကားအစစ် မဖြစ်ဘဲ မုသား၏ အဓိပ္ပာယ်နှင့် မှန်သော အဓိပ္ပာယ်ဟူ၍ အဓိပ္ပာယ်နှစ်မျိုးရှိသော စကားဖြစ်ရမည်။

မုသားဟု သုံးနှုန်းထားသည့် ဟဒီးစ်တော်အရ ဟဇရသ်အိဗ်ရာဟီးမ် ﷺ အား မှားယွင်းသည်ဟု သတ်မှတ်ခြင်းသည် အသိမဲ့ခြင်းသာ ဖြစ်ခြင်း

မိရ်ဇာကာဒိယာနီနှင့် ဥရောပနိုင်ငံအချို့၏ လက်အောက်ခံ မွတ်စ္စလင်မ်တို့က 'ခိုင်လုံသော အထောက်အထားများနှင့် စနဒ်များရှိပါလျက် ဤဟဒီးစ်တော်ကို မှားယွင်းသည်ဟု ဆိုကြခြင်းအကြောင်းမှာ ဟဇရသ် ခလီလုလ္လာဟ် ﷺ အား မုသားပြောဆိုသူဟု သတ်မှတ်နိုင်ရန်ဖြစ်သည်။ မှန်ကန်၍ ခိုင်မာကျစ်လစ်သည့် ဆင့်ပြန်သူများအား မုသားပြောဆိုသူများဟု ဆိုရခြင်းသည် ဟဇရသ်အိဗ်ရာဟီမ် ﷺ အား မုသားဆိုသူဟု သတ်မှတ်နိုင်ခြင်းထက် ပို၍ ကောင်းသည်ဟု ယူဆသောကြောင့် ဖြစ်သည်။ အကြောင်းမှာ 'ထိုဟဒီးစ်တော်သည် ကုရ်အာန်နှင့် ဆန့်ကျင်သည့် ဟဒီးစ်သည် မည်မျှပင် ခိုင်မာကျစ်လစ်၊ မှန်ကန်တိကျသော အထောက်အထားစနဒ်များ ရှိသည်ပင်ဖြစ်စေ ထိုဟဒီးစ်သည် အမှားပင်ဖြစ်သည်' ဟူသော ပုံသေနည်းဥပဒေတစ်ခုကို ထုတ်ယူသတ်မှတ်လိုက်ကြသည်။ ဤစကားသည် သူ့နေရာနှင့်သူ လုံးဝ မှန်ကန်၍ အွမ္မသ်တို့အနေဖြင့် လုံးဝငြင်းဆန်ရန် မရှိနိုင်သော်လည်း သို့ရာတွင် အွမ္မသ်၏ သာသနာပညာရှင်ကြီးများသည် ဟဒီးစ်တော်များ စုဆောင်းခြင်း၌ မိမိတို့၏ ဘဝသက်တမ်းများကို နှစ်မြုပ်လျက် ဟဒီးစ်တော်တစ်ပါးစီကို ဆန်းစစ်၍ ဆင့်ပြန်ခဲ့ကြသည်ဖြစ်ရာ ထိုဟဒီးစ်တော်၏ ခိုင်မာကျစ်လစ်မှု၊ မှန်ကန်မှု၊ ဆင့်ပြန်သူတို့၏ မှန်ကန်တိကျမှုတို့ကို ကြည့်ခြင်းအားဖြင့် ထိုဟဒီးစ်သည် ကုရ်အာန်နှင့် ဆန့်ကျင်သည်ဟု မပြောဆိုနိုင်လောက်အောင်သော ဟဒီးစ်ကို ဆင့်ပြန်ရယူခဲ့ကြခြင်းဖြစ်သည်။ ဟဒီးစ်တော်တစ်ပုဒ်ကို ပယ်ချပြီး မှားယွင်းအောင် ပြုလုပ်လိုခြင်းနှင့် ထိုဟဒီးစ်တော်အား ကုရ်အာန်နှင့် တိုက်ခိုက်သည်ဟု ပြောဆိုခြင်းတို့မှာ ၎င်းတို့၏ အသိဉာဏ်နည်းပါးမှု၊ အသိတရားခေါင်းပါးမှုများသာ ဖြစ်သည်။ ၎င်းတို့သည်ကား ဤဟဒီးစ်သည် ကုရ်အာန်နှင့် ဆန့်ကျင်၍ အခြေအမြစ်မရှိ၊ လက်ခံနိုင်စရာမရှိဟု ပြောဆိုခြင်းများဖြင့်သာ အဆုံးသတ်သွားခဲ့ကြသည်။ ဥပမာအားဖြင့် ဤဟဒီးစ်တော်၌ပင် မုသားစကားများကို မှန်ကန်သည့် ပရိယာယ်စကားများဖြစ်သည်ဟူ၍ အဓိပ္ပာယ်ကောက်ယူကြောင်း တွေ့မြင်နိုင်ပေသည်။ သို့ဖြစ်လျှင် ဟဒီးစ်တော်တွင် توریہ စကားပရိယာယ်ကို မုသားဟူသော စကားလုံးဖြင့် အဘယ်ကြောင့် ခိုင်းနှိုင်းတင်ပြထားပါသနည်းဟု မေးမြန်းဖွယ်ရှိလာသည်။

သို့ရှိရာ ထိုသို့ ခိုင်းနှိုင်းတင်ပြရခြင်းအကြောင်းမှာ ဟဇရသ်အာဒမ် عليه السلام ၏ မေ့လျော့မှုနှင့် မှားယွင်းမှုတို့အပေါ် عصى နှင့် غوى ၏ စာလုံးများဖြင့် ခိုင်းနှိုင်းတင်ပြခြင်းကိုလည်းကောင်း၊ ယခင်တင်ပြခဲ့ပြီးဖြစ်သော စူရာဟ်သွာဟာ၌ ဟဇရသ်မူစာ عليه السلام ၏ ဖြစ်ရပ်တွင် အလ္လာဟ်အသျှင်မြတ်နှင့် နီးကပ်မှုရှိသော သူတော်စင်များအတွက် မပြောပလောက်သည့် အသေးအဖွဲ့ ချွတ်ချော်မှုများသည် လည်းကောင်း၊ ခွင့်ပြုချက်ရှိရုံမျှသာ ပြုပိုင်သော အလုပ်များကို ပြုခြင်းသည်လည်းကောင်း၊ ခိုင်မာသည့် ရည်ရွယ်ချက်များကို စွန့်လွှတ်ခြင်းသည်လည်းကောင်း အရေးယူခံထိုက်သည်ဟု မှတ်ယူခဲ့ကြသည်။ ဤသို့သော အရာများအပေါ်၌ ကုရ်အာန်ကျမ်းတော်မြတ်တွင် အလ္လာဟ်အသျှင်မြတ်က နဗီတမန်တော်များနှင့် စပ်လျဉ်း၍ အရေးယူမှုပြုတော်မူခဲ့ကြောင်း များစွာ လာရှိထားသည်။ ထင်ရှားကျော်ကြားသည့် ဟဒီးစ်တော် တစ်ပုဒ်ဖြစ်သည့် 'ရှဖာအသ်'နှင့် စပ်လျဉ်းသည့် ဟဒီးစ်တော်တွင် 'လူသားအားလုံးတို့ စုရုံးလျက် စာရင်းစစ်ဆေးမှု အမြန်ဆုံးပြီးနိုင်ရေးအတွက် 'ရှဖာအသ်'ပြုပေးရန် နဗီတမန်တော်များထံတွင် တောင်းဆိုကြလိမ့်မည်။ ထိုသို့ တောင်းဆိုခြင်းသည် ဟဇရသ်အာဒမ် عليه السلام မှစပြီး နဗီချုပ်မိုဟမ္မဒ် ﷺ ၏ အလျင် နဗီထိတိုင်ဖြစ်သည်။ ထိုအခါ နဗီတမန်တော်တိုင်းက မိမိတို့တွင် ချွတ်ချော်မှားယွင်းမှုရှိခဲ့ကြောင်း တင်ပြပြီး 'ရှဖာအသ်' ပြုပေး ကြမည်မဟုတ်ပေ။ နောက်ဆုံးတွင် လူအားလုံးတို့သည် 'ခါသိမွလ်အန်ဗီယာ' عليه السلام ထံပါးသို့ ရောက်ရှိလာကြလိမ့်မည်။ ကိုယ်တော်မြတ် ﷺ သည် 'ရှဖာအသ်ကုဗ်ရာ' (ကြီးကျယ်သော အသနားခံလျှောက်ထားမှု) အတွက် ရပ်တော်မူလိမ့်မည်' ဟု လာရှိထားသည်။

ဤဟဒီးစ်တော်တွင် ဟဇရသ်အီဗ်ရာဟီမ် عليه السلام ခလီလွလ္လာဟ်သည် ထိုစကားများကို ပရိယာယ်စကားအဖြစ် ပြောဆိုခဲ့သည်။ စင်စစ် မုသားစကား မဟုတ်ပေ။ သို့တိုင်အောင်လည်း နဗီတမန်တော်၏ ဂုဏ်အင်နှင့် မကိုက်ညီဟု မှတ်ယူလျက် မိမိ၏ အပြစ်၊ ချွတ်ချော်မှုဟု သတ်မှတ်ပြီး 'ရှဖာအသ်'ပြုပေးရန် မဝံ့ကြောင်း ချွင်းချက်တင်ပြခဲ့သည်။ ဤချွတ်ချော်မှုဘက်သို့ ညွှန်းဆိုပြသရန် ဟဒီးစ်တော်တွင် ၎င်းအား မုသားစကားဟူသော စကားလုံးဖြင့် ခိုင်းနှိုင်းတင်ပြခဲ့သည်။ ထိုသို့ ပြောဆိုခိုင်းနှိုင်းရန် တမန်တော်မြတ် ﷺ အဖို့ အခွင့်အရေးရှိသည်။ တမန်တော်မြတ် ﷺ ၏ ဟဒီးစ်တော်အား ဆင့်ပြန်ခြင်းနှင့် ဟောပြောတင်ပြခြင်း အဆင့်တို့တွင် ကျွန်ုပ်တို့၌လည်း ဤအခွင့်အရေးရှိသည်။ သို့ရာတွင် မိမိဘက်မှ ဟဇရသ်အီဗ်ရာဟီမ် عليه السلام သည် 'မုသားပြောဆိုခဲ့သည်'ဟု ပြောဆိုခြင်း မပိုင်ပါချေ။ ဥပမာအားဖြင့် ဟဇရသ်မူစာ عليه السلام ၏ ဖြစ်ရပ်နှင့် စပ်လျဉ်း၍ စူရာဟ်သွာဟာ၏ သဖ်စီရ်ဖွင့်ဆိုချက်တွင် ကုရ်သုဗီနှင့် ဗဟရ်မုဟီးသ်ကျမ်းညွှန်းများဖြင့် တင်ပြခဲ့ပြီး ဖြစ်သည်။ ထိုတင်ပြချက်တွင် ကုရ်အာန် (သို့) ဟဒီးစ်ကျမ်းများတွင် နဗီတမန်တော်များနှင့် စပ်လျဉ်း၍ ဤကဲ့သို့သော စကားလုံးများ လာရှိပါက ၎င်းစကားလုံးများကို 'သေလာဝသ်'ကုရ်အာန် (သို့) ကုရ်အာန်သင်ကြားခြင်း၊ (သို့) ဟဒီးစ်ဆင့်ပြန်ခြင်းအနေဖြင့်သာ ပြုပိုင်ပေသည်။ ထိုစကားလုံးများ အပေါ် မိမိဘက်မှ နဗီတမန်တော်တစ်ပါးပါးနှင့် စပ်လျဉ်း၍ မုသားစကားဟု တင်ပြခြင်းသည် အရိုအသေမဲ့ရာ ရောက်ပြီး မည်သူ့အတွက်မျှ မပြုပိုင်သော လုပ်ရပ်ဖြစ်ပေသည်။

ဖော်ပြပါ ဟဒီးစ်တော်တွင် အရေးကြီးသည့် ညွှန်ကြားချက်တစ်ရပ်နှင့် စိတ်ထားဖြူစင်သော ကျင့်စဉ်၏ နက်ရှိုင်းသိမ်မွေ့မှုအကြောင်း

ဟဒီးစ်တော်တွင် ဟဇရတ်အီဗ်ရာဟီမ် ﷺ နှင့် စပ်လျဉ်း၍ မုသား (၃) မျိုးဟု လာရှိသည်။ ယင်းတို့အနက် ပထမ (၂) မျိုးမှာ အလ္လာဟ်အသျှင်မြတ်အတွက် ဖြစ်သည်ဟု လာရှိထားသည်။ သို့ရာတွင် ဟဇရတ်စာရဟ်သခင်မနှင့် ပတ်သက်၍ ပြောဆိုခဲ့သည့် စကားမှာမူ အလ္လာဟ်အသျှင်မြတ်အတွက် မဟုတ်ဟု လာရှိသည်။ စင်စစ် ဇနီးသည်၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းခြင်းသည်လည်း သာသနာ၏ လုပ်ရပ်အစစ်အမှန်ပင် ဖြစ်ပေသည်။ ဤအကြောင်းနှင့် စပ်လျဉ်း၍ သဖ်စီးရ်ကုရ်သုဗီကျမ်းတွင် ကာဇီအဘူဗကရ် ဗင်န်အာရဗီက အသေးစိတ် ဖော်ပြထားရာတွင် 'ဤသည် သူတော်စင်များနှင့် အလ္လာဟ်အသျှင်မြတ်၏ အချစ်တော်များ၏ ခါးကို ကျိုးစေမည့် စကားဖြစ်သည်။ အကြောင်းမှာ တတိယအချက်မှာလည်း စင်စစ် လုပ်ရပ်သည် သာသနာအတွက်သာ ဖြစ်သည်။ သို့သော်လည်း ဤနေရာတွင် ဇနီးသည်၏ ဂုဏ်သိက္ခာကို စောင့်ရှောက်ရေးအတွက် မိမိ၏ စိတ်ဆန္ဒအလိုကျမှုလည်း ပါရှိနေခဲ့သည်။ ဤမပြောပလောက်သည့် လောကီရေးရည်ရွယ်ချက် ပါရှိနေခြင်းအပေါ် ဤလုပ်ရပ် (စကားရပ်) ကို အလ္လာဟ်အသျှင်မြတ်အတွက် ဟူသော ခေါင်းစဉ်မှ ခွဲထုတ်လိုက်ခြင်းဖြစ်သည်။ အကြောင်းမှာ အလ္လာဟ်အသျှင်မြတ်က

الا لله الدين الخالص

ဟူ၍ မိန့်ဆိုထားသောကြောင့်ပင် ဖြစ်သည်။ အကယ်၍ ဇနီးသည်၏ ဂုဏ်သိက္ခာကို ကာကွယ်စောင့်ရှောက်သည့် ကိစ္စမျိုးသည် ကျွန်ုပ်တို့၌ဖြစ်စေ၊ (သို့) အခြားသူတစ်ဦး၌ဖြစ်စေ၊ ကြုံကြိုက်ခဲ့ရလျှင် အလ္လာဟ်အသျှင်မြတ်အတွက်ဖြစ်သည်ဟူသော စာရင်း၌ ထည့်သွင်းမည်မှာ မလွဲမသွေပင် ဖြစ်သည်။ သို့ရာတွင် နဗီတမန်တော်များ၏ ကြီးကျယ်သည့် ဂုဏ်သိက္ခာအဆင့်အတန်းမှာ အမြင့်မားဆုံးပင် ဖြစ်သည်။ ၎င်းတို့အဖို့ ဤမျှခန့် တစ်စိတ်တစ်ပိုင်း စိတ်၏ အလိုကျရောနှောပါဝင်သည့်အပေါ် ပြည့်ဝသော စိတ်ထားမှန်ကန်မှုမရှိဟု မှတ်ယူခဲ့ကြသည်။

ဟဇရတ်အီဗ်ရာဟီမ် ﷺ အပေါ် 'နမ်ရူးဒ်'၏ မီးပုံမှာ ပန်းဥယျာဉ်ဖြစ်သွားရခြင်း၏ အကြောင်းရင်း

'မုအ်ဂျေဇာဟ်' နှင့် သဘာဝကို ဆန့်ကျင်၍ ဖြစ်ပေါ်ခြင်းများကို ငြင်းဆိုသူတို့သည် ထိုသို့ ဖြစ်ပေါ်ခြင်းများအပေါ် အံ့ဖွယ်ပြောင်းလဲမှုများ ပြုလေ့ရှိကြသည်။ အကြောင်းမှာ သိပ္ပံပညာရှင်တို့၏ ဥပဒေသတ်မှတ်ချက်တွင် အရာတစ်ခုအတွက် ပင်ကိုယ်အရည်အချင်းသည် ထိုအရာနှင့် မည်သည့်အခါမျှ ပျက်ပြယ်မသွားပါဟု ဆိုကြသည်။ စင်စစ် ထိုသတ်မှတ်ချက် ကိုယ်တိုင်ပင် မှားယွင်းမှုနှင့် အထောက်အထားမဲ့သော ဥပဒေတစ်ခုဖြစ်နေသည်။ အမှန်စင်စစ် ဤကမ္ဘာလောကကြီးနှင့် ခပ်သိမ်းကုန်သော အဖန်ဆင်းခံ

တို့တွင် အရာတစ်ခုသည် အခြားအရာတစ်ခုအတွက် အရေးကြီးသည့် ပင်ကိုယ်အရည်အချင်း မဟုတ်ဘဲ အလ္လာဟ်အသျှင်မြတ်၏ ဓလေ့တော်အရ လည်ပတ်နေခြင်းများသာ ဖြစ်ပေသည်။

မီးအတွက် အပူရှိန်နှင့် လောင်ကျွမ်းစေခြင်းတို့ ရှိရန် အရေးကြီးသော ပင်ကိုယ်အရည်အချင်းများ ဖြစ်သည်။ ရေအတွက် အေးမြစေခြင်းနှင့် ငြိမ်းသတ်ခြင်းများ ရှိရန် အရေးကြီးသော ပင်ကိုယ်အရည်အချင်းများ ဖြစ်သည်။ သို့ရာတွင် ဤသို့ ရှိရန် အရေးကြီးခြင်းသည် အလေ့အထ သဘာဝအလျောက် ဖြစ်သည်။ အတွေးအခေါ်အရ မဟုတ်ပေ။ အကြောင်းမှာ သိပ္ပံပညာရှင်တို့သည်လည်း ဤအရာကို အတွေးအခေါ်အရ ဖြစ်ကြောင်း တွေးခေါ်မှုဆိုင်ရာ အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသောကြောင့်ပင် ဖြစ်သည်။ ဤသို့ရှိရန် အရေးကြီးခြင်းသည် သဘာဝအလျောက် ဖြစ်လေသော် အလ္လာဟ်အသျှင်မြတ်သည် အထူးအမြော်အမြင်တစ်ရပ်ဖြင့် အလေ့အထ (သဘာဝ) တစ်ခုကို ပြောင်းလဲလိုလျှင် ပြောင်းလဲတော်မူပေသည်။ ထိုသို့ ပြောင်းလဲရာတွင် မည်သည့်တွေးခေါ်မှုကမျှ မဖြစ်နိုင်ဟု သတ်မှတ်၍ မရနိုင်ပါ။ အလ္လာဟ်အသျှင်မြတ် အလိုတော်ရှိသည့်အခါ မီးကို လောင်ကျွမ်းခြင်း၊ ငြိမ်းသတ်စေခြင်းနှင့် ပူလောင်ခြင်းမှ အေးမြစေခြင်းတို့ကို ပြုတော်မူလေ့ရှိသည်။ အလားတူ ရေကိုလည်း လောင်ကျွမ်းစေအောင် ပြုတော်မူလေ့ ရှိသည်။ စင်စစ် မီးသည် မိမိ၏ ပင်ကိုယ်စရိုက်အရ မီးသာဖြစ်သည်။ ရေသည်လည်း ရေသာဖြစ်သည်။ သို့ရာတွင် လူတစ်ဦး (သို့) လူအုပ်စုတစ်စုအတွက် ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ဖြင့် မိမိတို့၏ ပင်ကိုယ်အရည်အချင်းများကို စွန့်လွှတ်ကြရသည်။ နဗီတမန်တော်များ၏ နဗီဖြစ်ကြောင်း အထောက်အထားအဖြစ် အလ္လာဟ်အသျှင်မြတ်က 'မုအ်ဂျေဇာဟ်'များ ဖြစ်ပေါ်စေတော်မူခဲ့ခြင်းများ၏ ရလာဒ်မှာလည်း ဤအတိုင်းပင် ဖြစ်သည်။ ထို့ကြောင့် အလ္လာဟ်အသျှင်မြတ်က ထိုမီးပုံကြီးအား 'အေးမြစေလော့'ဟု အမိန့်ပေးတော်မူရာ အေးမြသွားခဲ့သည်။

အကယ်၍ بَرْدًا အေးမြခြင်းနှင့်အတူ سَلَامًا 'သာယာငြိမ့်ညောင်းခြင်း'ဟူသော စကားလုံး မပါရှိပါက မီးသည် ရေခဲကဲ့သို့ အေးမြမှုဖြစ်ပြီး ဒုက္ခရောက်စရာအကြောင်း ဖြစ်သွားနိုင်ပေသည်။ ရေ၌ နစ်မြုပ်ခဲ့သော နူးဟ် عليه السلام ၏ အုပ်စုနှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်းတော်မြတ်မှ

اُغْرِقُوْا فَاُدْخِلُوْا نَارًا

ဟု မိန့်ဆိုခဲ့သည်။ ဆိုလိုသည်မှာ '၎င်းတို့သည် ရေ၌ နစ်မြုပ်ပြီး မီးထဲသို့ ဝင်ရောက်သွားခဲ့ကြသည်'ဟု ဖြစ်သည်။ حَرِّقُوْهُ ဆိုလိုသည်မှာ တစ်မျိုးသားလုံးနှင့် 'နမ်ရူးဒ်'တို့သည် ၎င်း (အီဗ်ရာဟီမ် عليه السلام) အား မီးတင်ရှို့ရန် ထင်း၊ လောင်စာ စသည်များ စုဆောင်းခဲ့ကြသည်။ ထို့နောက် မီးမွှေး၍ (၇) ရက်တိုင် မီးအရှိန်မြင့်ရန် ပြုလုပ်ခဲ့ရသည်။ ဤသို့ဖြင့် မီးညွန့်မီးလျှံတို့သည် မိုးကောင်းကင် လေဟာနယ်အထိ မြင့်မားခဲ့သည်။ အကယ်၍ ထိုမီးပုံပေါ်မှ ငှက်တစ်ကောင် ပျံသန်းသွားမည်ဆိုလျှင် ထိုငှက်သည် လောင်ကျွမ်းသွားပေလိမ့်မည်။ ထိုသို့ မီးအရှိန်မြင့်မားသည့် အချိန်တွင် ဟဇရတ်အီဗ်ရာဟီမ် عليه السلام အား ထိုမီးပုံ၌ ထည့်ရန် ရည်ရွယ်ကြသည်။ သို့ရာတွင် မီးပုံအတွင်းသို့ မည်သို့ ထည့်ရမည်ဆိုခြင်းအပေါ် အတွေးဝင်လာ

ခဲ့ကြသည်။ အကြောင်းမှာ ထိုမီးပုံအနီးသို့ သွားရန် မည်သူမျှ မစွမ်းနိုင်သောကြောင့် ဖြစ်သည်။ ထိုအခါ ရှိုက်သွာန်သည် ၎င်းအား မောင်းဆင်လျက်ပစ်ချရန် အကြံဉာဏ်ပေးသည်။ နည်းလမ်းပေးသည်။ သို့ရှိရာ အလ္လာဟ်အသျှင်မြတ်၏ အချစ်တော်သည် ထိုမောင်း၏ အစီအစဉ်ဖြင့် မီးပုံအတွင်းသို့ ပစ်ချခံခဲ့ရသည်။ သို့ရှိရာ ဖရစ်ရှ်သာဟ်အားလုံးတို့သာမက မိုးနှင့် မြေအတွင်း၌ ရှိသော အဖန်ဆင်းခံအားလုံးတို့က 'အို၊ အသျှင်မြတ်၊ အသျှင်မြတ်၏ အချစ်တော်အပေါ်၌ မည်သည့်ဒုက္ခများ ကျရောက်နေပါသနည်း' ဟု အော်ဟစ် လျှောက်ထားကြလေသည်။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အားလုံးကို ဟဇရသ်အိဗ်ရာဟီမ် عليه السلام အား ကူညီရန် အခွင့်ပေးလိုက်သည်။ ဖရစ်ရှ်သာဟ်များက ကူညီရန်အတွက် ဟဇရသ်အိဗ်ရာဟီမ် عليه السلام အား မေးမြန်းသည့်အခါ ဟဇရသ်အိဗ်ရာဟီမ် عليه السلام က 'ကျွန်ုပ်အတွက် အလ္လာဟ်အသျှင်မြတ်သည် လုံလောက်ပါသည်' ဟု တုန့်ပြန်ဖြေကြားလေသည်။ ဂျိဗ်ရာအီးလ် عليه السلام က 'ကိုယ်တော်အဖို့ ကျွန်ုပ်၏ အကူအညီ တစ်စုံတစ်ရာ လိုအပ်မည်ဆိုပါက ကျွန်ုပ်ကူညီရန် အသင့်ရှိပါသည်' ဟု ပြောဆိုရာ ဟဇရသ်အိဗ်ရာဟီမ် عليه السلام က 'လိုအပ်ချက်မှာ ရှိပါသည်။ သို့သော် အသင့်ထံမှမဟုတ်။ ကျွန်ုပ်၏ အသျှင်မြတ်ထံမှ ဖြစ်သည်' ဟု ဖြေကြားတော်မူသည်။ *[မဇ္ဇဟရီကျမ်း]*

قلنا ينا ركو نى بردا وسلا ما على ابراهيم

အထက်၌ တင်ပြခဲ့ပြီးဖြစ်သည်။ မီးသည် ဟဇရသ်အိဗ်ရာဟီမ် عليه السلام အပေါ်တွင် သာယာအေးမြစွာ ရှိခဲ့သည်။ မီးသည် မီး၏ အဆင့်၌ မရှိတော့ဘဲ ပြောင်းလဲသွားခဲ့သည်။ မီးသည် မိမိ၏ ပင်ကိုယ်ဇာတိအရ မီးသာဖြစ်သည့်အလျောက် ဟဇရသ်အိဗ်ရာဟီမ် عليه السلام ၏ ဘေးပတ်ဝန်းကျင်မှအပ အခြားအရာများကို လောင်ကျွမ်းဝါးမြိုလိုက်သည်။ ထို့မှမက ဟဇရသ်အိဗ်ရာဟီမ် عليه السلام အား တုပ်နှောင်ထားသည့် ကြိုးများကိုလည်း မီးက ဝါးမြိုလိုက်သည်။ သို့ရာတွင် ဟဇရသ်အိဗ်ရာဟီမ် عليه السلام ၏ ခန္ဓာကိုယ်အား မည်သည့်အပူရှိန်မျှပင် ထိရောက်ခြင်း မရှိခဲ့ပါချေ။

သမိုင်းဆင့်ပြန်ချက်များအရ ဟဇရသ်အိဗ်ရာဟီမ် عليه السلام သည် ထိုမီးပုံကြီးထဲ၌ (၇) ရက် နေခဲ့ရသည်။ ဟဇရသ်အိဗ်ရာဟီမ် عليه السلام ပြောဆိုလေ့ရှိသည်မှာ 'ကျွန်ုပ်၏ ဘဝသက်တမ်းတွင် ထိုမီးပုံထဲ၌ ရက်သတ္တတစ်ပတ် နေခဲ့ရသည့် သာယာမှုမျိုး မည်သည့်အခါကမျှ မရရှိခဲ့ပါ' ဟု ပြောဆိုလေ့ ရှိခဲ့သည်။ *[မဇ္ဇဟရီကျမ်း]*

وَنَجَّيْنٰهُ وَلُوْطًا اِلَى الْاَرْضِ الَّتِيْ بٰرَكْنَا فِيْهَا لِلْعٰلَمِيْنَ

ဟဇရသ်အိဗ်ရာဟီမ် عليه السلام နှင့်အတူ လူးသ် عليه السلام တို့အား ငါအသျှင်မြတ်သည် 'နမ်ရူးဒ်'၏ ပိုင်စိုးမှုနယ်မြေ (အီရတ်နယ်မြေ) မှ လွတ်မြောက်မှုပေး၍ ကမ္ဘာသူကမ္ဘာသားအားလုံးတို့အတွက် 'ဗရ်ကသ်' တိုးပွားမှု မင်္ဂလာများစွာ ထားရှိသည့် နယ်မြေသို့ ပို့ဆောင်တော်မူခဲ့သည်။ (ဆိုလိုသည်မှာ ဆီးရီးယားနယ်မြေ ဖြစ်သည်။ ထိုနယ်မြေဒေသ၏ အတွင်းအပြင်၌ ကြီးမားစွာသော 'ဗရ်ကသ်'များ စုရုံးလျက် ရှိသည်။ နဗီတမန်တော်များစွာတို့၏ 'ကဗရ်'များရှိသည်။ များစွာသော နဗီတမန်တော်တို့သည် ထိုနယ်မြေဒေသ၌ ဖွားမြင်ခဲ့ကြသည်။ ပေါ်လွင်သော အပြင်ပိုင်း 'ဗရ်ကသ်'မင်္ဂလာများမှာ ရေနှင့် လေ မျှတမှုရှိခြင်းဖြစ်သည်။

မြစ်၊ ချောင်းများနှင့် စိမ့်စမ်းတို့၏ စီးဆင်းမှု၊ အသီးအနှံ၊ ပန်းမန်များ သီးပွင့်မှုနှင့် လယ်ယာမြေထွက် ကောက်ပဲသီးနှံတို့၏ ထွက်ရှိမှုမှာ သာမန်မျှ မဟုတ်ခြင်း စသည်တို့ ဖြစ်သည်။ ထိုနယ်မြေဒေသရှိ ထွက်ကုန်တို့သည် ထိုဒေသရှိ လူတို့အတွက်သာမဟုတ်ဘဲ တစ်ကမ္ဘာလုံးရှိ လူများအထိ ရောက်ရှိခဲ့ရသည်။

وَوَهَبْنَا لَهُ اِسْحٰقَ وَ يَعْقُوْبَ نَافِلَةً

ဆိုလိုသည်မှာ ငါအသျှင်မြတ်သည် ၎င်း (အိဗ်ရာဟီမ် عليه السلام) အား သားတော်အိဇ်ဟားက် عليه السلام ကို ချီးမြှင့်တော်မူလိုက်သည်။ (၎င်း၏ ဒိုအာတောင်းခံမှုများနှင့်အညီ သားတော်အား ချီးမြှင့်တော်မူလိုက်သည်) ထို့နောက် ၎င်းအပေါ် မြေးတော်ယအ်ကူးဗ် عليه السلام အား အပို ချီးမြှင့်တော်မူခဲ့လေသည်။ ဆိုလိုသည်မှာ ဒိုအာတောင်းခံခြင်း၌မူ သားတော်အတွက်သာ ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ကျေးဇူးတော်ဖြင့် သားတော်ကိုလည်း ချီးမြှင့်တော်မူသည်။ ထို့နောက် ၎င်းအား မိမိဘက်တော်မှ မြေးတော်လည်း ချီးမြှင့်တော်မူလိုက်သည်။ ထို့ကြောင့် ထိုအပိုချီးမြှင့်တော်မူခြင်းကို نَافِلَة ဟု ခေါ်ဆိုခြင်း ဖြစ်သည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَلُوْطًا اٰتَيْنٰهُ حُكْمًا وَّعِلْمًا وَّنَجَّيْنٰهُ مِنَ الْقَرْيَةِ الَّتِيْ
كَانَتْ تَّعْمَلُ الْخَبٰٓئِثَ ۭ اِنَّهُمْ كَانُوْا قَوْمَ سَوْءٍ فٰسِقِيْنَ ۝

၂၁ : ၇၄ ။ ။ ထို့ပြင် ငါအသျှင်မြတ်သည် (နဗီတမန်တော်) လူးသ်အား ဆင်ခြင်တုံတရားနှင့် အသိပညာကို ချီးမြှင့်ပေးသနားတော်မူခဲ့၏။ ထို့ပြင် ငါအသျှင်မြတ်သည် ၎င်း (နဗီတမန်တော် လူးသ်) အား စက်ဆုပ်ရွံရှာဖွယ်ဖြစ်သော ညစ်ညမ်းသည့် အမှုကိစ္စများကို ကျူးလွန်လေ့ရှိသော အကြင်မြို့ရွာမှ ကယ်တင်တော်မူခဲ့၏။ ကေန်မလွဲ ၎င်းတို့သည် အလွန်ယုတ်မာသော အမျိုးသားများ၊ ကာမဂုဏ်လိုက်စားကျူးလွန်သော သူများပင် ဖြစ်ခဲ့ကြကုန်၏။

وَاَدْخَلْنٰهُ فِيْ رَحْمَتِنَا ۭ اِنَّهٗ مِنَ الصّٰلِحِيْنَ ۝

၂၁ : ၇၅ ။ ။ ထို့ပြင် ငါအသျှင်မြတ်သည် ၎င်း (နဗီတမန်တော်လူသ်) အား မိမိ၏ ကရုဏာတော်အတွင်း ဝင်ရောက်စေတော်မူခဲ့၏။ ကေန်စင်စစ် ၎င်း (နဗီတမန်တော်လူးသ်) သည် သူတော်စင်တို့တွင် အပါအဝင် ဖြစ်ခဲ့ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့နောက် ငါအသျှင်မြတ်သည် လူးသ် عليه السلام အား အမြော်အမြင်နှင့် အသိပညာတို့ကို (နဗီ၏ ဂုဏ်အင်နှင့် လျော်ညီစွာ) ချီးမြှင့်တော်မူခဲ့သည်။ ထို့နောက် ငါအသျှင်မြတ်သည် ၎င်းအား ညစ်ညမ်းသည့် အမှုများ ပြုလုပ်သူတို့ နေထိုင်သည့် မြို့ရွာမှ လွတ်မြောက်စေတော်မူခဲ့သည်။ (၎င်းတို့၏ ညစ်ညမ်းသော

လုပ်ရပ်များအနက် 'လဝါသည့်' (လိင်တူဆက်ဆံခြင်း) မှာ အဆိုးရွားဆုံးလုပ်ရပ် ဖြစ်သည်။ ထိုလုပ်ရပ်အပြင် များစွာသော အကျိုးမဲ့သည့် ဆိုးယုတ်သော လုပ်ရပ်များသည် ထိုမြို့ရွာနေ လူတို့၏ အမူအကျင့်များ ဖြစ်သည်။ အရက်သေစာ သောက်စားခြင်း၊ တေးသီချင်းဆိုခြင်း၊ တီးမှုတ်ကခုန်ခြင်း၊ မုတ်ဆိတ်ရိတ်ခြင်း၊ နှုတ်ခမ်းမွေးအရှည်ထားခြင်း၊ ခိုမွေး၍ ခိုလွှတ်ပွဲများ ပြုလုပ်ခြင်းနှင့် ပိုးထည်များ ဝတ်ဆင်ခြင်းတို့ကို ပြုလုပ်လေ့ရှိကြသည်။

اخرجه اسحق بن بشر والخطيب وابن عساكرعن الحسن مرفوعًاكذ افى الروح

မုချကေန် ထိုသူတို့သည် ဆိုးယုတ်သည့် လုပ်ရပ်များကို ကျူးလွန်သည့်သူများ ဖြစ်ကြသည်။ ငါအသျှင်မြတ်သည် လူးသ် عليه السلام အား မိမိ၏ 'ရဟ်မသ်'တော်တွင် ('ရဟ်မသ်'ကျရောက်သည့် လူသားများ၏ စာရင်း၌) ထည့်သွင်းတော်မူလိုက်သည်။ (အကြောင်းမှာ) ၎င်းသည် မုချကေန် ကြီးမားစွာသော (အဆင့်အတန်း) ကောင်းမြတ်သူများမှ ဖြစ်သည်။ (ကြီးမားစွာသော အဆင့်အတန်းမှ ကောင်းမြတ်သူဆိုခြင်းမှာ နဗီတမန်တော်များ၏ အဆင့်ဖြစ်သော အပြစ်ကင်းစင်ခြင်းကို ဆိုလိုသည်။)

သိမှတ်ဖွယ်ရာများနှင့် ခမ္ဘသတ်များ

ဟဇရသ်လူးသ် عليه السلام အား လွတ်မြောက်စေခဲ့သည့် ရွာဟု အာယသ်တော်များ၌ ဖော်ပြပါရှိသည့်ရွာ၏ အမည်မှာ 'စဒူးမ်'ဖြစ်သည်။ ထိုရွာ၏ လက်အောက်တွင် ရွာ (၇) ရွာရှိသည်။ ထိုရွာများကို ဂျိဗ်ရာအီးလ် عليه السلام သည် ဖောက်ထိုးမ,၍ အထက်အောက် လှန်ပစ်ခဲ့သည်။ ဟဇရသ်လူးသ် عليه السلام နှင့် ၎င်း၏ နောက်လိုက် မုအ်မင်န်များ နေထိုင်နိုင်စေရန် ရွာတစ်ရွာသာလျှင် ချန်ထားခဲ့သည်။ (ယင်းအချက်များအား ဟဇရသ်အိဗ်နေအဗ္ဗားစ်သခင်က ဆင့်ပြန်ခဲ့ပြီး ကုရ်သုဗီ၌လည်း တင်ပြထားသည်။)

تَعْمَلُ الْخَبٰئِثَ

خَبَائِث သည် خَبِيث ၏ အများကိန်းဖြစ်သည်။ များစွာသော ဆိုးယုတ်သည့် မကောင်းသောအကျင့်များကို 'ခဗားအိဆ်'ဟု ခေါ်ဆိုသည်။ ဤနေရာတွင် ၎င်းတို့၏ ဆိုးယုတ်သော အကျင့်စရိုက်ဆိုးမှာ တောရိုင်းတိရစ္ဆာန်များပင် ရှောင်ကြဉ်သော لواطت 'လဝါသွသ်'လုပ်ရပ်ဆိုးပင်ဖြစ်သည်။ အမျိုးသားအချင်းချင်း ရာဂစိတ်ဖြည့်ဆည်းခြင်းဖြစ်သည်။ ဤနေရာတွင် ထိုကဲ့သို့သော ဆိုးယုတ်သည့် အကျင့်စရိုက်ဆိုး တစ်ခုတည်းကို ၎င်း၏ ကြီးမားသော ဆိုးယုတ်သည့် အကျင့်ဖြစ်ခြင်းကြောင့် خبائث 'ခဗားအိဆ်'ဟု သုံးနှုန်းထားခြင်းသည် အချို့အဖွင့်ပညာရှင်များ မိန့်ဆိုခြင်းနှင့်လည်း ကွာခြားခြင်း မရှိပေ။ ထို့ပြင် အခြားသော လုပ်ရပ်ဆိုး အကျင့်စရိုက်များသည် ထိုမြို့ရွာနေ လူတို့၌ ရှိသည့်အတွက်ကြောင့် ရူဟွလ်မအာနီ၏ အညွှန်းဖြင့် အနှစ်ချုပ်ဖွင့်ဆိုချက်၌ တင်ပြခဲ့သကဲ့သို့ ဆင့်ပြန်ချက်များအရလည်း သိရှိရပေသည်။ ထို့ကြောင့် ခြုံငုံ၍ အားလုံးကို خبائث 'ခဗားအိဆ်'ဟု ပြောဆိုကြောင်းမှာမူ ထင်ရှားပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَنُوحًا إِذْ نَادَىٰ مِن قَبْلُ
فَاسْتَجَبْنَا لَهُ فَنَجَّيْنَاهُ وَأَهْلَهُ مِنَ الْكَرْبِ الْعَظِيمِ ﴿٧٦﴾

၂၁ : ၇၆ ။ ။ ထို့ပြင် (အို၊ နဗီတမန်တော်၊ တမန်တော်) နူးဟ် (၏ အတ္ထုပ္ပတ္တိ အကြောင်း) ကိုလည်း (ပြန်လည် သတိရပါလေ။ တမန်တော်အီဗ်ရာဟီမ် မပွင့်မီ) ရှေးကာလကပင် ထို (နဗီတမန်တော်) နူးဟ်သည် (ငါအသျှင်မြတ်အား) ဟစ်ခေါ် ပန်ကြားခဲ့လေသည်။ ထိုအခါ ငါအသျှင်မြတ်သည် ၎င်း (နဗီတမန်တော်နူးဟ်) ၏ ဟစ်ခေါ်ပန်ကြားချက်ကို သဘောတူ လက်ခံတော်မူခဲ့ပေသည်။ ထို့နောက် ငါအသျှင်မြတ်သည် ယင်း (နူးဟ်) နှင့် ၎င်း (နူးဟ်) ၏ အိမ်တော်သူ အိမ်တော်သားတို့အား ကြီးကျယ်စွာသော ပူပင်သောကဖြစ်ခြင်းမှ ကယ်တင်တော်မူခဲ့လေသည်။

وَنَصَرْنَاهُ مِنَ الْقَوْمِ الَّذِينَ كَذَّبُوا بِآيَاتِنَا ۚ
إِنَّهُمْ كَانُوا قَوْمَ سَوْءٍ فَأَغْرَقْنَاهُمْ أَجْمَعِينَ ﴿٧٧﴾

၂၁ : ၇၇ ။ ။ ထို့ပြင် ငါအသျှင်မြတ်သည် ၎င်း (နူးဟ်) အား ငါအသျှင်မြတ်၏ သက်သေလက္ခဏာတော်များကို မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြသော အမျိုးသားတို့ (၏ ဘေးအန္တရာယ်) မှ ကာကွယ်စောင့်ရှောက်တော်မူခဲ့၏။ စေကန် စင်စစ် ၎င်းတို့သည် အလွန်ဆိုးရွားသော သူများပင် ဖြစ်ခဲ့ကြကုန်၏။ သို့ဖြစ်ပေရာ ငါသအျှင်မြတ်သည် ၎င်းတို့အားလုံးကို နစ်မြုပ်စေတော်မူခဲ့ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့နောက် နူးဟ် عليه السلام ၏ အဖြစ်အပျက်ကို သတိရအောက်မေ့ပါလေ။ ထို (အီဗ်ရာဟီမ် عليه السلام ၏ ခေတ်သမယ) ထက်အလျင် ၎င်း (နူးဟ် عليه السلام) သည် (အလ္လာဟ်အသျှင်မြတ်၏ ထံတော်မှ) ဒိုအာတောင်းခံခဲ့သည် (မှာ ထိုကာဖိရ်မှ ကျွန်တော်မျိုး၏အစား ယူတော်မူပါဟု ဖြစ်သည်။) သို့ရှိရာ ငါအသျှင်မြတ်သည် ၎င်း၏ ဒိုအာကို လက်ခံတော်မူခဲ့သည်။ ၎င်းနောက် ငါအသျှင်မြတ်သည် ၎င်းနှင့် ၎င်း၏ နောက်လိုက်များကို အလွန်ကြီးလေးသည့် သောကများမှ လွတ်မြောက်စေတော်မူလိုက်သည်။ (ထိုသောကများမှာ ကာဖိရ်တို့၏ သွေဖည်ငြင်းဆိုမှု၊ ဒုက္ခမျိုးစုံ ပေးခြင်းတို့ကို ခံစားကြရခြင်းဖြစ်သည်။) ထို့နောက် (လွတ်မြောက်အောင်မြင်မှုကို ပေးပုံမှာ) ငါအသျှင်မြတ်၏ အမိန့်တော်များ (ယူဆောင်လာသည့် ဟဇရတ်နူးဟ် عليه السلام အား) သွေဖည်ဆန့်ကျင်သူများကို အစားယူတော်မူသည်။ စေကန်အမှန် ၎င်းတို့သည် အလွန်ဆိုးယုတ်သူများ ဖြစ်ကြသည်။ ထို့ကြောင့် ငါအသျှင်မြတ်သည် ၎င်းတို့အားလုံးကို နစ်မြုပ်စေတော်မူလိုက်သည်။

သိမှတ်ဖွယ်ရာများနှင့် မှတ်ချက်များ

وَنُوحًا اِذْنَا دٰى مِنْ قَبْلُ

مِنْ قَبْلُ (အလျင်က) ဆိုသည်မှာ အိဗ်ရာဟီမ် ﷺ နှင့် လူးသ် ﷺ တို့၏အလျင်ကဟု ဆိုလိုသည်။ ထိုအကြောင်းများကို အထက်ပါအာယသ်တော်များ၌ တင်ပြခဲ့ပြီးဖြစ်သည်။ နူးဟ် ﷺ ၏ ဒိုအာတောင်းခံမှုအကြောင်းသည် အထက်ပါအာယသ်တော်များတွင် အကျဉ်းချုံး၍ လာရှိသည်။ ထိုအကြောင်းကို စူရာဟ်နူးဟ်တွင် ဟဇရတ်နူးဟ် ﷺ က မိမိ၏ အမျိုးသားများအပေါ် ပျက်စီးစေရန် ဒိုအာပြုခဲ့သည့် အကြောင်း၌ ပါရှိသည်။

اَنِّىْ مَغْلُوْبٌ فَانْتَصِرْ

ဆိုလိုသည်မှာ 'အို၊ မွေးမြူတော်မူသော အသျှင်၊ မြေပထဝီတွင် နေထိုင်သော မညီသည့်ကာဖိရ်ကိုမျှ ချန်ထားတော်မမူပါနှင့်'ဟု ဖြစ်သည်။

အခြားတစ်နေရာတွင် ဟဇရတ်နူးဟ် ﷺ ၏ အမျိုးသားတို့သည် မညီသည့်နည်းနှင့်မျှ ပြောဆိုသမျှ မနာခံကြတော့သည့်အခါ နူးဟ် ﷺ သည် အလ္လာဟ်အသျှင်မြတ်ထံတော်၌

رَبِّ لَا تَذَرْ عَلَى الْاَرْضِ مِنَ الْكَافِرِيْنَ دَيَّارًا

'ကျွန်တော်မျိုးသည် လွှမ်းမိုးခံရသူ၊ မတတ်စွမ်းနိုင်သူ ဖြစ်သွားရပါသည်။ အသျှင်မြတ်သာလျှင် ၎င်းတို့အား အစားယူတော်မူပါ'ဟု လျှောက်ထားတော်မူခဲ့လေသည်။

فَاسْتَجَبْنَا لَهٗ فَنَجَّيْنٰهُ وَاَهْلَهٗ مِنَ الْكَرْبِ الْعَظِيْمِ

كرب عظيم 'ကရ်ဗေအဇွီးမ်'ဆိုသည်မှာ 'တစ်မျိုးသားလုံး နစ်မြုပ်ခဲ့သည့် ရေလွှမ်းမိုးမှု မုန်တိုင်း (သို့) မုန်တိုင်း နှင့် ရေလွှမ်းမိုးမှု မဖြစ်မီက ဟဇရတ်နူးဟ် ﷺ နှင့် နောက်လိုက်များအား ထိုအမျိုးသားတို့က ဒုက္ခများ ပေးခဲ့ကြခြင်း' ကို ဆိုလိုသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَدَاوٗدَ وَسُلَيْمٰنَ اِذْ يَحْكُمٰنِ
فِى الْحَرْثِ اِذْ نَفَشَتْ فِيْهِ غَنَمُ الْقَوْمِ ۚ وَكُنَّا لِحُكْمِهِمْ شٰهِدِيْنَ ﴿٧٨﴾

၂၁ : ၇၈ ။ ။ ထို့ပြင် (အို၊ နဗီတမန်တော်၊ နဗီတမန်တော်) ဒါဝူဒ်နှင့် စုလိုက်မာန် (တို့၏ အတ္ထုပ္ပတ္တိ အကြောင်းကိုလည်း ပြန်လည်သတိရပါလေ။) တစ်ရံရောအခါ ၎င်း (သားအဖ) နှစ်ဦးတို့သည် လယ်ယာနှင့် စပ်လျဉ်း၍ စီရင်ဆုံးဖြတ်

ခဲ့ကြကုန်၏။ အကြင်အခါဝယ် (အခြား) အမျိုးသားတို့၏ ဆိတ်များသည် (ထွန်ယက်စိုက်ပျိုးထားသော) ယင်း လယ်ယာ၌၊ ညဥ့်အချိန်တွင် ဝင်ရောက် (ဖျက်ဆီး) ခဲ့ကြကုန်၏။ စင်စစ် ငါအသျှင်မြတ်သည် ၎င်းတို့၏ စီရင်ဆုံးဖြတ်ချက်ကို ရှုစားလျက်ပင် ရှိတော်မူခဲ့၏။

فَفَهَّمْنٰهَا سُلَيْمٰنَ ۚ
وَكُلًّا اٰتَيْنَا حُكْمًا وَّعِلْمًا ۖ وَّسَخَّرْنَا مَعَ دَاوٗدَ الْجِبَالَ
يُسَبِّحْنَ وَالطَّيْرَ ۗ وَكُنَّا فٰعِلِيْنَ ﴿٧٩﴾

၂၁ : ၇၉ ။ ။ ထိုအခါ ငါအသျှင်မြတ်သည် (နဗီတမန်တော်) စုလိုက်မာန်အား၊ ယင်းအမှု (၏ အဆုံးအဖြတ်) ကို သိနားလည်စေတော်မူခဲ့၏။ စင်စစ် ငါအသျှင်မြတ်သည် ၎င်း (ဒါဝူးဒ်နှင့် စုလိုက်မာန်) နှစ်ပါးစလုံးအား ဆင်ခြင်တုံတရားနှင့် အသိပညာကို ချီးမြှင့်ပေးသနားတော်မူခဲ့၏။ ထို့ပြင် ငါအသျှင်မြတ်သည် တောင်များနှင့် ငှက်တိရစ္ဆာန်များကို၊ ဒါဝူးဒ်နှင့်အတူ ငါအသျှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်း ဘာဝနာ မြွက်ဆိုရာ၌ လိုက်နာစေတော်မူခဲ့၏။ စင်စစ် ငါအသျှင်မြတ်သည် (ယင်းကဲ့သို့) ပြုလုပ်တော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

وَعَلَّمْنٰهُ صَنْعَةَ لَبُوْسٍ لَّكُمْ
لِتُحْصِنَكُمْ مِّنْۢ بَأْسِكُمْ ۚ فَهَلْ اَنْتُمْ شٰكِرُوْنَ ﴿٨٠﴾

၂၁ : ၈၀ ။ ။ ၎င်းပြင် ငါအသျှင်မြတ်သည် အသင်တို့အကျိုးငှာ၊ အသင်တို့ စစ်တိုက်ရာတွင် ကာကွယ်နိုင်မည့် သံချပ်အင်္ကျီ ပြုလုပ်သော အတတ်ပညာကို၊ ၎င်း (နဗီတမန်တော် ဒါဝူးဒ်) အား သင်ပေးတော်မူခဲ့၏။ သို့ပါလျက် အသင်တို့သည် ကျေးဇူးတော်ကို သိတတ်သူများ ဖြစ်ကြလေသလော။

وَلِسُلَيْمٰنَ الرِّيْحَ عَاصِفَةً تَجْرِيْ بِاَمْرِهٖٓ
اِلَى الْاَرْضِ الَّتِيْ بٰرَكْنَا فِيْهَا ۗ وَكُنَّا بِكُلِّ شَيْءٍ عٰلِمِيْنَ ﴿٨١﴾

၂၁ : ၈၁ ။ ။ ထို့ပြင် ငါအသျှင်မြတ်သည် (နဗီတမန်တော်) စုလိုက်မာန်အား အလွန် (လျင်မြန်) ပြင်းထန်စွာ တိုက်ခတ်သော လေကို နိုင်နင်းစေတော်မူခဲ့၏။ ထိုလေသည် ၎င်း (စုလိုက်မာန်) ၏ အမိန့်နှင့် ငါအသျှင်မြတ်သည် ကျက်သရေမင်္ဂလာ၊ သုခချမ်းသာနှင့် ပြည့်စုံစေတော်မူသော နယ်မြေဒေသတို့ တိုက်ခတ်သွားလာလေသည်။ အမှန်စင်စစ် ငါအသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

وَمِنَ الشَّيٰطِيْنِ مَنْ يَّغُوْصُوْنَ لَهٗ وَيَعْمَلُوْنَ عَمَلًا دُوْنَ ذٰلِكَ ۚ وَكُنَّا لَهُمْ حٰفِظِيْنَ ﴿٨٢﴾

၂၁ : ၈၂ ။ ။ ထို့ပြင် ငါအသျှင်မြတ်သည် မြောက်မြားစွာသော ရှိုက်သွာန် (ဆိုးသွမ်းသော ဂျင်န်) တို့ကို၊ ၎င်း (နဗီတမန်တော် စုလိုက်မာန်) ၏ ဩဇာခံများ ဖြစ်စေတော်မူခဲ့ရာ၊ ၎င်း (ရှိုက်သွာန်) တို့သည် ယင်း (စုလိုက်မာန်) ၏ အကျိုးငှာ (ပင်လယ်သမုဒ္ဒရာ၌) ရေငုပ်ခြင်းကိုလည်းကောင်း၊ အခြားအလုပ်ကိစ္စ ဆောင်ရွက်ခြင်းကိုလည်းကောင်း ပြုလုပ်ကြကုန်၏။ စင်စစ် ငါအသျှင်မြတ်သည် ယင်း (ရှိုက်သွာန်) တို့အား ထိန်းသိမ်း စောင့်ရှောက်တော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့နောက်တစ်ဖန် ဒါဝူးဒ် عليه السلام နှင့် စုလိုင်မာန် عليه السلام တို့၏ ဖြစ်ရပ်ကို သတိရအောက်မေ့ပါလေ။ နဗီတမန်တော်နှစ်ပါးတို့သည် လယ်ယာစိုက်ခင်းတစ်ခုနှင့် ပတ်သက်၍ (ကောက်ပဲသီးနှံ (သို့) စပျစ်သီးပင်များ စိုက်ခင်းဟု 'ဒွရ်ရေမန်ဆူးရ်' ကျမ်း၌ လာရှိသည်။) စီရင်ချက် ချမှတ်ကြသည်။ ထိုလယ်ယာစိုက်ခင်းတွင် အချို့လူတို့၏ ဆိတ်များသည် ညဥ့်အခါ ဝင်ရောက်ကြသည်။ (ထိုလယ်စိုက်ခင်း၌ ကျက်စားကြလေသည်။) ငါအသျှင်မြတ်သည် (တရားရေးရင်ဆိုင်နေရသူ) လူများနှင့် စပ်လျဉ်း၍ စီရင်ဆုံးဖြတ်ခြင်းကို ကြည့်ရှုတွေ့မြင်တော်မူလေသည်။ သို့ရှိရာ ငါအသျှင်မြတ်သည် ထိုစီရင်ချက်၌ (လွယ်ကူသည့် ပုံသဏ္ဍာန်အတွက်) အသိပညာကို စုလိုင်မာန် عليه السلام အား ချီးမြှင့်တော်မူလိုက်သည်။ (ဤအတိုင်းပင်) ငါအသျှင်မြတ်သည် ထိုနဗီနှစ်ပါးစလုံးကိုပင် ဉာဏ်အမြော်အမြင်နှင့် အသိပညာများ ချီးမြှင့်တော်မူခဲ့သည်။ (ဆိုလိုသည်မှာ ဒါဝူးဒ် عليه السلام ၏ စီရင်ချက်သည်လည်း 'ရှရီအသ်' တရားတော်နှင့် ဆန့်ကျင်မှုမရှိပါချေ။ ထိုအမှုစီရင်ချက်၏ ပုံသဏ္ဍာန်မှာ လယ်ယာစိုက်ခင်းမှ ဆုံးရှုံးရမှု၏ ပမာဏသည် ဆိတ်များ၏ တန်ဖိုးနှင့်အညီ ဖြစ်သည်။ ဒါဝူးဒ် عليه السلام သည် လျော်ကြေးအဖြစ် ဆိတ်ပိုင်ရှင်မှ ၎င်းဆိတ်များကို လယ်ရှင်အား ပေးလိုက်ရမည်ဟု စီရင်ချက်ချလိုက်သည်။ ရှရီအသ်၏ မူလဥပဒေမှာလည်း ဤအတိုင်းပင် ဖြစ်သည်။ ထိုစီရင်ချက်တွင် တရားလိုနှင့် တရားခံတို့၏ သဘောတူခြင်းမှာ စည်းကမ်းချက်မဟုတ်ပါချေ။ သို့သော်လည်း ဤစီရင်ဆုံးဖြတ်ချက်တွင် ဆိတ်ပိုင်ရှင်အဖို့ လုံးဝ နစ်နာဆုံးရှုံးမှု ဖြစ်ခဲ့ရသည်။ ထို့ကြောင့် စုလိုင်မာန် عليه السلام သည် နှစ်ဦးနှစ်ဘက်မှ သဘောတူညီမှုလည်းဖြစ်ပြီး လွယ်ကူမှုလည်းရှိသည့် ပုံသဏ္ဍာန်ဖြင့် စီရင်တော်မူလေသည်။ ထိုပုံသဏ္ဍာန်မှာ ကာလအနည်းငယ်အတွက် ဆိတ်များကို လယ်ပိုင်ရှင်အား ပေးလိုက်ရမည်။ လယ်ပိုင်ရှင်သည် ထိုဆိတ်များ၏ နို့နှင့် အမွေး စသည်တို့ဖြင့် မိမိ၏ အကျိုးခံစားခွင့် ရှိသည်။ ဆိတ်ပိုင်ရှင်အား ထိုပျက်စီးသွားသည့် လယ်ကို အပ်နှံလိုက်ရမည်။ ၎င်းသည် ထိုလယ်အား ရေသွင်းစိုက်ပျိုးပြုစု၍ နဂိုမူလ အခြေအနေသို့ ရောက်ရှိသည့်အခါ လယ်ယာနှင့် ဆိတ်များကို မိမိတို့ဆိုင်ရာ ပိုင်ရှင်များကို ပြန်လည်ပေးအပ်လိုက်ရမည်။

كذا فى الد رمنثورعن مرة وابن مسعو د ومسروق وابن
عباس ومجا هد وقتا د ه والزهرى

သို့ရှိရာ နဗီတမန်တော်နှစ်ပါးလုံး၏ စီရင်မှုသည် တစ်ဦးကောင်းပြီး၊ အခြားတစ်ဦးက နစ်နာစေမည့် ဆုံးဖြတ်ချက်မျိုးမရှိဘဲ ဆန့်ကျင်ခြားနားခြင်းလည်း မရှိပါချေ။ ထို့ကြောင့်

كُلًّا اٰتَيْنَا حُكْمًا وَّعِلْمًا

ကို တိုးမြှင့်လိုက်ခြင်းဖြစ်သည်။ ထို့နောက် ဤနေရာအထိ နဗီတမန်တော်နှစ်ပါးလုံး၌ ရှိသည့် 'ကရာမသ်' ကို ခြုံငုံတင်ပြခြင်း ဖြစ်သည်။ ရှေ့တွင် ထိုနဗီနှစ်ပါးတို့၏ အထူးသီးသန့် 'ကရာမသ်' များကို တင်ပြပါမည်။) ငါအသျှင်မြတ်သည် ဒါဝူးဒ် ﷺ နှင့်အတူ တောင်များ၊ ငှက်များက 'သတ်စ်ဗီးဟ်' ငါအသျှင်မြတ် သန့်ရှင်းစင်ကြယ်တော်မူကြောင်း ရွတ်ဆိုတသစေတော်မူသည်။ (စူရာဟ်စဗာအ်တွင်

يٰجِبَالُ اَوِّبِىْ مَعَهٗ وَالطَّيْرَ

ဟုလည်း လာရှိထားပေသည်။ ထို့နောက် (မည်သူမျှ ဤလုပ်ရပ်များအပေါ် အံ့သြခြင်း မပြုလေနှင့်။ အကြောင်းမှာ ထိုလုပ်ရပ်များ) ပြုလုပ်သူမှာ ငါအသျှင်မြတ်သာ ဖြစ်သောကြောင့်ပင် ဖြစ်သည်။ (ထို့နောက် ငါအသျှင်မြတ်၏ တန်ခိုးတော်သည် ကြီးကျယ်မြင့်မားကြောင်း ပေါ်လွင်မှုပင် ဖြစ်သည်။ သို့ဖြစ်ပေရာ ထို 'မုအ်ဂျေဇာဟ်' များတွင် မည်သည့်အံ့သြဖွယ်ရာ ဖြစ်ရပါမည်နည်း။) ထို့နောက် ငါအသျှင်မြတ်သည် ၎င်းအား သံချပ်ကာအင်္ကျီ (ပြုလုပ်ခြင်း) အတတ်ပညာကို အသင်တို့၏ (အကျိုး) အတွက် တတ်မြောက်စေတော်မူသည်။ (ဆိုလိုသည်မှာ သို့မှသာ ထို (သံချပ်ကာအင်္ကျီ) သည် အသင်တို့အတွက် (စစ်တိုက်ရာတွင်) အခြားသူတို့၏ တိုက်ခိုက်ခြင်းမှ ကာကွယ်ပေးပေမည်။ (ထို့နောက် ထိုကြီးမားသည့် အကျိုးသည် အသင်တို့၏ ကျေးဇူးတရား သိတတ်မှုကို တောင်းဆိုခြင်းဖြစ်ပေသည်။) သို့ရှိရာ အသင်တို့သည် (ဤကျေးဇူးတော်အတွက်) ကျေးဇူးတရားသိတတ်သူများ ဖြစ်ကြပါလေသလော။ ထို့နောက် ငါအသျှင်မြတ်သည် စုလိုင်မာန် ﷺ အား ပြင်းထန်စွာ တိုက်ခတ်သောလေကို နိုင်နင်းစေတော်မူခဲ့သည်။ ထိုလေသည် စုလိုင်မာန် ﷺ ၏ အမိန့်ဖြင့် ငါအသျှင်မြတ်က ကျက်သရေမင်္ဂလာများနှင့် ပြည့်စုံစေတော်မူထားသည့် နယ်မြေဒေသသို့ တိုက်ခတ်လေသည်။ (ဆိုလိုသည်မှာ ဆီးရီးယားနိုင်ငံ ဖြစ်သည်။ ထိုဒေသသည် ၎င်း၏ နေထိုင်ရာဖြစ်သည်။ ထိုဆီးရီးယားနိုင်ငံမှ မည်သည့်နေရာကိုမဆို သွားမည်၊ လာမည်ဆိုလျှင် ထိုလေဖြင့်ပင် သွားလာခြင်းပြုလေ့ရှိသည်။ ဒုရ်ရေမန်ဆူးရ်ကျမ်းတွင် အိဗ်နေအဗ္ဗားစ် ﵄ ဆင့်ပြန့်ချက်တွင် ထိုအကြောင်းကို တင်ပြထားသည်မှာ စုလိုင်မာန် ﷺ သည် မိမိ၏ ဝန်ကြီးများနှင့်အတူ ထိုင်ခုံပေါ်၌ ထိုင်ပြီး လေကို ခေါ်ယူ၍ အမိန့်ပေးပါလျှင် ထိုလေသည် အားလုံးကို မ၍ အချိန်အနည်းငယ်အတွင်းမှာပင် တစ်လတာ ခရီး ကြန့်ကြာနိုင်သည့် အကွာအဝေးသို့ ပို့ဆောင်ပေးလေသည်။)

စင်စစ် ငါအသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ (ငါအသျှင်မြတ်၏ အသိရွှေဉာဏ်တော်တွင် စုလိုင်မာန် عليه السلام အား ဤအရာများ ချီးမြှင့်ရခြင်းတွင် လျှို့ဝှက်ချက် ရှိသည်။ ထို့ကြောင့် ချီးမြှင့်တော်မူခြင်းဖြစ်သည်။) အချို့သော ရှိုက်သွာန် (ဂျင်န်) တို့သည် စုလိုင်မာန် عليه السلام အတွက် (မြစ်ချောင်းများတွင်) ရေငုပ်ပေးကြသည်။ (သို့ဖြင့် ပုလဲများ ရှာဖွေ၍ ၎င်းထံ ဆက်သကြရသည်။) ထို့နောက် ထိုရှိုက်သွာန်တို့သည် ထိုအလုပ်များအပြင် အခြားသော အလုပ်များကိုလည်း (စုလိုင်မာန် عليه السلام အတွက် ပြုလုပ်ပေးလေ့ ရှိကြသည်။ (ထိုဂျင်န်တို့သည် အလွန်ဆိုးသွမ်းကြသူများဖြစ်သည်။ သို့ရာတွင်) ငါအသျှင်မြတ်သည်ပင် ယင်းရှိုက်သွာန်များအား ထိန်းသိမ်းတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ (ထို့ကြောင့် ၎င်းတို့သည် ဆိုးသွမ်းခြင်းကို မပြုနိုင်ကြခြင်း ဖြစ်သည်။)

သိမှတ်ဖွယ်ရာများနှင့် ခမ္ဘာသတ်များ

نَفَشَتْ فِيْهِ غَنَمُ الْقَوْمِ

တွင် نفش စာလုံး၏ အဓိပ္ပာယ်မှာ အာရဗီအဘိဓါန်တွင် 'ညဥ့်အခါ တိရစ္ဆာန်တစ်ကောင်ကောင်သည် လယ်တစ်ခုသို့ သွားရောက်၍ ဆုံးရှုံးနစ်နာမှု ဖြစ်စေခြင်း' ဟု ဖြစ်သည်။

فَفَهَّمْنٰهَا سُلَيْمٰنَ

တွင် فهّمنها ၏ နာမ်စားသည် အမှုဖြစ်ခြင်းနှင့် ထိုအမှုအား စီရင်ဆုံးဖြတ်ခြင်းကို ညွှန်းဆိုခြင်း ဖြစ်သည်။ အဓိပ္ပာယ်မှာ အလ္လာဟ်အသျှင်မြတ်သည် မိမိနှစ်သက်တော်မူသည့် စီရင်ဆုံးဖြတ်ချက်ကို ဟဇရသ်စုလိုင်မာန် عليه السلام အား နားလည်စေတော်မူသည်။ ထိုတရားရေးရင်ဆိုင်ခြင်းနှင့် စီရင်ဆုံးဖြတ်သည့်အကြောင်း အထက်တွင် အကျဉ်းချုံးရှင်းလင်းချက်၌ ဖော်ပြခဲ့ပြီးဖြစ်သည်။ ထိုဖော်ပြချက်အရ ဟဇရသ်ဒါဝူးဒ် عليه السلام ၏ စီရင်ချက်သည်လည်း ရှရီအသ်တရားတော်၏ ရှုထောင့်အရ မှားယွင်းခြင်းမရှိပါ။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်က ဟဇရသ်စုလိုင်မာန် عليه السلام အား နားလည်စေခဲ့သည့် စီရင်ချက်သည် နှစ်ဘက်စလုံး၏ အကျိုးကို ထောက်ရှုမှုရှိပြီး အကျိုးထူးများပါရှိသည့်အတွက် အလ္လာဟ်အသျှင်မြတ်ထံတွင် ထိုစီရင်ချက်သည် နှစ်သက်သော စီရင်ချက်အဖြစ် သတ်မှတ်ခြင်း ခံရပေသည်။ အေမာမ်ဗဂဝီ (ရဟ) က ဟဇရသ်အိဗ်နေအဗ္ဗားစ် رضي الله عنه ၊ ကသာဒဟ်နှင့် ဇုဟ်ရီတို့ထံမှ ဆင့်ပြန်ခဲ့သည်မှာ 'ဟဇရသ်ဒါဝူးဒ် عليه السلام ထံသို့ လူနှစ်ဦး ရောက်ရှိလာသည်။ ၎င်းတို့အနက် တစ်ဦးမှာ လယ်ပိုင်ရှင်နှင့် အခြားတစ်ဦးမှာ ဆိတ်အုပ်ပိုင်ရှင် ဖြစ်သည်။ လယ်ပိုင်ရှင်က ဆိတ်အုပ်ပိုင်ရှင်အကြောင်း တိုင်တန်းမှုပြုသည်မှာ 'ဤသူ၏ ဆိတ်များသည် ညဥ့်ဘက်၌ လွတ်၍ ကျွန်ုပ်၏ လယ်အတွင်း၌ ဝင်ရောက်ကြပါသည်။ လယ်ကို ပြောင်စင်အောင် ရှင်းလိုက်ကြပါသည်။ အနည်းငယ်မျှပင် မကျန်ရှိတော့ပါ' ဟု လျှောက်ထားတိုင်တန်းလေသည်။ (အတိုင်ခံရသူ ဆိတ်အုပ်ပိုင်ရှင်

သည် ဝန်ခံလိုက်သည်ဖြစ်မည်။ ဆိတ်အုပ်၏ တန်ဖိုးသည် လယ်မှ ပျက်စီးသည်တို့၏ တန်ဖိုးနှင့် အညီအမျှဖြစ်သည်။ ထို့ကြောင့်) ဟဇရတ်ဒါဝူးဒ် عليه السلام က ဆိတ်အုပ်ပိုင်ရှင်သည် မိမိ၏ ဆိတ်များအားလုံးကို လယ်ပိုင်ရှင်အား ပေးလိုက်ရမည်' ဟု ဆုံးဖြတ်လိုက်သည်။

(အကြောင်းမှာ တန်ဖိုးအားဖြင့် ပေးခြင်း၊ ယူခြင်းဖြစ်သော အရာများကို ဖိကာဟ်ပညာရှင်တို့၏ ကျော်ကြားသောအဆိုတွင် 'ဇဝါသွလ်ကိုင်ယမ်' ဟု ခေါ်သည်။ အကယ်၍ လူတစ်ဦးသည် ပစ္စည်းတစ်ခုအား ပျက်စီးစေလိုက်လျှင် ၎င်း လျော်ကြေးကို တန်ဖိုးအားဖြင့်ပင် ပေးအပ်ရသည်။ ဆိတ်အုပ်၏ တန်ဖိုးသည် ပျက်စီးသွားသည့် လယ်၏ တန်ဖိုးနှင့် အညီအမျှဖြစ်သည်။ ထို့ကြောင့် ဤဥပဒေပြဋ္ဌာန်းချက်အရ စီရင်ဆုံးဖြတ်လိုက်ခြင်း ဖြစ်သည်။) ဤတရားလိုနှင့် တရားခံနှစ်ဦးတို့သည် ဟဇရတ်ဒါဝူးဒ် عليه السلام ၏ ခုံရုံးမှ ပြန်လာကြစဉ် (တံခါးဝ၌ ၎င်း၏ သားတော်) ဟဇရတ်စုလိုင်မာန် عليه السلام နှင့် တွေ့ဆုံကြသည်။ ဟဇရတ်စုလိုင်မာန် عليه السلام က 'အသင်တို့၏အမှုကို မည်သို့ ဆုံးဖြတ်လိုက်ပါသနည်း' ဟု မေးမြန်းရာ ၎င်းတို့က ဖြစ်စဉ်ကို တင်ပြလိုက်ကြသည်။ ထိုအခါ ဟဇရတ်စုလိုင်မာန် عليه السلام က 'အကယ်၍ ဤအမှု၏ စီရင်ချက်ကို ကျွန်ုပ်သာ ဆုံးဖြတ်ခဲ့မည်ဆိုလျှင် အခြားသော စီရင်ချက်ဖြစ်မည်။ နှစ်ဦးနှစ်ဖက်လုံးအတွက် အကျိုးရှိစေမည်' ဟု ပြောဆို၍ ကိုယ်တိုင် ဖခင်ဖြစ်သူ ဟဇရတ်ဒါဝူးဒ် عليه السلام ထံ ဝင်၍ ထိုအကြောင်းကို တင်ပြလေသည်။ ဟဇရတ်ဒါဝူးဒ် عليه السلام သည် 'နှစ်ဦးနှစ်ဖက်စလုံးအတွက် ဤဆုံးဖြတ်ချက်ထက် ပိုကောင်းသော အခြားဆုံးဖြတ်ချက်ဆိုသည်မှာ မည်သို့ပါနည်း' ဟု လေးလေးနက်နက် မေးမြန်းလေသည်။ ဟဇရတ်စုလိုင်မာန် عليه السلام က 'ဆိတ်များအားလုံးကို လယ်ပိုင်ရှင်ထံ ပေးလိုက်ရမည်။ လယ်ပိုင်ရှင်သည် ထိုဆိတ်တို့၏ နို့နှင့် အမွေးအမျှင် စသည်တို့ကို အကျိုးခံစားနေရမည်။ လယ်၏ မြေကွက်ကို ဆိတ်ပိုင်ရှင်အား ပေးလိုက်ရမည်။ ထိုသူသည် ထိုလယ်ကွက်၌ လယ်ယာစိုက်ပျိုးပြီး လယ်ယာသည် ဆိတ်များဝင်ရောက်စားစဉ်က အခြေအနေအတိုင်း ဖြစ်လာခဲ့ပြီဆိုလျှင် ထိုလယ်ကို လယ်ပိုင်ရှင်ထံ ပြန်လည်ပေးအပ်လိုက်ရမည်။ ဆိတ်များကိုလည်း ဆိတ်ပိုင်ရှင်ထံ ပြန်လည်ပေးလိုက်ရမည်' ဟု ဆိုသည်။ ထိုအခါ ဟဇရတ်ဒါဝူးဒ် عليه السلام သည် ထိုဆုံးဖြတ်ချက်ကို သဘောကျလျက် ယခုမှ ဤစီရင်ဆုံးဖြတ်ချက်အတိုင်းပင် ဖြစ်ရမည်' ဟု ပြောဆို၍ တရားလိုနှင့် တရားခံနှစ်ဦးကို ခေါ်ယူလျက် ဤအတိုင်းပင် သတ်မှတ်ဆုံးဖြတ်လိုက်လေသည်။

[မဇ္ဇဟရီကျမ်း၊ ကုရ်သုဗီကျမ်း]

စီရင်ချက်ချပြီးသော တရားသူကြီး၏ စီရင်ချက်ကို ဖျက်သိမ်းခြင်းနှင့် ပြောင်းလဲခြင်း ပြုနိုင်ပါသလော၊

ဤနေရာတွင် မေးခွန်းတစ်ခု ပေါ်ပေါက်လာသည်မှာ ဟဇရတ်ဒါဝူးဒ်သည် စီရင်ဆုံးဖြတ်ချက်တစ်ခု ချမှတ်ပြီးသည်ကို ဟဇရတ်စုလိုင်မာန် عليه السلام အနေဖြင့် ၎င်း၏ စီရင်ချက်ကို ချိုးဖျက်ရန် မည်သို့အခွင့်အရေး ရှိပါသနည်း။ အကယ်၍ ဟဇရတ်ဒါဝူးဒ် عليه السلام ကိုယ်တိုင်ကပင် ဟဇရတ်စုလိုင်မာန် عليه السلام ၏

စီရင်ချက်ကို ကြားပြီး မိမိချမှတ်ခဲ့သည့် ပထမစီရင်ချက်ကို ပယ်ဖျက်၍ ဒုတိယစီရင်ချက် ချမှတ်ခြင်း ဖြစ်လျှင် တရားရေးစီရင်သူ တရားသူကြီးတစ်ဦးအနေဖြင့် စီရင်ချက်တစ်ခု ချမှတ်ပြီးမှ ၎င်းစီရင်ချက်ကို ပယ်ဖျက်၍ စီရင်ချက် ပြောင်းလဲချမှတ်ခြင်းများပြုရန် အခွင့်အရေး ရှိပါသလော။

ကုရ်သုဗီ (ရဟ) သည် ဤနေရာမျိုးတွင် ဤသို့သော ဓမ္မသတ်များကို အကျယ်တဝင့် စာဒက များဖြင့် တင်ပြလေ့ရှိသည်။ ထိုစာဒက၏ အကျဉ်းတင်ပြချက်မှာ အကယ်၍ တရားသူကြီးတစ်ဦးသည် ရှရီအသ်တရားတော်၏ အမိန့်များနှင့် ပညာရှင်အများစုတို့၏ ဆုံးဖြတ်ချက်နှင့် ဆန့်ကျင်လျက် ခန့်မှန်းချက်ဖြင့် စီရင်ချက်အမှားတစ်ခုကို ချမှတ်လိုက်သည်။ ထိုစီရင်ဆုံးဖြတ်ချက်သည် အွမ္မသ်အများစုတို့၏ တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ချက်အရ အပယ်ခံဖြစ်သည်။ အခြားတရားသူကြီးသည် ၎င်း၏ ဆန့်ကျင်ဘက် စီရင်ချက်ချရန်မှာ ပိုင်ရုံသာမက ဝါဂျိဗ်ဖြစ်သည်။ ထို့နောက် အမှားဆုံးဖြတ်သူ တရားသူကြီးအား တရားရေးစီရင်သည့် တာဝန်မှ ရပ်စဲထုတ်ပယ်ရန်မှာ ဝါဂျိဗ်ဖြစ်သည်။ သို့ရာတွင် အကယ်၍ တရားသူကြီး တစ်ဦးသည် ရှရီအသ်တရားတော်၏ ဥပဒေများအပေါ်၌ မူတည်လျက် စီရင်ဆုံးဖြတ်ခဲ့မည်ဆိုလျှင် အခြား တရားသူကြီးတစ်ဦးအနေနှင့် အဆိုပါဆုံးဖြတ်ချက်ကို ချိုးဖျက်ခြင်းမပိုင်ပေ။ အကြောင်းမှာ အကယ်၍ ဤသို့ပြုလုပ်မည်ဆိုလျှင် ကြီးမားသော ပြဿနာများ ပေါ်ပေါက်လာပေမည်။ အစ္စလာမ့်ဥပဒေသည် ကစားစရာတစ်ခု ဖြစ်သွားပေမည်။ ထို့ပြင် နေ့စဉ် 'ဟရာမ်'ကို 'ဟလာလ်' ပြောင်းလဲနေကြပေမည်။ သို့သော် အကယ်၍ ကိုယ်တိုင်စီရင်ဆုံးဖြတ်သူ တရားသူကြီးတစ်ဦးသည် တရားစီရင်ရေးဥပဒေများ၏ ဘောင်အတွင်းမှ သေချာစီစစ်၍ စီရင်ချက်ချပြီးမှ ထိုစီရင်ချက်နှင့် အမှုမှန် ရှာဖွေစီစစ်ခြင်း မှားယွင်းသွားကြောင်း သိရှိ၍ ထိုစီရင်ချက်ကို ပြောင်းလဲစီရင်ခြင်းသည် ပိုင်ရုံသာမက အကောင်းဆုံး ဖြစ်သည်။

ဟဇရတ်အုမရ် ﵁ သခင်သည် ဟဇရတ်အဗူမူစာအရှ်အရီ ﵁ သခင်ထံ တရားရေးစီရင်မှုနှင့် အမှုအခင်းဆိုင်ရာများအကြောင်းဟူသော ခေါင်းစဉ်ဖြင့် ရှည်လျားသော စာတစ်စောင်ရေးပို့ခဲ့သည်။ ထိုစာတွင် စီရင်ချက်ချပြီးမှ တရားတော်အရ တွေးခေါ်မှုပြောင်းလဲသွားလျှင် ပထမစီရင်ဆုံးဖြတ်ချက်ကို ပြောင်းလဲလိုက်ရမည်'ဟု ပါရှိသည်။ ဤစာကို ဒါရိကွတ်နီက စနဒ်နှင့်တကွ တင်ပြထားသည်။ ရှမ်စွလ်အအင်မဟ်က 'မဗ်စူသွ်ဇာဇွလ်ကဗ္ဗာ'၌လည်း ဤစာကို အကျယ်တဝင့် ဖော်ပြထားသည်။

အေမာမ်သဖ်စီးရ်၊ မုဂျာဟိဒ်၏ အဆိုအရ ဟဇရတ်ဒါဝူးဒ် ﷺ နှင့် စုလိုင်မာန် ﷺ တို့၏ စီရင်ချက်သည် သူ့နေရာနှင့်သူ အမှန်ပင် ဖြစ်ကြသည်။ အမှန်စင်စစ် ဟဇရတ်ဒါဝူးဒ် ﷺ ၏ စီရင်ချက်မှာ ဥပဒေလမ်းကြောင်းအရ ဖြစ်သည်။ ဟဇရတ်စုလိုင်မာန် ﷺ ၏ စီရင်ဆုံးဖြတ်ချက်မှာ စင်စစ် တရားရေး လမ်းကြောင်းအရ စီရင်ခြင်းမဟုတ်ဘဲ နှစ်ဦးနှစ်ဘက်စလုံးကို ရင်ကြားစေ့ပေးသည့် ပုံစံတစ်ခုအရပင် ဖြစ်ပေသည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင် والصلح خير ဟု လာရှိသည့်အတွက် ဤဒုတိယပုံစံသည် အလ္လာဟ်အသျှင်မြတ် ပို၍ နှစ်သက်သည့် ပုံစံဖြစ်ပေသည်။ *[မဇ္ဇဟရီကျမ်း]*

ဖာရူးကေ့အအ်ဇွမ်ဟဇရတ်အုမရ် ﵁ သခင်က မိမိ၏ တရားသူကြီးများကို လမ်းညွှန်ချက်ပေးခဲ့သည်မှာ 'အသင်တို့ထံသို့ အုပ်စုနှစ်စုတို့၏ အမှုတစ်ခု ရောက်ရှိလာပါက ဦးစွာပထမ ၎င်းတို့နှစ်ဦးနှစ်ဘက်

တွင် သဘောတူညီမှုများဖြင့် ရင်ကြားစေ့ပေးသည့် စီရင်ချက်မျိုးဖြစ်ရန် ကြိုးစားကြပါ။ အကယ်၍ ဤနည်းလမ်းဖြင့် မဖြစ်နိုင်သည့်အခါမျိုးတွင် တရားတော်အရ စီရင်ဆုံးဖြတ်ကြပါ။ ထို့နောက် အမြော်အမြင် ရှိရမည်မှာ အုပ်ချုပ်မှုတရားရေးစီရင်မှုအရ ဆုံးဖြတ်လိုက်ခြင်းဖြင့် ထိုဆုံးဖြတ်ချက်ကို ဆန့်ကျင်သူသည် ရှုံးနိမ့်သွားခဲ့ရသော်လည်း ၎င်းတို့နှစ်ဦးတွင် မှတ်စွလင်မ်အချင်းချင်း၌ မရှိအပ်သော ရန်ငြိုးရန်စများ ပေါ်ပေါက်လာပေမည်။ နှစ်ဦးနှစ်ဘက် ညှိနှိုင်းရင်ကြားစေ့ပေးသည့် စီရင်ဆုံးဖြတ်ချက်မျိုးတွင်မူ ထိုသို့ မဖြစ်ပေ။ ထိုသို့ စီရင်ဆုံးဖြတ်ခြင်းဖြင့် စိတ်၌ ရန်ငြိုးများ ဖြစ်ပေါ်ခြင်းမှလည်း ဝေးကွာပေမည်ဟု မိန့်ကြားခဲ့သည်။

မုဂျာဟိဒ်၏ ဤစကားအပေါ် ဤအရေးကိစ္စတွင် တရားသူကြီး၏ စီရင်ဆုံးဖြတ်ချက်ကို ချိုးဖျက်ခြင်း ပြောင်းလဲခြင်းများပြုရန် မဟုတ်ဘဲ နှစ်ဦးနှစ်ဘက်ကို ပြသထားသည့် အမိန့်ပညတ်ချက်များအနက် နှစ်ဦးသဘောတူ ရင်ကြားစေ့ပေးသည့် ပုံသဏ္ဌာန်တစ်ခု ပေါ်ထွက်လာခဲ့သည်။ နှစ်ဦးနှစ်ဘက်စလုံးက ထိုပုံသဏ္ဌာန်အပေါ် သဘောတူညီကြပေသည်။

တရားရေးစီရင်ရန် တရားတော်အရ တွေးခေါ်သူနှစ်ဦးတို့သည် မိမိတို့၏ တွေးခေါ်မှုအသီးသီးဖြင့် ဆန့်ကျင်ဘက်ဖြစ်သော စီရင်ချက်နှစ်ခု ချမှတ်လိုက်ကြပါလျှင် ၎င်းတို့နှစ်ဦး၏ စီရင်ချက်နှစ်ခုအနက် မည်သူက အမှန်ဖြစ်၍ မည်သူက အမှားဟု သတ်မှတ်ရမည်နည်း၊

ဤနေရာ၌ ကုရ်သုဗီသည် အကျယ်တဝင့် ဖော်ပြခြင်းဖြင့်လည်းကောင်း၊ အခြားသော အဖွင့်ပညာရှင်များက အကျယ်တဝင့် (သို့) အကျဉ်းချုံးဖော်ပြခြင်းဖြင့်လည်းကောင်း အငြင်းပွားခဲ့ကြသည်မှာ တရားရေးစီရင်မှုအတွက် တရားတော်အရ တွေးခေါ်သူတိုင်းအဖို့ အမြဲတစေ အခက်ကြုံခံရသူများပင် ဖြစ်သည်။ တရားတော်အရ စီစစ်တွေးခေါ်ပြီး ဆန့်ကျင်ဘက်ဖြစ်လာလျှင် နှစ်ခုစလုံးကို အမှန်ဟု သတ်မှတ်ရမည်လော။ (သို့) ယင်းတို့အနက် တစ်ခုကို မှားယွင်းသည်ဟု သတ်မှတ်ရမည်လောဆိုသည်နှင့် စပ်လျဉ်း၍ ရှေးပညာရှင်များ၏ ခေတ်ကာလမှပင် ပညာရှင်များအတွင်း အဆိုကွဲလွဲမှုများ ရှိခဲ့သည်။ ဖော်ပြပါအာယသ်တော်ဖြင့် အုပ်စုနှစ်စုစလုံးက အထောက်အထားများ တင်ပြကြသည်။ နှစ်ဘက်စလုံး၏ စီစစ်တွေးခေါ်မှုသည် ဆန့်ကျင်ခြားနားမှုရှိသည့်တိုင် နှစ်ဖက်စလုံး မှန်သည်ဟု ဆိုသူများက အာယသ်တော်၏ နောက်ဆုံးအပိုဒ်ဖြစ်သော

وكلًا اتيناه حكمًا وعلمًا

ဖြင့် အထောက်အထားပြဆိုကြသည်။ ထိုအပိုဒ်တွင် ဟဇရသ်ဒါဝူးဒ် (عليه السلام) နှင့် ဟဇရသ်စုလိုင်မာန် (عليه السلام) တို့နှစ်ဦးစလုံးကို ဉာဏ်အမြော်အမြင်နှင့် အသိပညာများ ချီးမြှင့်ထားတော်မူကြောင်း မိန့်ဆိုထားသည်။ ဟဇရသ်ဒါဝူးဒ် (عليه السلام) အပေါ်၌ မည်သည့်အရေးယူခြင်းမျှ မရှိ။ ၎င်းအား မှားယွင်းသွားသည်ဟုလည်း မဆိုထားခဲ့ပေ။ ထို့ကြောင့် ဒါဝူးဒ် (عليه السلام) ၏ စီရင်ဆုံးဖြတ်ချက်သည်လည်း အမှန်ဖြစ်သည်။ ဟဇရသ်စုလိုင်မာန် (عليه السلام) ၏ စီရင်ဆုံးဖြတ်ချက်သည်လည်း အမှန်ဖြစ်ကြောင်း သိရှိရပေသည်။ သို့သော်

ဟဇရသ် စုလိုင်မာန် عليه السلام ၏ စီရင်ဆုံးဖြတ်ချက်မှာ နှစ်ဦးနှစ်ဘက်စလုံးအတွက် ညှိနှိုင်း ရင်ကြားစေ့ပေးရာ၌ အကောင်းဆုံးအဖြစ် ဦးစားပေးခြင်း ခံရသည်။

တရားရေးစီရင်မှုအတွက် တရားတော်အရ စီစစ်တွေးခေါ်မှုတွင် အမှန်သည် တစ်ဘက်တွင် ရှိ၍ အမှားသည် အခြားတစ်ဘက်၌ရှိသည်ဟု ဆိုကြသူတို့က အထောက်အထားအဖြစ် ဤအာယသ်တော်၏ ပထမအပိုဒ်ဖြစ်သော

فَفَهَّمۡنَٰهَا سُلَيۡمَانَ

ကို ကိုးကားတင်ပြကြသည်။ ထိုအပိုဒ်တွင် ဟဇရသ်စုလိုင်မာန် عليه السلام အား 'ငါအသျှင်မြတ်သည် ၎င်းအား အမှန်စီရင်ဆုံးဖြတ်ခြင်းကို နားလည်စေတော်မူခဲ့သည်ဟူ၍ ဟဇရသ်စုလိုင်မာန် عليه السلام နှင့် စပ်လျဉ်း၍ သီးသန့် မိန့်ကြားတော်မူခဲ့သည်။ ထိုအချက်အားဖြင့် ဒါဝူးဒ် عليه السلام ၏ စီရင်ဆုံးဖြတ်ချက်မှာ မှားယွင်းသည်။ မိမိ၏ တရားတော်အရ စီစစ်တွေးခေါ်မှုကြောင့် ချွင်းချက်ဖြစ်ရသည့်အတွက် မည်သည့်အရေးယူခြင်းမျှ မရှိပါချေ'ဟု ဆိုကြသည်။ ဤအငြင်းပွားမှုသည် 'ဖိကာဟ်'၏ ဥပဒေဆိုင်ရာ ကျမ်းများတွင် အကျယ်တဝင့် လာရှိသည်။ ဤနေရာတွင်မူ အကျဉ်းချုံး၍ နားလည်ထားရမည်မှာ ဟဒီးစ်တော်တွင် တမန်တော်မြတ် ﷺ မိန့်ကြားတော်မူသည်မှာ 'အကြင်သူသည် တရားတော်အရ စီစစ်တွေးခေါ်မှုပြုပြီး အမိန့်တစ်ခုကို ထုတ်ပြန်လိုက်သည်။ အကယ်၍ ၎င်း၏ တရားတော်၏ ဘောင်အတွင်းမှ စီစစ်တွေးခေါ်မှုသည် အမှန်ဖြစ်ပါက ၎င်းသူအဖို့ အကျိုးစဝါးဗ်နှစ်ခု ရရှိပေမည်။ တစ်ခုမှာ တရားတော်အရ စီစစ်တွေးခေါ်ရာ၌ ကြိုးပမ်းမှုပြုခြင်းအတွက်ဖြစ်ပြီး နောက်တစ်ခုမှာ မှန်ကန်သော အမိန့်တစ်ခုအထိ ရောက်ရှိခြင်းကြောင့် ဖြစ်သည်။ အကယ်၍ ၎င်း၏ တရားတော်၏ ဘောင်အတွင်းမှ စီစစ်တွေးခေါ်မှု 'မှားယွင်းသွားပါလျှင် ၎င်းအဖို့ အကျိုးစဝါးဗ်တစ်ခုသည် ထိုသို့ စီစစ်တွေးခေါ်မှု၌ ကြိုးပမ်းသည့်အတွက် ရရှိပေမည်။ ဒုတိယအချက်ဖြစ်သည့် မှန်သော အမိန့်အထိ ရောက်အောင် ကြိုးပမ်းသည့် အကျိုးစဝါးဗ်ကား ရရှိတော့မည်မဟုတ်ပါချေဟု မိန့်ကြားတော်မူခဲ့သည်။ (ဤဟဒီးစ်သည် ခိုင်မာသည့် ဟဒီးစ်ကျမ်းကြီးများစွာတို့၌ လာရှိသည့် ဟဒီးစ်ဖြစ်သည်။)

ဤဟဒီးစ်ဖြင့် ပညာရှင်တို့၏ ကွဲလွဲမှုဇစ်မြစ်မှာလည်း ပေါ်လွင်မှုရှိခဲ့သည်။ အကြောင်းမှာ စင်စစ်အားဖြင့် ဤကွဲလွဲမှုသည် နှုတ်အားဖြင့် ကွဲလွဲခဲ့ခြင်းသာ ဖြစ်သောကြောင့်ပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အမှန်တရားသည် နှစ်ဘက်စလုံး၌ ရှိသည်ဆိုခြင်းမှာ တရားတော်အရ စီစစ်တွေးခေါ်မှုတွင် မှားယွင်းသွားသူနှင့် ၎င်း၏ နောက်လိုက်များအတွက်လည်း စီစစ်တွေးခေါ်မှုသည် မှန်ကန်မှုရှိသည်။ ထိုအချက်အပေါ် ကျင့်သုံးခြင်းဖြင့် ၎င်းတို့အဖို့ အောင်မြင်မှုရရှိပေမည်။ စင်စစ် စီစစ်တွေးခေါ်မှု၏ မှားယွင်းမှုပင် ရှိပါလျှင်လည်း ယင်းအပေါ် ကျင့်သုံးခြင်းဖြင့် အောင်မြင်မှုရရှိပေမည်။ သို့ရာတွင် ထိုအချက်အပေါ် လိုက်နာသူများအဖို့ အပြစ်မရှိပေ။

တစ်ဘက်သည် အမှန်ဖြစ်၍ အခြားတစ်ဘက်မှာ အမှားဖြစ်သည်ဟု ထိုသူတို့၏ အဆိုအရ အဓိကရည်ရွယ်ချက်မှာ အလ္လာဟ်အသျှင်မြတ် အလိုတော်ရှိသည့် အဆင့်သို့ မရောက်ရှိသည့်အတွက် ဤစီစစ်

တွေးခေါ်သူ၏ အကျိုးကုသိုလ်တွင် လျော့နည်းမှုဖြစ်ရှိပေမည်။ ဤသို့ စဝါးဗ်ကုသိုလ် လျော့နည်းရခြင်းမှာ ၎င်း၏ စီစစ်တွေးခေါ်မှုသည် အမှန်တရားအထိ မရောက်သောကြောင့် ဖြစ်သည်။ သို့ရာတွင် တရားတော်အရ စီစစ်တွေးခေါ်ရာ၌ မှားယွင်းသူအား ပြစ်တင်ရှုတ်ချခြင်းကိုလည်းကောင်း၊ (သို့) ၎င်း၏ နောက်လိုက်များအား အပြစ်ကျူးလွန်သူများဟု ပြောဆိုရန်လည်းကောင်း ပြုရမည်ဟု ဆိုလိုခြင်း မဟုတ်ပေ။ ကုရ်သုဗီ သဖ်စီးရ်အဖွင့်ကျမ်းတွင် ဤအကြောင်း အငြင်းပွားမှု အဆိုများကို အကျယ်တဝင့် တင်ပြထားသည်။ ပညာရှင်များ လေ့လာနိုင်ပါသည်။

ဤဖိကာဟ်ဆိုင်ရာ ဓမ္မသတ်အရ လူတစ်ဦး၏ တိရစ္ဆာန်သည် အခြားသူတစ်ဦး၏ အသက် (သို့) ဥစ္စာပစ္စည်းများကို နစ်နာဆုံးရှုံးစေပါလျှင် စီရင်ဆုံးဖြတ်ချက်သည် မည်သို့ ဖြစ်ရမည်နည်း၊

ဟဇရသ်ဒါဝူးဒ် عليه السلام ၏ စီရင်ဆုံးဖြတ်ချက်အရ ဤဖြစ်ရပ်သည် ညဥ့်အခါ၌ ဖြစ်ပေါ်ခဲ့ခြင်း ဖြစ်လျှင် တိရစ္ဆာန်ပိုင်ရှင်အပေါ်၌ လျော်ကြေးပေးရန် တာဝန်ဖြစ်ကြောင်း အတည်ဖြစ်ပေသည်။ သို့ရာတွင် ဟဇရသ်ဒါဝူးဒ် عليه السلام ၏ ရှရီအသ်မှ ဆုံးဖြတ်ချက်သည် ရှရီအသ်မုဟမ္မဒီယဟ်၌လည်း ရှိရန်မှာ အရေးမကြီးပါချေ။ ထို့ကြောင့်လည်း ဤဓမ္မသတ်အပေါ်၌ အေမာမ်ကြီးများ ကွဲလွဲမှုရှိခဲ့ကြခြင်း ဖြစ်သည်။ အေမာမ် ရှာဖိအီ (ရဟ) ၏ လမ်းစဥ်အရ အကယ်၍ ညဥ့်အခါ၌ လူတစ်ဦး၏ တိရစ္ဆာန်သည် အခြားသူတစ်ဦး၏ လယ်ယာ၌ ဝင်ရောက်၍ ဆုံးရှုံးနစ်နာမှုဖြစ်စေပါက တိရစ္ဆာန်၏ ပိုင်ရှင်အပေါ်၌ လျော်ကြေးပေးရန် တာဝန်ဖြစ်ပေသည်။ အကယ်၍ နေ့အခါ၌ ဤသို့ ဖြစ်ပေါ်ခဲ့လျှင်မူ လျော်ကြေးပေးရန် တာဝန်မရှိပေ။ ၎င်းတို့၏ အထောက်အထားမှာ ဟဇရသ်ဒါဝူးဒ် عليه السلام ၏ စီရင်ဆုံးဖြတ်ချက်အရလည်း ဖြစ်နိုင်သည်။ သို့သော်လည်း ရှရီအသ်မုဟမ္မဒ်၏ ဥပဒေဘောင်အတွင်းမှ ဟဒီးစ်တော်တစ်ပုဒ်ဖြင့် အထောက်အထားကို ကိုးကားတင်ပြထားသည်။ ထိုဟဒီးစ်တော်သည် 'မုအဲ့သ္တာအေမာမ်မာလိက်' ကျမ်း၌ (မုရ်စလ်) ပုံစံဖြင့် ဆင့်ပြန်ထားသည့် ဟဒီးစ်ဖြစ်သည်။ ထိုဟဒီးစ်တော်တွင် ဟဇရသ်ဗရ်ရာအ်ဗင်န်အာဇိဗ် رضي الله عنه သခင်၏ ကုလားအုတ်မသည် လူတစ်ဦး၏ လယ်အတွင်း၌ ဝင်ရောက်လျက် ထိုလယ်ကို ပျက်စီးဆုံးရှုံးစေခဲ့သည့်အခါ တမန်တော်မြတ် ﷺ က ဥယျာဥ်များနှင့် လယ်ယာများအား စောင့်ရှောက်ရန်မှာ ညဥ့်အခါတွင် ၎င်းတို့၏ ပိုင်ရှင်များအပေါ်၌ တာဝန်ရှိပေသည်။ ၎င်းတို့က စောင့်ရှောက်နေပါလျက် အကယ်၍ ညဥ့်အခါတွင် လူတစ်ဦး၏ တိရစ္ဆာန်က ပျက်စီးစေခဲ့ပါလျှင် ထိုတိရစ္ဆာန်ပိုင်ရှင်အပေါ်၌ လျော်ကြေးပေးရန် တာဝန်ရှိသည်' ဟု စီရင်ဆုံးဖြတ်တော်မူခဲ့သည်။

အေမာမ်အအ်ဇမ်အဗူဟနီဖာဟ် (ရဟ) နှင့် ကူဖဟ်မှ ဖကီးဟ်ပညာရှင်များ၏ လမ်းစဥ်မှာ 'တိရစ္ဆာန်အား ထိန်းကျောင်းသူ (သို့) စောင့်ရှောက်သူတစ်ဦး ရှိနေပြီး ၎င်းထိန်းကျောင်းသူ (သို့) စောင့်ရှောက်သူ၏ မေ့လျော့မှုကြောင့် တိရစ္ဆာန်များက လယ်ကွက်တစ်ခုအား ဖျက်ဆီးပစ်လိုက်သည့်အခါမျိုးတွင် တိရစ္ဆာန်ပိုင်ရှင်အပေါ်၌ လျော်ကြေးပေးရန် တာဝန်ရှိပေသည်။ ဤကိစ္စသည် ညဥ့်၌ဖြစ်စေ၊ နေ့၌ဖြစ်စေ အတူတူပင်ဖြစ်သည်။ အကယ်၍ ပိုင်ရှင် (သို့) ထိန်းသိမ်းစောင့်ရှောက်သူသည် တိရစ္ဆာန်များနှင့် အတူမရှိဘဲ တိရစ္ဆာန်

များက သူ့အလိုအလျောက် ထွက်ခွာသွားပြီး လူတစ်ဦး၏ လယ်ကို ဖျက်ဆီးပစ်လိုက်ပါလျှင် တိရစ္ဆာန်ပိုင်ရှင်အပေါ်တွင် လျော်ကြေးပေးရန် တာဝန်မရှိပေ။ ဤကိစ္စတွင်လည်း နေ့၌ဖြစ်စေ၊ ညဉ့်၌ဖြစ်စေ အတူတူပင်ဖြစ်သည်။ အေမာမ်အဗူဟနီဖဟ် (ရဟ) ၏ အထောက်အထားမှာ ဘိုခါရီ၊ မွတ်စ္စလင်မ်နှင့် အခြားဟဒီးစ်ပါမောက္ခများ ဆင့်ပြန်ခဲ့သည့် ဟဒီးစ်တော်ပင် ဖြစ်သည်။ ထိုဟဒီးစ်တော်တွင် တမန်တော်မြတ် ﷺ မိန့်ကြားတော်မူသည်မှာ

جرح العجماء جبار

'တိရစ္ဆာန်က လူတစ်ဦးအား နစ်နာဆုံးရှုံးစေပါက ထိုတိရစ္ဆာန်ပိုင်ရှင်အပေါ် အရေးယူရန် မရှိ' ဟု ဖြစ်သည်။ ဆိုလိုသည်မှာ 'တိရစ္ဆာန်ပိုင်ရှင်အပေါ် လျော်ကြေးပေးရန် တာဝန်မရှိ' ဟု ဖြစ်သည်။ (အခြားသော အထောက်အထားများ ရှိသကဲ့သို့ တိရစ္ဆာန်နှင့်အတူ ၎င်း၏ ပိုင်ရှင် (သို့) ထိန်းကျောင်းသူ မရှိမှသာ'ဟူသော စည်းကမ်းချက်ကား ရှိပေသည်။)

ဤဟဒီးစ်တော်တွင် နေ့၊ ညဉ့်ဟူ၍ ခွဲခြားသတ်မှတ်ခြင်းမပြုဘဲ တရားတော်၏ ဥပဒေအရ သတ်မှတ်ထားသည်မှာ 'အကယ်၍ တိရစ္ဆာန်ပိုင်ရှင်သည် မိမိ၏ ဆန္ဒအလျောက် ရည်ရွယ်ပြီး အခြားသူတစ်ဦး၏ လယ်ကွက်၌ လွှတ်ပေးခြင်းမဟုတ်ဘဲ တိရစ္ဆာန်က ထွက်ပြေးလျက် သွားရောက်ခြင်းဖြစ်လျှင် ထိုဆုံးရှုံးမှုအတွက် လျော်ကြေးကို တိရစ္ဆာန်ပိုင်ရှင်က ပေးဆောင်ရန် တာဝန်ရှိမည်မဟုတ်ပေ။ ဟဇရသ် ဇရ်ရာအ်ဗင်န် အာဇိဗ်၏ ဆင့်ပြန်ချက်ရှိ စနဒ် (ဆင့်ပြန်သူများကွင်းဆက်) အပေါ် ဟနဖီ ဖိကာဟ်ပညာရှင်တို့က စောဒကတက်ခဲ့ကြသည်။ ထိုဟဒီးစ်တော်အား ဘိုခါရီ၊ မွတ်စ္စလင်မ်တို့၏ ဟဒီးစ်နှင့် နှိုင်းယှဉ်၍ ကိုးကားခြင်း မပြုနိုင်ဟု ဆိုကြသည်။

တောင်များနှင့် ငှက်များ၏ 'သဗ်စ်ဗီးဟ်'

وَسَخَّرْنَا مَعَ دَاوُدَ الْجِبَالَ يُسَبِّحْنَ وَالطَّيْرَ وَكُنَّا فَٰعِلِينَ

ဟဇရသ်ဒါဝူးဒ် عليه السلام အား အလ္လာဟ်အသျှင်မြတ် ချီးမြှင့်တော်မူထားသည့် ပေါ်လွင်သော အရည်အချင်းများအနက် တစ်မျိုးမှာ သာယာသည့်အသံပင် ဖြစ်သည်။ ဟဇရသ်ဒါဝူးဒ် عليه السلام သည် 'ဇဗူးရ်'ကျမ်းကို ဖတ်ရွတ်သည့်အခါ ငှက်များသည် ပျံသန်းလျက် လေ၌ ရပ်တန့်သွားကြသည်။ ၎င်းနှင့်အတူ 'သဗ်စ်ဗီးဟ်' ဖတ်ရွတ်ကြသည်။ အလားတူ တောင်များနှင့် သစ်ပင်အားလုံးတို့မှလည်း 'သဗ်စ်ဗီးဟ်'ရွတ်ဆိုသံများ ထွက်ပေါ်လာခဲ့သည်။ သာယာချိုအေးသည့် အသံသည် ပေါ်လွင်ထင်ရှားသော အရည်အချင်းများအနက်မှ ဖြစ်သည်။ ငှက်များနှင့် တောင်များမှ 'သဗ်စ်ဗီးဟ်'ရွတ်ဆိုခြင်း၌ ပါဝင်လာခြင်းမှာ အလ္လာဟ်အသျှင်မြတ်၏ ထိန်းချုပ်မှု၊ 'မုအ်ဂျေဇာဟ်'အဖြစ် ဖြစ်ပေါ်စေခြင်းဖြစ်သည်။ 'မုအ်ဂျေဇာဟ်'ဖြစ်ရန်အတွက် ငှက်များနှင့် တောင်များတွင် သက်ရှိဖြစ်ရန်နှင့် အသိဉာဏ်ရှိသူများဖြစ်ရန် အရေးမကြီးပါချေ။ ထို့ပြင် 'မုအ်ဂျေဇာဟ်'တွင် အသိဉာဏ်မရှိသည့် အရာဟူသရွေ့တို့တွင် အသိဉာဏ်ပေါ်ပေါက်လာနိုင်သည်။ ထို့အပြင် တောင်များနှင့် ကျောက်တုံးကျောက်ခဲများတွင်လည်း သူ့ပုံစံနှင့်သူ အသက်ဇီဝိန်နှင့် အသိဉာဏ်များ အထိုက်အလျောက်

ရှိကြပေသည်။ ဆွဟာဗာတို့တွင် ဟဇရသ်အာဗူမူစာအရှ်အရီ ﷺ သည် အလွန် အသံသာယာချိုအေးသူဖြစ်သည်။ တစ်နေ့သ၌ ၎င်းသည် ကုရ်အာန်ဖတ်ရွတ်နေစဉ် တမန်တော်မြတ် ﷺ သည် ၎င်းဘက်မှ ဖြတ်လျှောက်သွားရာမှ ၎င်း၏ 'သေလာဝသ်'ကို နားထောင်ရန် ရပ်တော်မူလိုက်သည်။ ထို့နောက် နားထောင်နေတော်မူသည်။ ပြီးမှ '၎င်းအား အလ္လာဟ်အသျှင်မြတ်သည် ဟဇရသ်ဒါဝူးဒ် ﷺ ၏ သာယာသောအသံမျိုးကို ချီးမြှင့်တော်မူထားသည်' ဟု မိန့်ကြားတော်မူသည့်အခါတွင်မှ အာဗူမူစာအရှ်အရီ ﷺ သည် ကိုယ်တော်မြတ် ﷺ သည် မိမိ၏ 'သေလာဝသ်'ပြုခြင်းကို နားထောင်နေတော်မူကြောင်း သိရှိသွားရသည်။ ထို့ကြောင့် ကိုယ်တော်မြတ် ﷺ နားထောင်နေတော်မူကြောင်း ကျွန်တော်မျိုး သိခဲ့ပါက သာပို ကောင်းမွန်အောင် ပြင်ဆင်၍ ဖတ်ရန် ကြိုးစားမည်ဖြစ်ပါသည်'ဟု လျှောက်ထားခဲ့သည်။ *[အိဗ်နေကဆီးရ်ကျမ်း]*

အကျိုးကျေးဇူး ။ ။ ထိုဟဒီးစ်တော်အားဖြင့် ကုရ်အာန် 'သေလာဝသ်'ပြုရာ၌ ကောင်းမွန်သာယာသည့် အသံနှင့် သံစဉ်ကောင်းကောင်းဖြင့် စိတ်ဝင်စားမှု ပေါ်ပေါက်လာအောင် ဖတ်ခြင်းမှာ အဆင့်တစ်ခုအရ နှစ်သက်ဖွယ်ဖြစ်ကြောင်း သိရှိရပေသည်။ စည်းကမ်းချက်မှာ မျက်မှောက်ခေတ် ကာရီများကဲ့သို့ အတိုင်းထက် လွန်ကဲခြင်းမျိုးကား မဖြစ်ရပေ။ ၎င်းတို့သည်ကား အသံကောင်းရုံမျှ ပြင်ဆင်မွမ်းမံလျက် လူတို့အား ဆွဲဆောင်သိမ်းသွင်းရန်သာ ရည်ရွယ်ချက်ရှိသူများ ဖြစ်ကြသည်။ ကုရ်အာန် 'သေလာဝသ်' ပြုခြင်း၏ အဓိကရည်ရွယ်ချက် ပျောက်သွားကြလေသည်။

သံချပ်ကာ အင်္ကျီပြုလုပ်ခြင်း အတတ်ပညာကို ဟဇရသ်ဒါဝူးဒ် ﷺ အား အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ချီးမြှင့်ခြင်း

وَعَلَّمْنٰهُ صَنْعَةَ لَبُوْسٍ لَّكُمْ

'လဗူးစ်'ဟူသည့် စာလုံးသည် အဘိဓါန်အရ လူသားသည် ၎င်းအား ခြုံထည်အဖြစ်သော်လည်းကောင်း၊ လည်ပင်း၌ စွပ်၍သော်လည်းကောင်း အသုံးပြုသောအရာ ဖြစ်သည်။ ဤနေရာတွင် ၎င်း၏ အလိုသဘောမှာ သံဖြင့် ပြုလုပ်ထားသည့် သံချပ်ကာအင်္ကျီဖြစ်သည်။ စစ်ပွဲ၌ လုံခြုံမှုအတွက် ဝတ်ဆင်ရသော အဝတ်ဖြစ်သည်။

وَ اَلَنَّا لَهُ الْحَدِيْدَ

ငါအသျှင်မြတ်သည် ၎င်းအတွက် သံကို ပျော့ပြောင်းအောင် ပြုပေးတော်မူခဲ့သည်။ ဆိုလိုသည်မှာ သံသည် ၎င်း၏ လက်၌ ရောက်ရှိလာလျှင် အလိုအလျောက် ပျော့ပြောင်းသွားလေသည်။ ထိုသံအား လိုသလို ပုံသွင်း၍ ရနိုင်သည်။ ပါးလွှာစွာဖြစ်စေ၊ ထူထဲစွာဖြစ်စေ ဖယောင်းကဲ့သို့ လိုသလို ပုံသွင်းနိုင်သည်။ (သို့) မီးဖြင့် အရည်ဖျော်စေပြီး ပျော့ပြောင်းအောင် ပြုလုပ်သည့် နည်းလမ်းကိုလည်း ပြသခဲ့သည်။ ယင်းနည်းလမ်းကို အခြေခံ၍ သံထည်စက်ရုံများ၌ ယနေ့ သံကို မီးဖြင့် အရည်ဖျော်၍ ပျော့ပြောင်းအောင် ပြုလုပ်လျက် ရှိကြသည်။

လူတို့အား အကျိုးသက်ရောက်စေသည့် အတတ်ပညာသည် နဗီတမန်တော်တို့၏ အလုပ်ဖြစ်ခြင်း

ဤအာယသ်တော်တွင် သံချပ်ကာအင်္ကျီ ပြုလုပ်ခြင်း အတတ်ပညာကို ဒါဝူးဒ် عليه السلام အား သင်ကြားပေးခြင်းအကြောင်းနှင့်အတူ ထိုသို့ သင်ကြားပေးခြင်း၏ အမြော်အမြင်ကိုလည်း သင်ကြားပေးတော်မူသည်။

لِتُحْصِنَكُم مِّنۢ بَأْسِكُمْ

သို့မှသာ ဤသံချပ်ကာအင်္ကျီသည် အသင်တို့အတွက် စစ်ပွဲဆင်နွှဲသည့်အခါ ဓါး၊ လှံတို့၏ အန္တရာယ်မှ ကာကွယ်ပေးနိုင်မည်ဖြစ်သည်။ ဤသံချပ်ကာအင်္ကျီသည် သာသနာရေးကြိုးပမ်းသူများအတွက် ဖြစ်စေ၊ လောကီရေးသမားများအတွက်ဖြစ်စေ အားလုံးတို့အတွက် အသုံးဝင်သော လိုအပ်ချက်တစ်ခု ဖြစ်သည်။ ထို့ကြောင့် ဤလက်မှုအတတ်ပညာကို သင်ကြားပေးခြင်းကို အလ္လာဟ်အသျှင်မြတ်က မိမိ၏ ဆုလာဘ်တော်တစ်ပါးဟူ၍ သတ်မှတ်တော်မူခြင်းပင် ဖြစ်သည်။

ဤလက်မှုအတတ်ပညာအားဖြင့် လူတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည့် အတတ်ပညာအား သင်ယူခြင်းနှင့် ပြန်လည်သင်ကြားပေးခြင်းတို့သည် သက်ရှိအကျိုးအတွက်ဟူသော ရည်ရွယ်ချက်ပါရှိပါက စဝါးဗ်အကျိုးကုသိုလ် ရရှိကြောင်း သိရှိရပေသည်။ စီးပွားရှာရန် ဟူသော ရည်ရွယ်ချက်မျှသာ မဖြစ်ရပေ။ နဗီတမန်တော်များသည် လက်မှုအတတ်ပညာအသီးသီးကို ပြုလုပ်ခဲ့ကြကြောင်း ဆင့်ပြန်ချက်လာရှိသည်။ ဟဇရသ်အာဒမ် عليه السلام သည် လယ်ယာစိုက်ပျိုးခြင်းနှင့် ရိတ်သိမ်းခြင်း အတတ်ပညာ တတ်မြောက်ခဲ့သည်။ တမန်တော်မြတ် ﷺ မိန့်ကြားတော်မူသည်မှာ လက်မှုအတတ်ပညာ တတ်ကျွမ်းသူသည် မိမိ၏ အတတ်ပညာတွင် သက်ရှိအကျိုးအတွက်ဟု ကောင်းသော နီယသ်ထားပါလျှင် ထိုသူသည် မူစာ عليه السلام ၏ မိခင်ကဲ့သို့ ဖြစ်သွားရသည်။ မူစာ عليه السلام ၏ မိခင်သည် မိမိ၏ သားကိုပင် နို့တိုက်ပြီး နို့တိုက်ခကို ဖိရ်အောင်န်ထံမှ ရရှိခဲ့ပေသည်။

ဤနည်းအတိုင်းပင် သက်ရှိအကျိုးအတွက်ဟူသော ရည်ရွယ်ချက်ဖြင့် အတတ်ပညာရှင်အဖို့ မိမိ၏ ရည်ရွယ်ချက်အတိုင်း စဝါးဗ်ကုသိုလ် ရရှိမည်သာဖြစ်သည်။ အတတ်ပညာ၏ လောကီရေးအကျိုးမှာလည်း အပိုရရှိမည်သာ ဖြစ်သည်။ ဤဟဒီးစ်သည် ရူရာဟ်သွာဟာတွင် ဟဇရသ်မူစာ عليه السلام ၏ အခန်းကဏ္ဍ၌ တင်ပြခဲ့ပြီးဖြစ်သည်။

ဟဇရသ်စုလိုင်မာန် عليه السلام အတွက် လေအပေါ် နိုင်နင်းခြင်းနှင့် ၎င်းနှင့် စပ်လျဉ်းသည့် ဓမ္မသတ်များ

ဟဇရသ်ဟစန်ဗစွရီ (ရဟ) က ဆင့်ပြန်သည်မှာ ဟဇရသ်စုလိုင်မာန် عليه السلام သည် အခါတစ်ပါး၌ စစ်တိုက်ရာတွင် အသုံးပြုသည့် မြင်းများကို ကြည့်ရှုစစ်ဆေးခြင်း၌ လုံးပမ်းလျက် 'အဆွရ်နမာဇ်' အချိန်ကုန်ဆုံးသွားခဲ့သည်။ ထိုအခါ မိမိ၏ ဤမေ့မောခြင်းအပေါ် ယူကျုံးမရ ဖြစ်ခဲ့ရသည်။ ဤမြင်းများသည် မေ့မောခြင်းအပေါ် အကြောင်းခံဖြစ်သည်ဟု ဆို၍ ထိုမြင်းများကို မည်သည့်မျှော်လင့်ချက်မျှ မထားဘဲ လွှတ်ပေးလိုက်တော့သည်။ ဤသို့ပြုခြင်းသည် အလ္လာဟ်အသျှင်မြတ်၏ နှစ်မြို့မှုအတွက်သာ ဖြစ်သည်။

ထို့ကြောင့် အလ္လာဟ်အသျှင်မြတ်သည် ဟဇရသ်စုလိုင်မာန် عليه السلام အား ထိုမြင်းများထက် သာပိုကောင်းမွန်သည့် အလွန်မြန်ဆန်သော အစီးအနင်းအဖြစ် 'လေ'ကို ချီးမြှင့်တော်မူလိုက်သည်။

وَلِسُلَيْمَانَ الرِّيحَ عَاصِفَةً

ဟူသော ဝါကျသည် အထက်၌တင်ပြခဲ့သော سَخَّرْنَا مَعَ دَاوُدَ ဟူသော ဝါကျနှင့် ဆက်သွယ်လျက် ရှိသည်။ ဆိုလိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် ဟဇရသ်ဒါဝူဒ် عليه السلام အတွက် တောင်များနှင့် ငှက်များအပေါ် ထိန်းချုပ်နိုင်နင်းစေတော်မူခဲ့သည်။ ထိုတောင်များနှင့် ငှက်တို့သည် ဟဇရသ်ဒါဝူဒ် عليه السلام ၏ အသံနှင့်အတူ 'သပ်စ်ဗီးဟ်' ဖတ်ရွတ်ကြသည်။ ဤအတိုင်းပင် ဟဇရသ်စုလိုင်မာန် عليه السلام အတွက် လေကို နိုင်နင်းစေတော်မူခဲ့သည်။ မိမိသွားလိုရာသို့ ထိုလေ၏ အဟုန်ဖြင့် အလျှင်အမြန် လွယ်ကူစွာ ရောက်နိုင်ပေသည်။ ဤနေရာ၌ စာဒက တစ်ခု တက်နိုင်သည်မှာ ဒါဝူဒ် عليه السلام ၏ နိုင်နင်းမှုနှင့် စပ်လျဉ်း၍ مَعَ ဟူသော စာလုံးကို သုံးနှုန်းထားသည်။ 'ငှင်းနှင့်အတူ တောင်များနှင့် ငှက်များကို နိုင်နင်းစေတော်မူခဲ့သည်' ဟု ဖြစ်သည်။ ဤနေရာ၌မူ لِ 'လာမ်' အက္ခရာဖြင့်သာ သုံးနှုန်းထားသည်။ 'စုလိုင်မာန် عليه السلام အတွက် 'လေ'အပေါ် နိုင်နင်းစေတော်မူခဲ့သည်' ဟု ဖြစ်သည်။

ဤနေရာ၌ နက်နဲသိမ်မွေ့စွာ ညွှန်းဆိုထားသည်မှာ 'ဤနိုင်နင်းမှုနှစ်မျိုး၌ ကွဲပြားခြားနားမှု ရှိသည်။ ဒါဝူဒ် عليه السلام သည် 'သေလာဝသ်'ပြုသည့်အခါ တောင်များနှင့် ငှက်တို့သည် အလိုအလျောက် 'သပ်စ်ဗီးဟ်' ရွတ်ဆိုကြသည်။ ငှင်း၏ အမိန့်ပေးခြင်းကို စောင့်ဆိုင်းခြင်း မရှိပေ။ ဟဇရသ်စုလိုင်မာန် عليه السلام အတွက် လေသည် ဟဇရသ်စုလိုင်မာန် عليه السلام ၏ အမိန့်ကို လိုက်နာရသူအဖြစ် ပြုပေးထားတော်မူသည်။ ဟဇရသ်စုလိုင်မာန် عليه السلام အလိုရှိသည့်အခါ အလိုရှိသည့်ဘက်သို့ အမိန့်ပေးလိုက်လျှင် ထိုလေက ပို့ဆောင်ပေးရသည်။ ထို့နောက် ဆင်းသက်လိုသည့် နေရာသို့ ရောက်လျှင် ချပေးလေသည်။ ပြန်လည်ပို့ဆောင်ရန် အမိန့်ပေးလျှင် ပြန်လည်၍ ပို့ဆောင်ပေးရသည်။

သဖ်စီးရ်ဒ်အိဗ်နေကစီးရ်ကျမ်းတွင် ဟဇရသ်စုလိုင်မာန် عليه السلام ၏ ပလ္လင်လေပေါ်၌ သွားသည့် ပုံသဏ္ဌာန်ကို တင်ပြထားသည်မှာ စုလိုင်မာန် عليه السلام သည် သစ်သားဖြင့် အလွန်ကြီးမားကျယ်ဝန်းသည့် ပလ္လင်တစ်ခုကို ပြုလုပ်စေတော်မူသည်။ ထို့နောက် ထိုပလ္လင်ပေါ်တွင် မိမိနှင့်အတူ ဝန်ကြီးများ၊ စစ်တပ်နှင့် စစ်လက်နက်ပစ္စည်းများအားလုံးကို စီးနင်းစေသည်။ ထို့နောက် လေကို အမိန့်ပေးလိုက်သည်။ လေသည် ဤကြီးမားကျယ်ပြန့်သည့် ပလ္လင်ကို မိမိ၏ ပခုံး၌ ထမ်းမသယ်ပိုးလျက် အမိန့်ပေးသည့်နေရာသို့ ပို့ဆောင်ပေးလျက် ထိုနေရာသို့ ရောက်လျှင် ချပေးရသည်။ ဤလေ၌ ပျံသည့် ပလ္လင်သည် နံနက်မှ နေ့လည်အထိ တစ်လခရီးကို ပို့ဆောင်ပေးသည်။ နေ့လည်မှ ညနေအထိ တစ်လခရီးကို ပို့ဆောင်ပေးနိုင်သည်။ တစ်နေ့တာအတွက်ဆိုလျှင် နှစ်လတာကြာမည့် ခရီးကို ပို့ဆောင်ပေးနိုင်ပေသည်။

အိဗ်နေအဘီဟာသင်မ်က စအီးဒ်ဗင်န်ဂျူဗိုင်ရ်ထံမှ ဆင့်ပြန်ခဲ့သည်မှာ 'စုလိုင်မာန် عليه السلام ၏ ဤပလ္လင်ပေါ်တွင် ကုလားထိုင် (၆ သိန်း) ပါရှိသည်။ ထိုပလ္လင်ပေါ်တွင် ဟဇရသ်စုလိုင်မာန် عليه السلام နှင့်အတူ

အိမာန်ရှင်လူသားများ စီးနင်းကြသည်။ ၎င်းတို့၏နောက်တွင် အီမာန်ရှင် ဂျင်န်များ စီးနင်းကြသည်။ ထို့နောက် ငှက်များကို အမိန့်ပေးလိုက်ရာ ငှက်များက ပလ္လင်တစ်ခုလုံးကို အရိပ်မိုးပေးလိုက်ကြသည်။ သို့မှသာ နေပူရှိန်၏ ဒုက္ခမှ ကင်းလွတ်မည်ဖြစ်သည်။ ထို့နောက် လေကို အမိန့်ပေးလိုက်သည်။ လေသည် အမိန့်ရှိရာ နေရာသို့ ရောက်အောင် ပို့ဆောင်ပေးလေသည်။ အချို့ဆင့်ပြန်ချက်များ၌ လာရှိသည်မှာ ဟဇရတ်စုလိုင်မာန် عليه السلام ဤလေကြောင်းခရီးလမ်းတစ်လျှောက်လုံး၌ ဦးခေါင်းညွှတ်လျက် အလ္လာဟ်၏ 'ဇိကရ်'နှင့် 'ရှုကရ်' ကျေးဇူးတင်ခြင်းများကိုသာ ပြုလျက်ရှိသည်။ ဘေးဘီဝဲယာသို့ လုံးဝ ကြည့်ရှုခြင်း မပြုပေ။ မိမိ၏ လုပ်ဆောင်ချက်တွင် ကျိုးနွံခြင်းများကို ဖော်ကျူးလျက်သာ ရှိပေသည်။ *[အိဗ်နေကဆီးရ်ကျမ်း]*

ريح عا صفه ــ عَا صِفَةً ၏ လုံးချင်းကောက်အဓိပ္ပာယ်မှာ ပြင်းထန်လျင်မြန်သော လေဟု ဖြစ်သည်။ ကုရ်အာန် ကျမ်းတော်မြတ်၏ အခြားအာယသ်တော်တစ်ပိုဒ်တွင် ထိုလေ၏ ဂုဏ်ပုဒ်မှာ رُخَا ဖြစ်သည်။ ၎င်း၏ အဓိပ္ပာယ်မှာ 'နူးညံ့သည့်လေပြေ' ဟု ဖြစ်သည်။ ထိုလေကြောင့် ဖုန်မှုန့် လွင့်ပျံ့ခြင်းလည်း မရှိ။ ကောင်းကင်၌ လေလှိုင်းများ ရိုက်ခတ်မှုလည်း မရှိပေ။ အပေါ်ယံအားဖြင့်ကြည့်လျှင် ထိုလေနှစ်မျိုးမှာ ဆန့်ကျင်ဘက် ဂုဏ်ရည်များ ရှိကြသည်။ သို့ရာတွင် ထိုဂုဏ်ရည်နှစ်မျိုးကို ပေါင်းစပ်ညှိနှိုင်းကြည့်နိုင်သည့် ပုံစံမှာ ဤလေသည် မိမိ၏ မူလဂုဏ်ရည်အရ အလွန်ပြင်းထန် လျင်မြန်လွန်းသည့်အတွက် နာရီအနည်းငယ်အတွင်း၌ တစ်လတာ ခရီးကို ဖြတ်သန်းရောက်ရှိနိုင်ပေသည်။ သို့ရာတွင် တန်ခိုးတော်ရှင် အလ္လာဟ်အသျှင်မြတ်က ထိုလေအဟုန်ကြောင့် ကောင်းကင်ယံတွင် လေလှိုင်းများ ရိုက်ခတ်မှုမရှိအောင် ပြုထားတော်မူသည်။ သို့ရာတွင် ဤပလ္လင်သည် ကောင်းကင်ယံ၌ သွားလာသည့်အခါ ထိုသွားလာရာ လမ်းကြောင်းတစ်လျှောက်တွင် မည်သည့်ငှက်သတ္တဝါကိုမျှ မည်သည့်ဒုက္ခမျှ ရောက်ရှိခြင်းလည်း မရှိပေ။

စုလိုင်မာန် عليه السلام အတွက် 'ဂျင်န်' နှင့် ရှိုက်သွာန်များအပေါ် နိုင်နင်းမှု ချီးမြှင့်ခြင်း

وَمِنَ الشَّيٰطِيْنِ مَنْ يَغُوْصُوْنَ لَهٗ وَيَعْمَلُوْنَ عَمَلًا دُوْنَ ذٰلِكَ وَكُنَّا لَهُمْ حٰفِظِيْنَ

ငါအသျှင်မြတ်သည် စုလိုင်မာန် عليه السلام အတွက် ရှိုက်သွာန်များ (ဂျင်န်) များအပေါ် နိုင်နင်းစေတော်မူသည်။ ၎င်းတို့အနက် အချို့မှာ မြစ်ပင်လယ်များ၌ ရေငုတ်၍ စုလိုင်မာန် عليه السلام အတွက် ပုလဲရတနာများ ယူလာပေးကြသည်။ ထို့ပြင် အခြားအလုပ်များလည်း ပြုလုပ်ပေးကြရသည်။ ယင်းတို့အနက် အချို့အကြောင်းများကို အခြားအာယသ်တော်များ၌ လာရှိထားသည်။

يَعْمَلُوْنَ لَهٗ مَا يشاءُ من محا ريب وتما ثيل وَجِفَانٍ كَالجواب

ဆိုလိုသည်မှာ ၎င်းတို့သည် ဟဇရတ်စုလိုင်မာန် عليه السلام အတွက် 'မဟ်ရာဗ်'များ၊ ခံ့ညားနားသည့် အဆောက်အဦးများ၊ ရုပ်တုများနှင့် ရေကန်ကဲ့သို့ အသုံးဝင်သည့် ကျောက်ဟင်းကန်များ ပြုလုပ်ပေးကြသည်။

ဟာဇရသ်စုလိုင်မာန် عليه السلام သည် ၎င်းတို့အား ထို့ထက် ခက်ခဲကြမ်းတမ်းသည့် အလုပ်များလည်း ပြုလုပ်စေသည်။ ထူးဆန်းအံ့ဖွယ် အတတ်ပညာများကိုလည်း ပြုလုပ်စေခဲ့သည်။ ငါအသျှင်မြတ်သည်သာလျှင် ၎င်းတို့အား ထိန်းသိမ်းတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။

شَيَاطِين သည် မီးဖြင့် ဖန်ဆင်းထားသည့် သိမ်မွေ့ပေါ့ပါးသော ခန္ဓာကိုယ်နှင့်အတူ အသိတရားများ ရှိသော သက်ရှိအုပ်စုဖြစ်သည်။ လူတို့ကဲ့သို့ ရှရီအသ်တရားတော်၏ ပညတ်ချက်များ သတ်မှတ်ခံရသူများ ဖြစ်သည်။ ထိုအမျိုးအစားအုပ်စုအတွက် မူလစာလုံးမှာ جِنّ 'ဂျင်န်' (သို့) جِنَّات 'ဂျင်နားသ်'ဟု အသုံးပြုသည်။ ၎င်း 'ဂျင်န်'များအနက် အီမာန်လက်မခံသူများသည် ကာဖိရ်ဖြစ်၍ ၎င်းတို့ကို 'ရှယာသွီးန်' (ရှိုက်သွာန်များ) ဟု ခေါ်ဆိုသည်။

ဟာဇရသ်စုလိုင်မာန် عليه السلام အတွက် နိုင်နင်းခြင်းမှာမူ မုအ်မင်န်ဖြစ်စေ၊ ကာဖိရ်ဖြစ်စေ၊ 'ဂျင်နားသ်' အားလုံးပင်ဖြစ်သည်။ သို့ရာတွင် မုအ်မင်န်များမှာ ထိန်းချုပ်နိုင်နင်းခြင်းမရှိလျှင်လည်း စုလိုင်မာန် عليه السلام ၏ ပညတ်ချက်ကို လိုက်နာခြင်းအား ဘာသာရေးတာဝန်တစ်ရပ်အနေဖြင့် ပြုလုပ်ကြသည်။ ၎င်းတို့အတွက် နိုင်နင်းခြင်းဟူသော တင်ပြချက် မလိုအပ်တော့ပေ။ ထို့ကြောင့် ထိန်းချုပ်နိုင်နင်းခြင်းဆိုသည်မှာ ထို 'ရှယာသွီးန်' (ရှိုက်သွာန်များ) ဖြစ်သည်။ ဆိုလိုသည်မှာ 'ကာဖိရ်ဂျင်နားသ်'များအတွက်သာ တင်ပြမိန့်ဆိုခြင်းဖြစ်သည်။ ၎င်းတို့ သည် ကုဖွ်ရ်နှင့် ဆိုးသွမ်းမှုများ ပြုလင့်ကစား ဟာဇရသ်စုလိုင်မာန် عليه السلام ၏ အမိန့်နာခံမှု၌သာ ရှိကြသည်။ ထို့ကြောင့် အာယသ်တော်၏ နောက်ဆုံး၌ 'ငါအသျှင်မြတ်သည် ၎င်းတို့အား ထိန်းချုပ်တော်မူသော အသျှင် ဖြစ်တော်မူသည်'ဟူသော အပိုဒ်ကို သုံးနှုန်းခြင်း ဖြစ်ပေမည်။ ထိုသို့မဟုတ်ပါက 'ကာဖိရ်ဂျင်နားသ်'တို့နှင့်ပတ်သက်၍ ထိုအချိန်တိုင်းတွင် ဒုက္ခတစ်ခုခု ရောက်စေလိမ့်မည်ဟု စိုးရိမ်နေရပေမည်။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်၏ ထိန်းချုပ်မှုသည် ၎င်းတို့အပေါ်၌ ရှိမြဲ ရှိနေသည့်အတွက် မည်သည့်ဒုက္ခဆိုးကျိုးမျှ မပေးနိုင်ကြခြင်း ဖြစ်သည်။

မှတ်သားဖွယ်ရာ အချက်တစ်ချက်

ဟာဇရသ်ဒါဝူးဒ် عليه السلام အတွက် အလ္လာဟ်အသျှင်မြတ်သည် အမာကျောဆုံးအရာနှင့် ထုထည်ပမာဏ အကြီးမားဆုံးအရာများကို နိုင်နင်းစေတော်မူသည်။ ၎င်းတို့အနက် တောင်နှင့် သံကဲ့သို့ မာကျောသော အရာများ ပါဝင်ပေသည်။ ထိုအရာနှင့် ဆန့်ကျင်ဘက်တွင် ဟာဇရသ် စုလိုင်မာန် عليه السلام အတွက်ကိုမူ 'လေ' နှင့် 'ဂျင်နားသ်'တို့ကဲ့သို့ ပါးလွှာသိမ်မွေ့ပြီး မျက်စိဖြင့် မမြင်နိုင်သည့် အရာများကို နိုင်နင်းစေတော်မူသည်။ ဤသည် အလ္လာဟ်အသျှင်မြတ်၏ ကုံလုံပြည့်ဝသည့် 'ကွဒ်ရသ်'တန်ခိုးတော်သည် အဖန်ဆင်းခံဟူသရွေ့တို့အပေါ် လွှမ်းခြုံတော်မူလျက်ရှိကြောင်း ပေါ်လွင်ထင်ရှားပေသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

وَاَيُّوْبَ اِذْ نَادٰى
رَبَّهٗۤ اَنِّىْ مَسَّنِىَ الضُّرُّ وَاَنْتَ اَرْحَمُ الرّٰحِمِيْنَ ۝٨٣

၂၁ : ၈၃ ။ ။ ၎င်းပြင် (အို၊ နဗီတမန်တော်၊ အသင်သည် နဗီတမန်တော်) အိုက်ယူဗ် (၏ အတ္ထုပ္ပတ္တိ အကြောင်း) ကို (လည်း ထုတ်ဖော်ပြောကြားပါလေ။) တစ်ရံရောအခါ ၎င်း (နဗီတမန်တော် အိုက်ယူဗ်) သည် မိမိအား ဖန်ဆင်းမွေးမြူ တော်မူသော အသျှင်မြတ်အား 'အို၊ ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်) ဘေးဥပါဒ် သက်ရောက် နေပါပြီ။ စင်စစ် အသျှင်မြတ်သည် သနားကရုဏာ ပြုတတ်သူတို့တွင် သနားကရုဏာ ပြုတော်မူဆုံးသော အသျှင်မြတ်ပင် ဖြစ်တော်မူပါသည်'ဟု ဟစ်ခေါ်တသ ပန်ကြားခဲ့လေ၏။

فَاسْتَجَبْنَا لَهٗ فَكَشَفْنَا مَا بِهٖ مِنْ ضُرٍّ وَّاٰتَيْنٰهُ اَهْلَهٗ وَ
مِثْلَهُمْ مَّعَهُمْ رَحْمَةً مِّنْ عِنْدِنَا وَذِكْرٰى لِلْعٰبِدِيْنَ ۝٨٤

၂၁ : ၈၄ ။ ။ ထိုအခါ ငါအသျှင်မြတ်သည် ၎င်း (အိုက်ယူဗ်) ၏ အသနားခံ ပန်ကြားချက်ကို သဘောတူ လက်ခံ တော်မူခဲ့၍ ၎င်း၌ ခံစားနေရသော ဘေးဒုက္ခကို ပျောက်ကင်းစေတော်မူခဲ့၏။ ထို့ပြင် ငါအသျှင်မြတ်သည် ၎င်း (အိုက်ယူဗ်) အား ၎င်း၏ (မူလ) အိမ်သူအိမ်သား၊ ဇနီးကြင်ရာ၊ သားသမီးများတို့ (ကို ချီးမြှင့်ပေးသနားတော်မူခဲ့သည့်) အပြင်၊ ၎င်းသူတို့ နှင့်အတူ ထိုသူတို့ကဲ့သို့ အလားတူကိုလည်း (ဆထက်တိုး၍) မိမိ၏ ထံတော်မှ (အထူး) ကရုဏာတော်အဖြစ်လည်းကောင်း၊ ဝတ်ပြုကိုးကွယ် ဆည်းကပ်သူအပေါင်းတို့အဖို့ သတိရစေသော အထိမ်းအမှတ်အဖြစ်လည်းကောင်း ချီးမြှင့်ပေးသနား တော်မူခဲ့ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့နောက် အိုင်ယူးစ် ﷺ အကြောင်း အောက်မေ့သတိရပါလေ။ ၎င်းသည် (ပြင်းထန်သော ရောဂါစွဲကပ်ပြီးနောက်) မိမိအသျှင်မြတ်ထံ တောင်းခံသည်မှာ 'ကျွန်တော်မျိုးအား ဤဒုက္ခများ ကျရောက် နေပါသည်။ အသျှင်မြတ်သည် သနားကြင်နာသူအားလုံးတို့ထက် သနားကြင်နာတော်မူသော အသျှင်မြတ် ဖြစ်တော်မူပါသည်။ (အသျှင်မြတ်သည် မိမိ၏ အသနားကြင်နာ ကရုဏာတော်ဖြင့် ကျွန်တော်မျိုး၏ ဤဒုက္ခ ကို ဝေးကွာပပျောက်စေတော်မူပါ။) သို့ရှိရာ ငါအသျှင်မြတ်သည် ၎င်း၏ ဒိုအာကို လက်ခံတော်မူလိုက်သည်။ ၎င်း၌ ဆိုက်ရောက်နေသည့် ဒုက္ခကို ဝေးကွာစေတော်မူလိုက်သည်။ (၎င်းက တောင်းခံခြင်းမပြုဘဲနှင့်) ငါအသျှင်မြတ်သည် ၎င်း၏ အိမ်သူအိမ်သားများ (ပျောက်ဆုံးသွားသည့် ၎င်း၏ သားသမီးများ (ဟစန် ဗစ္စရီက ဒုရ်ရေမန်ဆူးရ်ကျမ်းတွင် ဖော်ပြသကဲ့သို့) သို့မဟုတ် သေဆုံးသွားသည့် သားသမီးများ (အချို့ ပညာရှင်များ၏ အဆိုအရ) ပြန်လည်ချီးမြှင့်တော်မူခဲ့သည်။ ဤပုံစံဖြင့် ၎င်း၏ သားသမီးများသည် ၎င်းထံသို့

ရောက်လာခဲ့ကြသည်။ (သို့) ဤမျှခန့် သားသမီးများ ထပ်မံမွေးဖွားလာခဲ့သည်။ (ဖသ်ဟုလ်မန်နာန် ကျမ်း၌ 'အိက်ရိမဟ်'၏ အဆိုရှိသကဲ့သို့) ထို့နောက် ၎င်းနှင့်အတူ (အရေအတွက်တွင်) ၎င်းတို့နှင့်အညီ (ပေးတော်မူခဲ့သည်။ ဆိုလိုသည်မှာ ကနဦးက ရှိသည့်ခန့် ထပ်မံ၍ ပေးတော်မူသည်။ ၎င်း၏ ကျောရိုးမှ သော်လည်းကောင်း၊ (သို့) ၎င်း၏ သားသမီးများ၏ ကျောရိုးများမှလည်းကောင်း ပေါက်ဖွားခြင်းကို ဆိုလိုသည်။) မိမိ၏ ကရုဏာတော်ဖြင့်လည်းကောင်း၊ 'အေဗာဒသ်'ပြုသူများ အတွက်သော်လည်းကောင်း သတိရအောက်မေ့ဖွယ်ဖြစ်စေရန် အကြောင်းခံဖြင့် ပေးသနားတော်မူခဲ့သည်။

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

အိုင်ယူးဗ် عليه السلام အကြောင်း

ဟဇရသ်အိုင်ယူးဗ် عليه السلام အကြောင်းနှင့် စပ်လျဉ်း၍ အိစ်ရာအီးလီး ဆင့်ပြန်ချက်များမှာ အလွန် ရှည်လျားလှသည်။ ယင်းတို့အနက် မုဟဒ်ဒိဆ် (ဟဒီးစ်ပညာရှင်) များက သမိုင်းအဆင့်အရ လက်ခံထိုက် သည်ဟု ယူဆရသည်တို့ကို ဆင့်ပြန်ထားသည်။ ကုရ်အာန်ကျမ်းတော်မြတ်၌မူ '၎င်းတွင် ပြင်းထန်သည့် ရောဂါတစ်မျိုး ဖြစ်ပေါ်လာသည့်အခါ ၎င်းသည် 'ဆွဗရ်'ကြံ့ခိုင်စွာဖြင့် နေခဲ့သည်။ နောက်ဆုံးတွင် အလ္လာဟ်အသျှင်မြတ်ထံ ဒိုအာပြုသောအခါ ၎င်းအဖို့ ထိုရောဂါမှ ပျောက်ကင်းခဲ့သည်။ ထိုရောဂါဖြစ်ပေါ် နေစဉ်ကာလတွင် ၎င်း၏ သားသမီးများအားလုံး သေခြင်းတရား (သို့) အခြားအကြောင်းတစ်ခုကြောင့် ပျောက်ဆုံးသွားခဲ့ရသည်။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းအား ကျန်းမာရေးကောင်းမွန်မှုကို ပြန်လည် ပေးတော်မူလိုက်သည်။ ထို့ပြင် ၎င်း၌ ရှိခဲ့သမျှသော သားသမီးများကို ပြန်လည်ပေးသနားရုံမျှမက ထပ်မံ၍ ထိုမျှခန့် သားသမီးများ အပို ချီးမြှင့်တော်မူလေသည်'ဟုသာ ပါရှိလေသည်။ ကျန်ရှိအကြောင်းအရာများမှ အချို့မှာ ခိုင်မာသည့် ဟဒီးစ်ကျမ်းများရှိသည်။ ဤအကြောင်းအရာနှင့် စပ်လျဉ်း၍ သမိုင်းဆင့်ပြန်ချက် အများဆုံးကို ဟာဖိဇ်အိဗ်နေကဆီးရ်က အကျယ်တဝင့် ရေးသားခဲ့သည်။

အလ္လာဟ်အသျှင်မြတ်သည် အိုင်ယူးဗ် عليه السلام အား အစကနဦးတွင် ဥစ္စာပစ္စည်းများ၊ လယ်ယာများ၊ ခမ်းနားသော အဆောက်အဦးများ၊ အစီးအနင်းများ၊ သားသမီးများနှင့် ပြုစုသူ အကျိုးဆောင်များအားလုံး ကို လိုလေသေးမရှိ ချီးမြှင့်ထားတော်မူခဲ့သည်။ ထို့နောက်တွင် 'အလ္လာဟ်အသျှင်မြတ်သည် ၎င်းအား နဗီ တမန်တော်တို့၏ အစဉ်အလာရှိ စမ်းသပ်မှု (ဒုက္ခခံစားရမှု) ၌ လုံးပမ်းစေတော်မူခဲ့သည်။ သို့ရှိရာ ဖော်ပြပါ ပိုင်ဆိုင်မှုအားလုံးတို့သည် ၎င်းအဖို့ လက်မဲ့ဖြစ်သွားခဲ့ရသည်။ ခန္ဓာကိုယ်၌လည်း နှုတ်လျှာနှင့် နှလုံးသား မှအပ တစ်ကိုယ်လုံး အနာကြီးရောဂါကဲ့သို့သော ပြင်းထန်သည့် ရောဂါဝေဒနာ စွဲကပ်ခဲ့ရသည်။ ထိုအခြေ အနေ၌မှာပင် ဟဇရသ်အိုင်ယူးဗ် عليه السلام သည် နှုတ်လျှာနှင့် နှလုံးသားကို အလ္လာဟ်အသျှင်မြတ်၏ 'ဇိက်ရ်' သတိရ တသခြင်း၌ နှစ်မြုပ်ထားခဲ့သည်။ ကျေးဇူးတရား သိတတ်မှုကို မြွက်ဟလျက်သာ ရှိခဲ့သည်။ ထိုရောဂါဆိုးကြောင့် ဆွေမျိုးသားချင်းများ၊ မိတ်ဆွေများနှင့် အိမ်နီးချင်းတို့သည် ၎င်းအား မြို့ပြင်ရှိ အမှိုက်သရိုက်များ စွန့်ပစ်သည့် နေရာသို့ ပို့ဆောင်လိုက်ကြသည်။ မည်သူမျှ ၎င်းထံသို့ သွားလာခြင်း

မပြုကြတော့ပေ။ ဇနီးသည်တစ်ဦးသာလျှင် ၎င်းနှင့်အတူ ရှိပြီး ဆေးပေးမီးယူ ပြုစုယုယလျက် ရှိခဲ့သည်။ ထိုဇနီးသည်မှာ ဟဇရတ်ယူစွဖ် رضي الله عنه ၏ သမီး (သို့) မြေးမ ဖြစ်သည်။ သူမ၏ အမည်မှာ လိုင်ယာဗင်န်သေ့ မင်န်ရှအ်ဗင်န်ယူစွဖ် رضي الله عنها ဖြစ်သည်။ *[အိဗ်နေကဆီးရ်ကျမ်း]*

အိုင်ယူးဗ် رضي الله عنه အဖို့ ဥစ္စာပစ္စည်းအားလုံးမှာ ပျက်စီးဆုံးရှုံးခဲ့ရပြီး ဖြစ်သည်။ ၎င်း၏ ဇနီးသည်မှာ ပင်ပန်းဆင်းရဲစွာ ရှာဖွေလျက် မိမိနှင့် ခင်ပွန်း၏ ဝမ်းစာနှင့် လိုအပ်ချက်များ ရှာဖွေပေးလျက် ခင်ပွန်းဖြစ်သူအား ပြုစုစောင့်ရှောက်ခဲ့ရသည်။ အိုင်ယူးဗ် رضي الله عنه ၏ ဤစမ်းသပ်စစ်ဆေးခံရမှုသည် အတော်အတန် အံ့သြဖွယ်ရာ မဟုတ်ပါချေ။

နဗီတမန်တော်မြတ် ﷺ မိန့်ကြားတော်မူသည်မှာ-

اشد الناس بلاء الا نبياء ثم الصالحون ثم الا مثل فالا مثل

လူသားများတွင် အပြင်းထန်ဆုံး ဒုက္ခများ ခံစားလျက် အစမ်းသပ်ခံရသူများမှာ နဗီတမန်တော်များသာ ဖြစ်သည်။ ၎င်းတို့၏ နောက်တွင် အခြားသော သူတော်စင်များသည် မိမိတို့၏ အဆင့်အလိုက် အစမ်းသပ်ခံကြရသည်။

အခြားဟဒီးစ်တော်တစ်ရပ်တွင် လာရှိသည်မှာ လူတိုင်းအား စမ်းသပ်ရာတွင် ၎င်း၏ သာသနာရေး ကြံ့ခိုင်တည်မြဲမှု အတိုင်းအတာပေါ်၌ ဖြစ်သည်။ သာသနာအပေါ်၌ တည်တံ့ခိုင်မြဲမှု ပိုရှိသူကို ၎င်း၏ အတိုင်းအတာခန့် ပိုမို၍ စမ်းသပ်ခြင်းပြုလေ့ရှိသည်။ (သို့မှသာ ထိုပမာဏနှင့်အညီ ထိုသူ၏ အဆင့်အတန်းမှာ အလ္လာဟ်အသျှင်မြတ်ထံတော်တွင် မြင့်မားမှု ရရှိပေမည်။)

ဟဇရတ်အိုင်ယူးဗ် رضي الله عنه အား အလ္လာဟ်အသျှင်မြတ်သည် နဗီတမန်တော်တို့၏ အုပ်စုတွင် သာသနာရေး ကြံ့ခိုင်တည်မြဲမှုနှင့် 'ဆွဗရ်'သည်းခံခြင်းတရားတို့တွင် အဆင့်တစ်ခုသို့တိုင် ချီးမြှင့်တော်မူခဲ့သည်။ (ပမာဆိုရသော် ဟဇရတ်ဒါဝူးဒ် رضي الله عنه ကို ကျေးဇူးတရား သိခြင်း၏ သီးသန့်အဆင့်ကို ချီးမြှင့်တော်မူခဲ့သည်။) ဒုက္ခသောကဗျာပါဒများအပေါ် 'ဆွဗရ်'သည်းခံမှုအရာတွင် ဟဇရတ်အိုင်ယူးဗ် رضي الله عنه သည် စံနမူနာ ယူဖွယ်ရာပင် ဖြစ်သည်။ ယဇီးဒ်ဗင်န်မိုင်စရဟ်က မိန့်ဆိုသည်မှာ 'အလ္လာဟ်အသျှင်မြတ်သည် ဟဇရတ် အိုင်ယူးဗ် رضي الله عنه ၏ ဥစ္စာပစ္စည်း စသော လောကီရေး စည်းစိမ်ဟူသမျှကို ရုပ်သိမ်း၍ စမ်းသပ်တော်မူ သည့်အခါ အိုင်ယူးဗ် رضي الله عنه သည် အလ္လာဟ်အသျှင်မြတ်အား သတိရတသမှုနှင့် 'အေဗာဒသ်'များ၌ ပို၍ပင် တစိုက်မတ်မတ် ပြုလေတော့သည်။ ထို့နောက် အလ္လာဟ်အသျှင်မြတ်အား 'အို၊ ဖန်ဆင်းမွေးမြူတော်မူသော အသျှင်၊ ကျွန်တော်မျိုးသည် အသျှင်မြတ်၏ ကျေးဇူးတရားကို မြွက်ဆိုပါသည်။ အသျှင်မြတ်သည် ကျွန်တော်မျိုးအား ဥစ္စာပစ္စည်း၊ လောကီရေးပစ္စည်းများနှင့် သားသမီးများ ချီးမြှင့်တော်မူခဲ့ပါသည်။ ထိုအရာ များသည် ကျွန်တော်မျိုး၏ နှလုံးသား၏ အစိတ်အပိုင်းတစ်ခုချင်းအပေါ်၌ ဖုံးလွှမ်းသွားခဲ့ပါသည်။ တစ်ဖန် အသျှင်မြတ်သည် ကျွန်တော်မျိုးထံမှ ထိုအရာ ရုပ်သိမ်းတော်မူလိုက်ခြင်းအပေါ်၌လည်း ကျေးဇူးတရား မြွက်ဆိုပါသည်။ ယခုမှ ကျွန်တော်မျိုးနှင့် အသျှင်မြတ်၏ ကြားတွင် အဟန့်အတားပြုရန် မည်သည့်အရာမျှ မရှိတော့ပါ' ဟု လျှောက်ထားမြွက်ဆိုလေသည်။

ဟဇရသ်အိုင်ယူးဗ် عليه السلام ၏ ဒိုအာတောင်းခံခြင်းသည် 'ဆွဗရ်' နှင့် ဆန့်ကျင်ခြင်းမဟုတ်

ဟဇရသ်အိုင်ယူးဗ် عليه السلام သည် ဥစ္စာပစ္စည်းများ လက်မဲ့ဖြစ်၍ ခန္ဓာကိုယ်၌လည်း လူအများ မကပ်ဝံ့လောက်အောင် အနာရောဂါများ စွဲကပ်သော ဝေဒနာဖြင့် စမ်းသပ်ခံခဲ့ရသည်။ မြို့ရွာအပြင်ဘက်တွင် အမှိုက်သရိုက်များ စွန့်ပစ်သည့် နေရာတွင် ၇ နှစ်နှင့် လအနည်းငယ်နေခဲ့ရသည်။ သို့တိုင်အောင်လည်း မည်သည့်အခါမျှ ငိုယိုတိုင်တန်းသည့် စကားလုံးများ နှုတ်လျှာမှ မထွက်ခဲ့ပေ။ ကောင်းမြတ်သည့် ဇနီး အလိမ္မာက 'ကိုယ်တော်၏ ဒုက္ခသည် ပို၍ တိုးလာနေပါသည်။ ဤဒုက္ခမှ ကင်းဝေးရန် အလ္လာဟ်အသျှင်မြတ်ထံ ဒိုအာပြုပါ' ဟု လျှောက်တင်သည်ကိုပင် ဟဇရသ်အိုင်ယူးဗ် عليه السلام က 'ကျွန်ုပ်သည် နှစ်ပေါင်း (၇၀) တိုင် ကျန်းမာသန်စွမ်းစွာဖြင့် အသျှင်မြတ်၏ မရေတွက်နိုင်သော ကျေးဇူးတော်များ၊ စည်းစိမ်ဥစ္စာများဖြင့် နေခဲ့ရပြီးဖြစ်သည်။ ယခု (၇) နှစ်မျှသော ကာလတွင် ဒုက္ခများ ခံစားရခြင်းအတွက် ခက်ခဲရတော့မည်လော' ဟု တုန့်ပြန်ပြောကြားခဲ့သည်။

နဗီတမန်တော်တို့၏ တိကျသော ရည်ရွယ်ချက်၊ ခိုင်မာသည့် စိတ်ဓါတ်၊ သည်းခံမြဲသိပ်ခြင်းတရားနှင့် ကြံ့ခိုင်မှုတို့သည် 'ဆွဗရ်'နှင့် ဆန့်ကျင်မည်ကို စိုးရိမ်လျက် ဒိုအာပြုရန်ကိုပင် သတ္တိ မရှိခဲ့ပါချေ။ (စင်စစ် အလ္လာဟ်အသျှင်မြတ်ထံတော်၌ ဒိုအာတောင်းခံခြင်းသည် မိမိ၏ လိုအပ်ချက်များနှင့် ဒုက္ခများ တင်ပြခြင်းတို့မှာ 'ဆွဗရ်'မရှိခြင်း၌ မပါဝင်ပေ။) နောက်ဆုံးတွင် ဒိုအာသည် ဒိုအာသာ ဖြစ်သည်။ 'ဆွဗရ်' မရှိခြင်းမဟုတ်ဟူသော အသိဖြင့် ဒိုအာပြုရန် အကြောင်းခံဖြစ်လာခဲ့သည်။ အလ္လာဟ်အသျှင်မြတ်သည် ၎င်း၏ 'ဆွဗရ်'တရား၏ ပြည့်ဝမှုကို မိမိ၏ မုကဒ္ဒပါင်္ဂတော်၌ မိန့်ကြားတော်မူသည်မှာ-

انّا وجدناه صابرًا

ဤဒိုအာပြုခြင်းအကြောင်းခံကို တင်ပြရာတွင် ဆင့်ပြန်ချက်၌ များစွာ ကွဲလွဲမှုရှိခြင်းနှင့် အလွန်ရှည်လျားသည့်အတွက် ၎င်းတို့ကို ချန်လှပ်လာခဲ့သည်။

အိဗ်နေအဘီဟာသင်မ်က ဟဇရသ်အဗ်ဒုလ္လာဟ်အိဗ်နေအဗ္ဗားစ် عليه السلام ထံမှ ဆင့်ပြန်ခဲ့သည်မှာ 'ဟဇရသ်အိုင်ယူးဗ် عليه السلام ၏ ဒိုအာကို အလ္လာဟ်အသျှင်မြတ်က လက်ခံတော်မူလိုက်သည့်အခါ အသျှင်မြတ်က ၎င်းအား 'မြေကြီးပေါ်၌ ခြေဖနောင့်ချလိုက်ပါ။ ထိုနေရာမှ သန့်ပြန်သည့် စိမ့်စမ်းရေပေါ် ထွက်လာပါလိမ့်မည်။ ထိုရေဖြင့် ရေချိုးလိုက်ပါ။ သောက်သုံးခြင်းလည်း ပြုပါ။ ရောဂါအားလုံး ပျောက်ကင်းသွားပါလိမ့်မည်'ဟု မိန့်ကြားတော်မူလေသည်။ ဟဇရသ်အိုင်ယူးဗ် عليه السلام သည် ထိုအမိန့်အရ အရိုးများမှအပ အနာများနှင့် ပြည့်နှက်နေသည့် ခန္ဓာကိုယ်တစ်ခုလုံးကို ထိုစိမ့်စမ်းရေဖြင့် ရေချိုးလိုက်သည်နှင့် ခန္ဓာကိုယ်တစ်ခုလုံး၏ အရေပြားနှင့် အမွေးအမျှင်များမှာ ရုတ်ချည်းနဂိုမူလအတိုင်း ပြန်လည်ကောင်းမွန်လာခဲ့လေပြီ။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းအတွက် 'ဂျန္နသ်'မှ ဝတ်စုံတစ်ခု ပို့ချပေးလိုက်သည်။ ဟဇရသ်အိုင်ယူးဗ် عليه السلام သည် ထိုဝတ်စုံကို ခန္ဓာကိုယ်၌ ဆင်မြန်းလိုက်သည်။ ထို့နောက် ထိုအမှိုက်ပုံအနီးမှ ထွက်၍ ထောင့်တစ်နေရာ၌ သွားရောက်ထိုင်နေလိုက်သည်။ ထိုအချိန်တွင် ဇနီးသည်လိုင်ယာသခင်မသည် ထုံးစံအတိုင်း ခင်ပွန်းသည်၏

အခြေအနေကို ကြည့်ရှုရန် ရောက်ရှိလာခဲ့သည်။ ခင်ပွန်းသည် ရှိနေကျနေရာ၌ မရှိတော့သည်ကို တွေ့ရှိရသောအခါ ငိုကြွေးလေတော့သည်။ ထောင့်တစ်နေရာ၌ ထိုင်နေသော အိုင်ယူးဗ် عليه السلام ကို သူမအနေဖြင့် မြင်သော်လည်း မမှတ်မိပါချေ။ ထို့ကြောင့် ဟဇရတ်အိုင်ယူးဗ် عليه السلام ထံ လာရောက်၍ 'အို၊ အလ္လာဟ်အသျှင်မြတ်၏ ကျွန် (လူသား) အနာရောဂါစွဲကပ်၍ ဤနေရာ၌ နေထိုင်သူ ရောဂါသည် မည်သည့်နေရာသို့ သွားသည်ကို သိပါသလော။ ၎င်းအား ခွေးအ (သို့) ဝံပုလွေများ စားလိုက်ပြီလော' ဟု မေးမြန်းလေသည်။ အချိန်အတန်ကြာသည်အထိ ၎င်းနှင့်အတူ ဤအကြောင်းကို ပြောဆိုနေခဲ့သည်။ ထိုစကားများကို နားထောင်ပြီး ဟဇရတ်အိုင်ယူးဗ် عليه السلام က 'ကျွန်ုပ်သည်ပင် အိုင်ယူးဗ်ဖြစ်ပါသည်' ဟု ပြောဆိုလေသည်။ သို့သော်လည်း ထိုသို့ ပြောကြားသည့်တိုင် ဇနီးသည်မှာ ၎င်းအား မမှတ်မိသေးပါချေ။ ထို့ကြောင့် 'အသင်သည် ကျွန်ုမအား နောက်ပြောင်နေပါသလော' ဟု ပြောဆိုလေသည်။ ထိုအခါမှ ဟဇရတ်အိုင်ယူးဗ် عليه السلام က 'သေချာစွာ ကြည့်ပါ။ ကျွန်ုပ်သည် အိုင်ယူးဗ်ပင် ဖြစ်ပါသည်။ အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်၏ ဒိုအာကို လက်ခံတော်မူပြီး ကျွန်ုပ်၏ ခန္ဓာကိုယ်အား နဂိုမူလအတိုင်း ကောင်းမွန်စေတော်မူလိုက်ပါသည်' ဟု ပြောကြားလေသည်။ ဟဇရတ်အိဗ်နေအဗ္ဗားစ် رضي الله عنه က မိန့်ဆိုသည်မှာ 'ထို့နောက် အလ္လာဟ်အသျှင်မြတ်သည် ၎င်း၏ စည်းစိမ်ဥစ္စာများကိုလည်း ၎င်းအား ပြန်လည်ချီးမြှင့်တော်မူလိုက်သည်။ သားသမီးများကိုလည်း ပြန်လည်ပေးသနားတော်မူပေသည်။ သားသမီးများ၏ နဂိုမူလအရေအတွက်နှင့်အညီ ထပ်မံ၍လည်း ချီးမြှင့်တော်မူလိုက်သည်။ *[အိဗ်နေကဆီးရ်ကျမ်း]*

အိဗ်နေမတ်စ်အူးဒ် رضي الله عنه သခင်က မိန့်ဆိုသည်မှာ 'ဟဇရတ်အိုင်ယူးဗ် عليه السلام တွင် သားတော် (၇) ပါးနှင့် သမီးတော် (၇) ပါး ရှိခဲ့သည်။ ထိုစမ်းသပ်ခံရသည့် ကာလအတွင်း ထိုသားသမီးအားလုံး သေဆုံးသွားခဲ့ကြသည်။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းအား ရောဂါမှ ပြန်လည်ကောင်းမွန်စေတော်မူသည့်အခါ ထိုသားသမီးများကိုလည်း ပြန်လည်အသက်ရှင်စေတော်မူလိုက်သည်။ ၎င်း၏ ဇနီးသည်နှင့် ထိုမျှခန့်သော သားသမီးများ ထပ်မံ၍ မွေးဖွားခဲ့သည်။ ထိုအကြောင်းကို ကုရ်အာန်ကျမ်းတော်မြတ်တွင်

وَ مِثْلَهُم مَعَهُم

ဟု မိန့်ကြားတော်မူထားသည်။ ဆအ်လဗီသခင်က ဤအဆိုသည် ကုရ်အာန်၏ ထင်ပေါ်သော အဓိပ္ပာယ်နှင့် အနီးကပ်ဆုံး ဖြစ်သည်ဟု ဆိုလေသည်။ *[ကုရ်သုဗီကျမ်း]*

အချို့ပုဂ္ဂိုလ်များက မိန့်ဆိုသည်မှာ သားသမီးအသစ်များ ဆိုသည်မှာ ဟဇရတ်အိုင်ယူးဗ် عليه السلام ကိုယ်တိုင်မှ ထိုမျှခန့် မွေးဖွားခဲ့သည်ဟု ဆိုလိုခြင်းဖြစ်သည်။ '၎င်းသားသမီးများကဲ့သို့' ဟု ဆိုခြင်းမှာ ၎င်း၏ သားသမီးများ၏ သားသမီးများကို ဆိုလိုခြင်းဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَاِسۡمٰعِیۡلَ وَاِدۡرِیۡسَ وَذَاالۡکِفۡلِ ؕ کُلٌّ مِّنَ الصّٰبِرِیۡنَ ﴿۸۵﴾

၂၁ : ၈၅ ။ ။ ၎င်းပြင် (အို, နဗီတမန်တော်၊ အသင်သည် နဗီတမန်တော်) အိစ်မာအီးလ်၊ အီဒ်ရီးစ်နှင့် ဇွလ်ကိဖ်လ်' တို့ (၏ အတ္ထုပ္ပတ္တိအကြောင်း) များကိုလည်း (ထုတ်ဖော်ပြောကြားပါလေ။) ၎င်း (နဗီတမန်တော်) အသီးသီးတို့သည် သည်းခံခြင်းတရား ထားရှိသူတို့တွင် ပါဝင်ခဲ့ကြကုန်၏။

وَاَدۡخَلۡنٰهُمۡ فِیۡ رَحۡمَتِنَا ؕ اِنَّهُمۡ مِّنَ الصّٰلِحِیۡنَ ﴿۸۶﴾

၂၁ : ၈၆ ။ ။ ထို့ပြင် ငါအသျှင်မြတ်သည်၊ ၎င်း (နဗီတမန်တော်) တို့အား မိမိ၏ 'ရဟ်မသ်' ကရုဏာတော်အတွင်း ဝင်ရောက် ပါဝင်စေတော်မူခဲ့၏။ ၎င်း (နဗီတမန်တော်) တို့အားလုံးသည် သူတော်စင်တို့တွင် ကောန်အမှန်ပင် ပါဝင်ခဲ့ကြကုန်သည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့နောက် အစ္စမာအီးလ် ﷵ ၊ အီဒ်ရီးဆ် ﷵ နှင့် ဇုလ်ကိဖ်လ် ﷵ တို့၏ ဖြစ်ရပ်များကို အောက်မေ့သတိရပါလေ။ ၎င်းတို့အားလုံးသည် (အလ္လာဟ်အသျှင်မြတ်၏ ရှရီအသ်တရားတော် အမိန့်ပညတ်များအပေါ်) တည်တံ့ခိုင်မြဲစွာ ရပ်တန့်သူများမှ ဖြစ်သည်။ ထို့နောက် ငါအသျှင်မြတ်သည် ၎င်းတို့ (အားလုံး) ကို မိမိ၏ (အထူး) 'ရဟ်မသ်'ကရုဏာတော်အောက်၌ သွပ်သင်းတော်မူခဲ့သည်။ မုချကေန် ၎င်းတို့ (အားလုံး) သည် သူတော်စင်များ၌ ပါဝင်သူများ ဖြစ်ကြပေသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဟဇရသ်ဇုလ်ကိဖ်လ်သည် နဗီဖြစ်ပါသလော၊ (သို့) ဝလီဖြစ်ပါသလော ဆိုခြင်းနှင့် ၎င်း၏ အံ့ဖွယ်ဖြစ်ရပ်

ဖော်ပြပါအာယသ်တော်တွင် ပုဂ္ဂိုလ် (၃) ပါး၏ အမည်များ ဖော်ပြထားသည်။ ယင်းတို့အနက် ဟဇရသ်အိစ်မာအီးလ် ﷵ နှင့် ဟဇရသ်အီဒ်ရီးစ် ﷵ တို့၏ နဗီ၊ ရစူလ်ဖြစ်ခြင်းတွင် ကုရ်အာန်ကျမ်းတော်မြတ်၏ များစွာသော အာယသ်တော်များ၌ ဖော်ပြပါရှိပြီး ၎င်းတို့၏ အကြောင်းများလည်း နေရာများစွာ၌ လာရှိထားပေသည်။ တတိယပုဂ္ဂိုလ်မှာ ဇုလ်ကိဖ်လ်ဖြစ်ပြီး ၎င်းနှင့် စပ်လျဉ်း၍ အိဗ်နေကစီးရ် (ရဟ) က 'ဇုလ်ကိဖ်လ်၏ အမည်သည် ထိုနဗီတမန်တော်နှစ်ပါး၏ အမည်နှင့် တစ်ဆက်တည်း ဖော်ပြထားသည့်အတွက် ၎င်းသည်လည်း အလ္လာဟ်၏ နဗီတစ်ပါးပင် ဖြစ်သည်'ဟု ဆိုသည်။ သို့သော် အချို့သော ဆင့်ပြန်ချက်များအရ ၎င်းသည် နဗီတမန်တော်များ၏ အုပ်စုမှ မဟုတ်ဘဲ အလ္လာဟ်အသျှင်မြတ်၏ အချစ်တော် ဝလီသူတော်စင်တစ်ဦးဖြစ်ကြောင်း သိရှိရပေသည်။

အိပ်နေဂျရီးရ်က မိမိ၏ စနဒ်နှင့်တကွ မုဂျာဟိဒ်အား ဆင့်ပြန်ခဲ့သည်မှာ ဟဇရသ်ယဆအ် رضي الله عنه (၎င်းသည် နဗီဖြစ်ကြောင်း ကုရ်အာန်၌ ဖော်ပြထားသည်။) သည် အသက်အရွယ်ကြီးရင့်၍ အိုမင်းမစွမ်း ဖြစ်ချိန်တွင် တစ်စုံတစ်ဦးအား မိမိ၏ ခလီဖာဟ်အရိုက်အရာကို ဆက်ခံသူအဖြစ် ပေးမည်ဟု ရည်ရွယ် လေသည်။ ထိုခလီဖာဟ်သည် မိမိ၏ ဘဝသက်တမ်းတွင် နဗီတမန်တော်တို့၏ တာဝန်များ၌ ပါဝင်သော အလုပ်များကို ပြုလုပ်ရမည်ဖြစ်သည်။

ဤသို့ ရည်ရွယ်လျက် ဟဇရသ်ယဆအ် رضي الله عنه သည် မိမိ၏ ဆွဟာဗာအားလုံးကို ခေါ်ယူလိုက် သည်။ ထို့နောက် 'ကျွန်ုပ်သည် မိမိ၏ ခလီဖာဟ်အဖြစ် တစ်စုံတစ်ဦးကို ပြုပေးလိုပါသည်။ ထိုသူသည် စည်းကမ်းချက် (၃) ခုနှင့် ကိုက်ညီသူ ဖြစ်ရပေမည်။ ထိုစည်းကမ်းချက်များနှင့် ကိုက်ညီသူကို ခလီဖာဟ် အဖြစ် ရွေးချယ်ပါသည်။ ယင်းစည်းကမ်းချက်များမှာ-

(၁) အမြဲတမ်း 'ရိုဇာဟ်'ထားသူ ဖြစ်ရမည်။

(၂) အမြဲတမ်း ညဥ့်အခါ 'အေဗာဒသ်'ပြုခြင်း၌ နိုးကြားနေရပါမည်။

(၃) မည်သည့်အခါမျှ အမျက်ဒေါသထွက်သူ မဖြစ်ရ' ဟု ပြောဆိုလေသည်။

ထိုအခါ လူအုပ်ကြီးထဲမှ လူအများက သေးသိမ်သူဟု ထင်ရလောက်သည့် မကျော်ကြားသူတစ်ဦး သည် ထ၍ ရပ်လျက် 'ကျွန်ုပ်သည် ထိုအလုပ်အတွက် အသင့်ရှိပါသည်'ဟု ပြောဆိုလေသည်။ ဟဇရသ် ယဆအ် رضي الله عنه က 'အသင်သည် အမြဲတမ်း 'ရိုဇာဟ်'ထားသူ ဖြစ်ပါသလော။ အမြဲတမ်း ညဥ့်အခါ နိုးကြားနေပါသလော။ မည်သည့်အခါမျှ ဒေါသထွက်ခြင်း မရှိပါသလော' ဟု မေးမြန်းရာ ထိုသူက 'မုချဧကန် ကျွန်ုပ်သည် ဤ (၃) မျိုးစလုံးကို ကျင့်ကြံသူ ဖြစ်ပါသည်'ဟု လျှောက်ထားလေသည်။ ဟဇရသ်ယဆအ် رضي الله عنه သည် ထိုသူ၏ စကားအပေါ် ယုံကြည်မှု မရှိ ဖြစ်ပေမည်။ ထို့ကြောင့် ထိုနေ့တွင် ၎င်းအား ပယ်ချခဲ့သည်။ ထို့နောက် နောက်တစ်နေ့တွင် ဤနည်းအတိုင်းပင် လူအုပ်ကြီးကို ပြောကြားပြန်သည်။ လူ အားလုံးတို့မှာ ဆိတ်ငြိမ်နေကြသည်။ သို့သော် ယခင်နေ့က ထရပ်ခဲ့သူပင် ယခုလည်း မတ်တတ်ရပ်လိုက် လေသည်။ ထိုအခါမှ ဟဇရသ်ယဆအ် رضي الله عنه သည် ထိုသူ့အား မိမိ၏ ခလီဖာဟ်အဖြစ် ရွေးချယ်ခန့်အပ် လိုက်သည်။ ရှိုက်သွာန်သည် ဤရွေးချယ်ပွဲ၌ ဇုလ်ကိဖ်လ် အောင်မြင်သွားသည်ကို တွေ့မြင်ပြီး မိမိ၏ လက်အောက် ရှိုက်သွာန်များအား 'မည်သည့်နည်းနှင့်မဆို ထိုသူ၏ ရာထူးလက်လွတ်သွားစေရန် အသင်တို့ သွားရောက်ကြိုးပမ်းကြကုန်'ဟု ပြောဆိုရာ လက်အောက်ငယ်သား ရှိုက်သွာန်များက 'ဤသူသည် ကျွန်ုပ် တို့၏ ထိန်းချုပ်မှုအောက်၌ ရောက်လာမည့်သူ မဟုတ်ပါ'ဟု အကြောင်းပြကြလေသည်။ ထိုအခါ ရှိုက်သွာန် အိဗ်လီးစ်က 'ကောင်းပြီ၊ ဤကိစ္စကို ကျွန်ုပ်တာဝန်ထားပါ။ ကျွန်ုပ်သည် ၎င်းအား ရှင်းပစ်လိုက်ပါမည်'ဟု ပြောဆိုလေသည်။ သို့ဖြင့် ဟဇရသ်ဇုလ်ကိဖ်လ်သည် မိမိ၏ ဝန်ခံချက်အတိုင်း တစ်နေကုန် 'ရိုဇာဟ်' ထားသည်။ တစ်ညဥ့်လုံး နိုးကြားလျက်ရှိသည်။ နေ့လည်၌သာ 'ကိုင်လူလဟ်'ပြုလေ့ရှိသည်။ (ကိုင်လူလဟ် သည် နေ့လည်ဘက်၌ အိပ်ခြင်းကို ခေါ်သည်။) ရှိုက်သွာန်သည် နေ့လည်ဘက် ဟဇရသ်ဇုလ်ကိဖ်လ်

အိပ်စက်အနားယူသည့်အချိန် ရောက်ရှိလာပြီး ၎င်း၏ အိမ်တံခါးခေါက်လေသည်။ ၎င်းမှာ နိုးကြားသွားခဲ့သည်။ ထို့နောက် 'အသင် မည်သူပါနည်း' ဟု မေးရာ ရှိုက်သွာနက 'ကျွန်ုပ်သည် အညည်းပန်းခံ အဖိုးအို ဖြစ်ပါသည်' ဟု ဖြေဆိုရာ ဟဇရတ်ဇုလ်ကိဖ်လ်သည် တံခါးကို ဖွင့်ပေးလိုက်သည်။ ရှိုက်သွာန်သည် အတွင်းသို့ ရောက်သည်နှင့် မိမိ၏ လုပ်ကြံဇာတ်လမ်းကို ဖွင့်လေတော့သည်။ 'ကျွန်ုပ်၏ အမျိုးသားများသည် ကျွန်ုပ်အား ပြဿနာပြုလုပ်ကြပါသည်။ ဤသို့ မတရားပြုသည်။ ထိုသို့ မတရားပြုသည်' စသည်ဖြင့် ရှည်လျားသော ဇာတ်လမ်းကို တင်ပြနေသည်။ ဤသို့ဖြင့် နေ့လည်ပိုင်း အိပ်စက်အနားယူချိန် ကုန်ဆုံးသွားလေသည်။ ဟဇရတ်ဇုလ်ကိဖ်လ်သည် 'ကျွန်ုပ် အပြင်သို့ ထွက်သည့်အခါ ကျွန်ုပ်ထံ လာခဲ့ပါ။ အသင်၏ အခွင့်အရေးကို ရအောင် ကျွန်ုပ် ပြုပေးပါမည်' ဟု ပြောဆိုလိုက်သည်။

ဟဇရတ်ဇုလ်ကိဖ်လ်သည် အပြင်သို့ ထွက်၍ တရားရေးခုံရုံး၌ ၎င်းအဖိုးအိုအား စောင့်ဆိုင်းနေသည်။ ၎င်းမှာ ရောက်မလာခဲ့ပေ။ နောက်တစ်နေ့ ခုံရုံး၌ စီရင်ချက်ချရန် ထိုင်၍ ၎င်းအဖိုးအိုအား စောင့်နေသော်လည်း ရောက်မလာခဲ့ပေ။ နေ့လည်ဘက် အိပ်စက်ရန် အိမ်သို့ သွားသောအခါ ထိုအဖိုးအို ရောက်ရှိလာသည်။ ထို့နောက် တံခါးခေါက်ပြီး ၎င်းက 'မည်သူနည်း' ဟု မေးရာ 'အညည်းပန်းခံ အဖိုးအိုတစ်ဦး ဖြစ်ပါသည်' ဟု ဖြေကြားသည်။ ထို့ကြောင့် တံခါးဖွင့်ပေးလိုက်ပြီး 'ကျွန်ုပ် တရားခုံရုံး၌ ထိုင်သည့်အချိန် အသင် လာခဲ့ပါဟု ကျွန်ုပ်ပြောဆိုခဲ့သည် မဟုတ်ပါလော။ (အသင် မနေ့ကလည်း မလာ။ ယနေ့ မနက်လည်း ရောက်မလာခဲ့' ဟု ပြောဆိုလေသည်။ ထိုအခါ အဖိုးအိုက 'အို၊ သခင်၊ ကျွန်ုပ်၏ ရန်သူများသည် အလွန်ဆိုးယုတ်လှပါသည်။ သခင်က တရားရုံးတော်တွင် ထိုင်၍ ကျွန်ုပ်အား ကျွန်ုပ်၏ ရပိုင်ခွင့်အရေးများပေးရန် ၎င်းတို့အပေါ် အမိန့်ချမည်ကို သိ၍ ၎င်းတို့က 'အသင်အား အသင်၏ ရပိုင်ခွင့်များကို ပေးမည်' ဟု ဝန်ခံကတိပြုကြပါသည်။ သခင်က တရားရုံးတော်မှ ထပြန်သည့်အချိန်တွင် ၎င်းတို့သည် ငြင်းဆိုကြပါသည်' ဟု ပြောဆိုလေသည်။ ဟဇရတ်ဇုလ်ကိဖ်လ်က 'ယခု အသင်သွားပါ။ ကျွန်ုပ် တရားရုံးတော်၌ ထိုင်သည့်အခါ အသင်လာခဲ့ပါ' ဟု ပြောဆိုပြန်လေသည်။ ဤသို့ ပြောဆိုကြလျက် ယနေ့ နေ့လည်ပိုင်း၏ အိပ်စက်ချိန်သည်လည်း ကုန်လွန်သွားပြန်သည်။ ထို့နောက် ဟဇရတ်ဇုလ်ကိဖ်လ်သည် တရားရုံးတော်သို့ ကြွမြန်းသွားသည်။ အဖိုးအိုကို စောင့်ဆိုင်းခဲ့သည်။ နောက်တစ်နေ့တွင်လည်း နေ့လည်အထိ စောင့်ဆိုင်းခဲ့သည်။ အဖိုးအိုကား ရောက်ရှိမလာခဲ့ပေ။ ထို့နောက် တတိယနေ့ ယနေ့ နေ့လည်အချိန် ရောက်ရှိလာခဲ့လေပြီ။ အိပ်လိုသော ဆန္ဒက လွှမ်းမိုးနေသည်။ ထို့ကြောင့် အိမ်သို့ လာ၍ မည်သူမျှ တံခါးမခေါက်စေရန် အိမ်ရှိလူများကို တာဝန်ပေးလိုက်သည်။ ထိုစဉ် ထိုအဖိုးအို ရောက်ရှိလာပြီး တံခါးခေါက်မည် ကြံရွယ်စဉ် လူတို့က တားမြစ်လိုက်ကြသည်။ အဖိုးအိုသည် အလင်းရောင်ဝင်သည့် အပေါက်မှ အတွင်းသို့ ဝင်ရောက်သွားသည်။ ထို့နောက် တံခါးခေါက်လေတော့သည်။ ဟဇရတ်ဇုလ်ကိဖ်လ်မှာ အိပ်စက်ရာမှ နိုးကြားသွားပြီး ကြည့်လိုက်သောအခါ အဖိုးအိုမှာ အတွင်းသို့ ရောက်ရှိနေသည်။ တံခါးများမှာ ပုံစံမပျက် ပိတ်ထားသည်ကို တွေ့ရှိရပြီး 'အသင် အတွင်းသို့ မည်သို့ ရောက်ရှိလာပါသနည်း' ဟု မေးပြီးမှ ဤသူသည် ရှိုက်သွာန်ဖြစ်သည်ကို သိရှိသွားသည်။ ထို့ကြောင့် 'အသင်သည် အသျှင်မြတ်၏ ရန်သူ အိဗ်လီးစ် မဟုတ်

ပါလော' ဟု မေးရာ ၄င်းက 'ဟုတ်ပါသည်' ဟု ဝန်ခံလေသည်။ ထို့နောက် ရှိုက်သွာန်ကပင် 'အသင်သည် ကျွန်ုပ်အား ကျွန်ုပ်၏ ကြံစည်မှုတိုင်းကို အချည်းအနှီးဖြစ်စေခဲ့သည်။ ကျွန်ုပ်၏ ထောင်ချောက်၌ မည်သို့မျှ ရောက်မလာခဲ့ပါ။ ကျွန်ုပ်သည် အသင့်အား နဗီတမန်တော် ယဆအ် ﷺ နှင့် ကတိပြုခဲ့သည့် ကတိဝန်ခံချက် ပျက်ပြားစေရန် နည်းမျိုးစုံဖြင့် အသင်၏ ဒေါသကို ဆွပေးခဲ့ပါသည်' ဟု ပြောဆိုလေသည်။ ဤသည် ဇုလ်ကိဖ်လ်ဟု ဘွဲ့အမည်ဖြစ်ပေါ်လာရသော အကြောင်းခံ၏ ဖြစ်ရပ်ပင် ဖြစ်သည်။ အကြောင်းမှာ ဇုလ်ကိဖ်လ်ဟူသည်မှာ 'မိမိက ဝန်ခံကတိပြုထားသည့် တာဝန်ကို ပြည့်ဝအောင် ဆောင်ရွက်သူ' ဟု အဓိပ္ပာယ်ရသောကြောင့်ပင် ဖြစ်သည်။ ဟဇရတ်ဇုလ်ကိဖ်လ်သည် မိမိ၏ ကတိဝန်ခံချက်အပေါ် ပြည့်ဝစွာ ဆောင်ရွက်သူပင် ဖြစ်ပေသည်။ *[အိဗ်နေကဆီးရ်ကျမ်း]*

မွတ်စ်နဒ်အဟ်မဒ်ကျမ်းတွင် အခြားဆင့်ပြန်ချက်တစ်ခု လာရှိသည်။ သို့သော် ထိုဆင့်ပြန်ချက်တွင် ဇုလ်ကိဖ်လ်၏ နေရာတွင် الكفل 'အိလ်ကိဖ်လ်'ဟူသော အမည် လာရှိသည့်အတွက် အိဗ်နေကဆီးရ်က ထိုဆင့်ပြန်ချက်ကို ဆင့်ပြန်လျက် 'ဤသူသည် 'ကိဖ်လ်'ဟူသည့် အခြားပုဂ္ဂိုလ်တစ်ဦး၏ အမည် ဖြစ်သည်။ ကုရ်အာန်၌ ဖော်ပြပါရှိသည့် ဇုလ်ကိဖ်လ်မဟုတ်ပါ' ဟု ဆိုသည်။ ဆင့်ပြန်ချက်မှာ အောက်ပါအတိုင်း ဖြစ်သည်။ ဟဇရတ်အဗ်ဒွလ္လာဟ်ဗင်န်အုမရ် ﷺ သခင် ဆင့်ပြန်ခဲ့သည်မှာ 'ကျွန်ုပ်သည် တမန်တော်မြတ် ﷺ ထံမှ ဟဒီးစ်တစ်ပုဒ်ကို တစ်ကြိမ်နှစ်ကြိမ်မက (၇) ကြိမ်ထက် ပို၍ပင် ကြားခဲ့ရသည်။ ကိုယ်တော်မြတ် ﷺ မိန့်ကြားတော်သည်မှာ ' كفل (ကိဖ်လ်) သည် ဗနီအိစ်ရာအီးလ်မျိုးနွယ်မှ မည်သည့်အပြစ်ကိုမျှ မရှောင်ကြဉ်သည့် လူတစ်ဦး၏ အမည်ဖြစ်သည်။ ၄င်းထံသို့ အမျိုးသမီးတစ်ဦး ရောက်ရှိလာသည်။ ၄င်းအမျိုးသမီးအား ရွှေဒင်္ဂါး (၆၀) ပေး၍ 'ဟရာမ်'အလုပ် ကျူးလွန်ရန် သဘောတူလိုက်သည်။ ထိုသို့ဖြင့် 'ဟရာမ်' အလုပ် စတင်ရန် သူမအပေါ် ထိုင်လိုက်သည့်အခါ သူမခမျာ တုန်လှုပ်ချောက်ခြားလျက် ငိုကြွေးလေတော့သည်။ အဘယ်ကြောင့် ငိုရပါသနည်း။ ကျွန်ုပ်သည် အသင်မအား အဓမ္မပြုကျင့်၍ပါလော' ဟု မေးရာ သူမက 'အဓမ္မပြုကျင့်ခြင်းတော့ မဟုတ်ပါ။ သို့သော် ကျွန်မသည် ဤသို့သော ပြစ်မှုမျိုးကို တစ်သက်လုံး မည်သည့်အခါကမျှ မကျူးလွန်ခဲ့ပါ။ ယခုအခါ ကျွန်မသည် မိမိ၏ လိုအပ်ချက်အတွက် ဤပြစ်မှုကျူးလွန်ရန် ဖြစ်လာရပါသည်' ဟု ပြောဆိုလေသည်။ ဤစကားကို ကြားရသည်နှင့် 'ကိဖ်လ်' သည် အမျိုးသမီးထံမှ ခွာ၍ မတ်တတ်ရပ်လိုက်သည်။ အသင်မ သွားပါ။ ဤရွှေဒင်္ဂါးများသည် အသင်မအပိုင် ဖြစ်သွားပါပြီ။ ယနေ့မှစ၍ ကိဖ်လ်သည်လည်း မည်သည့်အပြစ်မှ ကျူးလွန်မည်မဟုတ်ပါ' ဟု ပြောဆိုလိုက်သည်။

ကံအားလျော်စွာ ထိုညဉ့်၌ပင် ကိဖ်လ်မှာ ကွယ်လွန်သွားခဲ့သည်။ နံနက်လင်းသည့်အခါ ၄င်း၏ တံခါးဝတွင် အကွယ်မှ

غفر الله للكفل

'အလ္လာဟ်အသျှင်မြတ်သည် ကိဖိလ်အား လွတ်ငြိမ်းချမ်းသာခွင့် ပြုတော်မူလိုက်ပြီ' ဟူသော စာပိုဒ် ရေးသားထားသည်ကို တွေ့ရှိရသည်။

အိဗ်နေကစီးရ်သည် မွတ်စ်နဒ်အဟ်မဒ်၏ ဆင့်ပြန်ချက်ကို ဆင့်ပြန်ပြီးနောက် ဤဆင့်ပြန်ချက်ကို ဆွိုဟာဟ်စိသ်သဟ်' မှန်ကန်နိုင်မှာသည့် ကျမ်းကြီး (၆) စောင်အနက် မည်သူကမျှ ဆင့်ပြန်ခဲ့ခြင်း မပြုခဲ့။ ယင်း၏ စနဒ်သည်လည်း 'ဂရီးဗ်' ဖြစ်သည်။ မည်သို့ပင်ဆိုစေ အကယ်၍ ဆင့်ပြန်ချက်သည် အတည် လည်း ဖြစ်သည်။ 'ကိဖ်လ်' ၏ အကြောင်းလည်း ပါရှိသည်။ ဇုလ်ကိဖ်လ်ကား မဟုတ်ပေ။ ဤသည် အခြားသူတစ်ဦးသာ ဖြစ်မည်ဟု ယူဆရပါသည်' ဟု ဆိုလေသည်။

အချုပ်မှာ ဇုလ်ကိဖ်လ်သည် နဗီတမန်တော် ဟဇရသ်ယူဆုဖ် ﷺ ၏ ခလီဖာဟ်နှင့် ဝလီသူတော်စင် တစ်ပါး ဖြစ်သည်။ ၄င်း၏ ထူးခြားသည့် ကျင့်စဉ်များကြောင့် ၄င်း၏ အမည်ကို နဗီတမန်တော်များ၏ အုပ်စု၌ ဖော်ပြခြင်း ဖြစ်နိုင်သည်။ တစ်ဖန် အစကနဦးတွင် ဟဇရသ်ယူဆုဖ် ﷺ ၏ ခလီဖာဟ်သာ ဖြစ်ပြီး နောင်တွင် အလ္လာဟ်အသျှင်မြတ်က ၄င်းအား 'နဗူဝသ်' အဆင့် ချီးမြှင့်ခြင်းမဟုတ်ဟု မပြောဆို နိုင်ပါချေ။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَذَا النُّونِ إِذ ذَّهَبَ مُغَاضِبًا فَظَنَّ أَن لَّن نَّقْدِرَ عَلَيْهِ
فَنَادَىٰ فِي الظُّلُمَاتِ أَن لَّا إِلَٰهَ إِلَّا أَنتَ سُبْحَانَكَ
إِنِّي كُنتُ مِنَ الظَّالِمِينَ ﴿٨٧﴾

၂၁ : ၈၇ ။ ။ ထို့ပြင် (အို၊ နဗီတမန်တော်၊ အသင်သည်) 'ဇွန်နူန်' ငါးရှင် (နဗီတမန်တော်ယူနွတ်စ်၏ အတ္ထုပ္ပတ္တိ အကြောင်း) ကိုလည်း (ပြောကြားပါလေ။) တစ်ရံရောအခါ ထိုငါးရှင် (နဗီတမန်တော် ယူနွတ်စ်) သည် (မိမိ၏ အမျိုးသား တို့အပေါ်ဝယ်) ဒေါသအမျက်ထွက်ကာ (မိမိ၏ မြို့ရွာဒေသမှ ထွက်ခွာ၍ သွားခဲ့လေသည်။ တစ်ဖန် ၄င်း (နဗီတမန်တော် ယူနွတ်စ်) သည် ငါအသျှင်မြတ် ၄င်းအပေါ်၌ အလျှင်းကျပ်တည်းစေတော်မူသည် မဟုတ်ဟူ၍ ထင်မြင်ခဲ့လေသည်။ ထို့နောက် ၄င်း (နဗီတမန်တော် ယူနွတ်စ်) သည် အမှောင်အထပ်ထပ်အတွင်းမှ '(အို၊ အလ္လာဟ်အသျှင်မြတ်) အသျှင်မြတ်မှတစ်ပါး (အခြား) ခဝပ်ကိုးကွယ်ရာ အသျှင်ဟူ၍ အလျှင်းမရှိပါ။ အသျှင်မြတ်သည် (ချို့တဲ့ညီးနွမ်းအပေါင်းမှ) သန့်ရှင်းစင်ကြယ်တော်မူပါ၏။ စင်စစ် ကျွန်ုပ်ကား ကျွန်တော်မျိုးသည်သာလျှင် ဖြစ်မဲ့ကျူးလွန်သူ ဖြစ်ပါ၏' ဟု ဟစ်ခေါ်တသ အသနားခံပန်ကြားခဲ့လေ၏။

فَاسْتَجَبْنَا لَهُ وَنَجَّيْنَاهُ مِنَ الْغَمِّ ۚ وَكَذَٰلِكَ نُنجِي الْمُؤْمِنِينَ ﴿٨٨﴾

၂၁ : ၈၈ ။ ။ ထိုအခါ ငါအသျှင်မြတ်သည် ၄င်း၏ (အသနားခံ ပန်ကြားချက်) ဟစ်ခေါ်မှုကို သဘောတူ လက်ခံတော် မူ၍ ၄င်းအား (ပူပန်သောကဖြစ်ခြင်းမှ) ကယ်တင်တော်မူခဲ့၏။ စင်စစ် ငါအသျှင်မြတ်သည် မုအ်မင်နီသက်ဝင် ယုံကြည်သူ တို့အား ဤနည်းအတိုင်းပင် ကယ်ဆယ်တော်မူလေ့ ရှိပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့နောက် အသင်သည် ငါးရှင် (တမန်တော်ယူနွတ်စ် عليه السلام အကြောင်းကို) အောက်မေ့သတိရပါလေ။ ထိုငါးရှင် (တမန်တော်ယူနွတ်စ် عليه السلام) သည် (မိမိ၏ အမျိုးသားများက အီမာန်မယူကြသည်ကို) အမျက်ဒေါသထွက်ပြီး ထွက်ခွာသွားလေသည်။ (ထို့နောက် မိမိ၏ အမျိုးသားများအပေါ်မှ ကျရောက်မည့် 'အဇားဗ်' ရုပ်သိမ်းပြီးနောက်တွင်လည်း ပြန်လာခြင်း မပြုခဲ့ပေ။ ခရီးထွက်ရန် ငါအသျှင်မြတ်၏ အမိန့်ကို စောင့်ဆိုင်းခြင်းမပြုခဲ့။) ၎င်းသည် (မိမိ၏ အတွေးအခေါ်ဖြင့်) ကျွန်ုပ် (ဤသို့ ထွက်ခွာသွားခြင်းအပေါ် ကျွန်ုပ်အပေါ်၌ မည်သူ့မည့်အရေးယူခြင်းမျှ ပြုလိမ့်မည်မဟုတ်) ဟု ယူဆခဲ့သည်။ (ဤသို့ ထွက်ခွာလာခြင်းကို မိမိ၏ အယူအဆအရ ပိုင်သည်ဟု ယူဆခဲ့သည့်အတွက် 'ဝဟီ'ကို စောင့်ဆိုင်းရန်မှာ နဗီတမန်တော်များအဖို့ လျော့ကန်မှု ရှိသည်။ ဤလျော့ကန်သည့် လုပ်ရပ်ကို ၎င်းအနေဖြင့် စွန့်ပယ်ခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် ၎င်းအပေါ်၌ စမ်းသပ်မှုတစ်ခု ရောက်ရှိလာခဲ့သည်။ ခရီးသွားရင်း မြစ်တစ်ခုကို တွေ့ရှိရသည်။ ထိုမြစ်အား လှေဖြင့် ကူးဖြတ်ခရီးဆက်ခဲ့ရာ သွားရင်း သွားရင်းဖြင့် လှေမှာ ရပ်တန့်သွားလေသည်။ ယူနွတ်စ် عليه السلام သည် မိမိ၏ အခွင့်မဲ့ ထွက်ပြေးလာခြင်းကြောင့် အသျှင်မြတ်က မနှစ်သက်၍ လှေကို ဤသို့ ရပ်တန့်စေခြင်း ဖြစ်ကြောင်း သိရှိသွားခဲ့သည်။ ထို့ကြောင့် လှေပေါ်ရှိသူတို့အား 'ကျွန်ုပ်ကို မြစ်အတွင်း၌ ပစ်ချလိုက်ပါ' ဟု ပြောဆိုခဲ့သည်။ ၎င်းတို့က သဘောမတူကြပေ။ နောက်ဆုံးတွင် မဲနှိုက်ရန် စီစဉ်ကြသည်။ ထိုသို့ မဲနှိုက်ရာတွင်လည်း ဟဇရတ်ယူနွတ်စ် عليه السلام ၏ အမည်ပင် ပေါ်ထွက်ခဲ့သည်။ နောက်ဆုံးတွင် ၎င်းအား မြစ်ထဲသို့ ပစ်ချလိုက်ကြသည်။ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ဖြင့် ၎င်းအား ငါးတစ်ကောင်က မြိုချလိုက်လေသည်။

သို့ရှိရာ ယူနွတ်စ် عليه السلام သည် အမှောင်ထုများအတွင်း၌ ဟစ်အော်တသလျက် ရှိသည်။ (အမှောင်တစ်ခုမှာ ငါး၏ ဝမ်းဗိုက်ဖြစ်သည်။ ဒုတိယအမှောင်မှာ မြစ်ရေ၏ အမှောင်ဖြစ်သည်။ ဤနက်ရှိုင်းသည့် အမှောင်နှစ်ခုသည် အလွန်တရာ မိုက်မှောင်သည့် အမှောင်ထုကြီး၏ အဆင့်ဖြစ်သည်။ တတိယအမှောင်မှာ ညဉ့်၏ အမှောင်ဖြစ်သည်။ (ဒုရ်ရေမန်ဆူးရ်ကျမ်း၌ လာရှိသကဲ့သို့ အိဗ်နေမတ်စ်ဒူဒ် رضي الله عنه သခင်က ဆင့်ပြန်ခဲ့ခြင်း ဖြစ်သည်။) အချုပ်ဆိုရသော် ထိုအမှောင်ထုများအတွင်းဝယ် ဒိုအာဆုတောင်းဆိုခဲ့သည်။) ဒိုအာမှာ 'အသျှင်မြတ်မှအပ အခြားကိုးကွယ်ရာ မည်သူမျှ မရှိ။ (ဤသည် 'သောင်ဟီးဒ်'တစ်ပါးတည်းရှိကြောင်း မြွက်ဟခြင်းဖြစ်သည်။) အသျှင်မြတ်သည် (ချို့တဲ့မှုအပေါင်းမှ) သန့်ရှင်းစင်ကြယ်တော်မူသည်။ (ဤသည် ချို့တဲ့မှု အပြစ်များမှ သန့်ရှင်းစင်ကြယ်မှုကို မြွက်ဟခြင်းဖြစ်သည်။) မုချကေန် ကျွန်တော်မျိုးသည် အပြစ်ကျူးလွန်သူများအနက် ပါဝင်သူဖြစ်သည်။ (ဤသည်မှာ 'အိစ်သိဂ်ဖါရ်'ဖြစ်သည်။ ဆိုလိုသည်မှာ 'ကျွန်တော်မျိုး၏ အပြစ်များကို ခွင့်လွှတ်လျက် ဤပြင်းထန်သည့် ဒုက္ခမှ လွတ်မြောက်စေတော်မူပါ'ဟု ဖြစ်သည်) သို့ရှိရာ ငါအသျှင်မြတ်သည် ၎င်း၏ ဒိုအာကို လက်ခံတော်မူလိုက်သည်။ ထို့နောက် ၎င်းအား လေအလုံပိတ်၍ အသက်ရှူရပ်သွားနိုင်ပြီး ပူပြင်းလှသည့်နေရာမှ လွတ်မြောက်စေတော်မူလိုက်သည်။ (ဤအကြောင်းသည် စူရာဟ်ဆွာဖ်ဖားသ်၌

فَنَبَذْنَاهُ بِالْعَرَاءِ

တွင် ဖော်ပြထားသည်။ ထို့နောက် ငါအသျှင်မြတ်သည် ဤနည်းအတိုင်း အီမာန်ရှင်များကို (လည်း ဒုက္ခနှင့် ပူဆွေးမှုများမှ) လွတ်မြောက်စေတော်မူလေ့ ရှိသည်။

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

ذَا النُّوْنِ ဟာဇရသ်ယူနွတ်စ်ဗင်နိမသာ ﷺ ၏ အကြောင်းကို ကုရ်အာန်ကျမ်းတော်မြတ်တွင် စူရာဟ်ယူနွတ်စ်၌လည်းကောင်း၊ စူရာဟ်အန်ဗိယာအ်၌လည်းကောင်း၊ စူရာဟ်ဆွာဖ်ဖာသ်နှင့် စူရာဟ်နူးန်တို့၌လည်းကောင်း ဖော်ပြထားသည်။ အချို့နေရာတွင် ၎င်း၏ အမည်ရင်းကို ဖော်ပြပြီး အချို့နေရာများတွင် ذ والنون 'ဇူးန်နူးန်' ဟုလည်းကောင်း၊ صاحب الحوت ဆွာဟိဗုလ်ဟူးသ်'ဟု လည်းကောင်း ဘွဲ့ထူးအမည်များဖြင့် ဖော်ပြထားသည်။ نون 'နူးန်' နှင့် حوت 'ဟူးသ်' နှစ်မျိုးစလုံး၏ အဓိပ္ပာယ်မှာ 'ငါး'ဖြစ်သည်။ ذ وا النون နှင့် صا حب الحوت ၏ အဓိပ္ပာယ်မှာ 'ငါးရှင်'ဟု ရသည်။ ဟာဇရသ်ယူနွတ်စ် ﷺ သည် အလ္လာဟ်အသျှင်မြတ်၏ သတ်မှတ်ချက်အရ ရက်အတန်ကြာ ငါး၏ ဝမ်းဗိုက်အတွင်း၌ နေထိုင်ခဲ့ရသည့် ဖြစ်ရပ်ဆန်းကို ကြုံတွေ့ရသည်။ ထို့ကြောင့် ၎င်းအား ذوا النون ဟုလည်း ခေါ်ဆိုသည်။ صاحب الحوت စာလုံးဖြင့်လည်း နိုင်းနှိုင်းခေါ်ဆိုခြင်း ဖြစ်သည်။

ယူနွတ်စ် ﷺ ၏ ဖြစ်ရပ်

အိမ်နေကာစီးရ်၏ သစ်စီးရ် အဖွင့်ကျမ်းတွင် ယူနွတ်စ် ﷺ အား 'မူဆွစ်လ်'ဒေသရှိ 'နိုင်နဝါ' ရွာရှိ လူတို့အား 'ဟေဒါယသ်' တရားလမ်းမှန်ပြသရန် စေလွှတ်တော်မူခြင်း ဖြစ်သည်။ ယူနွတ်စ် ﷺ သည် ၎င်းတို့အား အီမာန်လက်ခံရန်နှင့် ကောင်းမှုကိုယ်ကျင့်တရားများ လက်ခံရန် 'ဒအ်ဝသ်'ဖိတ်ခေါ်မှုပြု နှိုးဆော်တိုက်တွန်းလေသည်။ ၎င်းတို့က ဆိုးသွမ်း ပုန်ကန်ကြသည်။ ယူနွတ်စ် ﷺ သည် ၎င်းတို့အား အမျက်ဒေါသဖြစ်လျက် ရွာမှ ထွက်ခွာသွားခဲ့သည်။ မထွက်ခွာမီ ၎င်းတို့အား 'သုံးရက်အတွင်း အသင်တို့အပေါ် 'အဇာဗ်'အပြစ်ဒဏ် ကျရောက်လာလိမ့်မည်'ဟု ပြောဆိုခဲ့သည်။ ယူနွတ်စ် ﷺ သည် ရွာကို စွန့်ခွာ ထွက်သွားလေသော် ထိုရွာရှိ လူများမှာ 'ယခု 'အဇာဗ်'ကျရောက်လောပေတော့မည်'ဟု ပူပင်သောက ဖြစ်ကုန်ကြလေသည်။ (အချို့ဆင့်ပြန်ချက်များအရ သိရှိရသည်မှာ 'အဇာဗ်'ကျရောက်မည့် ရှေ့ပြေးနိမိတ်အချို့ ၎င်းတို့ တွေ့မြင်ကြရသောအခါ) ၎င်းတို့သည် မိမိတို့ ကျူးလွန်ခဲ့ကြသည်။ ရှရစ်ကန်နှင့် ကုဖ္ဖရ်လုပ်ရပ်များကို 'သောင်ဗာဟ်'ပြု စွန့်ပစ်လိုက်ကြသည်။ ရွာ၌ ရှိသမျှ ယောကျ်ား၊ မိန်းမနှင့် ကလေး အားလုံးတို့သည် တောဘက်သို့ ထွက်ခွာသွားကြကုန်၏။ မိမိတို့၏ အိမ်မွေးတိရစ္ဆာန်များနှင့် တိရစ္ဆာန်

သားပေါက်များကိုလည်း မိမိတို့နှင့် တစ်ပါးတည်း ခေါ်ဆောင်လာကြသည်။ ကလေးများကို ၎င်းတို့၏ မိခင်တို့နှင့် ခွဲထားလိုက်ကြသည်။ သို့ရှိရာ အားလုံးတို့သည် ဟစ်အော်ငိုကြွေးလျက် ကျိုးနွံစွာဖြင့် အလ္လာဟ် အသျှင်မြတ်ထံတော်ပါးတွင် ခိုလှုံခွင့် တောင်းခံကြလေသည်။ မိခင်များနှင့် တစ်ကွဲတစ်ပြား ခွဲထားခံရသည့် တိရစ္ဆာန်သားငယ်များသည် အော်ဟစ်ဆူညံကြလေတော့သည်။ ထိုအခါ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့၏ စစ်မှန်သည့် 'သောင်ဗာဟ်' အမှားဝန်ခံမှုနှင့် ရှိသေကျိုးနွံခြင်းတို့ကို လက်ခံတော်မူလိုက်သည်။ ထို့နောက် ၎င်းတို့အပေါ် ချအုံ့ဆဲဆဲ 'အဇာဗ်' ကို ဖယ်ရှားပေးတော်မူလိုက်သည်။ တစ်ဘက်တွင် ဟဇရသ်ယူနွတ်စ် عليه السلام သည် ယခုအချိန်ဆိုလျှင် ၎င်းတို့အပေါ် 'အဇာဗ်' ကျရောက်ပြီး ၎င်းတို့ ပျက်စီးသွားပေမည်' ဟု မျှော်လင့်လျက် ရှိသည်။ သို့သော် ထိုရွာသားများအပေါ် 'အဇာဗ်' မကျရောက်ကြောင်းနှင့် မူလအတိုင်း ကောင်းမွန်စွာ မိမိတို့နေရာ၌ ရှိနေကြကြောင်း သိရှိရလေသော် (ယခုမူ ကျွန်ုပ်အား မုသားပြောဆိုသူအဖြစ် မှတ်ယူကြတော့မည်ဟု တွေးမိလေသည်။ အချို့ဆင့်ပြန်ချက်များတွင် '၎င်း၏ အမျိုးသားများသည် လူတစ်ဦး တစ်ယောက်၏ လိမ်ညာမုသားဆိုကြောင်း ပေါ်လွင်လာပါလျှင် ၎င်းအား သတ်ဖြတ်ပစ်သည့် ဓလေ့ထုံးစံ ရှိသည်' ဟု လာရှိသည်။) *[မဇ္ဇ်ဟရီကျမ်း]*

(ထို့ကြောင့် ဟဇရသ်ယူနွတ်စ် عليه السلام သည် မိမိ၏ အသက်ဇီဝိန်အတွက် စိုးရိမ်မှု ဖြစ်လာသောအခါ) ဟဇရသ်ယူနွတ်စ် عليه السلام သည် မိမိ၏ အမျိုးသားများထံ မပြန်တော့ဘဲ အခြားတစ်နေရာ၌ ပြောင်းရွှေ့ နေထိုင်ရန် ရည်ရွယ်ချက်ဖြင့် ခရီးထွက်ခဲ့လေသည်။ လမ်းခရီး၌ မြစ်တစ်ခုကို တွေ့ရှိရသည်။ ထိုမြစ်မှ ကူးဖြတ်ရန် လှေတစ်စီးကို စီးနင်းခဲ့သည်။ ဤသို့ စီးနင်းလိုက်ပါရင်း ရုတ်တရက် လှေနစ်မြုပ်နိုင်လောက် အောင် စိုးရိမ်ရသော ဝဲဂယက်အတွင်း၌ ကျရောက်သွားခဲ့သည်။ လှေသမားများက 'ယခု ဤလှေပေါ်၌ စီးနင်းလိုက်ပါသူတို့အနက် တစ်ဦးကို ရေထဲ ပစ်ချလိုက်လျှင် ကျန်ရှိ လူများ နစ်မြုပ်ခြင်းမှ ကင်းလွတ်သွား လိမ့်မည်' ဟု ပြောဆိုကြလေသည်။ ထို့ကြောင့် လှေပေါ်ရှိသူ အားလုံးတို့၏ အမည်ထည့်၍ မဲနှိုက်ကြသည်။ ကံအားလျော်စွာ ဟဇရသ်ယူနွတ်စ် عليه السلام ၏ အမည်ထွက်ပေါ်လာခဲ့သည်။ (လှေသမားများသည် ၎င်း၏ ကြီးမြတ်မှုကို သိရှိကြသည် ဖြစ်ပေမည်။) ၎င်းအား မြစ်ထဲ၌ ပစ်ချရန်ကို ငြင်းဆိုကြသည်။ ထို့နောက် ဒုတိယအကြိမ် မဲနှိုက်ရာတွင်လည်း ဟဇရသ်ယူနွတ်စ် عليه السلام ၏ အမည်ပင် ထွက်ပေါ်ခဲ့ပြန်သည်။ လှေ သမားများသည် ဤအကြိမ်တွင်လည်း ငြင်းဆိုကြပြန်သည်။ ထို့ကြောင့် တတိယအကြိမ် မဲနှိုက်ရာတွင် လည်း ဟဇရသ်ယူနွတ်စ် عليه السلام ၏ အမည်ပင် ထွက်ပေါ်ခဲ့ပြန်သည်။ ဤမဲနှိုက်သည့်အကြောင်း ကုရ်အာန် ကျမ်းတော်မြတ်၏ အခြားတစ်နေရာတွင်

فساهم فكان من المدحضين

'မဲနှိုက်ကြသောအခါ ဟဇရသ်ယူနွတ်စ် عليه السلام သည် ထိုမဲနှိုက်ရာ၌ သတ်မှတ်ခြင်း ခံရလေသည်' ဟု လာရှိထားသည်။

ထိုအခါ ဟဇရသ်ယူနွတ်စ် عليه السلام သည် မတ်တတ်ရပ်လိုက်သည်။ မလိုအပ်သည့် မိမိ၏ အဝတ်များကို ချွတ်လိုက်ပြီး ရေထဲသို့ ခုန်ချလိုက်သည်။ တစ်ဖက်တွင် အလ္လာဟ်အသျှင်မြတ်သည် စိမ်းလဲ့လဲ့ ပင်လယ်တွင်းမှ

ငါးကြီးတစ်ကောင်ကို အမိန့်ပေးတော်မူလိုက်သည်။ ထိုငါးကြီးသည် ရေပြင်ကို တိုးဝှေ့ ကူးခတ်လျက် ထိုနေရာသို့ တမဟုတ်ချင်း ရောက်ရှိလာခဲ့သည်။ (ဟဇရသ်အိဗ်နေမတ်စ်ဒူး ﷺ သခင် ဆင့်ပြန်သည့် အတိုင်း ဖြစ်သည်။) ထို့နောက် ထိုငါးကြီးသည် ဟဇရသ်ယူနွတ်စ် عليه السلام အား မိမိဝမ်းဗိုက်အတွင်း၌ ငုံလိုက်သည်။ အလ္လာဟ်အသျှင်မြတ်သည် ထိုငါးကြီးအား '၄င်း၏ အသားများတွင် တစ်စုံတစ်ရာ ထိခိုက်မှု မရှိစေရ။ ၄င်း၏ အရိုးများကိုလည်း မကိုက်ရစေ။ ဤသူသည် အသင်၏ အစာမဟုတ်။ အသင်၏ ဝမ်းဗိုက်သည် ၄င်းအဖို့ ရက်အနည်းငယ်အတွက် အကျဉ်းထောင်ဖြစ်သည်' ဟု မှာကြားတော်မူထားသည်။

ကုရ်အာန်ကျမ်းတော်မြတ်၏ မိန့်ကြားချက်များနှင့် အချို့တင်ပြချက်များအရ ဟဇရသ်ယူနွတ်စ် عليه السلام သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့်မရရှိဘဲ မိမိ၏ အမျိုးသားများကို စွန့်လွှတ်၍ ထွက်ခွာသွားခဲ့သည်။ ဤသည်ကို အလ္လာဟ်အသျှင်မြတ်က နှစ်သက်တော်မမူပေ။ ထို့ကြောင့် မြစ်ထဲ၌ နစ်မြုပ်ရခြင်းနှင့် ငါး၏ ဝမ်းဗိုက်၌ နေခဲ့ရခြင်း စသော အရေးယူခြင်းများကို ခံခဲ့ရသည့်' အကြောင်း သိရှိရသည်။

ဟဇရသ်ယူနွတ်စ် عليه السلام သည် မိမိ၏ အမျိုးသားများအား (၃) ရက်အတွင်း 'အဇားဗ်' ကျရောက်တော့မည့်အကြောင်း ခြိမ်းခြောက်ခဲ့သည်။ ဤသည်မှာ မိမိဆန္ဒအလျောက် မဟုတ်ဘဲ အလ္လာဟ်အသျှင်မြတ်၏ 'ဝဟီ' အမိန့်တော်အရ ဖြစ်ကြောင်း ထင်ရှားသည်။ ထိုအချိန်တွင် မိမိ၏ အမျိုးသားများကို စွန့်ခွာထွက်ခွာသွားခြင်းသည်လည်း ရှေးနဗီတို့၏ အလေ့အထပင်ဖြစ်သည်။ ဤသည်လည်း အသျှင်မြတ်၏ အမိန့်တော်အရပင် ဖြစ်နိုင်ပေမည်။ ဤမျှခန့်အထိ အရေးယူစရာအဖြစ် မည်သည့်ချွတ်ချော်မှုမျှ မရှိသေးပေ။ သို့သော် မိမိ၏ အမျိုးသားများသည် စစ်မှန်သည့် 'သောင်ဗာဟ်' အမှားဝန်ခံမှုများ ပြုလုပ်ကြခြင်းကို အလ္လာဟ်အသျှင်မြတ်က လက်ခံတော်မူလိုက်ပြီး 'အဇားဗ်' ကို ဖယ်ရှားပေးတော်မူခဲ့သည့် အချိန်တွင် ဟဇရသ်ယူနွတ်စ် عليه السلام သည် မိမိ၏ အမျိုးသားများထံ ပြန်မလာခြင်းနှင့် နေရာပြောင်းရွှေ့ရန် ရည်ရွယ်ချက်ဖြင့် ခရီးထွက်ခဲ့ခြင်းတို့သည် မိမိ၏ အထင်မှားဆုံးဖြတ်ချက်ကြောင့်ပင် ဖြစ်သည်။ ဤသို့ အထင်မှားခြင်းမှာ ဤအခြေအနေ၌ ကျွန်ုပ်ပြန်သွားမည်ဆိုပါက ကျွန်ုပ်၏ အမျိုးသားများသည် ကျွန်ုပ်အား မုသားပြောဆိုသူဟု မှတ်ယူကြလိမ့်မည်။ သို့ရှိရာ ကျွန်ုပ်၏ 'ဒအ်ဝသ်' ဖိတ်ခေါ်မှုသည် ထိရောက်မှုမရှိဘဲ အကျိုးမဲ့ ဖြစ်ရလိမ့်မည်။ ဤမျှမက ကျွန်ုပ်၏ အသက်အန္တရာယ်ဖြစ်မည်ကိုပင် စိုးရိမ်ရသည်။ အကယ်၍ ကျွန်ုပ်သည် ၄င်းတို့အား စွန့်ခွာ၍ အခြားတစ်နေရာသို့ သွားလိုက်လျှင် အလ္လာဟ်အသျှင်မြတ်သည် ကျွန်ုပ်အား တစ်စုံတစ်ရာ အရေးယူတော်မူမည် မဟုတ်ဟု စဉ်းစားမိခဲ့ခြင်း ဖြစ်သည်။ မိမိ၏ ထိုစဉ်းစားမိသည့်အပေါ် အလ္လာဟ်အသျှင်မြတ်ထံတော်မှ ထင်ရှားသည့် အမိန့်ကို စောင့်ဆိုင်းမှု မပြုခြင်းသည် အမှန်စင်စစ် အပြစ်တစ်စုံတစ်ရာ မဖြစ်သော်လည်း မုချမလွဲ အကောင်းဆုံးနှင့် ဆန့်ကျင်နေပါသည်။ နဗီတမန်တော်များနှင့် အသျှင်မြတ်နှင့် နီးကပ်မှုရှိသူတို့၏ အဆင့်အတန်းသည် အလွန်တရာ မြင့်မားလှပေသည်။ ၄င်းတို့အဖို့ ဤသို့သော ကိစ္စများတွင် မပြောပလောက်သည့် ချွတ်ချော်မှုများ ရှိလာလျှင်လည်း အသျှင်မြတ်ဘက်တော်မှ အရေးယူခြင်းများ ပြုတော်မူလေ့ ရှိသည်။ ဤနေရာ၌လည်း ဤသို့ ချွတ်ချော်မှုအတွက် အရေးယူတော်မူခြင်းသာ ဖြစ်ပေသည်။

သဖ်စီးရ်ကုရ်သုဗီးကျမ်းတွင် ကရှီရီထံမှလည်း ဤအကြောင်းကို ဆင့်ပြန်ခဲ့သည်မှာ ဟဇရသ်ယူနွတ်စ် ﷺ အပေါ် အမျက်တော်ရှသည့် ပုံစံမှာ အမျိုးသားများအပေါ်မှ ကျရောက်တော့မည့် 'အဇားဗ်' လွဲဖယ်သွားရသည်ကို ဟဇရသ်ယူနွတ်စ် ﷺ အဖို့ မနှစ်သက်စရာ ဖြစ်ခဲ့ရသည်။ ထို့အပြင် ငါး၏ ဝမ်းဗိုက်၌ ရက်အတန်ကြာ နေရခြင်းသည်လည်း အပြစ်ဒဏ်ခတ်ခြင်းမျိုး မဟုတ်ဘဲ သွန်သင်ကာ ပညာပေးသည့် သဘောပင် ဖြစ်သည်။ ဥပမာ- မိမိ လူမမယ် ရင်သွေးငယ်များအား အပြစ်ပေးခြင်း၊ သတိပေးခြင်းတို့သည် အပြစ်ဒဏ်ခတ်ခြင်းမျိုး မဟုတ်ဘဲ နောင်အခါ ဆင်ခြင်နိုင်ရန် သွန်သင်ခြင်းနှင့် သတိပေးခြင်းကဲ့သို့ ဖြစ်သည်။

ဖြစ်ရပ်ကို သဘောပေါက်ပြီးသည့်အခါ ဖော်ပြပါအာယသ်တော်များမှ စာလုံးများ၏ သဖ်စီးရ်အဖွင့်ကို ကြည့်ရှုပါလေ။

ذَهَبَ مُغَاضِبًا

အမျက်ဒေါသဖြင့် ထွက်ခွာသွားသည်။ ဆိုလိုသည်မှာ မိမိ၏ ဆွေမျိုးသားချင်းအပေါ် ဒေါသထွက်ခြင်းဖြစ်သည်။ ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ မှလည်း ဤအတိုင်းပင် ဆင့်ပြန်ခဲ့သည်။ **مفعول** ၏ **مُغَاضِبًا** ကို **رب** ဖြစ်သည်ဟု သတ်မှတ်သူတို့၏ အလိုသဘောမှာ **مغاضبالربه** မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်အတွက် ဒေါသထွက်၍ ထွက်ခွာသွားသည်ဟု ဖြစ်သည်။ ကာဖိရ်နှင့် ဆိုးယုတ်သူများအား အလ္လာဟ်အသျှင်မြတ်အတွက် စိတ်ဆိုးဒေါသထွက်ခြင်းသည် အီမာန်၏ လက္ခဏာအစစ် ဖြစ်ပေသည်။

[ကုရ်သုဗီကျမ်း၊ ဗဟ်ရေမုဟီးသွ်ကျမ်း]

فَظَنَّ اَنْ لَّنْ نَّقْدِرَ عَلَيْهِ

نقدر ဟူသော စာလုံးသည် အဘိဓါန်အရ အဓိပ္ပာယ်တစ်မျိုးဖြစ်နိုင်သည်မှာ 'ထိုစာလုံးသည် **قُدْرت** ဟူသည့် စာလုံးမှ ပေါက်ဖွားခဲ့ထွက်ခြင်းဖြစ်လျှင် ၎င်း၏ အဓိပ္ပာယ်မှာ 'ကျွန်ုပ်သည် ၎င်းတို့အပေါ် ထိန်းချုပ်နိုင်မှုစွမ်းအား ရှိတော့မည်မဟုတ်' ဟု ထင်မြင်ခြင်း ဖြစ်သည်။ သို့သော် ဤစကားမျိုးသည် နဗီတမန်တော်တစ်ပါးအဖို့ ဝေးစွ၊ သာမန်မွတ်စ္စလင်မ်တစ်ဦးအဖို့ပင် ဤသို့ ယူဆခြင်း မပြုနိုင်ပေ။ အဘယ်ကြောင့်ဆိုသော် ဤသည့် ထင်ရှားပေါ်လွင်သည့် ကုဖွ်ရ်ဖြစ်သောကြောင့်ပင် ဖြစ်သည်။ ထို့ကြောင့် ဤနေရာ၌ ဤအဓိပ္ပာယ်သည် လုံးဝ မဖြစ်နိုင်ပေ။

ဒုတိယဖြစ်နိုင်ဖွယ်ရှိသည့် အဓိပ္ပာယ်မှာ ဤစာလုံးသည် **قَدْر** မှ ဆင်းသက်လာခြင်းဖြစ်လျှင် ၎င်း၏အဓိပ္ပာယ်မှာ ကျဉ်းမြောင်းခြင်း၊ ကျပ်တည်းခြင်းဟု ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင်

اللّٰهُ يَبْسُطُ الرِّزْقَ لِمَنْ يَّشَاءُ مِنْ عِبَادِهٖ وَيَقْدِرُ

'အလ္လာဟ်အသျှင်မြတ်တွင် အလိုတော်ရှိသူကို ရိဇ်ဇီရိက္ခာကျယ်ဝန်းစွာ ပေးတော်မူ၍ အလိုတော်ရှိသူကို ရိဇ်ဇီရိက္ခာ ကျဉ်းမြောင်းစေတော်မူမည်' ဟူ၍ မိန့်ကြားချက် လာရှိထားပေသည်။

သဖ်စီးရ်ပညာရှင်များအနက် အသွာ၊ စအီးဒ်ဗင်န်ဂျုဗိုင်ရ်၊ ဟစန်ဗစ္စရီနှင့် များစွာသော ပညာရှင်ကြီးများက ဤအဓိပ္ပာယ်ကိုပင် ဤအာယသ်တော်၌ ယူခြင်းဖြစ်သည်ဟု ဆိုကြသည်။ ထို့နောက် အာယသ်တော်၏ အလိုသဘောကို ဟဇရသ်ယူနွတ်စ် ﷺ က ကျွန်ုပ်သည် ဤအခြေအနေ၌ ကျွန်ုပ်၏ အမျိုးသားများကို စွန့်လွှတ်၍ အခြားတစ်နေရာသို့ ထွက်ခွာသွားခြင်းအပေါ် မည်သည့်ကျပ်တည်းမှုမျှ ဖြစ်နိုင်မည်မဟုတ်' ဟူ၍ ယူဆသော အဓိပ္ပာယ်ကို သတ်မှတ်ကြလေသည်။

တတိယအဓိပ္ပာယ်မှာ ဤစာလုံးသည် قَدَرْ تَقْدِيرْ ဆုံးဖြတ်ချက်ချခြင်းဟူသော စာလုံးမှ ဆင်းသက်လာခြင်း ဖြစ်လျှင် အာယသ်တော် အဓိပ္ပာယ်မှာ 'ဟဇရသ်ယူနွတ်စ် ﷺ သည် 'ဤကိစ္စတွင် ကျွန်ုပ်အပေါ် မည်သည့် အရေးယူခြင်းမျှ ရှိမည်မဟုတ်ပါ' ဟု ယူဆခြင်းဖြစ်သည်' ဟု အဓိပ္ပာယ်ရပေသည်။

သဖ်စီးရ်အဖွင့်ပညာရှင်များအနက် ကသာဒဟ်၊ မုဂျာဟိဒ်နှင့် ဖရ်ရားတို့က ဤတတိယအဓိပ္ပာယ်ကိုပင် ရွေးချယ်ကြသည်။ မည်သို့ပင်ဆိုစေ ပထမအဓိပ္ပာယ်မှာမူ ဤနေရာ၌ ကောက်ယူခြင်း မပြုရပေ။ ဒုတိယနှင့် တတိယအဓိပ္ပာယ်များမှာ ဖြစ်နိုင်သည့် အဓိပ္ပာယ်များပင် ဖြစ်သည်။

ယူနွတ်စ် ﷺ ၏ ဒိုအာသည် လူတိုင်းအတွက် အချိန်တိုင်းတွင် လိုလားချက်တိုင်းအတွက် လက်ခံသည့်ဒိုအာ ဖြစ်ခြင်း

وَكَذٰلِكَ نُنْجِي الْمُؤْمِنِيْنَ

ငါအသျှင်မြတ်သည် ယူနွတ်စ် ﷺ အား ပူဆွေးသောကနှင့် ဒုက္ခများမှ လွတ်မြောက်စေတော်မူသကဲ့သို့ပင် ငါအသျှင်မြတ်သည် မုအ်မင်န်အားလုံးအပေါ်၌လည်း ဤအတိုင်းပင် ဆက်ဆံတော်မူသည်။ ထိုမုအ်မင်န်က မှန်ကန်သည့် စိတ်ဓါတ်ဖြင့် ငါအသျှင်မြတ်ဘက် အာရုံပြု၍ ငါအသျှင်မြတ်ထံ ခိုလှုံခွင့်တောင်းခံပါလျှင် ငါအသျှင်မြတ်သည် ထိုအတိုင်းဆက်ဆံတော်မူသည်။ တမန်တော်မြတ် ﷺ က မိန့်ကြားတော်မူသည်မှာ ဟဇရသ်ယူနွတ်စ် ﷺ သည် ငါး၏ ဝမ်းဗိုက်၌ ရှိစဉ် တောင်းဆိုခဲ့သည့် ဒိုအာမှာ-

لاالٰه الا انت سبحنك انى كنت من الظالمين

ဖြစ်သည်။ မည်သည့်မွတ်စ္စလင်မ်မဆို ဤဒိုအာကို ဆိုလျှင် မိမိ၏ လိုလားချက်များ တောင်းခံလျှင် အသျှင်မြတ်က လက်ခံတော်မူပေမည်။ *[အဟ်မဒ်ကျမ်း၊ သိရ်မေဇီကျမ်း၊ ဟာကင်မ်ကျမ်း။]*

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَزَكَرِيَّآ إِذْ نَادٰى رَبَّهٗ
رَبِّ لَا تَذَرْنِىْ فَرْدًا وَّأَنْتَ خَيْرُ الْوٰرِثِيْنَ ﴿٨٩﴾

၂၁ : ၈၉ ॥ ॥ ထို့ပြင် (အို၊ နဗီတမန်တော်၊ အသင်သည် နဗီတမန်တော်) ဇကရီယာ (၏ အကြောင်း) ကိုလည်း (ပြောကြားပါလေ။) အခါတစ်ပါး၌ ၎င်း (နဗီတမန်တော်) ဇကရီယာသည် မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ကို 'အို၊ ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ ကျွန်တော်မျိုးအား (အမွေစားအမွေခံ ဆက်ခံသူ မရှိသောသူအဖြစ်) တစ်ဦးတည်း စွန့်ထားတော်မမူပါနှင့်။ စင်စစ် အသျှင်မြတ်သည် အကောင်းဆုံးသော အမွေစားအမွေခံဖြစ်တော်မူပါသည်'ဟု ဟစ်ခေါ်တသ ပန်ကြားပါလေ။

فَاسْتَجَبْنَا لَهٗ ۡ وَوَهَبْنَا لَهٗ يَحْيٰى وَأَصْلَحْنَا
لَهٗ زَوْجَهٗ ۭ إِنَّهُمْ كَانُوْا يُسٰرِعُوْنَ فِى الْخَيْرٰتِ وَ
يَدْعُوْنَنَا رَغَبًا وَّرَهَبًا ۭ وَكَانُوْا لَنَا خٰشِعِيْنَ ﴿٩٠﴾

၂၁ : ၉၀ ॥ ॥ ထိုအခါ ငါအသျှင်မြတ်သည် ၎င်း (ဇကရီယာ) ၏ ဆုမွန်ဒိုအာကို လက်ခံတော်မူ၍ ၎င်းအား (သားတော် နဗီတမန်တော်) ယဟ်ယာကို ချီးမြှင့်ပေးသနားတော်မူခဲ့၏။ ၎င်းပြင် ငါအသျှင်မြတ်သည် ယင်း (ဇကရီယာ) ၏ ဇနီးကြင်ယာအားလည်း (မြုံခြင်းဝေဒနာမှ ပျောက်ကင်းစေတော်မူ၍ သန္ဓေတည်နိုင်သော အခြေအနေသို့) နေသားတကျဖြစ်အောင် ပြုပြင်၍ ပေးတော်မူခဲ့၏။ ဧကန်အမှန် ၎င်း (နဗီတမန်တော်) တို့အားလုံးသည် ကောင်းမှုသုစရိုက်များကို ဆောလျင်စွာ ပြုလုပ်တတ်သူများ ဖြစ်ခဲ့ကြကုန်၏။ ထို့ပြင် ငါအသျှင်မြတ်အား စိတ်ပါဝင်စားစွာလည်းကောင်း၊ ကြောက်ရွံ့စွာလည်းကောင်း ဟစ်ခေါ်တသလျက် ရှိခဲ့ကြသည့်အပြင် ငါအသျှင်မြတ်အား ကျိုးနွံသူများလည်း ဖြစ်ခဲ့ကြကုန်သည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ဟဇရသ်ဇကရီယာ عليه السلام ၏ ဖြစ်ရပ်ကို ပြောကြားပါလေ။ ဟဇရသ်ဇကရီယာ عليه السلام သည် မိမိ၏ အသျှင်မြတ်ထံတော်၌ ဒိုအာတောင်းခံသောအခါ 'အို၊ ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်၊ ကျွန်တော်မျိုးအား အမွေခံမရှိသူအဖြစ် ထားတော်မမူပါနှင့်။ (ကျွန်တော်မျိုး၏ အမွေစားအမွေခံအဖြစ် ကျွန်တော်မျိုးအား သားရတနာ ပေးသနားတော်မူပါ။) ထို့ပြင် (ဤအတိုင်းလည်း) အမွေခံဟူသရွေ့တို့အနက် အကောင်းဆုံး (စစ်မှန်သည့် အမွေခံ) မှာ အသျှင်မြတ်သာ ဖြစ်တော်မူပါသည်။ တစ်ချိန်ချိန်တွင် ၎င်းတို့သည်လည်း ပျက်စီးကြရပေမည်။ သို့ရာတွင် ဤအမွေခံများ၏ အကြောင်းခံဖြင့် အချို့သော သာသနာရေးဆိုင်ရာ အကျိုးကျေးဇူးများ၊ အကျိုးအမြတ်များ ရရှိပေလိမ့်မည်။ ထို့ကြောင့် ထိုသို့ တောင်းခံခြင်းဖြစ်သည်။) သို့ရှိရာ ငါအသျှင်မြတ်သည် ၎င်း၏ ဒိုအာကို လက်ခံတော်မူလိုက်သည်။ ၎င်းအား (သားတော်) ယဟ်ယာ عليه السلام အား ချီးမြှင့်တော်မူလိုက်သည်။ ထို့နောက် ငါအသျှင်မြတ်သည် ၎င်း၏ အကြောင်းခံဖြင့်

၎င်း၏ ဇနီးသည် (မြုံနေသည့် အမျိုးသမီး) ကိုလည်း သန္ဓေတည် သားမွေးနိုင်အောင် ပြုပေးတော်မူသည်။ ဤ (စူရာဟ်၌ ဖော်ပြထားသည့် နဗီတမန်တော်) အားလုံးတို့သည် ကောင်းမှုကိုယ်ကျင့်တရားများအတွက် အပြေးအလွှား ပြုကျင့်ကြသည်။ မျှော်လင့်ချက်၊ မက်များဖြင့် ငါအသျှင်မြတ်အား ခဝပ်ကိုးကွယ်ကြသည်။ ငါအသျှင်မြတ်၏ ရှေ့တော်ဝယ် ကြောက်ရွံ့ရိုကျိုးစွာ နေကြသူများ ဖြစ်သည်။

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

ဟဇရသ်ဇကရိယာ ﷺ သည် အမွေစားအမွေခံအဖြစ် သားတစ်ဦး အလိုရှိခဲ့သည်။ ထို့ကြောင့် ဒိုအာတောင်းခံခဲ့သည်။ သို့ရာတွင် တစ်ဆက်တည်း၌

انت خير الوا رثين

'သားရတနာ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အခြေအနေတိုင်း၌ အသျှင်မြတ်သာလျှင် အကောင်းဆုံးသော အမွေခံဖြစ်တော်မူပါသည်' ဟုလည်း တောင်းခံခဲ့သည်။ ဤနဗီတမန်တော်တို့၏ ရိုသေကိုင်းရှိုင်းမှု အစဥ်အလာဖြစ်သည်။ နဗီတမန်တော်တို့၏ အဓိကအာရုံသည် အလ္လာဟ်အသျှင်မြတ်အပေါ်၌သာ ဖြစ်ရမည်။ ထိုမှတစ်ပါး အခြားတစ်နေရာသို့ အာရုံရောက်ရှိသွားပါလျှင် အဓိကပင်မအချက်ကိုမူ ပြောင်းသွားခြင်း မရှိပေ။

وَيَدْعُوْنَنَا رَغَبًا وَّ رَهَبًا

၎င်းတို့သည် မျှော်လင့်ချက်ဖြင့်လည်းကောင်း၊ ကြောက်ရွံ့မှုဖြင့်လည်းကောင်း ဒိုအာပြုကြလေသည်။ ဆိုလိုသည်မှာ 'ဒုက္ခဖြစ်ချိန်၊ သုခဖြစ်ချိန် အခြေအနေတိုင်း၌ အလ္လာဟ်အသျှင်မြတ်အား ခေါ်ဝေါ်တသ သတိရကြသည်'ဟု ဖြစ်သည်။ အခြားအဓိပ္ပာယ်တစ်ခု ဖြစ်နိုင်သည်မှာ ၎င်းတို့သည် မိမိတို့ ဒိုအာတောင်းခံသည့်အခါ မျှော်လင့်ခြင်းနှင့် ကြောက်ရွံ့စိုးရိမ်ခြင်းတို့၏ ကြားအလယ်၌ ရှိကြကုန်၏။ အလ္လာဟ်အသျှင်မြတ်က လက်ခံမှု ပြုတော်မူခြင်းနှင့် ကုသိုလ်အကျိုးများ ချီးမြှင့်တော်မူခြင်းများကို မျှော်လင့်ကြပြီး မိမိတို့၏ ချွတ်ချော်မှုအပြစ်များ အပေါ်၌လည်း ကြောက်ရွံ့စိုးရိမ်ကြကုန်၏။ *[ကုရ်သုဗီကျမ်း]*

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَالَّتِىٓ اَحْصَنَتْ فَرْجَهَا فَنَفَخْنَا فِيْهَا مِنْ رُّوْحِنَا وَ
جَعَلْنٰهَا وَابْنَهَآ اٰيَةً لِّلْعٰلَمِيْنَ ﴿٩١﴾

၂၁ : ၉၁ ။ ။ ၎င်းပြင် (အို၊ နဗီတမန်တော်၊ အသင်သည်) အကြင် (အမျိုးသမီး မရ်ယမ်သခင်မ၏ အတ္ထုပ္ပတ္တိအကြောင်း) ကိုလည်း (ပြောကြားပါလေ။) ၎င်း (အမျိုးသမီးသည်) မိမိ၏ ဂုဏ်သရေကို စောင့်စည်း ထိန်းသိမ်းခဲ့လေ၏။

သို့ဖြစ်ပေရာ ငါအသျှင်မြတ်သည် ၎င်း (အမျိုးသမီး) ၌ မိမိ၏ထံတော်မှ အသက်ဇီဝိန်ကို မှုတ်သွင်းတော်မူခဲ့၏။ ထို့ပြင် ငါအသျှင်မြတ်သည် ယင်း (အမျိုးသမီး) အားလည်းကောင်း၊ ယင်း (အမျိုးသမီး) ၏ သားတော် (အီစာ) အားလည်းကောင်း ကမ္ဘာသူကမ္ဘာသား ခပ်သိမ်းတို့အဖို့ သက်သေလက္ခဏာတစ်ရပ် ပြုလုပ်တော်မူခဲ့လေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့နောက် ထိုအမျိုးသမီး (မရ်ယမ်သခင်၏ ဖြစ်ရပ်) ကိုလည်း ပြောကြားပါလေ။ သူမသည် မိမိ၏ အရှက်ကို (အမျိုးသားများမှ) ကာကွယ်ခဲ့သည်။ ('နေကာဟ်'အားဖြင့်လည်းကောင်း၊ 'ဟရာမ်' နည်းဖြင့်လည်းကောင်း) ထို့နောက် ငါအသျှင်မြတ်သည် သူမ၏အတွင်း၌ (ဂျိဗ်ရာအီးလ် عليه السلام ၏ အကြောင်း ခံဖြင့်) မိမိ၏ 'ရူးဟ်'ကို မှုတ်သွင်းတော်မူခဲ့သည်။ (ထို့ကြောင့် သူမတွင် လင်ယောကျ်ားမရှိဘဲ ပဋိသန္ဓေ ဖြစ်ရှိသွားခဲ့သည်။) ထို့နောက် ငါအသျှင်မြတ်သည် သူမအားလည်းကောင်း၊ သူမ၏ သား (အီစာ عليه السلام) အားလည်းကောင်း၊ ကမ္ဘာသူကမ္ဘာသားများအဖို့ (မိမိ၏ ပြည့်စုံကုံလုံသည့် တန်ခိုးတော်များ၏) လက္ခဏာ ရပ်များအဖြစ် ပြုတော်မူခဲ့သည်။ (၎င်းတို့အား တွေ့မြင်၍လည်းကောင်း၊ ၎င်းတို့၏ အကြောင်းကြား၍ လည်းကောင်း 'အလ္လာဟ်အသျှင်မြတ်သည် ဖခင်မရှိဘဲနှင့် ကလေးမွေးစေတော်မူနိုင်ကြောင်းနှင့် မိခင် နှင့် ဖခင်မရှိဘဲ ဟဇရတ်အာဒမ် عليه السلام ဖြစ်ပေါ်လာခြင်းကဲ့သို့လည်းကောင်း အရာခပ်သိမ်းအပေါ် စွမ်းဆောင် နိုင်တော်မူကြောင်း သိနားလည်စေရန် ဖြစ်သည်။)

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

إِنَّ هَٰذِهِۦٓ أُمَّتُكُمْ أُمَّةً وَٰحِدَةً وَأَنَا۠ رَبُّكُمْ فَٱعْبُدُونِ ﴿٩٢﴾

၂၁ : ၉၂ ॥ ॥ ကေန်စင်စစ် ဤ (အစ္စလာမ်) သာသနာတော်ပင် အသင်တို့၏ တစ်ခုတည်းသော သာသနာ့လမ်းစဉ် ဖြစ်၏။ ထို့ပြင် ငါအသျှင်မြတ်သည် အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။ သို့ဖြစ် ပေရာ ငါအသျှင်မြတ်ကိုသာလျှင် ခဝပ်ကိုးကွယ်ကြလေကုန်။

وَتَقَطَّعُوٓا۟ أَمْرَهُم بَيْنَهُمْ ۖ كُلٌّ إِلَيْنَا رَٰجِعُونَ ﴿٩٣﴾

၂၁ : ၉၃ ॥ ॥ သို့ရာတွင် လူတို့သည် မိမိတို့အချင်းချင်းပင် မိမိတို့၏ (သာသနာ့) အရေးကိစ္စကို၊ အစိတ်စိတ်အပိုင်း ပိုင်း ပြုလုပ်ခဲ့ကြကုန်၏။ (စင်စစ်မှာမူ) အားလုံးတို့သည် ငါအသျှင်မြတ်ထံတော်သို့ပင် ပြန်လည်၍ လာကြရမည့်သူများပင် ဖြစ်ကြကုန်၏။

فَمَن يَعْمَلْ مِنَ الصَّٰلِحَٰتِ
وَهُوَ مُؤْمِنٌ فَلَا كُفْرَانَ لِسَعْيِهِۦ وَإِنَّا لَهُۥ كَٰتِبُونَ ﴿٩٤﴾

၂၁ : ၉၄ ။ ။ သို့ဖြစ်ပေရာ မည်သူမဆို ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မှုဆောက်တည်ခဲ့သည့်အပြင် မုအ်မင်နသက်ဝင် ယုံကြည်သူလည်း ဖြစ်ခဲ့ပါလျှင် ထိုသူ၏ ကြိုးပမ်းအားထုတ်မှုသည် (အချည်းအနှီးဖြစ်၍) ဖယ်ရှားခြင်း ခံရလိမ့်မည်မဟုတ်ပေ။ ကေန်မုချ ငါအသျှင်မြတ်သည် ယင်း (၏ အားထုတ်မှု) ကို ရေးသားတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

وَحَرَٰمٌ عَلَىٰ قَرْيَةٍ أَهْلَكْنَٰهَآ أَنَّهُمْ لَا يَرْجِعُونَ ﴿٩٥﴾

၂၁ : ၉၅ ။ ။ စင်စစ် မည်သည့်မြို့ရွာကိုမဆို ငါအသျှင်မြတ်သည် ဖျက်ဆီးတော်မူခဲ့ပါလျှင် ထိုမြို့သူမြို့သားတို့သည် (ဤလောကသို့) ပြန်လာကြရန် မဖြစ်နိုင်တော့ပြီ။

حَتَّىٰٓ إِذَا فُتِحَتْ يَأْجُوجُ وَمَأْجُوجُ وَهُم مِّن كُلِّ حَدَبٍ يَنسِلُونَ ﴿٩٦﴾

၂၁ : ၉၆ ။ ။ နောက်ဆုံးတွင် 'ယအ်ဂျူးဂျ်' နှင့် 'မအ်ဂျူးဂျ်' (လူမျိုးတို့သည် လွတ်လပ်ခဲ့ကြပြီး) ဖွင့် (လွတ်) ပေးခြင်း ခံရသောအခါ ၎င်းတို့သည် (ကမ္ဘာမြေဝယ်ရှိ) ကုန်းမြင့်တိုင်းမှ လျင်မြန်စွာ (ဆင်း၍) လာကြပေမည်။

وَٱقْتَرَبَ ٱلْوَعْدُ ٱلْحَقُّ فَإِذَا هِىَ شَٰخِصَةٌ أَبْصَٰرُ ٱلَّذِينَ
كَفَرُوا۟ يَٰوَيْلَنَا قَدْ كُنَّا فِى غَفْلَةٍ مِّنْ هَٰذَا بَلْ كُنَّا ظَٰلِمِينَ ﴿٩٧﴾

၂၁ : ၉၇ ။ ။ ထို့နောက် မှန်ကန်စွာ ချိန်းချက်ထားသော (ကတိအတိုင်း) အချိန်ကာလ ဖြစ်မြောက်ရန် (ကေယာမသ် နေ့သည်) အချိန်နီးကပ်၍ လာသောအခါ ကာဖိရ်သွေဖည်ငြင်းပယ်သူတို့၏ မျက်လုံးများသည် ပြူးကျယ်လျက်ရှိကြပေမည်။ (ထိုအခါ) ၎င်းတို့သည်) 'သြော်- ဖြစ်မှုဖြစ်ရလေခြင်း၊ ကေန်အမှန် ကျွန်ုပ်တို့သည် ဤ ('ကေယာမသ်' နေ့) ကိစ္စနှင့် စပ်လျဉ်း၍ ဂရုမထား (အမှုမဲ့၊ အမှတ်မဲ့) မေ့၍သာ နေခဲ့ကြလေသည်။ စင်စစ်မှာ ကျွန်ုပ်တို့သည်သာလျှင် အပြစ်ကျူးလွန်သူများ ဖြစ်ကြသည်' ဟူ၍ ညည်းညူမြည်တမ်းကြပေမည်။

إِنَّكُمْ وَمَا تَعْبُدُونَ مِن دُونِ ٱللَّهِ حَصَبُ جَهَنَّمَ أَنتُمْ لَهَا وَٰرِدُونَ ﴿٩٨﴾

၂၁ : ၉၈ ။ ။ ကေန်စင်စစ် အသင်တို့နှင့် အလ္လာဟ်အသျှင်မြတ်အား စွန့်၍ အသင်တို့ ကိုးကွယ်လျက် ရှိကြသော အသင်တို့၏ ကိုးကွယ်ရာတို့သည် 'ဂျဟန္နမ်' ငရဲဘုံ၏ လောင်စာများပင် ဖြစ်ကြကုန်၏။ အသင်တို့အားလုံးသည်ပင် ယင်း 'ဂျဟန္နမ်' ငရဲဘုံတွင်းသို့ ဆိုက်ရောက်ရမည့်သူများသာ ဖြစ်ကြကုန်၏။

لَوْ كَانَ هَٰٓؤُلَآءِ ءَالِهَةً مَّا وَرَدُوهَا ۖ وَكُلٌّ فِيهَا خَٰلِدُونَ ٩٩

၂၁ : ၉၉ ။ ။ အကယ်၍သာ ၎င်းတို့သည် ကိုးကွယ်ရာများ ဖြစ်ကြပါလျှင် ယင်း 'ဂျဟန္နမ်' ငရဲဘုံတွင်းသို့ ဆိုက်ရောက်ကြမည် မဟုတ်ပေ။ သို့ရာတွင် (ယခုသော်) ၎င်းတို့အားလုံးပင် ယင်း 'ဂျဟန္နမ်' ငရဲဘုံ ၌ အမြဲထာဝရ နေထိုင်ကြရမည့်သူများ ဖြစ်ကြချေပြီ။

لَهُمْ فِيهَا زَفِيرٌ وَهُمْ فِيهَا لَا يَسْمَعُونَ ١٠٠

၂၁ : ၁၀၀ ။ ။ ၎င်းတို့၌ ယင်း 'ဂျဟန္နမ်' ငရဲဘုံတွင် ညည်းတွားခြင်းသာလျှင် ရှိကြမည်။ ထို့ပြင် ၎င်းတို့သည် ယင်း 'ဂျဟန္နမ်' ငရဲဘုံ၌ (မည်သည့်စကား မည်သည့်အသံကိုမျှ) ကြားကြလိမ့်မည်မဟုတ်ပေ။

إِنَّ ٱلَّذِينَ سَبَقَتْ لَهُم مِّنَّا ٱلْحُسْنَىٰٓ أُو۟لَٰٓئِكَ عَنْهَا مُبْعَدُونَ ١٠١

၂၁ : ၁၀၁ ။ ။ ကေန်စင်စစ် အကြင်သူတို့သည် ငါအသျှင်မြတ်ထံတော်မှ မူလကပင် ထိုသူတို့အဖို့ ကောင်းကျိုးကို ပြဋ္ဌာန်းခြင်းဖြစ်၏။ ထိုသူတို့သည် ယင်း 'ဂျဟန္နမ်' ငရဲဘုံမှ ဝေးလံစွာ ထားစေခြင်းကို ခံကြရမည့်သူများပင် ဖြစ်ကြပေမည်။

لَا يَسْمَعُونَ حَسِيسَهَا ۖ وَهُمْ فِى مَا ٱشْتَهَتْ أَنفُسُهُمْ خَٰلِدُونَ ١٠٢

၂၁ : ၁၀၂ ။ ။ ၎င်းတို့သည် ယင်း 'ဂျဟန္နမ်' ငရဲဘုံ၏ လေသံကို (သဲ့သဲ့) မျှပင် ကြားကြရလိမ့်မည် မဟုတ်ပေ။ စင်စစ် ၎င်းတို့သည် မိမိတို့စိတ်ကြိုက် စည်းစိမ်များတွင် ထာဝစဉ် မွေ့လျော်စံစားသူများပင် ဖြစ်ကြပေမည်။

لَا يَحْزُنُهُمُ ٱلْفَزَعُ ٱلْأَكْبَرُ وَتَتَلَقَّىٰهُمُ ٱلْمَلَٰٓئِكَةُ هَٰذَا يَوْمُكُمُ
ٱلَّذِى كُنتُمْ تُوعَدُونَ ١٠٣

၂၁ : ၁၀၃ ။ ။ ၎င်းတို့အား ထိုအကြီးဆုံးသော ကြောက်ရွံ့ထိတ်လန့်ဖွယ် (ဖြစ်သည့် 'ကေယာမသ်' နေ့) သည်ပင်လျှင်၊ စိတ်ဒုက္ခရောက်စေမည်မဟုတ်။ ၎င်းပြင် (ထိုနေ့တွင်) 'မလာအေ့ကာဟ်' ကောင်းကင်တမန်များသည် ၎င်းတို့အား 'ဤနေ့သည် အသင်တို့အား ကတိပြု ချိန်းချက်ထားသော နေ့ပင် ဖြစ်သည်' ဟူ၍ပင် ကြိုဆိုညှေ့ခံကြပေလိမ့်မည်။

يَوْمَ نَطْوِى ٱلسَّمَآءَ كَطَىِّ ٱلسِّجِلِّ لِلْكُتُبِ ۚ كَمَا بَدَأْنَآ أَوَّلَ
خَلْقٍ نُّعِيدُهُۥ ۚ وَعْدًا عَلَيْنَآ ۚ إِنَّا كُنَّا فَٰعِلِينَ ١٠٤

၂၁ : ၁၀၄ ။ ။ (အို၊ နဗီတမန်တော်) အကြင် (နေ့၏ အကြောင်းကိုလည်း ပြောပြပါလေ။) ထိုနေ့တွင် ငါအသျှင်မြတ်သည် မိုးကောင်းကင်ကို ရေးသားထားသော မှတ်တမ်းစာရွက်အား လိပ်ဘိသကဲ့သို့ ခေါက်လိပ်တော်မူမည်။ ငါအသျှင်မြတ်

သည် အရာခပ်သိမ်းတို့ကို ပထမအကြိမ် စတင် ဖန်ဆင်းတော်မူဘိသကဲ့သို့ပင် ထိုအရာကိုပင် ထပ်မံ၍ ပြုလုပ် (ဖန်ဆင်း) တော်မူပေမည်။ (ဤသည် ငါအသျှင်မြတ်) မိမိ၏အပေါ်၌ ကတိပြု (တာဝန်ယူ) တော်မူခြင်းပင် ဖြစ်ပေရာ၊ ကေန်အမှန် ငါအသျှင်မြတ်သည် (မိမိ၏ ကတိတော်အတိုင်း) ပြုလုပ်တော်မူမည့် အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

وَلَقَدْ كَتَبْنَا فِي الزَّبُورِ مِنْ بَعْدِ الذِّكْرِ أَنَّ الْأَرْضَ يَرِثُهَا عِبَادِيَ الصَّالِحُونَ ﴿١٠٥﴾

၂၁ : ၁၀၅ ॥ ॥ ငါအသျှင်မြတ်သည် 'လောင်ဟေမဟ်ဖူဇ်' သင်ပုန်း (၌ ရေးသားတော်မူပြီး) နောက်၊ ကောင်းကင်ကျမ်းဂန် (တစ်နည်း) 'ဇဗူရ်' ကျမ်းတွင် (လည်း) 'ကေန်စင်စစ် (တမလွန်ဘဝ၌ ဂျန္နသ်သုခဘုံ၏ မြေ သို့မဟုတ် ကမ္ဘာ) မြေကို ငါအသျှင်မြတ် သူတော်စင် ကျွန်များပင် အမွေဆက်ခံကြမည်' ဟု ရေးသားတော်မူခဲ့ပြီးဖြစ်ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အာယသ်တော်များ၏ ဆက်စပ်မှု

ဤနေရာအထိ နဗီတမန်တော်တို့၏ ဖြစ်ရပ်များ၊ ဖြစ်စဉ်များကို အခြေခံ ဓမ္မသတ်များစွာဖြင့်လည်းကောင်း၊ ခွဲထွက်သည့် အကိုင်းအလက် ဓမ္မသတ်များဖြင့်လည်းကောင်း တင်ပြခဲ့ခြင်း ဖြစ်သည်။ အခြေခံ ပင်မဓမ္မသတ်များဟူသည်မှာ ဥပမာ– 'သောင်ဟီးဒ်'၊ 'ရီစာလသ်' နှင့် တမလွန်အတွက် ယုံကြည်ပြီး ကြိုးပမ်းခြင်းတို့သည် နဗီတမန်တော်များ၏ ပင်မအခြေခံ၌ ပါဝင်ပြီးဖြစ်သည်။ ဤသည်မှာ ၎င်းတို့၏ 'ဒအ်ဝသ်'ဖိတ်ခေါ် ကြိုးပမ်းမှု၏ အခြေခံ အုတ်မြစ်ဖြစ်သည်။ ဖြစ်ရပ်များ၌ တင်ပြခဲ့ပြီးသည့်အတိုင်း ထိုပုဂ္ဂိုလ်မွန်တို့၏ ကြိုးပမ်းမှုဟူသမျှတို့၏ ဦးတည်ချက်သည် အလ္လာဟ်အသျှင်မြတ်တစ်ပါးတည်း တည်ရှိတော်မူကြောင်းပင် ဖြစ်သည်။ ရှေ့၌ လာရှိသော အာယသ်တော်များတွင် 'သောင်ဟီးဒ်'၏ အပေါ် အကျိုးသက်ရောက်မှုနှင့် ရှုရစ်ကပ်ပြုခြင်းအပေါ် ရှုတ်ချထားခြင်းအကြောင်းများ လာရှိပေသည်။

အို၊ လူသားအပေါင်းတို့၊ (အထက်တွင် နဗီတမန်တော်တို့၏ လမ်းစဉ်၊ အယူဝါဒ၊ ယုံကြည်ချက်များနှင့် 'သောင်ဟီးဒ်'အကြောင်းများ ပါရှိပြီးဖြစ်သည်။) ဤသည်မှာ အသင်တို့၏ လမ်းစဉ်ဖြစ်သည်။ (အသင်တို့အဖို့ ဤလမ်းစဉ်အပေါ်၌ နေထိုင်ရန် ဝါဂျိဗ်'ဖြစ်သည်။) ထိုလမ်းစဉ်သည် (မည်သည့်နဗီ၊ မည်သည့်ရှရီအသ်မျှ ကွဲလွဲမှု မရှိသော) တစ်မျိုးတည်းသော လမ်းစဉ်ဖြစ်သည်။ ထို့နောက် (ထိုလမ်းစဉ်အားဖြင့် အကျိုးသက်ရောက်မည်မှာ) ငါအသျှင်မြတ်သည် အသင်တို့၏ ဖန်ဆင်းမွေးမြူတော်မူသော အသျှင်ဖြစ်သည်။ အသင်တို့သည် ငါအသျှင်မြတ်အား ခဝပ်ကိုးကွယ်မှု ပြုကြလေကုန်။ (နဗီတမန်တော်များ၊ ကောင်းကင်ကျမ်းအားလုံးတို့နှင့် ရှရီအသ်တရားတော်တို့သည် ထိုလမ်းစဉ်မှန်ကန်ကြောင်း၊ ကြွေးကြော်ဖိတ်ခေါ်လျက် ရှိခဲ့ကြသည်ဖြစ်ရာ လူတို့သည်လည်း ထိုလမ်းစဉ်အပေါ်၌ ရှိနေသင့်ပေသည်။ သို့ရာတွင်

ဤသို့မဟုတ်ဘဲ) ထိုသူတို့သည် မိမိတို့၏ သာသနာတွင် ကွဲလွဲမှုများ ပြုလုပ်ကြသည်။ (သို့ရာတွင် ၄င်းတို့၏ ထိုလုပ်ရပ်ပြစ်မှု၏ အကျိုးအစားကို ကြည့်တော်မူမည်။ အကြောင်းမှာ) အရာခပ်သိမ်းတို့သည် ငါအသျှင်မြတ်ထံတော် ပြန်လှည့်လာရမည့်သူများဖြစ်သောကြောင့်ပင် ဖြစ်သည်။ (ထိုသို့ ပြန်လှည့်လာပြီးနောက် လူတိုင်းသည် မိမိတို့ လုပ်ရပ်များ၏ အကျိုးအစားများ ရရှိကြပေမည်။ ထိုအခါ ကောင်းမှုပြုခဲ့သူလည်း ဖြစ်မည်။ အီမာန်ရှင်လည်း ဖြစ်မည်ဆိုလျှင် ၄င်း၏ ကြိုးပမ်းကျင့်ဆောင်မှုများသည် အလဟဿ၊ အချည်းအနှီး ဖြစ်မည်မဟုတ်ပေ။ ငါအသျှင်မြတ်သည် ၄င်းကို ရေးမှတ်တော်မူလိုက်သည်။ (ထိုသို့ ရေးသားထားခြင်းတွင် မေ့လျော့မှု၊ မှားယွင်းမှု မဖြစ်နိုင်တော့ပေ။ ထိုသို့ ရေးမှတ်ထားသည့်အတိုင်း ၄င်းအဖို့ ကုသိုလ် အကျိုးစဝါးဓ်များ ရရှိပေမည်။)

ထို့နောက် (အရာအားလုံးတို့သည် ငါအသျှင်မြတ်ထံ ပြန်လှည့် လာကြမည့်သူများ ဖြစ်သည်ဟု ငါအသျှင်မြတ် မိန့်ကြားခဲ့သည်။ ထိုမိန့်ကြားချက်အပေါ် ကာဖိရ်သွေဖည် ငြင်းဆန်သူများက 'ဤမျှကြာသည်အထိ လောကကြီး၏ သက်တမ်းကြာမြင့်ခဲ့လေပြီ။ ယခုတိုင် သေသူများ ပြန်လည်ရှင်ထလာခြင်း၊ ၄င်းတို့အား စာရင်းစစ်ဆေးခြင်းများ မရှိခဲ့သေးပါ'ဟူ၍ သံသယစကားများ ပြောဆိုကြပေမည်။ ၄င်းတို့၏ သံသယဖြစ်မှုသည် မှားယွင်းသည်။ အကြောင်းမှာ အလ္လာဟ်အသျှင်မြတ်ထံတော်သို့ လှည့်ပြန်ရန်အတွက် 'ကေယာမသ်'မည်သော နေ့တစ်နေ့ကို သတ်မှတ်တော်မူထားသည်။ ထိုနေ့မတိုင်မီ မည်သူမျှ မရောက်နိုင်ပေ။ ထို့ကြောင့်ပင်) ငါအသျှင်မြတ်သည် မြို့ရွာတစ်ခုခုကို ('အဇာဗ်' (သို့) သေခြင်းတရားတို့ဖြင့်) ဖျက်ဆီးတော်မူလိုက်ပါလျှင် ထိုမြို့သူမြို့သားတို့သည် (ဤကမ္ဘာလောကသို့ ၄င်းတို့သည် စာရင်းစစ်ဆေးခံရန်အတွက်) ပြန်လာနိုင်ကြမည် မဟုတ်ပေ။ (သို့ရာတွင် ဤသို့ ပြန်မလာခြင်းသည် အမြဲတမ်းထာဝရအတွက်ကား မဟုတ်ပေ။ သတ်မှတ်ကာလတစ်ခုဖြစ်သည့် 'ကေယာမသ်'နေ့ ရောက်ရှိရန် ရှေ့ပြေးဖြစ်သော) 'ယအ်ဂျူးဂျ်'နှင့် 'မအ်ဂျူးဂျ်' (လူမျိုးတို့သည် 'ဇုလ်ကရ်နိုင်းန်'ဘုရင်၏ ပိတ်ဆို့ထိန်းချုပ်ထားခြင်းကို ခံခဲ့ကြရမှ) ဖွင့်ပေးခြင်း ခံရ၍ (လွတ်မြောက်လာကြပြီး ကမ္ဘာမြေပေါ်ရှိ) ကုန်းမြင့်တိုင်းမှ (လျင်မြန်စွာ) ဆင်း၍ လာကြပေလိမ့်မည်။ ထို့နောက် (အလ္လာဟ်အသျှင်မြတ်ထံတော်သို့ ပြန်လာရန်) မှန်ကန်သော ကတိ ('ကေယာမသ်'နေ့) ဆိုက်ရောက်ရန် နီးကပ်လာသောအခါ ကာဖိရ်သွေဖည်ငြင်းပယ်သူတို့၏ မျက်လုံးပြူးကျယ်လျက် ရှိကြပေမည်။

ထို့နောက် ၄င်းတို့သည် 'သြော်- ဖြစ်မှုဖြစ်ရလေခြင်း၊ ကျွန်ုပ်တို့သည် ဤ ('ကေယာမသ်) နေ့ကို မုချ မေ့လျော့ထားခဲ့သူများ ဖြစ်သည်။ ထိုမျှမက ကျွန်ုပ်တို့သည်သာ အပြစ်ကျူးလွန်သူများ ဖြစ်ကြသည်ဟုလည်း ညည်းညူ ပြောဆိုကြပေမည်။ (ကနဦးက 'ကေယာမသ်'တွင် ပြန်လည်ရှင်ထရမည်ဆိုခြင်းကို ငြင်းဆိုသူများသည် ထိုအချိန်၌ လက်ခံသွားကြပေမည်။) ဧကန်မလွဲ အသင်တို့သည်လည်းကောင်း၊ အလ္လာဟ်အသျှင်မြတ်အပြင် အသင်တို့ ကိုးကွယ်ခဲ့ကြသည့် ကိုးကွယ်ရာတို့သည်လည်းကောင်း 'ဂျဟန္နမ်' အပယ်ငရဲဘုံ၏ လောင်စာများပင် ဖြစ်ကြသည်။ (ထို့နောက်) အသင်တို့အားလုံး ထို 'ဂျဟန္နမ်'၌ ဆိုက်ရောက်

ကြရပေလိမ့်မည်။ (ထိုကိုးကွယ်ရာများဟု ဆိုရာ၌ လောကတွင် အချို့မှရှိရစ်ကြ်များက ကိုးကွယ်ရာအသျှင် အဖြစ် သတ်မှတ်ခံခဲ့ရသည့် နဗီတမန်တော်များနှင့် ဖရစ်ရှိသာဟ်ကောင်းကင်တမန်များ မပါဝင်ပေ။ အကြောင်းမှာ ၎င်းတို့တွင် ခိုင်မာပြည့်စုံသည့် ရှရီအသ်တရားတော် ရှိကြသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ၎င်းတို့သည် အပြစ်ထိုက်သူများလည်း မဟုတ်။ 'ဂျဟန္နမ်'သို့ ကျရောက်ထိုက်သူများလည်း မဟုတ်ပေ။ ရှေ့၌ လာရှိသော

إِنَّ الَّذِينَ سَبَقَتْ لَهُمْ

ဟူသည့် အာယသ်တော်၌လည်း ထိုသို့သော သံသယများကို ရှင်းလင်းထားသည်။ ထို့ပြင် နားလည် ရမည့်အချက်မှာ) အကယ်၍ (အသင်တို့၏ ကိုးကွယ်ရာများသည်) စစ်မှန်သည့် ကိုးကွယ်ရာများ ဖြစ်ကြ ပါလျှင် ဤ 'ဂျဟန္နမ်'၌ ကျရောက်ခြင်းဆိုသည်မှာလည်း ရက်အနည်းငယ်မျှသာ မဟုတ်ဘဲ) အားလုံး (ကိုးကွယ်သူနှင့် ကိုးကွယ်ခံ) တို့သည် ထို 'ဂျဟန္နမ်'၌ အမြဲတစေ နေကြရမည် ဖြစ်သည်။ ထို့နောက် ၎င်းတို့အဖို့ ယင်း 'ဂျဟန္နမ်'၌ ညည်းတွားဟစ်အော်ခြင်းများသာ ဖြစ်ပေမည်။ ထို 'ဂျဟန္နမ်'တွင် (မိမိ တို့၏ ညည်းတွားဟစ်အော်သံများကြားတွင်) မည်သည့်စကား၊ မည်သည့်အသံကိုမျှ ၎င်းတို့ ကြားကြမည် မဟုတ်ပေ။ (ဤသည် 'ဂျဟန္နမ်'၌ ဆိုက်ရောက်သူတို့၏ အခြေအနေပင် ဖြစ်သည်။) မုချကေန် ငါအသျှင် မြတ်၏ ကောင်းကျိုးပြုခြင်း (ဆိုလိုသည်မှာ ကျင့်စဉ်ပိုင်းဆိုင်ရာတို့၌ ကောင်းမြတ်စေခြင်း ပြု) ခံရသူတို့ သည် ထို (ဂျဟန္နမ်) မှ အသံများ မကြားရနိုင်သည့်အထိ ဝေးစေခြင်းခံရမည့်သူများပင် ဖြစ်သည်။ (အကြောင်းမှာ ၎င်းတို့သည် 'ဂျန္နသ်'၌ ရောက်ရှိသူများ ဖြစ်သောကြောင့်ပင် 'ဂျန္နသ်'နှင့် 'ဂျဟန္နမ်' သည် ငရဲဘုံ၏ လေသံ (သဲ့သဲ့) ကိုပင် ကြားကြရမည်မဟုတ်ပေ။ ၎င်းတို့သည် မိမိတို့ စိတ်တိုင်းကျ စည်းစိမ်များတွင် ထာဝစဉ် မွေ့လျော်ခံစားနေကြပေမည်။ (ထို့နောက်) ထိုအကြီးမားဆုံးသော ထိတ်လန့် ဖွယ် (ဖြစ်သော 'ကေယာမသ်'နေ) ပင်လျှင် ၎င်းတို့အား စိတ်ဒုက္ခရောက်စေမည်မဟုတ်ပေ။ ('ကဗရ်' မှ ထွက်လာသည်နှင့်) ဖရစ်ရှိသာဟ်များက ၎င်းအား ကြိုဆိုလျက် 'ဤသည် အသင့်အား ကတိပြုတော် မူခဲ့သောနေ့ပင် ဖြစ်သည်'ဟု ပြောဆိုကြပေလိမ့်မည်။ (ဤသို့ ကြိုဆိုဂုဏ်ပြုခြင်းနှင့် သတင်းကောင်းပေး ခြင်းတို့သည် ၎င်းတို့အတွက် ပို၍ ပျော်ရွှင်မှုဖြစ်စေရန် အကြောင်းခံ ဖြစ်ပေမည်။ အကယ်၍ 'ကေယာမသ်' ၏ ကြောက်မက်ဖွယ်တို့မှ မည်သူမျှ မကင်းလွတ်နိုင်ဟူသည့် ဆင့်ပြန်ချက်ရှိပါလျှင် 'ကောင်းမြတ်သည့် ဗန္ဓာဟ်ကျေးကျွန် လူသားများအတွက် ထိုသို့ ကြောက်ရွံ့စိုးရိမ်မှု ဖြစ်ရသည့်အချိန်သည် အလွန်တရာ နည်းပါးလွန်းသည့်အတွက် လုံးဝ မဖြစ်မရှိသည်နှင့် အလားသဏ္ဍာန်တူပါသည်။ ထို့နောက် အို၊ နဗီတမန် တော်) အကြင်နေ့၏ အကြောင်းကိုလည်း ပြောကြားပါလေ။

ထိုနေ့တွင် ငါအသျှင်မြတ်သည် (ပထမအကြိမ် 'စူရ်'တံပိုး မှုတ်ပြီးနောက်) မိုးကောင်းကင်ကို ရေးသားထားသည့် မှတ်တမ်းစာရွက်လိပ်သကဲ့သို့ လိပ်ခေါက်တော်မူမည်။ (တစ်ဖန် ထိုသို့ လိပ်ခေါက်ပြီး နောက် မရှိသည့် အခြေအနေ၌ ထားလိုက ထားမည်။ သို့တည်းမဟုတ် ဒုတိယအကြိမ် 'စူရ်'တံပိုး မှုတ်

သည်အထိ ဤအတိုင်း ထားလိုက ထားမည်။ နှစ်မျိုးစလုံး ဖြစ်နိုင်သည်။ ထို့နောက် ငါအသျှင်မြတ်သည် အရာခပ်သိမ်းကို ပထမအကြိမ် စတင်ဖန်ဆင်းတော်မူသကဲ့သို့ ထိုအရာကို ထပ်မံ၍ ဖန်ဆင်းတော်မူမည်။ (ဤသည်) ငါအသျှင်မြတ် ထားတော်မူခဲ့သော ကတိပြု (တာဝန်ယူ) တော်မူခြင်းအတိုင်းပင် ဖြစ်သည်။ (အထက်တွင် ကောင်းမြတ်သည့် ကျွန်လူသားများအား အကျိုးကုသိုလ်နှင့် သုခချမ်းသာ စည်းစိမ်များ ချီးမြှင့်မည်ဟူသော ကြွေးကြော်ချက်၍ ခိုင်မာသော ကတိတော် ရှိခဲ့သည်။) သို့ရှိရာ ငါအသျှင်မြတ်သည် 'လောင်ဟေ့မဟ်ဖူးဇ်' ၌ ရေးသားပြီးနောက် (ကောင်းကင်ကျမ်းများအားလုံး) တို့တွင် ဤမြေ (ဂျန္နသ်) ၏ ပိုင်ရှင်သည် ငါအသျှင်မြတ်၏ ကောင်းမြတ်သော ကျွန်လူသားများ ဖြစ်လိမ့်မည်' ဟု ရေးမှတ်တော်မူပြီးဖြစ်သည်။ (ကြိုတင်၍ ဤကတိတော်အား ပေးတော်မူပြီး 'လောင်ဟေမဟ်ဖူးဇ်' တွင် ရေးမှတ်တော်မူခဲ့သည်။ ထို့နောက် လေးနက်ခိုင်မာစေရန် ဤအကြောင်းကို ကောင်းကင်ကျမ်းအားလုံး၌လည်း ရေးတော်မူခဲ့သည်။)

သိမှတ်ဖွယ်ရာများနှင့် ခမ္ဘသတ်များ

وَحَرَامٌ عَلَىٰ قَرْيَةٍ أَهْلَكْنَاهَا أَنَّهُمْ لَا يَرْجِعُونَ

ဤနေရာ၌ حَرَام ဟူသည့် စာလုံး၏ အဓိပ္ပာယ်မှာ တရားတော်အရ တားမြစ်သူဖြစ်သည်။ ဖွင့်ဆိုချက် အနှစ်ချုပ်တွင် ၎င်း၏ အဓိပ္ပာယ်ကို 'မဖြစ်နိုင်' ဟု ရေးသားထားသည်။ لا يرجعون တွင် အဖွင့်ပညာရှင် အများစုတို့ထံ၌ ل 'လာမ်' အက္ခရာသည် အပိုအက္ခရာဟု ဆိုကြသည်။ သို့ရှိရာ အာယသ်တော်၏ အဓိပ္ပာယ်မှာ 'ငါအသျှင်မြတ် ဖျက်ဆီးတော်မူလိုက်သော မြို့ရွာနှင့် ထိုမြို့ရွာရှိ လူများအတွက် လောက၌ ပြန်လည်ရောက်ရှိလာရန် မဖြစ်နိုင်ပေ' ဟု ဖြစ်သည်။ အချို့အဖွင့်ပညာရှင်များကမူ حرام ဟူသည့် စာလုံးကို ဤနေရာတွင် 'ဝါဂျိဗ်'၏ အဓိပ္ပာယ်သတ်မှတ်၍ ل 'လာမ်' အက္ခရာကိုမူ မိမိ၏ نفى 'နဖီ' (မဟုတ်၊ မဖြစ်၊ မရှိ) ၏ အဓိပ္ပာယ်အတိုင်း ထားကြသည်။ ဤသို့ဆိုလျှင် အာယသ်တော်၏ အဓိပ္ပာယ်မှာ ငါအသျှင်မြတ်က 'အဇာဗ်'အားဖြင့် ဖျက်ဆီးတော်မူပြီးသော မြို့ရွာသည် လောက၌ ပြန်လည်ရောက်ရှိမလာရန် 'ဝါဂျိဗ်'ဖြစ်သည်။ *[ကုရ်သုဗီးကျမ်း]*

အလိုသဘောမှာ 'သေပြီးနောက် 'သောင်ဗာဟ်'အများဝန်ခံ တောင်းပန်ခြင်း၏ တံခါးပိတ်သွားပြီဖြစ်သည်။ အကယ်၍ လူတစ်ဦးသည် လောက၌ ပြန်လာပြီး ကောင်းမှုကိုယ်ကျင့်တရားများ ပြုကျင့်လိုသည်ဟု ဆိုပါက ထိုသူ့အဖို့ အခွင့်အရေးမရှိတော့ပေ။ ယခုမှာမူ 'ကေယာမသ်'၏ သက်တမ်းသာ ရှိပေတော့မည်။

حَتّٰى إِذَا فُتِحَتْ يَأْجُوجُ وَمَأْجُوجُ وَهُمْ مِنْ كُلِّ حَدَبٍ يَنْسِلُونَ

ဟူသော စာလုံးသည် ပြီးခဲ့သည့် အကြောင်းအရာကို ရှင်းလင်းခြင်းနှင့် အစဦတကျဖြစ်ရန် ညွှန်ပြသည့် စာလုံးဖြစ်သည်။ တင်ပြပြီးခဲ့သည့် အာယသ်တော်တွင် 'ကုဖ္ဖရ်'အဖြစ်နှင့် သေဆုံးခဲ့သူတို့သည် အသက်ပြန်ရှင်၍ လောက၌ ပြန်လာကြရန် မဖြစ်နိုင်ပေဟု လာရှိထားသည်။ ထိုမဖြစ်နိုင်ခြင်း၏ ဆုံးခန်းမှာ 'ကေယာမသ်'နေ့၏ အနီးကပ်ဆုံး လက္ခဏာတစ်ခုဖြစ်သည့် 'ယအ်ဂျူးဂျ်'၊ 'မအ်ဂျူးဂျ်'တို့၏ ဖြစ်ရပ်မဖြစ်ပေါ်သရွေ့ဟု သတ်မှတ်ထားသည်။ ဆွဟီးဟ်မွတ်စ္စလင်မ်ကျမ်း၌ ဟဇရသ်ဟုဇိုင်ဖာဟ် ﷺ မှ ဆင့်ပြန်ချက် လာရှိသည်မှာ 'တစ်နေ့သ၌ ကျွန်ုပ်တို့ အချို့သောဆွဟာဗာတို့သည် စကားဝိုင်းတစ်ခု ဖြစ်နေကြသည်။ ထိုစဉ် တမန်တော်မြတ် ﷺ ရောက်ရှိလာပြီး 'အသင်တို့ မည်သည့်အကြောင်းများ ပြောဆိုဆွေးနွေးနေကြပါသနည်း'ဟု မေးမြန်းတော်မူသည်။ ထိုအခါ ကျွန်ုပ်တို့က 'ကေယာမသ်'အကြောင်း ပြောဆိုနေကြပါသည်'ဟု လျှောက်ထားကြသည်။ တမန်တော်မြတ် ﷺ က 'ကေယာမသ်'သည် (၁၀) မျိုးသော နိမိတ်လက္ခဏာများ မပေါ်မချင်း ဖြစ်မည်မဟုတ်။ ထိုနိမိတ်လက္ခဏာ (၁၀) မျိုးတွင် 'ယအ်ဂျူးဂျ်'၊ 'မအ်ဂျူးဂျ်'တို့ ထွက်ပေါ်လာခြင်းသည်လည်း အပါအဝင်ဖြစ်သည်'ဟု မိန့်ကြားတော်မူခဲ့သည်။

အာယသ်တော်တွင် 'ယအ်ဂျူးဂျ်'၊ 'မအ်ဂျူးဂျ်'တို့အတွက် **فُتِحَتْ** ဖွင့်ဆိုခြင်းဟူသော စာလုံးကို သုံးနှုန်းထားသည်။ ၎င်း၏ အပေါ်ယံ ပေါ်လွင်သည့် အဓိပ္ပာယ်မှာ 'ထိုအချိန်မတိုင်မီက ၎င်းတို့သည် အချုပ်အနှောင် ပိတ်ပင်မှု တစ်စုံတစ်ရာအတွင်း၌ နေကြရပေမည်။ ထို့နောက် 'ကေယာမသ်'နေ့ နီးကပ်လာသည့်အခါ အလ္လာဟ်အသျှင်မြတ်၏ အလိုတော်ရှိသည့်အချိန်တွင် ၎င်းတို့အဖို့ ထိုအချုပ်အနှောင် ပိတ်ပင်မှုကို အသျှင်မြတ်က ဖယ်ရှားပေးတော်မူလိမ့်မည်' ဟု ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ ထင်ရှားသော အဓိပ္ပာယ်အရ ဤပိတ်ပင်ထားမှုသည် 'ဇုလ်ကရ်နိုင်းန်'၏ ပိတ်ပင်မှု ဖြစ်သည်။ 'ကေယာမသ်' နီးကပ်လာသောအခါ ထိုပိတ်ပင်မှု ပြီးဆုံးသွားလိမ့်မည်။ ဆိုလိုသည်မှာ ကနဦးမှပင် ပိတ်ပင်မှု အတားအဆီးမှာ ကျိုး၍ ပွင့်သွား ပြီးလည်း ဖြစ်နိုင်သည်။ သို့ရာတွင် ၎င်းတို့အဖို့ ထိုအချိန်ရောက်ရှိမှသာ လုံးဝဥဿုံ လမ်းရှာတွေ့ကြမည် ဖြစ်သည်။

مِنْ كُلِّ حَدَبٍ يَنْسِلُونَ

حَدَب သည် ကြီးသော တောင်ဖြစ်စေ၊ တောင်ကုန်းငယ်ဖြစ်စေ မြင့်သော နေရာတိုင်းကို ခေါ်ဆိုသည်။ စူရာဟ်ကဟဖ်တွင် 'ယအ်ဂျူးဂျ်'၊ 'မအ်ဂျူးဂျ်'တို့၏ နေရာကို ညွှန်ပြထားချက်အရ သိရှိရသည်မှာ ၎င်းတို့သည် ကမ္ဘာ့မြောက်ဘက်ခြမ်းရှိ တောင်တန်းကြီးများ၏ နောက်တွင် ရှိနေကြသည်။ ထို့ကြောင့် ၎င်းတို့ ထွက်ပေါ်လာမည့်အချိန်တွင် ထိုကမ္ဘာ့မြောက်ဘက်ခြမ်းရှိ တောင်များ၊ ကုန်းမြင့်များမှ ဆင်းလာကြမည်ကို တွေ့မြင်ရပေမည်။

اِنَّكُمْ وَمَا تَعْبُدُ وْ نَ مِنْ دُ وْ نِ اللهِ حَصَبُ جَهَنَّمَ

အသင်တို့နှင့်အတူ (အလ္လာဟ်အသျှင်မြတ်မှအပ) အသင်တို့၏ ကိုးကွယ်ရာများအားလုံးတို့သည် 'ဂျဟန္နမ်'၏ လောင်စာထင်းများ ဖြစ်ကြပေလိမ့်မည်။ ဤအာယသ်တော်တွင် ကာဖိရ်တို့၏ အုပ်စုအမျိုးမျိုးတို့မှ လွဲမှားစွာ ပြုလုပ်ကိုးကွယ်ကြသည့် ကိုးကွယ်ရာအားလုံးတို့သည် 'ဂျဟန္နမ်'ငရဲဘုံသို့ ဆိုက်ရောက်ရမည်ဆိုသည့်အကြောင်း ဖော်ပြထားသည်။ ဤဖော်ပြချက်အပေါ် ဟဇရသ်မစီးဟ် عليه السلام ၊ ဟဇရသ်အုဇိုင်ရ် عليه السلام နှင့် ဖရစ်ရှ်သာဟ်အားလုံးတို့သည်လည်း 'ဂျဟန္နမ်'သို့ပင် သွားရမည်လော' ဟူသော သံသယ၏ မေးခွန်းတစ်ခု ဖြစ်လာသည်။

ထိုမေးခွန်းကို ဟဇရသ်အိဗ်နေအဗ္ဗားစ် ؓ သခင်က ကုရ်သုဗီကျမ်း၌ ဖြေကြားထားသည်မှာ 'ကုရ်အာန်ကျမ်းတော်မြတ်တွင် လူတို့အား သို့လောသို့လော ဒွိဟသံသယဖြစ်စေသော အာယသ်တော်တစ်ပိုဒ်ရှိသည်။ သို့သော်လည်း လူတို့သည် ထိုအာယသ်တော်နှင့် စပ်လျဉ်း၍ ကျွန်ုပ်အား မေးမြန်းခြင်း မရှိကြပေ။ သို့လော၊ သို့လော ဒွိဟသံသယဖြစ်ရခြင်း၏ အဖြေကို သိရှိသွား၍ မမေးမြန်းခြင်း ဖြစ်ပါသလော။ (သို့) ၄င်းတို့သည် ဒွိဟသံသယနှင့် အဖြေဆိုသည်ကို အာရုံပင် မရှိကြ၍လော' ဟူ၍ ကျွန်ုပ်မသိပါ'ဟု ပြောဆိုသည်။ ထိုအခါ လူတို့က 'ဤသည် မည်သည့်အာယသ်တော်ပါနည်း'ဟု မေးမြန်းကြရာ အိဗ်နေအဗ္ဗားစ် ؓ သခင်က ထိုအာယသ်တော်သည်

اِنَّكُمْ وَمَا تَعْبُدُ وْ نَ

ဖြစ်သည်။ ဤအာယသ်တော် ကျရောက်လာသည့်အခါ ကာဖိရ်တို့သည် အလွန်အမင်း မကျေနပ်မှုများ ဖြစ်ကြသည်။ 'ဤသည် ကျွန်ုပ်တို့၏ ကိုးကွယ်ရာများအပေါ် အပြင်းအထန် သိက္ခာကျစေခြင်းဖြစ်သည်' ဟု ဆို၍ ၄င်းတို့သည် အဟ်လိကိသာဗ်တို့၏ ပညာရှင်ဖြစ်သော အိဗ်နေဇဗ်အရီထံ သွားရောက်ကာ ထိုအကြောင်းကို တိုင်တန်းကြသည်။ ထိုအခါ ၄င်းက 'ကျွန်ုပ်သာ ထိုနေရာ၌ရှိလျှင် ၄င်းပြောဆိုသည့် စကား၏ အဖြေကို ကျွန်ုပ်ပေးလိုက်မည်သာ ဖြစ်သည်' ဟု ပြောရာ လူတို့က 'မည်သို့ အဖြေပေးပါမည်နည်း'ဟု မေးမြန်းကြသည်။ ၄င်းက 'နဆ္ဖရာတို့သည် ဟဇရသ်မစီးဟ် عليه السلام အားလည်းကောင်း၊ ယဟူဒီတို့သည် ဟဇရသ်အုဇိုင်ရ် عليه السلام အားလည်းကောင်း ခဝပ်ဆည်းကပ်သူများ ဖြစ်သည်။ ၄င်းတို့နှင့် စပ်လျဉ်း၍ အသင်မည်သို့ ပြောဆိုမည်နည်း။ (နအူဇုဗိလ္လာဟ်၊ ၄င်းတို့သည်လည်း 'ဂျဟန္နမ်'၌ သွားကြရမည်လော) ဟု မေးရန်ဖြစ်သည်'ဟု ဖြေကြားလေသည်။ ကုရိုင်ရှ်တို့သည် ထိုစကားကို ကြားရပြီး 'မုချကေန် မိုဟမ္မဒ် ﷺ သည် ထိုစကားအပေါ် အဖြေပေးနိုင်မည်မဟုတ်' ဟူ၍ အပျော်ကြီး ပျော်သွားကြလေသည်။

ထိုအဖြစ်အပျက်အပေါ် အလ္လာဟ်အသျှင်မြတ်သည် အောက်ပါအာယသ်တော်ကို ချပေးတော်မူလိုက်သည်။

إِنَّ الَّذِيْنَ سَبَقَتْ لَهُمْ مِّنَّا الْحُسْنٰى أُولٰئِكَ عَنْهَامُبْعَدُوْنَ

'ငါအသျှင်မြတ်ဘက်တော်မှ ကောင်းကျိုးပြုခံရသူတို့သည် 'ဂျဟန္နမ်'အပယ်ငရဲဘုံနှင့် အလွန်တရာ ဝေးလံစွာ ရှိကြပေလိမ့်မည်။'

ထိုအိဗ်နေဇဗ်အရီနှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်းတော်မြတ်တွင် အောက်ပါအာယသ်တော် ကျရောက်ခဲ့သည်။

ولمّا ضُرب ابن مريم مثلا اذ اقومك منه يصدون

'အိဗ်နေဇဗ်အရီသည် ဟဇရသ်အိဗ်နေမရ်ယမ်၏ ပုံသဏ္ဌာန်ကို တင်ပြသည့်အခါ ၎င်း၏ အမျိုးသားများဖြစ်သော ကုရိုက်ရှ်တို့သည် ပျော်ရွှင်စွာဖြင့် ဟစ်အော်ကြလေသည်။

لَا يَحْزُنُهُمُ الْفَزَعُ الْاَكْبَرُ

ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်က မိန့်ဆိုသည်မှာ فزع اكبر ၏ အလိုသဘောမှာ သူသေအားလုံးကို ပြန်လည်ရှင်ထ၍ စာရင်းစစ်ဆေးခံရန် ရပ်သည်။ ဒုတိယ 'စူရ်'မှုတ်ခြင်းကို ခေါ်ဆိုသည်။ အချို့ပုဂ္ဂိုလ်များက ပထမ 'စူရ်'မှုတ်ခြင်းကို فزع اكبر ဟု ခေါ်ဆိုသည်ဟု ဆိုကြသည်။ အိဗ်နေအရဗီ၏ အဆိုမှာ 'စူရ်' (၃) ကြိမ် မှုတ်လိမ့်မည်။ ပထမမှုတ်ခြင်းကို نفخة فزع (နဖ်ခဒေဖဇအ်) ဟု ခေါ်ဆိုပြီး ထို 'စူရ်'မှုတ်ခြင်းကြောင့် တစ်လောကလုံးရှိ လူများ ကြောက်ရွံ့ထိတ်လန့်ကြပေလိမ့်မည်။ ထိုသို့ ကြောက်ရွံ့ထိတ်လန့်ခြင်းကိုပင် فزع اكبر ဟု ခေါ်ဆိုသည်။ ဒုတိယ 'စူရ်' မှုတ်ခြင်းကို نفخة صعق 'နဖ်ခအေဆွအိက်'ဟု ခေါ်ဆိုသည်။ တတိယ 'စူရ်'ကို نفخه بعث ဟု ခေါ်သည်။ ထို 'စူရ်'မှုတ်ခြင်းကြောင့် သူသေများအားလုံး ရှင်လာကြပေလိမ့်မည်။ ထိုဟဒီးစ်၏ 'ရှဟာဒသ်'ကို မွတ်စနဒ်အဘူယအ်လာ၊ ဗိုင်ဟကီ၊ အဗ်ဒ်အိဗ်နေဟုမိုင်ဒ်၊ အဘူရှိုက်ခ်နှင့် အိဗ်နေဂျရီးရ်သွမ်ရီ စသည်တို့က ဟဇရသ်အဘူဟူရိုင်ရာဟ် ﷺ သခင်၏ ဟဒီးစ်တော်တစ်ရပ်ကို ဆင့်ပြန်ခဲ့ကြသည်။ *[မဇ္ဇဟရီကျမ်း]*

يَوْمَ نَطْوِى السَّمَاءَ كَطَيِّ السِّجِلِّ لِلْكُتُبِ

سجل ၏ အဓိပ္ပာယ်ကို ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ ထံမှ ဆွဟီဖဟ်ဟု ဖွင့်ဆိုကြောင်း ဆင့်ပြန်ခဲ့သည်။ အလီဗင်နိသွလ်ဟဟ်၊ အောင်ဖီ၊ မုဂျာဟီဒ်နှင့် ကသာဒဟ် စသည်တို့ကလည်း ဤအတိုင်းပင် အဓိပ္ပာယ်ကောက်ယူကြသည်။ အိဗ်နေဂျရီးရ်နှင့် အိဗ်နေကစီးရ် စသည်တို့ကလည်း ဤအဓိပ္ပာယ်ကိုပင် ရွေးချယ်ခဲ့ကြသည်။ كتب သည် ဤနေရာတွင် المكتوب ၏ အဓိပ္ပာယ်ဖြစ်သည်။ သို့ရှိရာ အာယသ်

တော်၏ အဓိပ္ပာယ်မှာ ဆွဟီဖ်ကျမ်းငယ်သည် မိမိအတွင်း၌ ရေးသားထားသည်များနှင့်အတူ လိပ်ခေါက်ခြင်းခံရသကဲ့သို့ မိုးကောင်းကင်ကို လိပ်ခေါက်ပစ်တော်မူမည်'ဟု ဖြစ်သည်။

سجل နှင့် စပ်လျဉ်း၍ အခြားဆင့်ပြန်ချက်တွင် ဖရစ်ရှိသာဟ် (သို့) လူတစ်ဦး၏ အမည်ဟု ဖြစ်သည်။ မုဟဒ်ဒီးစ် ဟဒီးစ်ပညာရှင်များတွင် အတည်မဟုတ်ပေ။

အာယသ်တော်၏ အလိုသဘောနှင့် စပ်လျဉ်း၍ ဆွဟီးဟ်ဘိုခါရီကျမ်းတွင် ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်န် အုမရ် ﷺ သခင်၏ ဆင့်ပြန်ချက် လာရှိသည်မှာ တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ 'အလ္လာဟ်အသျှင်မြတ်သည် 'ကေယာမသ်'နေ့၌ မြေအားလုံးနှင့် မိုးအားလုံးတို့ကို လိပ်၍ မိမိ၏ လက်တော်၌ ထားတော်မူသည်။ အိဗ်နေအဘီဟာသင်မ်က မိမိ၏ စနဒ်ဖြင့် ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ ထံမှ ဆင့်ပြန်ခဲ့သည်မှာ 'အလ္လာဟ်အသျှင်မြတ်သည် 'ကေယာမသ်'နေ့တွင် မိုးခုနစ်ထပ်ကို ၄င်းတို့အတွင်းရှိ သတ္တဝါအားလုံးနှင့်အတူတကွသော်လည်းကောင်း၊ မြေခုနစ်ထပ်ကို ၄င်းတို့၏ သတ္တဝါအားလုံးတို့နှင့် အတူတကွသော်လည်းကောင်း လိပ်၍ တစ်နေရာ၌ ထားတော်မူမည်။ ထိုအရာအားလုံးတို့သည် အလ္လာဟ်အသျှင်မြတ်၏ လက်တော်တွင် နှမ်းစေ့တစ်စေ့မျှသာ ဖြစ်ပေမည်။

وَلَقَدْ كَتَبْنَا فِي الزَّبُوْرِ مِنْ بَعْدِ الذِّكْرِ اَنَّ الْاَرْضَ يَرِثُهَا عِبَادِيَ الصّٰلِحُوْنَ

زبور ဟူသည့် စာလုံးသည် **زُبُر** ၏ အများကိန်းဖြစ်သည်။ အဓိပ္ပာယ်မှာ ကျမ်းဖြစ်သည်။ 'ဇဗူရ်'သည် ဟဇရသ်ဒါဝူးဒ် ﷺ အပေါ်၌ ချပေးသော ကျမ်း၏အမည်လည်း ဖြစ်သည်။ ဤနေရာတွင် **زبور** 'ဇဗူရ်'၏ အလိုသဘောနှင့် စပ်လျဉ်း၍ ကွဲလွဲသော အဆိုများရှိသည်။ ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်န် အဗ္ဗားစ် ﷺ သခင်၏ ဆင့်ပြန်ချက်တစ်ရပ်တွင် **ذِكر** ၏ အလိုသဘောမှာ အာယသ်တော်တွင် **تورات** 'သောင်ရားသ်'ဟု ဖြစ်သည်။ **زبور** 'ဇဗူရ်'၏ အလိုသဘောမှာ 'သောင်ရားသ်'ကျမ်း၏ နောက်တွင် ကျလေသမျှသော ကျမ်းအားလုံးကို ဆိုလိုသည်။ 'အင်န်ဂျီးလ်'၊ 'ဇဗူရ်'၊ ကုရ်အာန်တို့ ဖြစ်သည်။ ဤဖွင့်ဆိုချက်ကိုပင် ဒ္ဒဟ်ဟာက်ထံမှလည်း ဆင့်ပြန်ခဲ့သည်။ အိဗ်နေဇိုက်ဒ်က မိန့်ဆိုသည်မှာ **ذكر** 'ဇိက်ရ်'၏ အလိုသဘောမှာ **لوح محفوظ** 'လောင်ဟေမဟ်ဖူးဇ်' ဖြစ်ပြီး **زبور** 'ဇဗူရ်'၏ အလိုသဘောမှာ နဗီတမန်တော်အားလုံးတို့ထံ၌ ကျရောက်ခဲ့သော ကျမ်းအားလုံးကို ဆိုလိုသည်။ ဇိုဂျားဂျ်ကလည်း ဤအဆိုကိုပင် လက်ခံခဲ့သည်။ *[ရှုဟွလ်မအာနီကျမ်း]*

ဤနေရာတွင် **الارض** (မြေကြီး) ၏ အလိုသဘောမှာ ပညာရှင်အများစုတို့ထံတွင် 'ဂျန္နသ်'မြေကို ဆိုလိုခြင်းဖြစ်သည်။ အိဗ်နေဂျရီးရ်က အိဗ်နေအဗ္ဗားစ် ﷺ ထံမှ ဤဖွင့်ဆိုချက်ကို ဆင့်ပြန်ခဲ့သည်။

ဤသဖ်စီးရ်ဖွင့်ဆိုချက်ကိုပင် မုဂျာဟိဒ်၊ အိဗ်နေဂျုဗိုင်းရ်၊ အိက္ကရိမဟ်၊ စဒီ နှင့် အဘွလ်အာလီယဟ်တို့က လည်း ဆင့်ပြန်ခဲ့ကြသည်။ အေမာမ်ရာဇီ (ရဟ) က 'ကုရ်အာန်ကျမ်းမြတ်၏ အခြားအာယသ်တော်တစ်ပိုဒ် သည် ၄င်းအား ထောက်ခံနေပေသည်။ ၄င်းအာယသ်တော်မှာ

وَاوْ رَثْنَا الْاَرْضَ نَتَبَوَّ اُ مِنَ الْجَنَّةِ حَيْثُ تَشَاءِ

ဖြစ်သည်ဟု ဆိုသည်။ အာယသ်တော်မှ မိန့်ဆိုချက်၏ အလိုသဘောမှာ ဤမြေကြီး၏ အမွေခံသည် ကောင်းမြတ်သော သူများ ဖြစ်လိမ့်မည်ဟု ဆိုလိုသည်။ တစ်ဖန် မြေကြီးဟု ဆိုရာ၌ 'ဂျန္နသ်'၏ မြေကြီးကို ပင် ဆိုလိုခြင်းဖြစ်ပေမည်။ လောက၏ မြေနှင့် ပတ်သက်၍မူ အမွေစားအမွေခံသည် ကာဖိရ်၊ မွတ်စ္စလင်မ် နှစ်အုပ်စုလုံး ဖြစ်ကြသည်။ တစ်ဖန် ဤနေရာတွင် 'ကေယာမသ်'နေ့ပြီးနောက် ကောင်းမြတ်သူ တို့၏ အမွေခံမြေအကြောင်းကို တင်ပြနေခြင်းဖြစ်ရာ 'ကေယာမသ်'ပြီးနောက် 'ဂျန္နသ်'၏မြေမှအပ အခြား မည်သည့်မြေမျှ မရှိပေ။

ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်၏ အခြားဆင့်ပြန်ချက်တစ်ရပ်၌ မြေဟူသည်မှာ မြေဟူသမျှ တို့ကို ဆိုလိုခြင်းဖြစ်သည်။ လောက၏ မြေကိုလည်း ဆိုလိုသည်။ 'ဂျန္နသ်'၏မြေကိုလည်း ဆိုလိုသည်။ 'ဂျန္နသ်'၏ မြေမှာမူ ကောင်းမြတ်သူ အုပ်စုအတွက်သာ အမွေခံဖြစ်ပြီး လောက၏ မြေ၏ အမွေခံဖြစ်ခြင်း တွင်လည်း ကုရ်အာန်ကျမ်းတော်မြတ်၏ နေရာအမြောက်အမြားတွင် ဖော်ပြထားသကဲ့သို့ ကောင်းမြတ်သူ မုအ်မင်န်များအတွက် သတ်မှတ်ထားသည့်အချိန် ကာလတစ်ခုရှိနေပေသည်။ အာယသ်တော်တစ်ပါးမှာ

ان الاَرض لله يوِ رثها منْ يشماء مِنْ عباد ه والعا قبّة اللمتقين

ဖြစ်ပြီး အခြားအာယသ်တော်မှာ-

وعد الله الذين امنوا منكم وعملوا الصلحت لَيَسْتَخْلِفَنَّهُمْ فى الارض

ဟူ၍ ဖြစ်ပြီး အခြားအာယသ်တော်တစ်ပါးတွင်

انا لننصر رسلناوالذينَ امنو فى الحيوة الد نيا ويوم يقومَ الاشْها د

ဟု ဖြစ်သည်။ ကောင်းမြတ်သော မုအ်မင်န်၊ မွတ်စ္စလင်မ်များ ဤကမ္ဘာကြီးတွင် ကောင်းမြတ်ခြင်း များဖြင့် အမွေခံဖြစ်ခြင်းသည် ပထမတစ်ကြိမ် ဖြစ်ခဲ့ပြီးလေပြီ။ ကာလအတန်ကြာ ဤသို့ ရှိခဲ့ခြင်းဖြစ် သည်။ တစ်ဖန် အေမာမ်မဟ်ဒီ၏ ခေတ်အခါတွင်လည်း ဤသို့ တစ်ဖန်ဖြစ်ကြရပေဦးမည်။

[အိဗ်နေမအာနီကျမ်း၊ အိဗ်နေကစီးရ်ကျမ်း]

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

إِنَّ فِي هَٰذَا لَبَلَاغًا لِّقَوْمٍ عَابِدِينَ ﴿١٠٦﴾

၂၁ : ၁၀၆ ။ ။ စင်စစ်မလွဲ ဤ (ကုရ်အာန်ကျမ်းတော်) ၌ ခဝပ်ကိုးကွယ် ဆည်းကပ်သောသူတို့အဖို့ အမှန်ပင် (ရှင်းလင်းသော) အကြောင်းကြားချက်သည် ရှိပေသည်။

وَمَا أَرْسَلْنَاكَ إِلَّا رَحْمَةً لِّلْعَالَمِينَ ﴿١٠٧﴾

၂၁ : ၁၀၇ ။ ။ စင်စစ် (အို၊ နဗီတမန်တော်) ငါအသျှင်မြတ်သည် အသင့်အား စကြဝဠာ ခပ်သိမ်းတို့အဖို့ ကရုဏာတော်အဖြစ်နှင့်သာလျှင် စေလွှတ်တော်မူခဲ့လေသည်။

قُلْ إِنَّمَا يُوحَىٰ إِلَيَّ أَنَّمَا إِلَٰهُكُمْ إِلَٰهٌ وَاحِدٌ ۖ فَهَلْ أَنتُم مُّسْلِمُونَ ﴿١٠٨﴾

၂၁ : ၁၀၈ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား၊ အချင်းတို့) 'ငါ့ထံသို့ ထုတ်ပြန်သည့် 'ဝဟီ' အမိန့်တော်သည် 'တစ်ဆူတည်းသော ကိုးကွယ်ရာ အသျှင်မြတ်သည်သာလျှင် အသင်တို့၏ ကိုးကွယ်ရာအသျှင်မြတ် ဖြစ်သည်' ဟူသော 'ဝဟီ'အမိန့်သာဖြစ်၏။ သို့ဖြစ်ပေရာ 'အသင်တို့သည် (အမိန့်တော်ကို နာခံသူ) မွတ်စ္စလင်မ်များ ဖြစ်ကြမည်လော' ဟု ပြောဆို (မေးမြန်း) ပါလေ။

فَإِن تَوَلَّوْا فَقُلْ آذَنتُكُمْ عَلَىٰ سَوَاءٍ ۖ وَإِنْ أَدْرِي أَقَرِيبٌ أَم بَعِيدٌ مَّا تُوعَدُونَ ﴿١٠٩﴾

၂၁ : ၁၀၉ ။ ။ သို့ပါလျက် အကယ်၍ ၎င်းတို့သည် မျက်နှာလွဲ ငြင်းဆန်ခဲ့ကြပါလျှင် အသင်သည် (၎င်းတို့အား၊ အချင်းတို့) 'ငါသည် အသင်တို့အား အတိအလင်း အသိပေး (ကြေညာ) ခဲ့ပြီးဖြစ်သည်။ အသင်တို့ (ကတိပေး) ချိန်းချက်ခြင်း ခံကြရသော ကိစ္စ (ပြစ်ဒဏ်) သည် နီးသည်၊ ဝေးသည်ကိုမူ ငါမသိ' ဟု ပြောကြားပါလေ။

إِنَّهُ يَعْلَمُ الْجَهْرَ مِنَ الْقَوْلِ وَيَعْلَمُ مَا تَكْتُمُونَ ﴿١١٠﴾

၂၁ : ၁၁၀ ။ ။ စင်စစ်မလွဲ ထိုအသျှင်မြတ်သည် (အသင်တို့၏) ထင်ရှားစွာ ပြောဆိုချက်ကိုလည်း သိရှိတော်မူ၏။ ထို့နည်းတူစွာ ထိုအသျှင်မြတ်သည် အသင်တို့ လျှို့ဝှက် (ထိမ်ချန်) ထားကြသည်ကိုလည်း သိရှိတော်မူပေသည်။

وَإِنْ أَدْرِي لَعَلَّهُ فِتْنَةٌ لَّكُمْ وَمَتَاعٌ إِلَىٰ حِينٍ ﴿١١١﴾

၂၁ : ၁၁၁ ။ ။ ထို့ပြင် ယင်းချိန်းချက်မှု (ကို ဆောလျင်စွာ ပြုတော်မမူဘဲ၊ ဆိုင်းငံ့၍ ထားတော်မူခြင်း) သည် အသင်တို့အား စမ်းသပ်ခြင်း ဖြစ်တန်ရာသည်။ သတ်မှတ်ထားသော အချိန်ကာလတိုင်အောင်၊ အကျိုးကျေးဇူး ခံစားခွင့် ပေးထားခြင်းလည်း ဖြစ်တန်ရာသည်။ ငါသည် အတိအကျ မသိပေ။

قَٰلَ رَبِّ ٱحْكُم بِٱلْحَقِّ ۗ وَرَبُّنَا ٱلرَّحْمَٰنُ ٱلْمُسْتَعَانُ عَلَىٰ مَا تَصِفُونَ ﴿١١٢﴾

၂၁ : ၁၁၂ ။ ။ (နဗီတမန်တော်မြတ်သည် ဤသို့) လျှောက်ထားပန်ကြားခဲ့လေသည်။ 'အို, ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၊ အသျှင်မြတ်သည် မှန်ကန်စွာ စီရင်ဆုံးဖြတ်၍ ပေးသနားတော်မူပါ။ စင်စစ် ငါတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် 'ရဟ်မာန်' အနန္တကရုဏာတော်ရှင် ဖြစ်တော်မူပေသည်။ ထိုအသျှင်မြတ်သည် အသင်တို့ ထုတ်ဖော်ပြောဆိုကြကုန်သော အကြောင်းအရာများနှင့် စပ်လျဉ်း၍ အကူအညီတောင်းခြင်းကို ခံရတော်မူသော အသျှင်မြတ်လည်း ဖြစ်တော်မူပေသည်။'

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ကေန်မုချ ဤ (ကုရ်အာန်၌လည်းကောင်း၊ သို့မဟုတ် တင်ပြခဲ့သော စူရာဟ်) တွင် 'အေဗာဒသ်' ခံ၀ပ်ကိုးကွယ် ဆည်းကပ်မှုပြုသူများအတွက် ပြည့်စုံသော အကြောင်းအရာများ ရှိပေသည်။ (၎င်းတို့သည် 'အေဗာဒသ်'နှင့် အမိန့်နာခံသူတို့အပေါ် ဆိုးသွမ်းမှုပြုသူများ ဖြစ်သည်။ ဤ 'ဟေဒါယသ်' တရားလမ်းညွှန်ပြသခြင်းသည် ၎င်းတို့အတွက်လည်း ပါ၀င်ပေသည်။ သို့ရာတွင် ၎င်းတို့သည် 'ဟေဒါယသ်' တရားလမ်းမှန်ကို လိုလားတောင့်တသူများ မဟုတ်ကြပေ။ ထို့ကြောင့် ထို 'ဟေဒါယသ်'၏ အကျိုးကျေးဇူးမှ လက်မဲ့ဖြစ်နေခြင်းဖြစ်ပေသည်။) ထို့နောက် (အို, နဗီတမန်တော်) ငါအသျှင်မြတ်သည် အသင့်အား အခြားအကြောင်းကိစ္စတစ်ရပ်အတွက် (ရစူလ်တမန်တော် ခန့်အပ်) စေလွှတ်တော်မူခြင်း မဟုတ်ပေ။ သို့သော် ကမ္ဘာလောကသားတို့အပေါ် (မိမိ၏) ကရုဏာတော်များ ဖြန့်ချိရန်အတွက် စေလွှတ်တော်မူခြင်း ဖြစ်သည်။ (ထိုကရုဏာတော်ဆိုသည်မှာ လူတို့သည် ရစူလ်တမန်တော်ထံမှ ထိုအကြောင်းအရာများကို လက်ခံကြပေမည်။ ထို့နောက် 'ဟေဒါယသ်' ၏ အသီးအပွင့်များကို ရယူကြပေမည်။ ထိုသို့ ယူငင်ခြင်းမပြုသူမှာမူ ၎င်း၏ အပြစ်သာဖြစ်ပေမည်။ ထိုသူသည် ထိုအကြောင်းအရာနှင့် လုံး၀ပတ်သက်မည် မဟုတ်တော့ပေ။ အို, နဗီတမန်တော်) အသင်သည် ထိုသူတို့အား လိုရင်းတိုရှင်းစကားဖြင့် ထပ်ကာတလဲလဲ) ပြောကြားပါလေ။ ကျွန်ုပ်၏ ထံ၌မူ (တစ်ပါးတည်းအသျှင်မြတ်ကို ကိုးကွယ်ကြသူများနှင့် မုရှ်ရစ်ကဲ တုဖက်နိုင်းယှဉ်ကိုးကွယ်သူတို့အကြား အချင်းချင်း ကွဲလွဲမှုနှင့် စပ်လျဉ်း၍) ဤ '၀ဟီ' ဗျာဒိတ်တော်သာ ကျရောက်လာခဲ့သည်။

ဤဗျာဒိတ်တော်တွင် 'အသင်တို့၏ ကိုးကွယ်ဆည်းကပ်ရာ အသျှင်မြတ်သည် တစ်ပါးတည်းသာ ဖြစ်တော်မူသည်။ သို့ရှိရာ (ထိုအသျှင်မြတ် တစ်ပါးတည်းရှိကြောင်း အတည်ဖြစ်ပြီးနောက်) ယခု အသင်လက်ခံပါပြီလော။ (သို့)လက်မခံသေးပါသလော။ ဆိုလိုသည်မှာ ယခုပင် လက်ခံလိုက်တော့'ဟု ဖြစ်သည်) သို့တိုင်အောင်လည်း အကယ်၍ ၎င်းတို့သည် (ဤသို့ လက်ခံခြင်းကို) ခေါင်းမာနေဦးမည်ဆိုလျှင် အသင်သည် ၎င်းတို့အား (ဆုံးဖြတ်ချက်ပေးသည့်ပုံစံဖြင့်) ပြောကြားပါလေ။ ထိုစကားမှာ ကျွန်ုပ်သည် အသင့်တို့အား အလွန်ရှင်းလင်းပြတ်သားစွာ ပြောကြားခဲ့ပြီးဖြစ်သည်။ (ထိုပြောကြားခဲ့သည်များတွင် မြူမှုန်တစ်မှုန်

ခန့်မှု ထိန်ချန်ခဲ့ခြင်း မရှိ။ 'သောင်ဟီးဒ်'နှင့် အစ္စလာမ်၏ မှန်ကန်မှုများကိုလည်း တင်ပြခဲ့သည်။ ထိုအရာများကို ဆန့်ကျင်ငြင်းဆိုပါက အပြစ်ခံရမည်တို့ကိုလည်း ရှင်းလင်းပြတ်သားစွာ တင်ပြခဲ့ပြီးဖြစ်သည်။ ယခုမူ ကျွန်ုပ်အပေါ်၌ အမှန်တရား ပို့ချပေးခြင်း၏ တာဝန်မကျန်တော့ပြီ။ အသင်တို့အပေါ်၌လည်း မည်သည့်အကြောင်းပြချက်မျှ မကျန်တော့ပေ။ ထို့နောက် အကယ်၍ ('အသင်ပြောပြခဲ့သည့် အပြစ်ဒဏ်ခံရမည်ဆိုခြင်းများသည် အဘယ်ကြောင့် ဆိုက်ရောက်ခြင်း မရှိပါသနည်း' ဟူသော အချက်အပေါ် သံသယဖြစ်နေခြင်း ဖြစ်လျှင် အပြစ်ဒဏ်မှာမူ မုချ ရရှိကြပေမည်။ သို့ရာတွင်) အသင်တို့နှင့် ကတိပြုထားသည့် (အပြစ်ဒဏ်သည်) နီးကပ်စွာ (ဖြစ်ပေါ်လာမည်လော။) သို့မဟုတ် ရှည်လျားကြာညောင်းသည့် (ကာလတွင်မှ ကျရောက်မည်လော) ဆိုသည်ကိုမူ ကျွန်ုပ်မသိပါ။ (သို့ရာတွင် ထိုအကြောင်း ဖြစ်ပေါ်မည်မှာ မုချဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင်မြတ်သည် (အသင်တို့၏ ကျယ်လောင်စွာ ပြောဆိုခြင်းကိုလည်းကောင်း၊ အသင်တို့၏ စိတ်တွင်း၌ရှိသည်တို့ကိုလည်းကောင်း သိတော်မူသောအသျှင် ဖြစ်တော်မူသည်။)

'အဇာဗ်'ကျရောက်မလာသေးခြင်းအပေါ် ကြည့်၍ 'အဇာဗ်'အပြစ်ဒဏ် ကျရောက်ရန်မရှိဟူသော လှည့်ဖြားခြင်း၌ မနေကြလေနှင့်။ ဤသို့ 'အဇာဗ်'အပြစ်ဒဏ် ကျရောက်မလာသေးခြင်းသည် အသျှင်မြတ်၏ လျှို့ဝှက်ချက်ပင် ဖြစ်သည်။ ထိုလျှို့ဝှက်ချက်သည် အဘယ်အရာပါနည်း။) ဆိုသည်ကို ကျွန်ုပ်မသိပါ။ (သို့သော် ကျွန်ုပ်ပြောဆိုနိုင်သည်မှာ ဤ 'အဇာဗ်'အပြစ်ဒဏ် ကျရောက်မလာသေးခြင်းသည်) အသင်တို့အတွက် စာမေးပွဲ၊ ဆန်းစစ်မှုပင် ဖြစ်သည်။ (အသင်တို့သည် သတိတရား ရရှိလာပြီး အီမာန်ယူလာသူများဖြစ်ရန် မျှော်လင့်ချက်ပင်ဖြစ်ပေမည်။) ထို့နောက် အချိန်ကာလတစ်ခု (ကွယ်လွန်သေဆုံးသည့် အချိန်)တွင် အကျိုးသက်ရောက်စေရန် ဖြစ်သည်။ (မေ့လျော့မှု တိုးလာသည်နှင့်အမျှ 'အဇာဗ်'အပြစ်ဒဏ် ပို၍တိုးလာစေရန် ဖြစ်သည်။ ပထမအချက်ဖြစ်သည့် စာမေးပွဲ ဆန်းစစ်ခြင်းသည် 'ရဟ်မသ်'ကရုဏာတော်ဖြစ်သည်။ ဒုတိယအချက်ဖြစ်သည့် အသက်ကြီးရှင်ခြင်းနှင့် လွယ်ကူမှုများဖြစ်ပေါ်စေခြင်းတို့မှာ အပြစ်အစားပေးခြင်းဖြစ်သည်။ ထိုအကြောင်းအရာအားလုံးတို့ဖြင့်လည်း တရားလမ်းမှန် မရရှိသောအခါ) နဗီတမန်တော်မြတ် ﷺ သည် (အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ဖြင့်) အို၊ ကျွန်ုပ်တော်မျိုး၏ အမျိုးသားများအကြား (အမြဲတစေ) အမှန်တရားနှင့် ကိုက်ညီသည့် ဆုံးဖြတ်ချက်မျိုး ချပေးတော်မူပါ။ (ဆိုလိုသည်မှာ မွတ်စ္စလင်မ်တို့အား အောင်မြင်မှုနှင့် ကူညီစောင်မမှုများ ပေးမည်ဟု ကတိပြုထားသည်ကို လက်တွေ့ပေးသနားတော်မူပါ။ သို့မှသာ ၎င်းတို့အဖို့ ပို၍ ပြည့်စုံသည့် အထောက်အထားများ ရရှိကြပေမည်) ဟု တောင်းခံခဲ့သည်။ ထို့နောက် (တမန်တော်မြတ် ﷺ သည် ကာဖိရ်တို့အား မိန့်ကြားသည်မှာ) 'ကျွန်ုပ်၏ အသျှင်မြတ်သည် အလွန်တရာ သနားကြင်နာတော်မူသော 'ရဟ်မာန်' ကရုဏာတော်ရှင် ဖြစ်သည်။ အသင်တို့၏ မွတ်စ္စလင်မ်များ အလျင်အမြန် ပပျောက်သွားပါစေ' ဟူသော တောင်းခံခြင်းမျိုးနှင့် ဆန့်ကျင်၍ အကူအညီတောင်းခံသည့် အသျှင်မြတ် ဖြစ်ပေသည်။ (ကျွန်ုပ်တို့သည် ထို 'ရဟ်မာန်'မဟာကရုဏာတော်ရှင် ထံတော်၌သာ အသင်တို့နှင့် ဆန့်ကျင်၍ အကူအညီတောင်းခံကြပါသည်။)

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

وَمَا اَرْسَلْنٰكَ اِلَّا رَحْمَةً لِّلْعٰلَمِيْنَ

عالمين 'အာလမီးန်'သည် 'အာလမ်'၏ အများကိန်းဖြစ်သည်။ 'လောကအပေါင်း'ဟု အဓိပ္ပာယ်ရသည်။ ထိုလောကအပေါင်းတွင် လူ၊ ဂျင်န်၊ တိရစ္ဆာန်အပေါင်း၊ ကျောက်ဆောင်ကျောက်ခဲများနှင့် သစ်ပင်စသည့် အားလုံး ပါဝင်သည်။ တမန်တော်မြတ် ﷺ သည် ထိုအရာအားလုံးတို့အတွက် 'ရဟ်မသ်'ကရုဏာတော်ရှင်ဖြစ်သည်ဟု ဆိုခြင်းမှာ စကြဝဠာအပေါင်း၏ ဝိညာဉ်အစစ်ဆိုသည်မှာ 'အလ္လာဟ်အသျှင်မြတ်အား သတိရတသခြင်းနှင့် ထိုအသျှင်မြတ်အား ခဝပ်ကိုးကွယ်မှုပြုခြင်း'ပင် ဖြစ်သည်။ ထို့ကြောင့် ဤကမ္ဘာလောကမှ ဤဝိညာဉ်ထွက်သွားလျှင် ကမ္ဘာပေါ်တွင် 'အလ္လာဟ်၊ အလ္လာဟ်'ဟူ၍ တသခေါ်ဆိုမည့်သူ ရှိမည်မဟုတ်တော့ပေ။ သို့ရှိရာ ထိုအရာအားလုံးတို့၏ သေခြင်းတရား (သို့) 'ကေယာမသ်'နေ့ ဆိုက်ရောက်ပေတော့မည် ဖြစ်ပေသည်။

အလ္လာဟ်အသျှင်မြတ်အား တသခြင်းနှင့် 'အေဗာဒသ်'ပြုခြင်းတို့သည် ထိုအရာအားလုံးတို့၏ ဝိညာဉ်ဖြစ်ကြောင်း သိရှိပြီးဆိုလျှင် တမန်တော်မြတ် ﷺ သည် ထိုအရာအားလုံးတို့အတွက် 'ရဟ်မသ်'တော်ဖြစ်ကြောင်း အလိုအလျောက် ပေါ်လွင်သွားပေသည်။ အကြောင်းမှာ ဤကမ္ဘာလောကတွင် 'ကေယာမသ်'နေ့တိုင် အလ္လာဟ်အသျှင်မြတ်အား သတိရတသမှုနှင့် 'အေဗာဒသ်'ပြုခြင်းတို့သည် ကိုယ်တော်မြတ် ﷺ ၏ ဘဝသက်တမ်းနှင့် သင်ကြားပေးမှုတို့ကြောင့် ဖြစ်တည်ခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ 'ငါကိုယ်တော်သည် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ စေလွှတ်ခြင်းခံရသည့် 'ရဟ်မသ်' ကရုဏာတော်ပင် ဖြစ်သည်။'

ဟဇရသ်အိဗ်နေအုမရ် ﷺ သခင်က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် ﷺ မိန့်ကြားတော်မူသည်မှာ 'ငါကိုယ်တော်သည် အလ္လာဟ်အသျှင်မြတ် စေလွှတ်တော်မူသည့် 'ရဟ်မသ်'ဖြစ်သည်။ (အလ္လာဟ်အသျှင်မြတ်၏ အမိန့်နာခံသည့်) အုပ်စုတစ်စုကို မြင့်မားစေပြီး အခြားအုပ်စု (အလ္လာဟ်အသျှင်မြတ်၏ အမိန့်ဖီဆန်သူ) တို့ကို နှိမ့်ကျစေမည်' ဖြစ်သည်။ *[အိဗ်နေကာစီးရ်ကျမ်း]*

ဤဟဒီးစ်တော်အားဖြင့် သိရှိရသည်မှာ ကုဖွရ်နှင့် ရှရစ်က်တို့ကို ဖျက်သိမ်းရန် ကာဖိရ်များကို ရှုံးနိမ့်စေရန်နှင့် ၄င်းတို့အား ရင်ဆိုင်လျက် 'ဂျိဟာဒ်'ပြုခြင်းတို့သည် 'ရဟ်မသ်'အစစ်ဖြစ်ကြောင်း သိရှိရပေသည်။ ထိုသို့ပြုခြင်းကြောင့် သွေဖည်သူတို့သည် အသိတရား ရရှိလာပြီး အီမာန်နှင့် ကောင်းမှုကိုယ်ကျင့်တရားများ ပြုကျင့်လာကြရန် မျှော်လင့်ရပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

စူရာဟ် ဟဂ်ျ

ဟဂ်ျပြုခြင်းကဏ္ဍ

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

သနားကြင်နာ ညှာတာတော်မူသော အနန္တကရုဏာတော်ရှင် ဖြစ်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ နာမတော်ဖြင့် အစပြုပါ၏။

يٰۤاَيُّهَا النَّاسُ اتَّقُوْا رَبَّكُمْ ۚ اِنَّ زَلْزَلَةَ السَّاعَةِ شَیْءٌ عَظِیْمٌ ①

၂၂ : ၁ ။ ။ အို, လူခပ်သိမ်းတို့၊ အသင်တို့သည် မိမိတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်အား ကြောက်ရွံ့ရိုသေကြလေကုန်။ ကေန်စင်စစ် 'ကေယာမသ်'၏ မြေငလျင်လှုပ်ခြင်းသည် အလွန်ကြီးကျယ်သော (ကြောက်မက်ဖွယ်ကောင်းသည်) အရာပင် ဖြစ်ချေသည်။

يَوْمَ تَرَوْنَهَا تَذْهَلُ كُلُّ مُرْضِعَةٍ عَمَّاۤ اَرْضَعَتْ
وَتَضَعُ كُلُّ ذَاتِ حَمْلٍ حَمْلَهَا وَتَرَى النَّاسَ سُكٰرٰى
وَمَا هُمْ بِسُكٰرٰى وَلٰكِنَّ عَذَابَ اللّٰهِ شَدِيْدٌ ②

၂၂ : ၂ ။ ။ ယင်း (မြေငလျင်လှုပ်ခြင်း) ကို အသင်တို့ တွေ့မြင်ကြသော (ကေယာမသ်) နေ့တွင် နို့တိုက်ကျွေးလျက်ရှိနေသော မိခင်တိုင်းသည် မိမိ၏ နို့တိုက်လျက်ရှိသော ကလေးကို (လုံး၀) မေ့လျော့သွားပေမည်။ ၎င်းပြင် သန္ဓေရှိသူ (မိခင်လောင်း) တိုင်း၏ သန္ဓေသည်လည်း (ကြောက်ရွံ့ထိတ်လန့်ကာ) လျှောကျသွားကြပေမည်။ ထို့ပြင် အသင်သည် လူတို့အား မူးယစ်တွေဝေ မိန်းမောနေသူများအဖြစ် တွေ့မြင်ရပေမည်။ စင်စစ် ၎င်းတို့သည် မူးယစ်တွေဝေ မိန်းမောနေသူများ (အလျဉ်း) မဟုတ်ကြချေ။ အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်၏ အပြစ်ဒဏ်သည် လွန်စွာ ပြင်းထန်လှပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အို, လူသားအပေါင်းတို့၊ အသင်တို့သည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်အား ကြောက်ရွံ့ကြကုန်။ (အီမာန်ယုံကြည်ခြင်းနှင့် အမိန့်နာခံခြင်း ပြုကြကုန်။ အကြောင်းမှာ) ကေန်မလွဲ 'ကေယာမသ်'၏ မြေငလျင်လှုပ်ခါခြင်းသည် အလွန်တရာ ကြောက်မက်ဖွယ်ပင် ဖြစ်ပေမည်။ ('ကေယာမသ်'

နေ့သည် မုချဆိုက်ရောက်လာပေမည်။ ထိုနေ့၏ ပြင်းထန်မှုများမှ လွတ်ကင်းရန် သောကထားရမည်။ လွတ်ကင်းနိုင်မည့် နည်းလမ်းမှာ 'သက္ကဝါ'ပြစ်မှု ရှောင်ကြဉ်ခြင်းဖြစ်သည်။ ရှေ့၌ ဤလျင်၏ ပြင်းထန်မှုများကို ဖော်ပြထားသည်။) ထိုငလျင်လှုပ်ရမ်းသည့်နေ့ကို အသင်တို့ တွေ့မြင်ရသည့်နေ့တွင် နို့တိုက်ကျွေးသူမိခင်အားလုံးတို့၏ အခြေအနေမှာ (ကြောက်ရွံ့ထိတ်လန့်ခြင်းများကြောင့်) မိမိ၏ နို့ကို သောက်စို့နေသော ကလေးကိုပင် မေ့လျော့သွားကြပေမည်။ ကိုယ်ဝန်ဆောင်တိုင်းသည်လည်း (နေ့လ မစေ့သေးဘဲ) သန္ဓေလျှော ကျပေလိမ့်မည်။ ထို့နောက် အသင်သည် လူတို့အား မူးယစ်ရီဝေနေသူများအဖြစ် တွေ့ရပေလိမ့်မည်။ စင်စစ် ၎င်းတို့သည် မူးယစ်ရီဝေနေကြခြင်းကား (အလျဉ်း) မဟုတ်ပေ။ (အကြောင်းမှာ ထိုအချိန်တွင် မူးယစ်ရီဝေစေသည့် အရာသုံးစွဲခွင့် လုံးဝမရှိနိုင်သောကြောင့်ပင် ဖြစ်သည်။) သို့ရာတွင် အလ္လာဟ်အရှင်မြတ်၏ 'အဇာဗ်'အပြစ်ဒဏ်သည် အလွန်တရာ ပြင်းထန်လှပေသည်။ (ထို 'အဇာဗ်'ပြင်းထန်မှုကြောင့် ၎င်းတို့၏ အခြေအနေမှာ မူးယစ်ရီဝေနေသူများကဲ့သို့ ဖြစ်သွားကြရပေမည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

စူရာဟ်၏ ထူးခြားမှုများ

ဤစူရာဟ်သည် 'မက္ကီ' (မက္ကာဟ်၌ ကျရောက်သည့် စူရာဟ် သို့) 'မဒနီ' (မဒီနာမြို့၌ ကျရောက်သည့် စူရာဟ်) ဟူ၍ ဟဇရသ်အိဗ်နေအဗ္ဗားစ် ؓ ထံမှ ဆင့်ပြန်ချက်နှစ်မျိုးစလုံး ဆင့်ပြန်ခဲ့သည်။ အဖွင့်ပညာရှင်အများစု၏ အဆိုအရ ဤစူရာဟ်၏ အာယသ်တော်များသည် မက္ကာဟ်မြို့၌ ကျရောက်သည့် အာယသ်တော်များနှင့် မဒီနာမြို့၌ ကျရောက်သည့် အာယသ်တော်များဖြင့် ရောနှောနေသည့် စူရာဟ်ဖြစ်သည်။ ကုရ်သုဗီသခင်က ဤအဆိုကို အမှန်ဆုံးအဆိုဟု သတ်မှတ်ခဲ့သည်။ ထို့နောက် ဆက်လက်၍ မိန့်ဆိုသည်မှာ ဤစူရာဟ်၏ အံ့ဖွယ်ရာများမှာ အချို့အာယသ်တော်များသည် နေ့၌လည်းကောင်း၊ အချို့အာယသ်တော်များသည် ညဥ့်၌လည်းကောင်း၊ အချို့သည် ခရီး၌လည်းကောင်း၊ အချို့တို့သည် မြို့၊ ရွာ၊ နေအိမ်များ၌လည်းကောင်း၊ အချို့သည် မက္ကာဟ်မြို့၌လည်းကောင်း၊ အချို့တို့သည် မဒီနာမြို့၌လည်းကောင်း၊ အချို့သည် 'ဂျိဟားဒ်' စစ်ပွဲဆင်နွှဲနေစဉ်၌လည်းကောင်း ကျရောက်ခဲ့သောကြောင့် ဖြစ်သည်။ တစ်ဖန် ဤစူရာဟ်တွင် အချို့မှာ 'နာစိခ်' (ဖျက်သိမ်းသည့် အာယသ်) ဖြစ်သည်။ အချို့မှာ 'မန်စူခ်' (ဖျက်သိမ်းခြင်းခံရသော အာယသ်) ဖြစ်သည်။ အချို့မှာ 'မုသရှာဗိဟ်'များ ဖြစ်ပြီး အချို့မှာ 'မဟ်ကူမ်' ဖြစ်သည်။ ကျရောက်သည့် ပုံစံအမျိုးမျိုး ဤစူရာဟ်၌ ရောနှောနေသည်။

يَا يُّهَا النَّاسُ اتَّقُوْا رَبَّكُمْ

ဤအာယသ်တော်သည် ကိုယ်တော်မြတ် ﷺ အပေါ် ခရီးသွားနေစဉ် ကျရောက်လာခဲ့သည်။ ကိုယ်တော်မြတ် ﷺ သည် အသံကျယ် လောင်စွာ 'သေလာဝသ်'ပြုတော်မူလေသည်။ ထိုအခါ ခရီးဖော်

ဆွဟာဗာများသည် ကိုယ်တော်မြတ်၏ အသံကို ကြားရ၍ အနီးသို့ စုရုံးရောက်ရှိလာကြသည်။ ကိုယ်တော်မြတ် ﷺ သည် ဆွဟာဗာများအား 'ဤအာယသ်တော်၌ ဖော်ပြထားသည့် 'ကေယာမသ်'နေ့၏ 'ဇိလ်ဇိလဟ်' (ငလျင်) ဆိုသည်ကို အသင်တို့ သိကြပါသလော'ဟု မေးမြန်းတော်မူလိုက်သည်။ ဆွဟာဗာများက 'အလ္လာဟ် အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ ရဆူလ်သာ ပိုမို၍ သိရှိတော်မူပါသည်'ဟု လျှောက်ထားကြလေသည်။

ကိုယ်တော်မြတ် ﷺ က မိန့်ကြားတော်မူသည်မှာ 'ထိုနေ့သည် အလ္လာဟ်အသျှင်မြတ်က အာဒမ် عليه السلام အား 'ဂျဟန္နမ်'သို့ သွားရမည့်သူများအား ထစေတော့'ဟု အမိန့်ပေးသည့်နေ့တွင် ဖြစ်ပေမည်။ ထိုအခါ ဟဇရသ် အာဒမ် عليه السلام က 'ထို 'ဂျဟန္နမ်'ကျသူတို့သည် မည်သူများပါနည်း'ဟု မေးမြန်းလျှောက်ထားရာ အသျှင် မြတ်က မိန့်တော်မူမည်မှာ 'တစ်ထောင်တိုင်း၊ တစ်ထောင်တိုင်းတွင် (၉၉၉) ဦး ဖြစ်သည်'ဟု မိန့်ကြား တော်မူပေမည်။ ထို့နောက် ကိုယ်တော်မြတ် ﷺ က ဆက်လက်၍ မိန့်ကြားသည်မှာ ဤအချိန်သည် ကြောက်ရွံ့စိုးရိမ်ထိတ်လန့်မှုဖြင့် လူမမယ်ကလေးသည် အဖိုးအို ဖြစ်သွားမည်ဖြစ်သော အချိန်ဖြစ်သည်။ ဆွဟာဗာ များသည် ဤစကားကို ကြား၍ တုန်လှုပ်သွားကြတော့သည်။ ထို့ကြောင့် တမန်တော်မြတ် ﷺ အား 'အို၊ တမန်တော်မြတ်၊ ဤသို့ဆိုလျှင် ကျွန်ုပ်တို့အနက်မှ မည်သူများ လွတ်မြောက်ကြပါမည်နည်း' ဟု မေးမြန်း လျှောက်ထားကြရာ ကိုယ်တော်မြတ် ﷺ က 'အသင်တို့ သောကမဖြစ်ကြပါနှင့်။ 'ဂျဟန္နမ်' သွားမည့်သူများသည် 'ယအ်ဂျူးဂျ်'၊ 'မအ်ဂျူးဂျ်' လူမျိုးတို့မှ (၁၀၀၀) ဦးဆိုလျှင် အသင်တို့အနက်မှ တစ်ဦးဖြစ်ပေမည်။'

ဤအကြောင်းဟဒီးစ်ကို ဆွဟီးဟ်မွတ်စ္စလင်မ် စသည့်ကျမ်းများ၏ ဆင့်ပြန်ချက်တို့တွင် ဟဇရသ် အဘူစအီးဒ်ခွဒ်ရီ رضي الله عنه သခင်ထံမှ ဆင့်ပြန်ခဲ့သည်။ အချို့ဆင့်ပြန်ချက်များတွင် 'ထိုနေ့တွင် အသင်တို့သည် ဤကဲ့သို့ အုပ်စုနှစ်စုနှင့်အတူ ရှိမည်ဖြစ်သည်။ ယင်းအုပ်စုသည် မည်သည့်အုပ်စုနှင့် ယှဉ်သည်ဖြစ်စေ၊ အရေအတွက် အများဆုံးသာ ဖြစ်မည်။ တစ်ခုမှာ 'ယအ်ဂျူးဂျ်'၊ 'မအ်ဂျူးဂျ်'ဖြစ်ပြီး အခြားတစ်ခုမှာ အီဗ်လီးစ်နှင့် ၎င်း၏ သားမြေးများဖြစ်သည်။ ထို့နောက် လူသားများအနက် ယခင်က သေဆုံးခဲ့သူများ ဖြစ်ကြပေမည်။ (ထို့ကြောင့် (၉၉၉) တွင် အရေအတွက်အများဆုံးမှာ ၎င်းတို့သာ ဖြစ်ကြပေမည်။) သဖ်စီးရ်ကုရ်သုဗီ စသည့် ကျမ်းများတွင် ဤဆင့်ပြန်ချက်အားလုံးကို ဆင့်ပြန်ထားသည်။

'ကေယာမသ်' ၏ 'ဇလ်ဇလဟ်' (ငလျင်လှုပ်ခြင်း) မည်သည့်အခါ ဖြစ်မည်နည်း။

'ကေယာမသ်'၏ 'ဇလ်ဇလဟ်'သည် 'ကေယာမသ်'ဖြစ်နေချိန်နှင့် လူသားများ ပြန်လည်ရှင်ထပြီးနောက် ဖြစ်မည်လော။ (သို့) ထို့ထက်အလျင် ဖြစ်မည်လော။ အချို့ကမူ 'ကေယာမသ်' မတိုင်မီ ဤဒွန္နယာ လောက၌ပင် ဖြစ်မည်။ 'ကေယာမသ်'၏ နောက်ဆုံးလက္ခဏာဖြစ်မည်။ ကုရ်အာန်ကျမ်းတော်မြတ်၌ ယင်းအကြောင်းများ ပါရှိသည်ဟု ဆိုကြသည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင်

اذا زلزلت الارض زلزالها ဟုလည်းကောင်း၊ တစ်ဖန်

وحلمت الارض والجبال فد كتا د كة واحده

ဟုလည်းကောင်း၊ တစ်ဖန်

اذا رجّت الارض رجّا

ဟုလည်းကောင်း စသည့် အာယသ်တော်များကို တင်ပြကြသည်။ အချို့ပုဂ္ဂိုလ်များက ဖော်ပြပါ ဟဒီးစ်တော်တွင် အာဒမ် ﷺ အား ရည်ညွှန်း၍ မိန့်ဆိုကြောင်း ပါရှိသည်ကို ကိုးကားလျက် 'ဇလ်ဇလဟ်' ငလျင်တုန်လှုပ်ခြင်း၊ 'ဟရှ်ရ်' စာရင်းစစ်ဆေးရန် စုရုံးခြင်းတို့သည် ဒုတိယအကြိမ် ပြန်လည်ရှင်ထပြီးမှ ဖြစ်လိမ့်မည်' ဟု ဆိုကြသည်။ စင်စစ် နှစ်မျိုးစလုံးတွင် မည်သည့်ဆန့်ကျင်မှုမျိုးမျှ မရှိပါချေ။ 'ကေယာမသ်' မတိုင်မီ မြေငလျင် တုန်ဟီးလှုပ်ရမ်းမည့်အကြောင်း ကုရ်အာန်နှင့် ခိုင်မာသည့် ဟဒီးစ်များ၌ လာရှိသည်။ 'ကေယာမသ်'ပြီးနောက် လူသားများ စုရုံးခြင်းများ ပြီးမှ ဖြစ်မည်ဟူသော ဤဟဒီးစ်တော်၌လည်း လာရှိထားသည်။

ဤငလျင် တုန်ဟီး လှုပ်ရမ်းခြင်းအကြောင်းကို အာယသ်တော်တွင် တင်ပြခဲ့ပြီးဖြစ်သည်။ ကိုယ်ဝန်ဆောင်များ ကိုယ်ဝန်လျှောကျသွားကြပေမည်။ နို့တိုက်ကျွေးသူ နို့တိုက်မိခင်တိုင်းသည် မိမိတို့၏ နို့ကို သောက်စို့နေသော ကလေးကိုပင် မေ့လျော့သွားကြမည်ဟု လာရှိပြီးဖြစ်သည်။ အကယ်၍ ဤငလျင်သည် ဤလောကတွင် 'ကေယာမသ်'အလျင် ဖြစ်ပေါ်မည်ဆိုလျှင် မည်သို့မျှ ဓာဒကတက်ရန် မရှိပေ။ အကယ်၍ 'ဟရှ်ရ်' နှင့် 'ကေယာမသ်'ဖြစ်ပြီးမှ ဖြစ်မည်ဆိုလျှင် 'လောက၌ ကိုယ်ဝန်ဆောင်ဘဝနှင့် သေဆုံးသူ အမျိုးသမီးသည် ထိုနေ့တွင် ထိုအဖြစ်ကို ကြုံတွေ့ရမည်။ လောက၌ နို့တိုက်ကျွေးနေစဉ် သေဆုံးခဲ့သည့် အမျိုးသမီးသည်လည်း ဤနည်းအတိုင်း နို့တိုက်ကျွေးခြင်းအဖြစ်၌ ငလျင်တုန်ဟီးလှုပ်ရမ်းမှုနှင့် ရင်ဆိုင်ရလိမ့်မည်ဟု ဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَمِنَ النَّاسِ مَنْ يُّجَادِلُ فِي اللّٰهِ بِغَيْرِ عِلْمٍ وَّيَتَّبِعُ كُلَّ شَيْطٰنٍ مَّرِيْدٍ ۝

၂၂ : ၃ ။ ။ စင်စစ် လူတို့အနက် အချို့သော သူသည် အသိပညာ (သက်သေသာဓက) မရှိဘဲလျက်၊ အလ္လာဟ်အသျှင်မြတ်နှင့် ပတ်သက်၍ အငြင်းအခုံ ပြုလုပ်ကြလေသည်။ ထို့ပြင် ၎င်းတို့သည် ဆိုးသွမ်းပုန်ကန်သော ရှိုက်သွာန်အသီးသီးတို့၏ နောက်လိုက်များအဖြစ် ခံယူကြ၏။

كُتِبَ عَلَيْهِ اَنَّهٗ مَنْ تَوَلَّاهُ فَاَنَّهٗ يُضِلُّهٗ وَيَهْدِيْهِ اِلٰى عَذَابِ السَّعِيْرِ ۝

၂၂ : ၄ ။ ။ (အမှန်စင်စစ်) ယင်းရှိုက်သွာန်နှင့် ပတ်သက်၍ မည်သူမဆို ယင်း (ရှိုက်သွာန်) အား အဆွေခင်ပွန်း ပြုလုပ်ခဲ့ပါမူ၊ ယင်း (ရှိုက်သွာန်) သည် 'ထိုသူအား လမ်းမှားစေသည့်အပြင်၊ အလျှံပြောင်ပြောင် တောက်လောင်သော 'ဂျဟန္နမ်'ငရဲမီး၏ ပြစ်ဒဏ်သို့ လမ်းညွှန်ခြင်းကို ဧကန်မလွဲ ပြုလုပ်မည် ဖြစ်သည်'ဟု စီရင်ပြဋ္ဌာန်းပြီး ဖြစ်ချေသည်။

يٰٓاَيُّهَا النَّاسُ اِنْ كُنْتُمْ
فِىْ رَيْبٍ مِّنَ الْبَعْثِ فَاِنَّا خَلَقْنٰكُمْ مِّنْ تُرَابٍ ثُمَّ مِنْ
نُّطْفَةٍ ثُمَّ مِنْ عَلَقَةٍ ثُمَّ مِنْ مُّضْغَةٍ مُّخَلَّقَةٍ وَّغَيْرِ
مُخَلَّقَةٍ لِّنُبَيِّنَ لَكُمْ ؕ وَنُقِرُّ فِى الْاَرْحَامِ مَا نَشَآءُ اِلٰٓى
اَجَلٍ مُّسَمًّى ثُمَّ نُخْرِجُكُمْ طِفْلًا ثُمَّ لِتَبْلُغُوْٓا اَشُدَّكُمْ ۚ
وَمِنْكُمْ مَّنْ يُّتَوَفّٰى وَمِنْكُمْ مَّنْ يُّرَدُّ اِلٰٓى اَرْذَلِ الْعُمُرِ
لِكَيْلَا يَعْلَمَ مِنْۢ بَعْدِ عِلْمٍ شَيْـًٔا ؕ وَتَرَى الْاَرْضَ
هَامِدَةً فَاِذَآ اَنْزَلْنَا عَلَيْهَا الْمَآءَ اهْتَزَّتْ وَرَبَتْ
وَاَنْۢبَتَتْ مِنْ كُلِّ زَوْجٍۢ بَهِيْجٍ ۝

၂၂ း ၅ ။ ။ အို, လူခပ်သိမ်းတို့၊ အကယ်၍ အသင်တို့သည် သေပြီးနောက် ရှင်ပြန်ထခြင်းနှင့် စပ်လျဉ်း၍ သံသယ ဖြစ်နေကြပါလျှင် (အသင်တို့သည် မိမိတို့နှင့် မိမိတို့၏ ပတ်ဝန်းကျင်ကို လေးနက်စွာ စဉ်းစား၍ ကြည့်ကြလေကုန်။) ဧကန် အမှန် ငါအသျှင်မြတ်သည် အသင်တို့အား (ပထမသော်) မြေကြီးဖြင့်လည်းကောင်း၊ ထို့နောက် သုက်ရည်ဖြင့်လည်းကောင်း၊ ထို့နောက် သွေးခဲဖြင့်လည်းကောင်း၊ ထို့နောက် အင်္ဂါစုံလင် ပုံကျသော အသားတုံးဖြင့်လည်းကောင်း၊ အင်္ဂါမစုံ၊ ပုံမကျသော အသားတုံးဖြင့်လည်းကောင်း (အဆင့်ဆင့်) ဖန်ဆင်းတော်မူခဲ့၏။ ယင်းသို့ ဖန်ဆင်းတော်မူခြင်းသည် ၎င်းတို့အား ငါအသျှင်မြတ်၏ တန်ခိုးတော်ကို ထင်ရှားစေဖို့ရာ ဖြစ်သည်။ ၎င်းပြင် ငါအသျှင်မြတ်သည် သားအိမ်များတွင် မိမိအလိုရှိတော်မူသည့် (သုက်ရည်) ကို သတ်မှတ်ပိုင်းခြားအပ်သော အချိန်ကာလတိုင်အောင် အမိ၏ သားအိမ်အတွင်း၌ တည်ရှိစေတော်မူပြီးနောက်၊ ငါအသျှင်မြတ်သည် အသင်တို့အား (အမိဝမ်းတွင်းမှ အပြင်သို့ နို့စို့အရွယ်) ကလေးသူငယ်အဖြစ် ထွက်စေတော်မူ၏။ ထို့နောက် အသင်တို့သည် မိမိတို့ လူလားမြောက်သော အရွယ်သို့ ရောက်ရှိနိုင်ကြရန် (ငါအသျှင်မြတ်သည် မွေးမြူတော်မူပြန်၏။) ၎င်းပြင် အသင်တို့အနက် (အရွယ်မရောက် လူလားမမြောက်မီပင်) အသက်သေဆုံးရသူလည်း ရှိ၏။ ထိုနည်းတူစွာ အသင်တို့တွင် အချို့မှာမူ (အရာရာကို) သိရှိပြီးနောက် မည်သည့်တစ်စုံတစ်ရာကိုမျှ မသိနိုင်သော အဖြစ်သို့ ရောက်စေသည့် ညံ့ဖျင်းသော (အိုမင်းမစွမ်း) အရွယ်သို့ ပြန်ရောက်ရသူလည်း ရှိ၏။ ထို့ပြင် အသင်သည် ပထဝီမြေကို ခြောက်သွေ့လျက် ရှိသည် ကို တွေ့မြင်လေသည်။ တစ်ဖန် ငါအသျှင်မြတ်သည် ယင်းပထဝီမြေပေါ်ဝယ် (မိုး) ရေကို (ရွာသွန်း၍) ကျစေတော်မူသောအခါ၊ ယင်းမြေ (မှ သစ်ပင်၊ ဝါးပင်များ) သည် ပေါက်ရောက်လှုပ်ရှားလာလေသည်။ ထို့ပြင် တိုးတက်မြင့်မားလာလေသည်။ ထို့ပြင် အထူးနှစ်မြို့ရာဖြစ်သော (သစ်သီး၊ သစ်ဥ၊ ကောက်ပဲသီးနှံ) အမျိုးအစား အသီးသီးတို့ကို ပေါက်ရောက်စေလေသည်။

ذَٰلِكَ بِأَنَّ اللَّهَ
هُوَ الْحَقُّ وَأَنَّهُ يُحْيِي الْمَوْتَىٰ وَأَنَّهُ عَلَىٰ كُلِّ شَيْءٍ قَدِيرٌ ۝٦

၂၂ : ၆ ။ ။ ဤသို့ ဖြစ်ရခြင်းတို့၏ အကြောင်းမှာ၊ ကေန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အမှန် တည်ရှိတော်မူသော အသျှင် ဖြစ်တော်မူခြင်းကြောင့်လည်းကောင်း၊ ကေန်အမှန် ထိုအသျှင်မြတ်သည်ပင်လျှင် သေသူအပေါင်းတို့ကို ရှင်စေတော်မူမည့် အသျှင် ဖြစ်တော်မူခြင်းကြောင့်လည်းကောင်း၊ ကေန်မလွဲ ထိုအသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို စွမ်းဆောင်နိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူခြင်းကြောင့်လည်းကောင်း ဖြစ်ချေသည်။

وَأَنَّ السَّاعَةَ آتِيَةٌ لَّا رَيْبَ فِيهَا وَأَنَّ اللَّهَ يَبْعَثُ مَن فِي الْقُبُورِ ۝٧

၂၂ : ၇ ။ ။ ထို့ပြင် ကေန်မလွဲ 'ကေယာမသ်' (နေ့) သည်လည်း (မုချ) ဆိုက်ရောက်မည်ဖြစ်သည်။ ယင်း (ကေယာမသ်) နှင့် စပ်လျဉ်း၍ ယုံမှားသံသယဖြစ်ဖွယ်ရာ အလျဉ်းမရှိပြီ။ ၎င်းပြင် အလ္လာဟ်အသျှင်မြတ်သည် သင်္ချိုင်းများတွင် ရှိသူတို့ကို မုချ ရှင်ပြန်ထစေတော်မူမည် ဖြစ်ပေသည်။

وَمِنَ النَّاسِ مَن يُجَادِلُ فِي اللَّهِ بِغَيْرِ عِلْمٍ وَلَا هُدًى وَلَا كِتَابٍ مُّنِيرٍ ۝٨

၂၂ : ၈ ။ ။ စင်စစ် လူတို့တွင် အသိပညာ လုံးဝ မရှိဘဲလျက်လည်းကောင်း၊ မည်သည့်သက်သေသာဓက အထောက်အထား တင်ပြချက်မရှိဘဲလျက်လည်းကောင်း မည်သည့်ရှင်းလင်းစေသော ကျမ်းဂန်မျှ မရှိဘဲလျက်လည်းကောင်း၊ အလ္လာဟ်အသျှင်မြတ်နှင့် ပတ်သက်၍ အငြင်းအခုံ ပြုတတ်သူလည်း ရှိပေသည်။

ثَانِيَ عِطْفِهِ لِيُضِلَّ عَن سَبِيلِ اللَّهِ ۖ لَهُ
فِي الدُّنْيَا خِزْيٌ ۖ وَنُذِيقُهُ يَوْمَ الْقِيَامَةِ عَذَابَ الْحَرِيقِ ۝٩

၂၂ : ၉ ။ ။ (မာန်မာန ထောင်လွှားကာ) မိမိ၏ လည်ပင်းကို လိမ်လျက် (သူတစ်ပါးတို့အားလည်း) အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်မှ လွဲမှားစေရန်အလို့ငှာ (ပြုလုပ်ကြခြင်းဖြစ်၏။) ထိုသူ၌ (ဤ) ပစ္စုပ္ပန် လောကီဘဝတွင်လည်း ကျိုးယုတ်ရှက်ရဖြစ်ခြင်းသည် ရှိ၏။ ထို့ပြင် 'ကေယာမသ်' ရှင်ပြန်ထရမည့်နေ့တွင်လည်း၊ ငါအသျှင်မြတ်သည် ထိုသူ့အား (ကျွမ်းလောင်စေသော ငရဲ) မီး၏ ပြစ်ဒဏ်ကို မြည်းစမ်းစေတော်မူမည် ဖြစ်ပေသည်။

ذَٰلِكَ بِمَا قَدَّمَتْ يَدَاكَ وَأَنَّ اللَّهَ لَيْسَ بِظَلَّامٍ لِّلْعَبِيدِ ۝١٠

၂၂ : ၁၀ ။ ။ ဤသို့ ဖြစ်ရခြင်းမှာ၊ အသင်၏ လက်နှစ်ဖက်သည် (အသင်၏အဖို့) ကြိုတင်၍ ပို့ခဲ့သော (ပြစ်မှုဒုစရိုက်များ) ကြောင့်ပင် (ဖြစ်၏။) အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် (မိမိ၏) ကျွန်များအား နှိပ်စက်ကလူ ပြုတော်မူသော အသျှင်မြတ် မဟုတ်ပေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အချို့လူတို့သည် အလ္လာဟ်အသျှင်မြတ်နှင့် စပ်လျဉ်း၍ (ထိုအသျှင်မြတ်၏ ဇာတိတော် (သို့) ပြုလုပ် ဖန်ဆင်းခြင်းများနှင့် စပ်လျဉ်း၍ အသိပညာမရှိဘဲ အငြင်းအခုံပြုသနော ပြုလုပ်ကြသည်။ ထို့နောက် ဆိုးသွမ်း ပုန်ကန်သည့် ရှိုက်သွာန်အသီးသီး၏ နောက်သို့ လိုက်ပါသွားကြသည်။ (ရှိုက်သွာန်၏ လိုသလို ဖြားယောင်း၍ လမ်းမှားသို့ ပို့ဆောင်နိုင်ရန် လွယ်ကူသူ ဖြစ်သွားပေသည်။ ရှိုက်သွာန်၏ လွှမ်းမိုးမှု ဖြစ်သွားသည့်အခါ ထိုသူသည် အဆုံးမဲ့ လမ်းမှားခြင်းသို့ ရောက်ရှိသူ ဖြစ်သွားပေတော့သည်။ ထိုသူနှင့် စပ်လျဉ်း၍ (အလ္လာဟ် အသျှင်မြတ်ထံတော်တွင်) ရေးမှတ်စီရင် ပြဋ္ဌာန်းပြီးဖြစ်သည်မှာ ထိုရှိုက်သွာန်နှင့် ပတ်သက်ဆက်နွယ်မှု ပြုလျှင် (၄င်းရှိုက်သွာန်၏ နောက်လိုက် အနွံအတာခံခြင်းပြုလျှင်) ထိုရှိုက်သွာန်၏ အလုပ်မှာ ထိုနောက် လိုက်မှုပြုသူအား (လမ်းမှန်မှ) လမ်းမှားသို့ ပို့ဆောင်ခြင်းကိုလည်းကောင်း၊ 'ဂျဟန္နမ်' ငရဲဘုံသို့ လမ်းညွှန် ခြင်းကိုလည်းကောင်း ပြုလုပ်သူဖြစ်သည်။ (ရှေ့၌ ဤငြင်းခုန်ပြုသနော ပြုသူများကိုရည်ညွှန်း၍ မိန့်ကြား သည်မှာ) အို့၊ လူသားအပေါင်းတို့၊ အကယ်၍ အသင်တို့သည် ('ကေယာမသ်'နေ့၌) ရှင်ပြန်ထခြင်းနှင့် စပ်လျဉ်း၍ ဒွိဟသံ့သယဖြစ်နေကြပါလျှင် (အသင်တို့သည် အသင်တို့၏ အကြောင်းကို လေးနက်စွာ စဉ်းစားဆင်ခြင်ကြပါလေ။ ဤသို့ဆိုလျှင် အသင်တို့၏ ဒွိဟသံသယများ ဝေးလွင့်သွားပေလိမ့်မည်။) ငါအသျှင် မြတ်သည် (ပထမအကြိမ် ဦးစွာ) အသင်တို့အား မြေကြီးဖြင့် ဖန်ဆင်းတော်မူခဲ့သည်။ (အဘယ်ကြောင့် ဆိုသော် 'နွှသ်ဖဟ်' (သုက်ရည်) ဖြစ်ရန် စားသုံးရသည့် အစာအဟာရသည် ဦးစွာ ဓါတ်ကြီးလေးပါးမှ ဖြစ်ပေါ်လာသောကြောင့် ဖြစ်သည်။ ထိုဓါတ်ကြီးလေးပါးတွင် မြေကြီးလည်း ပါဝင်ပေသည်။) ထို့နောက် တစ်ဖန် 'နွှသ်ဖဟ်' (သုက်ရည်) ဖြစ်စေခဲ့သည်။ ထို့နောက်တစ်ဖန် သွေးခဲဖြစ်စေခဲ့သည်။ ('နွှသ်ဖဟ်' (သုက်ရည်) တွင် အစိုင်အခဲဖြစ်၍ အနီရောင်ဖြစ်ပေါ်လာလျှင် သွေးခဲဖြစ်သွားသည်။)

တစ်ဖန် အသားတုံး ဖြစ်စေခဲ့သည်။ (သွေးခဲမှ မာကျောမှုဖြစ်လာလျှင် အသားတုံးဖြစ်သွားသည်။ အချို့အသားတုံးမှာ) ပြည့်စုံသွားသည်။ (ဤအသားတုံးတွင် အင်္ဂါပြည့်စုံသွားခြင်းကို ဆိုလိုသည်။ အချို့ အသားတုံးမှာ) တစ်ပိုင်းတစ်စသာ ဖြစ်သည်။ (အချို့အသားတုံးတွင် အင်္ဂါအစိတ်အပိုင်း မစုံလင် လျော့နည်း လျက် ရှိနေသည်။ ဤသို့ ပြည့်စုံမှု၊ လျော့နည်းမှုများဖြင့် ခွဲခြား၍ ဖန်ဆင်းရခြင်းအကြောင်းမှာ) အသင် တို့၏ ရှေ့မှောက်တွင် (မိမိ၏ တန်ခိုးတော်များကို) ထုတ်ဖော်ရန်ဖြစ်သည်။ (ဤသည့်အပေါ်၌ ဒုတိယ အကြိမ် ပြန်လည်ဖန်ဆင်းနိုင်တော်မူကြောင်း ပေါ်လွင်စေရန် ဖြစ်သည်။) ထို့နောက် (အခြားကျန်ရှိသည့် အရာများအပေါ်၌လည်း သာဝို၍ တန်ခိုးတော်များ ပေါ်လွင်စေရန် ဖြစ်သည်။) ထို့နောက် ငါအသျှင်မြတ် သည် (မိခင်၏) သားအိမ်တွင် ဤ (သုက်ရည်) အား အလိုရှိတော်မူသော သတ်မှတ်ချိန်တစ်ချိန် (သား မွေးသည်) အထိ တည်စေတော်မူခဲ့သည်။ (ထိုသို့ ဖြစ်တည်ရန်မလိုလားသူကို ကိုယ်ဝန်လျှော ပျက်ကျ စေတော်မူခဲ့သည်။) ထို့နောက် (ထိုသတ်မှတ်ကာလ ပြည့်သည့်အခါ) ငါအသျှင်မြတ်သည် အသင်တို့အား (အမိဝမ်းတွင်းမှ နို့စို့သည့်) ကလေးငယ်အဖြစ် အပြင်သို့ ထွက်စေတော်မူ၏။

တစ်ဖန် (ထို့နောက် (၃) မျိုး ဖြစ်ရှိသွားသည်။ တစ်မျိုးမှာ အသင်တို့အနက် အချို့တို့အား ပျိုရွယ်သည့် အချိန်တိုင် ဆိုင်းငံ့တော်မူခဲ့သည်။) သို့မှသာ အသင်တို့သည် မိမိတို့၏ ပြည့်ဝသော ပျိုရွယ်သည့် (ဘဝသက်တမ်း) အထိ ရောက်ရှိသွားကြလေသည်။ ထို့နောက် အသင်တို့အနက် အချို့မှာ (ပျိုရွယ်ချိန် မရောက်မီအလျှင်) သေဆုံးသွားကြသည်။ (ဤသည် ဒုတိယအုပ်စုဖြစ်သည်။) ထို့နောက် အသင်တို့အနက် အချို့မှာ အိုမင်းမစွမ်း သူငယ်ပြန်သည့် သက်တမ်း (လွန်စွာ သက်ရွယ်ကြီးရင့်သည့် သက်တမ်း) အထိ ရောက်ရှိစေခဲ့သည်။ ထိုသို့ ဖြစ်ခြင်းကြောင့် အရာတစ်ခုကို သိပြီးမှ မသိဖြစ်သွားခဲ့ရသည်။ (များသောအားဖြင့် အဘိုးအိုများကို တွေ့မြင်ရသည်မှာ ယခုပင် ကိစ္စတစ်ခုကို ပြောပြနေသည်။ ယခုပင် ထိုအကြောင်းကို ပြန်လည်မေးမြန်းနေကြသည်။ ဤသည်မှာ တတိယအုပ်စုဖြစ်သည်။) ဤအရာအားလုံးတို့သည်လည်း အလ္လာဟ်အသျှင်မြတ်၏ တန်ခိုးတော်များ၏ လက္ခဏာများဖြစ်သည်။ ဤသည်မှာ အထောက်အထားတစ်ရပ် ဖြစ်သည်။) ထို့နောက် (ရှေ့တွင် ဒုတိယအထောက်အထားတစ်ရပ်မှာ) ထို့ပြင် အသင်သည် ပထဝီမြေကို သွေ့ခြောက်စွာ တွေ့မြင်ရပေသည်။ တစ်ဖန် ငါအသျှင်မြတ်သည် ထိုမြေပထဝီ၌ (မိုး) ရေများ ရွာသွန်းစေသောအခါ ထိုမြေတွင် စိမ်းလန်းစိုပြေမှုများဖြင့် ပေါက်ရောက်သီးပွင့်ခဲ့လေသည်။ ထို့နောက် အမျိုးစုံလင်စွာ (အမျိုးမျိုးသော) သစ်ပင်၊ ဝါးပင်၊ ပန်းမန် စသည်တို့သည် ရှုမောဖွယ် ပေါက်ရောက်ခဲ့ကြကုန်၏။ (သို့ရှိရာ ဤသည်လည်း ပြည့်စုံကုံလုံသည့် တန်ခိုးတော်၏ အထောက်အထားပင် ဖြစ်သည်။ ရှေ့၌ ဤအထောက်အထားကို ရှင်းလင်းရန်အတွက် ဖော်ပြပါ ဖန်ဆင်းမှုများ၏ အကြောင်းခံနှင့် အမြော်အမြင်တို့ကို တင်ပြမိန့်ကြားထားသည်။)

ဤသည်မှာ (အထက်၌ တင်ပြခဲ့သည့် အထောက်အထားနှစ်မျိုးအတွက် ဖော်ပြပါအရာများ၏ ဖြစ်တည်မှုနှင့် ပေါ်ပေါက်မှုဟူသမျှတို့သည်) အလ္လာဟ်အသျှင်မြတ်သည်သာ အမှန် တည်ရှိတော်မူသော အသျှင်ဖြစ်ခြင်းလည်းကောင်း၊ (ဤသည်မှာ ထိုအသျှင်မြတ်၏ ပြည့်စုံကုံလုံသည့် ဇာတိတော်ပင် ဖြစ်သည်) ထို့နောက် ထိုအသျှင်မြတ်သည်ပင် အသက်မရှိသူ (သေဆုံးပြီးသူ) တို့တွင် အသက်သွင်း ရှင်စေတော်မူမည့် အသျှင်ဖြစ်ခြင်းကြောင့်လည်းကောင်း၊ (ဤသည် အသျှင်မြတ်၏ ပြည့်စုံကုံလုံသည့် ဖန်ဆင်းရှင်မှု ဖြစ်သည်။) ထို့နောက် ထိုအသျှင်မြတ်သည်ပင် အရာခပ်သိမ်းတို့ကို စွမ်းဆောင်နိုင်တော်မူသော အသျှင် ဖြစ်ခြင်းကြောင့်လည်းကောင်း ဖြစ်ပေသည်။ (ဤသည်မှာ အသျှင်မြတ်၏ ပြည့်စုံကုံလုံသည့် ဂုဏ်တော်ပင် ဖြစ်ပေသည်။ ဤ (၃) မျိုး ပေါင်းစပ်လျက် အထက်၌ တင်ပြခဲ့သည့် အရာများ၏ အကြောင်းခံ ဖြစ်ရှိလာပေသည်။ အကြောင်းမှာ အကယ်၍ ဤပြည့်စုံကုံလုံသည့် အရာ (၃) မျိုးအနက် တစ်မျိုးမျိုး မပါရှိပါလျှင် ဖန်ဆင်းဖြစ်တည်စေမှု မဖြစ်နိုင်ပေ။) ထို့နောက် 'ကေယာမသ်' နေ့သည်လည်း မုချမလွဲ ဆိုက်ရောက်လာမည်ဖြစ်သည်။ ဤသည်နှင့် စပ်လျဉ်း၍ ယုံမှားသံသယဖြစ်ဖွယ် စိုးစဉ်းမျှ မရှိပါချေ။ ထို့အပြင် အလ္လာဟ်အသျှင်မြတ်သည် ('ကေယာမသ်' နေ့တွင်) 'ကဗရ်' သင်္ချိုင်းများ၌ ရှိသူတို့ကို ပြန်လည်ရှင်ထစေတော်မူမည် ဖြစ်ပေသည်။ (ဤသည် ဖော်ပြပါအကြောင်းများ၏ အမြော်အမြင် ဖြစ်သည်။ ဆိုလိုသည်မှာ ငါအသျှင်မြတ်သည် ထိုဖော်ပြပါ ဖန်ဆင်းခြင်းများကို ထုတ်ဖော်ရခြင်းမှာ ထိုကိစ္စတွင် အမြော်အမြင်များအနက် အမြော်အမြင်တစ်ခုနှင့်အတူ 'ကေယာမသ်' နေ့ကို ဖြစ်တည်စေလိုခြင်းနှင့် သေသူများကို တစ်ဖန်

အသက်သွင်း ရှင်ထစေလိုတော်မူခြင်းတို့ပင် ဖြစ်သည်။ သို့ရှိရာ ထိုဖန်ဆင်းမှုများကို ပြသခြင်းဖြင့် ထိုသို့ ဖန်ဆင်းနိုင်တော်မူကြောင်း လူသားများအပေါ်၌ ပေါ်လွင်သွားပေမည်။ သို့ရှိရာ ဖော်ပြပါအရာအား ဖန်ဆင်းခြင်း၏ အကြောင်းခံ (၃) မျိုးနှင့် အမြော်အမြင် (၂) မျိုးကို တင်ပြလိုက်ပြီး အကြောင်းခံအားဖြင့် အားလုံးအပေါ် သက်ရောက်စေခြင်းဖြစ်သည့်အတွက် ﷲ مُیٖ ၌ ရှိသော يسسسي 'ယာစဗဗိယဟ်' (အကြောင်းခံဖြစ်စေသော ی 'ယာ'အက္ခရာ) သည် အားလုံးတို့အပေါ်၌ ဝင်ရောက်ခြင်းဖြစ်သည်။

ဤအထိတိုင် အငြင်းအခုံပြဿနာပြုလုပ်သူများ၏ လမ်းမှားခြင်းနှင့် ထိုသို့ လမ်းမှားရခြင်း အကြောင်း အထောက်အထားများ ပြဆိုခဲ့ခြင်းဖြစ်သည်။ ရှေ့တွင် ၄င်းတို့မှ အခြားသူများကိုလည်း လမ်းလွဲစေခြင်းများနှင့် ကြီးမားစွာသော ဆိုးကျိုးရလဒ်များကို တင်ပြထားသည်။) အချို့လူတို့သည် အသိပညာ (အရေးကြီးသော အသိပညာ) မရှိဘဲလျက်လည်းကောင်း၊ မည်သည့်အထောက်အထား သက်သေမျှ (ဦးနှောက်သို့ ညွှန်ပြနိုင်သော အသိ) မရှိဘဲလျက်လည်းကောင်း၊ မည်သည့်အလင်းပြကျမ်းဂန်မျှ (ကျမ်းဂန်အားဖြင့် ညွှန်ပြနိုင်သည့် အသိပညာ) မရှိဘဲလျက်လည်းကောင်း အခြားသူတို့၏ နောက်လိုက် အနွံအတာခံ၍) အလ္လာဟ်အရှင်မြတ်နှင့် ပတ်သက်၍ အငြင်းအခုံပြဿနာပြုလုပ်ကြပေသည်။ သို့မှသာ (အခြားသူများလည်း) အလ္လာဟ်အရှင်မြတ်၏ လမ်းတော် (မှန်ကန်သော သာသနာတော်) မှ လမ်းလွဲသွားရန် ဖြစ်သည်။ ထိုသို့သောသူအတွက် လောကတွင်လည်း သေးသိမ်ရပေမည်။ (အချို့လမ်းမှားသူတို့သည် အသတ်ခံရခြင်းဖြင့်လည်းကောင်း၊ ချုပ်နှောင်ခံရခြင်း စသည်တို့ဖြင့်လည်းကောင်း သေးသိမ်မှု ဖြစ်ကြရသည်။ အချို့လမ်းလွဲသူတို့သည် လမ်းမှန်ရပုဂ္ဂိုလ်များနှင့် ရင်ဆိုင်အငြင်းအခုံပြုကြရင်း ရှုံးနိမ့်လျက် အတွေးအခေါ်ပညာရှင်တို့၏ အရှေ့တွင် သိက္ခာမဲ့ကြရလေသည်။) ထို့နောက် 'ကေယာမသ်'နေ့တွင် ငါအရှင်မြတ်သည် ထိုသူ့အား ကျွမ်းလောင်နေသော (ငရဲ) မီး၏ 'အဇာဗ်'အပြစ်ဒဏ်ကို မြည်းစားစေတော်မူမည် ဖြစ်သည်။ (ထို့နောက် ထိုသူအား ပြောကြားမည်မှာ) ဤသည် အသင့်လက်မှ ပြုလုပ်သည့် လုပ်ရပ်များ၏ အစားပင် ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်သည် မိမိ၏ ကျွန်လူသားများအပေါ် မတရားပြုတော်မူသော အရှင်မြတ် မဟုတ်ပေ။ (အသင့်အား အပြစ်မဲ့ အပြစ်ဒဏ်ပေးတော်မူသည် မဟုတ်) သည်မှာ အမှန်ပင် ဖြစ်ပေသည်။

သိမှတ်ဖွယ်ရာများနှင့် စမ္မတ်များ

وَمِنَ النَّاسِ مَنْ يُّجَادِلُ فِى اللّٰهِ بِغَيْرِ عِلْمٍ

ဤအာယသ်တော်သည် နဒ္ဓ်ရ် ဗင်န် ဟာရိဆ်နှင့် စပ်လျဉ်း၍ ကျရောက်လာခဲ့ခြင်းဖြစ်သည်။ ထိုသူသည် အလွန် ငြင်းခုံပြဿနာပြုတတ်သူ ဖြစ်သည်။ ဖရစ်ရှ်သာဟ်များသည် အလ္လာဟ်အရှင်မြတ်၏ သမီးတော်များဟုလည်းကောင်း၊ ကုရ်အာန်သည် ရှေးလူတို့၏ ဖြစ်ရပ်များဟုလည်းကောင်း စွပ်စွဲပြောဆိုလေ့ရှိခဲ့သည်။ ထို့အပြင် 'ကေယာမသ်'နေ့နှင့် ပြန်လည်ရှင်ထရမည်တို့ကိုလည်း ငြင်းဆိုခဲ့သူဖြစ်သည်။

[မဇ္ဇ်ဟာရီကျမ်း]

အာယသ်တော်သည် လူတစ်ဦးတည်းအတွက် ကျရောက်ခဲ့ခြင်း ဖြစ်သော်လည်း ၎င်း၏ အဓိပ္ပာယ်မှာမူ ထိုသူကဲ့သို့ အကျင့်ဆိုး၊ စရိုက်ဆိုးများပါသူ အားလုံးအတွက် ဖြစ်ပေသည်။

မိခင်၏ ဝမ်းကြာဗိုက်အတွင်း၌ လူသားဖြစ်ရန် ဖန်ဆင်းပုံအဆင့်ဆင့်နှင့် အခြေအနေအမျိုးမျိုး

فَاِنَّا خَلَقۡنٰكُمۡ مِّنۡ تُرَابٍ

ဤအာယသ်တော်တွင် မိခင်၏ ဝမ်းကြာဗိုက်အတွင်း၌ လူသားအား ဖန်ဆင်းပုံအဆင့်ဆင့်ကို ဖော်ပြထားသည်။ ထိုအကြောင်း အကျယ်တဝင့်ကို ဆွဟီးဟ်ဘိုခါရီကျမ်းမှ ဟဒီးစ်တစ်ပုဒ်ကို ဟဇရသ်အဗ်ဒွလ္လာဟ်ဗင်န် မတ်စ်ဒူး ﷺ ၏ ဆင့်ပြန်ချက်ဖြင့် ဆင့်ပြန်ထားသည်မှာ တမန်တော်မြတ် ﷺ မိန့်တော်မူခဲ့သည်။ ၎င်းမှာ 'အမှန်ပြောသူ ဖြစ်သည်။ အမှန်ကို နားလည်သူဖြစ်သည်။ လူသား၏ အစသည် ရက် (၄၀) တိုင်သားအိမ်အတွင်း၌ နေခဲ့ရသည်။ ထို့နောက် ရက် (၄၀) ပြည့်ပြီးနောက် သွေးခဲဖြစ်သွားခဲ့သည်။ တစ်ဖန် ရက် (၄၀) အတွင်းမှာပင် အသားတုံး ဖြစ်သွားသည်။ ထို့နောက် ထိုအသားတုံး၌ ဝိညာဉ် (အသက်ဓါတ်) ကို မှုတ်သွင်းရန် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ဖရစ်ရှ်သာဟ်တစ်ပါးကို စေလွှတ်တော်မူသည်။ ထိုအချိန်မှာပင် လူတို့နှင့် စပ်လျဉ်းသော အချက် (၄) ချက်ကို ရေးသားလျက် ထိုဖရစ်ရှ်သာဟ်အား ပေးတော်မူသည်။ ၎င်းတို့မှာ

၁။ ၎င်း၏အသက် မည်မျှ ဖြစ်မည်နည်း။
၂။ ၎င်း၏ ရိဇ်ကိ မည်မျှ ဖြစ်မည်နည်း။
၃။ မည်သည့်ပြုမူဆောင်ရွက်မှုများ ပြုကျင့်မည်နည်း။
၄။ ၎င်း၏ နိဂုံးသည် ဆိုးမည်လော။ (သို့) အကောင်းဖြစ်မည်လော။ နဖူးစာဆိုးသူ ဖြစ်မည်လော။ (သို့) နဖူးစာကောင်းသူ ဖြစ်မည်လော စသည်တို့ဖြစ်သည်။' /*ကုရ်သုဗီကျမ်း*/

အိဗ်နေအာဘီဟာသင်မ်နှင့် အိဗ်နေဂျရီးရ်တို့က ဟဇရသ်အဗ်ဒွလ္လာဟ်ဗင်န် မတ်စ်ဒူး ﷺ သခင်ထံမှပင် အခြားဆင့်ပြန်ချက်တစ်ခုကို ဆင့်ပြန်ခဲ့ရာတွင်လည်း 'နွှသ်ဖဟ်' (သုက်ရည်) သည် ကာလရှည်ကြာဖြတ်ကျော်ပြီးနောက်တွင် အသားတုံးဖြစ်သွားလေသည်။ သို့ဖြစ်ပေရာ လူသားတိုင်း၏ ဖန်ဆင်းမှုအတွက် အမိန့် (တာဝန်) ပေးခံရသည့် ဖရစ်ရှ်သာဟ်သည် အလ္လာဟ်အသျှင်မြတ်ထံတော်၌ လျှောက်ထားမေးမြန်းမည်မှာ-

يارب مخلقة اوغير مخلقة

(ဤအသားတုံးမှ လူသားအဖြစ် ပြုလုပ်ဖန်ဆင်းခြင်းအတွက် အသျှင်မြတ် ဆုံးဖြတ်သတ်မှတ်တော်မူပါသလော။ (သို့) သတ်မှတ်တော်မူခြင်း မပြုပါသလော) ဟု ဖြစ်သည်။ အကယ်၍ အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ 'ဤသည်အား ဖန်ဆင်းရန် ဆုံးဖြတ်သတ်မှတ်တော်မူခြင်း မပြုပါ' ဟု အဖြေပေးတော်မူ

ပါလျှင် သားအိမ်သည် ၎င်းအသားတုံးကို ပြုတ်ကျစေလိုက်သည်။ ဖန်ဆင်းမှု၏ အခြားသော အဆင့်များသို့ ရောက်ခွင့်မပေးတော့ပေ။ အကယ်၍ အသျှင်မြတ်ဘက်တော်မှ 'ဤသည် ဖန်ဆင်းရန် ဆုံးဖြတ်သတ်မှတ်တော်မူခြင်း ခံရသည်'ဟု အဖြေပေးတော်မူလျှင် ဖရစ်ရှ်သာဟ်များက ပြန်လည်မေးလျှောက်မည်မှာ အမျိုးသမီး (သို့) အမျိုးသား ဖြစ်ပါသလော။ နဖူးစာဆိုးသူ (သို့) နဖူးစာကောင်းသူ ဖြစ်ပါသလော။ ၎င်း၏ သက်တမ်း မည်မျှပါနည်း။ ၎င်း၏ ပြုမူကျင့်ဆောင်ချက်များကား မည်သို့ပါနည်း။ မည်သည့်နေရာ၌ သေဆုံးပါမည်နည်း။ (ထိုအရာအားလုံးတို့ကို ထိုအချိန်မှာပင် ဖရစ်ရှ်သာဟ်အား အဖြေပေးတော်မူလိုက်သည်။)

[အိဗ်နေကဆီးရ်ကျမ်း]

مخلقه غير مخلقه

ဖန်ဆင်းရန် ဆုံးဖြတ်သတ်မှတ်တော်မူခြင်း၊ မမူခြင်းနှင့် စပ်လျဉ်းသော ဖွင့်ဆိုချက်မှာမူ ဟဇရသ် အိဗ်နေအဗ္ဗားစ် ﷺ သခင်ထံမှလည်း ဆင့်ပြန်ခဲ့ပြီး ဖြစ်သည်။

[ကုရ်သုဗီကျမ်း]

مخلقة وغير مخلقة

ဖော်ပြပါဟဒီးစ်တော်အရ လူသား၏ အသားတုံးအား ဖန်ဆင်းရန် ဆုံးဖြတ်ခံရသူသည် **مخلقه** 'မုခလ် လကဟ်'ဖြစ်ပြီး အကျိုးမဲ့ အချည်းအနှီး ပြုတ်ကျရန် ဆုံးဖြတ်ခံရသူသည် **غير مخلقه** 'ဂိုင်းရ် မုခလ်ကဟ်'ဖြစ်ကြောင်း သိရှိရပေသည်။

အချို့သော သဖ်စီးရ်အဖွင့်ပညာရှင်တို့က **مخلقه** နှင့် **غير مخلقه** တို့၏ သဖ်စီးရ်ဖွင့်ဆိုခြင်းကို ပြုကြရာတွင် ခန္ဓာကိုယ်အင်္ဂါအစိတ်အပိုင်း ပြည့်ဝစုံလင်လျက် အချိုးအစား ပြေပြစ်ကောင်းမွန်လှပသူသည် **مخلقه** ဖြစ်ပြီး အင်္ဂါအစိတ်အပိုင်းချွတ်ယွင်းခြင်းနှင့် အရပ်အမောင်း၌လည်းကောင်း၊ အသားအရောင် စသည်တို့၌လည်းကောင်း အချိုးအစားပြေပြစ်ခြင်း၊ ကောင်းမွန်ခြင်းများ မရှိပါမူ ဤသည် **غير مخلقه** ဖြစ်သည်ဟု ဆိုကြသည်။ ဖော်ပြပါဖွင့်ဆိုချက်အနှစ်ချုပ်၌ ဤဖွင့်ဆိုချက်အဓိပ္ပာယ်ကိုပင် ယူထားသည်။

ثُمَّ نُخْرِجُكُمْ طِفْلًا

ထို့နောက် ငါအသျှင်မြတ်သည် မိခင်၏ ဝမ်းကြာတိုက်မှ အားအင်ချည့်နဲ့သည့် ကလေးတစ်ဦးအဖြစ် ထုတ်ယူတော်မူမည်။ ၎င်း၏ ခန္ဓာကိုယ်၌လည်း ချည့်နဲ့နေမည်။ အကြားအမြင်အာရုံများလည်း ချည့်နဲ့နေမည်။ အာရုံများနှင့် ဦးနှောက်တို့တွင်လည်း ချည့်နဲ့နေမည်။ လှုပ်ရှားမှုနှင့် ဆုပ်ကိုင်မှုအင်အားများလည်း ချည့်နဲ့နေပေဦးမည်။ အချုပ်ဆိုရသော် ဖော်ပြပါအားလုံးတို့၏ အင်အားများမှာ အချည့်နဲ့ဆုံး အခြေအနေ၌ပင် ဖြစ်ပေမည်။ ထို့နောက် တစ်ဆင့်ပြီးတစ်ဆင့် ၎င်းတို့တွင် အင်အားများ တိုးပွားလာစေသည်။ ဤသို့ဖြင့် အင်အားပြည့်ဝသည့် အခြေအနေသို့ ရောက်ရှိသွားလေသည်။

ثُمَّ لِتَبْلُغُوْا اَشُدَّ كُمْ

اَشُدَ သည် ة شَدَّ ၏ အများကိန်းစာလုံးဖြစ်သည်။ အဓိပ္ပာယ်မှာ 'ပျို့ရွယ်ချိန်၌ ဖြစ်ရှိသော အသင်၏ အစိတ်အပိုင်းအားလုံးတို့၏ အပြည့်အဝ အင်အားသို့ မရောက်မချင်း အဆင့်ဆင့် တိုးတက်နေသည့် အင်အား' ဟု ဖြစ်သည်။

اَرْ ذَلِ الْعُمُرِ

လူသား၏ အသိဉာဏ်နှင့် အာရုံတို့၌ အနှောင့်အယှက်ဖြစ်စေသော (သူငယ်ပြန်သည့်) အရွယ် ဖြစ်သည်။ နဗီကိုယ်တော်မြတ် ﷺ သည် ထိုအရွယ်မှ လွတ်ကင်းရန် အသျှင်မြတ်ထံ ဆုပန်တော်မူခဲ့သည်။

اَللّٰهُمَّ انى اعوذ بك من البخل واعوذ بك من الجبن واعوذبك

من ان اردّ الى ارذل العمر واعوذ بك من فتنة الدنيا وعذاب القبر

နစအီကျမ်းတွင် ဟဇရတ်စအဒ် ؓ သခင်၏ ဆင့်ပြန်ချက်ကို ဆင့်ပြန်ထားသည်မှာ တမန်တော်မြတ် ﷺ သည် အထက်ပါစာလုံးများပါဝင်သည့် ဤဒိုအာကို များမြောင်စွာ တောင်းဆိုတော်မူခဲ့သည်။ ဆင့်ပြန်သူ ဟဇရတ်စအဒ် ؓ ကိုယ်တိုင်လည်း မိမိ၏ သားသမီးများကို အဆိုပါဒိုအာအား ကျက်မှတ်ခိုင်းတော်မူခဲ့သည်။

လူသား၏ ပထမအဆင့် ဖန်ဆင်းမှုပြီးနောက် ဘဝသက်တမ်းအဆင့်ဆင့်နှင့် အခြေအနေအမျိုးမျိုး

မွတ်စ်နဒ်အဟ်မဒ်နှင့် မွတ်စ်နဒ်အဗူယအ်လာကျမ်းများ၌ ဟဇရတ်အနတ်စ်ဗင်န် မာလစ်က် ؓ သခင်ထံမှ ဆင့်ပြန်ချက် လာရှိသည်မှာ တမန်တော်မြတ် ﷺ မိန့်ကြားတော်မူသည်မှာ ကလေးတစ်ဦးသည် အရွယ်မရောက်သေးသမျှ ၎င်းပြုကျင့်ခဲ့သော ကောင်းမှုအားလုံးတို့သည် ၎င်း၏ ဖခင် (သို့) မိဘနှစ်ပါး၏ စာရင်း၌ ရေးမှတ်ခြင်း ခံရပေသည်။ မကောင်းမှုတစ်စုံတစ်ရာ ပြုကျင့်ပါမူ ထိုမကောင်းမှုသည် ၎င်း၏ စာရင်း၌ ရေးမှတ်ခြင်း မခံရပေ။ မိဘနှစ်ပါး၏ စာရင်း၌လည်း ရေးမှတ်ခြင်း မခံရပေ။ တစ်ဖန် ထိုကလေး အရွယ်ရောက်သွားပြီဖြစ်လျှင် စာရင်း ရေးမှတ်သည့် ကလောင်တံသည် ၎င်းအဖို့ ဖြစ်သွားလေသည်။

ထို့နောက် ၎င်းနှင့်အတူတကွရှိသော ဖရစ်ရှ်သာဟ်နှစ်ပါးအား အမိန့်ပေးမည်မှာ ၎င်းအား စောင့်ရှောက်ကြကုန်။ ၎င်းအဖို့ အင်အားများစွာ ပေးကြကုန်' ဟု ဖြစ်သည်။ ၎င်းသည် အစ္စလာမ်သာသနာအတွင်း အသက် (၄၀) သို့ ရောက်ရှိပြီးလျှင် အလ္လာဟ်အသျှင်မြတ်သည် ၎င်းအား (၃) မျိုးသော ရောဂါများမှ ကာကွယ်ပေးတော်မူမည်။ ၎င်းမှာ-

(၁) ရှုံးသွပ်ခြင်းရောဂါ၊
(၂) ကုဋ္ဌနူနာရောဂါ၊
(၃) ခရုသင်းရောဂါတို့ ဖြစ်သည်။

အသက် (၅၀) သို့ ရောက်ရှိသွားလျှင် အလ္လာဟ်အသျှင်မြတ်သည် ၎င်း၏ စာရင်းကို လျှော့ပေါ့စေတော်မူမည်။ အသက် (၆၀) သို့ ရောက်ရှိသွားလျှင် အလ္လာဟ်အသျှင်မြတ်သည် ၎င်းအား မိမိဘက်တော်သို့ ပြန်လှည့်နိုင်သည့် စွမ်းအားပေးတော်မူသည်။ အသက် (၇၀) သို့ ရောက်ရှိသွားလျှင် မိုးကောင်းကင်၌ ရှိသူအားလုံးတို့က ၎င်းအား ချစ်မြတ်နိုးသွားကြလေသည်။ အသက် (၈၀) သို့ ရောက်ရှိလေသော် အလ္လာဟ်အသျှင်မြတ်သည် ၎င်း၏ ကောင်းမှုများကို ရေးမှတ်တော်မူပြီး ၎င်း၏ မကောင်းမှုများကို ပလပ်ချမ်းသာခွင့် ပေးတော်မူသည်။ ထို့နောက် အသက် (၉၀) သို့ ရောက်ရှိသွားသည့်အခါ အလ္လာဟ်အသျှင်မြတ်သည် ၎င်း၏ ရှေ့ပြစ်၊ နောက်ပြစ်၊ အပြစ်အားလုံးကို ခွင့်လွှတ်ချမ်းသာပေးသနားတော်မူသည်။ ထို့နောက် ၎င်းအား မိမိ၏ အိမ်သူ၊ အိမ်သားများနှင့် စပ်လျဉ်း၍ 'ရှဖာအသ်' (အသနားခံခွင့်) ပေးတော်မူမည်။ ထို့နောက် ၎င်းအား ဘွဲ့ထူးအဖြစ် أمين الله 'အမီနုလ္လာဟ်'၊ اسير الله فى الارض (မြေပထဝီတွင် အလ္လာဟ်အသျှင်မြတ်၏ အကျဉ်းသား) ဟု ပေးတော်မူပေမည်။ (အဘယ်ကြောင့်ဆိုသော် ဤမျှ အသက်အရွယ် ကြီးရင့်သွားသည့်အခါ များသောအားဖြင့် လူသား၏ အားအင်များ ကုန်ဆုံးသွားပြီးဖြစ်သည်။ မည်သည့်အရာတွင်မျှ အရသာမရှိတော့ပေ။ အကျဉ်းသားကဲ့သို့ ဘဝကို ဖြတ်သန်းနေရတော့သည်။ အလွန်တရာ အိုမင်းမစွမ်းဖြစ်၍ သူငယ်ပြန်သည့်အချိန်သို့ ရောက်ရှိသွားပါလျှင် ၎င်းကျန်းမာသန်စွမ်းစဉ်က ပြုလုပ်ခဲ့သည့် ကောင်းမှုအားလုံးကို 'အအ်မာလ်နာမဟ်' (အကောင်းအဆိုးမှတ်တမ်း) တွင် အပြည့်အဝ ရေးမှတ်တော်မူမည်။ အကယ်၍ ၎င်းတွင် အပြစ် 'ဂိုနာဟ်' တစ်စုံတစ်ရာ ရှိခဲ့မည်ဆိုလျှင် ထိုအပြစ်ကိုကား ရေးတော်မူမည်မဟုတ်ပေ။)

ဤဆင့်ပြန်ချက်ကို ဟာဖိဇ်အိဗ်နေကစီးရ်သည် မွတ်စ်နဒ်အဘီယအ်လာထံမှ ဆင့်ပြန်ပြီးနောက် မိန့်ဆိုသည်မှာ هذا احد يث غريب جدًا وفيه نكارة شد يدة 'ဤဟဒီးစ်သည် 'ဂရီးဗ်'ဖြစ်သည်။ ဤဟဒီးစ်တော်တွင် အလွန်ပြင်းထန်စွာ (ဝေဖန်မှု) 'နိကားရသ်' များ ပါရှိသည်။ ထို့နောက်တစ်ဖန်

ومع هذا قد رواه الامام احمد بن حنبل فى مسند ه مو قو فًا ومرفوعًا

ဤသို့ 'ဂရာဗသ်' (မခိုင်လုံမှု) နှင့် 'နိကာရသ်' (ဝေဖန်မှု) များ ရှိလျက်နှင့် အေမာမ်အဟ်မဒ် ဗင်န် ဟန်ဗလ်သည် မိမိ၏ စနဒ်တွင် ဤဟဒီးစ်တော်အား 'မောင်ကူးဖ်'နှင့် 'မရ်ဖူးအ်' နှစ်မျိုးစလုံးဖြင့် ဆင့်ပြန်ထားသည်။

ثَا نِىَ عِطْفِه တွင် عطف ၏ အဓိပ္ပာယ်မှာ 'ဘက်'နှင့် 'ဘေးစောင်းခြင်း' ဖြစ်သည်။ 'ဘေးသို့ စောင်းလှည့်သူ'၊ 'မျက်နှာလွှဲဖယ် ကျောခိုင်းသူ'ဟု ဆိုလိုသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَمِنَ النَّاسِ مَنْ يَّعْبُدُ اللّٰهَ عَلٰى حَرْفٍ ۚ فَاِنْ اَصَابَهٗ خَيْرُ ۨ اطْمَاَنَّ بِهٖ ۚ وَاِنْ اَصَابَتْهُ فِتْنَةُ ۨ انْقَلَبَ عَلٰى وَجْهِهٖ ۚ خَسِرَ الدُّنْيَا وَالْاٰخِرَةَ ۚ ذٰلِكَ هُوَ الْخُسْرَانُ الْمُبِيْنُ ⑪

၂၂ : ၁၁။ ။ ထို့ပြင် လူတို့အနက် အချို့မှာ (အစ္စလာမ်သာသနာ့ဘောင်) ဘေးအစွန်အဖျား၌ (ရပ်တည်၍) အလ္လာဟ်အသျှင်မြတ်အား ခဝပ်ကိုးကွယ်လျက် ရှိပေသည်။ တစ်ဖန် အကယ်၍ ထိုသူ့၌ အကျိုးကျေးဇူး တစ်စုံတစ်ရာ သက်ရောက်ခဲ့သည်ရှိသော်၊ ထိုသူသည် ယင်း (ခဝပ်ကိုးကွယ်မှု) အခြေအနေပေါ်၌ နှစ်သက်ကျေနပ်ခဲ့လေသည်။ သို့ရာတွင် အကယ်၍ ထိုသူ့၌ စမ်းသပ်မှု (အဖြစ် ဘေးဒုက္ခ) တစ်စုံတစ်ရာ ဆိုက်ရောက်ခဲ့ပါမူ၊ ထိုသူသည် မိမိ၏ မျက်နှာလှည့်၍ (ကုဖွ်ရ်၊ ရှရ်ခ်ဘက်သို့) ပြန်သွားခဲ့လေသည်။ ထိုသူသည် (ဤ) ပစ္စုပ္ပန်လောကီဘဝနှင့် နောင်တမလွန်ဘဝ (နှစ်ခုစလုံး) ကိုပင် လက်လွှတ်ဆုံးရှုံးစေခဲ့လေပြီ။ ဤသည် ထင်ရှားသော ပျက်စီးဆုံးရှုံးခြင်းပင် ဖြစ်၏။

يَدْعُوْا مِنْ دُوْنِ اللّٰهِ مَا لَا يَضُرُّهٗ وَمَا لَا يَنْفَعُهٗ ۚ ذٰلِكَ هُوَ الضَّلٰلُ الْبَعِيْدُ ⑫

၂၂ : ၁၂။ ။ (စင်စစ်) ထိုသူသည် အလ္လာဟ်အသျှင်မြတ်အား စွန့်၍၊ မိမိ၌ အကျိုးယုတ်စေခြင်းကိုလည်းကောင်း၊ အကျိုးဖြစ်ထွန်းစေခြင်းကိုလည်းကောင်း မပြုစွမ်းနိုင်သည့် အရာများကို ဟစ်ခေါ်တသလျက် ရှိပေသည်။ ဤသည် (အမှန်တရားနှင့်) အလွန်ဝေးလံသော လမ်းမှားခြင်းပင် ဖြစ်၏။

يَدْعُوْا لَمَنْ ضَرُّهٗۤ اَقْرَبُ مِنْ نَّفْعِهٖ ۚ لَبِئْسَ الْمَوْلٰى وَلَبِئْسَ الْعَشِيْرُ ⑬

၂၂ : ၁၃။ ။ (အမှန်စင်စစ်) ထိုသူသည် အကြင်အရာကို ဟစ်ခေါ်လျက်ရှိပေသည်။ ထိုအရာ၏ အကျိုးယုတ်စေမှုသည် ၎င်း၏ အကျိုးဖြစ်စေခြင်းထက်၊ ပို၍ပင် နီးကပ်လျက် ရှိပေသည်။ စင်စစ် (ထိုသူ ဟစ်ခေါ်လျက်ရှိသော အရာသည်) အလွန် ယုတ်ညံ့သော ကြည့်ရှုစောင်မသူနှင့် အလွန်ယုတ်ညံ့သော အဆွေခင်ပွန်းပင် ဖြစ်ပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အချို့လူတို့သည် (အရာတစ်ခု၏) အစွန်း၌ (ရပ်လျက် အခြေအနေပေးလျှင် ဆက်လက် လျှောက်သွားမည်ဟူသော ပုံစံမျိုးဖြင့်) အလ္လာဟ်အသျှင်မြတ်အား 'အေဗာဒသ်' ပြုလုပ်ကြသည်။ တစ်ဖန် အကယ်၍ ၎င်းအဖို့ (လောကီရေး) အကျိုးအမြတ် တစ်စုံတစ်ရာ ရရှိသွားပါမူ ထိုအကျိုးအမြတ်ကြောင့် (အပေါ်ယံ) တည်ငြိမ်မှုရရှိသွားသည်။ အကယ်၍ ၎င်းအပေါ်၌ စမ်းသပ်မှုတစ်စုံတစ်ရာ ဖြစ်သွားပါလျှင် ထိုသူသည် မိမိ၏ မျက်နှာကို လွှဲဖယ်လျက် (ကုဖွ်ရ်ဘက်ဆီသို့) ထွက်သွားလေသည်။ (ဤသို့ ပြုမူခြင်းကြောင့် ထိုသူသည်) လောကီ၊ လောကုတ္တရာ နှစ်ဌာနလုံး ဆုံးရှုံးရသူ ဖြစ်သွားလေသည်။ ဤသည် ပေါ်လွင်ထင်ရှားလှသည့် ပျက်စီးဆုံးရှုံးမှုပင် ဖြစ်သည်။ (လောကီရေး ဆုံးရှုံးမှုများမှာမူ ဒုက္ခတစ်စုံတစ်ရာ ကျရောက်လျက် စမ်းသပ်ခံရခြင်းပင် ဖြစ်သည်။ 'အာခေရသ်' တမလွန်၏ ဆုံးရှုံးမှုမှာမူ အစ္စလာမ်သာသနာနှင့်) အလ္လာဟ်အသျှင်မြတ်အား စွန့်လွှတ်၍ ထိုအရာအား ခဝပ်ကိုးကွယ်လျက် ရှိကြသည်။ အကြင်အရာ၌

မိမိအား အကျိုးယုတ်စေနိုင်ခြင်းလည်း မရှိ။ အကျိုးဖြစ်ထွန်းစေနိုင်ခြင်းလည်း မရှိ။ (၎င်းအား ခဝပ်ဆည်းကပ်ခြင်း မပြုသည့်အတွက် မည်သည့်နစ်နာဆုံးရှုံးစေခြင်းကိုလည်းကောင်း၊ ၎င်းအား ခဝပ်ဆည်းကပ်ခြင်းပြုသည့်အတွက် အကျိုးဖြစ်ထွန်းစေခြင်းကိုလည်းကောင်း ပေးနိုင်သည့် မည်သည့်တန်ခိုးအင်အားမျှ မရှိပါချေ။ တန်ခိုးတော်အသျှင် အစစ်အမှန်ကို စွန့်လွှတ်၍ ဤကဲ့သို့ မည်သည့်အင်အားမျှ မရှိသည့် အရာများအား ဟစ်ခေါ်တသခြင်းသည် ဆုံးရှုံးခြင်းမက ဆုံးရှုံးခြင်းသာ ဖြစ်သည်။)

ဤသည် အမှန်တရားနှင့် အလွန်ဝေးလံသည့် လမ်းမှားခြင်းပင် ဖြစ်သည်။ (ထိုအရာအား 'အေဇာဒသ်' ပြုခြင်းဖြင့် မည်သည့်အကျိုးမျှ မဖြစ်ထွန်းခြင်းမျှသာ မဟုတ်ဘဲ ဆုံးရှုံးမှုသာ ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော်) ထိုသူ 'အေဇာဒသ်'ပြုလုပ်နေသည့် အရာသည် အကျိုးဖြစ်ထွန်းခြင်းထက် အကျိုးယုတ်ခြင်းဘက်သို့သာ ပိုမိုနီးကပ်နေသောကြောင့်ပင် ဖြစ်သည်။ စင်စစ် (ထိုသူ ဟစ်ခေါ်တသနေသည့် အရာသည်ကား) အလွန်ဆိုးရွားသည့် ကြည့်ရှုစောင့်မသူနှင့် အလွန်ဆိုးရွားသည့် အဆွေခင်ပွန်းသာ ဖြစ်ပေသည်။ (မည်သည့်နည်းနှင့်ဖြစ်စေ၊ မည်သည့်အချိန်၌ဖြစ်စေ၊ မည်သို့မျှ အကျိုးမဖြစ်ထွန်းနိုင်သော ၎င်းအား အရှင်သခင်'ဟုလည်းကောင်း၊ အဆွေခင်ပွန်းဟုလည်းကောင်း ခေါ်ဝေါ်တသ အားကိုးခြင်းပြုပါလျှင် မည်သည့်အခြေအနေတွင်မျှ အကျိုးတစ်စုံတစ်ရာ ဖြစ်ထွန်းမည် မဟုတ်ပါချေ။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

وَ مِنَ النَّاسِ مَنْ يَّعْبُدُ اللّٰهَ عَلٰى حَرْفٍ

ဘိုခါရီနှင့် အိဗ်နေအဘီဟာသင်မ်တို့က ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ ၏ ဆင့်ပြန်ချက်ကို ဆင့်ပြန်ခဲ့သည်မှာ တမန်တော်မြတ် ﷺ သည် မက္ကာဟ်မြို့မှ မဒီနာသို့ 'ဟီဂျ်ရသ်'ပြု ပြောင်းရွှေ့နေထိုင်သည့်အခါ (စိတ်နှလုံးသား၌ ခိုင်မြဲသော အီမာန်မရှိသူများသည်လည်း လာရောက်၍ မွတ်စ္စလင်မ်အဖြစ် လက်ခံကြလေသည်။ ၎င်းတို့သည် အကယ်၍ အစ္စလာမ်လက်ခံပြီး သားသမီး၊ စည်းစိမ်ဥစ္စာများ တိုးပွားလာပါလျှင် ဤသာသနာအား ကောင်းသည်ဟု ပြောဆိုကြသည်။ အကယ်၍ ဤသို့မဟုတ်ဘဲ တိုးပွားမှု တစ်စုံတစ်ရာ မရှိဟုဆိုလျှင် ဤသာသနာသည် မကောင်းသော သာသနာဖြစ်သည်ဟု ပြောဆိုလေ့ရှိကြသည်။ ထို့ကြောင့် ဤကဲ့သို့သော လူများနှင့် စပ်လျဉ်း၍ ဤအာယသ်တော် ကျရောက်ခဲ့လေသည်။ 'ဤသူတို့သည် အီမာန်၏ ကမ်းစပ်အစွန်အဖျား၌ ရပ်နေသူများ ဖြစ်ကြသည်။ အကယ်၍ ၎င်းတို့အဖို့ အီမာန်ယူပြီးနောက် လောကီရေးအဆင်ပြေမှု၊ ဥစ္စာပစ္စည်းများ များပြားစွာ ရရှိလာပါလျှင် အစ္စလာမ်သာသနာအပေါ်၌ ရပ်တည်ကြပေမည်။ အကယ်၍ စမ်းသပ်သည့်သဘောဖြင့် ဒုက္ခ ပူပင်သောက တစ်စုံတစ်ရာ ခံစားရပါလျှင် ၎င်းတို့သည် အစ္စလာမ်သာသနာအား ကျောခိုင်းသွားကြပေမည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

إِنَّ ٱللَّهَ يُدۡخِلُ ٱلَّذِينَ ءَامَنُواْ وَعَمِلُواْ ٱلصَّٰلِحَٰتِ جَنَّٰتٖ تَجۡرِي مِن تَحۡتِهَا ٱلۡأَنۡهَٰرُۚ إِنَّ ٱللَّهَ يَفۡعَلُ مَا يُرِيدُ ١٤

၂၂ ႏ ၁၄ ။ ။ ကေန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အီမာန်သက်ဝင်ယုံကြည်ပြီး၊ ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မူဆောက်တည်ကြသော သူတို့အား၊ အကြင်ဥယျာဉ်များသို့ ဝင်ရောက်စေတော်မူမည်။ ထိုဥယျာဉ်များအောက်မှ စမ်းရေချောင်းများ စီးတွေလျက် ရှိကြပေမည်။ ကေန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ရည်ရွယ်တော်မူသော ကိစ္စကို (ပြီးမြောက်အောင်) ပြုလုပ်တော်မူပေသည်။

مَن كَانَ يَظُنُّ أَن لَّن يَنصُرَهُ ٱللَّهُ فِي ٱلدُّنۡيَا وَٱلۡأٓخِرَةِ فَلۡيَمۡدُدۡ بِسَبَبٍ إِلَى ٱلسَّمَآءِ ثُمَّ لۡيَقۡطَعۡ فَلۡيَنظُرۡ هَلۡ يُذۡهِبَنَّ كَيۡدُهُۥ مَا يَغِيظُ ١٥

၂၂ ႏ ၁၅ ။ ။ အလ္လာဟ်အသျှင်မြတ်သည် လောကီဘဝ၌လည်းကောင်း၊ 'အာခိရသ်' နောင်တမလွန်ဘဝ၌လည်းကောင်း၊ ထိုရစူလ်တမန်တော် (မိုဟမ္မဒ်) အား အလျှင်း အကူအညီပေးတော်မူမည်မဟုတ်ပါဟု မည်သူမဆို ထင်မြင်ယူဆလျက် ရှိပါလျှင်၊ 'ထိုသူသည် ကြိုးတစ်ချောင်းကို မိုးကောင်းကင်အထိ ဆန့်တန်းဆွဲချိတ်ရမည်။ ထို့နောက် ၎င်းသည် (ယင်းအသျှင်မြတ်၏ ချီးမြှင့်တော်မူသော 'ဝဟီ' ကို) ဖြတ်တောက် (ရပ်စဲ) စေရမည်။ (တစ်နည်း) ကြိုးတစ်ချောင်းကို (ယူကာ) မိမိ၏ လည်ပင်းကို ချည်၍ (အိမ်) ခေါင်မိုးအထိ ဆွဲငင်ဆန့်တန်းပြီးနောက်၊ (မိမိ၏ လည်မျိုကို) ညှစ်သတ်ရမည်။ တစ်ဖန် မိမိ၏ ကြံစည်ချက်သည် (မိမိအား) အမျက်ထွက်စေသော ကိစ္စကို ပျောက်လွင့်စေသလော' ဟု (အမျိုးမျိုး ကြိုးစားအားထုတ်ကာ) စဉ်းစားဆင်ခြင်၍ ကြည့်ရပေမည်။

وَكَذَٰلِكَ أَنزَلۡنَٰهُ ءَايَٰتِۭ بَيِّنَٰتٖ وَأَنَّ ٱللَّهَ يَهۡدِي مَن يُرِيدُ ١٦

၂၂ ႏ ၁၆ ။ ။ စင်စစ် ဤနည်းအတိုင်းပင် ငါအသျှင်မြတ်သည် ယင်း (ကုရ်အာန်) ကျမ်းတော်မြတ်ကို ထင်ရှားလှစွာသော သက်သေလက္ခဏာ (အာယသ်) တော်များအဖြစ် ချပေးသနားတော်မူခဲ့ပေသည်။ ကေန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် မိမိရည်စူးတော်မူသော တရားလမ်းမှန်ကို ညွှန်ပြတော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ကေန်အမှန် အလ္လာဟ်အသျှင်မြတ်သည် သက်ဝင်ယုံကြည်ပြီးနောက် ကောင်းမြတ်သော အကျင့်သီလများ ကျင့်မူဆောက်တည်ကြကုန်သော သူတို့အား (ဂျန္နသ်၏) ဥယျာဉ်များတွင် ဝင်ရောက်စေတော်မူလိမ့်မည်။ ထိုဥယျာဉ်များ၏ အောက်တွင် ချောင်းများ စီးဆင်းနေပေမည်။ (ထို့နောက် အလ္လာဟ်အသျှင်မြတ်

သည် လူတစ်ဦး (သို့) အုပ်စုတစ်စုအား စဝါးဗ်အကျိုးကုသိုလ် (သို့) 'အဇားဗ်' အပြစ်ဒဏ် တစ်စုံတစ်ရာ ပေးလိုပါလျှင် ထိုအလ္လာဟ်အသျှင်မြတ်အား မည်သူမျှ တားဆီးမည့်သူ မရှိပါ။ အကြောင်းမှာ အလ္လာဟ်အသျှင်မြတ်သည် (အရာရာကို စွမ်းဆောင်နိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။) စင်စစ် အလ္လာဟ်အသျှင်မြတ်သည် မိမိရည်ရွယ်တော်မူသော ကိစ္စကို (ပြီးမြောက်အောင်) ပြုလုပ်တော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။ (ထို့နောက် မှန်ကန်သည့် သာသနာအပေါ် ငြင်းခုံပြဿနာပြုလုပ်သူများနှင့် ရှေ့အာယသ်တော်များတွင် ၎င်းတို့၏ ဆုံးရှုံးနစ်နာမှု၊ နဖူးစာဆိုးရွားခြင်းများအကြောင်း တင်ပြထားသည်။) ကျွန်ုပ် အောင်မြင်ပေမည်။ တမန်တော်မြတ် ﷺ ၏ သာသနာ၏ တိုးတက်မှုကို ရပ်တန့်ပစ်မည်ဟု ကျိုးဝါးသည်) ထို့နောက် အလ္လာဟ်အသျှင်မြတ်သည် တမန်တော်မြတ် ﷺ အားလည်းကောင်း၊ (တမန်တော်မြတ် ﷺ ၏ သာသနာတော်အားလည်းကောင်း) လောကီ၊ လောကုတ္တရာ နှစ်ဌာနစလုံးတွင် ကူညီစောင်မခြင်း ပြုတော်မူမည်မဟုတ်ဟု ထင်မြင်ယူဆနေပါလျှင် ထိုသူ့အဖို့ ကြိုးတစ်ချောင်းကို မိုးကောင်းကင်သို့ တိုင်ဆွဲလိုက်ရမည်။ (ထို့နောက် ထိုကြိုးကို မိုးကောင်းကင်၌ ချည်နှောင်လိုက်ရမည်။) တစ်ဖန် (ထိုကြိုးအားဖြင့် မိုးကောင်းကင်သို့ ရောက်ရှိနိုင်လျှင်လည်း ရောက်ရှိသွားပေမည်။ သို့မှသာ) ထို 'ဝဟီ'ကို တားမြစ်ခြင်း ပြုနိုင်ပေမည်။ (အမှန်စင်စစ် ဤသို့ မည်သူမျှ မပြုနိုင်ဆိုသည်မှာ ထင်ရှားပေသည်။) သို့ရှိရာ တစ်ဖန် ထိုသူ၏ (ဤ) အကြံအစည် (ထိုသူ လုံးဝ ပြုလုပ်နိုင်မည်မဟုတ်သည့် အလုပ်) သည် မိမိ၏ အမျက်ဒေါသ ထွက်နေသောအရာ (ဝဟီဗျာဒိတ်တော်) ကို တားဆီးပိတ်ပင်ခြင်း ပြုနိုင်ပါသလောဆိုသည်ကို သေချာကျနစွာ စဉ်းစားဆင်ခြင်ရပေမည်။ ထို့နောက် စင်စစ် ငါအသျှင်မြတ်သည် ဤ (ကုရ်အာန်) ကို ဤနည်းအတိုင်း ချပေးတော်မူခဲ့သည်။ (ဤသို့ ချပေးရာတွင် ငါအသျှင်မြတ်၏ အလိုတော်ဆန္ဒနှင့် တန်ခိုးတော်တို့မှအပ မည်သည့်အရာမျှ မပါဝင်ပေ။) ဤကျမ်းမြတ်တွင် ထင်ရှားပွင့်လင်းသည့် သက်သေလက္ခဏာတော်များသည် (အသျှင်မြတ်၏ အထူးသတ်မှတ်ချက်များ) ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် မိမိ အလိုတော်ရှိသူအား တရားလမ်းမှန်ကို ညွှန်ပြတော်မူပေသည်။

သိမှတ်ဖွယ်ရာများနှင့် ခမ္မသတ်များ

مَنْ كَانَ يَظُنُّ

အစ္စလာမ်၏ လမ်းကို ပိတ်ပင်တားဆီးလိုသူတို့က လိုလားနေကြသည်မှာ အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ရစူလ်တမန်တော်နှင့် ၎င်း၏ သာသနာတော် ကူညီစောင်မမှု မပြုရန် ဖြစ်သည်။ ၎င်းအနေဖြင့် နားလည်ထားရမည်မှာ 'မအာဇလ္လာဟ်' ကိုယ်တော်မြတ် ﷺ ထံတော်မှ 'နဗူဝသ်'၏ ဘွဲ့ထူးပြုတ်ကျသွားခြင်းသည်လည်းကောင်း၊ ကိုယ်တော်မြတ် ﷺ အပေါ် 'ဝဟီ'ကျရောက်ခြင်း ရပ်ဆိုင်းသွားခြင်းသည်လည်းကောင်း ဖြစ်ကောင်းဖြစ်နိုင်ပေဦးမည်။ အကြောင်းမှာ အလ္လာဟ်အသျှင်မြတ် 'နဗူဝသ်'နှင့် 'ရိစာလသ်' အပ်နှံခံရသူတို့အပေါ် 'ဝဟီ'ဗျာဒိတ်တော် ပို့ချလျက် လောကီလောကုတ္တရာ နှစ်ခုစလုံး၌ ကူညီစောင်မတော်မူမည့် အကြောင်း အခိုင်အမာ ကတိတော်ပြုထားသောကြောင့် ဖြစ်သည်။ ဦးနှောက်အတွေးအခေါ်

အရလည်း ဤသည်ကို ဆန့်ကျင်ရန် မသင့်ဟု ဖြစ်လေသော် နဗီကိုယ်တော်မြတ် ﷺ နှင့် ၎င်း၏ သာသနာတော်၏ တိုးတက်မှုကို ရပ်တန့်စေလိုသူအဖို့ အကယ်၍ ၎င်း၏ ထိန်းချုပ်မှုအတွင်း၌သာ ရှိမည်ဆိုလျှင် ၎င်းသူအဖို့ နဗီတမန်တော်မြတ် ﷺ ၏ 'နဗူဝသ်' ပြုတ်ကျသွားရန်ကိုလည်းကောင်း၊ ကိုယ်တော်မြတ် ﷺ အပေါ် 'ဝဟီ' ဗျာဒိတော် ကျရောက်ခြင်း၊ ပြတ်တောက်ရပ်စဲသွားရန်ကိုလည်းကောင်း ကြံစည်မည်သာ ဖြစ်ပေသည်။ ဤအကြောင်းအရာကို မဖြစ်နိုင်သော ခေါင်းစဉ်တစ်ခုအနေဖြင့် ပုံဖော်ကြည့်ရပါလျှင် တမန်တော်မြတ် ﷺ အား 'ဝဟီ' ပို့ချခြင်း ပြတ်တောက်စေသော အလုပ်ကို ပြုလုပ်လိုသောအခါ မည်သည့်နည်းနှင့် ဖြစ်စေ၊ မိုးကောင်းကင်သို့ တက်ရောက်ပြီး 'ဝဟီ' ပို့ချခြင်းကို ရပ်စဲစေရမည်ဖြစ်သည်။ မည်သူမျှ မိုးကောင်းကင်ပေါ်သို့ တက်ရောက်ရန် မဖြစ်နိုင်။ အလ္လာဟ်အသျှင်မြတ်ထံမှ 'ဝဟီ' ပို့ချခြင်းကို ရပ်ဆိုင်းစေခြင်းသည်လည်း မဖြစ်နိုင်သည်မှာ အထင်အရှားပင် ဖြစ်သည်။ သို့ရှိရာ ဖြစ်လိုရာကို ကြိုးစားကြံစည်မှုများမှာ အလဟဿဖြစ်ရသည်ဆိုလျှင် အစ္စလာမ်သာသနာတော်နှင့် ယင်းတို့အပေါ် ယုံကြည်လက်ခံခြင်းတို့အတွက် ဒေါသအမျက်ထွက်လျှင် မည်သို့ အကျိုးရှိမည်နည်း။ ဤသဖ်စီးရ်ဖွင့်ဆိုချက်သည် ဒွရ်ရေမန်ဆူးရ်ကျမ်းတွင် ဤသည့်အတိုင်း အိဗ်နေဇိုင်ဒ်ထံမှ ဆင့်ပြန်ထားသည်။ ကျွန်ုပ်ထံတွင် ဤသဖ်စီးရ်ဖွင့်ဆိုချက်သည် အကောင်းဆုံးနှင့် အရှင်းဆုံးဖြစ်သည်။ *[ဗယားနုလ်ကုရ်အာန်ကျမ်း]*

ကုရ် သုဗီသည် ဤသဖ်စီးရ်ကို အဘူဂျအ်ဖရ်နူဟားစ်ထံမှ ဆင့်ပြန်ချက် မိန့်ဆိုသည်မှာ ဤသည် အကောင်းဆုံး သဖ်စီးရ်ဖြစ်သည်ဟုဖြစ်သည်။ ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ ထံမှလည်း ဤသဖ်စီးရ်ကို ဆင့်ပြန်ခဲ့သည်။ အချို့ပုဂ္ဂိုလ်များက ဤအာယသ်တော်၏ သဖ်စီးရ်ကို ဖွင့်ဆိုသည်မှာ سماء သည် 'အိမ်အမိုး' ဖြစ်သည်ဟု ဆိုသည်။ အာယသ်တော်၏ အလိုသဘောမှာ အကယ်၍ ဆန့်ကျင်သူ ပညာမဲ့ တစ်ဦးသည် 'အလ္လာဟ်အသျှင်မြတ်က မိမိ၏ ရစူလ်နှင့် ထိုရစူလ်၏ သာသနာကို မကူညီရန် လိုလားခဲ့ပြီး ၎င်းသူသည် အစ္စလာမ်နှင့် ဆန့်ကျင်လျက် ဒေါသအမျက်ထွက်နေပါလျှင် ၎င်း၏ လိုလားချက်သည် မည်သည့် အခါမှ ပြည့်ဝမည်မဟုတ်ပါ။ ထိုအသိမဲ့သည့် ဒေါသအမျက်အတွက် ကုသရန် နည်းလမ်းမှာ အိမ်ခေါင်မိုး၌ ကြိုးချည်၍ သေလိုက်ရန်ပင် ဖြစ်သည်' ဟု မှတ်ယူလိုက်ပါလေ။ *[မဇ္ဇဟရီကျမ်း]*

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

إِنَّ الَّذِينَ آمَنُوا وَالَّذِينَ هَادُوا وَالصَّابِئِينَ وَالنَّصَارَىٰ
وَالْمَجُوسَ وَالَّذِينَ أَشْرَكُوا إِنَّ اللَّهَ يَفْصِلُ بَيْنَهُمْ يَوْمَ الْقِيَامَةِ
إِنَّ اللَّهَ عَلَىٰ كُلِّ شَيْءٍ شَهِيدٌ ﴿١٧﴾

၂၂ း ၁၇ ။ ။ စေကန်စင်စစ် မုအ်မင်နသက်ဝင် ယုံကြည်ခဲ့ကြသောသူများ၊ ယဟူဒီဖြစ်ခဲ့ကြသောသူများ၊ 'ဆွာဗီ' များ (အတိတ်ခေတ်က လူမျိုးတစ်မျိုး၊ သို့မဟုတ် သာသနာတစ်ရပ် ဖြစ်တန်ရာသည်။) ခရစ်ယာန်များ၊ မဂျူစီ (မီးကိုးကွယ်

သူ) များနှင့် (တစ်စုံတစ်ရာကို အသျှင်မြတ်နှင့်) တွဲဖက်နိုင်းယှဉ် ကိုးကွယ်ခဲ့ကြသော မုရှ်ရစ်က်တို့၏ စပ်ကြားဝယ် ဧကန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် 'ကေယာမသ်'နေ့တွင် အမှန်ပင် စီရင်ဆုံးဖြတ်တော်မူမည် ဖြစ်သည်။ ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို (မျက်မြင်) သိမြင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

أَلَمْ تَرَ أَنَّ اللَّهَ يَسْجُدُ لَهُ مَنْ
فِي السَّمَاوَاتِ وَمَنْ فِي الْأَرْضِ وَالشَّمْسُ وَالْقَمَرُ وَالنُّجُومُ وَ
الْجِبَالُ وَالشَّجَرُ وَالدَّوَابُّ وَكَثِيرٌ مِنَ النَّاسِ ۖ وَكَثِيرٌ حَقَّ
عَلَيْهِ الْعَذَابُ ۗ وَمَنْ يُهِنِ اللَّهُ فَمَا لَهُ مِنْ مُكْرِمٍ ۚ إِنَّ اللَّهَ
يَفْعَلُ مَا يَشَاءُ ۩ ﴿١٨﴾

၂၂ : ၁၈ ။ ။ ဧကန်မလွဲ မိုးကောင်းကင်များနှင့် ပထဝီမြေ၌ ရှိသမျှတို့အပြင် နေ၊ လ၊ ကြယ်၊ နက္ခတ်တာရာများ၊ တောင်များ၊ သစ်ပင်များ၊ တိရစ္ဆာန်များနှင့် မြောက်မြားစွာသော လူတို့သည် အလ္လာဟ်အသျှင်မြတ်ကိုသာလျှင် ဦးခကြသည်ကို အသင်သည် မသိပါသလော။ သို့ရာတွင် (လူတို့အနက်) မြောက်မြားစွာသော သူတို့အပေါ်၌မူ၊ ပြစ်ဒဏ်သည် အတည်ဖြစ်ခဲ့လေပြီ။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အကြင်သူတစ်ဦးတစ်ယောက်အား ဂုဏ်ရည်သေးသိမ်အောင် ပြုတော်မူခဲ့သည်ရှိသော် ထိုသူ့အား မည်သူတစ်ဦးတစ်ယောက်မျှပင် (ဂုဏ်သေရ) ချီးမြှင့်နိုင်မည့်သူဟူ၍ မရှိပေ။ ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် မိမိအလိုရှိတော်မူသည်ကို ပြုလုပ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ဧကန်စင်စစ် မုအ်မင်န်သက်ဝင်ယုံကြည်သူများ၊ ယဟူဒီများ၊ ဆွာဗီများ နဆွာရာများ၊ မဂျူစီ မီးကိုးကွယ်သူများ၊ မုရှ်ရစ်က် တစ်စုံတစ်ရာကို အလ္လာဟ်နှင့် ယှဉ်တွဲကိုးကွယ်သူအားလုံးတို့၏အကြား အလ္လာဟ် အသျှင်မြတ်သည် 'ကေယာမသ်'နေ့၌ ဒွိဟမရှိ (လက်တွေ့) စီရင်ဆုံးဖြတ်တော်မူပေမည်။ (မွတ်စ္စလင်မ်တို့အား 'ဂျန္နသ်'တွင်လည်းကောင်း၊ ကာဖိရ်အုပ်စုအားလုံးကို 'ဂျဟန္နမ်'တွင်လည်းကောင်း ဝင်ရောက်စေတော်မူပေမည်။) ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အရာဟူသရွေ့ကို သိတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

အို၊ လူသား၊ မိုးကောင်းကင်၌ ရှိသူတို့သည်လည်းကောင်း၊ ပထဝီမြေ၌ ရှိသူတို့သည်လည်းကောင်း၊ နေသည်လည်းကောင်း၊ လသည်လည်းကောင်း၊ ကြယ်တာရာတို့သည်လည်းကောင်း၊ တောင်များသည် လည်းကောင်း၊ သစ်ပင်များသည်လည်းကောင်း တိရစ္ဆာန်များသည်လည်းကောင်း (ဖန်ဆင်းခံဟူသရွေ့ တို့သည် မိမိတို့၏ ပုံသဏ္ဍာန်အနေအထားများအရ ကျိုးငြဲ့အမိန့်နာခံသူများ ဖြစ်ပါလျက် အသိတရားအပိုင်း

တွင် အထူးအခွင့်၌ရှိသော လူသားများတွင် အားလုံး အမိန့်နာခံသူများ မဖြစ်ခဲ့ပေ။ ထို့မှုမက) မြောက်မြား စွာသော လူတို့အပေါ်၌ ပြစ်ဒဏ်သည် အတည်ဖြစ်သွားပေသည်။ ထို့နောက် စင်စစ် အလ္လာဟ်အသျှင်မြတ် က သေးသိမ်စေရန် အလိုတော်ရှိပါလျှင် (ထိုသူအဖို့ 'ဟေဒါယသ်'တရားလမ်းမှန် ရရှိနိုင်စွမ်း မရှိတော့ ပေ။) ထိုသူ့ဖို့ ဂုဏ်ပေးသူ တစ်ဦးတစ်ယောက်မျှ ရှိမည်မဟုတ်ပေ။ ထို့နောက် အလ္လာဟ်အသျှင်မြတ် သည် (မိမိအလိုတော်ရှိသည်ကို မိမိ၏ ဉာဏ်အမြော်အမြင်ဖြင့်) ပြုလုပ်တော်မူပေသည်။

သိမှတ်ဖွယ်ရာများနှင့် စမ္ဗသတ်များ

ပထမအာယသ်တော်တွင် ကမ္ဘာပေါ်ရှိ အုပ်စုများမှ မုအ်မင်န်များနှင့် ကာဖိရ်တို့၏ အယူဝါဒ ခြားနားသည့် အုပ်စုကွဲအားလုံးတို့နှင့် စပ်လျဉ်း၍ မိန့်ကြားတော်မူသည်မှာ 'အလ္လာဟ်အသျှင်မြတ်သည် ထိုအုပ်စုအားလုံးတို့နှင့် စပ်လျဉ်း၍ ဆုံးဖြတ်တော်မူမည်။ ထို့နောက် ထိုအသျှင်မြတ်သည် အရာဟူသရွေ့ တို့၏ အတွင်းအပြင်ကို အကြွင်းမဲ့ သိရှိတော်မူသည့် အသျှင် ဖြစ်တော်မူသည်။

မည်သို့ ဆုံးဖြတ်တော်မူမည်ဆိုသည့်အကြောင်း ကုရ်အာန်ကျမ်းတော်မြတ်တွင် 'ကောင်းမြတ်သည့် မွတ်စ္စလင်မ်များအတွက် အမြဲတမ်းနှင့် ထာဝရသုခချမ်းသာ ရရှိမည်ဖြစ်ပြီး ကာဖိရ်များအတွက် အမြဲ တစေ 'ဂျဟန္နမ်'ငရဲဘုံဖြစ်ကြောင်း' အကြိမ်ကြိမ် လာရှိပြီးဖြစ်သည်။

ဒုတိယအာယသ်တော်တွင် အဖန်ဆင်းခံအားလုံး သက်ရှိများသည်လည်းကောင်း (သို့) သစ်ပင်များ နှင့် ကျောက်စိုင်ကျောက်ခဲများသည်လည်းကောင်း၊ အရာအားလုံးတို့သည် အလ္လာဟ်အသျှင်မြတ်၏ အမိန့် နာခံမှု၌ ရှိကြပြီး 'စဂျ်ဒဟ်'ဦးချခြင်းအကြောင်း တင်ပြလျက် လူသားနှစ်မျိုးအကြောင်းကို ဖော်ပြထားသည်။ တစ်မျိုးမှာ အမိန့်နာခံလိုက်နာသူဖြစ်ပြီး 'စဂျ်ဒဟ်'တွင် အာလုံးတို့နှင့်အတူ ပါဝင် သည်။ အခြားတစ်ဦး မှာ အမိန့်ဖီဆန်၊ ဆိုးသွမ်းသူ၊ 'စဂျ်ဒဟ်'ပြုခြင်းမှ မျက်နှာလွှဲဖယ်သူဖြစ်သည်။ အမိန့်နာခံခြင်းကို 'စဂျ်ဒဟ်' ပြုခြင်းနှင့် နိုင်းနှိုင်းထားသည်။ ဖွင့်ဆိုချက်အနှစ်ချုပ်၌လည်း အဓိပ္ပာယ်ကို ကျိုးငဲ့အမိန့်နာခံမှုအဖြစ် ပြန်ဆို ထားသည်။ သို့မှသာ အဖန်ဆင်းခံများမှ အမျိုးအစားဟူသရွေ့တို့သည် 'စဂျ်ဒဟ်'အခန်းကဏ္ဍ၌ ပါဝင်လာ ပေမည်။ အကြောင်းမှာ ၎င်းတို့အနက် တစ်ခုချင်းစီတို့၏ 'စဂျ်ဒဟ်'ပြုခြင်းသည် ၎င်းတို့၏ အနေအထား များအရ ဖြစ်သည်။ လူသား၏ 'စဂျ်ဒဟ်'ပြုခြင်းသည် ၎င်းတို့၏ အနေအထားများအရ ဖြစ်သည်။ လူသား ၏ 'စဂျ်ဒဟ်'ပြုခြင်းသည် နဖူးကို မြေကြီးပေါ်၌ ချခြင်း၏ အမည်ဖြစ်သည်။ အခြားအဖန်ဆင်းခံတို့၏ 'စဂျ်ဒဟ်'ပြုခြင်းသည် မိမိအား တာဝန်တစ်ခု ထမ်းဆောင်ရန် ဖန်ဆင်းခြင်းဖြစ်လျှင် ထိုတာဝန်ထမ်းဆောင် နေခြင်းသူသည်ပင် ၎င်းတို့၏ 'စဂျ်ဒဟ်'ပြုခြင်း မည်၏။

အဖန်ဆင်းခံအပေါင်းတို့ အမိန့်နာခံသူများ ဖြစ်ရခြင်း၏ အကြောင်းအရင်း

စကြဝဠာအပေါင်းနှင့် အဖန်ဆင်းခံဟူသရွေ့တို့သည် မိမိတို့အား ဖန်ဆင်းတော်မူသော အသျှင်မြတ် ၏ အမိန့်တော်နှင့်အညီ အလိုတော်အတိုင်း ဖြစ်နေခြင်းမှာ ဖန်ဆင်းမှုအရသော်လည်းကောင်း၊ သတ်မှတ်

စီမံချက်အရသော်လည်းကောင်း ဖြစ်ရှိရမည်သာ ဖြစ်သည်။ ထိုသို့ ဖြစ်ရှိနေခြင်းတွင် မည်သည့်အဖန်ဆင်းခံ မုအ်မင်န်သည်လည်းကောင်း၊ ကာဖိရ်သည်လည်းကောင်း၊ ရှင်နေသူသည်လည်းကောင်း၊ သေဆုံးသွားသူသည်လည်းကောင်း၊ ကျောက်စိုင်ကျောက်ခဲများသည်လည်းကောင်း၊ သစ်ပင်များသည်လည်းကောင်း သီးခြားဖြစ်ခြင်းမရှိဘဲ ဖော်ပြပါအားလုံးတို့သည် မရည်ရွယ်ဘဲ ပုံစံတစ်ခုအသွင်တစ်မျိုးတည်းအဖြစ် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်နှင့် အလိုတော်အရ ဖြစ်ရှိနေကြသည်။ ဤကမ္ဘာစကြဝဠာတွင် တစ်စုံတစ်ဦး၊ တစ်စုံတစ်ရာမျှ မြူမှုန်ဖြစ်စေ၊ တောင်ပင်ဖြစ်စေ၊ ထိုအသျှင်မြတ်၏ အမိန့်နှင့် အလိုတော်တူမှု မပါရှိဘဲ စိုးစဉ်းမျှပင် ရွေ့လျားလှုပ်ရှားနိုင်စွမ်း မရှိပါချေ။

ဒုတိယအုပ်စုမှာ အမိန့်နာခံမှုကို ရည်ရွယ်ချက်ဆန္ဒဖြင့် ပြုလုပ်သည့် အုပ်စုဖြစ်သည်။ မည်သည့်အဖန်ဆင်းခံမဆို မိမိတို့၏ ရည်ရွယ်ချက်ဆန္ဒဖြင့် အလ္လာဟ်အသျှင်မြတ်၏ အမိန့်နာခံမှုကို ပြုလုပ်ခြင်းဖြစ်သည်။ ဤတွင် မုအ်မင်န်နှင့် ကာဖိရ်ကွဲပြားမှု ဖြစ်လာသည်။ မုအ်မင်န်သည် အမိန့်နာခံသူဖြစ်သည်။ ကာဖိရ်သည် ၎င်းနှင့် ဆန့်ကျင်၍ အမိန့်ဖီဆန်သူဖြစ်သည်။ ဤအာယသ်တော်သည် မုအ်မင်န်နှင့် ကာဖိရ်၏ ကွဲပြားခြားနားမှုကို ဖော်ပြထားသည်။ ဤအာယသ်တော်တွင် 'စဂျ်ဒဟ်' နှင့် အမိန့်နာခံမှုတို့၏ အလိုသဘောမှာ ဖန်ဆင်းမှုနှင့် သတ်မှတ်စီမံခြင်းအရ အမိန့်နာခံမှုမဟုတ်ဘဲ ရည်ရွယ်ချက်၊ ဆန္ဒဖြင့် ပြုလုပ်သော အမိန့်နာခံမှုပင် ဖြစ်သည်။ ရည်ရွယ်ချက်၊ ဆန္ဒတို့ဖြင့် ပြုသော အမိန့်နာခံမှုသည် အသိဉာဏ်ရှိသည့် လူနှင့် 'ဂျင်န်' စသည်တို့၌သာ ရှိသည်ဟု ဒွိဟသံသယမဖြစ်လေနှင့်။ တိရစ္ဆာန်များ၊ သစ်ပင်များ၊ ကျောက်စိုင် ကျောက်ခဲများတွင် အသိဉာဏ်မရှိဟု ဆိုလျှင် ၎င်းတို့တွင် ရည်ရွယ်ချက်ဆန္ဒသည် အဘယ်မှာ ရှိမည်နည်း။ ၎င်းတို့၏ ရည်ရွယ်သော အမိန့်နာခံမှုဆိုသည်မှာ မည်သို့ပါနည်း။ အဘယ်ကြောင့်ဆိုသော် ကုရ်အာန်ကျမ်းတော်မြတ်၏ များစွာသော မိန့်ကြားချက်များနှင့် ရှင်းလင်းချက်များဖြင့် 'ဦးနှောက်အသိတရား၊ ဆန္ဒနှင့် ရည်ရွယ်ချက်တို့နှင့် ကင်းလွတ်သော မည်သည့်အဖန်ဆင်းခံမျှ မရှိ။ အနည်းနှင့် အများသာ ကွာပေမည်။ လူနှင့် 'ဂျင်န်'တို့အား အလ္လာဟ်အသျှင်မြတ်သည် ဦးနှောက်အသိဉာဏ်အားဖြင့် ပြည့်ဝသည့် အဆင့်တစ်ခုအထိ ချီးမြှင့်ထားတော်မူသည်။ ထို့ကြောင့် ၎င်းတို့ကို ကောင်းရာညွှန်ကြား၊ မကောင်းမြစ်တားခြင်း၏ တာဝန်ခံများအဖြစ် ပြုခံရခြင်း ဖြစ်သည်။ ၎င်းတို့ (လူနှင့် 'ဂျင်န်) အပြင် ကျန်ရှိအဖန်ဆင်းခံတို့အား မိမိတို့ အမျိုးအစားအလိုက်၊ လိုအပ်ချက်များအရ အသိဉာဏ်ကိုလည်း ချီးမြှင့်ထားတော်မူ၏။ လူသားများပြီးလျှင် အသိဉာဏ်အရှိဆုံးသူမှာ တိရစ္ဆာန်များ ဖြစ်သည်။ ထို့နောက် ပေါက်ပင်များဖြစ်သည်။ ထို့နောက် ကျောက်တောင် ကျောက်ခဲများ ဖြစ်သည်။ တိရစ္ဆာန်များ အသိဉာဏ်ရှိခြင်းကို များသောအားဖြင့် သိရှိနိုင်သော်လည်း ပေါက်ပင်များ အသိဉာဏ်ရှိခြင်းကို အနည်းငယ်မျှ သေချာကျနစွာ၍ လေ့လာဆန်းစစ် (သုတေသန) ပြုသူများအဖို့ သိရှိနားလည်နိုင်ပေသည်။ သို့ရာတွင် ကျောက်စိုင်၊ ကျောက်ခဲများ၏ အသိဉာဏ်ရှိခြင်းအပေါ် လူသားတိုင်း နားလည်သိရှိနိုင်လောက်သော အသိဉာဏ်သည် ၎င်းတို့၌ မရှိပေ။ သို့သော် ၎င်းတို့၏ အဖန်ဆင်းရှင်သည် ၎င်းတို့သည်လည်း ဦးနှောက်၊ အသိတရားရှိကြကြောင်း အသိပေးတော်မူသည်။ ကုရ်အာန်ကျမ်းတော်မြတ်သည် မိုးကောင်းကင်နှင့် မြေပထဝီတို့နှင့်စပ်လျဉ်း၍ မိန့်ကြားသည်မှာ–

قَالَتَا اَتَيْنَا طَا ئِعِيْنَ

အလ္လာဟ်အသျှင်မြတ်သည် မိုးနှင့် မြေတို့အား 'အသင်တို့သည် ငါအသျှင်မြတ်၏ အမိန့်နာခံမှု ပြုရမည်။ မိမိတို့ဆန္ဒအလျောက် အမိန့်နာခံခြင်းပြုရမည်။ ထိုသို့ မဟုတ်ပါက အတင်းအဓမ္မအားဖြင့်လည်း ကောင်း၊ အမိန့်ပေးခြင်းအားဖြင့်လည်းကောင်း အမိန့်နာခံမှုပြုရမည်သာ ဖြစ်ပေသည်'ဟု မိန့်ကြားတော်မူလေရာ မိုးနှင့် မြေတို့က 'ကျွန်တော်မျိုးတို့သည် မိမိတို့၏ ဆန္ဒ၊ မိမိတို့၏ ရည်ရွယ်ချက်များဖြင့် ပျော်ရွှင်စွာပင် အမိန့်နာခံမှုကို လက်ခံကြပါသည်'ဟု လျှောက်ထားပြောကြားလေသည်။ အခြားတစ်နေရာတွင် တောင်မှ ကျောက်များနှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်းတော်မြတ်တွင် မိန့်ဆိုထားသည်မှာ-

وانّ منها لما يهبط من خشية الله

'အချို့ကျောက်စိုင်၊ ကျောက်တုံးများသည် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့သည့် အရှိန်ဟုန်ဖြင့် အပေါ်မှ အောက်သို့ လိမ့်ကာ လျှောကျသွားကြသည်' ဟု ဖြစ်သည်။ အလားတူ ဟဒီးစ်တော်များစွာတို့တွင် တောင်များအချင်းချင်း စကားပြောဆိုခြင်းနှင့် အခြားသော အဖန်ဆင်းခံများ၌ အသိဉာဏ်ရှိကြောင်းကို သက်သေခံထားခြင်း များစွာ တွေ့ရှိရပေသည်။ ထို့ကြောင့် ဤအာယသ်တော်တွင် 'စဂျ်ဒဟ်'ကို အမိန့်နာခံမှုနှင့် ပမာပြု ခိုင်းနှိုင်းထားခြင်းတို့သည် 'ရည်ရွယ်ချက်ဆန္ဒဖြင့် အမိန့်နာခံမှုပြုခြင်း'ကို ဆိုလိုပေသည်။ အာယသ်တော်၏ အဓိပ္ပာယ်မှာ 'လူသားမှအပ (ဤလူသားအုပ်စုတွင် 'ဂျင်န်'လည်း ပါဝင်သည်။) ကျန်ရှိ အဖန်ဆင်းခံအားလုံးတို့သည် 'မိမိတို့၏ ရည်ရွယ်ချက်ဆန္ဒတို့ဖြင့် အလ္လာဟ်အသျှင်မြတ်၏ အမိန့်နာခံမှုကို ပြုလုပ်နေကြသည်။ လူသားနှင့် 'ဂျင်န်'တို့တွင်သာ အုပ်စုနှစ်စု ဖြစ်သွားလေသည်။ တစ်အုပ်စုမှာ 'စဂျ်ဒဟ်' ပြုရန် အမိန့်နာခံသည့် မုအ်မင်န်အုပ်စုဖြစ်ပြီး၊ အခြားအုပ်စုမှာ 'စဂျ်ဒဟ်'ပြုရန် အမိန့်ဖီဆန်သည့် ကာဖိရ် အုပ်စုပင်ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား 'စဂျ်ဒဟ်'ပြုရန် နဖူးစာမပေးဘဲ သေးသိမ်စေတော်မူခဲ့ပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

هَٰذَانِ خَصْمَانِ اخْتَصَمُوا فِي رَبِّهِمْ ۖ
فَالَّذِينَ كَفَرُوا قُطِّعَتْ لَهُمْ ثِيَابٌ مِّن نَّارٍ يُصَبُّ مِن
فَوْقِ رُءُوسِهِمُ الْحَمِيمُ ﴿١٩﴾

၂၂ : ၁၉ ။ ။ ဤအုပ်စုနှစ်စုသည် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်နှင့် ပတ်သက်၍ အငြင်းပွားခဲ့ကြသော အုပ်စုနှစ်စုပင် (ဖြစ်၏။) သို့ရာတွင် (၎င်းတို့အနက်မှ) မယုံမကြည် သွေဖည်ငြင်းပယ်ခဲ့ကြသော သူတို့အဖို့မှာမူ၊

မီးဖြင့် ပြီးသော အဝတ်အထည်များသည် ကိုက်ညှပ် (ချုပ်စပ်) ပြီး ဖြစ်ပေမည်။ (ထို့ပြင်) ၄င်းတို့၏ ဦးခေါင်းများပေါ်သို့ ကျိုက်ကျိုက်ဆူလျက်ရှိသော ရေ (ပူ) သွန်းလောင်းခြင်းကို ခံကြရပေမည်။

يُصْهَرُ بِهٖ مَا فِيْ بُطُوْنِهِمْ وَالْجُلُوْدُ ﴿٢٠﴾

၂၂ : ၂၀ ။ ။ ထို (ဆူပွက်နေသော ရေပူ) ကြောင့် ၄င်းသူတို့၏ ဝမ်းဗိုက်များ၌ ရှိသော အရာ (အူသိမ်၊ အူမ၊ အသည်း၊ နှလုံး စသည်တို့သည်လည်းကောင်း၊ အသားအရေတို့သည်လည်းကောင်း အရည်ပျော်၍ သွားကြပေမည်။

وَلَهُمْ مَّقَامِعُ مِنْ حَدِيْدٍ ﴿٢١﴾

၂၂ : ၂၁ ။ ။ ထို့ပြင် ၄င်းတို့အဖို့ (၄င်းတို့အား ရိုက်နှက်ရန်) သံတုတ်များလည်း ရှိကြပေမည်။

كُلَّمَآ اَرَادُوْٓا اَنْ يَّخْرُجُوْا مِنْهَا مِنْ غَمٍّ اُعِيْدُوْا فِيْهَا وَذُوْقُوْا عَذَابَ الْحَرِيْقِ ﴿٢٢﴾

၂၂ : ၂၂ ။ ။ ၄င်းတို့သည် ဒုက္ခဆင်းရဲမှုကြောင့်၊ ယင်း (ဂျဟန္နမ်) ငရဲဘုံမှ ထွက်ရန်၊ ကြံရွယ်ကြသည့်အခါတိုင်း၊ ယင်း (ဂျဟန္နမ်) ငရဲဘုံထဲသို့ပင် ပြန်လည်ပို့ခြင်းကို ခံကြရပေမည်။ ထို့ပြင် (ကောင်းကင်တမန်များက ၄င်းတို့အား၊ ယခုသော်) 'အသင်တို့သည် (ငရဲ) မီး၏ ပြစ်ဒဏ်ကိုပင်၊ မြည်းစမ်းလျက် ရှိကြလေကုန်' (ဟု ပြောဆိုကြပေလိမ့်မည်။)

اِنَّ اللّٰهَ يُدْخِلُ الَّذِيْنَ اٰمَنُوْا وَعَمِلُوا الصّٰلِحٰتِ جَنّٰتٍ تَجْرِيْ مِنْ تَحْتِهَا الْاَنْهٰرُ يُحَلَّوْنَ
فِيْهَا مِنْ اَسَاوِرَ مِنْ ذَهَبٍ وَّلُؤْلُؤًا ۭ وَلِبَاسُهُمْ فِيْهَا حَرِيْرٌ ﴿٢٣﴾

၂၂ : ၂၃ ။ ။ (သို့ရာတွင်) အီမာန်သက်ဝင်ယုံကြည်ပြီး ကောင်းမြတ်သည့် အကျင့်သီလများကို ဆောက်တည်ကြကုန်သော သူများအား၊ အကြင်ဥယျာဉ်များသို့ ဧကန်မလွဲ ဝင်ရောက်စေတော်မူမည်။ ထိုဥယျာဉ်များအောက်မှ စမ်းရေချောင်းများ စီးတွေလျက် ရှိကြပေမည်။ ထိုသူသည် ယင်းဥယျာဉ်များတွင် ရွှေလက်ကောက် (လက်မောင်းပတ်) များဖြင့်လည်းကောင်း၊ ပုလဲများဖြင့်လည်းကောင်း တန်ဆာဆင်ယင်ပေးခြင်းကို ခံကြရမည့်အပြင် ၄င်းတို့၏ အဝတ်တန်ဆာများမှာ ပိုးထည်အဝတ်များပင် ဖြစ်ချေမည်။

وَهُدُوْٓا اِلَى الطَّيِّبِ مِنَ الْقَوْلِ ښ وَهُدُوْٓا اِلٰى صِرَاطِ الْحَمِيْدِ ﴿٢٤﴾

၂၂ : ၂၄ ။ ။ စင်စစ် ၄င်းတို့သည် (ဤပစ္စုပ္ပန်ဘဝတွင်) သန့်ရှင်းစင်ကြယ်သော၊ စကား (ကလေမာဟ်သွိုင်ယိဗဟ်) ကိုလည်း (လက်ခံရန်) ညွှန်ကြားပြသခြင်း ခံခဲ့ကြရလေပြီ။ ထို့ပြင် ၄င်းတို့ပသည် ချီးမွမ်းထောပနာပြုခြင်းကို ခံယူထိုက်တော်မူသော အသျှင်မြတ်၏ လမ်းတော်ကိုလည်း၊ ညွှန်ကြားပြသခြင်းကို ခံခဲ့ကြရကုန်သည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ان الذين امنوا

အာယသ်တော်တွင် အကြင်အကြောင်းအရာနှင့် ပတ်သက်၍ တင်ပြထားပြီး ယင်းတို့သည် အုပ်စုနှစ်စု ဖြစ်သည်။ ဤအုပ်စုနှစ်စုအနက် (တစ်စုမှာ မုအ်မင်န်သက်ဝင် ယုံကြည်သည့် အုပ်စုဖြစ်ပြီး အခြားအုပ်စုတစ်စုမှာ ကာဖိရ်သွေဖည်ငြင်းဆန်သည့် အုပ်စုဖြစ်သည်။ တစ်ဖန် ထိုကာဖိရ်အုပ်စုတွင် ယဟူဒီ၊ နဆွာရာ၊ ဆွာဗီအီန်၊ မဂျူစီနှင့် ရုပ်တုကိုးကွယ်သူများဟူ၍ ဖြစ်ကြသည်။) ၎င်းတို့သည် မိမိတို့၏ ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်နှင့် စပ်လျဉ်း၍ (ယုံကြည်ချက်ပိုင်းဆိုင်ရာတွင်လည်းကောင်း၊ တစ်ခါတစ်ရံ အပြန်အလှန် ငြင်းခုံဆွေးနွေးခြင်းဖြင့်လည်းကောင်း) အချင်းချင်း ကွဲလွဲခဲ့ကြသည်။ (ဤကွဲလွဲမှုအတွက် စီရင်ဆုံးဖြတ်ချက်သည် 'ကေယာမသ်'နေ့တွင်) ကာဖိရ် သွေဖည်ငြင်းဆန်သူများအတွက် (ဝတ်ဆင်ရန်) မီးဖြင့် ပြုလုပ်သော အဝတ်အထည်များ ကိုက်ညှပ် (ချုပ်စပ်) ထားပေမည်။ (မီးသည် အဝတ်၊ အထည် ဝတ်စုံကဲ့သို့ ၎င်းတို့၏ ခန္ဓာကိုယ်တစ်ခုလုံးကို ဖုံးအုပ် လွှမ်းခြုံလိုက်ပေမည်။) ထို့နောက် ၎င်းတို့၏ ခေါင်းပေါ်မှ ပွက်ပွက်ဆူသော ရေနွေးပူကို သွန်းလောင်းခံကြရပေမည်။ ထိုရေနွေးပူကြောင့် ၎င်းတို့၏ ဝမ်းဗိုက်အတွင်း၌ ရှိသည့် (အူသေး၊ အူမ) များနှင့် သားရေ (အရေပြား) အားလုံးတို့သည် အရည်ပျော်သွားပေလိမ့်မည်။ (ပွက်ပွက်ဆူနေသည့် ရေနွေးအချို့သည် ဝမ်းဗိုက်အတွင်းသို့ ဝင်သွားသည့်အခါ ဝမ်းဗိုက်အတွင်းရှိသည့် အရာအားလုံးတို့သည် အရည်ပျော်သွားကြပေမည်။ အပေါ်၌ စီးနေသော ရေနွေးပူအချို့တို့ကြောင့် အရေခွံအရေပြားများ အရည်ပျော်သွားပေလိမ့်မည်။ ထို့နောက် ၎င်းတို့အား (ရိုက်နှက်ရန်) မီး၊ သံတုတ် (တင်းပုတ်ကဲ့သို့သော လက်နက်) များလည်း ရှိကြပေမည်။ (၎င်းတို့သည် ဒုက္ခဆင်းရဲခြင်းမှ မည်သည့်အခါမျှ လွတ်မြောက် ကြမည်မဟုတ်ပေ။)

၎င်းတို့သည် ဒုက္ခခံစားရမှုတို့ကြောင့် ယင်း (ဂျဟန္နမ်ငရဲ) မှ ထွက်ရန် ကြံရွယ်ကြလေတိုင်း ဤ 'ဂျဟန္နမ်'ငရဲဘုံအတွင်းတွင် ပြန်လည်တွန်းပို့ခြင်း ခံရပေမည်။ ထို့နောက် (ဖရစ်ရှ်သာဟ်များက) ပြောဆိုကြသည်မှာ 'အသင်တို့သည် လောင်ကျွမ်းသည့် 'အဇာဗ်' အပြစ်ဒဏ်ကို (အမြဲတစေ) မြည်းစားလျက် ရှိနေကြလေကုန်။ (မည်သည့်အခါမျှ ထွက်ခွင့်ရမည်မဟုတ်ပေ။ ထို့နောက်) ဧကန်မလွဲ အလ္လာဟ် အသျှင်မြတ်သည် အီမာန်သက်ဝင်ယုံကြည်လျက် ကောင်းမြတ်သော အကျင့်သီလများ ကျင့်မူဆောက်တည်သူတို့အား ထို 'ဂျန္နသ်'သုခဘုံသို့ ဝင်ရောက်စေတော်မူပေမည်။ ထို 'ဂျန္နသ်'ဥယျာဉ်၏ အောက်တွင် ချောင်းများ စီးဆင်းနေပေမည်။ ၎င်းတို့သည် ထိုဂျန္နသ်ဥယျာဉ်ဘုံနန်းတွင် ရွှေလက်ကောက်များနှင့် ပုလဲရတနာများဖြင့် ဆင်ယင်ပေးခြင်း ခံရပေမည်။ ထို့နောက် ၎င်းတို့၏ ဝတ်စုံမှာ ပိုးထည်အဝတ်များပင် ဖြစ်ပေမည်။ ထို့နောက် (၎င်းတို့အား ဤသို့ ဂုဏ်ပေး ချီးမြှောက်မှုများ ပြုခြင်းသည် ဒုန္နယာလောကတွင် စင်ကြယ်သန့်ရှင်းသည့် စကား (ကလေမာဟ် သွိုင်ယိဗာဟ်) ကိုလည်း ညွှန်ကြားပြသခြင်း ခံခဲ့ရသည်။ ထို့အပြင် ချီးမွမ်းထောပနာပြုခြင်း ခံယူထိုက်တော်မူသော အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်ကိုလည်း ညွှန်ပြခြင်း ခံခဲ့ရသောကြောင့်ပင် ဖြစ်သည်။ (ထိုလမ်းတော်မှာ အစ္စလာမ်သာသနာတော်ပင်ဖြစ်သည်)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

هَٰذَانِ خَصْمَانِ اخْتَصَمُوا

အာယသ်တော်တွင် လာရှိသည့် ဤအုပ်စုနှစ်စုသည် မုအ်မင်န်အများစုနှင့် ၎င်းတို့၏ ဆန့်ကျင်ဘက်တွင် ကာဖိရ်တို့၏ အုပ်စုအားလုံး ဖြစ်သည်။ ဤသည် قَرْنُ اوَّل 'ကရ်နေအောင်ဝလ်' (အကောင်းဆုံးသော ပထမခေတ်) ၌ဖြစ်စေ၊ ထိုအကောင်းဆုံးသော ခေတ်များ၏ နောက်တွင်ဖြစ်စေ အတူတူပင် ဖြစ်သည်။ သို့ရာတွင် ဤအာယသ်တော် ကျရောက်ခြင်းသည် 'ဗဒရ်'စစ်မြေပြင်၌ တစ်ဘက်နှင့်တစ်ဘက် အပြန်အလှန် တိုက်ခိုက်နေသည့် အုပ်စုနှစ်စုတို့နှင့် စပ်လျဉ်း၍ ကျရောက်ခဲ့ခြင်းဖြစ်သည်။ မွတ်စ္စလင်မ်များအနက် ဟဇရသ်အလီ ؓ ၊ ဟဇရသ်ဟမ်ဇဟ် ؓ နှင့် ဟဇရသ်အဘူအုဗိုင်ဒဟ် ؓ တို့ ဖြစ်သည်။ ကာဖိရ်များအနက် အွသ်ဗဟ်ဗင်န်ရဗီအဟ်၊ ၎င်း၏ သားဖြစ်သူ ဝလီးဒ်နှင့် ၎င်း၏ ညီဖြစ်သူ ရှိုင်ဗဟ်တို့ ဖြစ်ကြသည်။ ၎င်းတို့အနက် ကာဖိရ် (၃) ဦးစလုံးမှာ ကျဆုံးသွားခဲ့သည်။ မွတ်စ္စလင်မ်များအနက် ဟဇရသ်အလီ ؓ နှင့် ဟဇရသ်ဟမ်ဇဟ် ؓ တို့မှာ ကောင်းမွန်စွာ ပြန်လည်ရောက်ရှိလာပြီး ဟဇရသ်အဘူအုဗိုင်ဒဟ် ؓ မှာမူ ပြင်းထန်သည့် ဒဏ်ရာဒဏ်ချက်များဖြင့် ရောက်ရှိလာပြီး ကိုယ်တော်မြတ် ﷺ ၏ ခြေထောက်အစုံအပေါ်၌ ဦးခေါင်းချ၍ ကွယ်လွန်သွားခဲ့သည်။ ဤအာယသ်တော် ကျရောက်ခြင်းသည် 'ဗဒရ်'စစ်မြေပြင်၌ စစ်ပွဲဆင်နွှဲခဲ့ကြသူများနှင့် စပ်လျဉ်း၍ ကျရောက်ခြင်းဖြစ်ကြောင်း ဘုခါရီနှင့် မွတ်စ္စလင်မ်ကျမ်းတို့၏ ဟဒီးစ်တော်များအရ အတည်ဖြစ်ပေသည်။ သို့သော် ဤအမိန့်သည် ထိုသူများအတွက်သာ သီးသန့်မဟုတ်ဘဲ မည်သည့်ခေတ်၌မဆို အွမ္မသ်ထုတစ်ရပ်လုံးအတွက်သာ ဖြစ်သည်။

'ဂျန္နသ်' သုခဘုံသားများအား လက်ကောက်များ ဆင်ယင်ပေးရခြင်း၏ အမြော်အမြင်

ဤနေရာတွင် 'လက်ကောက်ဝတ်ဆင်ခြင်းသည် အမျိုးသမီးများ၏ အလုပ်ဖြစ်ပြီး လက်ကောက်သည် ၎င်းတို့၏ လက်ဝတ်ရတနာပင် ဖြစ်သည်။ 'အမျိုးသားများ ဝတ်ဆင်ခြင်းသည် အပြစ်'ဟု ယူဆကြသည်' ဟု ဒွိဟသံသယများ ဖြစ်ကြသည်။ သို့ရှိရာ ၎င်း၏ အဖြေမှာ ကမ္ဘာလောကရှိ ဘုရင်တို့သည် ၎င်းတို့၏ ဦးခေါင်းပေါ်တွင် သရဖူနှင့် လက်တွင် လက်ကောက်များ ဆင်မြန်းလေ့ရှိကြသည်။ ဟဒီးစ်တော်တွင် မွတ်စ္စလင်မ်ပင် မဖြစ်သေးသည့် စုရာကဟ်ဗင်န်မာလိက် ؓ သခင်သည် ဟိဂျ်ရသ်ခရီးစဉ်တွင် တမန်တော်မြတ် ﷺ အား ဖမ်းဆီးရန် လိုက်လာစဉ် ၎င်း၏ မြင်းသည် အသျှင်မြတ်၏ အမိန့်တော်ဖြင့် မြေကျွံ၍ လဲခဲ့လေသည်။ ၎င်းသည် 'သောင်ဗာဟ်'ပြုလိုက်ပြီး မြင်းသည် မြေကျွံရာမှ လွတ်ထွက်သွားရသည်။ ထိုအချိန်မှာ တမန်တော်မြတ် ﷺ သည် စုရာကဟ်ဗင်န်မာလိက် ؓ သခင်အား ကတိတော်ပြုခဲ့သည်မှာ ပါရှင်း (အီရန်) ဘုရင်၏ လက်ကောက်သည် မွတ်စ္စလင်မ်တို့၏ သုံ့ပန်းအဖြစ် ရောက်ရှိလာသည့်အခါ အသင့်အား ပေးမည်' ဟူ၍ ဖြစ်သည်။ ဤသို့ဖြင့် ဟဇရသ်အုမရ် ؓ ၏ ခေတ်သမယတွင် ပါရှင်း

(အီရန်) နိုင်ငံကို အောင်နိုင်သည့်အခါ အီရန်ဘုရင်၏ ဤလက်ကောက်သည် အခြားသုံ့ပန်းပစ္စည်းများတွင် ရောစု၍ ပါလာသည်။ စုရာကဟ် ﷺ က တောင်းခံမှုပြုရာ ၄င်းအား ပေးလိုက်ပေမည်။ အချုပ်မှာ ဦးခေါင်း၌ သရဖူဆောင်ခြင်းသည် ယောကျ်ားများ၏ အလေ့အထမဟုတ်ဘဲ ဘုရင်များ၏ သိက္ခာဖြစ်သကဲ့သို့ လက်၌ လက်ကောက်ဝတ်ခြင်းသည်လည်း ဘုရင်တို့၏ သိက္ခာအဆောင်အယောင်ဟု မှတ်ယူကြသည်။ ထို့ကြောင့် သုခဘုံသားများအား လက်ကောက် ဆင်မြန်းပေးပေလိမ့်မည်။

လက်ကောက်နှင့် စပ်လျဉ်း၍ ဤအာယသ်တော်နှင့် စူရာဟ်ဖာသွရ်တို့တွင် ရွှေလက်ကောက်ဖြစ်သည်ဟု လာရှိထားသည် စူရာဟ်နေဆာအ်တွင် ဤလက်ကောက်သည် ငွေလက်ကောက်ဟု ပြဆိုထားသည့် ထို့ကြောင့် အဖွင့်ပညာရှင်များက 'သုခဘုံသားတို့၏ လက်များတွင် လက်ကောက်သည် ရွှေ၊ ငွေနှင့် ပုလဲ စသည့် ပုံစံ (၃) မျိုးဖြင့် ဆင်မြန်းပေးခြင်း ခံရပေမည်'ဟု ဆိုကြသည်။ ထို့နောက် ဤအာယသ်တော်တွင် ပုလဲအကြောင်းလည်း တင်ပြထားသောကြောင့် ဖြစ်သည်။ *[ကုရ်သုဗီကျမ်း]*

ပိုးထည်သည် အမျိုးသားများအတွက် 'ဟရာမ်' ဖြစ်ခြင်း

အာယသ်တော်တွင် 'ဂျန္နသ်'သုခဘုံသားတို့၏ ဝတ်စုံများသည် ပိုးထည်များ ဖြစ်လိမ့်မည်ဟု ဖော်ပြထားပေသည်။ ဆိုလိုသည်မှာ ၄င်းတို့၏ ဝတ်စုံဟူသရွေ့သည်လည်းကောင်း၊ အခင်းများသည်လည်းကောင်း၊ ကန့်လန့်ကာ စသည်တို့သည်လည်းကောင်း လောကတွင် အကောင်းဆုံးအဝတ်အစားဟု မှတ်ယူရသော ပိုးထည်ဖြင့် ဖြစ်ပေမည်။ 'ဂျန္နသ်'၏ ပိုးထည်အား လောကရှိ ပိုးထည်နှင့် အမည်တူ၍သာ နှိုင်းနှိုင်း တင်ပြလိုက်ခြင်းဖြစ်သည်။ စင်စစ် ကောင်းမွန်ခြင်းနှင့် အကောင်းဆုံးဖြစ်ခြင်းတို့တွင်မူ မည်သို့မျှ တူညီမှု မရှိပါပေ။

အေမာမ်နစာအီ၊ ဗုခ်ာရီနှင့် မိုင်ဟာကိမ်တို့က အကောင်းဆုံးသော စနဒ်ဖြင့် ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်န်အုမရ် ﷺ သခင်ထံမှ ဆင့်ပြန်ခဲ့သည်မှာ တမန်တော်မြတ် ﷺ မိန့်ကြားတော်မူသည်မှာ 'ဂျန္နသ်သုခဘုံသားတို့၏ ပိုးထည်ဝတ်စုံသည် 'ဂျန္နသ်'၏ ပန်းများမှ ထွက်လိမ့်မည်'ဟု ဖြစ်သည်။ ဟဇရသ်ဂျာဗိရ် ﷺ ၏ ဆင့်ပြန်ချက်တစ်ရပ်တွင် 'ဂျန္နသ်'တွင် သစ်ပင်တစ်ပင် ရှိလိမ့်မည်။ ၄င်းအပင်မှ ပိုးထည်ချည်မျှင်များ ထွက်ရှိပေမည်။ 'ဂျန္နသ်'သုခဘုံသားတို့၏ ဝတ်စုံသည် ပိုးထည်ချည်မျှင်ဖြင့် ချုပ်လုပ်ပေမည်' ဟု လာရှိထားပေသည်။ *[မဇှဟရီကျမ်း]*

ဤဟဒီးစ်တော်ကို အေမာမ်နစာအီသည် ဟဇရသ်အဗူဟုရိုင်ရာဟ် ﷺ သခင်ထံမှ ဆင့်ပြန်ခဲ့သည်။ 'လောက၌ ပိုးထည်ဝတ်ဆင်သူသည် 'အာခိရသ်'တွင် ဝတ်ဆင်ရမည်မဟုတ်။ လောက၌ အရက်သေစာသောက်သုံးသူသည် 'အာခိရသ်'၏ အရက်ကို သောက်သုံးရန် နဖူးစာရှိမည်မဟုတ်။ လောကတွင် ရွှေခွက်၊ ငွေခွက်များဖြင့် စားသောက်ခြင်း ပြုမည်ဆိုလျှင် ထိုသူသည် 'အာခိရသ်'တွင် ရွှေခွက်၊ ငွေခွက်များဖြင့် စားသောက်ခွင့်ရမည်မဟုတ်ပေ'ဟု မိန့်တော်မူပြီး တမန်တော်မြတ် ﷺ က ဆက်လက်၍

ဤအရာ (၃) ခုတို့သည် သုခဘုံသားများအတွက် အထူးသတ်မှတ်ပြီး ဖြစ်သည်'ဟု မိန့်ကြားတော်မူလေသည်။ ဆိုလိုသည်မှာ လောကတွင် ဤမည်သော အလုပ်များကို ပြုလုပ်ပြီး 'သောင်ဗာဟ်'ပြုလုပ်ခဲ့ခြင်းမရှိသူသည် 'ဂျန္နသ်'၏ ဖော်ပြပါ အရာ (၃) ခုတို့မှ နပူးစာမဲ့ရပေမည်။ စင်စစ် 'ဂျန္နသ်'၌မူ ဝင်ရောက်ခွင့် ရရှိပေမည်။ *[ကုရ်သုဗီကျမ်း]*

ဟဇရသ်အဗ်ဒုလ္လာဟ်ဗင်န်အုမရ် ﷺ သခင်၏ ဆင့်ပြန်ချက်တစ်ရပ်တွင် တမန်တော်မြတ် ﷺ မိန့်ကြားတော်မူသည်မှာ 'လောက၌ အရက်သောက်၍ 'သောင်ဗာဟ်'မပြုခဲ့သူသည် 'ဂျန္နသ်'၏ အရက်မှ နပူးစာမဲ့ရပေမည်။' *[ကုရ်သုဗီကျမ်း]*

ဟဇရသ်အဘာစအီးဒ်ခွဒ်ရီ ﷺ ၏ ဆင့်ပြန်ချက်တွင် တမန်တော်မြတ် ﷺ မိန့်ကြားတော်မူသည်မှာ

من لبس الحريرفى الدنيالم يلبسه فى الاخرة وان دخل الجنة لبسه اهل الجنة ولم يلبسه هورواه ابوداو د الطيالسى فى مسند ه وقال القرطبى اسنا ده صحيح

'လောက၌ ပိုးထည်ဝတ်ဆင်ခဲ့သူသည် 'ဂျန္နသ်'တွင် ဝင်ရသည့်တိုင် 'ဂျန္နသ်'၏ ပိုးထည်ဝတ်ဆင်ခွင့် ရရှိမည်မဟုတ်ပေ။ အခြားသုခဘုံသားများသည် ပိုးထည်ဝတ်ဆင်ရပြီး ၄င်းမှာ ဝတ်ဆင်နိုင်မည်မဟုတ်ပေ'ဟု ဖြစ်သည်။

ဤနေရာတွင် သံသယ၏ စောဒကတက်နိုင်ဖွယ်ရှိသည်မှာ လူတစ်ဦးသည် 'ဂျန္နသ်'၌ ဝင်ရောက်ခွင့် ရရှိသည်။ တစ်ဖန် အကယ်၍ ထိုသူသည် ထို 'ဂျန္နသ်'တွင် အရာတစ်ခုခုကို နပူးစာမဲ့သူ ဖြစ်ရပါလျှင် ထိုသူ့အဖို့ ပူဆွေးသောကများ ဖြစ်ရပေမည်။ 'ဂျန္နသ်'သည် ထိုသို့သော နေရာမဟုတ်ပါ။ ထိုနေရာသည် မည်သူမျှ မည်သည့်ပူဆွေးသောကမျှ မဖြစ်ကြရပေ။

အကယ်၍ ဤပူဆွေးသောကဖြစ်မှု၊ ဝမ်းနည်းမှုများ မဖြစ်ဟု ဆိုပြန်လျှင်လည်း ဤနပူးစာမဲ့စေခြင်းဟူသည်မှာ အဘယ်မှာလျှင် အကျိုးရှိတော့အံ့နည်း။ ဤစောဒက၏ အဖြေကို ကုရ်သုဗီက ကောင်းစွာဖြေကြားထားသည်မှာ 'သုခဘုံသားတို့တွင် မတူညီ ကွဲပြားသော အဆင့်အမျိုးမျိုးရှိမည်။ အချို့မှာ နိမ့်၍ အချို့မှာ မြင့်မည်။ အဆင့်ဆင့်ရှိကြပေမည်။ ထိုသို့ အဆင့်ကွဲပြားခြင်းအပေါ် ၄င်းတို့အားလုံးတွင် ခံစားချက်များလည်း ရှိကြပေမည်။ သို့သော် တစ်ဆက်တည်းမှာပင် အလ္လာဟ်အသျှင်မြတ်သည် 'ဂျန္နသီ' သုခဘုံသားတို့၏ နှလုံးသားတွင် မည်သည့်ခံစားမှု သောကများမှ မရှိရအောင် ပြုလုပ်ပေးတော်မူပေမည်။'

وَهُدُوٓا اِلَى الطَّيِّبِ مِنَ الْقَوْلِ

ဟဇရသ် အိဗ်နေအဗ္ဗားစ် ﷺ သခင်က 'ဤအာယသ်တော်၏ အလိုသဘောမှာ لا اله الاالله 'ကလေမာဟ်သွိုင်ယိဗာဟ်' ဖြစ်သည်ဟု ဆိုသည်။ အချို့ပညာရှင်များက 'ကုရ်အာန်' ဖြစ်သည်ဟု ဆိုကြသည်။ *[ကုရ်သုဗီကျမ်း]*

အမှန်ကန်ဆုံးမှာ ဤအရာအားလုံးသည် ဤအာယသ်တော်တွင် အကျုံးဝင်နေပေသည်။

إِنَّ الَّذِينَ كَفَرُوا وَيَصُدُّونَ عَن سَبِيلِ اللَّهِ وَالْمَسْجِدِ الْحَرَامِ الَّذِي جَعَلْنَاهُ لِلنَّاسِ سَوَاءً الْعَاكِفُ فِيهِ وَالْبَادِ ۚ وَمَن يُرِدْ فِيهِ بِإِلْحَادٍ بِظُلْمٍ نُّذِقْهُ مِنْ عَذَابٍ أَلِيمٍ ﴿٢٥﴾

၂၂ : ၂၅ ။ ။ ကေန်စင်စစ် အကြင်သူတို့သည် သွေဖည်ငြင်းပယ်ခဲ့ကြသည့်အပြင်၊ (သူတစ်ပါးတို့အားလည်း) အလ္လာဟ် အသျှင်မြတ်၏ လမ်းတော်မှလည်းကောင်း၊ အကြင် ရှိသေအပ်သော 'မတ်စ်ဂျိဒ်ဒွေဟရာမ်' ဗလီဝတ်ကျောင်းတော်မှလည်း ကောင်း ပိတ်ပင်တားဆီးကြကုန်၏။ ငါအသျှင်မြတ်သည် ယင်းဗလီဝတ်ကျောင်းတော်ကို ယင်း၌ အမြဲနေထိုင်သောသူနှင့် ပြင်ပမှ (ခေတ္တခဏ) လာရောက်သူဟူ၍ (ခွဲခြားခြင်း မရှိဘဲ) လူသားတို့အဖို့ ညီတူညီမျှ (အခွင့်အရေး စံစားရာ ဗဟိုဌာန) အဖြစ် ပြဋ္ဌာန်းထားတော်မူခဲ့၏။ သို့ရာတွင်မူ မည်သူမဆို ယင်းဗလီဝတ်ကျောင်းတော်၌ တစ်စုံတစ်ရာ အယူဝါဒ ဖောက်ပြန်မှု၊ တစ်စုံတစ်ရာ မတရားမှုကို (တစ်နည်း) တစ်စုံတစ်ရာ အယူဝါဒ ဖောက်ပြန်မှုကို မတရားသဖြင့် ကြံရွယ်ကြသည်ရှိသော် ငါအသျှင်မြတ်သည် ထိုသူတို့အား နာကျင်ဖွယ်ဖြစ်သော ပြစ်ဒဏ်ကို မြည်းစမ်းစေတော်မူပေမည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ကေန်မလွဲ ကာဖိရ်သွေဖည်ငြင်းဆန်သူတို့သည် (မွတ်စ္စလင်မ်များအား) အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်မှလည်းကောင်း၊ 'မတ်စ်ဂျိဒ်ဒွေဟရာမ်' (ရှိသေအပ်သော ဗလီဝတ်ကျောင်းတော်) မှလည်းကောင်း ပိတ်ပင်တားဆီးကြသည်။ (ဤသို့ ပြုခြင်းဖြင့် မွတ်စ္စလင်မ်များ 'အွမ်ရာဟ်' မပြုလုပ်နိုင်စေရန်ဖြစ်သည်။ စင်စစ် ငါအသျှင်မြတ်သည် ဤဗလီဝတ်ကျောင်းတော်၌ အမြဲတစေ နေသူဖြစ်စေ၊ ပြင်ပမှ (ခေတ္တခဏ) လာရောက်သူဖြစ်စေ၊ ခွဲခြားခြင်းမရှိဘဲ) လူသားအားလုံးအတွက် အတူတူပင်ဖြစ်ကြောင်း သတ်မှတ်တော် မူထားသည်။ ထို့နောက် မည်သူမဆို ထို (ဗလီဝတ်ကျောင်းတော်တွင်) မတရားမှုဖြင့် အယူဝါဒ ဖောက်ပြန်မှု တစ်စုံတစ်ရာ ပြုမူခဲ့သော် ငါအသျှင်မြတ်သည် ထိုသူ့အား အလွန်တရာ နာကျင်လှစွာသော 'အဇားဗ်' အပြစ်ဒဏ်ကို မြည်းစားစေတော်မူပေမည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

တင်ပြပြီးသော အာယသ်တော်တွင် မုအ်မင်န်နှင့် ကာဖိရ်တို့၏ အချင်းချင်း ပြဿနာများအကြောင်း တင်ပြခဲ့သည်။ ဤပြဿနာ၏ အဓိကကျသည့် ပုံစံတစ်ခုကို ဤအာယသ်တော်တွင် တင်ပြထားသည်မှာ 'မိမိတို့ကိုယ်တိုင် လမ်းလွဲမှုတွင် ရောက်ရှိနေကြပြီး အခြားသူများကိုလည်း အလ္လာဟ်အသျှင်မြတ်၏ လမ်း တော်အပေါ် လျှောက်လှမ်းခြင်းမှ တားဆီးပိတ်ပင်ကြသည့် ကာဖိရ်များလည်း ရှိသည်။ တမန်တော်မြတ် ﷺ နှင့် အပေါင်းအပါ ဆွဟာဗာတို့ကို 'အွမ်ရာဟ်' ပြုရန် 'အဟ်ရာမ်' များ ဝတ်ဆင်လျက် 'ဟရာမ်ရှရီးဖ်' သို့

ဝင်ရောက်ရန် ကြံရွယ်စဉ်က ဤသို့သော သူများကပင် 'မတ်စ်ဂျိဒ်ဒွေဟရာမ်' သို့ ဝင်ရောက်ခွင့်မပြုဘဲ ပိတ်ပင်တားဆီးခဲ့ကြသည်။ စင်စစ် 'မတ်စ်ဂျိဒ်ဒွေဟရာမ်' (ရိုသေအပ်သော ဗလီဝတ်ကျောင်းတော်) နှင့် 'ဟရာမ်'နယ်မြေအစိတ်အပိုင်းတို့သည်ကား လူအများ 'အေဗာဒသ်'ပြုရန်၊ 'ဟဂ်ျ'နှင့် 'အွမ်ရာဟ်'ပြုရန်သာ ဖြစ်သည်။ ၎င်းတို့ ပိုင်ဆိုင်သည့် ဧရိယာလည်း မဟုတ်ပေ။ ထို့ကြောင့် ၎င်းတို့အပေါ် ရှုတ်ချရန် အခွင့်အရေးရှိသည်။ သို့သာမက ထိုဧရိယာအတွင်း၌ နေထိုင်သူဖြစ်စေ၊ အပြင်မှ လာရောက်သည့် ဧည့်သည့်အာဂန္တုဖြစ်စေ၊ မြို့နေသူဖြစ်စေ၊ ပြင်ပတိုင်းတစ်ပါးမှ လာသူဖြစ်စေ၊ မွတ်စလင်မ်အားလုံးအတွက် ထိုဧရိယာသည် အတူတူပင် ဖြစ်ပေသည်။ အရှေ့၌ ၎င်းတို့၏ အပြစ်ပေးခြင်းများအကြောင်း တင်ပြမည်။ လူတစ်ဦးသည် 'မတ်စ်ဂျိဒ်ဒွေဟရာမ်'၌ ဝင်ရောက်မည်ကို တားမြစ်ခြင်း၊ (သို့) သာသနာနှင့် ဆန့်ကျင်သည့် အခြားလုပ်ရပ်တစ်ခုခုကို လုပ်ဆောင်ခြင်းတို့ကို ပြုလုပ်ပါလျှင် ၎င်းအား အလွန်တရာ နာကျင်သော 'အဇာဗ်' အပြစ်ဒဏ်ကိုမြည်းစားစေတော်မူပေမည်။ အထူးသဖြင့် ထိုသာသနာမဲ့သူတို့၏ လုပ်ရပ်နှင့်အတူ 'ဇွလ်မ်' (မတရားမှု၊ အမှောင်) 'ရှရစ်က်'တွင် ရောနှောနေသည်။ မွတ်စလင်မ်တို့အား 'ဟရာမ်'ပရဝုဏ်အတွင်းသို့ ဝင်ရောက်ခွင့် မပြုသူတို့၏ အခြေအနေမှာလည်း သာသနာမဲ့သူတို့၏ လုပ်ရပ်ပင် ဖြစ်ပေသည်။ ၎င်းတို့သည် ကုဖွ်ရ်နှင့် ရှရစ်က်၌လည်း ရောယှက်နစ်မွန်းနေသူများ ဖြစ်သည်။ စင်စစ် သာသနာမဲ့ လုပ်ရပ်ဟူသမျှသည် အထူးသဖြင့် ရှရစ်က်နှင့် ကုဖွ်ရ်တို့သည် နေရာတိုင်း၊ ခေတ်ကာလတိုင်းတွင် 'ဟရာမ်'ဖြစ်၍ အတိုင်းမရှိ အပြစ်ထိုက်သည်။ 'အဇာဗ်'အပြစ်ဒဏ်၏ အကြောင်းခံဖြစ်သည်။ သို့ရာတွင် ဤကဲ့သို့သော လုပ်ရပ်မျိုးကို လေးစားအပ်သော မြင့်မြတ်နယ်မြေအတွင်း၌ ပြုမူနေပါလျှင် ၎င်း၏ အပြစ်မှာ နှစ်ဆ ဖြစ်သွားပေသည်။ ထို့ကြောင့် ဤနေရာ၌ 'ဟရာမ်'ကို အထူးတင်ပြခြင်းဖြစ်သည်။

يَصُدُّوْنَ عَنْ سَبِيْلِ اللّٰهِ

တွင် سَبِيلِ اللّٰهِ သည် အစ္စလာမ်ကို ဆိုလိုခြင်းဖြစ်သည်။ အာယသ်တော်၏ အဓိပ္ပာယ်မှာ 'ဤသူများသည် ကိုယ်တိုင်လည်း အစ္စလာမ်သာသနာနှင့် ဝေးကြသည့်တိုင် အခြားသူများကိုလည်း အစ္စလာမ်သာသနာတော်မှ တားမြစ်ကြသည်'ဟု ဖြစ်သည်။

وَالْمَسْجِدَ الْحَرَامِ

ဤသည် ၎င်းတို့အဖို့ ဒုတိယအပြစ်ဖြစ်သည်။ ၎င်းတို့သည် မွတ်စလင်မ်များအား 'မတ်စ်ဂျိဒ်ဒွေဟရာမ်'၌ ဝင်ရောက်ခြင်းကို တားမြစ်ကြသည်။ 'မတ်စ်ဂျိဒ်ဒွေဟရာမ်'ဟူသည်မှာ 'ဗိုင်သွလ္လာဟ်'၏ အနီးတွင် ဆောက်လုပ်သည့် ဗလီဖြစ်သည့်အတွက် ထိုဗလီ၏ အမည်ကို 'မတ်စ်ဂျိဒ်ဒွေဟရာမ်'ဟု ခေါ်ခြင်းဖြစ်သည်။ ဤသည် မက္ကာဟ်မြို့၏ 'ဟရာမ်'ပရဝုဏ်၏ အဓိကအစိတ်အပိုင်းလည်း ဖြစ်သည်။ သို့ရာတွင် တစ်ခါတစ်ရံ 'မတ်စ်ဂျိဒ်ဒွေဟရာမ်' ဟုဆို၍ 'ဟရာမ်'နယ်နိမိတ်တစ်ခုလုံးကို ဆိုလိုခြင်းဖြစ်သည်။ ဥပမာ- မွတ်စလင်မ်တို့အား 'အွမ်ရာဟ်'ပြုရန် 'ဟရာမ်'နယ်နိမိတ်အတွင်း ဝင်ရောက်မည်ကို တားမြစ်သည့် ဖြစ်ရပ်တွင် ကာဖိရ်များက ကိုယ်တော်မြတ် ﷺ အား 'မတ်စ်ဂျိဒ်ဒွေဟရာမ်'တွင် ဝင်ရောက်ခြင်းကိုသာ တားမြစ်

သည်မဟုတ်ဘဲ မက္ကာဟ်၏ 'ဟရာမ်'၌ ဝင်ရောက်ခြင်းကိုသာ တားမြစ်သည်မဟုတ်ဘဲ မက္ကာဟ်၏ 'ဟရာမ်'နယ်မြေတစ်ခုလုံးအတွင်း ဝင်ရောက်ခြင်းကို တားမြစ်ခဲ့ကြခြင်း ဖြစ်သည်။ ထိုအကြောင်းသည် ဆွဟီးဟ်ဟဒီးစ်များတွင် လာရှိသည်။

ကုရ်အာန်ကျမ်းတော်မြတ်တွင် ဤဖြစ်ရပ်အကြောင်း တင်ပြရာ၌ 'မတ်စ်ဂျိဒ်ဒေဟရာမ်' စာလုံး အဓိပ္ပာယ်မှာ 'ဟရာမ်'နယ်မြေတစ်ခုလုံးအတွက် သုံးနှုန်းထားခြင်း ဖြစ်သည်။

وَصَدُّوْ كُمْ عَنِ الْمَسْجِدِ الْحَرَامِ

ဒွရ်ရေမန်ဆူးရ်ကျမ်း၏ သဖ်စီးရ်တွင် ဤနေရာ၌ 'မတ်စ်ဂျိဒ်ဒေဟရာမ်'၏ သဖ်စီးရ်ကို 'ဟရာမ်' နယ်မြေတစ်ခုလုံးကို ဆိုလိုကြောင်း ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်မှ ဆင့်ပြန်ခဲ့သည်။

မက္ကာဟ်၏ 'ဟရာမ်' နယ်နိမိတ်သည် မွတ်စ္စလင်မ်အားလုံးအတွက် တူညီသော အခွင့်အရေး ရရှိခြင်းအကြောင်း

'မတ်စ်ဂျိဒ်ဒေဟရာမ်' နှင့် မက္ကာဟ်၏ 'ဟဂ်ျ'လုပ်ငန်းစဉ်များနှင့် စပ်လျဉ်းသည့် အစိတ်အပိုင်း အားလုံးသည် ကမ္ဘာ့မွတ်စ္စလင်အားလုံးအတွက် 'ဝကဖ်'ဖြစ်သည်။ ဥပမာ- 'ဆွဖာ'နှင့် 'မရ်ဝါ' အကြားရှိ 'စအီ' ပြုလုပ်သည့် ကွင်းပြင်၊ 'မီနာ'ကွင်းပြင်တစ်ခုလုံး၊ 'အရ်ဖားသ်'ကွင်းပြင်တစ်ခုလုံးနှင့် 'မုဇ်ဒလိဖာဟ်' ကွင်းပြင်တစ်ခုလုံးတို့မှ မြေအားလုံးတို့သည် အများအတွက် 'ဝကာဖ်'ဖြစ်သည်။ လူတစ်ဦးတစ်ယောက်၏ ပိုင်ဆိုင်မှုအဖြစ် မည်သည့်အခါမျှ မဖြစ်ခဲ့၊ ဖြစ်လည်း မဖြစ်နိုင်ပေ။ ထိုမြေများအပြင် 'မက္ကာဟ်မုကရ်ရမဟ်'ရှိ မြေများနှင့် ကျန်ရှိ 'ဟရာမ်'၏ မြေများနှင့် စပ်လျဉ်း၍လည်း အချို့ဖိကာဟ်ပညာရှင်များ၏ အဆိုအရ ဤမြေများသည်လည်း အများအတွက် 'ဝကာဖ်'ဖြစ်သည်။ ထိုမြေများအား ရောင်းချခြင်း၊ ငှားရမ်းခြင်းများသည် 'ဟရာမ်'ဖြစ်ပြီး မွတ်စ္စလင်မ်တိုင်းသည် နေရာတိုင်း၌ တည်းနိုင်သည်ဟု ဆိုကြသည်။ သို့သော် အခြားသော ဖိကာဟ်ပညာရှင်တို့၏ ရွေးချယ်သည့်လမ်းစဉ်မှာ မက္ကာဟ်၏ နေရာများသည် သီးသန့်တစ်ဦးတည်းပိုင် ဖြစ်နိုင်သည်။ ထိုနေရာများကို ရောင်းခြင်း၊ ဝယ်ခြင်း၊ ငှားရမ်းခြင်းများ ပြုပိုင်သည်။ ဟဇရသ်ဥမရ် ﷺ သည် မက္ကာဟ်တွင် ဆွဖ်ဝါးန်ဗင်နဲ့အုမိုင်ယဟ်၏ အိမ်ကို ဝယ်၍ ထိုအိမ်ကို တရားခံများအတွက် အကျဉ်းထောင်အဖြစ် ပြုလုပ်ခဲ့သည်။ အေမာမ်အဘူဟနီဖာဟ် (ရဟ) သည် ထိုအကြောင်းနှင့် စပ်လျဉ်း၍ ဆင့်ပြန်ချက်နှစ်မျိုး ဆင့်ပြန်ခဲ့သည်။ တစ်မျိုးမှာ ပထမအဆိုအတိုင်းဖြစ်သည်။ ဒုတိယအမျိုးမှာ ဒုတိယအဆိုအတိုင်း ဖြစ်သည်။ ဖတ်ဝါ (မွေ့သတ်) သည် ဒုတိယအဆိုအပေါ်၌ ရှိသည်။ ဤအကြောင်းကို ထိုဖိကာဟ်ကျမ်းကြီးများတွင် အကျယ်တဝင့် ဖော်ပြထားသည်။ သို့သော် ဤအာယသ်တော်တွင် 'ဟရာမ်'၏ နယ်နိမိတ်များအား တားမြစ်ခြင်းအကြောင်း တင်ပြထားရာ ထိုတားမြစ်သည့် နေရာများနှင့် စပ်လျဉ်း၍ ပညာရှင်အားလုံးထံတွင် အများအတွက် 'ဝကာဖ်'ဖြစ်ပြီး ၎င်းနေရာများသို့ ဝင်ရောက်မှုအား တားမြစ်ခြင်းသည် 'ဟရာမ်'ဖြစ်သည်။ ဖော်ပြပါ အာယသ်တော်သည်လည်း ဤသို့ 'ဟရာမ်'ဖြစ်ကြောင်း အတည်ဖြစ်ပေသည်။

وَمَنْ يُّرِدْ فِيْهِ بِاِلْحَادٍۭ بِظُلْمٍ

တွင် الحاد ၏ အဓိပ္ပာယ်သည် အဘိဓါန်တွင် 'ဖြောင့်မတ်သည့်လမ်းမှန်မှ လွှဲဖယ်သွားခြင်း' ဟုဖြစ်သည်။ ဤနေရာတွင် الحاد ၏ အလိုသဘောတို့သည် 'မုဂျာဟိဒ်' နှင့် ကသာဒဟ်တို့ထံတွင် ကုဖွရ်နှင့် ရှရစ်က် ဖြစ်သည်။ သို့သော် အခြားသော အဖွင့်ပညာရှင်များက 'ပြစ်မှုဟူသမျှနှင့် အလ္လာဟ်နှင့် ရစူလ်တို့၏ အမိန့်ဖီဆန်မှုတို့၌ အကျုံးဝင်သည့် ကိစ္စတိုင်း၏ အဓိပ္ပာယ် ဖြစ်သည်။ ယုတ်စွအဆုံး မိမိ၏ အကျိုးဆောင်၊ အလုပ်သမားကို ဆဲဆိုခြင်း၊ မကောင်းပြောဆိုခြင်းများလည်း ပါဝင်သည်ဟု သတ်မှတ်ကြသည်။ ဤအဓိပ္ပာယ်သတ်မှတ်ချက်အရ ဟဇရတ်အသွာ ﷺ က 'ဟရာမ်' တွင် 'အိလ်ဟားဒ်' ၏ သဘောမှာ 'ဟရာမ်' အတွင်း 'အိဟ်ရာမ်' မဝတ်ဘဲ ဝင်ရောက်ခြင်း၊ (သို့) 'ဟရာမ်' ၌ တာမြစ်ထားသည်တို့အနက် တစ်ခုခုကို ကျူးလွန်လိုက်ခြင်း၊ ဥပမာ- သားကောင်လိုက်ခြင်း၊ (သို့) 'ဟရာမ်' နယ်နိမိတ်အတွင်း သစ်ပင်တစ်ပင်ကို ခုတ်ဖြတ်ခြင်း စသည်တို့ဖြစ်သည်ဟု ဆိုသည်။

ရှရီအသ်တရားတော်အရ 'ဟရာမ်' မပြုပိုင်၊ တားမြစ်ခြင်းဖြစ်သည်ဟူသော အရာများသည် နေရာတိုင်းတွင် အပြစ်ထိုက်မည်။ 'အဇာဗ်' ၏ အကြောင်းခံဖြစ်မည်သာဖြစ်သည်။ 'ဟရာမ်' နယ်နိမိတ်ဟု သီးသန့်သတ်မှတ်ရခြင်းမှာ မက္ကာဟ်၏ 'ဟရာမ်' နယ်နိမိတ်အတွင်း ကောင်းမှုပြုခြင်း၏ စဝါးဗ်သည် များစွာတိုးပွားလာသကဲ့သို့ ပြစ်မှု၏ အပြစ်ဒဏ်သည်လည်း များစွာတိုးပွားသွားခြင်းဖြစ်သည်။ *[မုဂျာဟိဒ်]*

ဟဇရတ်အဗ်ဒုလ္လာဟ်ဗင်န် မတ်စ်အူးဒ် ﷺ သခင်ထံမှ သဖ်စီးရ် ဖွင့်ဆိုချက်တစ်ရပ်ကို ဆင့်ပြန်ခဲ့သည်မှာ 'ဟရာမ်' နယ်မြေမှအပ အခြားနေရာများတွင် ပြစ်မှုကျူးလွန်ရန် ရည်ရွယ်ရုံဖြင့် အပြစ်ကို မကျူးလွန်မချင်း အပြစ်ဟု ရေးမှတ်ခြင်း မခံရပေ။ 'ဟရာမ်' နယ်မြေ၌မူ အတိအကျ ရည်ရွယ်လိုက်ခြင်းဖြင့်ပင် အပြစ်ဟု ရေးမှတ်ခြင်း ခံရသည်' ဟု ဖြစ်သည်။ ကုရ်သုဗီသည် ဤသဖ်စီးရ်ကို အိဗ်နေအုမရ် ﷺ ထံမှလည်းဆင့်ပြန်ခဲ့သည်။ ထို့နောက် ဤသဖ်စီးရ်ကို မှန်ကန်သည်ဟု ဆိုခဲ့သည်။

ဟဇရတ်အဗ်ဒုလ္လာဟ်ဗင်န်အုမရ် ﷺ သည် 'ဟဂ်ျ' အတွက် သွားသည့်အခါ ရွက်ဖျဉ်တဲနှစ်ခု ထိုးလေ့ရှိသည်။ တစ်ခုကို 'ဟရာမ်' နယ်နိမိတ်အတွင်း၌ ထိုး၍ တစ်ခုကို အပြင်၌ ထိုးလေ့ရှိသည်။ 'ဟရာမ်' နယ်မြေအတွင်း၌ ရှိစဉ် မိမိ၏ အိမ်သူအိမ်သားများသည်လည်းကောင်း၊ အစေခံများသည်လည်းကောင်း၊ ဆွေမျိုးသားချင်းများသည်လည်းကောင်း၊ လက်အောက်ငယ်သားများသည်လည်းကောင်း ကိစ္စတစ်ခုပေါ်တွင် ၎င်းတို့အား ကြိမ်းမောင်းငေါက်ငမ်းရန် (သို့) အပြစ်ပေးရန်ရှိလျှင် 'ဟရာမ်' ၏ ပြင်ပ၌ ထိုးထားသည့် ရွက်ဖျဉ်တဲ၌ သွားရောက်၍ အဆိုပါကိစ္စကို ပြုလုပ်လေ့ရှိသည်။ လူတို့က ဤသို့ ပြုရခြင်း၏ အကြောင်းအရင်းကို မေးမြန်းသောအခါ 'လူသားသည် စိတ်အလိုမကျ၊ အမျက်ဒေါသထွက်နေချိန်တွင် كلا والله (သို့) بلى والله ဟူသော စကားလုံးများ ပြောဆိုခြင်းသည်လည်း الحاد فى الحرم 'ဟရာမ်' နယ်နိမိတ်အတွင်း အပြစ်ကျူးလွန်ခြင်း၌ အကျုံးဝင်သည်' ဟု ဖြေကြားခဲ့လေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَإِذْ بَوَّأْنَا لِإِبْرٰهِيمَ مَكَانَ الْبَيْتِ أَن لَّا
تُشْرِكْ بِي شَيْئًا وَطَهِّرْ بَيْتِيَ لِلطَّآئِفِينَ وَالْقَآئِمِينَ وَ
الرُّكَّعِ السُّجُودِ ﴿٢٦﴾

၂၂ : ၂၆ ။ ။ ထို့ပြင် (အို၊ နဗီတမန်တော်၊ ပြန်လည် သတိရပါလေ။) တစ်ရံရောအခါ ငါအသျှင်မြတ်သည် (နဗီတမန်တော်) အိဗ်ရာဟီမ်အား ဤ (ထူးမြတ်သော) အိမ်တော် ('ကအ်ဗာဟ်' ကျောင်းတော် တည်ဆောက်ရန်) ၏ နေရာသို့ ညွှန်ပြ၍ ပေးတော်မူခဲ့၏။ (ထို့နောက် ဤသို့ အမိန့်တော် ထုတ်ပြန်တော်မူခဲ့၏။ အို၊ အိဗ်ရာဟီမ်) 'အသင်သည် မည်သည့် တစ်စုံတစ်ရာကိုမျှပင်၊ ငါအသျှင်မြတ်နှင့် တွဲဖက် (နှိုင်းယှဉ် ကိုးကွယ်) ခြင်းကို မပြုပါလေနှင့်။ ထို့ပြင် အသင်သည် ငါအသျှင်မြတ်၏ (ထူးမြတ်လှသော) အိမ်တော်ကို လှည့်ပတ် 'သွဝါးဖ်'ပြုသူများ၊ 'ကိယာမ်' မတ်တတ်ရပ်သူများ၊ 'ရုကူအ်' ဦးညွှတ်သူတို့နှင့် 'စဂျ်ဒဟ်' ပျပ်ဝပ်ဦးချသူတို့အဖို့ သန့်ရှင်းစင်ကြယ်အောင် ပြုလုပ်၍ ထားရှိပါလေ။'

وَأَذِّن فِي النَّاسِ بِالْحَجِّ يَأْتُوكَ رِجَالًا
وَعَلَىٰ كُلِّ ضَامِرٍ يَأْتِينَ مِن كُلِّ فَجٍّ عَمِيقٍ ﴿٢٧﴾

၂၂ : ၂၇ ။ ။ ထို့ပြင် အသင်သည် လူခပ်သိမ်းတို့အား (ထူးမြတ်လှစွာသော ယင်းအိမ်တော်သို့ လာရောက်ဖူးမျှော်) 'ဟဂျ်'ပြုကြရန်၊ ကြေညာ (၍ ဖိတ်ခေါ်) ပါလေ။ (ထိုအခါ) လူတို့သည် အလွန်ဝေးလံသော လမ်းခရီးတိုင်းမှ ခြေလျင်လည်းကောင်း၊ ကျုံလှီပိန်ချုံးသော ကုလားအုတ်အသီးသီးပေါ်၌ စီးနင်း၍လည်းကောင်း အသင့်ထံသို့ လာရောက်ကြပေမည်။

لِّيَشْهَدُوا
مَنَافِعَ لَهُمْ وَيَذْكُرُوا اسْمَ اللَّهِ فِي أَيَّامٍ مَّعْلُومٰتٍ
عَلَىٰ مَا رَزَقَهُم مِّن بَهِيمَةِ الْأَنْعَامِ ۖ فَكُلُوا مِنْهَا
وَأَطْعِمُوا الْبَآئِسَ الْفَقِيرَ ﴿٢٨﴾

၂၂ : ၂၈ ။ ။ သို့မှသာလျှင် လူတို့သည် မိမိတို့အဖို့ (စီမံထားသော) အကျိုးကျေးဇူးရှိရာများကို တွေ့မြင်ကြရန် လာကြပေလိမ့်မည်။ (ထို့ပြင်) အသျှင်မြတ်က မိမိတို့အား ချီးမြှင့်ပေးသနားတော်မူခဲ့သော ခြေလေးချောင်း တိရစ္ဆာန်များ (ဖြစ်သည့် ကုလားအုတ်၊ နွား၊ သိုး ဆိတ်တို့) အပေါ်၌ သတ်မှတ်ထားသော နေ့ရက်များတွင် အလ္လာဟ်အသျှင်မြတ်၏ နာမတော်ကို (ရွတ်ဖတ်) တသ (၍ ကုရ်ဗာနီပြု) ကြပေမည်။ ထို့နောက် (တမန်တော်မြတ်၏ တပည့်သားတို့) အသင်တို့သည်လည်း ယင်းတိရစ္ဆာန်များအနက်မှ မိမိတို့ကိုယ်တိုင်လည်း စားသုံးကြလေကုန်။ မရှိဆင်းရဲသော ဒုက္ခိတများကိုလည်း ကျွေးမွေးကြလေကုန်။

ثُمَّ لْيَقْضُوا تَفَثَهُمْ
وَلْيُوفُوا نُذُورَهُمْ وَلْيَطَّوَّفُوا بِالْبَيْتِ الْعَتِيقِ ﴿٢٩﴾

၂၂ း ၂၉ ။ ။ ထို့နောက် မိမိတို့၏ (ခန္ဓာကိုယ်များမှ) အညစ်အကြေးများကို (သုတ်သင်၍ သန့်ရှင်းစင်ကြယ်အောင်) ဖယ်ရှားကြရမည်။ ထို့ပြင် မိမိတို့၏ (တာဝန်များ) အဓိဋ္ဌာန်များကို ပြီးဆုံးအောင် ဆောင်ရွက်ကြရမည်။ ထို့ပြင် ဤအိမ် ('ကအ်ဗာဟ်'ကျောင်း) တော်ကိုလည်း 'သွဝါးဖ်'လှည့်ပတ်ကြရမည် ဖြစ်ချေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့နောက် (အို၊ နဗီတမန်တော်) ထိုဖြစ်ရပ်ကို ပြန်လည်အောက်မေ့သတိရပါလေ။ ငါအသျှင်မြတ်သည် အိဗ်ရာဟီးမ် عليه السلام အား 'ကအ်ဗာဟ်'ကျောင်းတော်၏ နေရာကို ပြသတော်မူစဉ်က (အကြောင်းမှာ ထိုအချိန်က 'ကအ်ဗာဟ်' ကျောင်းတော်မြတ်သည် ဆောက်လုပ်ရခြင်း မရှိသေးသောကြောင့် ဖြစ်သည်။ ထို့နောက် (ထို 'ကအ်ဗာဟ်' ကျောင်းတော်မြတ်အား 'အေဗာဒသ်'ပြုရာအဖြစ် ဆောက်လုပ်ပါ။ ထို့နောက် ဤ 'အေဗာဒသ်'ပြုရာတွင်) ငါအသျှင်မြတ်အား အခြားသောအရာများနှင့် တုဖက်ယှဉ်တွဲ ကိုးကွယ်ခြင်း မပြုလေနှင့် (ဟု အမိန့်ပေးတော်မူခဲ့လေသည်။ စင်စစ် ဤအမိန့်ပေးခြင်းသည် ၎င်း၏ နောက်မှ လူများကို ပေးခြင်းဖြစ်သည်။ ထို့ပြင် 'ကအ်ဗာဟ်'ကျောင်းတော် တည်ဆောက်ခြင်းနှင့်အတူ 'ရှရစ်က်'ပြုခြင်းအား တားမြစ်ခြင်းတို့သည် 'ဗိုင်သွလ္လာဟ်'၊ 'ကအ်ဗာဟ်'ကျောင်းတော်ဘက်သို့ နမာဇ်ဝတ်ပြုခြင်းနှင့် ထိုကျောင်းတော်အား 'သွဝါးဖ်'ပြုလုပ်ခြင်းတို့ကြောင့် ပညာမဲ့ အသိမရှိသူတစ်ဦးအဖို့ ဤ 'ကအ်ဗာဟ်'သည် ကိုးကွယ်ရာဖြစ်သည်ဟု ယုံမှားသံသယဖြစ်မသွားစေရန် အထူး မိန့်ဆိုထားခြင်းပင် ဖြစ်သည်။ ထို့ပြင် ငါအသျှင်မြတ်၏ အိမ်တော်အား 'သွဝါးဖ်'လှည့်ပတ်သူများ၊ ထို့နောက် (နမာဇ်တွင်) 'ကိယာမ်' (မတ်တတ်) ရပ်သူများ၊ 'ရုကူအ်' ဦးညွှတ်မှုပြုသူများ၊ 'စဂျ်ဒဟ်'ဦးချခြင်းပြုသူများအဖို့ (အတွင်းအပြင် ညစ်ညမ်းမှုများဖြစ်သော ကုဖွရ်နှင့် ရှရစ်က်တို့မှ) သန့်ရှင်းစင်ကြယ်စွာ ပြုပါလေ။ (ဤအမိန့်သည်လည်း စင်စစ် အခြားသူများကိုသာ ပေးခြင်းဖြစ်သည်။ အိဗ်ရာဟီမ် عليه السلام သည် ထိုသို့ သန့်ရှင်းစင်ကြယ်မှုကို ဆန့်ကျင်မည်ဆိုသော ထင်မြင်ချက်ပင် မရှိနိုင်ပေ။ ထို့အပြင် (အိဗ်ရာဟီမ် عليه السلام အား အမိန့်ပေးခဲ့သည်မှာ) လူတို့တွင် 'ဟဂျ်'ပြုရန် (ဖွရ်ဇ်'တာဝန်ဖြစ်ကြောင်း) ကြေညာဖိတ်ခေါ်ပါလေ။ (ထိုကြေညာချက်ကြောင့်) လူတို့သည် အသင့်ထံ (အသင်၏ ဤမွန်မြတ်လှစွာသော အဆောက်အဦးရှိရာ) သို့ ရောက်ရှိလာကြပေမည်။ ခြေလျင်ဖြင့်သော်လည်းကောင်း၊ (ခရီးရှည်ကို ဖြတ်သန်းလာရခြင်းကြောင့် ပိန်လှီသော) ကုလားအုတ်မများအား စီးနင်း၍သော်လည်းကောင်း ဝေးလံသော ခရီးလမ်းတိုင်းမှ ရောက်ရှိလာကြပေလိမ့်မည်။

(ထို့နောက် ၎င်းတို့ လာရောက်ကြမည်မှာ) မိမိတို့၏ (သာသနာအရေးနှင့် လောကီရေး) အကျိုးအမြတ်များအတွက် လာကြခြင်း ဖြစ်ပေမည်။ (သာသနာအရေးမှာမူ သိရှိပြီးသည့်အတိုင်း ဖြစ်သည်။ လောကီရေးတွင်လည်း အကယ်၍ မရည်ရွယ်ပါလျှင်ပင် ဥပမာ– ရောင်းဝယ်ခြင်းနှင့် 'ကုရ်ဗာနီ'အသား

စသည်တို့သည်လည်း မည်သည့် မကောင်းခြင်းမျှ မရှိပါချေ။) ထို့နောက် သတ်မှတ်ရက် ကာလများတွင် (ဇိလ်ဟဂ်ျလ (၁၀) ရက်မှ (၁၂) ရက်နေ့အထိ 'ကုရ်ဗာနီ'၏ ရက်များဖြစ်သည်။) သတ်မှတ်ထားသည့် ခြေလေးချောင်းတိရစ္ဆာန်များအပေါ် ('ကုရ်ဗာနီ'သားကောင်များအား 'ဇဗဟ်'ပြုသည့်အချိန်တွင်) အလ္လာဟ်အသျှင်မြတ်၏ နာမတော်ကို ရွတ်ဆိုတသကြရပေမည်။ ဤအရာများသည် ၎င်းတို့အား အလ္လာဟ်အသျှင်မြတ်က ချီးမြှင့်ပေးသနားတော်မူထားသော အရာများပင် ဖြစ်သည်။ (အီဗ်ရာဟီးမ် عليه السلام အား ရည်ညွှန်းမိန့်ဆိုခြင်း ပြီးဆုံး၍ ယခုတွင် အွမ္မသေ့မုဟမ္မဒီယဟ်အား ရည်ညွှန်းမိန့်ကြားသည်မှာ) ထို (ကုရ်ဗာနီ) သားကောင်များအနက်မှ အသင်တို့လည်း စားကြလေကုန်။ (ဤသို့ စားခြင်းသည် ပိုင်၍ 'မွတ်စ်သဟဗ်' ဖြစ်သည်။) ဒုက္ခရောက်နေသူ ဆင်းရဲသားများကိုလည်း ကျွေးမွေးကြကုန်။ တစ်ဖန် (ကုရ်ဗာနီပြီးသောအခါ) မိမိတို့၏ ချေးညော်အညစ်အကြေးများကို သန့်စင်ရမည်။ ('အိဟ်ရာမ်' ချွတ်၍ ဦးခေါင်းတုံးရမည်) ထို့နောက် မိမိတို့၏ 'ဝါဂျိဗ်' တာဝန်များကို (ကုရ်ဗာနီပြုလုပ်ရမည်ဟု 'နဇရ်'ပြု၍ 'ဝါဂျိဗ်'ထိုက်စေခြင်းဖြစ်စေ၊ (သို့) 'နဇရ်'ဖြင့် မဟုတ်ဘဲ 'ဟဂ်ျ'ကျင့်စဉ်များအနက်မှ ပြုရန်ဖြစ်သော 'ကုရ်ဗာနီ' သည် 'ဝါဂျိဗ်'တာဝန်ကိုဖြစ်စေ၊ ထိုတာဝန်အားလုံးတို့ကို ပြီးမြောက်အောင် ဆောင်ရွက်ကြရမည်။ ထို့နောက် (ထိုသတ်မှတ်ရက်များအတွင်း၌ပင်) ထိုလုံခြုံအေးချမ်းသည့် အိမ်တော် ('ဗိုင်သွလ္လာဟ်ကအ်ဗာဟ်) အား 'သွဝါးဖ်'လှည့်ပတ်ကြရပေမည်။ ('သွဝါဖေ့ဇီယာရသ်' ဟုခေါ်သည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ဤအာယသ်တော်၏အလျှင် ရှေ့အာယသ်တော်တွင် 'မတ်စ်ဂျိဒ်ဒေ့ဟရာမ်'နှင့် 'ဟရာမ်'နယ်နိမိတ်မှ တားမြစ်ပိတ်ပင်မှုပြုသူများအပေါ် 'အဇားဗ်'အပြစ်ဒဏ်သည် အလွန်ပြင်းထန်သည့်အကြောင်း 'ဝအီးဒ်' လာရှိသည်။ ယခုတွင် ၎င်းတို့၏ အဆိုးပါလုပ်ရပ်ကို ပိုမိုပေါ်လွင်စေသည်။ 'ဗိုင်သွလ္လာဟ်'၏ ထူးမြတ်ခြင်းနှင့် ကြီးကျယ်မြတ်ထွတ်ခြင်းအကြောင်းများ တင်ပြထားသည်။

'ဗိုင်သွလ္လာဟ်' (ကအ်ဗဟ်) စတင်တည်ဆောက်ခြင်း

وَاِذْ بَوَّاْنَا لِاِبْرٰهِيْمَ مَكَانَ الْبَيْتِ

တွင် بوّء စာလုံး၏ အဓိပ္ပာယ်မှာ အာဝိါနိတွင် 'လူတစ်ဦးအား နေရာအတည်တကျနှင့် နေထိုင်ရန် အိမ်ပေးခြင်း'ဟု ဖြစ်သည်။ အာယသ်တော်၏ အဓိပ္ပာယ်မှာ 'ငါအသျှင်မြတ်သည် အီဗ်ရာဟီမ် عليه السلام အား 'ဗိုင်သွလ္လာဟ်' (ကအ်ဗာဟ်) ရှိသည့် နေရာကို အတည်တကျ ပေးတော်မူခဲ့သည့် အကြောင်းသည် သတိရအောက်မေ့ဖွယ်ရာ ဖြစ်ပေသည်။ ဤနေရာတွင် ဟဇရသ်အီဗ်ရာဟီမ် عليه السلام သည် ဤမြေပေါ်တွင် ကနဦးက နေခဲ့သူမဟုတ်ကြောင်း ညွှန်ပြနေသည်။ ဆင့်ပြန်ချက်များအရ ၎င်းအား ဆီးရီးယားနိုင်ငံမှ 'ဟီဂျ်ရသ်'ပြု

ပြောင်းရွှေ့စေပြီး ဤနေရာသို့ ရောက်စေတော်မူခဲ့သည်။ ထို့နောက် مكان البيت တွင် 'ဗိုင်သွုလ္လာဟ်' (ကအ်ဗာဟ်) သည် ဟဇရတ်အီဗ်ရာဟီမ် ﷺ ထက် အလျင်ကပင် ရှိခဲ့ကြောင်းကို ဖော်ညွှန်းနေသည်။ ခိုင်မာသည့် ဆင့်ပြန်ချက်များ၌ လာရှိသည်မှာ 'ဗိုင်သွုလ္လာဟ်'၏ ပထမအကြိမ် ဆောက်လုပ်ခြင်းမှာမူ ဟဇရတ်အာဒမ် ﷺ အား ကမ္ဘာမြေပေါ်သို့ မချမီက (သို့) အတူတကွ တစ်ပြိုင်နက်တည်း ချပေးတော်မူခဲ့သည်။ အာဒမ် ﷺ နှင့် ၎င်း၏ နောက်ပိုင်း နဗီတမန်တော်တို့သည် 'ဗိုင်သွုလ္လာဟ်'ကို 'သွဝါးဖ်'လှည့်ခဲ့ကြသည်။ ဟဇရတ်နူးဟ် ﷺ ၏ ခေတ်တွင် ရေလွှမ်းမိုးခြင်း၊ မုန်တိုင်းများဖြစ်သောအခါ 'ဗိုင်သွုလ္လာဟ်' အဆောက်အဦး ရုပ်သိမ်းခံခဲ့ရသည့် အုတ်မြစ်များမှာမူ ၎င်းသတ်မှတ်ထားသည့် နေရာတွင် ရှိနေခဲ့သည်။ ဟဇရတ်အီဗ်ရာဟီမ် ﷺ အား ဤနေရာသို့ ပို့ဆောင်၍ ဤနေရာ၊ ဤဒေသတွင် နေစေတော်မူခဲ့သည်။ ထို့နောက် ၎င်းအား

أَن لَّا تُشْرِكْ بِي شَيْئًا

'ငါအသျှင်မြတ်အား 'အေဗာဒသ်'ပြုရာတွင် မည်သူတစ်ဦးတစ်ယောက်ကို တွဲဘက်ခြင်း မပြုလေနှင့်' ဟု မိန့်တော်မူခဲ့သည်။ ဟဇရတ်အီဗ်ရာဟီမ် ﷺ အဖို့ ရှရစ်ကပြုလုပ်ရန် ဆိုသည်မှာ သံသယဝင်မရှိနိုင်ပါ။ ရုပ်တုကိုးကွယ်ခြင်းနှင့် တုဖက်နှိုင်းယှဉ်ကိုးကွယ်ခြင်းတို့အပေါ် ၎င်း၏ ရင်ဆိုင်မှုများနှင့် ထိုရင်ဆိုင်မှုများအတွင်း အလွန်ပြင်းထန်သည့် စမ်းသပ်မှုများအကြောင်း ရှေ့၌ ဖြစ်ပျက်ခဲ့ပြီးပေပြီ။ ထို့ကြောင့် ဤသည် အများသူငှာတို့အပေါ် မိန့်ကြားခြင်းသာ ဖြစ်ပေမည်။

ဒုတိယအမိန့်မှာ-

وَطَهِّرْ بَيْتِيَ

(ငါအသျှင်မြတ်၏ အိမ်တော်ကို သန့်ပြန့်အောင်ပြုပါ။) စင်စစ် ထိုအချိန်က အဆောက်အဦးပင်မရှိသေးပေ။ သို့ရာတွင် 'ဗိုင်သွုလ္လာဟ်'သည် နံရံတံတိုင်းနှင့် အဆောက်အအုံ အမည်မဟုတ်ဘဲ ကနဦးအခါက ပြုလုပ်ခဲ့သည့် 'ဗိုင်သွုလ္လာဟ်'ကဲ့သို့ပင် သန့်ပြန့်စင်ကြယ်သော နေရာ၏ အမည်ဖြစ်သည်။ ယခုဤ 'ဗိုင်သွုလ္လာဟ်' (ကအ်ဗာဟ်) ၏ အဆောက်အအုံကို ပြန်လည်ဆောက်လုပ်ရန် အမိန့်ပေးခံခဲ့ရသည်။ မည်သို့ပင်ဆိုစေ ထိုနေရာ၊ ထိုအဆောက်အဦးမှာ ရှိခဲ့ပေသည်။ ထိုနေရာကို အဆောက်အအုံအား 'သန့်ရှင်းစင်ကြယ်စွာ ထားပါ'ဟု အမိန့်ပေးခြင်းမှာ ထိုခေတ်ထိုအခါက 'ဇုရ်ဟုမ်'နှင့် 'အမာလကဟ်' မျိုးနွယ်တို့သည် ဤနေရာတွင် ရုပ်တုအချို့ထားရှိ၍ ကိုးကွယ်နေကြသောကြောင့် ဖြစ်သည်။ *[ကုရ်သုဗီး]*

ဤအမိန့်သည် နောက်ပိုင်း၌ ပေါက်ဖွားလာမည့် မျိုးဆက်များအပေါ် ပေးခြင်းလည်း ဖြစ်နိုင်သည်။ 'သန့်ရှင်းစင်ကြယ်စွာ ထားပါ'ဟု ဆိုသည်မှာ ရှရစ်ကနှင့် ကုဖ့်ရ်တို့ သန့်ရှင်းစင်ကြယ်စွာ ထားရန် အမိန့်ပေး ခြင်းဖြစ်သကဲ့သို့ အပေါ်ယံ အဓိပ္ပာယ်အရ အညစ်အကြေး၊ ချေးညော်များ၊ မသန့်ခြင်းများမှလည်း သန့်ပြန့်အောင် ထားရန်ဖြစ်သည်။ အီဗ်ရာဟီမ် ﷺ အား ဦးတည်၍ မိန့်ဆိုခြင်းဖြင့် အခြားသောသူများ၌လည်း လေးနက်မှုဖြစ်ပေါ်လာစေရန် ရည်ရွယ်ခြင်းဖြစ်သည်။ ဟဇရတ်အီဗ်ရာဟီမ် ﷺ သည် ထိုအမိန့်

အပေါ် ကိုယ်တိုင်ကျင့်သုံးတော်မူခဲ့သည်ဖြစ်ရာ ကျွန်ုပ်တို့အဖို့ အဘယ်မျှ ထိုအချက်အပေါ် အဘယ်မျှ လေးနက်မှု ရှိရပါမည်နည်း။

တတိယအမိန့်မှာ-

اَذِّنْ فِى النَّاسِ بِالْحَجِّ

ဟဇရတ်အိဗ်ရာဟီမ် ﷺ အား ပေးခြင်းဖြစ်သည်။

'ဤ 'ဗိုင်သွလ္လာဟ်'အား 'ဟဂျ်'ပြုရန် အသင်တို့အပေါ် 'ဖွရဇ်'ဖြစ်သွားပြီ'ဟု ကြေညာပါလေ။ ဗင်ဝီနှင့် အိဗ်နေအဘီ ဟာသင်မ်တို့က ဟဇရတ်အိဗ်နေအဗ္ဗားစ် ﷺ သခင်ထံမှ ဆင့်ပြန်ခဲ့သည်မှာ 'အိဗ်ရာဟီမ် ﷺ သည် 'ဟဂျ်'ပြုရန် 'ဖွရဇ်'ဖြစ်ကြောင်း လူတို့အား ကြေညာရန် မိန့်ကြားတော်မူသောအခါ အလ္လာဟ် အသျှင်မြတ်အား (ဤနေရာသည် ကွင်းပြင်တော်ကြီးဖြစ်သည်။ ကြားမည့်သူမရှိပါ။) လူအများ နေထိုင်သည့် မြို့ရွာသို့တိုင် ကျွန်တော်မျိုး၏ အသံမှာ မည်သို့ ရောက်ပါမည်နည်း'ဟု လျှောက်ထားရာ အလ္လာဟ် အသျှင်မြတ်က 'အသင်၏ တာဝန်မှာ ကြေညာရန်သာ ဖြစ်သည်။ ကမ္ဘာလောကတစ်ခုလုံးသို့ အသင်၏ အသံ ရောက်စေခြင်း၊ ပျံ့နှံ့စေခြင်းမှာ ငါအသျှင်မြတ်၏ တာဝန်ဖြစ်သည်'ဟု မိန့်ကြားတော်မူလိုက်သည်။ အိဗ်ရာဟီမ် ﷺ သည် 'မကာမေအိဗ်ရာဟီမ်' ပေါ်၌ ရပ်လျက် ကြေညာမှုပြုလေသည်။ အလ္လာဟ်အသျှင်မြတ်သည် ထိုကြေညာသံကို ကျယ်လောင်စွာ ပြုပေးတော်မူလိုက်သည်။ အချို့ဆင့်ပြန်ချက်များတွင် အိဗ်ရာဟီမ် ﷺ သည် အဘီကိုင်စ်တောင်ပေါ်သို့ တက်၍ နားများတွင် လက်ထည့်၍ လက်ဝဲဘက်သို့လည်းကောင်း၊ လက်ယာဘက်သို့လည်းကောင်း၊ အရှေ့ဘက်သို့လည်းကောင်း၊ အနောက်ဘက်သို့လည်းကောင်း လေးဘက်လေးတန် လှည့်၍ ကြေညာသည်မှာ 'အို၊ လူသားတို့၊ အသင်တို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်သည် မိမိ၏ အိမ်တော်ကို ဆောက်လုပ်တော်မူလိုက်သည်။ ထို့နောက် အသင်တို့အပေါ်တွင် ထိုအိမ်တော်အား 'ဟဂျ်'ပြုရန် 'ဖွရဇ်'အဖြစ် တာဝန်သတ်မှတ်လိုက်သည်။ သို့ရှိရာ အသင်တို့သည် မိမိတို့အသျှင်မြတ်၏ အမိန့်ကို လိုက်နာကြလေကုန်'ဟု ကြေညာတော်မူကြောင်း လာရှိပေသည်။

ဤဆင့်ပြန်ချက်၌ ပါရှိသေးသည်မှာ 'အိဗ်ရာဟီမ် ﷺ ၏ ဤအသံကို အလ္လာဟ်အသျှင်မြတ်သည် ကမ္ဘာတစ်ခုလုံးသို့တိုင် ရောက်ရှိစေတော်မူလိုက်သည်။ ထို့အပြင် ထိုအချိန်က အသက်ရှင်နေသည့် လူများထံသို့သာ ရောက်ရှိခြင်းမဟုတ်ဘဲ 'ကေယာမသ်'နေ့ထိတိုင် ပေါက်ဖွားလာမည့် လူသားအားလုံးတို့ထံသို့ 'မုအ်ဂျေဇာဟ်'အဖြစ်နှင့် ရောက်ရှိစေတော်မူခဲ့သည်။ 'ဟဂျ်'ပြုရန် နဖူးစာ၌ ရေးမှတ်ခံရသူတို့သည် ထိုအသံကို ကြားရသောအခါ တုန့်ပြန်သည့်အနေဖြင့် لَبَّيْكَ اللّٰهُمَّ لَبَّيْكَ 'အသင့်ရှိကြောင်း' ဆိုခဲ့ကြသည်။ ဟဇရတ်အိဗ်နေအဗ္ဗားစ် ﷺ သခင်က 'ဟဂျ်၏ 'သဗ်လီယဟ်' ဆိုရခြင်း၏ အဓိကအကြောင်းမှာ 'အိဗ်ရာဟီမ် ﷺ ၏ ဤဖိတ်ခေါ်ကြေညာချက်အပေါ် တုန့်ပြန်ခြင်းပင် ဖြစ်သည်'ဟု ဆိုသည်။

[ကုရ်သုဗီကျမ်း၊ မဇွဟ်ရီးကျမ်း]

ရှေ့အာယသ်တော်တွင် အီဗ်ရာဟီမ် ﷺ ၏ ထိုဖိတ်ခေါ်ကြေညာချက်သည် လူသားအပေါင်းတို့ ထံသို့ အလ္လာဟ်အသျှင်မြတ်ဘက်တော်မှ ပို့ဆောင်ပေးခြင်းဖြစ်၍ 'ကေယာမသ်' နေ့အထိ အစွန့်ရှည်စွာ တည်ရှိမည့်အကြောင်း လာရှိထားသည်။

يَأْتُوكَ رِجَالًا وَعَلَىٰ كُلِّ ضَامِرٍ يَأْتِينَ مِن كُلِّ فَجٍّ عَمِيقٍ

ကမ္ဘာ၏ ဘက်ပေါင်းစုံမှ လူတို့သည် 'ဗိုင်သွလ္လာဟ်' သို့ လာကြပေလိမ့်မည်၊ အချို့မှာ ခြေလျင်ဖြင့်လည်းကောင်း၊ အချို့မှာ အစီးအနင်းဖြင့်လည်းကောင်း ဝေးလံသည့် နိုင်ငံများမှ ရောက်လာကြပေမည်။ ထိုသို့ ခရီးပြင်းနှင်ရခြင်းကြောင့် ၎င်းတို့၏ အစီးအနင်းများမှာ ပိန်လှီနေကြပေမည်။ သို့ရှိရာ ထိုအချိန်မှ ယနေ့ထိတိုင် နှစ်ပေါင်းထောင်ချီ ကြာလာခဲ့ပေပြီ။ 'ဗိုင်သွလ္လာဟ်' ဘက်သို့ 'ဟဂျ်' ပြုရန် လာကြသူများမှာ ဤပုံစံအတိုင်းသာ ဖြစ်ကြပေမည်။ ဟဇရသ်အီဗ်ရာဟီမ် ﷺ ၏ နောက်မှ ပွင့်ပေါ်သည့် နဗီတမန်တော်တို့၏ အစွမ်းသတ်များသည်လည်း ဤအတိုင်းပင် ကျင့်ကြံကြရသည်။ ဟဇရသ်အီစာ ﷺ ၏ နောက်ပိုင်းကာလ ရှည်ကြာစွာ အမှောင်ခေတ်ကို ဖြတ်သန်းခဲ့ရာတွင်လည်း အာရပ်တွင် နေထိုင်သူတို့သည် ရုပ်တုကိုးကွယ်ခြင်း ပြုသူများ ဖြစ်လင့်ကစား 'ဟဂျ်' ၏ စည်းကမ်းချက်များမှာ ဟဇရသ်အီဗ်ရာဟီမ် ﷺ ပြုလုပ်ခဲ့သည့် မိန့်ကြားခဲ့သည့်အတိုင်းသာ ဖြစ်သည်။

لِّيَشْهَدُوا مَنَافِعَ لَهُمْ

'၎င်းတို့၏ ဤရောက်ရှိလာမှုသည် ဝေးလံရှည်လျားသည့်ခရီးကို ဖြတ်သန်းလျက် မိမိတို့၏ အကျိုးအမြတ်အတွက်သာဖြစ်သည်။' ကုရ်အာန်ကျမ်းတော်မြတ်တွင် منافع ဟူ၍ ကန့်သတ်ချက်မရှိသော အဓိပ္ပာယ်ဆောင်သည့် စာလုံးကို သုံးနှုန်းထားသည်။ ထိုအဓိပ္ပာယ်တွင် သာသနာရေး အကျိုးအမြတ်များမှာမူ မြောက်မြားစွာ ပါရှိပြီးဖြစ်သကဲ့သို့ လောကီရေးအကျိုးအမြတ်များစွာကိုလည်း မြင်ရပေမည်။ အနည်းတကာ့ အနည်းဆုံး 'ဟဂျ်' ခရီးစဉ်၌ များသောအားဖြင့် သုံးစွဲသည့် ငွေများသည် အချို့လူများဆိုလျှင် တစ်သက်လုံး ကြိုးစားပမ်းစား ရှာဖွေစုဆောင်းလာသည့် ငွေများဖြစ်သည်။ ထိုငွေများကို တစ်ချိန်တည်း သုံးစွဲပစ်လိုက်ကြသည်။ သို့သော် ကမ္ဘာသမိုင်းတစ်လျှောက်လုံးတွင် 'လူတစ်ဦးသည် 'ဟဂျ်' (သို့) 'အွမ်ရာဟ်' ၌ သုံးစွဲလိုက်သည့်အတွက် ဆင်းရဲမွဲတေသွားပြီး' ဟူသော ဖြစ်ရပ်တစ်ခုပင် မရှိခဲ့ပါ။ ထိုသို့မဟုတ်ဘဲ မင်္ဂလာဆောင် ပွဲလမ်းသဘင်များ၌ဖြစ်စေ၊ အိမ်ဆောက်လုပ်သည့်အခါ၌ဖြစ်စေ၊ သုံးစွဲမှုပြုခြင်းကြောင့် ဆင်းရဲမွဲတေသွားသူများ နေရာတကာ၌ တွေ့ရှိရတတ်ပေသည်။ အလ္လာဟ်အသျှင်မြတ်သည် လူတစ်ဦးအား 'ဟဂျ်' နှင့် 'အွမ်ရာဟ်' ခရီးသွားသည့်အတွက်ကြောင့် လောကီရေးချို့တဲ့ ဆင်းရဲခြင်းများပင် မဖြစ်စေပါ။ ထိုမျှမက အချို့ဆင့်ပြန်ချက်များတွင် 'ဟဂျ်' နှင့် 'အွမ်ရာဟ်' ခရီးတွင် သုံးစွဲခြင်းသည် ဆင်းရဲချို့တဲ့မှုကို ဝေးကွာစေသည်ဟု လာရှိထားသည်။ သေချာကျနစွာ စဉ်းစားကြည့်မည်ဆိုလျှင် ဤသို့သော ဖြစ်ရပ်များစွာကို တွေ့မြင်ရပေမည်။ 'ဟဂျ်' ၏ သာသနာရေးဆိုင်ရာ အကျိုးအမြတ်များစွာ ရှိသည့်အနက် အကျိုးအမြတ်တစ်ခုသည်ပင် အဆင့်နိမ့်ကျခြင်း မရှိပါချေ။ ဟဇရသ်အဗူဟုရိုင်ရာဟ် ﵁ သခင်၏ ဟဒီးစ်တော်

တွင် စာမန်တော်မြတ် ﷺ မိန့်ကြားတော်မူသည်မှာ 'အလ္လာဟ်အသျှင်မြတ်အတွက် 'ဟဂ်ျ'ပြုသူသည် ၎င်း 'ဟဂ်ျ' ၌ ရုက်ဖွယ်လိလိ အလုပ်များနှင့် အပြစ်ထိုက်စေမည့် လုပ်ရပ်များမှ ရှောင်ကြဉ်ခဲ့သူဖြစ်ပါလျှင် ထိုသူသည် 'ဟဂ်ျ'မှ ပြန်လာသည့်အခါ မိခင်ဝမ်းမှ ကျွတ်သကဲ့သို့ အပြစ်မဲ့သူ ဖြစ်သွားပေမည်။ ဆိုလိုသည်မှာ မွေးကင်းစကလေးငယ်များသည် အပြစ်ကင်းစင်ကြသကဲ့သို့ ၎င်းသူသည်လည်း ဤကလေးငယ်ပမာ ဖြစ်သွားပေသည်။ *[ဘုခါရီ၊ မွတ်စ္လင်မ်၊ မစ္စ်ဟရီကျမ်း။]*

'မိုင်သွဲလ္လာဟ်' ၌ လာရောက်စုရုံးကြသည့် ဟာဂျီများအဖို့ ဖြစ်ပေါ်လာမည့် အကျိုးအမြတ်မှာ အထက်တွင် တင်ပြခဲ့သည့်အတိုင်း '၎င်းတို့သည် မိမိတို့၏ သာသနာရေးနှင့် လောကီရေးအကျိုးအမြတ်များကို တွေ့မြင်ရပေမည်။'

ဒုတိယအကျိုးအမြတ်တစ်ခုကို ပြသသည်မှာ-

وَيَذْكُرُوا اسْمَ اللَّهِ فِي أَيَّامٍ مَّعْلُومَاتٍ عَلَىٰ مَا رَزَقَهُم مِّن بَهِيمَةِ الْأَنْعَامِ

၎င်းတို့သည် သတ်မှတ်ရက်များတွင် အလ္လာဟ်အသျှင်မြတ်အား ချီးမြှင့်တော်မူထားသည့် တိရစ္ဆာန်သားကောင်များအပေါ်၌ အလ္လာဟ်အသျှင်မြတ်၏ 'ဇိကိရ်' တသခြင်းကို ပြုကြပေမည်။ ဤနေရာတွင် ပထမဦးစွာ တင်ပြရမည်မှာ 'ကုရ်ဗာနီ' အသားနှင့် ထိုအသားမှ ရရှိလာမည့် အကျိုးအမြတ်များအပေါ် မကြည့်ရပေ။ အဓိကအချက်မှာ 'အေဗာဒသ်'၏ အသက်ဖြစ်သော ထိုသတ်မှတ်ရက်များအတွင်း သားကောင်များအပေါ်၌ ပြုရသည့် အလ္လာဟ်အသျှင်မြတ်အား သတိရ တသရခြင်းပင်ဖြစ်သည်။ 'ကုရ်ဗာနီ'အသားကို ၎င်းတို့အတွက် 'ဟလာလ်'ပြုပေးခြင်းမှာ အပို ချီးမြှင့်ခြင်းဖြစ်သည်။ 'သတ်မှတ်ရက်များ'ဆိုသည်မှာ 'ကုရ်ဗာနီ'ပြုပိုင်သည့် ဇိလ်ဟဂ်ျလ (၁၀) ရက်၊ (၁၁) ရက်၊ (၁၂) ရက်နေ့များ ဖြစ်သည်။

ما رزقهم من بهيمة الانعام

၏ စာလုံးများမှာ အများအပေါ် ပြဆိုသည့် စာလုံးများဖြစ်သည်။ 'ဝါဂျိဗ်'ဖြစ်စေ၊ 'မွတ်စ်သဟာဗ်' ဖြစ်စေ၊ 'ကုရ်ဗာနီ'တိုင်း အကျုံးဝင်သည်။ فَكُلُوا مِنْهَا ဤနေရာတွင် كُلُوا စာလုံးသည် امر အမိန့်ပေးသည့်စာလုံး ဖြစ်သည်။ သို့ရာတွင် 'ဝါဂျိဗ်'ဖြစ်စေသော အမိန့်ပေးသည့် စာလုံးမဟုတ်ဘဲ ပြုပိုင်ခြင်းကို ပြဆိုသည့် စာလုံးသာ ဖြစ်ပေသည်။ ဥပမာ- ကုရ်အာန်ကျမ်းတော်မြတ်တွင်

واذا حللتم فا صطا دوا

တွင် အမဲလိုက်ရန် အမိန့်ပေးခြင်းသည် 'ဝါဂျိဗ်'မပြုမနေရ မဟုတ်ဘဲ ပြုပိုင်ခြင်းကို ပြဆိုသည့် အမိန့်ပေးသော စာလုံးဖြစ်သည်။

ဓမ္မသတ် ။ ။ မက္ကာဟ်မြို့နှင့် 'ဟဂ်ျ'ကာလအတွင်း တိရစ္ဆာန်အမျိုးမျိုး 'ဇဗာဟ်'ပြုခံရသည်။ တစ်မျိုးမှာ အပြစ်တစ်ခု ကျူးလွန်မိသည့်အတွက် အပြစ်ဒဏ်ပေးသည့်အနေဖြင့် သားကောင်ကို 'ကုရ်ဗာနီ' ပြုရန်

'ဝါဂျိဗ်'ထိုက်ခြင်းမျိုး ဖြစ်သည်။ ဥပမာ- လူတစ်ဦးသည် 'ဟရာမ်'နယ်နိမိတ်အတွင်း သားကောင် ပစ်ခဲ့သည့်အတွက် ၎င်းအပေါ်တွင် ထိုပြစ်မှု၏ အပြစ်ဒဏ်မှာ သားကောင်တစ်ကောင် 'ကုရ်ဗာနီ'ပြုရန် ဝါဂျိဗ်ဖြစ်ပေသည်။ မည်သည့်တိရစ္ဆာန်ကို အမဲလိုက်လျှင် မည်သည့်သားကောင် 'ဇဗာဟ်'ပြုရမည်ဆိုသည်ကို ဖိကာဟ်ကျမ်းကြီးများ၌ လေ့လာနိုင်ပါသည်။ အလားတူ 'အိဟ်ရာမ်'ဝတ်သည့်အချိန်တွင် တားမြစ်ထားသည့် ကိစ္စတစ်ခုခုကို ပြုလုပ်လိုက်ပါလျှင် ထိုသူ့အပေါ်၌ တိရစ္ဆာန်တစ်ကောင် 'ဇဗာဟ်'ပြုရန် ဝါဂျိဗ်ဖြစ်သွားပေသည်။ ဖိကာဟ်ပညာရှင်တို့၏ အသုံးအနှုန်းတွင် 'ဒမေ့ဂျိနာယသ်'ဟု ခေါ်ဆိုသည်။ အချို့ကိစ္စများအတွက် ကုလားအုတ်၊ (သို့) နွားကိုသာ 'ကုရ်ဗာနီ'ပြုမှ ပိုင်ပြီး အချို့ကိစ္စများတွင်မူ 'ဒွန်ဗာ'နှင့် ဆိတ်တို့ဖြင့်လည်း လုံလောက်သွားပေသည်။ အချို့ 'ဒမ်'သည် 'ဝါဂျိဗ်'မဖြစ်ဘဲ 'စွဒ်ကာဟ်'ပေးရုံမျှဖြင့် လုံလောက်သည်။

ဤကဲ့သို့သော အပြစ်တစ်စုံတစ်ရာ ကျူးလွန်သည့်အပေါ် အပြစ်ဒဏ်အနေဖြင့် ပြုလုပ်ရသည့် 'ဒမ်'သားကောင်အား 'ဇဗာဟ်' ပြုခြင်းတွင် ၎င်းသားကောင်၏ အသားကို ပြုလုပ်သူ မိမိကိုယ်တိုင် မစားပိုင်ပါချေ။ ဤသည် ဆင်းရဲသားများ၏ အခွင့်အရေးဖြစ်သည်။ အခြားသော ချမ်းသာကြွယ်ဝသူများလည်း မစားပိုင်ပါချေ။ ဤသည့်အချက်အပေါ် ဖိကာဟ်ပညာရှင်အားလုံးက တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်ချက် ချထားကြသည်။

'ကုရ်ဗာနီ'၏ ကျန်ရှိအမျိုးအစားများဖြစ်သော 'ဝါဂျိဗ်'နှင့် 'နဖွလ်'တို့၌ 'ဝါဂျိဗ်'တွင် ဟနဖီ၊ မာလိကီနှင့် ရှာဖေအီတို့ထံတွင် دم تمتع (ဒမေ့သမသ်သူအ်) နှင့် دم قران (ဒမေ့ကိရာန်) များလည်း ပါဝင်သည်။ ထိုအသားအားလုံးမှာမူ 'ကုရ်ဗာနီ'ပြုလုပ်သူနှင့် ဆွေမျိုးသားချင်းများ၊ မိတ်ဆွေအပေါင်းအသင်းများနှင့်အတူ ချမ်းသာကြွယ်ဝသူများလည်း စားပိုင်ပေသည်။ ဤအာယသ်တော်သည် ဤအကြောင်းကို တင်ပြနေခြင်း ဖြစ်သည်။ 'ကုရ်ဗာနီ'အားလုံးတို့ပင်ဖြစ်စေ၊ 'ဟဂ်ျ'၌ ပြုလုပ်သည့် 'ကုရ်ဗာနီ'ပင်ဖြစ်စေ၊ 'ကုရ်ဗာနီ' ပြုလုပ်သူကိုယ်တိုင်နှင့် ဆင်းရဲသားဖြစ်စေ၊ ချမ်းသာသူဖြစ်စေ၊ မွတ်စ္စလင်မ်တိုင်း စားပိုင်ပေသည်။ သို့သော် 'မွတ်စ်သဟာဗ်'မှာ အနည်းဆုံး သုံးပုံတစ်ပုံကို ဆင်းရဲသားများအား ပေးရပေမည်။ ဤ 'မွတ်စ်သဟာဗ်'၏ အမိန့်သည် ရှေ့၌ လာရှိသော အာယသ်တော်တွင် မိန့်တော်မူထားသည်မှာ-

واطعموا البائس الفقير

ဟု ဖြစ်သည်။ بائس ၏ အဓိပ္ပာယ်မှာ အလွန်ဆင်းရဲကျပ်တည်းသူ၊ ဒုက္ခရောက်သူဖြစ်သည်။

فَقِير 'ဖကီးရ်'၏ အဓိပ္ပာယ်မှာ လိုလားတောင့်တသူဟု ဖြစ်သည်။ ဆိုလိုသည်မှာ 'ကုရ်ဗာနီ'အသားကို ၎င်းတို့ကိုလည်း ပေးခြင်းနှင့် ကျွေးခြင်းတို့သည် 'မွတ်စ်သဟာဗ်'ဖြစ်သည်။

ثُمَّ لْيَقْضُوا تَفَثَهُمْ

တွင် تفث ၏ အဘိဓါန်အဓိပ္ပာယ်မှာ လူ၏ ခန္ဓာကိုယ်၌ စုရုံးနေသော အညစ်အကြေးများဟု ဖြစ်သည်။ အလားတူ လက်သည်း၊ ခြေသည်း ညှပ်ခြင်း၊ အမွေးအကြိုင် သုတ်လိမ်းခြင်း စသည့် အရာအားလုံး

တို့သည် 'ဟရာမ်'ဖြစ်သည်။ သို့ရှိရာ ၎င်းတို့၏ အောက်၌ အညစ်အကြေးများ ဖြစ်ရှိလာခြင်းမှာ ဓမ္မတာပင် ဖြစ်သည်။ ဤအာယသ်တော်တွင် 'ဟဂ်ျ'၌ 'ကုရ်ဗာနီ'ပြုပြီးပါလျှင် ထိုအညစ်အကြေး (ချေးညော်) ကို သန့်စင်မှုပြုပါ'ဟု အမိန့်ပေးထားခြင်းဖြစ်သည်။ ဆိုလိုသည်မှာ ယခု 'အိဟ်ရာမ်'ချွတ်ကြကုန်။ ဦးခေါင်းကို ခေါင်းတုံး တုံးကြလေကုန်။ လက်သည်း၊ ခြေသည်း ဖြတ်ကြကုန်။ ချက်အောက်အမွေးများ သန့်ရှင်းကြကုန် ဟု မိန့်ကြားခြင်း ဖြစ်သည်။ ဖော်ပြပါအာယသ်တော်တွင် ဦးစွာ 'ကုရ်ဗာနီ'ပြုရန် လာရှိထားသည်။ ထို့နောက်မှ 'အိဟ်ရာမ်'ချွတ်ရန်ဖြစ်သည်။ ထို့ကြောင့် ဤအစီအစဉ်အတိုင်း ပြုလုပ်ရပေမည်။ 'ကုရ်ဗာနီ' မပြုမီအလျှင် ခေါင်းတုံးလိုက်ခြင်း၊ (သို့) လက်သည်း၊ ခြေသည်း ဖြတ်ခြင်း စသည်များ ပြုခြင်းကို တားမြစ်ထားသည်။ ဤနည်းအတိုင်း ဆန့်ကျင်စွာ ပြုလုပ်သူအပေါ် دَ م جنايت 'ဒမေ့ဂျနာယသ်' 'ဝါဂျိဗ်'ထိုက်ပေမည်။

'ဟဂ်ျ'ကျင့်စဉ်များကို အစဉ်လိုက်ပြုလုပ်ခြင်း၏ အဆင့်အတန်း

ကုရ်အာန်နှင့် ဟဒီးစ်တော်များတွင် လာရှိသော 'ဟဂ်ျ'ကျင့်စဉ်များအား အစဉ်လိုက်ပြုလုပ်ခြင်းကို ဖိကာဟ်ပညာရှင်များသည် အစဉ်လိုက် ဆက်တွဲမှုများ ပြုကြသည်။ ဤအစဉ်လိုက်အတိုင်း 'ဟဂ်ျ'၏ ကျင့်စဉ်များ ပြုကျင့်ခြင်းသည် အွမ္မသ်ထုတစ်ရပ်လုံးတွင် အနည်းဆုံး စွန္နသ်ဖြစ်သည်။ ဝါဂျိဗ်ဖြစ်ခြင်း၌မူ ကွဲလွဲမှုများ ရှိသည်။ အေမာမ်အဘူဟနီဖာဟ်နှင့် အေမာမ်မာလိက်တို့ထံတွင် ဝါဂျိဗ်ဖြစ်သည်။ ဤအစဉ်လိုက် ကို ဆန့်ကျင်ပြုလုပ်မည်ဆိုလျှင် 'ဒမေ့ဂျနာယသ်'တစ်ခု ထိုက်သက်ပေသည်။ အေမာမ်ရှာဖေအီထံတွင် စွန္နသ်ဖြစ်သည်။ ထို့ကြောင့် ဤအစဉ်လိုက်အား ဆန့်ကျင်စွာ ပြုလုပ်လျှင် စဝါးဗ်ကုသိုလ်၌ လျော့နည်း ပေမည်။ သို့ရာတွင် 'ဒမ်'ကား မထိုက်ပါချေ။ ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်၏ ဟဒီးစ်တော်တွင် မိန့်ဆိုထားသည်မှာ အကြင်သူသည် ဤ 'ဟဂ်ျ'ကျင့်စဉ်များအား ရှေ့နောက် အပြောင်းအလဲ ပြုလုပ်ခဲ့သော် ၎င်းသူအပေါ် 'ဒမ်'တစ်ခု ပေးရန် အရေးကြီးပေသည်။ ယင်းဆင့်ပြန်ချက်ကို သွဟာဝီကလည်း နည်းလမ်း အမျိုးမျိုးဖြင့် ဆင့်ပြန်ထားပေသည်။ ၎င်းနောက် ဟစန်ဗဆွိရီ (ရဟ)၊ ဟဇရသ်စအီဒ်အိဗ်နေဂျုဗိုင်ရ် (ရဟ)၊ ဟဇရသ်ကသာဒဟ် (ရဟ)၊ ဟဇရသ်နခ်အီ (ရဟ) စသည်တို့လည်း အဆိုပါအတိုင်း မိန့်ဆိုကြ ပေသည်။ ၎င်းမှာ အစဉ်လိုက် မလုပ်သူအပေါ် 'ဒမ်'ပေးရန် အရေးကြီးပေသည်။

وَلْيُوفُوا نُذُورَهُمْ

တွင် نذور 'နဇူးရ်'သည် نذر 'နဇရ်'၏ 'ဂျမအ်'အများကိန်းဖြစ်သည်။ 'အုရ်ဒူ'တွင် ၎င်းကို 'မန်နသ်'ဟု ခေါ်သည်။ ထို 'နဇရ်'၏ မူလဇစ်မြစ်မှာ 'တစ်စုံတစ်ဦးအပေါ် တရားတော်အရ ဝါဂျိဗ်တာဝန် မထိုက်သော အလုပ်ကို အကယ်၍ ထိုသူသည် 'ဤအလုပ်ကို လုပ်မည်ဟု ဖြစ်စေ၊ (သို့) အလ္လာဟ် အသျှင်မြတ်အတွက် မည်သည့်အလုပ်ကို လုပ်ရန် ကျွန်ုပ်အပေါ် တာဝန်ဖြစ်သည်' ဟု ရည်ရွယ်လိုက်ခြင်း သည် 'နဇရ်'ဖြစ်သွားသည်။ ထို 'နဇရ်'ကို ထမ်းဆောင်ရန်မှာ 'ဝါဂျိဗ်'ဖြစ်သွားသည်။ စင်စစ် မူလကနဦးက

ဝါဂျိဗ်မဟုတ်ပါ။ သို့သော် တရားတော်အရ ပြစ်မှုနှင့် မပြုပိုင်ခြင်းမဟုတ်သော ကိစ္စတစ်ခုကို 'နဇရ်' ပြုလိုက်ခြင်းကြောင့် ဖြစ်သည်။ ဤသည် ပညာရှင်များ တစ်ညီတည်းဖြစ်သည်။ အကယ်၍ လူတစ်ဦးသည် 'ဂုနာဟ်'ပြစ်မှု လုပ်ရပ်တစ်ခုကို ကျူးလွန်မည်ဟု 'နဇရ်'ပြုလိုက်ပါလျှင် ၎င်းအပေါ်တွင် ထို 'နဇရ်' ပြုခြင်းကြောင့် ထို 'ဂုနာဟ်'ပြစ်မှုလုပ်ရပ်ကို ကျူးလွန်ရန် တာဝန်မရှိဘဲ ထိုပြစ်မှုလုပ်ရပ်နှင့် ဆန့်ကျင်ရန် ဝါဂျိဗ်ဖြစ်သည်။ သို့ရာတွင် ၎င်းအပေါ်၌ 'ကစမ်'၏ 'ကဖ္ဖာရဟ်' (ဒဏ်ကြေး) ပေးဆောင်ရန် တာဝန် ထိုက်သွားပေသည်။

အေမာမ်အဘူဟာနီဖာ (ရဟ) စသော ဖိကာဟ်ဆိုင်ရာ အေမာမ်ကြီးများထံတွင် နမာဇ်၊ ရိုဇာဟ် နှင့် 'အေဗာဒသ်'ပြုရန်ဟု ရည်ရွယ်ချက်များရှိသော အမျိုးအစားဖြစ်ရန် စည်းကမ်းချက်ရှိရမည်ဟု ဆိုသည်။ အကယ်၍ လူတစ်ဦးသည် 'နဖ္ဖလ်'နမာဇ်၊ ရိုဇာဟ်၊ စွဒ်ကာဟ် စသည်တို့ကို 'နဇရ်'ကိုးလိုက်ခြင်းဖြင့် အဆိုပါ 'နဖိလ်အေဗာဒသ်'များသည် ထိုသူ့အပေါ် 'ဝါဂျိဗ်' ဖြစ်သည်။ ဖော်ပြပါအာယသ်တော်မှ ဤအမိန့် သည် အတည်ဖြစ်ပေသည်။ အကြောင်းမှာ ဤအာယသ်တော်တွင် 'နဇရ်'ကို ပြည့်ဝအောင် ထမ်းဆောင်ရန် အမိန့်ပေးထား၍ ဖြစ်သည်။

ဓမ္မသတ် ။ ။ စိတ်အတွင်းမှ အလုပ်တစ်ခုကို ပြုလုပ်မည်ဟု ရည်ရွယ်လိုက်ခြင်းသည် 'နဇရ်' မဟုတ်ပါချေ။ နှုတ်မှ 'နဇရ်'ဟူသော စကားလုံး မထွက်သမျှ 'နဇရ်'မဟုတ်ကြောင်း မှတ်သားထားရပေမည်။

အမေးအဖြေတစ်ခု

ဤအာယသ်တော်၏ အလျှင်၌လည်း 'ဟဂ်ျ'၏ ကျင့်စဉ်များ၊ 'ကုရ်ဗာနီ'နှင့် 'အိဟ်ရာမ်'ချွတ်ခြင်း စသော အကြောင်းများကို တင်ပြခဲ့ပေသည်။ ရှေ့၌လည်း 'သွဝါဖိဇီယာရသ်'အကြောင်း ရှိနေသည်။ အလယ်တွင် 'နဇရ်'ကိုးထားသည်ကို ထမ်းဆောင်ရန်အကြောင်း တင်ပြသည်မှာ မည်သို့ ဆက်စပ်နေပါ သနည်း။ တစ်ဖန် 'နဇရ်'ကို ပြည့်ဝစွာ ထမ်းဆောင်ခြင်းသည် 'ဟဂ်ျ'၌ဖြစ်စေ၊ 'ဟဂ်ျ'မဟုတ်သည့်အခါ၌ ဖြစ်စေ၊ ဟရမ်ရှရီးဖ်နယ်နိမိတ်၌ဖြစ်စေ၊ အခြားနိုင်ငံတစ်ခု၌ဖြစ်စေ ခိုင်မာသော အမိန့်တစ်ခု ဖြစ်ပါသလော။

၎င်း၏ အဖြေမှာ 'နဇရ်'ပြုထားသည်ကို ပြည့်ဝစွာ ထမ်းဆောင်ခြင်းသည် တရားတော်အရ အခိုင်အမာ အမိန့်တစ်ရပ် ဖြစ်သည်။ 'ဟဂ်ျ'ကာလနှင့်လည်းကောင်း၊ 'ဟဂ်ျ'ကျင့်စဉ်များနှင့်လည်းကောင်း၊ 'ဟရာမ်'နယ်မြေနှင့်လည်းကောင်း အထူးသီးသန့် သက်ဆိုင်ခြင်းမရှိပါ။ သို့ရာတွင် ဤအကြောင်းကို 'ဟဂ်ျ'ကျင့်စဉ်များအခန်းကဏ္ဍ၌ ထည့်သွင်းဖော်ပြခြင်းမှာ လူသည် 'ဟဂ်ျ'ပြုရန် ထွက်ခွာပြီဆိုလျှင် ဤခရီးတွင် ကောင်းမှု၊ 'အေဗာဒသ်'အများဆုံး ပြုလုပ်မည်ဟု စိတ်၌ ဆန္ဒများ လှုံ့ဆော်ပေးသည်။ ထိုလှုံ့ဆော်မှုနှင့်အတူ များစွာသော 'နဇရ်'ကိုးခြင်းများလည်း ပြုလုပ်လိုက်ကြသည်။ အထူးသဖြင့် တိရစ္ဆာန် များအား ကုရ်ဗာနီပြုမည်ဟူသော နဇရ်မှာမူ ခေတ်စားသောအလုပ်ဖြစ်သည်။ ဟဇရသ်အိဗ်နေအဗ္ဗားစ် ؓ သည် ဤနေရာတွင် 'နဇရ်'၏ အလိုသဘောကို 'ကုရ်ဗာနီ'၏ 'နဇရ်'ဟု သတ်မှတ်ခဲ့သည်။

'နဇရ်'သည် 'ဟဂ်ျ'၏ ပညတ်ချက်များနှင့် ဆက်စပ်မှုမှာ ရှရီအသ်တရားတော်၏ အခြေခံဥပဒေများအရ ဤအတိုင်းကြည့်လျှင် ဝါဂျိဗ်မဖြစ်သည့်အရာ များစွာတို့သည် 'နဇရ်'နှင့် 'ကစမ်'ကျိန်ဆိုခြင်းတို့ဖြင့် 'ဝါဂျိဗ်'ဖြစ်သွားပေသည်။ ရှရီအသ်တရားတော်အရ 'ဟရာမ်'မဟုတ်ခြင်းတို့သည် ထိုသူ့အပေါ် 'ဟရာမ်'ဖြစ်သွားသည်။ 'အိဟ်ရာမ်'၏ အမိန့်ဟူသရွေ့တို့သည်ပင် များသောအားဖြင့် ဤအတိုင်းပင် ဖြစ်သည်။ ချုပ်ပြီးသား အဝတ်၊ အမွှေးအကြိုင် သုံးစွဲခြင်း၊ ခေါင်းတုံးခြင်းနှင့် လက်သည်း၊ ခြေသည်း ဖြတ်ခြင်းစသည်တို့သည် မူလက မပြုပိုင်သောအရာများ မဟုတ်ပေ။ သို့သော် 'အိဟ်ရာမ်'ဝတ်လျက် ဤအလုပ်အားလုံးကို မိမိအပေါ်၌ 'ဟရာမ်'ပြုလိုက်ခြင်း ဖြစ်သည်။ အလားတူ သက်တမ်းတွင် တစ်ကြိမ်သာ 'ဖွရ်ဇ်'ဖြစ်သော 'ဟဂ်ျ'၏ အခြားကျင့်စဉ်များသည် 'ဟဂ်ျ'နှင့် 'အွမ်ရာဟ်'အတွက် 'အိဟ်ရာမ်' ပတ်လိုက်သည့်အခါ ဤအရာအားလုံးတို့သည် ၎င်းအဖို့ 'ဖွရ်ဇ်'ဖြစ်သွားတော့သည်။ ထို့ကြောင့် ဟဇရသ် အိက်ရိမာဟ် ﷺ က ဤနေရာတွင် 'နဇရ်'၏ သဖ်စီးရ်တွင် 'ဟဂ်ျ'ပြုခြင်းကြောင့် ၎င်းအပေါ်၌ တာဝန်ထိုက်သွားသည့်အတွက် ၎င်းအား مواجب حج 'ဖဝါဂျိဗ်အဂ်ျ'ဟု ဖွင့်ဆိုခဲ့ခြင်း ဖြစ်သည်။

وَلْيَطَّوَّفُوا بِالْبَيْتِ الْعَتِيقِ

ဤနေရာတွင် 'သွဝါးဖ်'ဆိုသည်မှာ 'သွဝါဖေ့ဇိယာရသ်'ကို ဆိုလိုခြင်းဖြစ်သည်။ ၎င်း 'သွဝါးဖ်'သည် ဇိလ်ဟဂ်ျလ (၁၀) ရက်နေ့၊ ကျောက်ခဲပေါက်ခြင်းနှင့် ကုရ်ဗာနီပြုခြင်းများ ပြီးနောက် ပြုရသည့် 'သွဝါးဖ်'ဖြစ်သည်။ ဤ 'သွဝါးဖ်'သည် 'ဟဂ်ျ'၏ ဒုတိယအစိတ်အပိုင်းနှင့် 'ဖွရ်ဇ်'ဖြစ်သည်။ ပထမအစိတ်အပိုင်းသည် 'အရ်ဖားသ်'ကွင်းပြင်၌ ရပ်နားခြင်းဖြစ်သည်။ ဤသည် 'သွဝါဖေ့ဇိယာရသ်'ထက် အလျင် ပြုပြီးဖြစ်သည်။ 'သွဝါဖေ့ဇိယာရသ်'ပြီးနောက် 'အိဟ်ရာမ်'၏ အမိန့်ပညတ်ချက်အားလုံး ပြည့်မြောက်လျက် 'အိဟ်ရာမ်'ချွတ်လိုက်ရသည်။

بَيْتِ عَتِيق 'ဗိုင်သွလ္လာဟ်'၏ အမည်ကို عَتِيق 'အသီးက်'ဟု ပေးရခြင်းမှာ 'အသီးက်'ဟူသည် 'လွတ်လပ်သူ' ဟူသော အဓိပ္ပာယ်ရရှိခြင်းကြောင့် ဖြစ်သည်။

တမန်တော်မြတ် ﷺ မိန့်တော်မူသည်မှာ 'အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ အိမ်တော်ကို عَتِيق 'အသီးက်'ဟု အမည်ပေးရခြင်းမှာ ဤအိမ်တော်အား ကာဖိရ်များနှင့် ဆိုးသွမ်းသောအုပ်ချုပ်သူတို့၏ စိုးမိုးမှုလက်ဝယ်မှ လွတ်မြောက်သူအဖြစ် ပြုပေးတော်မူခဲ့ခြင်းကြောင့် ဖြစ်သည်။ *[ရှဟုလ်မအာနီကျမ်း]*

မည်သည့်ကာဖိရ်မျှ ထို 'ဗိုင်သွလ္လာဟ်'အပေါ် လွှမ်းမိုးထိန်းချုပ်နိုင်စွမ်း မရှိခဲ့ပေ။ ဆင်တပ်၏ ဖြစ်ရပ်က သက်သေပင် ဖြစ်သည်။ မဇှဟရီကျမ်း၏ ဖွင့်ဆိုချက်တွင် ဤနေရာ၌ 'သွဝါးဖ်'၏ အရေးကြီးသော အမိန့်ပညတ်ချက်များစွာကို တင်ပြထားပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

ذٰلِكَ وَمَنْ يُّعَظِّمْ حُرُمٰتِ اللّٰهِ فَهُوَ خَيْرٌ لَّهٗ عِنْدَ رَبِّهٖ ۗ
وَاُحِلَّتْ لَكُمُ الْاَنْعَامُ اِلَّا مَا يُتْلٰى عَلَيْكُمْ فَاجْتَنِبُوا
الرِّجْسَ مِنَ الْاَوْثَانِ وَاجْتَنِبُوْا قَوْلَ الزُّوْرِ ﴿٣٠﴾

၂၂ : ၃၀ ။ ။ ဤသည် (အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်) ပင် ဖြစ်၏။ စင်စစ် မည်သူမဆို အလ္လာဟ်အသျှင်မြတ်၏ ရိုသေအပ်သောအ မိန့်တော်များကို ရိုသေခဲ့ညားပါလျှင်၊ ယင်း (ရိုသေခဲ့ညားမှု) သည် ထိုသူ့အဖို့ ၎င်းအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်တွင် အကောင်းဆုံးပင် ဖြစ်ပေသည်။ စင်စစ် အသင်တို့ရှေ့ဝယ် ဖတ်ကြားဖော်ပြပြီးဖြစ်သော တိရစ္ဆာန်များမှအပ၊ ကျွန်ခြေလေးချောင်း တိရစ္ဆာန်များကို အသင်တို့အဖို့ 'ဟလာလ်'ဟူ၍ (စားသုံး) ခွင့်ပြုပြီး ဖြစ်ချေသည်။ သို့ဖြစ်ပေရာ အသင်တို့သည် ရုပ်ပွားဆင်းတုတည်းဟူသော အညစ်အကြေးများနှင့် မုသားပြောဆိုခြင်းမှ ရှောင်ကြဉ်ကြလေကုန်။

حُنَفَآءَ لِلّٰهِ غَيْرَ مُشْرِكِيْنَ بِهٖ ۗ وَمَنْ يُّشْرِكْ بِاللّٰهِ فَكَاَنَّمَا
خَرَّ مِنَ السَّمَآءِ فَتَخْطَفُهُ الطَّيْرُ اَوْ تَهْوِيْ بِهِ الرِّيْحُ فِيْ
مَكَانٍ سَحِيْقٍ ﴿٣١﴾

၂၂ : ၃၁ ။ ။ (မည်သည့်တစ်စုံတစ်ရာကိုမျှပင်) ထိုအသျှင်မြတ်နှင့် တွဲဖက် (နှိုင်းယှဉ် ကိုးကွယ်) သူများ မဖြစ်ကြဘဲ၊ (တစ်ဆူတည်းသော) အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့ တစ်စိတ်တစ်လက်တည်း အာရုံစူးစိုက်ကြလော။ စင်စစ် (မည်သူမဆို တစ်စုံတစ်ရာကို) အလ္လာဟ်အသျှင်မြတ်နှင့် တွဲဖက် (နှိုင်းယှဉ်ကိုးကွယ်) ပါလျှင်၊ ထိုသူသည် မိုးကောင်းကင်မှ ကျလာဘိသကဲ့သို့ပင် (သေကြေပျက်စီး၍) ထို့နောက် ၎င်းအား (အသေသားစားသော) ငှက်တိရစ္ဆာန်များက သုတ်ယူမည်ဖြစ်ပေသည်။ သို့တည်းမဟုတ် လေသည် ၎င်းအား ဝေးလံစွာသော နေရာသို့ (ပို့ဆောင် လွင့်ပါးစေ၍) ပစ်ချမည်ပင် ဖြစ်ချေသည်။

ذٰلِكَ وَمَنْ يُّعَظِّمْ شَعَآئِرَ اللّٰهِ فَاِنَّهَا مِنْ تَقْوَى الْقُلُوْبِ ﴿٣٢﴾

၂၂ : ၃၂ ။ ။ ဤသည်ပင် (အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ပင် ဖြစ်၏။) စင်စစ် မည်သူမဆို အလ္လာဟ်အသျှင်မြတ်၏ အထိမ်းအမှတ်တော်များကို ရိုသေခဲ့ညားပါလျှင် ယင်း (ရိုသေခဲ့ညားမှု) သည် စိတ်နှလုံးများ၏ 'သက္ကဝါ' (အသျှင်မြတ်အားကြောက်ရွံ့ရိုသေခဲ့ညားမှု) တရားအမှန်ပင် ဖြစ်၏။

لَكُمْ فِيْهَا مَنَافِعُ اِلٰٓى اَجَلٍ مُّسَمًّى ثُمَّ مَحِلُّهَآ اِلَى الْبَيْتِ الْعَتِيْقِ ﴿٣٣﴾

၂၂ : ၃၃ ။ ။ အသင်တို့အဖို့ သတ်မှတ်ထားသော အချိန်ကာလတိုင်အောင် ယင်းအထိမ်းအမှတ်တော် (ကုရ်ဗာနီသားကောင်) များဖြင့် အကျိုးခံစားခွင့် ရှိပေသည်။ ထို့နောက် ယင်းသားကောင်များ (ကို ကုရ်ဗာနီပြုရန်) နေရာသည် ရှေးဟောင်းအိမ်တော်၏ အနီး၌ပင် ဖြစ်ချေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

('ဟဂ္ဂျ'၏ အစီကပညတ်ချက်များအကြောင်း တင်ပြပြီးဖြစ်သည်။) ထို့နောက် (ယခု 'ဟဂ္ဂျ'နှင့် အခြားသော ပညတ်ချက်များအကြောင်း တင်ပြပါမည်။) အကြင်သူသည် အလ္လာဟ်အသျှင်မြတ်၏ ရိုသေအပ်သော ပညတ်တော်များကို ရိုသေလေးစားမှုပြုခဲ့ပါလျှင် ထိုသူ့အဖို့ ထိုသူ့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်တွင် အကောင်းမြတ်ဆုံးပင် ဖြစ်သည်။ (ပညတ်တော်များအား ရိုသေကိုင်းရှိုင်းမှုပြုရာတွင် ထိုပညတ်တော်များ၏ အသိပညာရယူလျက် ၎င်းတို့အပေါ် အလေးအနက်ထား၍ ကျင့်သုံးမှုပြုရန်လည်း ပါဝင်ပေသည်။ အသျှင်မြတ်၏ ပညတ်တော်များအား ရိုသေလေးစားမှုပြုခြင်းသည် ထိုသူ့အဖို့ အကောင်းမြတ်ဆုံးဖြစ်သည်ဆိုသည်မှာ ၎င်းသူသည် 'အဇာဗ်'အပြစ်ဒဏ်မှ လွတ်မြောက်ခြင်းနှင့် အမြဲထာဝရ ငြိမ်းချမ်းသာယာမှုတို့၏ အကြောင်းခံကိရိယာများဖြစ်သောကြောင့်ပင် ဖြစ်သည်။) ထို့အပြင် အသင်တို့အား မသန့်ရှင်း၊ မစားပိုင်ဟု) မိန့်ကြားတော်မူထားသည့် (စူရာဟ်အန်အားမ်၏

قُلْ لَّآ اَجِدُ فِیْ مَا اُوْحِیَ اِلَیَّ مُحَرَّمًا

တွင် 'ဟရာမ်'တိရစ္ဆာန်များအကြောင်း အကျယ်တဝင့် တင်ပြခဲ့ပြီးဖြစ်သည်။ ၎င်းတို့မှအပ ကျန်ရှိသော ခြေလေးချောင်းတိရစ္ဆာန်များအား) အသင်တို့အတွက် 'ဟလာလ်'အဖြစ် ပြုပေးတော်မူသည်။ ဤနေရာတွင် ဤခြေလေးချောင်းတိရစ္ဆာန်များ 'ဟလာလ်'စားသုံးခွင့်ရှိကြောင်း တင်ပြရခြင်းမှာ 'အိဟ်ရာမ်'ဝတ်ထားချိန်တွင် အမဲလိုက်ခြင်းကို တားမြစ်ထားခြင်းဖြစ်သည်။ သို့ရှိရာ 'အိဟ်ရာမ်'ဝတ်ထားချိန်တွင် မည်သည့်ခြေလေးချောင်းတိရစ္ဆာန်ကိုမဆို အမဲလိုက်ခြင်းမှ တားမြစ်ထားသည်ဟု သံသယမဖြစ်စေရန် တင်ပြခြင်းဖြစ်သည်။ (လောကီလောကုတ္တရာ၏ အောင်မြင်မှုသည် အသျှင်မြတ်၏ အမိန့်တော်များအား လေးစားလိုက်နာရိုသေကိုင်းရှိုင်းခြင်းတွင် ရှိသည်။) သို့ဖြစ်ပေရာ အသင်တို့သည် မသန့်ရှင်းသော အညစ်အကြေး၊ ဆင်းတုများကိုးကွယ်ခြင်းမှ ရှောင်ကြဉ်ကြကုန်။ (အကြောင်းမှာ အလ္လာဟ်အသျှင်မြတ်နှင့် ရှရစ်က်တုဖက် နှိုင်းယှဉ်ကိုးကွယ်ခြင်းသည် အသျှင်မြတ်၏ အမိန့်တော်ကို ပွင့်လင်းစွာ ပုန်ကန်ခြားနားလိုက်ခြင်းသာ ဖြစ်သောကြောင့်ပင် ဖြစ်သည်။ ဤနေရာတွင် ရှရစ်က်တို့မှ ရှောင်ကြဉ်ရန် အထူးအားဖြင့် ညွှန်ကြားမိန့်ဆိုရခြင်းမှာ **မက္ကာမြို့**မှ မုရှ်ရစ်က်တို့သည် မိမိတို့ 'ဟဂ္ဂျ'ပြုရာတွင် 'သလ်ဗီယဟ်' **ဆိုကြသည့်အခါ** ထိုသလ်ဗီယဟ်တွင်

الا شريكا هو لك

'အလ္လာဟ်အသျှင်မြတ်အား တုဖက်နှိုင်းယှဉ် ကိုးကွယ်မှုပြုခြင်းသည် အလ္လာဟ်အသျှင်မြတ် ကိုယ်တော်တိုင်ဖြစ်သည့် ဤဆင်းတုများမှအပ အခြားမရှိပြီ' ဟု ရွတ်ဆိုကြသောကြောင့် ဖြစ်သည်။)

ထို့နောက် မုသားပြောဆိုခြင်းမှ ရှောင်ကြဉ်ကြကုန်။ (မုရှ်ရစ်က်တို့၏ ရှရစ်က်အယူဝါဒကဲ့သို့သော မုသားမျိုးနှင့် အခြားသော မုသားများဖြစ်သည်။) ထို့နောက် အလ္လာဟ်အသျှင်မြတ်ဘက်တော်သို့သာ အာရုံပြုလျက် ရှိကြကုန်။ မည်သူ့ကိုမျှ တုဖက်နှိုင်းယှဉ်ကိုးကွယ်ခြင်း မပြုလေနှင့်။ အလ္လာဟ်အသျှင်မြတ်နှင့် တွဲဖက်နှိုင်းယှဉ် ကိုးကွယ်ခြင်း မပြုလေနှင့်။ အလ္လာဟ်အသျှင်မြတ်နှင့် တွဲဖက်ကိုးကွယ်မှု ပြုပါလျှင်

(ထိုသူ၏ အခြေအနေမှာ) မိုးကောင်းကင်မှ ပြုတ်ကျလာသကဲ့သို့ ဖြစ်ပေမည်။ ထို့နောက် ငှက်များက ၎င်း၏ အသားတုံးများကို ထိုးဆိတ်ကြပေမည်။ (သို့) ၎င်းအား 'လေ'သည် အလွန်ဝေးလံသည့်နေရာသို့ သယ်ဆောင်သွားပြီး ပစ်ချလိုက်ပေမည်။ ဤအချက်သည်လည်း (ပုံသေနည်းအတိုင်း) ဖြစ်ခဲ့ပြီးဖြစ်သည်။ ထို့နောက် (အရေးကြီးသောအချက်ဖြစ်သည့် 'ကုရ်ဗာနီ'သားကောင်များနှင့် စပ်လျဉ်း၍ ထပ်မံ၍ နားထောင်ပါလေ။) မည်သူမဆို အလ္လာဟ်အသျှင်မြတ်၏ သာသနာတော်၏ ထို (ဖော်ပြပါ) အထိမ်းအမှတ်များအား အပြည့်အဝ ရိုသေကိုင်းရှိုင်းမှု ပြုပါလျှင် ထိုရိုသေကိုင်းရှိုင်းခြင်းသည် စိတ်နှလုံးသားမှ အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့ခြင်းဖြင့်သာ ရရှိပေမည်။ (အထိမ်းအမှတ်များအား ရိုသေကိုင်းရှိုင်းခြင်းဆိုသည်မှာ 'ကုရ်ဗာနီ'နှင့် စပ်လျဉ်း၍ အသျှင်မြတ် ချမှတ်ပြဋ္ဌာန်းတော်မူထားသည့် အမိန့်ပညတ်တော်များအား လိုက်နာကျင့်သုံးခြင်းကို ဆိုလိုသည်။ ဤသည် သားကောင်အား 'ဇဗာဟ်'မပြုမီက ဖြစ်စေ၊ 'ဇဗာဟ်'ပြုနေစဉ် ဖြစ်စေ၊ အလ္လာဟ်အသျှင်မြတ်၏ နာမတော်ကို သတိရတသခြင်း၊ (သို့) 'ဇဗာဟ်'ပြုပြီးနောက်တွင်ဖြစ်စေ။ ဥပမာ- ထိုအသားကို စားခြင်း၊ မစားခြင်း၊ စားပိုင်သူရှိခြင်း၊ မစားပိုင်သူရှိခြင်း စသော အမိန့်ပညတ်ချက်များ ဖြစ်သည်။ ထိုပညတ်တော်များအနက် အချို့မှာ တင်ပြခဲ့ပြီးသည်လည်း ရှိသည်။ အချို့မှာ) အသင်တို့သည် သတ်မှတ်ကာလအထိ ၎င်း (သားကောင်) တို့မှ အကျိုးခံစားခွင့် ယူပိုင်ပေသည်။ (တရားတော်၏ ဥပဒေစည်းကမ်းများနှင့်အညီ ထိုတိရစ္ဆာန်အား 'ကုရ်ဗာနီ'သားကောင်အဖြစ် မပြုသမျှ ထိုတိရစ္ဆာန်မှ နို့၊ (သို့) ၎င်းအား စီးနင်းခြင်း၊ ဝန်ထုပ်ဝန်ပိုး သယ်စေခြင်း စသော အကျိုးခံစားခွင့် ရယူခြင်းများ ပိုင်သည်။ သို့သော် ထိုတိရစ္ဆာန်အား 'ဗိုင်သွလ္လာဟ်' နှင့် 'ဟဂျ်' (သို့) 'အွမ်ရဟ်'အတွက် 'ကုရ်ဗာနီ' သားကောင်အဖြစ် ပြုလုပ်လိုက်ပါလျှင် ၎င်းတိရစ္ဆာန်မှ မည်သည့်အကျိုးခံစားခွင့်မှ မပိုင်တော့ပေ။) ထို့နောက် (ကုရ်ဗာနီသားကောင်ဖြစ်ပြီးနောက်) ၎င်းအား 'ဇဗာဟ်'ပြုပိုင်သည့်နေရာမှာ 'ဗိုင်သီအသီးက်' အနီး၌ဖြစ်သည်။ ('ဟရာမ်'နယ်မြေတစ်ခုလုံးကို ဆိုလိုသည်။ 'ဟရာမ်'၏ အပြင်၌ 'ဇဗာဟ်'မပြုရပေ။)

သိမှတ်ဖွယ်ရာများနှင့် စမ္မသတ်များ

حُرُمٰتُ اللّٰهِ အရိုအသေပြုရန်၊ လေးစားရိုသေရန် အလ္လာဟ်အသျှင်မြတ်က ပြုလုပ်သတ်မှတ်တော်မူသော 'ရှရီအသ်တရားတော်၏ အမိန့်ပညတ်တော်များ'ပင် ဖြစ်သည်။ ထိုအရာများအပေါ် လေးစားသမှုပြုခြင်း၊ ၎င်းတို့အား သင်ယူခြင်းနှင့် ၎င်းတို့အပေါ် လိုက်နာကျင့်သုံးခြင်းတို့သည် လောကီလောကုတ္တရာ၏ အောင်မြင်မှုဖြစ်သည်။

اُحِلَّتْ لَكُمُ الْاَنْعَامُ اِلَّا مَا يُتْلٰى عَلَيْكُمْ

တွင် اَنْعَامْ 'အန်းအားမ်'သည် ကုလားအုတ်၊ နွား၊ ဆိတ်၊ သိုးနှင့် ဒွန်ဗာ စသည်တို့ကို ဆိုလိုခြင်းဖြစ်သည်။ ဤသတ္တဝါများသည် အိဟ်ရာမ်၏ အခြေအနေ၌လည်း 'ဟလာလ်' ဖြစ်သည်။ اِلَّا مَا يُتْلٰى တွင် 'မပါရှိသော သတ္တဝါများအကြောင်း တင်ပြထားသည်'မှာ ၎င်းသတ္တဝါတို့အကြောင်းကို အခြားသော အာယသ်တော်များ၌ ဖော်ပြထားသည်။ အလိုအလျောက်သေသော အသေကောင်၊ ရိုက်နှက်၍ဖြစ်စေ၊

ထိခိုက်၍ဖြစ်စေသော သတ္တဝါ၊ အလ္လာဟ်အသျှင်မြတ်၏ နာမတော်မှအပ အခြားအရာများ၏ အမည်ကို တသလျက် 'ဇဗာဟ်'ပြုသော တိရစ္ဆာန်၊ အလ္လာဟ်အသျှင်မြတ်၏ နာမတော် ရွတ်ဆိုခြင်းမပြုဘဲ 'ဇဗာဟ်' ပြုသော တိရစ္ဆာန်တို့သည် အမြဲတန်းအတွက် 'ဟရာမ်'ဖြစ်သည်။ 'အိဟ်ရာမ်'အချိန်၌ဖြစ်စေ၊ 'အိဟ်ရာမ်' မပတ်ထားသော အချိန်၌ဖြစ်စေ အတူတူပင် ဖြစ်သည်။

فَاجْتَنِبُوا الرِّجْسَ مِنَ الْأَوْثَانِ

တွင် رِجْس သည် မသန့်၊ အညစ်အကြေးဟူသော အဓိပ္ပာယ်ဖြစ်သည်။ اَوثان သည် وَثن ၏ အများကိန်း ဖြစ်သည်။ အဓိပ္ပာယ်မှာ ရုပ်တု၊ ဆင်းတုဟု ဖြစ်သည်။ ထိုရုပ်တု၊ ဆင်းတုတို့သည် လူ၏ အတွင်းပိုင်းအား ရှုရစ်ကဲ၏ မသန့်၊ အညစ်အကြေးတို့ဖြင့် ပြည့်နှက်စေသည့်အတွက် ရုပ်တုဆင်းတုများကို မသန့်၊ အညစ်အကြေးဟု သတ်မှတ်ခြင်းဖြစ်သည်။

وَاجْتَنِبُوا قَوْلَ الزُّوْرِ

တွင် قول الزور ၏ အဓိပ္ပာယ်မှာ မုသားပင်ဖြစ်သည်။ အမှန်တရားနှင့် ဆန့်ကျင်သည့် အမှားသည် မုသား၌ အကျုံးဝင်သည်။ ရှုရစ်ကဲနှင့် ကုဖွရ်ကဲ့သို့ ယုံကြည်ချက်ပိုင်းဆိုင်ရာ၌ဖြစ်စေ၊ အပေးအယူလုပ်ငန်း များ၌ဖြစ်စေ၊ သက်သေထွက်ဆိုခြင်းတို့၌ဖြစ်စေ အမှန်တရားနှင့် ဆန့်ကျင်မှုပြုခြင်းသည် မုသားပင်ဖြစ်သည်။

တမန်တော်မြတ် ﷺ မိန့်ကြားတော်မူသည်မှာ 'ပြစ်မှုဒုစရိုက်များအနက် အကြီးဆုံးအပြစ်သည် အလ္လာဟ်အသျှင်မြတ်အား အခြားတစ်စုံတစ်ရာတို့ဖြင့် တွဲဖက်ကိုးကွယ်မှုပြုခြင်း။ မိဘနှစ်ပါး၏ အမိန့် မနာခံ၊ ဖီဆန်မှုပြုခြင်း၊ မုသား သက်သေထွက်ဆိုခြင်းနှင့် စကားပြောဆိုတိုင်း မုသားဆိုခြင်းတို့ဖြစ်သည်။ တမန်တော်မြတ် ﷺ သည် နောက်ဆုံးစာလုံးဖြစ်သည့် قول الزور 'မုသားစကားပြောဆိုခြင်း'ဆိုသည်ကို အကြိမ်ကြိမ် မြွက်ကြားတော်မူသည်။ *[ဘုခါရီကျမ်း]*

وَمَنْ يُعَظِّمْ شَعَائِرَ اللهِ

တွင် شعائر သည် شعيره ၏ အများကိန်းဖြစ်သည်။ အဓိပ္ပာယ်မှာ နိမိတ်လက္ခဏာ၊ သင်္ကေတ၊ အထိမ်းအမှတ်ဟု ဖြစ်သည်။ အုပ်စုတစ်စု (သို့) ဘာသာလမ်းစဉ်တစ်ခုခု၏ အဓိကကျသော သင်္ကေတ အထိမ်းအမှတ်များကို شعائر ဟု ခေါ်သည်။ شعائراسلام ဆိုသည်မှာ 'မွတ်စ္စလင်မ်၏ သင်္ကေတ၊ အထိမ်းအမှတ်အဖြစ် မှတ်ယူရသော အထူးအမိန့်ပညတ်ချက်များဖြစ်သည်။ 'ဟဂျ်'ပြုခြင်းဆိုင်ရာ အများစု အမိန့်ပညတ်ချက်များမှာ ဤအတိုင်းပင် ဖြစ်သည်။

مِنْ تَقْوَى الْقُلُوْبِ

တွင် သိရှိရသည်မှာ شعائر الله အား ရိုသေကိုင်းရှိုင်းမှုပြုခြင်းသည် စိတ်နှလုံးသား၏ အကြောက် တရားများရှိကြောင်း သင်္ကေတအမှတ်အသားဖြစ်သည်။ ထို شعائر الله (အလ္လာဟ်အသျှင်မြတ်၏ သာသနာ

တော်၏ အထိမ်းအမှတ်များ) အား ရိုသေကိုင်းရှိုင်းမှုပြုခြင်း ဆိုသည်မှာ စိတ်တွင် အလ္လာဟ်အသျှင်မြတ်အား ကြောက်ရွံ့မှုနှင့် ဖြစ်မှုဒုစရိုက်များမှ ရှောင်ကြဉ်ခြင်းတရားများ ရှိသူသာ ပြုပေမည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် 'သက္ကဝါ'သည် အဓိကအားဖြင့် လူသား၏ နှလုံးသားမှ ဖြစ်ကြောင်း သိရှိရသည်။ အလ္လာဟ်အသျှင်မြတ်အား အကြောက်တရားရှိသည်ဖြစ်လျှင် ၎င်း၏ လုပ်ရပ်၊ လှုပ်ရှားမှုများ၌ ထိုအတိုင်း တွေ့ရှိရပေသည်။

لَكُمْ فِيهَا مَنَافِعُ إِلَىٰٓ أَجَلٍ مُّسَمًّى

ခြေလေးချောင်းသတ္တဝါများမှ နို့သောက်ခြင်း၊ စီးနင်းခြင်း၊ ဝန်ထုပ်ဝန်ပိုး သယ်ယူစေခြင်း စသော အကျိုးခံစားခွင့် ဟူသရွေ့သည် ထိုသတ္တဝါအား မက္ကာဟ်၏ 'ဟရာမ်'တွင် 'ဇဗာဟ်'ပြုရန် 'ဟဒီ'အဖြစ် မသတ်မှတ်မီအထိ ဖြစ်သည်။ 'ဟဒီ'ဆိုသည်မှာ 'ဟဂျ်' (သို့) 'အွမ်ရာဟ်'ပြုသူသည် 'ဟရာမ်ရှရီးဖ်' တွင် 'ဇဗာဟ်'ပြုရန် မိမိနှင့်အတူ ခေါ်ဆောင်လာသည့် သားကောင်ဖြစ်သည်။ ထိုသားကောင်အား 'ဟရာမ် ရှရီးဖ်'၌ 'ဇဗာဟ်'ပြုရန် ရွေးချယ်သတ်မှတ်ပြီးသွားသည့်အချိန်မှ စ၍ အခက်အခဲ တစ်စုံတစ်ရာ မရှိဘဲ လျက် ထိုသားကောင်မှ မည်သည့်အကျိုးခံစားခွင့်မျှ ရယူခြင်း မပိုင်တော့ပေ။ ဥပမာ- ကုလားအုတ်အား 'ဟဒီ'အဖြစ် မိမိနှင့်အတူ ခေါ်ဆောင်လာသည်။ မိမိကိုယ်တိုင်မှာမူ ခြေလျင်လျှောက်ရသည်။ စီးနင်းရန် အခြားမည်သည့်တိရစ္ဆာန်မျှ မရှိ။ ခြေလျင်လျှောက်ရန်မှာလည်း ၎င်းအတွက် ခက်ခဲမှုရှိပါလျှင် ထိုခက်ခဲမှုကို အကြောင်းပြုလျက် ထိုအခြေအနေမျိုး၌ 'ဟဒီ'သားကောင်အား စီးနင်းခြင်း ပိုင်ပေသည်။

ثُمَّ مَحِلُّهَآ إِلَى ٱلْبَيْتِ ٱلْعَتِيقِ

ဤနေရာတွင် بيت عتيق သည် 'ဟရာမ်'နယ်မြေတစ်ခုလုံးကို ဆိုလိုသည်။ စင်စစ် ၎င်းသည် 'ဗိုင်သွလ္လာဟ်' (ကအ်ဗာဟ်) ကျောင်းတော်၏ နယ်နိမိတ်ဖြစ်သည်။ ရှေ့၌ တင်ပြပြီးသော အာယသ်တော် တွင် 'မတ်စ်ဂျိဒ်ဒွေဟရာမ်'အား 'ဟရာမ်'နယ်မြေတစ်ခုလုံး၏ အလိုသဘောကောက်ယူသကဲ့သို့ ဤ နေရာ၌လည်း عتيق 'အသီးကျ်'စာလုံးကိုလည်း 'ဟရာမ်'နယ်မြေတစ်ခုလုံး၏ အလိုသဘောကိုပင် ကောက် ယူသည်။ مَحِلُّهَا တွင် مَحِلّ သည် ('ဇဗာဟ်'ပြုသောနေရာ) ဟူသော အလိုသဘော ဖြစ်သည်။ ဆိုလိုသည်မှာ ဟဒီသားကောင်များအား 'ဇဗာဟ်' ပြုခြင်းသည် 'ဗိုင်သွလ်အသီးကျ်' အနီး၌ ဖြစ်သည်။ ဤသည်မှာ 'ဗိုင်သွလ်အသီးကျ်'၏ အမိန့်၌ သာဖြစ်သော 'ဟရာမ်'နယ်မြေတစ်ခုလုံးကို ဆိုလိုသည်။ ထို အချက်ဖြင့် ဟဒီသားကောင်အား 'ဇဗာဟ်'ပြုခြင်းသည် 'ဟရာမ်'နယ်မြေအတွင်း၌ ဖြစ်မည်။ 'ဟရာမ်' နယ်မြေ၏ အပြင်၌ မပိုင်ကြောင်း သိရှိရသည်။ 'ဟရာမ်' နယ်မြေသည် 'ကုရ်ဗာနီ'ပြုရာ 'မိနာ' (သို့) မက္ကာဟ်မြို့တော်၏ အခြားတစ်နေရာအားလုံး ပါဝင်သည်။ *[ရူးဟွလ်မအာနီကျမ်း]*

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَلِكُلِّ أُمَّةٍ جَعَلْنَا مَنسَكًا
لِّيَذْكُرُوا اسْمَ اللَّهِ عَلَىٰ مَا رَزَقَهُم مِّن بَهِيمَةِ الْأَنْعَامِ
فَإِلَٰهُكُمْ إِلَٰهٌ وَاحِدٌ فَلَهُ أَسْلِمُوا وَبَشِّرِ الْمُخْبِتِينَ ﴿٣٤﴾

၂၂ : ၃၄ ။ ။ စင်စစ် ငါအသျှင်မြတ်သည် သာသနာဝင် အုပ်စုတိုင်းအဖို့ ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်၏ နာမတော်ကို၊ ထိုအသျှင်မြတ်က မိမိတို့အား ချီးမြှင့်ပေးသနားတော်မူသော ခြေလေးချောင်းတိရစ္ဆာန်များ (ဖြစ်သည့် ကုလားအုတ်၊ နွား၊ သိုး၊ ဆိတ်တို့) အပေါ်ဝယ် ရွတ်ဆိုတသကြရန်အလို့ငှာ၊ 'ကုရ်ဗာနီ'ပြုရန် (စည်းကမ်းတစ်ခုကို) သတ်မှတ်ပြဋ္ဌာန်းတော်မူခဲ့သည်။ စင်စစ် အသင်တို့၏ ကိုးကွယ်ရာ အသျှင်သည် တစ်ဆူတည်းသော ကိုးကွယ်ရာ အသျှင်မြတ်ပင် ဖြစ်တော်မူ၏။ သို့ဖြစ်ပေရာ အသင်တို့သည် ထိုအသျှင်မြတ်၏ အမိန့်တော်ကိုသာ လိုက်နာကြလေကုန်။ ထို့ပြင် (အို၊ နဗီတမန်တော်) အသင်သည် ကျိုးနွံသော သူတို့အား ဝမ်းမြောက်ဖွယ်ရာ သတင်းကောင်းကို ပြောကြားပါလေ။

الَّذِينَ إِذَا ذُكِرَ اللَّهُ وَجِلَتْ قُلُوبُهُمْ وَالصَّابِرِينَ عَلَىٰ
مَا أَصَابَهُمْ وَالْمُقِيمِي الصَّلَاةِ وَمِمَّا رَزَقْنَاهُمْ يُنفِقُونَ ﴿٣٥﴾

၂၂ : ၃၅ ။ ။ အကြင် (ကျိုးနွံ) သော သူတို့အား ၎င်းတို့ရှေ့ဝယ်၊ အလ္လာဟ်အသျှင်မြတ်နှင့် ပတ်သက်၍ ပြောဆိုခဲ့သောအခါ ၎င်းတို့၏ စိတ်နှလုံးများသည် ထိတ်လန့်တုန်လှုပ်သွားကြလေသည်။ ထို့ပြင် (အသင်သည်) မိမိတို့၌ သက်ရောက်ခဲ့သော ဘေးဒုက္ခများနှင့် စပ်လျဉ်း၍ သည်းခံခြင်းတရား ထားရှိကြသော သူတို့အားလည်းကောင်း၊ 'ဆွလာဒ်'ဝတ်ပြုမှုကို အမြဲမပြတ် ဆောက်တည်ကြသော သူတို့အားလည်းကောင်း၊ မိမိတို့အား ငါအသျှင်မြတ်က ချီးမြှင့်ပေးသနားတော်မူခဲ့သော ဥစ္စာပစ္စည်းများအနက်မှ သုံးစွဲလှူဒါန်းကြသော သူတို့အားလည်းကောင်း (သတင်းကောင်းကို ပြောကြားပါလေ။)

وَالْبُدْنَ جَعَلْنَاهَا لَكُم مِّن شَعَائِرِ اللَّهِ لَكُمْ فِيهَا خَيْرٌ
فَاذْكُرُوا اسْمَ اللَّهِ عَلَيْهَا صَوَافَّ فَإِذَا وَجَبَتْ جُنُوبُهَا
فَكُلُوا مِنْهَا وَأَطْعِمُوا الْقَانِعَ وَالْمُعْتَرَّ كَذَٰلِكَ سَخَّرْنَاهَا
لَكُمْ لَعَلَّكُمْ تَشْكُرُونَ ﴿٣٦﴾

၂၂ : ၃၆ ။ ။ စင်စစ် ငါအသျှင်မြတ်သည် 'ကုရ်ဗာနီ' ကုလားအုတ် (သားကောင်) များကို အသင်တို့အဖို့ အလ္လာဟ်အသျှင်မြတ်၏ (သာသနာ့) အထိမ်းအမှတ်များအနက်၊ အထိမ်းအမှတ်တစ်ရပ် (အဖြစ်) ပြုလုပ်တော်မူခဲ့၏။ အသင်တို့အဖို့ ယင်း (ကုရ်ဗာနီ ကုလားအုတ်သားကောင်) များ၌ ကောင်းကျိုးသည် ရှိပေသည်။ သို့ဖြစ်ပေရာ အသင်တို့သည် ယင်း (ကုရ်ဗာနီကုလားအုတ်သားကောင်) များအပေါ်ဝယ် (၎င်းတို့အား) တန်းစီရပ်စေလျက် အလ္လာဟ်အသျှင်မြတ်၏ နာမတော်

ကို ရွတ်ဆိုတသ (၍ ကုရ်ဗာနီပြုလုပ်) ကြလေကုန်။ ထို့နောက် ယင်း (ကုရ်ဗာနီကုလားအုတ်) သားကောင်များသည် ဘေးစောင်းလဲကျ (၍ ငြိမ်သက်သွားကြသောအခါ၊ အသင်တို့သည် ၄င်း (သားကောင်) တို့ (၏ အသား) အနက်မှ မိမိတို့ကိုယ်တိုင်လည်း စားသုံးကြလေကုန်။ (လက်ဖြန့်တောင်းခံခြင်း မပြုဘဲ) ရောင့်ရဲတင်းတိမ် (မှုဖြင့် သိက္ခာစောင့်စည်း) သူများနှင့် (သိက္ခာမစောင့်စည်းနိုင်ဘဲ ဖွင့်ဟတောင်းရမ်းသူတို့အား ကျွေးမွေးကြလေကုန်။ ဤနည်းအတိုင်းပင် ငါအသျှင်မြတ်သည် အသင်တို့ ကျေးဇူးသိတတ်ကြရန်အလို့ငှာ၊ ယင်း (ကုရ်ဗာနီသားကောင်များ) ကို အသင်တို့၏ လက်အောက်ခံ ဖြစ်စေတော်မူခဲ့ပေသည်။

لَن يَنَالَ اللَّهَ لُحُومُهَا وَلَا
دِمَاؤُهَا وَلَٰكِن يَنَالُهُ التَّقْوَىٰ مِنكُمْ كَذَٰلِكَ سَخَّرَهَا
لَكُمْ لِتُكَبِّرُوا اللَّهَ عَلَىٰ مَا هَدَاكُمْ وَبَشِّرِ الْمُحْسِنِينَ ﴿٣٧﴾

၂၂ : ၃၇ ။ ။ အလ္လာဟ်အသျှင်မြတ်ထံတော်သို့ ယင်း (ကုရ်ဗာနီသားကောင်) တို့၏ အသားများသည် အလျှဉ်း ရောက်ရှိသည် မဟုတ်ပေ။ ထိုနည်းတူစွာ ယင်း (ကုရ်ဗာနီသားကောင်) တို့၏ သွေးများသည်လည်း အလျှဉ်း ရောက်ရှိသည် မဟုတ်ပေ။ အမှန်စင်စစ် အသင်တို့၏ ရိုသေလေးမြတ်မှု၊ အမိန့်တော်ကို ရိုသေလိုက်နာမှု၊ ကောင်းမြတ်သော အကျင့်သီလသည်သာလျှင် ထိုအသျှင်မြတ်ထံတော်သို့ ရောက်ရှိပေသည်။ ဤနည်းဖြင့် အသင်တို့သည် မိမိတို့အား တရားလမ်းမှန်ကို ညွှန်ပြတော်မူသောကြောင့် အလ္လာဟ်အသျှင်မြတ်သည် ထူးကဲကြီးမြတ် မြင့်မြတ်တော်မူကြောင်း ရွတ်ဆိုချီးကျူးကြရန်အလို့ငှာ၊ ထိုအသျှင်မြတ်သည် ယင်း (ကုရ်ဗာနီသားကောင်) တို့ကို အသင်တို့၏ လက်အောက်ခံများ ပြုလုပ်ထားတော်မူပေသည်။ (အို၊ နဗီတမန်တော်) အသင်သည် စေတနာဖြူစင်သောသူတို့အား ဝမ်းမြောက်ဖွယ်ရာ သတင်းကောင်းကို ပြောကြားပါလေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့နောက် (အထက်တွင် 'ဟရာမ်' နယ်မြေ၌ 'ဇဗာဟ်' ပြုရန် ပညတ်ချက်များ တင်ပြခဲ့သည်။ ထိုသို့ တင်ပြသည့်အတွက် အဓိကရည်ရွယ်ချက်သည် 'ဟရာမ်' နယ်မြေအား လေးစားမှုပြုရန်ဟု မယူဆရပေ။ အဓိကရည်ရွယ်ချက်သည်ကား အလ္လာဟ်အသျှင်မြတ်အား ရိုသေလေးမြတ်မှုပြုခြင်းနှင့် ထိုအသျှင်မြတ်နှင့် နီးကပ်မှု ရယူရန်ဖြစ်သည်။ 'ဇဗာဟ်' ပြုခံရသူ သားကောင်နှင့် 'ဇဗာဟ်' ပြုသည့် နေရာတို့သည် အကြောင်းခံသာ ဖြစ်သည်။ အထူးတင်ပြရခြင်းမှာ လျှို့ဝှက်ချက် အမြော်အမြင်အချို့ကြောင့် ဖြစ်သည်။ အကယ်၍ ဤအထူးတင်ပြခြင်းများသည် အဓိကရည်ရွယ်ချက်ဖြစ်သော် မည်သည့်ရှရီအသ်တရားတော်မျှ ပြောင်းလဲမည် မဟုတ်ပေ။ သို့သော် ၄င်းတို့၏ ပြောင်းလဲနေခြင်းသည် ထင်ရှားပေါ်လွင်ပေသည်။ သို့သော် ငြားလည်း အဓိကရည်ရွယ်ချက်ဖြစ်သည့် 'အလ္လာဟ်အသျှင်မြတ်နှင့် နီးကပ်မှုသည် ထိုပြောင်းလဲသော ရှရီအသ်တရားတော်အားလုံးတို့တွင် ရှိနေဆဲဖြစ်သည်။ သို့ရှိရာ) ငါအသျှင်မြတ်သည် (ကုန်လွန်ပြီးခဲ့သော သာသနာဝင်အုပ်စုများမှ) အုပ်စုတိုင်းအတွက် အလ္လာဟ်အသျှင်မြတ်က ၄င်းတို့အား ချီးမြှင့်တော်မူထားသည့်

ခြေလေးချောင်းတိရစ္ဆာန်များအပေါ် အလ္လာဟ်အသျှင်မြတ်၏ နာမတော်အား သတိရ တသနိုင်ရန် ရည်ရွယ်ချက်ဖြင့် 'ကုရ်ဗာနီ'ပြုရန် သတ်မှတ်တော်မူခဲ့သည်။ (အဓိကရည်ရွယ်ချက်သည် အသျှင်မြတ်၏ နာမတော်ကို တသရွတ်ဆို သတိရရန် ဖြစ်သည်။) သို့ရှိရာ အသင်၏ ကိုးကွယ်ရာအသျှင်မြတ်သည် (စစ်မှန်သော) တစ်ဆူတည်းသော ကိုးကွယ်ရာအသျှင် ဖြစ်တော်မူသည်။ (ထိုအသျှင်မြတ်၏ အကြောင်းကို တင်ပြလျက် အားလုံးတို့သည် ထိုအသျှင်မြတ်နှင့် နီးကပ်မှုရယူရန် အမိန့်ပေးတော်မူခြင်းဖြစ်သည်။)

သို့ရှိရာ အသင်တို့ သည် ထိုအသျှင်မြတ်၏ အမိန့်တော်ကိုသာ လိုက်နာကြကုန်။ (ထိုအသျှင်မြတ်ကိုသာ တစ်ပါးတည်းသော ကိုးကွယ်ရာအဖြစ် သတ်မှတ်ယုံကြည်ကြကုန်။ အဆောက်အအုံ၊ နေရာ စသည်တို့အား 'ဇာတိတော်အရာ၊ မြင့်မြတ်သောအရာ' ဟု မှတ်ယူခြင်းမျိုးဖြင့် မြူမှုန်ခန့်မျှ ရှရစ်က်ဖြစ်စေနိုင်သော အရိပ်အရောင်မျှပင် မိမိ၏ လုပ်ဆောင်ချက်များ၌ မရှိစေရ။) ထို့နောက် (အို, မိုဟမ္မဒ်၊ ငါအသျှင်မြတ်၏ ညွှန်ကြားပြသခြင်းများအပေါ် ကျင့်ဆောင်လိုက်နာသူတို့အားလည်းကောင်း၊ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များ၏ ရှေ့မှောက်ဝယ် အမိန့်နာခံသူတို့အားလည်းကောင်း) အသင်သည် (ဂျန္နသ် စသည်တို့၏) ကောင်းသတင်းများ ပြောကြားပါလေ။ ထို့နောက် ထို 'သောင်ဟီးဒ်' ၏ 'ဗရ်ကသ်'ဖြင့် ၎င်းတို့၏ ရှေ့မှောက်၌) အလ္လာဟ်အသျှင်မြတ်၏ (ပညတ်တော်များ၊ ဂုဏ်တော်များ၊ ကတိတော်များနှင့် ခြိမ်းခြောက်သတိပေးခြင်းများ) အကြောင်း တင်ပြခြင်းပြုပါလျှင် ၎င်းတို့၏ နှလုံးသားများ တုန်လှုပ်သွားကြသည်။ ၎င်းတို့ အပေါ်၌ ကျရောက်လျက်ရှိသော ဒုက္ခများအပေါ် 'ဆွဗရ်'သည်းခံမှုတရား ထားကြသည်။ နမာဇ်ဆောက်တည်မှုပြုကြသည်။ ထို့နောက် ငါအသျှင်မြတ် ချီးမြှင့်တော်မူထားသည်တို့မှ (အမိန့်ရှိသမျှနှင့် တတ်စွမ်းသမျှ ပေးကမ်း) သုံးစွဲကြသည်။ (အသျှင်မြတ်တစ်ပါးတည်းအား လက်ခံယုံကြည်ခြင်းသည် စိတ်နှလုံးသား၌လည်းကောင်း ခန္ဓာကိုယ်၌လည်းကောင်း၊ ပစ္စည်းဥစ္စာများ၌လည်းကောင်း တိုးတက်ကောင်းမွန်မှုကို ဖြစ်စေသော မင်္ဂလာတော်ပင် ဖြစ်သည်။)

ထို့အပြင် (အထက်၌ တင်ပြခဲ့သည့်အတိုင်း شعائر الله အသျှင်မြတ်၏ အမိန့်ပညတ်တော်များအား ရိုသေလေးမြတ်ခြင်း၊ အချို့သော အကျိုးခံစားခွင့်များအား တားမြစ်တော်မူထားကြောင်း သိရှိရပေသည်။ ထို အချက်များကြောင့်လည်း ထို 'ကုရ်ဗာနီ'ပြုခြင်းများကို 'ဇာတိတော်အရ မြင့်မြတ်သောအရာ' ဟူ၍ သံသယပင် မဖြစ်ရပေ။ အဘယ်ကြောင့်ဆိုသော် ဤသို့ ပြုခြင်းဖြင့်လည်း အဓိကမှာ အလ္လာဟ်အသျှင်မြတ်နှင့် ထိုအသျှင်မြတ်၏ သာသနာသည်သာလျှင် မြင့်မြတ်မှုရှိ၍ ဖြစ်သည်။ ထိုအထူးတင်ပြခြင်းများသည် လမ်းစဉ်တစ်ခု ဖြစ်သည်။ သို့ရှိရာ) ကုရ်ဗာနီ၏ ကုလားအုတ်နှင့် နွားတို့ကို (အလားတူ ဆိတ်နှင့် သိုးတို့ကိုလည်း) ငါအသျှင်မြတ်သည် အလ္လာဟ် (၏ သာသနာတော်) ၏ အထိမ်းအမှတ်များအဖြစ် ပြုတော်မူခဲ့သည်။ (ထိုအကြောင်းနှင့် စပ်လျဉ်း၍ အမိန့်ပညတ်တော်များအား သိနားလည်ခြင်းသည်လည်းကောင်း၊ ၎င်းတို့အား ကျင့်သုံးခြင်းသည်လည်းကောင်း အလ္လာဟ်အသျှင်မြတ်၏ ကြီးကျယ်ထွတ်မြတ်ခြင်းနှင့် သာသနာတော်၏ မြင့်မြတ်ခြင်းများမှာ ပေါ်လွင်ပေသည်။ အကြောင်းမှာ ၎င်းရွေးချယ်သတ်မှတ်ထားသည့် အရာ

အား အကျိုးခံစားခွင့် ရယူခြင်းများတွင် ပိုင်ရှင်အစစ် မဟုတ်သူ၏ အမြင်အပေါ် လက်ခံနိုင်စရာ မရှိသည်ကို ကြည့်ခြင်းအားဖြင့် ၎င်း၏ ကျွန်ဖြစ်ခြင်းနှင့် ပိုင်ရှင်အစစ်အား ကျွန်ခံခြင်း (အေဗာဒသ်) ပြုမည်ဆိုသည်မှာ ပေါ်လွင်ထင်ရှားပေသည်။ ဤသာသနာရေးဆိုင်ရာ အမြော်အမြင် လျှို့ဝှက်ချက်များအပြင်) ထိုသတ္တဝါများနှင့် စပ်လျဉ်း၍ အသင်တို့အတွက် (နောက်ထပ်၍လည်း) အကျိုးအမြတ်များစွာ ရှိပါသည်။ (ဥပမာ– လောကီရေးအကျိုးဆိုလျှင် စားခြင်းနှင့် ကျွေးမွေးခြင်း၊ တမလွန် လောကုတ္တရာအကျိုးအရဆိုလျှင် စဝါးဗ်ကုသိုလ်အကျိုး ရရှိမည်။)

သို့ရှိရာ (ဤကိစ္စတွင်ပင် ဤအမြော်အမြင် လျှို့ဝှက်ချက်များ ရှိသည့်အခါ) အသင်တို့သည် ထိုကုလားအုတ်များအပေါ်ဝယ် ၎င်းတို့အား တန်းစီရပ်စေလျက် ('ဇဗာဟ်'ပြုသည့်အခါ) အလ္လာဟ်အသျှင်မြတ်၏ နာမတော်ကို ရွတ်ဆိုတသကြလေကုန်။ (ဤသည် ကုလားအုတ်များအတွက်သာ မိန့်ကြားခြင်းဖြစ်သည်။ ၎င်းအား ရပ်စေလျက် 'ဇဗာဟ်'ပြုရခြင်းသည် 'ဇဗာဟ်'ပြုရာတွင် လွယ်ကူမှုရှိခြင်းနှင့် အသက်ထွက်ရာတွင်လည်း အကောင်းဆုံးဖြစ်သည်။ ထို့ကြောင့် ဤသို့ ပြုခြင်း၌မှု လောကုတ္တရာ၏ အကျိုးများဖြစ်သော စဝါးဗ်ကုသိုလ်ရရှိခြင်းနှင့် အလ္လာဟ်အသျှင်မြတ်၏ ကြီးကျယ်မြင့်မြတ်မှု ပေါ်လွင်ပေသည်။ အကြောင်းမှာ ထိုအသျှင်မြတ်၏ နာမတော်အပေါ်၌ အသက်တစ်ချောင်း 'ကုရ်ဗာနီ'ပြု စတေးလိုက်ရသည်။ ထိုသို့ 'ကုရ်ဗာနီ'ပြု စတေးလိုက်ခြင်းဖြင့် ထိုအသက်၏ ဖန်ဆင်းရှင်နှင့် ထိုဖန်ဆင်းရှင်၏ အဖန်ဆင်းခံဖြစ်ကြောင်း ပေါ်လွင်ထင်ရှားလာစေသောကြောင့် ဖြစ်သည်။) သို့ရှိရာ ထို 'ကုရ်ဗာနီ'ကုလားအုတ်များသည် ဘေးစောင်းလဲကျသွားသည့်အခါ (သွေးအေးသွားသည့်အခါ) အသင်တို့သည် ကိုယ်တိုင်လည်း စားသုံးကြကုန်။ တောင်းရမ်းခြင်းမပြုဘဲ (ရောင့်ရဲသူ) နှင့် တောင်းရမ်းသူတို့အားလည်း စားသုံးရန် ပေးကြလေကုန်။ (ဤသည်မှာ လောကီရေးအကျိုးလည်း ဖြစ်ပေသည်။ ထို့နောက်) ငါအသျှင်မြတ်သည် ထိုတိရစ္ဆာန်များကို အသင်တို့၏ နိုင်နင်းမှုအောက်၌ ဖြစ်စေတော်မူခဲ့သည်။ (အသင်တို့သည် အားအင်နည်းပါးပြီး ထိုတိရစ္ဆာန်များသည် အသင်တို့ထက် အင်အားကြီးပါသော်လည်း အသင်တို့သည် ၎င်းတို့အား 'ဇဗာဟ်'ပြုနိုင်ကြသည်။) ဤသို့ဖြင့် ထိုသို့ နိုင်နင်းစေတော်မူခြင်းအပေါ် အလ္လာဟ်အသျှင်မြတ်အား ကျေးဇူးတင်ရှိကြရမည်။ (ဤအမြော်အမြင်သည် 'ဇဗာဟ်'ပြုခြင်း၌သာ ဖြစ်သည်။) အလ္လာဟ်အသျှင်မြတ်၏ ထံတော်သို့ ထို 'ကုရ်ဗာနီ'အသားများသည်လည်း အလျှင်း ရောက်ရှိမည်မဟုတ်။ ယင်းတို့၏ သွေးများသည်လည်း ရောက်ရှိသည်မဟုတ်။ သို့သော်လည်း ထိုအသျှင်မြတ်ထံတော်သို့ အသင်တို့၏ 'သက္ကဝါ' (နီးကပ်မှုရရန် ရည်ရွယ်ချက်နှင့် စိတ်ထားမှန်ကန် ဖြူစင်မှုတို့သည် 'သက္ကဝါ'၏ အုပ်စု၌ ပါဝင်သည်။ ကေန်မလွဲ) ရောက်ရှိပေသည်။ (သို့ဖြစ်ပေရာ ထိုအရာသည်ပင် အသျှင်မြတ်၏ ကြီးကျယ်မြင့်မြတ်မှု၏ ရည်ရွယ်ချက် အတည်ဖြစ်သွားလေသည်။ ဥပမာ– အထက်တွင် كَذٰلِكَ سَخَّرْنٰهَا တွင် နိုင်နင်းစေတော်မူခြင်းသည် အများကိန်းအပေါ်၌ ခြုံငုံ၍ တင်ပြသော အမြော်အမြင်တစ်ရပ် ဖြစ်သည်။ ရှေ့တွင် 'နိုင်နင်းမှု'နှင့် စပ်လျဉ်း၍ အထူးအမြော်အမြင်ကို တင်ပြထားသည်။ 'ကုရ်ဗာနီ'ဖြစ်ရှိခြင်းကို ထောက်ရှု၍ မိန့်ကြားခြင်း ဖြစ်သည်။)

အလားတူ အလ္လာဟ်အသျှင်မြတ်သည် ထိုတိရစ္ဆာန်များကို အသင်တို့၏ နိုင်နင်းမှု (လက်အောက်ခံ) အဖြစ် ပြုပေးတော်မူသည်။ အသင်တို့သည် (အလ္လာဟ်အသျှင်မြတ်၏ ကြီးကျယ်မြင့်မြတ်ကြောင်း (တင်ပြခြင်း) ပြုကြကုန်။ ထိုအသျှင်မြတ်သည် အသင်တို့အား (ဤကဲ့သို့ ကုရ်ဗာနီပြုလုပ်နိုင်သည့်) စွမ်းအားပေးတော်မူသည်။ (ထိုသို့ စွမ်းအားပေးခြင်း မပြုပါက အကယ်၍ အသျှင်မြတ်က စွမ်းအားပေးတော်မူခြင်း မရှိပါက အသင်တို့သည် 'ဇဗာဟ်'ပြုစဉ်မှာပင် ဝိရောဓိများဖြစ်လျက် ဤ 'အေဗာဒသ်' မှ **နှုတ်းစာမဲ့သွား** ပေမည်။ (သို့) အလ္လာဟ်အသျှင်မြတ်အပြင် အခြားအရာတို့၏ အမည်ဖြင့် 'ဇဗာဟ်'ပြုကြပေလိမ့်မည်။) **ထို့ပြင် (အို၊ မိုဟမ္မဒ်၊ အသင်သည် စိတ်စေတနာ** ဖြူစင်သူတို့အား သတင်းကောင်း ပြောကြားပါလေ။ ယခင်က သတင်းကောင်းသည် စိတ်စေတနာဖြူစင်ခြင်းအုပ်စုအတွက် ဖြစ်သည်။ ဤသတင်းကောင်းသည် စိတ်စေတနာဖြူစင်ခြင်းအတွက် သီးသန့်ပင် ဖြစ်သည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

وَلِكُلِّ اُمَّةٍ جَعَلْنَا مَنْسَكًا

တွင် **مَنْسَك** နှင့် **نُسُك** သည် အာရဗီဘာသာစကားအရ အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုနိုင်သည်။ အဓိပ္ပာယ်တစ်မျိုးမှာ တိရစ္ဆာန်အား 'ကုရ်ဗာနီ'ပြုခြင်း၊ ဒုတိယအဓိပ္ပာယ်မှာ 'ဟဂ်ျ'၏ ကျင့်စဉ်အားလုံး၊ တတိယ 'အေဗာဒသ်'ပြုခြင်းဟူ၍ ဖြစ်သည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ နေရာများစွာတွင် ဤစာလုံးအား အဓိပ္ပာယ် (၃) မျိုးဖြင့် အသုံးပြုထားသည်။ ဤနေရာတွင် အဓိပ္ပာယ် (၃) မျိုးစလုံး ဖြစ်နိုင်သည်။ ထို့ကြောင့် သဖ်စီးရ်အဖွင့် အေမာမ်ကြီးများတွင် မုဂျာဟိဒ် စသည်တို့က ဤနေရာတွင် **مَنْسَك** အား 'ကုရ်ဗာနီ' အဓိပ္ပာယ် ယူရမည်ဟု ဆိုသည်။ ဤသို့ဆိုလျှင် အာယသ်တော်၏ အဓိပ္ပာယ်မှာ အုမ္မသ်သားများအပေါ်၌ ချမှတ်လိုက်သည့် 'ကုရ်ဗာနီ' ၏ 'အေဗာဒသ်' ကို တာဝန်အဖြစ် ချမှတ်ပေးသည့် 'ကုရ်ဗာနီ'အမိန့်ပင် ဖြစ်ပေသည်။

ကသာဒဟ် ﷺ သခင်က ဒုတိယအခြားအဓိပ္ပာယ်ကို ကောက်ယူသည်။ ထိုသို့ဆိုလျှင် အုမ္မသ်သားများအပေါ်၌လည်း 'ဖွရဲ'တာဝန်အဖြစ် သတ်မှတ်သကဲ့သို့ ဤအုမ္မသ်အပေါ်၌လည်း တာဝန် သတ်မှတ်ထားသည်ဟု ဖြစ်ပေမည်။ အိဗ်နေအဗ်ဖဟ်က တတိယအဓိပ္ပာယ်ကို ယူခဲ့သည်။ ထိုသို့ဆိုလျှင် အာယသ်တော်၏ အဓိပ္ပာယ်မှာ ကျွန်ုပ်သည် အလ္လာဟ်အသျှင်မြတ်၏ 'အေဗာဒသ်'ကို ပြုကျင့်ခဲ့သည်။ ဤသည် ရှေးအုမ္မသ်အားလုံးအပေါ်၌လည်း 'ဖွရဲ'ဖြစ်သည်။ 'အေဗာဒသ်'များတွင် အနည်းငယ်စီ ကွဲပြားခြားနားမှု ထားရှိသည်။ သို့သော် မူရင်း 'အေဗာဒသ်'ပြုခြင်းတည်းဟူသော ခေါင်းစဉ်၌မူ အတူတူပင် ဖြစ်သည်။

وَبَشِّرِ الْمُخْبِتِينَ

တွင် خَبْت သည် အာရဗီဘာသာတွင် မြေနိမ့်ပိုင်းကို ခေါ်ဆိုသည်။ ထို့ကြောင့် خبيت အား မိမိကိုယ် 'မိမိ သေးသိမ်သူ'ဟု နှိမ့်ချ၍ မှတ်ယူသူကို ခေါ်ဆိုခြင်းဖြစ်သည်။ ထို့ကြောင့် ဟဇရသ် ကသာဒဟ် ﷺ နှင့် မုဂျာဟိဒ်တို့က مُخْبِتِينَ ကို ကျိုးငဲ့နှိမ့်ချသူများဟု အဓိပ္ပာယ်ကောက်ယူခြင်း ဖြစ်သည်။ အမရ်ဗင်န်အောင်စ်က မိန့်သည်မှာ مخبتين သည် 'လူတို့အား မတရားပြုသူနှင့် အကယ်၍ တစ်စုံတစ်ဦးက ၎င်းက မတရားပြုပါလျှင် တုန့်ပြန်ခြင်းမပြုသူပင် ဖြစ်သည်။ مخبتين ဆိုသည်မှာ အလ္လာဟ်အသျှင်မြတ်၏ ဆုံးဖြတ်ချက်အပေါ်၌လည်းကောင်း၊ သုခချမ်းသာရရှိခြင်း၌လည်းကောင်း၊ ဒုက္ခ ဆင်းရဲ တွေ့ကြုံခြင်း၌လည်းကောင်း၊ စားဝတ်နေရေး ချောင်လည်ခြင်း၌လည်းကောင်း၊ ကြပ်တည်းဆင်းရဲ ခြင်း၌လည်းကောင်း၊ အခြေအနေတိုင်းတွင် ကျေနပ်ကြသူများဖြစ်ကြသည်'ဟု စုဖ်ယာန်က မိန့်ဆိုလေသည်။

وَجِلَتْ قُلُوبُهُمْ

တွင် وجل ၏ မူရင်းအဓိပ္ပာယ်မှာ 'တစ်စုံတစ်ဦး၏ ကြီးမြတ်ခြင်းဂုဏ်အရှိန်အဝါအပေါ် စိတ်၌ ကြောက်ရွံ့စိုးထိတ်မှုဖြစ်ပေါ်ခြင်း' ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်၏ ကောင်းမြတ်သော ကျွန်လူသားများ နှင့် သူတော်စင်များသည် အလ္လာဟ်အသျှင်မြတ်အား တသခြင်းနှင့် နာမတော်ကို ကြား၍ပင် ၎င်းတို့၏ စိတ်နှလုံးသားများတွင် အသျှင်မြတ်၏ ကြီးမြတ်မှု ဂုဏ်အရှိန်အဝါကြောင့် ကြောက်ရွံ့တုန်လှုပ်မှုတစ်မျိုး ဖြစ်ပေါ်တတ်ကြသည်။

وَالْبُدْنَ جَعَلْنَهَا لَكُم مِّن شَعَائِرِ اللَّهِ

ဤသည် ကနဦးက တင်ပြခဲ့ပြီးဖြစ်ပေသည်။ شَعَائِر ဆိုသည်မှာ အစ္စလာမ်သာသနာ၏ အထိမ်း အမှတ် သင်္ကေတများကို သိရှိနိုင်သော အထူးပညတ်တော်များနှင့် 'အေဗာဒသ်'များ၏ အမည်ဖြစ်သည်။ ကုရ်ဗာနီ ပြုခြင်းသည်လည်း ၎င်းတို့မှပင် ဖြစ်သည်။ ဤကဲ့သို့သော ပညတ်တော်များကို ကျင့်ဆောင်ရန် မှာ ပို၍ အရေးကြီးပေသည်။

فَاذْكُرُوا اسْمَ اللَّهِ عَلَيْهَا صَوَافَّ

တွင် صَوَافَّ သည် مصفوفة ၏ အဓိပ္ပာယ်ဖြစ်သည်။ ဆိုလိုသည်မှာ 'တန်းစီ'ခြင်းဖြစ်သည်။ ဟဇရသ်အဗ်ဒုလ္လာဟ် ဗင်န်အုမရ် ﷺ က ဤအာယသ်တော်၏ သဖ်စီးရ်ဖွင့်ဆိုချက်ကို မိန့်သည်မှာ 'တိရစ္ဆာန်သည် ခြေသုံးချောင်း ပေါ်၌ ရပ်၍ ကျန်လက်တစ်ချောင်းကို ချည်နှောင်ထားခြင်းဖြစ်သည်'ဟူ၏။ ဤပုံစံသည် ကုလားအုတ် နှင့်သာ သက်ဆိုင်သည်။ ၎င်း၏ 'ကုရ်ဗာနီ'မှာ မတ်တတ်ရပ်လျက်ပြုခြင်းသည် စွန္နသ်နှင့် အကောင်းဆုံး ဖြစ်ပေသည်။ ကျန်တိရစ္ဆာန်များကိုမူ လှဲ၍ 'ဇဗာဟ်'ပြုခြင်းမှာ စွန္နသ်ဖြစ်သည်။

وَ اِذَا وَجَبَتْ جُنُوْ بُهَا

တွင် وَجَبَتْ သည် سَقَطَتْ ၏ အဓိပ္ပာယ်ဖြစ်သည်။ ဥပမာ- وَجَبَتِ الشَّمْسُ ဖြစ်သည်။ အဓိပ္ပာယ်မှာ سقطت ၏ အဓိပ္ပာယ်ဖြစ်ပြီး ကျော်ကြားသော ဝေါဟာရဖြစ်သည်။ အလိုသဘောမှာ **'ဤသို့ ပြုခြင်းဖြင့် တိရစ္ဆာန်၏ အသက်ထွက်သွားသည်'** ဟု ဖြစ်သည်။

اَلْقَا نِعَ وَ الْمُعْتَرَّ

တင်ပြပြီးခဲ့သော အာယသ်တော်တွင် ကုရ်ဗာနီအသား ပေးထိုက်သူများအား بائس နှင့် فقير စာလုံးများဖြင့် ဖော်ပြထားသည်။ အဓိပ္ပာယ်မှာ 'ဒုက္ခရောက်နေသူ' ဟု ဖြစ်သည်။ ဤအာယသ်တော်မှ ထိုစာလုံးနှစ်လုံးအား သဖ်စီးရ်ဖွင့်ဆိုခြင်း ပြုထားသည်မှာ اَلْقَانِعَ သည် လူတို့ထံမှ တောင်းခံခြင်း မပြုဘဲ မိမိ၏ ဆင်းရဲချို့တဲ့မှု ရှိပါလျက် ရသမျှနှင့် ရောင့်ရဲတင်းတိမ်တတ်သူကို ခေါ်ဆိုသည်။

مُعْتَرّ သည် နှုတ်မှ ဖွင့်ဟတောင်းသည်ဖြစ်စေ၊ မတောင်းသည်ဖြစ်စေ တစ်စုံတစ်ရာ ရရှိနိုင်မည်ဟု မျှော်လင့်ရသောနေရာသို့ သွားသူကို ခေါ်ဆိုသည်။ *[မဇ္ဇဟရီကျမ်း]*

'အေဗာဒသ်' ၏ ထူးခြားသည့် ပုံသဏ္ဍာန်များသည် အဓိကရည်ရွယ်ချက် မဟုတ်၊ နှလုံးသားမှ စိတ်ထားဖြူစင်မှုနှင့် နာခံခြင်းတို့သည်သာ အဓိကရည်ရွယ်ချက်ဖြစ်ခြင်း

لَنْ يَّنَالَ اللّٰهَ لُحُوْمُهَا

ကုရ်ဗာနီသည် အလွန်ကြီးကျယ်သည့် 'အေဗာဒသ်' တစ်ခု ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်ထံတော်တွင် ထိုကုရ်ဗာနီအသားနှင့် သွေးများ မရောက်ရှိပါချေ။ ဤသို့ ရောက်ရှိရန် ကုရ်ဗာနီ၏ ရည်ရွယ်ချက်လည်း မဟုတ်ပေ။ အလ္လာဟ်အသျှင်မြတ်၏ နာမတော်ကို ရွတ်ဆိုတသလျက် ဖန်ဆင်းမွေးမြူတော်မူသော ထိုအသျှင်မြတ်အား စိတ်ထားဖြူစင်စွာဖြင့် အမိန့်နာခံခြင်းဖြစ်သည်။ အခြားသော 'အေဗာဒသ်' အားလုံးတို့တွင်လည်း ဤအမိန့်အတိုင်းပင် ဖြစ်သည်။ နမာဇ်၌ အထိုင်၊ အထပြုခြင်းနှင့် 'ရိုဇာဟ်'၌ အငတ်ခံခြင်းတို့သည် အဓိကရည်ရွယ်ချက် မဟုတ်ပေ။ အဓိကရည်ရွယ်ချက်မှာ အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ကို စိတ်နှလုံးသားမှ စိတ်ထားဖြူစင်စွာ မြတ်နိုးချစ်ခင်စွာဖြင့် နာခံမှုပြုခြင်း ဖြစ်သည်။ အကယ်၍ 'အေဗာဒသ်' များတွင် ဤစိတ်ထားဖြူစင်မှုနှင့် မြတ်နိုးချစ်ခင်မှုများ မရှိပါလျှင် ပုံသဏ္ဍာန်အားဖြင့်သာ ရှိပြီး ဝိညာဉ်ပျောက်နေပေမည်။ သို့သော်ငြားလည်း 'အေဗာဒသ်' များ၏ တရားတော်အရ ပုံသဏ္ဍာန်များမှာလည်း အလ္လာဟ်အသျှင်မြတ်၏ အမိန့်ပညတ်တော်များကို လိုက်နာရန် ထိုအသျှင်မြတ်ဘက်မှ သတ်မှတ်တော်မူထားသည့် ပုံသဏ္ဍာန်များဖြစ်ရန်လည်း အရေးကြီးသည်။

✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧✧

إِنَّ اللَّهَ يُدَافِعُ عَنِ الَّذِينَ آمَنُوا ۗ إِنَّ اللَّهَ لَا يُحِبُّ كُلَّ خَوَّانٍ كَفُورٍ ﴿٣٨﴾

၂၂ : ၃၈ ။ ။ ကေန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် မုအ်မင်န်သက်ဝင် ယုံကြည်သူတို့ဘက်မှ (မုရှ်ရစ်က်တို့၏ ဘေးအန္တရာယ်များကို) တွန်းလှန်ဖယ်ရှားတော်မူမည်။ (တစ်နည်း) ခုခံကာကွယ်တော်မူမည်။ ကေန်အမှန် အလ္လာဟ်အသျှင်မြတ်သည် မည်သည့်သွေဖည်ငြင်းပယ်သော သစ္စာမဲ့သူကိုမျှ နှစ်သက်တော်မူသည် မဟုတ်ပေ။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ကေန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် (ထိုမုရှ်ရစ်က်တို့၏ လွှမ်းမိုးမှု၊ ဒုက္ခပေးနိုင်သော စွမ်းအားတို့မှ) အီမာန်ရှင် မွတ်စ္စလင်မ်များကို (များမကြာမီ) ဖယ်ရှားပေးတော်မူမည်။ (ဟဂျ် စသည်များ ပြုခြင်းတို့တွင် တာမြစ်ခြင်း ပြုနိုင်ကြမည် မဟုတ်တော့ပေ။) မုချကေန် အလ္လာဟ်အသျှင်မြတ်သည် မည်သည့်သွေဖည်ဆန့်ကျင်သည့် သစ္စာဖောက်ကိုမျှ လိုလားနှစ်သက်တော်မမူပေ။ (ထိုကာဖိရ်တို့အား နှစ်သက်တော်မမူပေ။ ထို့ကြောင့် ၎င်းတို့သည် ရှုံးနိမ့်ကြပြီး မုအ်မင်န်မွတ်စ္စလင်မ်များမှ အောင်နိုင်မှု ရရှိပေလိမ့်မည်။)

သိမှတ်ဖွယ်ရာများနှင့် ခမ္ဘသတ်များ

ရှေးအာယသ်တော်များတွင် တမန်တော်မြတ် ﷺ နှင့် ဆွဟာဗာတို့သည် 'အွမ်ရာဟ်' အတွက် 'အိဟ်ရာမ်' များပတ်၍ မက္ကာဟ်မြို့အနီးရှိ 'ဟုဒိုင်ဗီယာဟ်' အရပ်သို့ ရောက်သောအခါ မက္ကာဟ်မြို့သား ကာဖိရ်မုရှ်ရစ်က်များက 'ဟရာမ်ရှရီးဖ်' နှင့် 'မတ်စ်ဂျိဒ်ဒွေဟရာမ်' ၌ ဝင်ရောက်ရန်နှင့် 'အွမ်ရာဟ်' ပြုလုပ်ရန်တို့မှ တားဆီးပိတ်ပင်ခဲ့ကြသည်။ ဤအာယသ်တော်တွင် မွတ်စ္စလင်မ်တို့အား မတရားပြုရာ၌ အသုံးပြုခဲ့ကြသည့် မုရှ်ရစ်က်တို့၏ အင်အားများကို ချိုးဖျက်ပစ်မည်ဟု အလ္လာဟ်အသျှင်မြတ်က မွတ်စ္စလင်မ်တို့အား နှစ်သိမ့်စကား မိန့်ကြားခြင်းဖြစ်သည်။ ဤဖြစ်ရပ်သည် ဟိဂျ်ရီ (၆) ခုနှစ်၌ ဖြစ်ခဲ့သည်။ ထိုဖြစ်ရပ်၏ နောက်ပိုင်းတွင် ကာဖိရ်မုရှ်ရစ်က်တို့၏ အင်အားများ တစ်ဖြည်းဖြည်းနှင့် ယုတ်လျော့ကျဆင်းလာသည်။ နောက်ဆုံး ဟိဂျ်ရီ (၈) ခုနှစ်တွင် မက္ကာဟ်ကို အောင်နိုင်သည်အထိ ဖြစ်သည်။

◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆

أُذِنَ لِلَّذِينَ يُقَاتَلُونَ بِأَنَّهُمْ ظُلِمُوا ۚ وَإِنَّ اللَّهَ عَلَىٰ نَصْرِهِمْ لَقَدِيرٌ ﴿٣٩﴾

၂၂ : ၃၉ ။ ။ (ယခုသော်) တိုက်ခိုက်ခြင်း ခံနေကြရသော (မွတ်စ္စလင်မ်) သူတို့သည် (ပြန်လည်ခုခံ တိုက်ခိုက်ရန်) ခွင့်ပြုခြင်း ခံခဲ့ကြရလေပြီ။ အကြောင်းမူ၊ ၎င်းတို့သည် မတရား နှိပ်စက်ညှဉ်းပန်းခြင်းကို ခံကြရသောကြောင့်ပင် (ဖြစ်၏) ၎င်းပြင် ကေန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် ထိုသူတို့အား (အောင်မြင်မှုရအောင်) ကူညီစောင်မနိုင်စွမ်း ရှိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူသည်။

اَلَّذِيْنَ اُخْرِجُوْا مِنْ دِيَارِهِمْ بِغَيْرِ حَقٍّ
اِلَّآ اَنْ يَّقُوْلُوْا رَبُّنَا اللّٰهُ ۭ وَلَوْلَا دَفْعُ اللّٰهِ النَّاسَ بَعْضَهُمْ
بِبَعْضٍ لَّهُدِّمَتْ صَوَامِعُ وَبِيَعٌ وَّصَلَوٰتٌ وَّمَسٰجِدُ يُذْكَرُ
فِيْهَا اسْمُ اللّٰهِ كَثِيْرًا ۭ وَلَيَنْصُرَنَّ اللّٰهُ مَنْ يَّنْصُرُهٗ ۭ اِنَّ اللّٰهَ لَقَوِيٌّ عَزِيْزٌ ۝

၂၂ : ၄၀ ။ ။ အကြင်သူတို့သည် 'အလ္လာဟ်အသျှင်မြတ်သည်သာလျှင် မိမိတို့အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူကြောင်း ပြောဆိုကြသည်မှအပ (မည်သည့်အကြောင်းမျှ မရှိပါဘဲလျက်) မိမိတို့၏ နေအိမ်များမှ မတရားသဖြင့် နှင်ထုတ်ခြင်းကို ခံခဲ့ကြရလေသည်။ စင်စစ် အကယ်၍သာ အလ္လာဟ်အသျှင်မြတ်သည် လူတို့အား အချို့ကို အချို့ဖြင့် တွန်းလှန်ဖယ်ရှား ကာကွယ်တော်မူခြင်းကို ပြုတော်မမူပါလျှင်၊ ခရစ်ယာန်တို့၏ ဘုန်ကြီးကျောင်းများ၊ ဘုရားရှိခိုးကျောင်း၊ ယဟူဒီများ၏ ကျောင်းများနှင့် အလ္လာဟ်အသျှင်မြတ်၏ နာမတော်ကို များပြားစွာ သတိရ ရွတ်ဆိုတသခြင်းပြုသော ဗလီဝတ်ကျောင်းများသည် အားလုံး ဖျက်ဆီးဖြိုဖျက်ခြင်း ခံကြရမည် အမှန်ပင် (ဖြစ်၏။) အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် မိမိအား ကူညီသူကို မုချ ကူညီတော်မူမည် ဖြစ်ပေသည်။ ဧကန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် အင်အားပြည့်စုံတော်မူသော အသျှင်၊ တန်ခိုးတော်ဖြင့် လွှမ်းမိုးတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

اَلَّذِيْنَ اِنْ مَّكَّنّٰهُمْ فِي الْاَرْضِ اَقَامُوا الصَّلٰوةَ وَاٰتَوُا الزَّكٰوةَ
وَاَمَرُوْا بِالْمَعْرُوْفِ وَنَهَوْا عَنِ الْمُنْكَرِ ۭ وَلِلّٰهِ عَاقِبَةُ الْاُمُوْرِ ۝

၂၂ : ၄၁ ။ ။ ထိုသူတို့သည် အကြင် (ကဲ့သို့သော) သူများပင် (ဖြစ်၏။) အကယ်၍ ငါအသျှင်မြတ်သည် ထိုသူတို့အား ကမ္ဘာမြေဝယ် လွှမ်းမိုးအုပ်စိုးမှုကို ပေးတော်မူခဲ့ပါလျှင်၊ ၎င်းသူတို့သည် 'ဆွလာသ်' ဝတ်ပြုမှုကို ဆောက်တည်ကြပေမည်။ ၎င်းပြင် 'ဇကားသ်'ကိုလည်း ပေးဆောင်ကြပေမည်။ ကောင်းမြတ်သော ကိစ္စများကိုလည်း အမိန့်ပေးကြပေမည်။ မကောင်းမှုများမှလည်း တားမြစ်ကြပေမည်။ အမှန်စင်စစ် အမှုကိစ္စ (အလုံးစုံ) တို့၏ နောက်ဆုံးအကျိုးသည် အလ္လာဟ်အသျှင်မြတ်၏ ထံတော်၌သာ ရှိပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(ယခုအချိန်အထိ ငြိမ်းချမ်းရေးစာချုပ်အရ စစ်တိုက်ရန် တားမြစ်ခံရဆဲဖြစ်သည်။ သို့ရာတွင် ယခုမူ) စစ်မက်တိုက်ခိုက်ရန် ၎င်းတို့အား ခွင့်ပြုလိုက်ပြီဖြစ်သည်။ ထိုသူတို့သည် (ကာဖိရ်များဘက်မှ) တိုက်ခိုက်ခံရသူများဖြစ်သည်။ ထို့ပြင် ၎င်းတို့အပေါ်၌ (များစွာ) မတရားမှုများ အပြုခံရသောကြောင့် ဖြစ်သည်။ (ရှရီအသ်တရားတော်အရ 'ဂျိဟားဒ်'ဖြစ်ရန် အကြောင်းခံများ ဖြစ်သည်။) ထို့နောက် (ဤခွင့်ပြုသည့် အခြေအနေမျိုးတွင် မွတ်စ္စလင်မ်တို့၏ အင်အားနည်းပါးမှုနှင့် ကာဖိရ်တို့၏ အင်အားကြီးမား များပြားခြင်း အပေါ် မျက်စိမကျလေနှင့်။ အဘယ်ကြောင့်ဆိုသော်) မုချဧကန် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား

အောင်နိုင်မှုပေးရန် အပြည့်အဝ စွမ်းနိုင်တော်မူသော အသျှင် ဖြစ်တော်မူသည်။ (အရှေ့၌ ၎င်းတို့ အညှဉ်းပန်းခံရပုံကို တင်ပြထားသည်မှာ) ဤသူတို့သည် 'ကျွန်ုပ်တို့၏ အသျှင်မြတ်သည် အလ္လာဟ်အသျှင်မြတ် ဖြစ်တော်မူသည်' ဟူသော စကားအပေါ် မိမိတို့အိမ်များမှ အကြောင်းမဲ့ မောင်းနှင်ထုတ်ခံခဲ့ကြရသည်။ ('အကီဒဟ်' နှင့် 'သောင်ဟီးဒ်' တို့အပေါ် အလွန်အမင်း ဒေါသထွက်၍ ဒုက္ခပေးခဲ့ကြသည်မှာ မွေးရပ်မြေကို စွန့်ခွာ၍ 'ဟိဂျ်ရသ်' ပြုရသည်အထိ ဖြစ်သည်။ ရှေ့တွင် 'ဂျိဟားဒ်' ပြုခြင်း၏ လျှို့ဝှက်ချက်အမြော်အမြင်ကို တင်ပြထားသည်။) ထို့နောက် အလ္လာဟ်အသျှင်မြတ်သည် (အမြဲတစေ) လူတို့အတွင်း တစ်ဦး၏ (လက်ဖြင့်) တစ်ဦး၏ အင်အားများကို ဆုတ်ယုတ်ခြင်း ပြုတော်မမူခဲ့ပါလျှင် (လမ်းမှန်ရရှိသူများသည် လမ်းမှားသူများအပေါ် တစ်စတစ်စ လွှမ်းမိုးနိုင်နင်းမှု မရှိစေခဲ့ပါလျှင်) သို့ဖြစ်ပေရာ (မိမိတို့၏ ခေတ်ကာလများတွင်) နဆွာရာတို့၏ ဘုန်းကြီးကျောင်းများ၊ ဝတ်ကျောင်းများ၊ ယဟူဒီဝတ်ကျောင်းများနှင့် အလ္လာဟ်အသျှင်မြတ်၏ နာမတော်ကို များမြောင်စွာ တသလျက်ရှိသော (မွတ်စ္စလင်မ်တို့၏) ဗလီဝတ်ကျောင်းတော်များအားလုံးတို့သည် ဖျက်ဆီးခြင်းခံရမည်သာ ဖြစ်သည်။ (ရှေ့တွင် စိတ်ထားမှန်ကန်စွာဖြင့် 'ဂျိဟားဒ်' ပြု၍ အောင်နိုင်ခြင်းအပေါ် သတင်းကောင်းပေးထားသည်။)

ထို့နောက် အသျှင်မြတ် (၏ သာသနာတော်) ကို ကူညီစောင်မသူအား မုချ ကူညီတော်မူမည် ဖြစ်သည်။ (ထို 'ဂျိဟားဒ်' စစ်ပွဲ ဆင်နွှဲရာတွင် 'ကလိမသွလ္လာဟ်' အလ္လာဟ်အသျှင်မြတ်၏ သာသနာတော် မြင့်မားရန်ဟူသော စစ်မှန်သည့် 'နီယသ်' ရှိရမည်။) မုချကေန် အလ္လာဟ်အသျှင်မြတ်သည် အင်အားပြည့်စုံတော်မူသော၊ တန်ခိုးတော်ဖြင့် လွှမ်းမိုးတော်မူသော အသျှင်မြတ်ဖြစ်တော်မူသည်။ (မိမိပေးလိုသူကို အင်အားနှင့် နိုင်နင်းလွှမ်းမိုးမှု ပေးတော်မူနိုင်သည်။ ရှေ့တွင် ၎င်း၏ ထူးမြတ်ခြင်းအကြောင်းများ တင်ပြထားသည်)

ဤသူများသည်ကား အကယ်၍ ငါအသျှင်မြတ်သည် ၎င်းတို့အား ဒွန္နယာလောကတွင် လွှမ်းမိုးအုပ်စိုးမှုကို ပေးတော်မူခဲ့ပါလျှင် ဤသူတို့သည် ကိုယ်တိုင်လည်း နမာဇ်ဝတ်ပြုမှု ဆောက်တည်ကြပေမည်။ 'ဇကားသ်' များလည်း ပေးဆောင်ကြပေမည်။ ထို့ပြင် (အခြားသူများကိုလည်း) ကောင်းမှုကိစ္စများအတွက် ညွှန်ကြားကြမည်။ မကောင်းသော လုပ်ရပ်များမှ တားမြစ်ကြပေမည်။ စင်စစ် အရေးကိစ္စ (ဟူသမျှ) တို့၏ ပြီးဆုံးခြင်းသည် အလ္လာဟ်အသျှင်မြတ်ထံတော်၌သာ ဖြစ်သည်။ (သို့ရှိရာ မွတ်စ္စလင်မ်တို့၏ လက်ရှိအခြေအနေကို ကြည့်၍ ၎င်းတို့၏ အခြေအနေမှာ ဤအတိုင်းသာ ဖြစ်နေပေမည်ဟု မည်သူက မည်သို့ ပြောဆိုနိုင်ပါမည်နည်း။ ထိုသို့သာမဟုတ်ဘဲ အခြေအနေသည် ပြောင်းပြန်လည်း ဖြစ်သွားနိုင်သည်။ သို့ရှိရာ ဤအတိုင်းပင် ဖြစ်ခဲ့လေသည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

ကာဖိရ်များနှင့် 'ဂျိဟားဒ်' ပြုရန် ပထမအမိန့်

မက္ကာဟ်တွင် မွတ်စ္စလင်မ်များအပေါ်၌ ကာဖိရ်တို့၏ ညှဉ်းပန်းနှိပ်စက်မှုများမှာ တစ်နေ့မပြတ်၊ နေ့စဉ်ရက်ဆက်ပင် ဖြစ်သည်။ မွတ်စ္စလင်မ်တစ်ဦးသည် ၎င်းတို့၏ လက်များ၏ မတရားညှဉ်းပန်းမှုမှ

အနာတရ မဖြစ်ဘဲ နေခဲ့ရသည်မရှိ။ မက္ကာဟ်မြို့၌ နေခဲ့ရသည့် နောက်ဆုံးကာလများတွင် မွတ်စ္စလင်မ်တို့၏ အရေအတွက်မှာလည်း အလယ်အလတ်များပြားလာခဲ့သည်။ ထိုအခါ ၎င်းတို့သည် ကာဖိရ်တို့၏ ညှဉ်းပန်းနှိပ်စက်မှုများကို မခံမရပ်နိုင်ဖြစ်လျက် ၎င်းတို့နှင့် ရင်ဆိုင်လျက် စစ်ထိုးတိုက်ခိုက်ခွင့် တောင်းခံခဲ့ကြသည်။ တမန်တော်မြတ် ﷺ သည် 'သည်းခံကြကုန်။ ယခုတိုင် စစ်ထိုးတိုက်ခိုက်ရန် အခွင့် မရရှိသေးပါ' ဟု အဖြေပေး မိန့်ကြားခဲ့သည်။ ဤဖြစ်ရပ်မျိုးသည် (၁၀) နှစ်တိုင်တိုင် ဤအတိုင်းပင် ရှိနေခဲ့သည်။

[ကုရ်သုဗီကျမ်း]

တမန်တော်မြတ် ﷺ သည် မွေးရပ်ဌာနေ မက္ကာဟ်မြေကို စွန့်ခွာ၍ 'ဟိဂျ်ရသ်'ပြုစဉ် မိမိ၏ မိတ်ဆွေအဘူဗကာရ်စွိဒ်ဒီးက် ؓ သည်လည်း အတူပါလာခဲ့သည်။ မက္ကာဟ်မှ ထွက်စဉ် ကိုယ်တော်မြတ် ﷺ ၏ နှုတ်တော်မှ

اخرجو نبيّهم ليهلكن

'ထိုသူတို့သည် မိမိတို့၏ နဗီကို နှင်ထုတ်ခဲ့ကြသည်။ ယခုမူ ၎င်းတို့၏ ပျက်စီးရမည့်အချိန် မုချရောက်ရှိလာပြီ' ဟု မိန့်ကြားတော်မူခဲ့သည်။ ထိုအချက်အပေါ် မဒီနာသို့ ရောက်ပြီးနောက်တွင် (ကာဖိရ်များနှင့် စစ်ထိုးတိုက်ခိုက်ခွင့် မွတ်စ္စလင်မ်တို့အား ပေးလိုက်သည့်အကြောင်း ပါရှိသော) ဖော်ပြပါ အာယသ်တော် ကျရောက်လာခဲ့သည်။

[ကုရ်သုဗီကျမ်း]

ဟဇရသ်အိဗ်နေအဗ္ဗားစ် ؓ သခင်ထံမှ သိရ်မေဇီ၊ နစအီ၊ အိဗ်နေမာဂျာဟ်၊ အိဗ်နေအဗ္ဗားစ် ؓ နှင့် ဟာကင်မ် စသော ပညာရှင်များက ဆင့်ပြန့်ခဲ့ကြသည်။ သိရ်မေဇီသည် ထိုဆင့်ပြန့်ချက်ကို 'ဟစန်'ဖြစ်သည်ဟု ဆိုသည်။ ထိုဆင့်ပြန့်ချက်မှာကား 'အိဗ်နေအဗ္ဗားစ် ؓ က ဆင့်ပြန့်ခဲ့သည်မှာ 'ဤအာယသ်တော်သည် ကာဖိရ်များနှင့် စစ်ထိုးတိုက်ခိုက်ရန် ဦးစွာပထမ ကျရောက်လာသည့် အာယသ်တော် ဖြစ်သည်။ ထိုအာယသ်တော် မကျမီအလျှင် အာယသ်တော် (၇၀) ကျော်တို့တွင် စစ်ထိုးတိုက်ခိုက်ခြင်းကို တားမြစ်ချက်ဟု သတ်မှတ်ခဲ့သည်။

'ဂျီဟားဒ်' နှင့် စစ်ထိုးတိုက်ခိုက်ခြင်း၏ အမြော်အမြင်

وَلَوْ لَا دَفْعُ اللّٰهِ النَّاسَ

ဤအာယသ်တော်တွင် 'ဂျီဟားဒ်'နှင့် စစ်ထိုးတိုက်ခိုက်ခြင်းအကြောင်း၏ အမြော်အမြင်နှင့်အတူ ဤ 'ဂျီဟားဒ်'နှင့် ကာဖိရ်များအား စစ်ထိုးတိုက်ခိုက်ခြင်းသည် အမိန့်ပညတ်တော် အသစ်မဟုတ်ပေဟု တင်ပြထားသည်။ ရှေးနဗီများနှင့် ၎င်းတို့၏ အုမ္မသ်များအပေါ်တွင်လည်း ဤပညတ်တော်များ ချပေးခဲ့ပြီးဖြစ်သည်။ အကယ်၍ ဤသို့ ပြုလုပ်ခြင်း မရှိခဲ့ပါလျှင် မည်သည့်ဘာသာ၊ မည်သည့်သာသနာမျှ ကောင်းမွန်စွာ ရှိမည် မဟုတ်ပေ။ ဘာသာ၊ သာသနာတိုင်းနှင့် ၎င်းတို့၏ ဝတ်ကျောင်းတော်များမှာ ဖြိုဖျက်ခြင်း ခံရမည်သာဖြစ်သည်။

لَهُدِّمَتْ صَوَامِعُ وَبِيَعٌ وَّصَلَوٰتٌ وَمَسٰجِدُ

လောကအတွင်းဝယ် ရှိလေသမျှသော ဘာသာ၊ သာသနာပဟူသရွေ့၏ အဓိကအခြေခံသည် အလ္လာဟ် အသျှင်မြတ်ဘက်တော်မှ 'ဝဟီ'ပို့ချပေးခြင်းအားဖြင့် သူ့ခေတ်နှင့်သူ ရပ်တည်ခဲ့ကြသည်သာ ဖြစ်သည်။ တစ်ဖန် ရပ်သိမ်းခံခဲ့ကြရသည်ပင် ဖြစ်သည်။ ထိုရပ်သိမ်းခံရသည်ကို လူတို့က ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ပြီး ကုဖွရ်နှင့် ရှရစ်ကဲ ဖြစ်သွားခဲ့ကြသည်။ သို့သော်လည်း မိမိတို့ခေတ်ကာလများတွင် မှန်ကန်သည့် ဘာသာ၊ သာသနာအားလုံးတို့၏ ဝတ်ပြုရာ ဝတ်ကျောင်းတော်များအကြောင်း ဤအာယသ်တော်၌ တင်ပြထားခြင်းဖြစ်သည်။ အကြောင်းမှာ မိမိတို့ ခေတ်ကာလတွင် ၎င်းတို့၏ ဝတ်ကျောင်းတော်များအား ရှိသေလေးစားမှုပြုခြင်းနှင့် ကာကွယ်စောင့်ရှောက်ခြင်းတို့မှာ 'ဖွရဒ်'ဖြစ်သောကြောင့်ပင် ဖြစ်သည်။ မည်သည့်ခေတ်ကာလမျှ၊ မည်သည့်နဗီ၊ 'ဝဟီ'တို့နှင့်မှ အခြေခံခြင်း မရှိခဲ့သော ဘာသာ၊ သာသနာများအကြောင်းကိုကား တင်ပြထားခြင်း မရှိပါချေ။ ဥပမာ– မီးကိုးကွယ်ကြသည့် မဂျူစီများ၊ ရုပ်တုဆင်းတု ကိုးကွယ်ကြသည့် ဟိန္ဒူများဖြစ်ကြသည်။ အကြောင်းမှာ ၎င်းတို့၏ ဝတ်ကျောင်းတော်များသည် မည်သည့်ခေတ်ကာလတွင်မျှ ရှိသေလေးစားခံထိုက်ခြင်း မရှိခဲ့သောကြောင့်ပင် ဖြစ်သည်။ အာယသ်တော်တွင် صَوَامِعُ သည် صومعه ၏ အများကိန်းဖြစ်သည်။ နဆွ်ရာဘုန်းတော်ကြီးများ 'အေဗာဒသ်'ပြုသည့် အထူးနေရာဖြစ်သည်။ بِيَعٌ သည် بِيعَةٌ ၏ အများကိန်းဖြစ်သည်။ ဤသည် နဆွ်ရာတို့၏ ဝတ်ကျောင်းတော်ဖြစ်သည်။

صَلَوٰتٌ သည် صَلوٰةٌ ၏ အများကိန်းဖြစ်သည်။ ယဟူဒီများ 'အေဗာဒသ်'ပြုရာ ဝတ်ကျောင်းတော် ဖြစ်သည်။

مَسٰجِدُ သည် မွတ်စ္စလင်မ်များ 'အေဗာဒသ်'ပြုရာ နေရာများ၏ အမည်ဖြစ်သည်။

အာယသ်တော်၏ အလိုသဘောမှာ အကယ်၍ ကာဖိရ်များနှင့် စစ်ထိုးတိုက်ခိုက်ခြင်းနှင့် 'ဂျိဟာဒ်' ပြုခြင်း၏ အမိန့်တော် ကျရောက်မလာခဲ့ပါက မည်သည့်ခေတ်ကာလတွင်မျှ ဘာသာသာသနာပဟူသရွေ့တို့ အဖို့ ငြိမ်းချမ်းမှု မရရှိနိုင်ပေ။ မူစာ عليه السلام ၏ ခေတ်တွင် صَلَوٰت ယဟူဒီဝတ်ကျောင်းများ၊ ဟဇရသ်အီစာ عليه السلام ၏ ခေတ်တွင် صَوَامِع နှင့် بِيَع နဆွ်ရာဘုန်းကြီးကျောင်းများ ဝတ်ပြုရာ သိမ်ဝတ်ကျောင်းတော်နှင့် နဆွ်ရာလူအများ ဝတ်ပြုရာ ဝတ်ကျောင်းတော်နှင့် နောက်ဆုံးနဗီချုပ် ﷺ ၏ ခေတ်သမယတွင် ဗလီဝတ်ကျောင်းတော်များမှာ ဖြိုဖျက်ခြင်း ခံရမည်သာဖြစ်သည်။ *[ကုရ်သုဗီကျမ်း]*

ခုလဖာ အေရာရှိဒီးန်နှင့် စပ်လျဉ်း၍ ကုရ်အာန်၏ ကြိုတင်မိန့်ကြားချက်နှင့် ထိုအတိုင်း ဖြစ်ပေါ်လာခြင်းများအကြောင်း

اَلَّذِيْنَ اِنْ مَّكَّنّٰهُمْ فِى الْاَرْضِ

ဤအာယသ်တော်တွင် اَلَّذِيْنَ သည် ပထမအာယသ်တော်၌ လာရှိသော

اَلَّذِيْنَ اُخْرِجُوْا مِنْ دِيَارِ هِمْ بِغَيْرِ حَقٍّ

မိမိတို့၏ နေအိမ်များမှ အပြစ်မရှိဘဲ အကြောင်းမဲ့ မတရားနှင်ထုတ်ခြင်း ခံရသူများ) ၏ 'ဆိဖသ်' ဂုဏ်ပုဒ်ဖြစ်သည်။ ထိုသူများနှင့် စပ်လျဉ်း၍ ဤအာယသ်တော်၌ မိန့်ကြားထားသည်မှာ ဤသူတို့သည်ကား အကယ်၍ ၎င်းတို့အား မြေပထဝီတွင် အုပ်ချုပ်မှုအမိန့်အာဏာကို နမာဇ်ဆောက်တည်မှုပြုခြင်း၊ 'ဇကားသ်' ပေးဆောင်ခြင်း၊ ကောင်းမှုများဘက်သို့ ညွှန်ပြဖိတ်ခေါ်လျက် မကောင်းမှုများမှ တားမြစ်ခြင်း အလုပ်များ၌ သုံးစွဲကြပေလိမ့်မည်' ဟု ဖြစ်သည်။

ဤအာယသ်တော်သည် ဟိဂျ်ရသ်ပြုပြီး မဒီနာသို့ ရောက်ရှိသည်နှင့် ကျရောက်လာခဲ့သည့် အာယသ်တော်ဖြစ်ကြောင်း အထက်၌ တင်ပြခဲ့ပြီးဖြစ်သည်။ ထိုစဉ်က မွတ်စ္စလင်မ်များအဖို့ မည်သည့်မြေတွင်မျှ အုပ်ချုပ်မှုအာဏာ မရရှိခဲ့သည့်အချိန်ကာလ ဖြစ်သည်။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့နှင့် စပ်လျဉ်း၍ 'ထိုသူများသည် အုပ်ချုပ်မှုအမိန့်၊ အာဏာရရှိသည့်အခါ ၎င်းတို့သည် သာသနာ၏ ဖော်ပြပါ အရေးကြီးသော လုပ်ဆောင်ချက်များကို ပြုလုပ်ဆောင်ရွက်ကြပေလိမ့်မည်' ဟု ကြိုတင်သတင်းပေးတော်မူခဲ့သည်။ ထို့ကြောင့် ဟဇရသ်အုဆ်မာန်ဂနီ ﷺ က ثناء قبل بلاء ဆိုလိုသည်မှာ (အလ္လာဟ်အသျှင်မြတ်၏ ဤမိန့်ကြားချက်သည် လက်တွေ့လုပ်ဆောင်ခြင်းမပြုမီ ထိုပြုလုပ်သူများအား ချီးမွမ်းထားခြင်း ဖြစ်သည်) ဟု ဖြစ်သည်။ တစ်ဖန် အလ္လာဟ်အသျှင်မြတ်၏ ဤကြိုတင်သတင်းပေးခြင်းမှာ အမှန်ပင်ဖြစ်သည်။

ခုလဖာအေရာရှိဒီးန် မုဟာဂျိရ်တို့နှင့် اَلَّذِيْنَ اُخْرِجُوْا ၏ အဓိပ္ပာယ်သက်ရောက်မှုတို့မှာ အမှန်ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်သည် ထိုပုဂ္ဂိုလ်များအား ကမ္ဘာပေါ်တွင် ပထမဦးဆုံး အုပ်ချုပ်မှုအာဏာများ ချီးမြှင့်တော်မူခဲ့သည်။ ကုရ်အာန်၏ ကြိုတင်မိန့်ဆိုချက်နှင့်အညီ ၎င်းတို့၏ ပြုမူကျင့်ဆောင်မှုနှင့် စွမ်းဆောင်နိုင်မှုတို့သည် မိမိတို့၏ အုပ်ချုပ်မှုအာဏာကို 'နမာဇ်ဆောက်တည်မှု၊ 'ဇကားသ်' ၏ အစီအမံများကို ခိုင်မာကျစ်လစ်စွာ ပြုလုပ်ခြင်း၊ ကောင်းရာညွှန်ကြား၊ မကောင်းမြစ်ရာ တားမြစ်ခြင်းများအတွက် အသုံးချခဲ့သည်ကို ကမ္ဘာကြီးအား ထင်ရှားစွာ ပြသခဲ့ကြပေသည်။

ထို့ကြောင့် ခုလဖာအေရာရှိဒီးန်အားလုံးသည် ဤအာယသ်တော်မှ တင်ပြသည့် သတင်းကောင်းများ၏ ညွှန်းဆိုရာများဖြစ်ကြောင်း အထောက်အထားဖြစ်သည်ဟု ပညာရှင်များက ဆိုသည်။ ထို့အပြင် ခိလာဖသ်စနစ်သည် ၎င်းတို့ ခေတ်သမယ၌ ပေါ်ပေါက်လာသည်။ မှန်ကန်မှုတရား၊ အလ္လာဟ်အသျှင်မြတ်၏ ရည်ရွယ်ချက်၊ လိုအင်ဆန္ဒများ၊ သဘောတူနှစ်သက်ခြင်းများနှင့် ကြိုတင်မိန့်ကြားချက်များနှင့်အညီ ကျင့်ဆောင်ခဲ့ကြသူများ ဖြစ်သည်။ *[ရူးဟွလ်မအာနီကျမ်း]*

ဤသည် 'အာယသ်တော်ကျရောက်ခြင်းအကြောင်း' ဖြစ်ရပ်ဖြစ်သည်။ သို့သော် ကုရ်အာန်ကျမ်း၏ စာလုံးများမှာ 'အများအတွက်' ဖြစ်လျှင် ၎င်းသည် မည်သည့်သီးသန့် ဖြစ်ရပ်တစ်ခုအတွက်နှင့်မျှ ဆက်နွယ်ပတ်သက်၍ မရပါ။ ၎င်း၏ အမိန့်သည်လည်း အများအတွက်သာ ဖြစ်သည်။ ထို့ကြောင့် သဖ်စီးရ်

အေမာမ်များအနက် ဒွဟ်ဟားက်က မိန့်သည်မှာ 'ဤအာယသ်တော်တွင် ခုလဖာအေရာရှိဒီးန်သည့် မိမိတို့ ခေတ်သမယတွင် ကြိုးပမ်းလုပ်ဆောင်ခဲ့ကြသကဲ့သို့ အလ္လာဟ်အသျှင်မြတ်က အုပ်ချုပ်မှု၊ အမိန့်၊ အာဏာများ ချီးမြှင့်ထားသည့်အပေါ် မိမိတို့၏ အုပ်ချုပ်မှု၊ အမိန့်၊ အာဏာ ရရှိသည့်အခါသမယတွင် နမာဇ်၊ 'ဇကားသ်'နှင့် ကောင်းမှုညွှန်ကြား မကောင်းမှုမြစ်တား အလုပ်များကို စွမ်းစွမ်းတမံ စွမ်းဆောင်ခဲ့သူများအတွက် 'ဟေဒါယသ်'တရားလမ်းမှန် ရှိပေသည်။ *[ကုရ်သုဗီကျမ်း]*

◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆

وَإِن يُكَذِّبُوكَ فَقَدْ كَذَّبَتْ قَبْلَهُمْ قَوْمُ نُوحٍ وَعَادٌ وَثَمُودُ ﴿٤٢﴾

၂၂ : ၄၂ ။ ။ စင်စစ် (အို၊ နဗီတမန်တော်) အကယ်၍ ၎င်းတို့သည် အသင့်အား မဟုတ်မမှန်ဟူ၍ ငြင်းပယ်ကြပါလျှင် (ယင်းသို့ ငြင်းပယ်ခြင်းသည် အထူးအဆန်း မဟုတ်ပေ။) ကေန်မလွဲ ထိုသူတို့ထက်အလျင် (နဗီတမန်တော်) နူးဟ်၏ အမျိုးသားများ၊ 'အာဒ်'အမျိုးသားနှင့် 'ဆမူဒ်'အမျိုးသားတို့သည်လည်း မဟုတ်မမှန်ဟူ၍ ပြောဆို ငြင်းပယ်ခဲ့ကြကုန်၏။

وَقَوْمُ إِبْرَاهِيمَ وَقَوْمُ لُوطٍ ﴿٤٣﴾

၂၂ : ၄၃ ။ ။ ထိုနည်းတူစွာ (နဗီတမန်တော်) အီဗ်ရာဟီမ်၏ အမျိုးသားများသည်လည်းကောင်း၊ (နဗီတမန်တော်) လူးသ်၏ အမျိုးသားများသည်လည်းကောင်း။

وَأَصْحَابُ مَدْيَنَ ۖ وَكُذِّبَ
مُوسَىٰ فَأَمْلَيْتُ لِلْكَافِرِينَ ثُمَّ أَخَذْتُهُمْ ۖ فَكَيْفَ كَانَ نَكِيرِ ﴿٤٤﴾

၂၂ : ၄၄ ။ ။ 'မဒ်ယန်'မြို့သူ မြို့သားတို့သည်လည်း (မိမိတို့၏ နဗီတမန်တော်အား မဟုတ်မမှန်ဟူ၍ ပြောဆိုငြင်းပယ်ခဲ့ကြလေသည်။) ထို့ပြင် (နဗီတမန်တော်) မူစာသည်လည်း မဟုတ်မမှန်ဟူ၍ ပြောဆိုငြင်းပယ်ခြင်းကို ခံခဲ့ရလေ၏။ သို့ရာတွင် ငါအသျှင်မြတ်သည် ထိုငြင်းပယ်ကြသော သူတို့အား (ပြစ်ဒဏ်ခတ်ခြင်းမှ) ခေတ္တ ရွှေ့ဆိုင်းထားတော်မူခဲ့၏။ ထို့နောက် ငါအသျှင်မြတ်သည် ၎င်းတို့အား ဖမ်းဆီးကွပ်မျက်တော်မူခဲ့၏။ သို့ဖြစ်ပေရာ ငါအသျှင်မြတ်၏ ပြစ်ဒဏ်သည် မည်သို့ ရှိခဲ့ဘိသနည်း။

فَكَأَيِّن مِّن قَرْيَةٍ أَهْلَكْنَاهَا وَهِيَ ظَالِمَةٌ فَهِيَ خَاوِيَةٌ عَلَىٰ عُرُوشِهَا
وَبِئْرٍ مُّعَطَّلَةٍ وَقَصْرٍ مَّشِيدٍ ﴿٤٥﴾

၂၂ : ၄၅ ။ ။ စင်စစ် ငါအသျှင်မြတ်သည် မြောက်မြားစွာသော မြို့ရွာများကို ၎င်းမြို့ရွာ (သား) တို့ မတရားကျူးလွန်သူများ ဖြစ်နေကြစဉ်၊ ဖျက်ဆီးတော်မူခဲ့လေသည်။ သို့ဖြစ်ပေရာ ယင်းမြို့ရွာများ (ရှိ တိုက်တာ၊ အိမ်၊ ဂေဟာ

အစရှိသော အဆောက်အဦးများ ဖြိုကျကာ နံရံများ) မှာ ယင်းအဆောက်အဦများ၏ ခေါင်မိုးများပေါ်သို့ ပြိုကျ (ပျက်စီး) လျက် ရှိနေပေသည်။ ထို့ပြင် များစွာသော ပျက်စီးနေသည့် ရေတွင်းများသည်လည်းကောင်း၊ မြင့်စွင့်သော တိုက်တာ၊ အိမ်၊ ဂေဟာ အစရှိသည့် အဆောက်အဦးများသည်လည်းကောင်း (ယခုတိုင်အောင် လက်ငုတ်လက်ငအဖြစ်) ကျန်ရှိနေသေး၏။

أَفَلَمْ يَسِيرُوا فِي الْأَرْضِ فَتَكُونَ
لَهُمْ قُلُوبٌ يَعْقِلُونَ بِهَا أَوْ آذَانٌ يَسْمَعُونَ بِهَا ۖ فَإِنَّهَا لَا
تَعْمَى الْأَبْصَارُ وَلَٰكِن تَعْمَى الْقُلُوبُ الَّتِي فِي الصُّدُورِ ﴿٤٦﴾

၂၂ : ၄၆ ။ ။ သို့ပါလျက် ၎င်းတို့သည် ပထဝီမြေဝယ် လှည့်ပတ်သွားလာ (ကြည့်ရှု) ခြင်းကို မပြုခဲ့ကြလေသလော။ သို့ပြုခဲ့ပါလျှင် ၎င်းသူတို့၌ နားလည်နိုင်သော စိတ်နှလုံးများသည်လည်းကောင်း၊ ကြားနာနိုင်သော နားများသည်လည်းကောင်း ရှိလာကြပေမည်။ အကြောင်းမူ မျက်စိများသည် ကန်းသွားကြသည် မဟုတ်ပေ။ စင်စစ်မှာ ရင်များ၌ရှိသော စိတ်နှလုံးများသည် သာလျှင် ကန်းသွားလေ့ ရှိကြသည်။

وَيَسْتَعْجِلُونَكَ بِالْعَذَابِ وَلَن يُخْلِفَ اللَّهُ وَعْدَهُ ۚ وَإِنَّ يَوْمًا
عِندَ رَبِّكَ كَأَلْفِ سَنَةٍ مِّمَّا تَعُدُّونَ ﴿٤٧﴾

၂၂ : ၄၇ ။ ။ (အို၊ နဗီတမန်တော်) ၎င်းပြင် ထိုသူတို့သည် အသင့်ထံဝယ် (လာရောက်ကြ၍) ပြစ်ဒဏ်ကို အဆော တလျှင် တောင်းဆိုကြကုန်၏။ အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ ကတိတော်ကို အလျှင်း ဖောက်ဖျက်တော်မူမည် မဟုတ်ပေ။ ၎င်းပြင် ဧကန်စင်စစ် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်၌ နေ့တစ်နေ့သည် အသင်တို့ ရေတွက်ကြသော (ရက်များအားဖြင့်) နှစ်ပေါင်းတစ်ထောင် (ညီမျှမှု) ကဲ့သို့ပင် ဖြစ်ပေသည်။

وَكَأَيِّن مِّن قَرْيَةٍ
أَمْلَيْتُ لَهَا وَهِيَ ظَالِمَةٌ ثُمَّ أَخَذْتُهَا وَإِلَيَّ الْمَصِيرُ ﴿٤٨﴾

၂၂ : ၄၈ ။ ။ စင်စစ် မြောက်မြားစွာသော မြို့ရွာများ ရှိ၏။ ငါအသျှင်မြတ်သည် ထိုမြို့ရွာ (သား) တို့ကို ပြစ်မှုကျူးလွန်သူများ ဖြစ်နေကြစဉ် (ပြစ်ဒဏ်ခတ်ခြင်းမှ) ရွှေ့ဆိုင်းတော်မူခဲ့၏။ ထို့နောက် ငါအသျှင်မြတ်သည် ယင်းမြို့ (သား) တို့အား ဖမ်းဆီးကွပ်မျက်တော်မူခဲ့၏။ ၎င်းပြင် (ထိုသူတို့အားလုံးသည်) ငါအသျှင်မြတ်ထံတော်သို့သာလျှင် ပြန်လည် ရောက်ရှိကြမည် ဖြစ်ချေသည်။

قُلْ يَا أَيُّهَا النَّاسُ إِنَّمَا أَنَا لَكُمْ نَذِيرٌ مُّبِينٌ ﴿٤٩﴾

၂၂ : ၄၉ ။ ။ (အို၊ နဗီတမန်တော်) အသင်သည် (ဤသို့) ပြောကြားပါလေ။ 'အို၊ လူသားအပေါင်းတို့၊ ငါသည် အသင်တို့အဖို့ ရှင်းလင်းထင်ရှားစွာ သတိပေးနှိုးဆော်သူတစ်ဦးမျှသာ ဖြစ်ပေသည်။'

فَالَّذِينَ آمَنُوا وَعَمِلُوا الصَّالِحَاتِ لَهُمْ مَغْفِرَةٌ وَرِزْقٌ كَرِيمٌ ﴿٥٠﴾

၂၂ : ၅၀ ။ ။ သို့ဖြစ်ပေရာ အီမာန်သက်ဝင် ယုံကြည်၍ ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မှုဆောက်တည်ကြကုန်သော သူတို့အဖို့ (အပြစ်မှ) လွတ်ငြိမ်းချမ်းသာခွင့်နှင့် မြင့်မြတ်လှစွာသော စားနပ်ရိက္ခာများသည် ရှိပေလိမ့်မည်။

وَالَّذِينَ سَعَوْا فِي آيَاتِنَا مُعَاجِزِينَ أُولَٰئِكَ أَصْحَابُ الْجَحِيمِ ﴿٥١﴾

၂၂ : ၅၁ ။ ။ သို့ရာတွင် ငါအသျှင်မြတ်၏ သက်သေလက္ခဏာများနှင့် စပ်လျဉ်း၍ (နဗီတမန်တော်မြတ်နှင့် မွတ်စ္စလင်မ်တို့အား) နှိမ်နင်းရန် (ရှုံးနိမ့်စေရန်) ကြိုးပမ်း (ဆောင်ရွက်) သော သူတို့မှာမူ ငရဲသားများပင် ဖြစ်ကြကုန်သည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(အို၊ နဗီတမန်တော်) ဤသူတို့သည် (အငြင်းအခုံ ပြဿနာပြုလုပ်ကြသူများ) အကယ်၍ အသင့်အား ဆန့်ကျင်ငြင်းပယ်ခဲ့ကြမည်ဆိုလျှင် (အသင်သည် ဝမ်းနည်းပူဆွေးခြင်း မဖြစ်လေနှင့်။ အကြောင်းမှာ) ထိုသူတို့သည် ဤသည်ထက်အလျင် နူးဟ် ﷺ ၏ အမျိုးသားများသည်လည်းကောင်း၊ အားဒ်အမျိုးသားများနှင့် စမူးဒ်အမျိုးသားများသည်လည်းကောင်း၊ အီဗ်ရာဟီမ် ﷺ ၏ အမျိုးသားများသည်လည်းကောင်း၊ လူးသ် ﷺ ၏ အမျိုးသားများသည်လည်းကောင်း၊ မဒ်ယန်မြို့သားများသည်လည်းကောင်း၊ (မိမိတို့၏ နဗီတမန်တော်များအား) မဟုတ်မမှန်ဟူ၍ ဆန့်ကျင်ငြင်းပယ်ခဲ့ကြသည်။ ထို့အပြင် တမန်တော်မူစာ ﷺ ကိုလည်း မဟုတ်မမှန်ဟူ၍ သတ်မှတ်ခဲ့ကြသည်။ (သို့သော် ထိုသို့ ဆန့်ကျင်ငြင်းဆိုကြပြီးနောက်) ငါအသျှင်မြတ်သည် ထိုကာဖိရ်များကို (ကာလအနည်းငယ်) ဆိုင်းငံ့ထားတော်မူသည်မှာ မျက်မှောက်ခေတ်ကာဖိရ်များအား ဆိုင်းငံ့ထားသကဲ့သို့ပင် ဖြစ်သည်။ ထို့နောက် ငါအသျှင်မြတ်သည် ၎င်းတို့အား ('အဇားဗ်' အပြစ်ဒဏ်တွင်) ဖမ်းဆီးလိုက်သောအခါ ငါအသျှင်မြတ်၏ အပြစ်ဒဏ် မည်သို့ ရှိမည်နည်း။

ငါအသျှင်မြတ်သည် မည်မျှစွာသော မြို့ရွာများကို ('အဇားဗ်' အပြစ်ဒဏ်ဖြင့်) ဖျက်ဆီးတော်မူခဲ့ပါသနည်း။ ၎င်းတို့၏ အခြေအနေများမှာ အမိန့်ဖီဆန်မှုများ ပြုလုပ်ခဲ့ကြသည်။ သို့ရှိရာ ၎င်းတို့၏ အခြေအနေမှာ ၎င်းတို့သည် မိမိတို့၏ အိမ်ခေါင်မိုးအပေါ်သို့ ပြိုကျသကဲ့သို့ပင် ဖြစ်သည်။ (ဆိုလိုသည်မှာ ဟင်းလင်းပြင်ဖြစ်သွားပြီး ပျက်စီးသွားခဲ့ပြီးဖြစ်သည်။ အကြောင်းမှာ မြွတာအရဆိုလျှင် ဦးစွာ အမိုးကို ဖြိုဖျက်ရသည်။ ထို့နောက် နံရံ၊ အကာ စသည်များကို ဖြိုဖျက်ရသောကြောင့် ဖြစ်သည်။) ထို့နောက် (အလားတူ ထိုမြို့ရွာများတွင်) မြောက်မြားစွာသော အသုံးမဝင်တော့သည့် ရေတွင်းပျက်များ၊ ထိုးနှင့်ဆောက်လုပ်ထားသည့် အခိုင်အမာ အဆောက်အဦးကြီးများသည် (ယခုမူ ထိုမြို့ရွာများ ပျက်စီးခြင်းနှင့်အတူ ပျက်စီးသွားခဲ့လေပြီ။ သို့ဖြစ်ပေရာ ဤအတိုင်းပင် သတ်မှတ်ကာလရောက်သည့်အခါ ဤခေတ်မှ လူများ

သည်လည်း 'အဇာဗ်'အပြစ်ဒဏ်၌ ဖမ်းဆီးခြင်း ခံကြရပေမည်။) သို့ဖြစ်ပေရာ ဤသည်ကို (ကြားနာပြီး) ဤသူတို့သည် ကမ္ဘာမြေပြင်ပေါ်၌ လှည့်လည်ခြင်း မပြုကြလေသလော။ ဤသို့ ပြုခြင်းဖြင့် ၎င်းတို့၏ နှလုံးသားများသည် နားလည်သော နှလုံးသားများ ဖြစ်သွားပေလိမ့်မည်။ (သို့) ၎င်းတို့၏ နားများသည် ကြားနိုင်သော နားများ ဖြစ်သွားပေလိမ့်မည်။ အကြောင်းသော်ကား (ထိုနားမလည်သူတို့တွင်) မျက်လုံးများ ကန်းသွားကြသည်မဟုတ်ဘဲ ရင်ဘတ်၌ရှိသော နှလုံးသားများ၊ ကန်းသွားခြင်းသာ ဖြစ်ပေသည်။ မျက်မှောက်ခေတ် ငြင်းပယ်ကြသူများ၏ နှလုံးသားများသည်လည်း ကန်းသွားကြပြီး ဖြစ်သည်။ သို့မဟုတ်ပါက ရှေးအွမ္မသ်များ၏ အခြေအနေများအပေါ် သင်ခန်းစာရယူကြမည် ဖြစ်သည်။ ထို့နောက် ဤသူများသည် ('နဗူဝသ်' တွင် သံသယများ ဖြစ်ပေါ်စေရန်) အသင့်ထံတွင် 'အဇာဗ်'အပြစ်ဒဏ်ကို အဆောတလျင် တောင်းဆိုကြသည်။ (ဆောလျင်စွာဖြင့် 'အဇာဗ်'ကျရောက်လာခြင်း မရှိသည့်အခါ 'အဇာဗ်'သည် ကျရောက်ခြင်း မရှိပါဟု အထောက်အထားပြုလုပ်လိုက်သည်။ အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် မည်သည့်အခါမျှ မိမိ၏ ကတိတော်ကို ပျက်ကွက်တော်မူမည် မဟုတ်ပေ။ ကတိတော်ပြုထားသည့်အချိန်တွင် မုချကေန် 'အဇာဗ်'ကျရောက်လာပေလိမ့်မည်။)

ထို့ပြင် အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်တွင် နေ့တစ်နေ့သည် ('အဇာဗ်' ကျရောက်မည့် 'ကေယာမသ်'နေ့သည် မိမိ၏ ရှည်လျားမှုနှင့် ပြင်းထန်မှုများတွင်) အသင်တို့ ရေတွက်နေကြသည့် နှစ်တစ်ထောင်ကဲ့သို့ ဖြစ်သည်။ (သို့ဖြစ်ရာ 'အဇာဗ်'အပြစ်ဒဏ်ကို တောင်းခံမှု ပြုခြင်းသည် ၎င်းတို့၏ အသိတရားမဲ့မှုပင် ဖြစ်ပေသည်။) ထို့နောက် (အထက်ဖော်ပြပါတို့၏ အဖြေကို ထပ်မံ၍ ကြားနာပါလေ။) မြောက်မြားစွာသော မြို့ရွာများကို ငါအသျှင်မြတ်သည် ဆိုင်းငံ့ထားတော်မူခဲ့သည်။ ၎င်းတို့သည် အမိန့်ဖီဆန်မှုများ ပြုခဲ့ကြသည်။ တစ်ဖန် ငါအသျှင်မြတ်သည် ၎င်းတို့အား ('အဇာဗ်'အပြစ်ဒဏ်တွင်) ဖမ်းဆီးတော်မူခဲ့သည်။ ထို့နောက် အားလုံးတို့သည် ငါအသျှင်မြတ်ဘက်တော်သို့သာ လှည့်ပြန်ကြရသူများ ဖြစ်ပေမည်။ (ထိုအခါ အပြည့်အဝ အစားရရှိကြပေမည်။) ထို့နောက် ၎င်းတို့အား (ဤသည်ကိုလည်း) ပြောကြားပါလေ။ အို၊ လူသားတို့၊ ကျွန်ုပ်သည်ကား အသင်တို့အတွက် ပွင့်လင်းစွာ သတိပေးနှိုးဆော်သူ တစ်ဦးပင် ဖြစ်ပေသည်။ ('အဇာဗ်'အပြစ်ဒဏ် ကျရောက်ခြင်း၊ မကျရောက်ခြင်းသည် ကျွန်ုပ်နှင့် မသက်ဆိုင်ပေ။ ကျွန်ုပ်သည် ထို 'အဇာဗ်'နှင့် ပတ်သက်၍ ကြွေးကြော်ခြင်းလည်း မပြု။) သို့ရှိရာ အကြင်သူတို့သည် (ဤသတိပေးနှိုးဆော်ခြင်းကို ကြားနာလျက်) အီမာန်သက်ဝင်ယုံကြည်၍ ကောင်းမှုများ ပြုလုပ်ကြသည်။ ၎င်းတို့အတွက် လွတ်ငြိမ်းချမ်းသာခွင့်နှင့် သိက္ခာရှိသော ရိဇ်ကိ (ဂျန္နသ်) ကို ရရှိကြပေမည်။ ထို့နောက် အကြင်သူတို့သည် ငါအသျှင်မြတ်၏ သက်သေလက္ခဏာတော်များနှင့် စပ်လျဉ်း၍ (ငြင်းပယ်ဆန့်ကျင်ရန်နှင့်) နဗီတမန်တော်နှင့် အီမာန်ရှင်တို့အား ရှုံးနိမ့်စေရန် (အင်အားဆုတ်ယုတ်စေရန်) အတွက် ကြိုးပမ်းခဲ့ကြသည်။ ဤကဲ့သို့သော သူများသည် 'ဂျဟန္နမ်'ငရဲဘုံတွင်သာ (နေထိုင်ကြသူများ) ဖြစ်ပေသည်။

သိမှတ်ဖွယ်ရာများနှင့် စမ္ပသတ်များ

ကမ္ဘာမြေပေါ်၌ လှည့်ပတ်ခရီးသွားခြင်းသည် သံဝေဂတရားရယူရန်ဖြစ်လျှင် သာ သရာ ၏ အလိုကျဖြစ်ခြင်း

اَفَلَمْ يَسِيْرُوْا فِى الْاَرْضِ فَتَكُوْنَ لَهُمْ قُلُوْبٌ

ဤအာယသ်တော်တွင် ကမ္ဘာမြေပေါ်၌ လှည့်ပတ်ခရီးသွားလာခြင်းသည် သံဝေဂတရား ရယူရန် ဖြစ်လျှင် ထိုသံဝေဂတရားဘက်သို့ လှုံ့ဆော်ခြင်းဖြစ်သည်။ ထို့နောက် فَتَكُوْ نَ لَهُمْ قُلُوْبٌ သည် အတိတ်ကာလနှင့် လွန်ခဲ့ပြီးသော ရှေးအခါက လူမျိုးစုအုပ်စုများ၏ အခြေအနေ ဖြစ်ရပ်များကို သိရှိရခြင်းဖြင့် လူသားအဖို့ အသိတရားနှင့် ရှုမြင်တတ်ခြင်း၊ ဉာဏ်ပညာများကို ပေးကမ်းလိုက်ခြင်းပင် ဖြစ်သည်။ ထိုသူတို့၏ အခြေအနေ ဖြစ်ရပ်များကို သမိုင်းဖြစ်ရပ်အနေဖြင့်သာ ရှုမြင်ခြင်းမပြုဘဲ သံဝေဂတရား၏ အမြင်ဖြင့် ရှုမြင်ပါလျှင် ထိုဖြစ်ရပ်တိုင်းသည် သံဝေဂတရား ရရှိနိုင်သည့် သင်ခန်းစာများ ဖြစ်ပေမည်ဆိုသည့်အကြောင်း ညွှန်းဆို ခြင်းဖြစ်သည်။

အိဗ်နေအဘီဟာသင်မ်က ကေသာဗုလ်သဖက္ကူရ်ကျမ်းတွင် ဟဇရသ်မာလိက်ဗင်န်ဒီနားရ် (ရဟ) ထံမှ ဆင့်ပြန်ခဲ့သည်။ 'အလ္လာဟ်အသျှင်မြတ်သည် ဟဇရသ်မူစာ ﷺ အား မိန့်တော်မူသည်မှာ 'အသင်သည် သံဖိနပ်ကို ပြုလုပ်ပါ။ လက်တွင် သံလက်ကိုင်တုတ်ကို ကိုင်ပါ။ ထို့နောက် အလ္လာဟ်အသျှင်မြတ်၏ ကမ္ဘာမြေပေါ်ဝယ် ဤသံဖိနပ် ဒရွတ်တိုက်ဖြစ်သွားခြင်းနှင့် သံလက်ကိုင်တုတ် ကျိုးပဲ့ပျက်စီးသွားသည့်အထိ လှည့်ပတ်ခရီးသွားပါ' ဟု ဖြစ်သည်။ *[ရူဟုလ်မအာနီကျမ်း]*

အကယ်၍ ဤဆင့်ပြန်ချက်သည် ဆွဟီးဟ်ဖြစ်ပါလျှင် ထိုလှည့်ပတ်ခရီးသွားလာခြင်း၏ ရည်ရွယ်ချက်သည် သံဝေဂတရားရယူရန်အတွက်သာ ဖြစ်သည်။

'အာခေရသ်' တမလွန်၏ နေ့တစ်နေ့သည် နှစ်တစ်ထောင်ဖြစ်ခြင်း

ဖော်ပြပါအာယသ်တော်တွင်

ان يوما عند ربك كالف سنة

'အသင်၏ အသျှင်မြတ်ထံတော်တွင် နေ့တစ်နေ့သည် လောက၏ နှစ်တစ်ထောင်နှင့်အညီ ဖြစ်ပေသည်' ဟု မိန့်ကြားတော်မူထားသည်။

ဤနေရာတွင် ဆိုလိုချက်နှစ်မျိုး ကောက်ယူနိုင်သည်။ ပထမတစ်မျိုးမှာ 'ထိုနေ့ကို 'ကေယာမသ်' နေ့ဟု ကောက်ယူမည်ဆိုလျှင် ၎င်းနေ့သည် နှစ်တစ်ထောင်နှင့် ညီမျှသည်။ အဓိပ္ပာယ်မှာ 'ကေယာမသ်' နေ့၏ ကြောက်မက်ဖွယ်ဖြစ်ရပ်များနှင့် စိုးရိမ်ထိတ်လန့်ဖွယ် အခြေအနေများကြောင့် ထိုနေ့သည် ဤ

(နှစ်တစ်ထောင်) မျှ ကြာရှည်သည်ဟု ခံစားရခြင်း ဖြစ်ပေမည်။ ထို့ကြောင့် ဤသည်ကို ဖွင့်ဆိုချက်အနှစ်ချုပ်တွင် ပြင်းထန်ခြင်းဟု ခိုင်းနှိုင်းတင်ပြခဲ့ခြင်းဖြစ်သည်။ အဖွင့်ပညာရှင်များစွာတို့ကလည်း ဤသည့်အဓိပ္ပာယ်ကိုပင် သတ်မှတ်ခဲ့ကြသည်။

ဒုတိယတစ်မျိုးမှာ တမလွန်၏ နေ့တစ်နေ့သည် အမြဲတမ်းအတွက် လောက၏ နှစ်တစ်ထောင်နှင့်ညီမျှသည်။ အချို့ဟဒီးစ်ဆင့်ပြန်ချက်များဖြင့် ဤအဓိပ္ပာယ်ဖြစ်ကြောင်း အထောက်အထား သက်သေရှိပေသည်။ မွတ်စ်နဒ်အဟမဒ်ကျမ်းနှင့် သိရ်မေဇီကျမ်းတို့တွင် ဟဇရတ်အဘူဟုရိုင်ရားဟ် ﷺ သခင်၏ဆင့်ပြန်ချက်လာရှိသည်။ ထိုဆင့်ပြန်ချက်တွင် တမန်တော်မြတ် ﷺ သည် တစ်နေ့၌ ဆင်းရဲသား မုဟာဂျီရ်များအား ဦးတည်၍ 'ကျွန်ုပ်သည် အသင်တို့အဖို့ 'ကေယာမသ်'နေ့တွင် နူရ်ရောင်ခြည်အပြည့်ဖြင့် ရှိမည့်အကြောင်း သတင်းကောင်းပေးလိုက်ပါသည်။ ထို့နောက် အသင်တို့သည် ချမ်းသာကြွယ်ဝသူများထက်နေ့တစ်ဝက်စော၍ 'ဂျန္နသ်'သို့ ဝင်ကြရပေမည်။ အလ္လာဟ်အသျှင်မြတ်၏ထံတော်တွင် နေ့တစ်နေ့သည်နှစ်တစ်ထောင် ဖြစ်ပေမည်။ ထို့ကြောင့် ဆင်းရဲသားတို့သည် ချမ်းသာသူများထက် နှစ်ငါးရာစော၍ 'ဂျန္နသ်'သို့ ဝင်ရောက်ကြရပေမည်။ *[သိရ်မေဇီကျမ်း၊ မဇ္ဖဟ်ရီကျမ်း။]*

ဖွင့်ဆိုချက်အနှစ်ချုပ်တွင် ဒုတိယ၏ အဓိပ္ပာယ်ကို **ونهاء** 'အင်မ်သီဒါး'ဟူသော စာလုံးဖြင့်နှိုင်းပြခဲ့သည်။

သံသယတစ်ခု၏အဖြေ

စူရာဟ်မအာရိဂ်ျတွင် 'အာခေရသ်'၏ နေ့တစ်နေ့ကို နှစ်ပေါင်း (၅၀၀၀၀) ငါးသောင်းနှင့် အညီဖြစ်သည်ဟု သတ်မှတ်ထားပေသည်။

كان مقداره خمسين الف سنة

ဤနေရာ၌လည်း သဖ်စီးရ်နှစ်ခုတွင် ပြင်းထန်ခြင်းနှင့် ကာလရှည်ကြာခြင်းတို့ပင် ဖြစ်နိုင်သည်။ လူတိုင်းအဖို့ ပြင်းထန်မှုနှင့် ဒုက္ခများသည် အခြားသူများနှင့် ကွဲလွဲမှုနှင့် အနည်းအများ ဖြစ်ပေသည်။ ထို့ကြောင့် ထိုနေ့သည် အချို့လူတို့အဖို့ နှစ် (၁၀၀၀) ကြာရှည်သည်ဟု ခံစားရပေမည်။ အချို့တို့မှာ နှစ်ပေါင်း (၅၀၀၀၀) ကြာရှည်သည်ဟု ခံစားရပေမည်။ အကယ်၍ ဒုတိယအဓိပ္ပာယ်ကို ကောက်ယူသောကြောင့် အမှန်တကယ်ပင် 'အာခေရသ်'၏ နေ့တစ်နေ့သည် နှစ်ပေါင်း (၅၀၀၀၀) ရှိမည်ဆိုပါက ထိုအာယသ်တော်နှစ်ပါးတွင် ဆန့်ကျင်မှုဖြစ်နေကြောင်း အပေါ်ယံအားဖြင့် ထင်ရပေသည်။ အကြောင်းမှာ တစ်နေရာတွင် နှစ် (၁၀၀၀) နှင့် အခြားတစ်နေရာတွင် နှစ်ပေါင်း (၅၀၀၀၀) ဟု လာရှိသောကြောင့် ဖြစ်သည်။ သို့ရှိရာ ဟကီမွလ်အွမ္မသ်သည် ဗယာနုလ်ကုရ်အာန်တွင် ထိုကွဲလွဲမှုကို ညှိနှိုင်းပေးထားသည်မှာ 'ဤသို့နှစ် (၁၀၀၀) မှ နှစ် (၅၀၀၀၀) အထိ မတူညီမှုများသည် စကြဝဠာ၏ ကွဲလွဲမှုများအရ ဖြစ်သည်။ ဒုန္နယာလောကတွင် အလယ်အလတ်ရှိသော နေ့တစ်နေ့၏ ရွေ့လျားမှုသည် နေဝင်နေထွက်၏ လှုပ်ရှားမှုအပေါ်၌ မူတည်ပါသည်။

ထို့ကြောင့် အီကွေတာလမ်းကြောင်းပေါ်၌ ဖြစ်လျှင် နေ့နှင့် ညဥ့်သည် ၂၄ နာရီ ဖြစ်ရပေသည်။ မြောက်ဝင်ရိုးစွန်း၌ဆိုလျှင် တစ်နှစ်ပတ်လည်ပြီးမှ နေထွက်ပေသည်။ ထိုဒေသနှစ်ခု၏ အလယ်ရှိ အကွာအဝေး အတိုင်းအတာ မတူညီသည့်အပေါ် နေဝင်နေထွက်ချိန်လည်း ကွဲလွဲမှုရှိကြသည်။ ပထမနေ့သည် ပုံမှန်သွားနှုန်းဖြင့် လည်ပတ်နေပြီး ယင်းပုံမှန်နှင့် ဆန့်ကျင်လျက် သွားနှုန်း နှေးကွေးသွားသည့်အခါ မိုးကုတ်စက်ဝိုင်းတစ်ခုတွင် နှစ်ပေါင်းတစ်ထောင်နေ့ ဖြစ်သွားလေသည်။ ထို့နောက် ထိုမိုးကုတ်စက်ဝိုင်းထက် အဆ (၅၀) အကွာအဝေး၌ ရောက်ရှိသွားသောအခါ နှစ်ပေါင်း (၅၀၀၀၀) ငါးသောင်းသည် နေ့ဖြစ်သွားရသည်။ ကြားအလယ်၌ရှိသော ဒေသများသည် အနီး၊ အဝေးလိုက်၍ မတူညီ ခြားနားမှုများဖြစ်သွားရသည်။

[ဗယာနုလ်ကုရ်အာန်ကျမ်း]

◊◊◊◊◊◊◊◊◊◊◊◊◊◊◊◊◊◊◊◊◊◊

وَمَآ أَرْسَلْنَا مِن قَبْلِكَ مِن رَّسُولٍ وَلَا نَبِيٍّ إِلَّآ إِذَا تَمَنَّىٰٓ أَلْقَى ٱلشَّيْطَٰنُ فِىٓ أُمْنِيَّتِهِۦ فَيَنسَخُ ٱللَّهُ مَا يُلْقِى ٱلشَّيْطَٰنُ ثُمَّ يُحْكِمُ ٱللَّهُ ءَايَٰتِهِۦ ۗ وَٱللَّهُ عَلِيمٌ حَكِيمٌ ﴿٥٢﴾

၂၂ : ၅၂ ။ ။ စင်စစ် ငါအသျှင်မြတ်သည် အသင့်အလျှင် စေလွှတ်တော်မူခဲ့သော မည်သည့်ရစူလ်တမန်တော်တိုင်းသည်လည်းကောင်း၊ မည်သည့်နဗီတမန်တော်တိုင်းသည်လည်းကောင်း ထို (ရစူလ် သို့မဟုတ် နဗီ) တမန်တော်တို့သည် (တစ်စုံတစ်ရာကို) ရွတ်ဖတ်ခဲ့သောအခါ (တစ်နည်း) တစ်စုံတစ်ရာကို အလိုဆန္ဒ ရှိခဲ့သောအခါ ရှိက်သွာန်သည် ၎င်း (ရစူလ် သို့မဟုတ် နဗီ) တမန်တော်၏ ရွတ်ဖတ်မှု (ကျမ်းချက်) နှင့် စပ်လျဉ်း၍ (တစ်နည်း) ယင်းအလိုဆန္ဒနှင့် စပ်လျဉ်း၍ (စိတ်တွင်းဝယ် ယုံမှားသံသယဖြစ်မှုကို) ထည့်သွင်း (ဖန်တီး) လေ့ရှိခဲ့၏။ ထိုအခါ အလ္လာဟ်အသျှင်မြတ်သည် ရှိက်သွာန် (ဖန်တီး) ထည့်သွင်းသမျှ (သော၊ သံသယမှုများ) ကို ပပျောက်စေတော်မူခဲ့လေသည်။ ထို့နောက် အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ အာယသ်တော်များကို (ပိုမို၍ပင်) တည်တံ့ခိုင်မြဲစေတော်မူ၏။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိတော်မူသော အသျှင်၊ ဆင်ခြင်တုံဉာဏ်နှင့် ပြည့်စုံတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

لِّيَجْعَلَ مَا يُلْقِى ٱلشَّيْطَٰنُ فِتْنَةً لِّلَّذِينَ فِى قُلُوبِهِم مَّرَضٌ وَٱلْقَاسِيَةِ قُلُوبُهُمْ ۗ وَإِنَّ ٱلظَّٰلِمِينَ لَفِى شِقَاقٍۭ بَعِيدٍ ﴿٥٣﴾

၂၂ : ၅၃ ။ ။ (ဤသို့ ဖြစ်စေတော်မူခြင်းမှာ) ထိုအသျှင်မြတ်သည် ရှိက်သွာန်၏ (ဖန်တီး) ထည့်သွင်းသည့် (သံသယမှုများ) ကို၊ စိတ်နှလုံးများတွင် (အယောင်ဆောင်မှု၏) ရောဂါဝေဒနာ စွဲကပ်လျက်ရှိသူတို့နှင့် စိတ်နှလုံးများ ခက်ထန်မာကျော

လျက် ရှိသူတို့အား စမ်းသပ်မှု ပြုတော်မူရန် ဖြစ်ပေသည်။ ဧကန်မလွဲ မတရား (ဒုစရိုက်မှု) ကျူးလွန်သောသူတို့သည် ဝေးလံစွာသော ကွဲပြား (ငြင်းခုံ) မှု၌ပင် ရှိကြနေကြကုန်၏။

وَّلِيَعْلَمَ الَّذِيْنَ اُوْتُوا
الْعِلْمَ اَنَّهُ الْحَقُّ مِنْ رَّبِّكَ فَيُؤْمِنُوْا بِهٖ فَتُخْبِتَ لَهٗ
قُلُوْبُهُمْ ؕ وَاِنَّ اللّٰهَ لَهَادِ الَّذِيْنَ اٰمَنُوْۤا اِلٰى صِرَاطٍ مُّسْتَقِيْمٍ ﴿۵۴﴾

၂၂ : ၅၄ ။ ။ ထို့ပြင် (ဤသို့ ဖြစ်စေတော်မူခြင်းမှာ) အသိပညာကို ချီးမြှင့်ပေးသနားတော်မူခြင်း ခံကြရသောသူတို့သည် ဤ (ကုရ်အာန်ကျမ်းမြတ်) မှာ အသင့်အား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ထံတော်မှ (ကျရောက်လာသော) အမှန်တရားပင် ဖြစ်ကြောင်း သိရှိကြရန်အလို့ငှာ ဖြစ်ပေသည်။ ထိုအခါ ၎င်းတို့သည် ဤ (ကုရ်အာန်ကျမ်းတော်) ကို (ပိုမို၍ပင်) ယုံကြည်လက်ခံလာကြသည့်အပြင် ၎င်းတို့၏ စိတ်နှလုံးများသည်လည်း ယင်း (ကုရ်အာန်ကျမ်းတော်မြတ်) ၏ ရှေ့ဝယ် (သာ၍ပင်) ကျိုးနွံ၍ ယိမ်းညွတ်လာကြပေမည်။ ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် မုအ်မင်န်သက်ဝင် ယုံကြည်သောသူတို့အား ဖြောင့်မတ်မှန်ကန်သော လမ်းကို ညွှန်ပြတော်မူသော အသျှင်မြတ် အမှန်ပင် ဖြစ်တော်မူပေသည်။

وَلَا يَزَالُ الَّذِيْنَ كَفَرُوْا فِيْ مِرْيَةٍ مِّنْهُ حَتّٰى تَاْتِيَهُمُ
السَّاعَةُ بَغْتَةً اَوْ يَاْتِيَهُمْ عَذَابُ يَوْمٍ عَقِيْمٍ ﴿۵۵﴾

၂၂ : ၅၅ ။ ။ စင်စစ် ကာဖိရ်မယုံမကြည် သွေဖည်ငြင်းပယ်ခဲ့ကြသော သူတို့သည် ထိုသူတို့အပေါ်ဝယ် 'ကေယာမသ်' ရောက်လာသည့်တိုင်အောင် သို့မဟုတ် ထိုသူတို့ထံ အကြောင်းမလှသော (အမင်္ဂလာဖြစ်သည့်) နေ့၏ ပြစ်ဒဏ် ရောက်ရှိလာသည့်တိုင်အောင် ယင်း (ကုရ်အာန်ကျမ်းတော်မြတ်) နှင့် စပ်လျဉ်း၍ သံသယ၌ပင် ရှိမြဲ ရှိနေကြပေမည်။

اَلْمُلْكُ يَوْمَئِذٍ لِّلّٰهِ ؕ يَحْكُمُ بَيْنَهُمْ ؕ فَالَّذِيْنَ اٰمَنُوْا وَ
عَمِلُوا الصّٰلِحٰتِ فِيْ جَنّٰتِ النَّعِيْمِ ﴿۵۶﴾

၂၂ : ၅၆ ။ ။ ထိုနေ့တွင် စိုးမိုးအုပ်ချုပ်မှု အာဏာသည် အလ္လာဟ်အသျှင်မြတ်၌သာလျှင်ရှိပေမည်။ ထိုအသျှင်မြတ်သည် ၎င်းတို့၏အကြားဝယ် စီရင်ဆုံးဖြတ်တော်မူမည် ဖြစ်၏။ ထို့နောက် အီမာန်သက်ဝင်ယုံကြည်၍ ကောင်းမြတ်သော အကျင့်သီလများကို ကျင့်မူဆောက်တည်ခဲ့ကြသော သူတို့သည် သုခချမ်းသာ စည်းစိမ်နှင့် ပြည့်စုံသော ဥယျာဉ်များ၌ ရှိကြပေမည်။

وَالَّذِيْنَ كَفَرُوْا وَكَذَّبُوْا بِاٰيٰتِنَا فَاُولٰٓئِكَ لَهُمْ عَذَابٌ مُّهِيْنٌ ﴿۵۷﴾

၂၂ : ၅၇ ။ ။ သို့ရာတွင် အကြင်သူတို့သည် သွေဖည်ငြင်းပယ်ခဲ့ကြကုန်၏။ ၎င်းပြင် ထိုသူသည် ငါအသျှင်မြတ်၏ အာယသ်တော်များကို မဟုတ်မမှန်ဟူ၍ စွပ်စွဲငြင်းပယ်ခဲ့ကြကုန်၏။ ထိုသူတို့အဖို့မှာမူ ၎င်းတို့၌ ဂုဏ်အင်သွေးသိမ်စေသည့် ကျိုးယုတ်ရှက်ရဖြစ်စေသော ပြစ်ဒဏ်သည် ရှိပေလိမ့်မည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့နောက် (အို၊ မိုဟမ္မဒ်၊ ဤသူများသည် အသင့်အား ရှိုက်သွာန်၏ လှည့်ဖြားမှုဖြင့် အငြင်းအခုံ ပြုလုပ်နေခြင်းများသည် အသစ်အဆန်း မဟုတ်ဘဲ) အသင်၏အလျင် ငါအသျှင်မြတ် စေလွှတ်တော်မူခဲ့သည့် နဗီ၊ ရစူလ်တို့တွင် ဤဖြစ်ရပ်နှင့် မကြုံတွေ့ရသူဟူ၍ မရှိခဲ့ပါချေ။ ၄င်းနဗီရစူလ်တို့က (အလ္လာဟ် အသျှင်မြတ်၏ အမိန့်တော်များအနက်) တစ်စုံတစ်ရာ ဖတ်ကြားပြသသည့်အခါ ရှိုက်သွာန်သည် ထိုနဗီ ရစူလ်၏ ဖတ်ကြားပြသမှုများတွင် (ကာဖိရ်တို့၏ စိတ်နှလုံးသားများ၌) ဒွိဟသံသယ (နှင့် စောဒကများ) ထည့်ပေးလေ့ ရှိခဲ့သည်။ (ထို့နောက် ကာဖိရ်တို့သည် ထိုသံသယများနှင့် စောဒကများကို တင်ပြ၍ နဗီ တမန်တော်များနှင့် အငြင်းအခုံ ပြုကြလေသည်။ အခြားအာယသ်တော်များတွင် မိန့်ကြားထားသည်မှာ-

وكذلك جعلنالكل نبى عدو اشيٰطين الانس والجن يو حى بعضهم
الى بعض زخرف القول غزوراوان الشيٰطين ليوحون الىٓ اوليا ئهم ليجاد لوكم

ထို့နောက် အလ္လာဟ်အသျှင်မြတ်သည် ရှိုက်သွာန် ထည့်သွင်းထားသည့် ဒွိဟသံသယများကို (ပြတ်သားသော အဖြေများနှင့် ရှင်းလင်းသော အထောက်အထားတို့ဖြင့်) အစအနမရှိအောင် ပြုလုပ်တော်မူသည်။ (မှန်ကန်သော ဖြေကြားခြင်းများနောက်တွင် စောဒကများ ဝေးလွင့်သွားသည်မှာ အထင်အရှားဖြစ်သည်) တစ်ဖန် အလ္လာဟ်အသျှင်မြတ်သည် မိမိ၏ လက္ခဏာတော်များ (၏ အကြောင်းအရာများ၏) ပို၍ အခိုင်အမာ ပြုတော်မူသည်။ (အသျှင်မြတ်၏ လက္ခဏာတော်များသည် ပင်ကိုယ်ကပင် အခိုင်အမာ ဖြစ်သည်။ သို့ရာတွင် စောဒကများ၏အပေါ် ဖြေကြားချက်များဖြင့် ပို၍ ပေါ်လွင်လာရသည်။) ထို့နောက် အလ္လာဟ် အသျှင်မြတ်သည် (ထိုစောဒကများနှင့် စပ်လျဉ်း၍) ကောင်းစွာ သိတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ (၄င်းတို့အား ဖြေကြားရန် သင်ကြားပေးခြင်းတွင်) ကောင်းစွာ အမြော်အမြင်ရှိတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ (ဤဖြစ်ရပ်အားလုံးကို တင်ပြရခြင်းမှာ အလ္လာဟ်အသျှင်မြတ်သည် ရှိုက်သွာန် ထည့်သွင်းသည့် (ဒွိဟသံသယများ) ကို စိတ်တွင်း၌ (အယောင်ဆောင်မှု) ရောဂါဝေဒနာ ရှိသူတိုင်းအဖို့ လည်းကောင်း၊ စိတ်နှလုံးခက်ထန်မာကျောသူတို့အဖို့လည်းကောင်း စမ်းသပ်မှုပြုတော်မူရန် ဖြစ်သည်။ (၄င်းတို့သည် ဒွိဟသံသယမှ ကျော်လွန်၍ လမ်းမှားခြင်းကို ယုံကြည်မှုအဆင့်အထိ ရောက်ရှိသွားပေပြီ။ သို့ရှိရာ ဖြေကြားခြင်းပြီးနောက်လည်း ဒွိဟသံသယများနောက်သို့ လိုက်သည်လော။ (သို့) ဖြေကြားမှုကို သဘောပေါက်၍ အမှန်တရားကို လက်ခံသည်လော ဆိုသည်ကို ကြည့်ရန် စမ်းသပ်တော်မူခြင်း ဖြစ်သည်။ မုချကေန် မတရားမှုကျူးလွန်သည့် (ဒွိဟသံသယဖြစ်သူများနှင့် လမ်းမှားခြင်းကို ယုံကြည်) သူများသည် လည်း ကြီးမားစွာသော ကွဲလွဲမှု၌ပင် ရှိကြကုန်၏။ (အမှန်တရားသည် ရှင်းလင်းထင်ရှားပါလျက် ရန်လိုမှုကြောင့်သာလျှင် လက်မခံခြင်းဖြစ်သည်။ ရှိုက်သွာန်အား ဒွိဟသံသယများ ထည့်ပေးနိုင်သည့် အခွင့်အရေးပေးထားခြင်းမှာ စမ်းသပ်ရန် ဖြစ်သည်။)

ထို့နောက် (ထိုဒွိဟသံသယများ၏ မှန်ကန်သည့် အဖြေများနှင့် 'ဟေဒါယသ်' တရားလမ်းမှန်၏ နူရ်ရောင်ခြည်မှ လမ်းမှားမှုများ ဖြစ်ရခြင်းမှာ) အသိပညာ ချီးမြှင့်ခြင်းခံရသူတို့သည် (ထိုမှန်ကန်သည့် အဖြေများနှင့် ဟေဒါယသ်၏ အလင်းရောင်များအားဖြင့်) ဤ (နဗီတမန်တော် ဖတ်ကြားပြသသည်များ သည်) အသင်၏ အသျှင်မြတ်ဘက်တော်မှ အမှန်ပင်ဖြစ်ကြောင်း ပို၍ ယုံကြည်ရန်ဖြစ်သည်။ သို့ရှိရာ အီမာန်အပေါ်၌ ပို၍ ရပ်တည်နိုင်ကြပေမည်။ တစ်ဖန် (ပို၍ ယုံကြည်သည့် 'ဗရ်ကသ်' ဖြင့်) ထိုကုရ်အာန် (အပေါ်၌ ကျင့်သုံးခြင်း) ဘက်သို့ ၎င်းတို့၏ နှလုံးသားများသည် ပိုမို၍ တိမ်းညွတ်လာကြပေမည်။ ကေန်စင်စစ် အီမာန်သက်ဝင် ယုံကြည်သူတို့အား အလ္လာဟ်အသျှင်မြတ်သည်သာ ဖြောင့်မတ်သည့် လမ်းကို ညွှန်ပြတော်မူသည်။ (တစ်ဖန် အဘယ်သို့သောကြောင့် ၎င်းတို့ အီမာန် မရရှိကြရမည်နည်း။ ဤသည် အီမာန်ရှင်များ၏ အခြေအနေဖြစ်သည်။) ထို့ပြင် ကာဖိရ်တို့သည် အမြဲတစေ ထို (ဖတ်ကြားပြသသည့် အမိန့်တော်များ) အပေါ် သံသယဖြင့်သာ ရှိနေကြပေလိမ့်မည်။ (ထိုသံသယကို ၎င်းတို့၏ နှလုံးသားတွင်း၌ ရှိုက်သွှာန်က ထည့်ပေးထားခဲ့လေသည်။) ဤသည် ၎င်းတို့ထံသို့ 'ကေယာမသ်' နေ့ ရောက်ရှိလာသည့်တိုင် ဖြစ်သည်။ (၎င်းတို့အဖို့ 'အဇားဗ်' ကျရောက်ခြင်း မရှိသည့်တိုင် ကြောက်ရွံ့စိုးရိမ်နေရခြင်းသည်ပင် လုံလောက် မှုရှိပေသည်။) သို့တည်းမဟုတ် (ထို့ထက်ပို၍) ၎င်းတို့အပေါ်တွင် အ,မင်္ဂလာဖြစ်သောနေ့ (ကေယာမသ် နေ့) ၏ 'အဇားဗ်' အပြစ်ဒဏ် ရောက်ရှိလာသည့်တိုင် အသျှင်မြတ်၏ အမိန့်တော် (ကုရ်အာန်ကျမ်းတော် မြတ်) အား သံသယဖြစ်နေကြပေမည်။ (နှစ်မျိုးစလုံး ပူးတွဲ၍လည်း ဖြစ်ပေမည်။ ပိုမို၍ ပြင်းထန်သည့် 'အဇားဗ်' အပြစ်ဒဏ် ရှိပေသည်။ ဆိုလိုသည်မှာ ၎င်းတို့သည် 'အဇားဗ်' အပြစ်ဒဏ်ကို မမြင်ရသရွေ့ ကုဖွ်ရ်လုပ်ရပ်မှ ရှောင်ကြဉ်ကြမည် မဟုတ်ပေ။ သို့သော် ထိုအချိန်တွင် အကျိုးရှိမည် မဟုတ်တော့ပေ။) ထိုနေ့တွင် စိုးမိုးအုပ်ချုပ်မှုသည် အလ္လာဟ်အသျှင်မြတ်၌သာ ရှိပေမည်။ ထိုအသျှင်မြတ်သည် (၎င်းတို့နှင့် စပ်လျဉ်း၍) စီရင်ဆုံးဖြတ်တော်မူမည်။ ထို့နောက် အီမာန်သက်ဝင် ယုံကြည်၍ ကောင်းမြတ်သော အကျင့် သီလများ ဆောက်တည်ကြသူတို့သည် သုခချမ်းသာနှင့် ပြည့်စုံသော ဥယျာဉ်များ၌ ရှိကြပေမည်။ ထို့အပြင် သွေဖည်ငြင်းပယ်လျက် ငါအသျှင်မြတ်၏ သက်သေလက္ခဏာတော်များကို မဟုတ်မမှန်ဟု ငြင်းဆိုခဲ့ကြ သူတို့အတွက် သေးသိမ်ယုတ်ညံ့သည့် 'အဇားဗ်' အပြစ်ဒဏ် ရှိပေမည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

مِنْ رَّسُوْلٍ وَّ لَا نَبِيٍّ

ဤစာလုံးများအရ နဗီနှင့် ရစူလ်သည် သီးခြားအဓိပ္ပာယ်များရှိ၍ တစ်မျိုးတည်းမဟုတ်ကြောင်း သိရှိရသည်။ နဗီနှင့် ရစူလ်၏ မတူညီမှုနှင့် စပ်လျဉ်း၍ ကွဲလွဲမှုများ ရှိသည်။ ထင်ရှားကျော်ကြားသည့် အဆိုအရ နဗီဆိုသည်မှာ အလ္လာဟ်အသျှင်မြတ်၏ ဘက်တော်မှ 'နဗူဝသ်' ချီးမြှင့်၍ လူသားတို့အား ပြုပြင် ရန် စေလွှတ်ခံရသူဖြစ်သည်။ ၎င်းထံသို့ အသျှင်မြတ်ဘက်တော်မှ 'ဝဟီ' ပို့ချဆောင်တော်မူသည်။ ၎င်းသည်

ကျမ်းသစ်၊ တရားတော်အသစ်ရသည်ဖြစ်စေ၊ (သို့မဟုတ်) မိမိအလျင် နဗီ၏ တရားတော်နှင့် ကျမ်းတော်ကို ပို့ချရန် အမိန့်ပေးခံရသူဖြစ်စေ အတူတူပင်ဖြစ်သည်။ ရစူလ်သည် နဗီတမန်တော်မူစာ عليه السلام ၊ အီစာ عليه السلام နှင့် ခါသမွန်နဗီယီးန်မိုဟမ္မဒ် ﷺ တို့၏ ဥပမာဖြစ်သည်။ နဗီသည် တမန်တော်ဟာရူးန် عليه السلام ၏ ပုံမှာ ဖြစ်သည်။ ၄င်းသည် ဟဇရသ်မူစာ عليه السلام ၏ ကျမ်းတော် 'သောင်ရားသ်'နှင့် ရှရီအသ်ကို ဖြန့်ချိရန် တာဝန်ပေးခံရသူဖြစ်သောကြောင့်ပင် ဖြစ်သည်။ ရစူလ်ဆိုသည်မှာ ကျမ်းအသစ်နှင့် ရှရီအသ်အသစ်ကို ရရှိသူ ဖြစ်သည်။ ထိုအချက်ဖြင့် ရစူလ်တိုင်းသည် နဗီဖြစ်ရန် အရေးကြီးသည်။ သို့ရာတွင် နဗီတိုင်းသည် ရစူလ်ဖြစ်ရန် အရေးမကြီးပေ။ ဤပိုင်းခြားခွဲဝေခြင်းသည် လူသားများအဖို့ ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်၏ 'ဝဟီ'ယူဆောင်လာသည့် ဖရစ်ရှ်သာဟ်များအား ရစူလ်ဟု ဆိုခြင်းမှာ ထိုအချက်နှင့် မဆန့်ကျင်ပေ။

اَلْقَى الشَّيْطٰنُ فِىْٓ اُمْنِيَّتِهٖ

တွင် تمنّى သည် ဤနေရာတွင် قرأ ၏ အဓိပ္ပာယ်ဖြစ်သည်။ اُمْنِيَّة ၏ အဓိပ္ပာယ်မှာ قراءت ဖြစ်သည်။ အာရဗီအဘိဓါန်အရ ဤအဓိပ္ပာယ်သည်လည်း ကျော်ကြားမှုရှိသည်။ ဤအာယသ်တော်၏ ဖွင့်ဆိုချက်အနှစ်ချုပ်၌ အလွန်ရှင်းလင်းစွာ ရေးသားထားသည်။ အဘူဟိုက်ယားန်က ဗဟာရ်မုဟီးသ်ကျမ်းတွင်လည်းကောင်း၊ အခြားများစွာသော အဖွင့်ပညာရှင်များသည်လည်းကောင်း ဤသည်ကိုပင် ရွေးချယ်ခဲ့ကြသည်။ ဟဒီးစ်ကျမ်းများတွင် ဤနေရာ၌ ဖြစ်ရပ်တစ်ခုကို ဆင့်ပြန်ထားသည်။ ထိုဖြစ်ရပ်သည် غرانيق ဟူသော အမည်ဖြင့် ကျော်ကြားသည်။ ဤဖြစ်ရပ်သည် အများစု မုဟဒ်ဒိဆ်များထံတွင် အတည်မဖြစ်ပေ။ အချို့ပုဂ္ဂိုလ်များက ထိုဖြစ်ရပ်ကို သာသနာပျက်သူတို့၏ တီထွင်လုပ်ကြံသည့် ဖြစ်ရပ်ဟု သတ်မှတ်ကြသည်။ ထိုဖြစ်ရပ်အား အတည်ဖြစ်သည်ဟု ဆိုသူတို့က ၄င်း၏ ပေါ်လွင်သော စာလုံးများဖြင့် ကုရ်အာန်နှင့် ဟဒီးစ်တော်တို့၏ တိကျရှင်းလင်းသည့် အမိန့်ပညတ်ချက်များအား ကမောက်ကမ ဖြစ်စေသည့်အခါ ထိုအချက်နှင့် စပ်လျဉ်း၍ အမျိုးမျိုးသော အဖြေများ ပေးကြလေသည်။ သို့ရာတွင် ကုရ်အာန်၏ ဖွင့်ဆိုခြင်းသည် ထိုဖြစ်ရပ်အပေါ် မူတည်ခြင်းမဟုတ်ဘဲ အထက်၌ တင်ပြခဲ့သည့် ရိုးရိုးရှင်းရှင်း အလိုသဘောဖြင့်ပင် လုံးဝ ရှင်းနေပါသည်။ အကြောင်းမဲ့ဖြစ်ရပ်ကို ဖွင့်ဆိုချက်၏ အစိတ်အပိုင်းပြုလုပ်လျက် ဒွိဟသံသယတံခါးများ ဖွင့်ခြင်းနှင့် အဖြေရှာရန် ကြိုးစားခြင်းတို့မှာ အကျိုးရှိသည့် လုပ်ရပ်မဟုတ်သည့်အတွက် စွန့်လွှတ်လိုက်ရပေသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَالَّذِيْنَ هَاجَرُوْا فِيْ سَبِيْلِ اللّٰهِ ثُمَّ قُتِلُوْٓا اَوْ مَاتُوْا لَيَرْزُقَنَّهُمُ
اللّٰهُ رِزْقًا حَسَنًا ۭ وَاِنَّ اللّٰهَ لَهُوَ خَيْرُ الرّٰزِقِيْنَ ۵۸

၂၂ ÷ ၅၈ ။ ။ ထိုပြင် အကြင်သူတို့သည် အလ္လာဟ်အသျှင်မြတ်၏ သာသနာ့လမ်းစဉ်၌ (မိမိတို့၏ အိုးအိမ်စည်းစိမ် ခပ်သိမ်းတို့ကို စွန့်၍) ရွှေ့ပြောင်းခဲ့ကြရ၏။ ထို့နောက် ၄င်းသူတို့သည် သတ်ဖြတ်ခြင်းကို ခံခဲ့ကြရသည်ဖြစ်စေ၊ ကွယ်လွန်

သေဆုံးခဲ့ကြရသည်ဖြစ်စေ ကေန်အမှန် အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား အလွန်ကောင်းမြတ်သော စားနပ်ရိက္ခာမျိုးကို ချီးမြှင့်ပေးသနားတော်မူပေမည်။ ကေန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည်ပင်လျှင် အကောင်းဆုံး (အပေါများဆုံး) စားနပ်ရိက္ခာ ချီးမြှင့်ပေးသနားတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

لَيُدْخِلَنَّهُمْ مُّدْخَلًا يَّرْضَوْنَهٗ ۗ وَاِنَّ اللّٰهَ لَعَلِيْمٌ حَلِيْمٌ ۝

၂၂ : ၅၉ ။ ။ ကေန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား၊ ၎င်းတို့ လွန်စွာ နှစ်သက်ကျေနပ်ကြမည့် နေရာဌာနသို့ ဝင်ရောက်စေတော်မူမည်။ အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိတော်မူသော၊ အလုံးစုံကို သိမြင်တော်မူသော အသျှင်၊ အလွန်တရာ သည်းခံတော်မူသော အသျှင်မြတ် အမှန်ပင် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့ပြင် အကြင်သူတို့သည် အလ္လာဟ်အသျှင်မြတ်၏ လမ်းတော်တွင် (သာသနာ၏ ကာကွယ်စောင့်ရှောက်မှုအတွက်) မိမိတို့၏ ဌာနေကို စွန့်ခွာခဲ့ကြသည်။ တစ်ဖန် ထိုသူတို့သည် (ကာဖိရ်များနှင့် ရင်ဆိုင်ရာတွင်) အသတ်ခံခဲ့ရသည်။ သို့မဟုတ် (ဤအတိုင်း သဘာဝအလျောက်သေခြင်းမျိုးဖြင့်) ကွယ်လွန်ခဲ့ကြသည်ဆိုလျှင် (ထိုသူတို့အဖို့ အကျိုးမဲ့ မဖြစ်ပါချေ။ ၎င်းတို့အဖို့ လောကီအကျိုးကား မရရှိလိုက်သော်လည်း 'အာခေရသ်'တွင်) အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား မုချကေန် ကောင်းမြတ်သော ရိဇိရိက္ခာများ ချီးမြှင့်တော်မူပေမည်။ ('ဂျန္နသ်'၏ မရေမတွက်နိုင်သော စည်းစိမ်များကို ဆိုလိုသည်။) ကေန်အမှန် အလ္လာဟ်အသျှင်မြတ်သည် ပေးကမ်းချီးမြှင့်သူအားလုံးအနက် အကောင်းဆုံး (ပေးကမ်းချီးမြှင့်တော်မူသော အသျှင်မြတ် ဖြစ်တော်မူသေည်။ (ထို့နောက် ထိုကောင်းသော ပေးကမ်းချီးမြှင့်ခြင်းနှင့်အတူ) အလ္လာဟ်အသျှင်မြတ်သည် ၎င်းတို့အား (နေရာထိုင်ခင်းလည်း ကောင်းမွန်စွာ ပေးတော်မူမည်။ ဆိုလိုသည်မှာ) ၎င်းတို့ (လွန်စွာ) နှစ်သက်လိုလားသည့် နေရာသို့ ခေါ်ဆောင်လျက် ဝင်ရောက်စေတော်မူမည်။ ဤနေရာ၌ ဓာဒက တက်ရန် ရှိသည်မှာ အချို့မုဟာဂျိရ်များသည် ဤလောကတွင် လောကီရေးအောင်မြင်မှု၊ အကူအညီများနှင့် အကျိုးကျေးဇူးများမှ အဘယ်ကြောင့် နဖူးစာမဲ့ခဲ့ကြရသနည်း။ ၎င်းတို့နှင့် ရင်ဆိုင်ခဲ့သည့် ကာဖိရ်များသည် ၎င်းတို့အား သတ်ဖြတ်ရန် စွမ်းအားများ အဘယ်ကြောင့် ရရှိခဲ့ကြသနည်း။ အသျှင်မြတ်၏ အမျက်တော်ဖြင့် ၎င်းတို့သည် အဘယ်ကြောင့် မပျက်စီးခဲ့ကြသနည်း။ ထိုဓာဒက၏ အဖြေမှာ မုချကေန် အလ္လာဟ်အသျှင်မြတ်သည် (လုပ်ရပ်ဟူသရွေ့၏ လျှို့ဝှက်ချက်နှင့် အမြော်အမြင်ကို) ကောင်းစွာ သိရှိတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။ (ထိုမုဟာဂျိရ်တို့၏ ပေါ်လွင်ထင်ရှားသည့် လောကီရေးဆုံးရှုံးမှုများတွင်လည်း များစွာသော လျှို့ဝှက်ချက်များနှင့် အမြော်အမြင်များစွာ ရှိပေသည်။ ထို့နောက်) အလွန်မြို့သိပ်တော်မူသောအသျှင် ဖြစ်တော်မူသည်။ (ထို့ကြောင့် ရန်သူများအား ချက်ချင်း အစားပေးတော်မမူခြင်းဖြစ်သည်)

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

ذٰلِكَ ۚ وَمَنْ عَاقَبَ بِمِثْلِ مَا عُوْقِبَ بِهٖ
ثُمَّ بُغِيَ عَلَيْهِ لَيَنْصُرَنَّهُ اللّٰهُ ۗ اِنَّ اللّٰهَ لَعَفُوٌّ غَفُوْرٌ ۝

၂၂ : ၆၀ ။ ။ ဤသည်ပင် (အသင့်အား ငါအသျှင်မြတ် ပြောကြားတော်မူသော အရေးကိစ္စများ ဖြစ်၏။) ၎င်းပြင် အကြင်သူသည် မိမိအား ဒုက္ခပေးခြင်း ခံခဲ့ရသည်နှင့် အညီအမျှ ပြန်လှန်တုန့်ပြန် လက်စားချေပြီးနောက် တစ်ဖန်၊ ထိုသူသည် ထပ်မံ၍ ကျူးလွန်စော်ကားခြင်းကို ခံခဲ့ရပြန်သည်ရှိသော်၊ ကေန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် ထိုသူ့အား ကူညီစောင်မ တော်မူမည် ဖြစ်၏။ အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်တော်မူသော အသျှင်၊ အလွန်တရာ (အပြစ်မှ) လွတ်ငြိမ်းချမ်းသာခွင့် ပေးသနားတော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ဤသည် အသင့်အား ငါအသျှင်မြတ် မိန့်ကြားတော်မူခဲ့သည့် အရေးကိစ္စဖြစ်သည်။ (ရှေ့၌ နားဆင်ပါလေ။) အကြင်သူသည် မိမိအား (ရန်သူမှ) ဒုက္ခပေးခဲ့သည်နှင့်အညီ ထို (ရန်သူအား) လက်တုန့်ပြန် ဒုက္ခရောက်စေခဲ့သည်။ တစ်ဖန် (ထိုသို့ ဒုက္ခပေးခြင်းနှင့် တုန့်ပြန်လက်စားချေမှုများ အညီအမျှ ဖြစ်ပြီးနောက် အကယ်၍ ရန်သူဘက်မှ) ထိုသူသည် တစ်ဖန် ထပ်မံ၍ ကျူးကျော်စော်ကားခြင်း ခံရသည်ရှိသော် အလ္လာဟ်အသျှင်မြတ်သည် ထိုသူ့အား မုချ ကူညီတော်မူမည် ဖြစ်သည်။ မုချကေန် အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ ခွင့်လွှတ်တော်မူသော အသျှင်၊ အလွန်တရာ လွတ်ငြိမ်းချမ်းသာခွင့် ပေးတော်မူသော အသျှင် ဖြစ်တော်မူပေသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

အလ္လာဟ်အသျှင်မြတ်သည် ကျူးကျော်စော်ကားခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း ခံရသူအား ကူညီစောင်မတော်မူသည်ဟူသော အကြောင်းအရာနှင့် အာယသ်တော်အချို့ တင်ပြခဲ့ပြီး ဖြစ်သည်။

وان الله على نصر هم لقدير

သို့သော် ကျူးကျော်စော်ကားခံရသူ နှစ်မျိုးရှိသည်။ ၎င်းမှာ-

(၁) ရန်သူ၏ ကျူးကျော်စော်ကားမှုအပေါ် မည်သည့်ရန်အစားယူခြင်းမျှ မရှိဘဲ ခွင့်လွှတ်လိုက်ခြင်း၊ (သို့) လျစ်လျူရှုလိုက်ခြင်း၊

(၂) မိမိအား ကျူးကျော်သည့် ရန်သူအား ထိုက်ထိုက်တန်တန် ပြန်လည် လက်စားချေလိုက်ခြင်း စသည်တို့ ဖြစ်သည်။

သို့ရှိရာ နှစ်ဦးနှစ်ဖက် ကျေအေးသွားပြီဖြစ်၍ ပြီးဆုံးသွားပြီးဖြစ်သည်။ သို့ရာတွင် မိမိ၏ ပြန်လည် တုန့်ပြန်လက်စားချေမှုအပေါ် မကျေမချမ်းဖြစ်၍ ရန်သူသည် ထပ်မံ၍ ရန်မူခြင်း၊ ပို၍ ကျူးကျော်စော်ကား

မှု ပြုခြင်း ဖြစ်လျှင် ထိုသူသည် ကျူးကျော်စော်ကားခံရသူအဖြစ်၌ပင် ရှိနေပါသည်။ ဤအာယသ်တော်တွင် ဒုတိယအမျိုးအစား၊ ကျူးကျော်စော်ကားခံရသူအားလည်း ကူညီရန် ကတိတော်ပေးထားပေသည်။ သို့ရာတွင် အလ္လာဟ်အသျှင်မြတ် နှစ်သက်တော်မူသည့်မှာ 'လူသားသည် ကနဦးကပင် ကျူးကျော်စော်ကားခြင်းကို သည်းခံလျက် ခွင့်လွှတ်လိုက်ရမည်။ တုန့်ပြန်လက်စားချေခြင်း မပြုရပေ။ အာယသ်တော်များစွာတို့၌ ဤအကြောင်းများ လာရှိထားသည်။ ဥပမာ- فمن عفا و اصلح فا جر ه على الله ထို့နောက် ولمن صبروغفران ذلك لمن عزم الامور ထို့နောက် وان تعفوا اقرب للتقوى စသည်တို့ ဖြစ်သည်။

ထိုအာယသ်တော်များတွင် ကျူးကျော်စော်ကားမှုအပေါ် လက်စားချေခြင်းမပြုဘဲ ခွင့်လွှတ်သည်းခံရန် နှိုးဆော်ထားသည်။ ကုရ်အာန်ကျမ်းတော်မြတ်၏ ဤညွှန်ကြားချက်များအရ ဤနည်းလမ်းသည် အမြတ်ဆုံးနှင့် အကောင်းဆုံး ဖြစ်သွားပေသည်။ မိမိ၏ ရန်သူအပေါ် အညီအမျှ လက်စားချေ တုန့်ပြန်သူသည် ကုရ်အာန်မှ ညွှန်ကြားသည့် အမြတ်ဆုံး၊ အကောင်းဆုံးလုပ်ရပ်ကို စွန့်လွှတ်သူဖြစ်သည့်အတွက် အလ္လာဟ်အသျှင်မြတ်၏ ကူညီစောင်မမှုမှ နဖူးစာမဲ့သွားမည်ကို သံသယဖြစ်နိုင်သည်။ အကြောင်းမှာ နောက်ဆုံးအာယသ်တော်တွင် لَعَفُوٌّ غَفُوْرٌ ဟု လာရှိထားသောကြောင့် ဖြစ်သည်။ ဆိုလိုသည်မှာ အကောင်းဆုံး၊ အမြတ်ဆုံး ကျင့်စဉ်ကို မပြုလုပ်သည့် ချွတ်ချော်မှုအပေါ် အလ္လာဟ်အသျှင်မြတ်သည် ထိုသူ့အားမည်သည့်အရေးယူခြင်းမျှ ပြုတော်မူမည်မဟုတ်ပေ။ ထို့မှုမက ယခုလည်း အကယ်၍ ရန်သူက ၎င်းအပေါ် ထပ်မံ၍ ကျူးကျော်စော်ကားပါလျှင် အလ္လာဟ်အသျှင်မြတ်သည် ၎င်းဘက်မှ ကူညီစောင်မတော်မူပေမည်။

[ရူဟွလ်မအာနီကျမ်း]

◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆◆

ذٰلِكَ بِاَنَّ اللّٰهَ يُوْلِجُ الَّيْلَ فِى النَّهَارِ وَيُوْلِجُ النَّهَارَ فِى الَّيْلِ وَاَنَّ اللّٰهَ سَمِيْعٌۢ بَصِيْرٌ ﴿٦١﴾

၂၂ : ၆၁ ။ ။ ဤသို့ (ကူညီတော်မူခြင်းမှာ) အလ္လာဟ်အသျှင်မြတ်သည် (ဥတုရာသီအလိုက်) ညဉ့် (၏ အစိတ်အပိုင်း) ကို၊ နေ့၏ အတွင်းသို့ ပါဝင်စေတော်မူ၍၊ ထိုနည်းတူစွာ (ဥတုရာသီအလိုက်) နေ့၏ (အစိတ်အပိုင်းကို) ညဉ့်၏ အတွင်းသို့ ပါဝင်စေတော်မူသောကြောင့်လည်းကောင်း၊ အလ္လာဟ်အသျှင်မြတ်သည် (မုအ်မင်န်သက်ဝင် ယုံကြည်သောသူတို့၏ ဆုတောင်းချက်ကို) အကြွင်းမဲ့ ကြားတော်မူသော အသျှင်၊ (ထိုသူတို့၏ အခြေအနေကိုလည်း) အကြွင်းမဲ့ မြင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူသောကြောင့်ပင် (ဖြစ်၏။)

ذٰلِكَ بِاَنَّ اللّٰهَ هُوَ
الْحَقُّ وَاَنَّ مَا يَدْعُوْنَ مِنْ دُوْنِهٖ هُوَ الْبَاطِلُ وَاَنَّ
اللّٰهَ هُوَ الْعَلِيُّ الْكَبِيْرُ ﴿٦٢﴾

၂၂ : ၆၂ ။ ။ ဤသို့ (ကူညီတော်မူခြင်းမှာ) အလ္လာဟ်အသျှင်မြတ်သည်သာလျှင် မှန်ကန်သော အသျှင်မြတ် ဖြစ်တော်မူ၍ ထိုအသျှင်မြတ်အား စွန့်၍ ၎င်းသူတို့ ဟစ်ခေါ် (တသ ကိုးကွယ်) ကြသော အရာများမှာမူ (လုံး၀) မှားသောကြောင့်လည်းကောင်း၊ အလ္လာဟ်အသျှင်မြတ်သည်သာလျှင် အလွန်မြင့်မြတ်တော်မူသော အသျှင်၊ အလွန် ကြီးကဲတော်မူသော အသျှင်မြတ် ဖြစ်တော်မူသောကြောင့်ပင် ဖြစ်ချေသည်။

اَلَمْ تَرَ اَنَّ اللّٰهَ اَنْزَلَ
مِنَ السَّمَآءِ مَآءً فَتُصْبِحُ الْاَرْضُ مُخْضَرَّةً ؕ اِنَّ
اللّٰهَ لَطِيْفٌ خَبِيْرٌ ﴿٦٣﴾

၂၂ : ၆၃ ။ ။ စေန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် ကောင်းကင်မှ မိုးရေကို ရွာသွန်းစေတော်မူခဲ့ရာ၊ ယင်းသို့ ရွာသွန်းစေတော်မူသောကြောင့်၊ ပထဝီမြေသည် စိမ်းလန်းစိုပြေဖြစ်လာသည်ကို အသင်သည် မသိမမြင်လေသလော။ စေန် မလွဲ အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ နက်နဲသိမ်မွေ့စွာ စီရင်ဆောင်ရွက်တော်မူသော၊ အလွန်တရာ ကြားသိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။

لَهٗ مَا فِى السَّمٰوٰتِ وَمَا
فِى الْاَرْضِ ؕ وَاِنَّ اللّٰهَ لَهُوَ الْغَنِىُّ الْحَمِيْدُ ﴿٦٤﴾

၂၂ : ၆၄ ။ ။ မိုးကောင်းကင်များ၌ ရှိသမျှသော အရာခပ်သိမ်းတို့သည်လည်းကောင်း၊ ကမ္ဘာမြေဝယ်၌ ရှိသမျှသော အရာခပ်သိမ်းတို့သည်လည်းကောင်း ထိုအသျှင်မြတ်ပိုင်ဆိုင်သော အရာများချည်းသာ ဖြစ်ကုန်၏။ အမှန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည်သာလျှင် လိုလားတောင့်တခြင်း ကင်းမဲ့တော်မူသော၊ ချီးမွမ်းထောမနာမှုကို ခံယူထိုက်တော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

اَلَمْ تَرَ اَنَّ اللّٰهَ سَخَّرَ لَكُمْ مَّا فِى الْاَرْضِ وَالْفُلْكَ تَجْرِىْ
فِى الْبَحْرِ بِاَمْرِهٖ ؕ وَيُمْسِكُ السَّمَآءَ اَنْ تَقَعَ عَلَى الْاَرْضِ
اِلَّا بِاِذْنِهٖ ؕ اِنَّ اللّٰهَ بِالنَّاسِ لَرَءُوْفٌ رَّحِيْمٌ ﴿٦٥﴾

၂၂ : ၆၅ ။ ။ အသင်သည် မသိမမြင်လေသလော။ စေန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် ပထဝီမြေဝယ် ရှိသည်တို့ကို အသင်တို့ အကျိုးငှာ နိုင်နင်းစေတော်မူခဲ့၏။ (အသုံးဝင်စေတော်မူခဲ့၏။) ထိုနည်းတူစွာ (ထိုအသျှင်မြတ်သည်) သင်္ဘော

(စသည်တို့) ကိုလည်း (အသင်တို့အဖို့ နိုင်နင်းစေတော်မူခဲ့၏။) ယင်း (သင်္ဘော) သည် ထိုအသျှင်မြတ်၏ အမိန့်တော်နှင့်အညီ ပင်လယ်သမုဒ္ဒရာ၌ သွားလာလှုပ်ရှားလျက် ရှိပေသည်။ ၄င်းပြင် ထိုအသျှင်မြတ်သည်ပင် မိုးကောင်းကင်ကို ထိုအသျှင်မြတ်၏ အမိန့်တော်မရှိဘဲ ပထဝီမြေပေါ်သို့ ပြိုကျမသွားရန် တားဆီး (ထိန်းသိမ်း) ၍ ထားတော်မူသည်။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် လူသားတို့အပေါ်ဝယ် အလွန်တရာ နူးညံ့သိမ်မွေ့တော်မူသော၊ အလွန်တရာ သနားကြင်နာတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။

وَهُوَ الَّذِيٓ أَحۡيَاكُمۡ ثُمَّ يُمِيتُكُمۡ ثُمَّ يُحۡيِيكُمۡۗ إِنَّ ٱلۡإِنسَٰنَ لَكَفُورٞ ٦٦

၂၂ : ၆၆ ။ ။ စင်စစ် ထိုအသျှင်မြတ်သည်ပင်လျှင် အကြင်အသျှင်မြတ် ဖြစ်တော်မူ၏။ ထိုအသျှင်မြတ်သည် အသင်တို့အား အသက်ရှင်ခြင်းကို ချီးမြှင့်တော်မူခဲ့သော အသျှင်မြတ် ဖြစ်တော်မူသည်။ တစ်ဖန် ထိုအသျှင်မြတ်သည် အသင်တို့အား အသက်သေစေတော်မူသည်။ ထို့နောက်တစ်ဖန် ထိုအသျှင်မြတ်သည်သာလျှင် အသင်တို့အား အသက်ရှင်စေတော်မူမည် ဖြစ်သည်။ ကေန်မလွဲ လူသားသည် အလွန်တရာ ကျေးဇူးကန်းသူ အမှန်ပင် ဖြစ်ချေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ဤ (မုအ်မင်န်တို့အား အောင်မြင်မှုပေးခြင်းနှင့် ကူညီစောင်မခြင်းတို့) သည် အလ္လာဟ်အသျှင်မြတ် (၏ တန်ခိုးတော်၏ ပြည့်စုံမှုပင် ဖြစ်သည်။ ထိုအသျှင်မြတ်) သည် ညဉ့် (၏ အစိတ်အပိုင်း) ကို နေ့၌၊ နေ့၏ အစိတ်အပိုင်းကို ညဉ့်၌ ဝင်ရောက်စေတော်မူသည်။ (ဤစကြဝဠာကြီးအား ပြောင်းလဲခြင်းသည် မျိုးနွယ်အုပ်စုတစ်စုကို အခြားမျိုးနွယ်အုပ်စုအပေါ်၌ လွှမ်းမိုးစေရန် ပြောင်းလဲရခြင်းထက် ပို၍ အံ့သြဖွယ် ဖြစ်သည်။) ထိုကြီးမားသည့် တန်ခိုးတော်များဖြင့် အလ္လာဟ်အသျှင်မြတ်သည် (ထိုသူတို့၏ ပြောဆိုခြင်းများ နှင့် အခြေအနေများကို) ကောင်းစွာ ကြားတော်မူသော အသျှင်၊ ကောင်းစွာ သိမြင်တော်မူသော အသျှင် ဖြစ်တော်မူသည်။ (ထိုအသျှင်မြတ်သည် ကာဖိရ်တို့၏ ကျူးကျော်စော်ကားမှုနှင့် မွတ်စ္စလင်မ်တို့၏ ကျူးကျော် စော်ကားခံရမှုများကို ကြားတော်၊ မြင်တော်မူသည်။ အဘယ်ကြောင့်ဆိုသော် ထိုအသျှင်မြတ်သည် အဖြစ် အပျက် အခြေအနေအားလုံးကို သိတော်မူခြင်းလည်း ရှိသည်။ တန်ခိုးတော်နှင့် အရာရာကို ပြုနိုင်စွမ်း ရှိခြင်းတွင်လည်း အကြီးမားဆုံး ဖြစ်တော်မူသည်။ ထိုအချက်အားလုံးတို့သည်ပင် အားနည်းသူများအား အောင်နိုင်မှုပြုပေးရန် အကြောင်းခံပင် ဖြစ်သည်။) ထို့ပြင် ဤသို့ ကူညီစောင်မတော်မူခြင်းသည် (ဤကိစ္စ တွင် အလ္လာဟ်အသျှင်မြတ်အား မည်သည့်စွမ်းအားရှင်ကမျှ တားဆီးနိုင်မည့် အင်အား မရှိ။ အကြောင်းမှာ) အလ္လာဟ်အသျှင်မြတ်သည်သာ မှန်ကန်သော အသျှင်မြတ်ဖြစ်တော်မူ၍ ထိုသူတို့ ခေါ်ဝေါ်တသ ကိုးကွယ် ကြသော ကိုးကွယ်ရာများမှာ (လုံးဝ) မှားယွင်းသောကြောင့် ဖြစ်သည်။

(ထိုကိုးကွယ်ရာများသည် ၄င်းတို့ကိုယ်တိုင် မိမိတို့၏ ဖြစ်ရပ်အပေါ် ရပ်တည်ရခြင်းတွင် လိုလား တောင့်တမှုများ ရှိသည့်အခါ ထိုအရာများသည် အလ္လာဟ်အသျှင်မြတ်အား မည်သို့ တားဆီးနိုင်စွမ်း ရှိပါ မည်နည်း။ အကြောင်းမှာ) အလ္လာဟ်အသျှင်မြတ်သည်သာ အလွန်မြင့်မြတ်သော ကြီးမားတော်မူသော

အသျှင် ဖြစ်တော်မူသောကြောင့်ပင် ဖြစ်သည်။ (ဤနေရာတွင် သေချာကျနစွာ စဉ်းစားခြင်းဖြင့် 'သောင်ဟီးဒ်' သည် အမှန်တရားဖြစ်၍ ရှရစ်ကိသည် လမ်းမှာခြင်းဖြစ်ကြောင်း လူတိုင်း နားလည်နိုင်ပါသည်။ ထို့အပြင်) ကေန်မုချ အလ္လာဟ်အသျှင်မြတ်သည် မိုးကောင်းကင်မှ မိုးရေကို ရွာသွန်းစေတော်မူသည်။ ထိုမိုးရေဖြင့် ပထဝီမြေသည် စိမ်းလန်းစိုပြေဖြစ်ခဲ့သည်ကို အသင်မသိမမြင်လေသလော။ မုချကေန် အလ္လာဟ်အသျှင်မြတ်သည် အလွန်တရာ နက်နဲသိမ်မွေ့စွာ စီရင်တော်မူသော အရာရာကို ကောင်းစွာ သိတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ (ထို့ကြောင့် ဗန္ဒာဟ်လူသားများ၏ လိုအပ်ချက်တို့ကို သိတော်မူလျက် ၎င်းတို့နှင့် သင့်လျော်သည့်အတိုင်း စီရင်ပေးတော်မူသည်။) မိုးကောင်းကင်၌ ရှိသမျှတို့သည်လည်းကောင်း၊ မြေပထဝီ၌ ရှိသမျှတို့သည်လည်းကောင်း အသျှင်မြတ်သည် မည်သည်ကိုမျှ လိုလားတောင့်တခြင်းမရှိပေ။ နည်းမျိုးစုံဖြင့် ချီးမွမ်းခြင်း၊ ထောပနာပြုခြင်းတို့ကို ခံထိုက်တော်မူသော အသျှင်မြတ်ဖြစ်တော်မူသည်။ အလ္လာဟ်အသျှင်မြတ်သည် ပထဝီမြေ၌ ရှိသမျှတို့ကို အသင်တို့အတွက် ကျိုးနွံစေတော်မူသည်ကို အသင်တို့ မမြင်ကြလေသလော။ လှေ၊ သင်္ဘော စသည်တို့သည် ထိုအသျှင်မြတ်၏ အမိန့်တော်ဖြင့် ပင်လယ်၊ သမုဒ္ဒရာပေါ်၌ သွားလာနိုင်ပေသည်။ ထို့အပြင် ထိုအသျှင်မြတ်ကပင် မိုးကောင်းကင်အား ကမ္ဘာမြေပေါ်သို့ ပြိုကျသွားရန် ထိန်းသိမ်းထားတော်မူသည်။ သို့သော် ဤသို့ဖြစ်ခဲ့လျှင် အသျှင်မြတ်၏ အမိန့်ဖြင့်သာ ဖြစ်ပေမည်။ (သို့ရှိရာ ဤအရာအားလုံး ဖြစ်နိုင်ပေသည်။ လူသားတို့၏ အပြစ်ဒုစရိုက်နှင့် မကောင်းသော ကျင့်ကြံမှုများကြောင့် ပြစ်ဒဏ်စီရင်သည့် အမိန့်တော် ကျရောက်နိုင်ပါသည်။ သို့သော် ဤသို့ အမိန့်ပေးခြင်း မပြုပါချေ။ အကြောင်းမှာ) ကေန်မုချ အလ္လာဟ်အသျှင်မြတ်သည် လူသားတို့အပေါ် အလွန်တရာ ကရုဏာပြုတော်မူသော အသျှင်၊ ကြင်နာညှာတာတော်မူသော အသျှင်မြတ် ဖြစ်တော်မူသောကြောင့်ပင် ဖြစ်သည်။

ထိုအသျှင်မြတ်သည်ပင် အသင်တို့အား အသက်ရှင်ခြင်းကို ချီးမြှင့်တော်မူသည်။ တစ်ဖန် (သတ်မှတ်ကာလရောက်သည့်အခါ) အသင်တို့အား သေစေတော်မူပေမည်။ တစ်ဖန် ('ကေယာမသ်'နေ့တွင်) အသင်တို့အား တစ်ဖန် ရှင်စေတော်မူလိမ့်မည်။ (လူသားတို့သည် 'သောင်ဟီးဒ်'နှင့် အလ္လာဟ်အသျှင်မြတ်၏ ကျေးဇူးတော်များကို လက်ကိုင်ထားသူများဖြစ်ရန် ထိုဆုလာဘ်များနှင့် ကျေးဇူးတရားတို့က တောင်းဆိုနေသည်။ သို့သော်) မုချကေန် လူသားသည် အလွန်တရာ ကျေးဇူးကန်းသူဖြစ်ပေမည်။ (ယခုတိုင်လည်း ကုဖွ်ရ်၊ ရှရစ်ကိများမှ ရှောင်ကြဉ်ခြင်း မပြုပါချေ။ အလိုသဘောမှာ လူသားတိုင်း မဟုတ်ပေ။ ကျေးဇူးကန်းခြင်း၌ မွေ့လျော်နေသူများသာ ဖြစ်သည်။)

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

سخر لكم ما فى الارض

'မြေပထဝီ၌ ရှိသမျှ အရာအားလုံးကို လူတို့၏ ကျိုးနွံသူများအဖြစ် ဖန်ဆင်းထားတော်မူသည်' ဟု ဆိုလိုခြင်းဖြစ်သည်။ ကျိုးနွံသူအဖြစ် ဖန်ဆင်ထားသည်ဟူသော ပေါ်လွင်သည့် အဓိပ္ပာယ်မှာ ထိုအရာအားလုံးတို့သည် လူသား၏ အမိန့်နာခံမှုအောက်၌ တည်ရှိနေသည်ဟု ဖြစ်သည်။ ထိုသို့ အဓိပ္ပာယ်ကောက်ယူ

ခြင်းအားဖြင့် ဤနေရာတွင် သံသယပွားစရာဖြစ်နိုင်သည်မှာ 'မြေပထဝီ၊ တောင်၊ မြစ်၊ ပင်လယ်၊ သားရဲတိရစ္ဆာန်၊ ငှက်သတ္တဝါများနှင့် မရေမတွက်နိုင်သော အရာများသည် လူသား၏ အမိန့်ကို နာခံနေကြခြင်း မဟုတ်ပေ' ဟု ဖြစ်သည်။ သို့ရာတွင် အရာတစ်ခုကို လူတစ်ဦးတစ်ယောက်၏ အကျိုးအတွက် သတ်မှတ်ထားရာ ထိုအရာသည် အချိန်တိုင်း၌ ထိုသူ့အား အကျိုးပြုနေသည်ဖြစ်လျှင် အမှန်စင်စစ် ဤသည်မှာလည်း ထိုသူ့အတွက် ကျိုးနွံမှုသာလျှင် ဖြစ်ပေသည်။ စင်စစ် ဤသည်မှာ ထိုလူသား၏ အမိန့်အရမဟုတ်ဘဲ အစစ်အမှန် စိုးပိုင်တော်မူသော အသျှင်မြတ်၏ အမိန့်တော်ဖြင့် ဤသို့ အကျိုးပြုနေခြင်းဖြစ်သည်။ ထို့ကြောင့် ဤနေရာတွင် အဓိပ္ပာယ်ကို ကျိုးနွံမှုအလုပ်တွင် ထည့်သွင်းထားသည်ဟု ပြန်ဆိုထားခြင်းဖြစ်သည်။ အလ္လာဟ် အသျှင်မြတ်၏ တန်ခိုးတော်တွင် 'ထိုအရာအားလုံးတို့ကို လူသား၏ အမိန့်နာခံမှုအဖြစ်လည်း ပြုပေးထားတော်မူသည်။ သို့သော် ထိုသို့ ပြုပေးတော်မူခြင်းဖြင့် လူသားများ၏ အခွင့်အရေးတွင် ဆုံးရှုံးမှုများ ဖြစ်ပေါ်လာရသည်။ အဘယ်ကြောင့်ဆိုသော် လူသား၏ စိတ်နေသဘောထား၊ လိုလားတောင့်တမှုများနှင့် လိုအပ်ချက်များမှာ မတူညီ ကွဲပြားမှုများရှိသောကြောင့် ဖြစ်သည်။ လူတစ်ဦးသည် ပင်လယ်ပြင်အား မိမိ၏ ဦးတည်ရာကို အခြားတစ်ဖက်သို့ လှည့်ရန် အမိန့်ပေးနေချိန်တွင် အခြားလူတစ်ဦးက ၎င်းနှင့် ဆန့်ကျင်ဘက်ကို အမိန့်ပေးသည်ဖြစ်လျှင် နောက်ဆုံးရလဒ်သည် ပျက်စီးဆုံးရှုံးခြင်းမှအပ မည်သို့ ဖြစ်လာမည်နည်း။ ထို့ကြောင့် အလ္လာဟ်သအျှင်မြတ်သည် ထိုအရာအားလုံးကို မိမိ၏ အမိန့်နာခံမှု၊ ကျိုးနွံမှု၌သာ ထားရှိသည်။ သို့သော် ထိုကျိုးနွံမှု၏ အဓိကအကျိုးအမြတ်ကို လူသားတို့ထံ သက်ရောက်စေတော်မူသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

لِّكُلِّ أُمَّةٍ جَعَلْنَا مَنسَكًا هُمْ نَاسِكُوهُ ۖ فَلَا يُنَازِعُنَّكَ فِي
الْأَمْرِ ۚ وَادْعُ إِلَىٰ رَبِّكَ ۖ إِنَّكَ لَعَلَىٰ هُدًى مُّسْتَقِيمٍ ﴿٦٧﴾

၂၂ : ၆၇ ။ ။ ငါအသျှင်မြတ်သည် သာသနာဝင် အုပ်စုတိုင်းအဖို့ (ကိုးကွယ်ဆည်းကပ်ရန်) တရားနည်းတစ်ခုကို သတ်မှတ်ပြဋ္ဌာန်း၍ ပေးတော်မူခဲ့ရာ ၎င်းတို့သည် ယင်းတရားနည်းဥပဒေနှင့်အညီ ကိုးကွယ်ဆည်းကပ် လိုက်နာသူများ ဖြစ်ခဲ့ကြကုန်၏။ သို့ဖြစ်ပေရာ (ဤသူတို့သည်) ဤအရေးကိစ္စနှင့် စပ်လျဉ်း၍ အသင်နှင့် ငြင်းခုံမှုကို မပြုကြရချေ။ ၎င်းပြင် အသင်သည် (လည်း) မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်ဘက်သို့ (၎င်းတို့အား) ဖိတ်ခေါ်လျက် ရှိပါလေ။ ကေန်မလွဲ အသင်သည် ဖြောင့်မတ်မှန်ကန်သော တရားလမ်းစဉ်ပေါ်၌ တည်ရှိနေပေသည်။

وَإِن جَادَلُوكَ فَقُلِ اللَّهُ أَعْلَمُ بِمَا تَعْمَلُونَ ﴿٦٨﴾

၂၂ : ၆၈ ။ ။ သို့ရာတွင် အကယ်၍ ၎င်းတို့သည် အသင်နှင့် အငြင်းအခုံ ပြုခဲ့ကြသည်ရှိသော် အသင်သည် (၎င်းတို့အား၊ ဤသို့) ပြောဆို (ပြန်ကြား) ပါလေ။ (အချင်းတို့၊ ကေန်စင်စစ်) အလ္လာဟ်အသျှင်မြတ်သည် အသင်တို့၏ အပြုအမူတို့ကို ကောင်းစွာ သိရှိတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။

اَللّٰهُ يَحْكُمُ بَيْنَكُمْ يَوْمَ الْقِيٰمَةِ فِيْمَا كُنْتُمْ فِيْهِ تَخْتَلِفُوْنَ ۝٦٩

၂၂ : ၆၉ ။ ။ အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အကြားဝယ် 'ကေယာမသ်' ရှင်ပြန်ထရမည့်နေ့တွင်၊ အသင်တို့ ကွဲလွဲလျက်ရှိခဲ့ကြသော အရေးကိစ္စများနှင့် စပ်လျဉ်း၍ (လက်တွေ့) စီရင်ဆုံးဖြတ်တော်မူပေမည်။

اَلَمْ تَعْلَمْ اَنَّ اللّٰهَ يَعْلَمُ مَا فِى السَّمَآءِ وَالْاَرْضِ ۭ اِنَّ ذٰلِكَ فِىْ كِتٰبٍ ۭ اِنَّ ذٰلِكَ عَلَى اللّٰهِ يَسِيْرٌ ۝٧٠

၂၂ : ၇၀ ။ ။ စေကန်အမှန် အလ္လာဟ်အသျှင်မြတ်သည် မိုးကောင်းကင်နှင့် ပထဝီမြေ၌ ရှိသမျှတို့ကို (အကြွင်းမဲ့) သိရှိတော်မူကြောင်း အသင် မသိလေသလော။ စေကန်စင်စစ် ယင်း (အရာများ) သည် မှတ်တမ်းတွင် ရှိပေသည်။ စေကန်မလွဲ အလ္လာဟ်အသျှင်မြတ်အဖို့ ယင်း (အဆုံးအဖြတ်ပေးရန် ကိစ္စ) သည် အလွန် လွယ်ကူလှပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

(လွန်လေပြီးသော သာသနာဝင်အုပ်စုတိုင်းအဖို့) ငါအသျှင်မြတ်သည် အုပ်စုတိုင်းအတွက် 'ဇဗာဟ်' ပြုလုပ်ရန် နည်းလမ်းကို သတ်မှတ်ပေးတော်မူသည်။ ၎င်းတို့သည် ဤသတ်မှတ်သည့် နည်းလမ်းအတိုင်း 'ဇဗာဟ်' ပြုလေ့ ရှိခဲ့ကြသည်။ သို့ရှိရာ (စောဒကတက်သူ) လူများအဖို့ ထို ('ဇဗာဟ်' ပြုခြင်း) ကိစ္စတွင် အသင့်အား ငြင်းခုံခြင်းကို မပြုသင့်ကြပေ။ (၎င်းတို့အဖို့ အသင့်အား ပြဿနာငြင်းခုံမှုပြုရန် အခွင့်အရေး မရှိပေ။ သို့သော် အသင့်အဖို့ကား အခွင့်အရေးရှိသည်။ အကြောင်းမှာ) အသင်သည် (၎င်းတို့အား) မိမိ အသျှင်မြတ် (ထိုအသျှင်မြတ်၏ သာသနာတော်) ၏ ဘက်သို့ ဖိတ်ခေါ်လျက်ရှိပါလေ။ စေကန်မုချ အသင်သည် ဖြောင့်မတ်မှန်ကန်သည့် လမ်းစဉ်ပေါ်၌ ရှိသည်။ (လမ်းမှန်တရားပေါ်၌ ရှိသူတို့သည် လမ်းမှားသူများကို မိမိတို့ဘက်သို့ ဖိတ်ခေါ်ရန် တာဝန်ရှိသည်။ လမ်းမှားသူများအဖို့ ဤအခွင့်အရေးမရှိပါချေ။) ထို့နောက် အကယ်၍ (ထိုအပေါ်၌လည်း) ဤသူတို့သည် အသင့်အား အငြင်းအခုံပြုကြသည်ရှိသော် အသင်သည် ၎င်းတို့အား အလ္လာဟ်အသျှင်မြတ်သည် အသင်တို့၏ အပြုအမူများကို ကောင်းစွာ သိတော်မူသည်'ဟု ပြောကြားပါလေ။ (ထိုအသျှင်မြတ်သာလျှင် အသင်တို့အကြောင်း သိရှိတော်မူပေမည်။ ရှေ့တွင် ထို အကြောင်း၏ ရှင်းလင်းချက်များ လာရှိသည်မှာ) အလ္လာဟ်အသျှင်မြတ်သည် 'ကေယာမသ်'နေ့တွင် အသင် တို့အကြား ကွဲလွဲလျက် ရှိကြသည်များနှင့် စပ်လျဉ်း၍ (လက်တွေ့) စီရင်ဆုံးဖြတ်တော်မူပေမည်။ (ရှေ့၌ ဤအကြောင်း ထောက်ခံထားသည်မှာ) စေကန်အမှန် အလ္လာဟ်အသျှင်မြတ်သည် မိုးကောင်းကင်၌ ရှိသမျှတို့ကိုလည်းကောင်း၊ မြေပထဝီ၌ ရှိသမျှတို့ကိုလည်းကောင်း၊ အကြွင်းမဲ့ သိရှိတော်မူသည်ကို အသင် မသိလေသလော။ အလ္လာဟ်အသျှင်မြတ်၏ အသိဉာဏ်တော်၌ ထိန်းသိမ်းထားခြင်းနှင့်အတူ ဤနေရာ သည်လည်း) စေကန်စင်စစ် ဤအရာသည် (၎င်းတို့၏ ပြောဆိုခြင်းနှင့် ပြုမူခြင်းများသည်) မှတ်တမ်းစာအုပ် တွင် (ထိန်းသိမ်း) ထားရှိသည်။ သို့ရှိရာ စေကန်မုချ ဤ (စီရင်ဆုံးဖြတ်ချက်) သည် အလ္လာဟ်အသျှင်မြတ် အဖို့ လွယ်ကူလှပေသည်။

သိမ့်တ်ပွယ်ရာများနှင့် စမ္ဘတ်များ

لِكُلِّ أُمَّةٍ جَعَلْنَا مَنسَكًا

ဤအကြောင်းအရာသည် ဤစာလုံးများနှင့် အနီးစပ်ဆုံးသော စာလုံးများဖြင့် ဤနေရာ၏ အာယသ်တော် (၃၄) ၌ပင် လာရှိခဲ့ပြီးဖြစ်သည်။ သို့ရာတွင် နေရာနှစ်ခုတွင် စာလုံး၏ အဓိပ္ပာယ်နှင့် အလိုသဘောမှာ တစ်ခြားစီဖြစ်သည်။ အထက်၌ တင်ပြပြီးခဲ့သော နေရာတွင် نُسُكٌ နှင့် مَنْسَكٌ သည် 'ဟဂ်ျ'၏ အမိန့်ပညတ်ချက်များမှ 'ကုရ်ဗာနီ' ပြုခြင်း၏ အဓိပ္ပာယ်ဖြစ်သည်။ ထို့ကြောင့် ထိုနေရာတွင် ؤا و 'ဝေါင်' အက္ခရာနှင့်အတူ وَلِكُلِّ أُمَّةٍ ဟု မိန့်ကြားထားပေသည်။ ဤနေရာတွင်မူ مَنْسَكٌ ၏ အခြားအဓိပ္ပာယ်ဖြစ်သော ('ဇဗာဟ်'ပြုလုပ်ခြင်း အမိန့်ပညတ်ချက်များ သို့မဟုတ် 'ရှရီအသ်တရားတော်၏ အမိန့်ပညတ်ချက်များ၏ အသိပညာ') နှင့် အခြားသော အဓိပ္ပာယ်အလိုသဘော ဖြစ်သည်။ ဤသည်မှာ အခိုင်အမာ အမိန့်တော်တစ်ရပ်ဖြစ်သည့်အတွက် و 'ဝေါင်န်'အက္ခရာဖြင့် ဆက်သွယ်၍ တင်ပြရှင်းလင်းခြင်းလည်း မပြုတော့ပေ။ ဤအယသ်တော်၏ သဖ်စီးရ်ဖွင့်ဆိုချက်တွင် အဆိုတစ်ရပ်မှာ ဖွင့်ဆိုချက်အနှစ်ချုပ်၌ တင်ပြထားသည်မှာ 'အချို့ကာဖိရ်တို့သည် မွတ်စ္စလင်မ်တို့အား ၄င်းတို့၏ 'ဇဗာဟ်'ပြုခြင်းနှင့် စပ်လျဉ်း၍ အကျိုးမဲ့ငြင်းခုံခြင်းများ ပြုလေ့ရှိခဲ့ကြသည်။ ထိုကာဖိရ်များက ပြောဆိုသည်မှာ အသင်တို့သာသနာ၏ ဤ 'ဇဗာဟ်'ပြုခြင်း၏ အမိန့်သည် အံ့သြဖွယ်ရာဖြစ်သည်။ အသင်တို့ကိုယ်တိုင် မိမိတို့လက်ဖြင့် 'ဇဗာဟ်' ပြုသည့် တိရစ္ဆာန်သည် 'ဟလာလ်'ဖြစ်သည်။ အလ္လာဟ်အသျှင်မြတ်ကိုယ်တော်တိုင် အကြောင်းတစ်ခုခုဖြင့် သေစေတော်မူသည့် တိရစ္ဆာန် (အသေကောင်၏ အသား) ကို 'ဟရာမ်'ဖြစ်သည်ဟု ဆိုကြသည်မှာ အံ့သြစရာဖြစ်နေပါသည်' ဟု ဖြစ်သည်။ ၄င်းတို့၏ ဤငြင်းခုံမှု ပြဿနာစကားများအား ဖြေကြားရန် ဤအာယသ်တော် ကျရောက်လာခဲ့သည်။ *[ရူးဟွလ်မအာနီ]*

သို့ရှိရာ ဤနေရာတွင် منسک ၏ အဓိပ္ပာယ်မှာ 'ဇဗဟ်'ပြုလုပ်ခြင်းနည်းလမ်း ဖြစ်ပေမည်။ ထိုဖြေကြား ချက်အရ အလ္လာဟ်အသျှင်မြတ်သည် အုမ္မသ်တိုင်းနှင့် ရှရီအသ်တိုင်းအတွက် 'ဇဗာဟ်'ပြုခြင်း၏ အမိန့်ပညတ် ချက်များကို သီးခြားစီ ထားရှိတော်မူကြောင်း သိရှိရပေသည်။

နဗီတမန်တော် ﷺ ၏ ရှရီအသ်သည် သီးခြားအခိုင်အမာ ရှရီအသ်ဖြစ်သည်။ ထိုရှရီအသ်၏ အမိန့်များကို အခြား ရှေ့နဗီတို့၏ ရှရီအသ်များနှင့် နှိုင်းယှဉ်၍ စောဒကတက်ခြင်းသည်လည်း မပိုင်ပါချေ။ အသင်တို့သည် မိမိတို့၏ အတွေးအခေါ်ဖြင့်သာ ထိုအကြောင်းကို စောဒကတက်နေကြပါသလော။ ဆိုလိုသည်မှာ အသေကောင်၏ အသား 'ဟလာလ်'မဖြစ်ခြင်းသည် ဤအုမ္မသ်နှင့် ရှရီအသ်အတွက်သာ မဟုတ်ဘဲ ရှေးမှ ရှရီအသ်အားလုံးတို့၌လည်း 'ဟရာမ်'ပင် ဖြစ်သည်။ သို့ရှိရာ အသင်တို့၏ ဤပြောကြားခြင်းသည် လုံးဝ အခြေအမြစ်မရှိပေ။ ဤအခြေအမြစ်မဲ့သည့် အတွေးအခေါ်ဖြင့် ရှရီအသ်ယူဆောင်လာသူ နဗီတမန်

တော်မြတ် ﷺ အား အငြင်းအခုံပြုခြင်း၊ စောဒတက်ခြင်းတို့သည် အသိဉာဏ်မဲ့ခြင်းသာ ဖြစ်ချေသည်။ အများစု အဖွင့်ပညာရှင်တို့က ဤနေရာတွင် مَنْسَكٌ ဟူသော စာလုံးကို ရှရီအသ်၏ အမိန့်ပညတ်ချက်အားလုံး၏ အဓိပ္ပာယ်ဖြစ်သည်ဟု ဆိုကြသည်။ အကြောင်းမှာ မူရင်းအဘိဓါန်တွင် مَنْسَكٌ ၏ အဓိပ္ပာယ်မှာ 'ကောင်းသော (သို့) မကောင်းသော လုပ်ရပ်ကိစ္စအတွက် အထူးသတ်မှတ်ထားသည့် နေရာတစ်ခု' ဖြစ်သည်။ ထို့ကြောင့် 'ဟဂ်ျ'၏ အမိန့်ပညတ်ချက်များကို مناسك ဟု ခေါ်ခြင်းဖြစ်သည်။ အကြောင်းမှာ အထူး သတ်မှတ်သော နေရာများတွင် အထူးအမိန့်ပညတ်ချက်များနှင့် ကျင့်စဉ်များအတွက် သတ်မှတ်ထားသော ကြောင့် ဖြစ်သည်။ *[အိဗ်နေကစီးရ်]*

ကာမူးစ်ကျမ်းတွင် نُسُكٌ ၏ အဓိပ္ပာယ်မှာ 'အေဗာဒသ်' ဟု ရေးသားထားသည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင် اَرِنَامَنَا سِكَنَا သည် ဤအဓိပ္ပာယ်အတွက်ပင် လာရှိခြင်းဖြစ်သည်။ ဟဇရသ်အိဗ်နေ အဗ္ဗားစ် ﷺ သခင်ထံမှ ဤဒုတိယသဖ်စီးရ်ကိုလည်း ဆင့်ပြန်ချက် လာရှိပေသည်။ အိဗ်နေဂျရီးရ်၊ အိဗ်နေကစီးရ်၊ ကုရ်သုဗီနှင့် ရူဟွလ်မအာနီကျမ်း စသည်တို့တွင် ဤအားလုံးကို ခြုံငုံသည့် အဓိပ္ပာယ်ဖြစ်သော ဤသဖ်စီးရ်ကိုပင် ရွေးချယ် တင်ပြထားကြသည်။ အာယသ်တော်၏ မိန့်ကြားခြင်း သဘောမှာလည်း مَنْسَكٌ သည် ရှရီအသ်နှင့် ၄င်း၏ အမိန့်ပညတ်ချက်အားလုံးကို ရည်ညွှန်းခြင်းဖြစ်သည်။ အာယသ်တော်၏ အလိုသဘောမှာ 'ရှရီအသေ့ မိုဟမ္မဒီယဟ်'၏ အမိန့်ပညတ်ချက်များအပေါ် ကာဖိရ်၊ မုရှ်ရစ်က်တို့သည် ငြင်းခုံမှုများ ပြုလေ့ရှိကြသည်'ဟုဖြစ်သည်။ အဓိကအခြေခံအချက်မှာ ၄င်းတို့၏ ဘိုးဘွားများ၏ သာသနာ လမ်းစဉ်များတွင် မပါရှိသော အမိန့်ပညတ်ချက်များဖြစ်သော 'ရှေးနဗီတို့၏ ရှရီအသ်နှင့် ကျမ်းဂန်များနှင့် ယခု ဤရှရီအသ်အသစ်၊ ကျမ်းဂန်အသစ်တို့ကို နှိုင်းယှဉ်၍ စောဒတက်ခြင်း၊ အငြင်းအခုံပြုခြင်းတို့သည် မှားယွင်းသော လုပ်ရပ်ဖြစ်သည်' ဟု ကြားကြရခြင်းပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အလ္လာဟ်အသျှင် မြတ်သည် အုမ္မသ်တိုင်းကို ၄င်းတို့၏ ခေတ်ကာလ၌ သီးသန့်ရှရီအသ်နှင့် ကျမ်းဂန်ကို ပေးထားတော်မူ သောကြောင့် ဖြစ်သည်။ ထိုအုမ္မသ်အပေါ်တွင် ထိုရှရီအသ်နှင့် ကျမ်းကို လိုက်နာရန်မှာ အလ္လာဟ်အသျှင်မြတ် ဘက်တော်မှ နောက်ထပ် အခြားအုမ္မသ်နှင့် ရှရီအသ်ရောက်ရှိမလာမချင်းအထိ ဖြစ်သည်။ နောက်ထပ် ရှရီအသ်အသစ် ရောက်ရှိလာသည့်အခါ ထိုရှရီအသ်အသစ်ကို လိုက်နာရမည်။ အကယ်၍ ထိုရှရီအသ်အသစ် ၏ အမိန့်ပညတ်ချက်တစ်ခုခုသည် ပထမရှရီအသ်များနှင့် ဆန့်ကျင်နေပါလျှင် ပထမအမိန့်ကို منسوخ 'မန်ဆူးခ်'နှင့် ရှရီအသ်အသစ်မှ အမိန့်ကို ناسخ 'နာဆစ်ခ်'ဟု မှတ်ယူရမည်။ အကြောင်းမှာ ထိုရှရီအသစ် ယူဆောင်လာသူအား မည်သူမျှ ငြင်းခုံ စောဒကတက်ရန် မပိုင်သောကြောင့် ဖြစ်သည်။ အာယသ်တော်၏ နောက်ဆုံးစာလုံးများဖြစ်သော فلا ينا زعنك فى الامر မှ 'လက်ရှိခေတ်ကာလတွင် နဗီချုပ်မိုဟမ္မဒ် ﷺ ယူဆောင်လာသည့် ရှရီအသ်၏ အမိန့်ပညတ်ချက်များအပေါ် ငြင်းခုံခြင်း၊ စောဒကတက်ခြင်းများကို ပြုလုပ်ရန် မည်သူ့တွင်မျှ အခွင့်အရေးမရှိ'ဟု သိရှိရလေသည်။

တစ်ဖန် ပထမသဖ်စီးရ်သည် ဒုတိယသဖ်စီးရ်နှင့် အဓိကအားဖြင့် မည်သည့်ကွဲလွဲခြင်းမျှ မဖြစ်နိုင်ကြောင်းကိုလည်း သိရှိရပေသည်။ အကြောင်းမှာ အာယသ်တော် ကျရောက်လာခြင်းသည် 'ဇဗာဟ်'ပြုလုပ်ခြင်းအကြောင်းခံဖြင့် ဖြစ်သောကြောင့်ပင် ဖြစ်သည်။ သို့သော်လည်း အာယသ်တော်၏ စာလုံးများ၏ ခြုံငုံပြဆိုခြင်းသည် ရှရီအသ်တရားတော်၏ အမိန့်ပညတ်ချက်များအားလုံး အကျုံးဝင်ပေသည်။ သို့ရှိရာ သဖ်စီးရ်နှစ်ခုစလုံးတွင် 'အလ္လာဟ်အသျှင်မြတ်သည် အွမ္မသ်တိုင်း၏ကို သီးခြားရှရီအသ်ပေးတော်မူသည်။ ၎င်းတို့တွင် အစိတ်အပိုင်းအားဖြင့် ကွဲလွဲသည့် အမိန့်ပညတ်ချက်များလည်း ပါဝင်ပေသည်။ သို့ရှိရာ ရှေးလွန်ခဲ့သော ရှရီအသ်အပေါ် ကျင့်သုံးသူသည် ရှရီအသ်အပေါ် စောဒကတက်ခြင်း ပြဿနာပြုလုပ်ခြင်း၊ ငြင်းခုံခြင်းများပြုရန် အခွင့်အရေး မရှိပါချေ။ ထိုမျှမက ၎င်းအပေါ် ထိုရှရီအသ်အသစ်အား လိုက်နာရန် ဝါဂျိဗ်ဖြစ်သည်။ ထို့ကြောင့် နောက်ဆုံးအာယသ်တော်၌

ادْعُ إِلَى رَبِّكَ لَعَلَى هُدًى مُّسْتَقِيمٍ

'အသင်သည် ၎င်းတို့၏ ပြောဆိုမှုများနှင့် ပြဿနာရှာ ငြင်းခုံမှုများအပေါ် ကြောင့်ကြမှု မရှိလေနှင့်။ မိမိ၏ တာဝန်ဖြစ်သည့် دعوت الى الحق 'အမှန်တရားဘက်သို့ ဖိတ်ခေါ်ခြင်း'၌သာ မွေ့လျော်လျက် ရှိနေပါလေ။ အဘယ်ကြောင့်ဆိုသော် အသင်သည် အမှန်တရားပေါ်၌ ရှိသောကြောင့်ပင် ဖြစ်သည်။ အသင်၏ ရန်သူသည်သာ လမ်းမှန်မှ ချွေလျားသွားပေမည်' ဟု မိန့်ကြားထားခြင်းဖြစ်သည်။

သံသယတစ်ခု၏ အဖြေ

ရှရီအသေမုဟမ္မဒီဒယဟ်ရောက်ရှိလာပြီးနောက် ပထမရှရီအသ်တစ်ခုခုအပေါ် အီမာန်ယူထားသည့် ဥပမာ- ယဟူဒီ၊ နစ္စရာနီတို့အဖို့ ရှရီအသ်တိုင်းသည် အလ္လာဟ်အသျှင်မြတ်ဘက်တော်မှသာ လာရှိခြင်းဖြစ်သည်။ ထို့ကြောင့် အကယ်၍ အစ္စလာမ်သာသနာ၏ ခေတ်အခါ၌လည်း ကျွန်ုပ်တို့သည် မူစာ ﷺ ၏ ရှရီအသ် (သို့) အီစာ ﷺ ၏ ရှရီအသ်အပေါ်၌ ကျင့်ကြံလိုက်နာနေပါလျှင် မွတ်စ္စလင်မ်တို့သည် ကျွန်ုပ်တို့အား ဆန့်ကျင်မှု မပြုထိုက်ပေ။ အကြောင်းမှာ အာယသ်တော်တွင် 'အွမ္မသ်တိုင်းအား သီးခြားရှရီအသ်ပေးထားကြောင်း မိန့်ကြားပြီး တစ်လောကလုံးရှိလူတို့အား ရှရီအသေမိုဟမ္မဒီယဟ် ရောက်ရှိလာပြီးနောက် ၎င်းတို့သည် ထိုရှရီအသ်အား ဆန့်ကျင်ခြင်း မပြုကြနှင့်' ဟူ၍ ကုရ်အာန်ကျမ်းတော်မြတ်ကပင် ကျွန်ုပ်တို့အတွက် လုပ်ပိုင်ခွင့် ပေးထားသည်ဟူ၍ ပြောဆိုရန် အခွင့်အရေးမည်သူ့တွင်မျှ မရှိပါချေ။ ဤမိန့်ကြားချက်တွင် 'မွတ်စ္စလင်မ်တို့သည် ၎င်းတို့၏ ရှေးရှရီအသ်၏ အမိန့်ပညတ်ချက် တစ်စုံတစ်ရာနှင့် ဆန့်ကျင်ပြောဆိုခြင်း မပြုရဟု မိန့်ကြားထားခြင်း မရှိပါချေ။ ဤအာယသ်တော်၏ နောက်မှ လာရှိသော အာယသ်တော်များအားဖြင့် ဤအကြောင်းအရာသည် ပိုမို၍ ပေါ်လွင်ထင်ရှားသွားပေသည်။ ထိုအာယသ်တော်များတွင် အစ္စလာမ့်ရှရီအသ်နှင့် ဆန့်ကျင်၍ ငြင်းခုံပြဿနာပြုလုပ်သူများနှင့် စပ်လျဉ်း၍ 'အလ္လာဟ်အသျှင်မြတ်သည် အသင်တို့၏ လှုပ်ရှားခြင်းများကို ကောင်းစွာ သိရှိတော်မူသည်။ ထိုအသျှင်မြတ်သာလျှင် ထိုပြုမူချက်များအပေါ် အစားပေးတော်မူလိမ့်မည်'ဟု သတိပေးနှိုးဆော်ချက်များ ပါရှိသည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

وَيَعْبُدُونَ مِن دُونِ اللَّهِ مَا لَمْ يُنَزِّلْ بِهِ
سُلْطَانًا وَمَا لَيْسَ لَهُم بِهِ عِلْمٌ ۗ وَمَا لِلظَّالِمِينَ مِن نَّصِيرٍ ﴿٧١﴾

၂၂ : ၇၁ ။ ။ စင်စစ် ၎င်းတို့သည် အလ္လာဟ်အသျှင်မြတ်အား စွန့်၍ အကြင်အရာများကို ကိုးကွယ်ဆည်းကပ်ကြကုန်၏။ ထိုအသျှင်မြတ်သည် ယင်းအရာများ (ကို ကိုးကွယ်နိုင်ခွင့် ရှိကြောင်း) နှင့် စပ်လျဉ်း၍ သက်သေအထောက်အထား တစ်စုံတစ်ခုကိုမျှ ချပေးတော်မူခဲ့သည် မရှိပေ။ ယင်းအရာများ (ကို ကိုးကွယ်ဆည်းကပ်မှု) နှင့် စပ်လျဉ်း၍ ၎င်းတို့၌ မည်သည့်အသိပညာ အထောက်အထား တစ်စုံတစ်ရာမျှလည်း မရှိပေ။ ၎င်းပြင် ယင်းမတရားကျူးလွန်သော သူတို့အား ကူညီစောင်မမည့်သူဟူ၍လည်း တစ်ဦးတစ်ယောက်မျှ ရှိလိမ့်မည် မဟုတ်ပေ။

وَإِذَا تُتْلَىٰ عَلَيْهِمْ آيَاتُنَا بَيِّنَاتٍ تَعْرِفُ فِي
وُجُوهِ الَّذِينَ كَفَرُوا الْمُنكَرَ ۖ يَكَادُونَ يَسْطُونَ بِالَّذِينَ
يَتْلُونَ عَلَيْهِمْ آيَاتِنَا ۗ قُلْ أَفَأُنَبِّئُكُم بِشَرٍّ مِّن ذَٰلِكُمُ ۗ
النَّارُ وَعَدَهَا اللَّهُ الَّذِينَ كَفَرُوا ۖ وَبِئْسَ الْمَصِيرُ ﴿٧٢﴾

၂၂ : ၇၂ ။ ။ (အို့၊ နဗီတမန်တော်) ၎င်းပြင် ငါအသျှင်မြတ်၏ ရှင်းလင်း ထင်ရှားလှစွာသော အာယသ်တော်များကို ထိုသူတို့ရှေ့ဝယ် ဖတ်ကြားသောအခါ၊ အသင်သည် ကာဖိရ်သွေးဖည်ငြင်းပယ်သော သူတို့၏ မျက်နှာများတွင် မနှစ်မြို့မှုသွေးဖည် ငြင်းဆန်မှုကို တွေ့မြင်ရပေမည်။ ၎င်းတို့သည် မိမိတို့၏ရှေ့ဝယ် ငါအသျှင်မြတ်၏ အာယသ်တော်များကို ဖတ်ကြားသူတို့အား (ကိုယ်ထိလက်ရောက်) တိုက်ခိုက်လုနီးနီး ဖြစ်ကုန်ကြပေသည်။ (အို့၊ နဗီတမန်တော်) အသင်သည် (၎င်းတို့အား၊ ဤသို့) ပြောကြားပါလေ။ (အချင်းတို့) 'သို့ဖြစ်ပါမူ ငါသည် အသင်တို့အား ထို့ထက်ပင် ပိုမို၍ ဆိုးရွားလှသော အရာကို ကြားသိစေရမည်လော။ (ထိုအရာသည် ငရဲ) မီးပင် (ဖြစ်၏။) အလ္လာဟ်အသျှင်မြတ်သည် ကာဖိရ်သွေးဖည်ငြင်းပယ်သော သူတို့အား ယင်း (ငရဲ) မီး (ထဲသို့ လားစေတော်မူမည်) ကို ချိန်းချက် ကတိပြုထားတော်မူ၏။ စင်စစ် ယင်းငရဲမီးသည် လွန်စွာ ဆိုးရွားလှသော ပြန်လည်ရာဌာနပင် ဖြစ်ချေသည်။'

يَا أَيُّهَا النَّاسُ ضُرِبَ مَثَلٌ فَاسْتَمِعُوا لَهُ ۚ إِنَّ الَّذِينَ
تَدْعُونَ مِن دُونِ اللَّهِ لَن يَخْلُقُوا ذُبَابًا وَلَوِ
اجْتَمَعُوا لَهُ ۖ وَإِن يَسْلُبْهُمُ الذُّبَابُ شَيْئًا لَّا يَسْتَنقِذُوهُ
مِنْهُ ۚ ضَعُفَ الطَّالِبُ وَالْمَطْلُوبُ ﴿٧٣﴾

၂၂ : ၇၃ ။ ။ အို့၊ လူခပ်သိမ်းတို့၊ ဥပမာပုံဆောင်ချက်တစ်ခုကို ခိုင်းနှိုင်းမည်ဖြစ်ရာ အသင်တို့သည် ယင်းဥပမာပုံဆောင်ချက်ကို (ကောင်းစွာ) နားထောင်ကြလေကုန်။ ကေန်မုချ အလ္လာဟ်အသျှင်မြတ်အား စွန့်၍ အသင်တို့ ဟစ်ခေါ်

(တသ ကိုးကွယ် ဆည်းကပ်လျက်ရှိ) ကြသော အရာများသည် ၎င်းတို့အားလုံး (တစ်စည်းတစ်လုံးတည်း) စုရုံး (ကြိုးပမ်းအားထုတ်) ကြသည့်တိုင်အောင်၊ ယင်ကောင်တစ်ကောင်ကိုမျှပင် အလျှင်း ဖန်ဆင်းနိုင်ကြမည် မဟုတ်ပေ။ ထိုပြင် အကယ်၍ ၎င်းယင်ကောင်သည် ယင်းသူတို့ထံမှ တစ်စုံတစ်ရာကို လုယူပါလျှင် (သုတ်ယူသွားပါလျှင်) ၎င်းတို့သည် ယင်းအရာကိုပင် ၎င်း (ယင်ကောင်) ၏ ထံမှ ပြန်လုယူနိုင်ကြမည် မဟုတ်ပေ။ ရှာဖွေဆည်းပူး (ကိုးကွယ်ဆည်းကပ်) သော သူနှင့် ရှာဖွေဆည်းပူ (ကိုးကွယ်ဆည်းကပ်) ခြင်း ခံရသောသူသည် အားနည်းချည့်နဲ့ကြပေသည်။

مَا قَدَرُوا اللّٰهَ حَقَّ قَدْرِهٖ ؕ اِنَّ اللّٰهَ لَقَوِیٌّ عَزِیْزٌ ۝٧٤

၂၂ : ၇၄ ။ ။ ထိုသူတို့သည် အလ္လာဟ်အသျှင်မြတ်အား ရှိသေလေးစား ကိုင်းရှိုင်းရန် တာဝန်ရှိသည်နှင့်အညီ ရှိသေကိုင်းရှိုင်းကြသည်မဟုတ်ပေ။ ကေန်မလွဲ အလ္လာဟ်အသျှင်မြတ်သည် ခွန်အားပြည့်စုံတော်မူသော၊ တန်ခိုးတော်ဖြင့် လွှမ်းမိုးတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

ထို့နောက် ဤသူ (မုရှ်ရစ်က်) တို့သည် အလ္လာဟ်အသျှင်မြတ်မှအပ အခြားသောအရာများကို ကိုးကွယ်ခဲ့ကြသည်။ ထိုအရာများ (အား ကိုးကွယ်ခြင်း) နှင့် စပ်လျဉ်း၍ အလ္လာဟ်အသျှင်မြတ်သည် မည်သည့်သက်သေ အထောက်အထားကိုမျှ (မိမိ၏ ကျမ်းတော်၌) ချပေးတော်မူခြင်း မရှိခဲ့ပေ။ ၎င်းတို့ထံတွင် ထိုကိုးကွယ်မှုနှင့် စပ်လျဉ်း၍ မည်သည့် (အတွေးအခေါ်) အသိပညာ အထောက်အထားမျှလည်း မရှိပေ။ ထို့ပြင် ('ကေယာမသ်' နေ့တွင် ၎င်းတို့အား ရှရစ်က်ပြုလုပ်ခဲ့ခြင်းအပေါ် အပြစ်ဒဏ်ပေးသည့်အခါ) ထိုမတရားသူတို့အား ကူညီမိုင်းမည့်သူဟူ၍ တစ်ဦးတစ်ယောက်မျှ ရှိမည်မဟုတ်ပါ။ (နှုတ်အားဖြင့်လည်း ၎င်းတို့၏ လုပ်ရပ်များ ကောင်းမွန်ကြောင်း မည်သည့်သက်သေမျှ တင်ပြနိုင်မည်မဟုတ်။ လုပ်ဆောင်ချက်အားဖြင့်လည်း ၎င်းတို့အား 'အဇားဗ်' အပြစ်ဒဏ်မှ ကယ်တင်နိုင်ကြမည်မဟုတ်ပေ။) ထို့နောက် (ထိုသူတို့အဖို့ လမ်းမှားခြင်းနှင့်အတူ လမ်းမှန်တရား ရရှိသူတို့အပေါ် အတိုင်းမဲ့သော ရန်လိုမှုများ ရှိကြခြင်းသည်) ၎င်းတို့၏ ရှေ့မှောက်ဝယ် ငါအသျှင်မြတ်၏ ထင်ရှားပေါ်လွင်သည့် သက်သေလက္ခဏာတော်များ (သောင်ဟီးဒ် စသည်တို့ကို) နှင့် စပ်လျဉ်း၍ (လမ်းမှန်တရား ရရှိသူတို့၏ နှုတ်လျှာမှ) ဖတ်ကြားပြသသည့်အခါ ထိုကာဖိရ်တို့၏ မျက်နှာများတွင် (အတွင်းကြိတ်၍ မနှစ်မြို့မှုများဖြင့်) မကောင်းသော အရိပ်အယောင်များ တွေ့မြင်ရပေမည်။ (မျက်နှာတင်းမာသွားခြင်း၊ ဒေါသအမျက်ထွက်ခြင်းနှင့် ထိုအရိပ်အယောင်များကြောင့်) ငါအသျှင်မြတ်၏ သက်သေလက္ခဏာတော်များအား ၎င်းတို့ရှေ့၌ ဖတ်ကြားသူတို့အား ရန်မူတိုက်ခိုက်လုနီးပါး ဖြစ်ကြပေသည်။ ရန်မူတိုက်ခိုက်နိုင်သည်ဟု ဆိုလိုခြင်းဖြစ်သည်။ အချို့နေရာများတွင် ဤရန်မူတိုက်ခိုက်ခြင်း အမှန်ပင် ဖြစ်ခဲ့ကြသည်။ ထို့ကြောင့် يكادون يسطون ဟူသော စာလုံးကို ထပ်ကာထပ်ကာ အကြိမ်ကြိမ် ဖြစ်ပေါ်ခြင်းကို ထောက်ရှု၍ သုံးနှုန်းမိန့်ကြားထားခြင်း ဖြစ်သည်။)

အို၊ နဗီတမန်တော်၊ အသင်သည် (ထိုမုရှ်ရစ်က်တို့အား) ပြောကြားပါလေ။ (အသင်တို့သည် ဤကုရ်အာန်၏ အာယသ်တော်များကို ကြားရပြီး မနှစ်မြို့ကြပါလျှင်) ထို (ကုရ်အာန်) ထက်ပင် မနှစ်မြို့ဖွယ်ဖြစ်သော အရာကို ကျွန်ုပ်သည် အသင်တို့အား ပြောဆိုရမည်လော။ ထိုအရာကား ငရဲမီးပင် ဖြစ်ပေသည်။ ထိုငရဲမီးသည်ကား အလ္လာဟ်အသျှင်မြတ်က ကာဖိရ်များ၏ လားရာဖြစ်စေမည်ဟု ကတိပြုထားသော နေရာဖြစ်သည်။ ထိုငရဲမီးသည်ကား အလွန်ဆိုးရွားသည့် ဌာနနေရာပင် ဖြစ်ပေသည်။ (ကုရ်အာန်အား မနှစ်မြို့ခြင်း၏ ရလဒ်သည် မနှစ်မြို့စရာ ငရဲပင် ဖြစ်သည်။ သို့သော် ထိုမနှစ်မြို့မှုအတွက် ငရဲဘုံတွင် မည်သည့်ကုစားမှု ဖြစ်မည်နည်း။ ရှေ့၌ ရှရစ်က်၏ မှားယွင်းမှုအပေါ် ထင်ရှားသော အထောက်အထား လာရှိသည်မှာ) အို၊ လူသားတို့၊ အသင်တို့အား အံ့ဩဖွယ် (ပမာခိုင်းနှိုင်းခြင်း) တစ်ရပ်ကို တင်ပြမည်။ ကောင်းစွာ နားထောင်ကြလေကုန်။ (ထိုအရာမှာ) အလ္လာဟ်အသျှင်မြတ်အား စွန့်၍ အသင်တို့ ကိုးကွယ်လျက် ရှိကြသည့် အရာများအားလုံး စုပေါင်း၍ (မပြောပလောက်သည့်) ယင်ကောင်တစ်ကောင်ကိုပင် အလျဉ်း ဖန်ဆင်းနိုင်ကြမည်မဟုတ်။ အကယ်၍ ယင်ကောင်သည် ၎င်းတို့ထံမှ (တစ်စုံတစ်ရာ) ကို လုယူသွားမည်ဆိုလျှင် ထိုအရာအား ၎င်းထံမှ ပြန်လည်လုယူနိုင်ကြသည်လည်း မဟုတ်ပေ။ ကိုးကွယ်သူလည်း အားနည်းချည့်နဲ့၊ ကိုးကွယ်ခံရသူသည်လည်း အားနည်းချည့်နဲ့သူများသာ ဖြစ်ပေသည်။ (ဝမ်းနည်းဖွယ်ကောင်းလေစွ။ ထိုသူတို့သည် အလ္လာဟ်အသျှင်မြတ်အား ရှိသေကိုင်းရှိုင်း တန်ဖိုးထားရန် ရှိသည်တို့နှင့်အညီ (တန်ဖိုးထားခြင်း) မပြုကြပေ။ (ထိုအသျှင်မြတ်မှအပ အခြားအရာများအား ကိုးကွယ်ခြင်းကို ဆိုလိုသည်။ ၎င်းတို့သည်ကား ရှရစ်က်တုဖက်နှိုင်းယှဉ်ကိုးကွယ်ခြင်းကို ပြုကြသည်။ စင်စစ်) အလ္လာဟ်အသျှင်မြတ်သည် ခွန်အားပြည့်စုံတော်မူသော အရာရာအပေါ် လွှမ်းမိုးနိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူပေသည်။

သိမှတ်ဖွယ်ရာများနှင့် မှတ်သားဖွယ်ရာများ

တုဖက်နှိုင်းယှဉ်ခြင်းနှင့် ရုပ်တု၊ ဆင်းတုများ ကိုးကွယ်သည့် အသိခေါင်းပါးသော လုပ်ရပ်အပေါ် ပမာခိုင်းနှိုင်း၍ ရှင်းလင်းစွာ တင်ပြခြင်း

ضُرِبَ مَثَلٌ ဟူသော စာလုံးသည် များသောအားဖြင့် အထူးဖြစ်ရပ်တစ်ခုအတွက် ပမာပေးခိုင်းနှိုင်းရန် သုံးနှုန်းလေ့ရှိသည်။ ဤနေရာတွင် ضُرِبَ مَثَلٌ သည် ပုံသဏ္ဌာန်ကို ဖော်ကျူးခြင်း မဟုတ်ဘဲ ရှရစ်က်လုပ်ရပ်နှင့် ရုပ်တုဆင်းတု ကိုးကွယ်ခြင်း၏ အသိခေါင်းပါးခြင်းအပေါ် ပမာခိုင်းနှိုင်း၍ တင်ပြခြင်းသာ ဖြစ်သည်။ ၎င်းမှာ ‘ဤရုပ်ပွားဆင်းတုများအား အသင်တို့သည် မိမိတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသူများဟု ယူဆနေကြသည်။ ထိုအရာများ၏ အခြေအနေမှာ ၎င်းတို့အားလုံး စုပေါင်း၍ မပြောပလောက်သည့် ယင်ကောင်တစ်ကောင်ကိုပင် ဖန်ဆင်းခြင်းမပြုနိုင်ကြပါချေ။ ဖန်ဆင်းခြင်းဟူသည်မှာ ကြီးကျယ်လွန်းလှပေသည်။ ၎င်းတို့သည် နေ့စဉ် မိမိတို့၏ ထိုကိုးကွယ်ရာများရှေ့တွင် တင်ထားကြသည့် မုန့်အချိုပွဲ

နှင့် သစ်သီးများ စသည့် စားသောက်ဖွယ်ရာများအား ယင်ကောင်က လာရောက်စားသောက်လျှင် ထိုယင်ကောင်များ၏ ရန်မှ မိမိတို့၏ စားသောက်ဖွယ်များကို ကာကွယ်ရန်ပင် မစွမ်းနိုင်ကြပေ။ သို့ဖြစ်ရာ ၎င်းတို့သည် ယင်းတို့၏ ဒုက္ခတစ်စုံတစ်ရာမှ လွတ်ကင်းရန် မည်သို့ ကာကွယ်စောင့်ရှောက်နိုင်အံ့နည်း။ ထို့ကြောင့် နောက်ဆုံး အာယသ်တော်တွင် ၎င်းတို့၏ အသိတရားခေါင်းပါးမှုများကို ضعف الطالب والمطلوب ဟူသော စာလုံးများဖြင့် ခိုင်နှိုင်း မိန့်ကြားထားတော်မူသည်။ ကိုးကွယ်ရာသည် အားအင်ချည့်နဲ့သူဖြစ်ပြီး ၎င်းအား ကိုးကွယ်သူမှာမူ ၎င်းထက်ပင် ပို၍ အားအင်ချည့်နဲ့ပေမည်ဟု ဖြစ်သည်။ ماقدروالله حق قدره အာယမ့်ချုခန့် အသိခေါင်းပါး ကျေးဇူးကန်းသူ ဖြစ်ပါသနည်း။ ထိုသူတို့သည် အလ္လာဟ်အသျှင်မြတ်အပေါ် တစ်စုံတစ်ရာ တန်ဖိုးနားလည်ခြင်း မရှိကြပေ။ အကြောင်းမှာ ၎င်းတို့သည် ဤမျှ ကြီးကျယ်မြတ်ထွတ်သည့် ဤတန်ခိုးတော်နှင့် ပြည့်စုံသော အသျှင်မြတ်အား အသိမဲ့၍ မည်သည့်စွမ်းအားမျှ မရှိသည့် ကျောက်တုံးကျောက်ခဲများနှင့် တန်းတူ ပြုလုပ်ကြသောကြောင့် ဖြစ်သည်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇

اَللّٰهُ يَصْطَفِيْ مِنَ
الْمَلٰٓئِكَةِ رُسُلًا وَّمِنَ النَّاسِ ۭ اِنَّ اللّٰهَ سَمِيْعٌۢ بَصِيْرٌ ﴿٧٥﴾

၂၂ : ၇၅ ။ ။ စင်စစ် အလ္လာဟ်အသျှင်မြတ်သည် 'မလာအေကာဟ်' ကောင်းကင်တမန်များအနက်မှလည်းကောင်း၊ လူတို့အနက်မှလည်းကောင်း (မိမိ၏ အမိန့်တော်များကို ပို့ဆောင်ရန်) တမန်တော်များအား ရွေးချယ်တော်မူ၏။ ဧကန်စင်စစ် အလ္လာဟ်အသျှင်မြတ်သည် အကြွင်းမဲ့ ကြားတော်မူသော အသျှင်၊ ကောင်းစွာ မြင်တော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူ၏။

يَعْلَمُ مَا بَيْنَ اَيْدِيْهِمْ وَمَا خَلْفَهُمْ ۭ وَاِلَى اللّٰهِ تُرْجَعُ الْاُمُوْرُ ﴿٧٦﴾

၂၂ : ၇၆ ။ ။ ထိုအသျှင်မြတ်သည် ၎င်းတို့၏ ရှေ့နောက် အဖြစ်အပျက် အလုံးစုံတို့ကို (အကြွင်းမဲ့) သိရှိတော်မူပေသည်။ စင်စစ် အရေးကိစ္စအဝဝတို့မှာ အလ္လာဟ်အသျှင်မြတ်ထံတော်သို့ပင် ပြန်လည်ရောက်ရှိကြမည်သာ ဖြစ်၏။

يٰٓاَيُّهَا الَّذِيْنَ اٰمَنُوا ارْكَعُوْا وَاسْجُدُوْا وَ
اعْبُدُوْا رَبَّكُمْ وَافْعَلُوا الْخَيْرَ لَعَلَّكُمْ تُفْلِحُوْنَ ۚ﴿٧٧﴾

၂၂ : ၇၇ ။ ။ အို၊ မုအ်မင်နိသက်ဝင် ယုံကြည်သူအပေါင်းတို့၊ အသင်တို့သည် မိမိတို့ အောင်မြင်ကြရန်အလို့ငှာ၊ 'ရုကူအ်' ဦးညွတ် (၍ နေ) ကြလေကုန်။ ထို့ပြင် အသင်တို့သည် 'စဂျ်ဒဟ်' ပျပ်ဝပ်ဦးချ (၍ နေ) ကြလေကုန်။ ၎င်းပြင် အသင်တို့သည် မိမိတို့ကို ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်အား ခဝပ်ကိုးကွယ် (၍ နေ) ကြလေကုန်။ ထို့ပြင် အသင်တို့သည် ကောင်းမြတ်သော အမှုကိစ္စများကိုလည်း ပြုလုပ် (၍ နေ) ကြလေကုန်။

وَجَاهِدُوا فِي اللَّهِ حَقَّ جِهَادِهِ ۚ هُوَ اجْتَبَاكُمْ وَمَا
جَعَلَ عَلَيْكُمْ فِي الدِّينِ مِنْ حَرَجٍ ۚ مِلَّةَ أَبِيكُمْ
إِبْرَاهِيمَ ۚ هُوَ سَمَّاكُمُ الْمُسْلِمِينَ مِنْ قَبْلُ وَفِي هَٰذَا
لِيَكُونَ الرَّسُولُ شَهِيدًا عَلَيْكُمْ وَتَكُونُوا شُهَدَاءَ عَلَى
النَّاسِ ۚ فَأَقِيمُوا الصَّلَاةَ وَآتُوا الزَّكَاةَ وَاعْتَصِمُوا
بِاللَّهِ هُوَ مَوْلَاكُمْ ۖ فَنِعْمَ الْمَوْلَىٰ وَنِعْمَ النَّصِيرُ ﴿٧٨﴾

၂၂ : ၇၈ ။ ။ ထို့ပြင် အသင်တို့သည် အလ္လာဟ်အသျှင်မြတ်၏ (သာသနာတော်အရေးတွင်) ထိုအရေးကိစ္စ၌ သက်စွန့်ကြိုးပမ်းဆောင်ရွက်ရန် တာဝန်ရှိသည်နှင့်အညီ သက်စွန့်ကြိုးပမ်း ဆောင်ရွက် (၍ နေ) ကြလေကုန်။ ထိုအသျှင်မြတ်သည် အသင်တို့အား ရွေးချယ်တော်မူခဲ့ပေသည်။ ၎င်းပြင် ထိုအသျှင်မြတ်သည် အသင်တို့၏ ဖခင် (နဗီတမန်တော်) အီဗ်ရာဟီမ်၏ သာသနာ့နည်းတူ၊ အသင်တို့အပေါ်၌လည်း ဒီးန်သာသနာတော်၌ မည်သည့်ကျပ်တည်းခဲယဉ်းမှု တစ်စုံတစ်ရာကိုမျှပင် ပြုတော်မမူခဲ့ချေ။ ရစူလ်တမန်တော်မြတ် (မိုဟမ္မဒ်) သည် အသင်တို့နှင့် ပတ်သက်၍ အသိသက်သေဖြစ်စေရန်အလို့ငှာလည်းကောင်း၊ အသင်တို့သည်လည်း လူခပ်သိမ်းတို့နှင့် ပတ်သက်၍ အသိသက်သေများ ဖြစ်စေရန်အလို့ငှာလည်းကောင်း ထိုအသျှင်မြတ်သည်ပင် အသင်တို့အား ယခင်ကလည်း (မွတ်စ္စလင်မ်များဟူ၍) အမည်ပြဋ္ဌာန်းတော်မူခဲ့ပေသည်။ (ယခု) ဤ (ကုရ်အာန်ကျမ်းတော်မြတ်) တွင်လည်း မွတ်စ္စလင်မ်များဟူ၍ပင် အမည်ပြဋ္ဌာန်းထားတော်မူလေသည်။ သို့ဖြစ်ပေရာ အသင်တို့သည် 'ဆွလာသ်' ဝတ်ပြုမှုကို ဆောက်တည်ကြလေကုန်။ ၎င်းပြင် အသင်တို့သည် 'ဇကားသ်' ကိုလည်း ပေးဆောင်ကြလေကုန်။ ၎င်းပြင် အသင်တို့သည် (မိမိတို့ အရေးကိစ္စတို့တွင်) အလ္လာဟ်အသျှင်မြတ်ကိုသာလျှင် စွဲမြဲစွာ အဆက်အသွယ်ထားကြလေကုန်။ ထိုအသျှင်မြတ်သည်ပင် အသင်တို့၏ ကိစ္စအဝဝကို ပြီးစီးအောင် ဆောင်ရွက်ပေးတော်မူသော အသျှင်မြတ် ဖြစ်တော်မူ၏။ သို့ဖြစ်ပေရာ (ထိုအသျှင်မြတ်သည်) အလွန် ကောင်းမြတ်လှသော ကိစ္စအဝဝကို ပြီးစီးအောင် ဆောင်ရွက်ပေးတော်မူသော အသျှင်မြတ် ဖြစ်တော်မူသည့်အပြင် အလွန်ကောင်းမြတ်လှသည့် ကူညီစောင်မတော်မူသော အသျှင်မြတ်ပင် ဖြစ်တော်မူပေသည်။

အကျယ်ဖွင့်ဆိုချက်အနှစ်ချုပ်

အလ္လာဟ်အသျှင်မြတ်အဖို့ ('ရိစာလသ်' အတွက် အလိုရှိသူကို ရွေးချယ်တော်မူသည်။) ဖရစ်ရှ်သာဟ်များမှ ရွေးချယ်တော်မူသည်။ (ထိုဖရစ်ရှ်သာဟ်များအား အလိုရှိသူကို အသျှင်မြတ်၏) အမိန့်ပညတ်ချက်များ (နဗီတမန်တော်များထံ) ပို့ဆောင်သူများအဖြစ် (သတ်မှတ်တော်မူသည်။) ထို့နောက် လူသားများအနက်မှလည်း အလိုရှိသူကို လူသားများထံ အမိန့်တော်များ ပို့ဆောင်ရန် သတ်မှတ်တော်မူသည်။ ဆိုလိုသည်မှာ

'ရိစာလသ်' (ရစူလ်တမန်တော်အဖြစ်) ရွေးချယ်စေလွှတ်ခြင်းသည် အလ္လာဟ်အသျှင်မြတ်၏ ရွေးချယ်မှု အပေါ်၌သာ မူတည်သည်။ ထိုသို့ ရွေးချယ်ရာတွင် ဖရစ်ရှိသာဟ်ဖြစ်ရန် ထူးခြားချက် မပါရှိပေ။ သို့သာမက ကာဖိရ်များ လက်ခံကြသကဲ့သို့ ဖရစ်ရှိသာဟ်ဖြစ်ခြင်းနှင့်အတူ ရစူလ်လည်း ဖြစ်နိုင်သည်ဟုဆိုကာ ၄င်းတို့ ကိုယ်တိုင်က ဖရစ်ရှိသာဟ်များကို ရစူလ်အဖြစ် စေလွှတ်ရန် ရွေးချယ်ခဲ့ကြသည်။ ထိုနည်းတူစွာပင် လူသား ဖြစ်ခြင်းနှင့်အတူ ရစူလ်လည်း ဖြစ်နိုင်ပေသည်။ တစ်ဖန် ဤရွေးချယ်မှုသည် အဘယ်ကြောင့် သီးသန့်အရာ တစ်ခုအပေါ်၌ ဖြစ်ပါသနည်းဟုဆိုရာ၌ ပေါ်လွင်သည့် အကြောင်းခံမှာ ရစူလ်တမန်တော်များ၏ ထူးခြားချက် များကြောင့်သာ ဖြစ်ပေသည်။) ဧကန်မုချ အလ္လာဟ်အသျှင်မြတ်သည် ကောင်းစွာ ကြားတော်မူသော၊ ကောင်းစွာ မြင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ ထိုအသျှင်မြတ်သည် ထိုသူ (ဖရစ်ရှိသာဟ်များ နှင့် လူသား) တို့၏ ရှေ့၊ နောက် အခြေအနေများကို (ကောင်းစွာ) သိတော်မူပေသည်။ သို့ဖြစ်ပေရာ မျက်မှောက်ခေတ်ကာလ၏ အခြေအနေကို ပို၍ပင် ကောင်းစွာ သိတော်မူပေလိမ့်မည်။ အချုပ်မှာ ကြားသိစရာ မြင်တွေ့စရာ အားလုံးတို့၏ အခြေအနေအားလုံးကို ထိုအသျှင်မြတ် သိတော်မူပြီး ၄င်းတို့အနက် အချို့အခြေ အနေများ၏ တောင်းဆိုချက်အရ ဤရွေးချယ်မှု ဖြစ်သွားရပေသည်။) ထို့နောက် (အဓိကအခြေခံ အကြောင်း တရားမှာ) စင်စစ် အရေးကိစ္စအဝဝတို့သည် အလ္လာဟ်အသျှင်မြတ်အပေါ်၌သာ မူတည်ပေသည်။ (ထိုအသျှင် မြတ်သည် စိုးပိုင်တော်မူသော ပင်ကိုယ်မူလမှ တည်ရှိတော်မူသော ပြုလိုသည်ကို ပြုနိုင်စွမ်းရှိတော်မူ သော အသျှင်မြတ်ဖြစ်ပြီး ထိုအသျှင်မြတ်၏ ရည်ရွယ်ချက်ဆန္ဒ သည် ပင်ကိုယ်မူလအရ ဦးစားပေးဖြစ်သည်။ ထိုရည်ရွယ်ချက်အတွက် မည်သည့်ဦးစားပေးခြင်းမျှ မလိုအပ်ပေ။ သို့ရှိရာ ရည်ရွယ်ချက်အားလုံးတို့သည် အသျှင်မြတ်အတွက်သာ ဖြစ်ပေသည်။

وهومعنى قوله تعالى لا يسئل عمّا يفعل

အလ္လာဟ်အသျှင်မြတ်၏ လုပ်ရပ်တစ်ခုခု၏ အကြောင်းခံကို မေးမြန်းရန် မည်သူ့တွင်မျှ အခွင့်အရေး မရှိပေ။ (ရှေ့တွင် စူရာဟ်ကုန်ဆုံးသည့်အပေါ် ပထမခွဲထွက်သည့် အမိန့်များနှင့် ရှရီအသ်အကြောင်း တင်ပြထားသည်။ ထို့နောက် အိဗ်ရာဟီမ် ﷺ ၏ လမ်းစဉ်အပေါ် ခိုင်မြဲစွာ ရပ်တည်ရန် မိန့်ကြားထားသည်။ ထိုအမိန့်အပေါ် နှိုးဆော်ရန်အတွက် အချို့အကြောင်းအရာများ မိန့်ကြားထားသည်။) အို၊ မုအ်မင်န်၊ သက်ဝင် ယုံကြည်သူအပေါင်းတို့၊ (အသင်တို့သည် ပင်မ အမိန့်ပညတ်ချက်များကို လက်ခံပြီးနောက် ခွဲထွက်သည့် အကိုင်းအလက် အမိန့်ပညတ်ချက်များကိုလည်း လိုက်နာကြကုန်။ အဓိကနမာဇ်ကို လေးစားလိုက်နာကြကုန်။ သို့ရှိရာ အသင်တို့သည်) ရှုကူအ်ဦးညွှတ်ကြလေကုန်။ 'စဂျ်ဒဟ်'ဦးချကြလေကုန်။ ထို့နောက် (အခြားသော ခွဲထွက်သည့် အမိန့်များကိုလည်း လိုက်နာလျက်) မိမိအား ဖန်ဆင်းမွေးမြူတော်မူသော အသျှင်မြတ်၏ 'အေဗာဒသ်'ပြုကြလေကုန်။ ထို့နောက် ကောင်းမြတ်သော လုပ်ရပ်များ ပြုကြလေကုန်။ မျှော်လင့်ချက် (ကတိတော်) ရှိသည်မှာ အသင်တို့သည် အောင်မြင်မှု ရရှိကြပေမည်။ ထို့နောက် အလ္လာဟ်အသျှင်မြတ်၏ (သာသနာတော်၏) အလုပ်များတွင် ကြိုးပမ်းဆောင်ရွက်ရန် တာဝန်ရှိသည့်အတိုင်း ကြိုးပမ်းဆောင်ရွက်

ကြလေကုန်။ ထိုအသျှင်မြတ်သည် အသင်တို့အား (အခြားအွမ္မသ်များအနက်မှ) ရွေးချယ်တော်မူခဲ့ပေပြီ။ (جعلنكم امة و سطا) စသော အာယသ်တော်များတွင် တင်ပြခဲ့သည့်အတိုင်း ဖြစ်သည်။) ထို့နောက် အသင်တို့အပေါ် သာသနာတော်တွင် မည်သည့်ကျပ်တည်းခဲယဉ်းမှုကိုမျှ ပြုတော်မမူခဲ့ပေ။

(အို၊ အီမာန်ရှင်အပေါင်းတို့၊ အသင်တို့အား အမိန့်ပေးထားသည့် အစ္စလာမ်သာသနာတော်၏ အမိန့်ပညတ်ချက်များကို အပြည့်အဝ လိုက်နာကျင့်ဆောင်ကြကုန်။ ဤသည်ပင် အီဗ်ရာဟီမ် عليه السلام ၏ လမ်းစဉ်ဖြစ်ပေသည်။ အသင်တို့သည် မိမိတို့ဖခင် အီဗ်ရာဟီမ် عليه السلام ၏ လမ်းစဉ်အပေါ်၌ ရပ်တည်ကြလေကုန်။ ထိုနဗီတမန်တော်အီဗ်ရာဟီမ် عليه السلام ကပင် အသင်တို့၏ ဂုဏ်ပုဒ်ကို မွတ်စ္စလင်မ်ဟူ၍ ယခင်ကလည်း ကင်ပွန်းတပ်ခဲ့သည်။ ယခု ဤ (ကုရ်အာန်) ၌လည်း မွတ်စ္စလင်မ်များဟူ၍ ကင်ပွန်းတပ်ခဲ့လေသည်။ သို့မှသာ အသင်တို့အဖို့ တမန်တော်မြတ် ﷺ သည် သက်သေဖြစ်ပေမည်။ ထို့နောက် (ရစူလ်၏ ထိုသက်သေမဖြစ်မီ) အသင်တို့သည် (ကြီးမားသည့် အုပ်စုတစ်စု၌ ရှိပေမည်။ ထိုအုပ်စုတွင် နဗီတမန်တော် အုပ်စုတစ်စုရှိပြီး ဒုတိယအုပ်စုမှာ ထိုနဗီတမန်တော်များ၏ ရန်သူအုပ်စု ဖြစ်ပေမည်။ ထိုရန်သူအုပ်စုမှ) လူများနှင့်ရင်ဆိုင်ရာတွင် သက်သေဖြစ်ပေမည်။ (ထို့အပြင် ရစူလ်တမန်တော်၏ သက်သေပြုခြင်းဖြင့် အသင်တို့၏ သက်သေပြုချက်ကို ထောက်ခံခြင်းဖြစ်သည်။ ထို့နောက် နဗီတမန်တော်တို့အဖို့ ဆုံးဖြတ်ချက်ဖြစ်ပေမည်) သို့ရှိရာ (ငါအသျှင်မြတ်၏ အမိန့်တော်များကို အပြည့်အဝ လိုက်နာကြလေကုန်။ သို့ရှိရာ) နာမဇ်ဝတ်ပြုမှုကို (အထူး) လေးစားကြကုန်။ 'ဇကားသ်' ပေးဆောင်ကြလေကုန်။ ကျန်ရှိ အမိန့်များတွင်လည်း အလ္လာဟ်အသျှင်မြတ်ကိုသာလျှင် ခိုင်မြဲစွာ ဆုပ်ကိုင်ထားကြလေကုန်။ (ဖွဲ့နှင့် သာသနာ့ရေးဆိုင်ရာ အမိန့်တော်များကို လိုက်နာကြလေကုန်။ အလ္လာဟ်အသျှင်မြတ်မှအပ အခြားသူတို့၏ နှစ်သက်မှု၊ မနှစ်သက်မှုနှင့် မိမိ၏ နဖ်စ်၏ ကောင်းကျိုး၊ ဆိုးကျိုးတို့ကို အလေးမမူလေနှင့်။) ထိုအသျှင်မြတ်သည် အသင်တို့အား စိုးပိုင်တော်မူသော အသျှင်မြတ် ဖြစ်တော်မူသည်။ ထိုအသျှင်မြတ်သည် အသင်တို့၏ အခွေခင်ပွန်းနှင့် အသင်တို့၏ အလုပ်ကို ကောင်းမြတ်စွာ ကူညီစောင်မတော်မူသော အသျှင် ဖြစ်တော်မူပေသည်။

သိမှတ်ဖွယ်ရာများနှင့် ဓမ္မသတ်များ

စူရာဟ်ဟဂ်ျ၏ 'စဂ်ျဒဟ်သေလာဝသ်' များ

يٰاَيُّهَا الَّذِيْنَ اٰمَنُوا ارْكَعُوْا وَاسْجُدُوْا وَاعْبُدُوْا رَبَّكُمْ

စူရာဟ်ဟဂ်ျတွင် ပထမက လာရှိခဲ့သည့် 'စဂ်ျဒဟ်'အာယသ်တော်အတွက် 'စဂ်ျဒဟ်သေလာဝသ်' ပြုရန် 'ဝါဂျိဗ်'ဖြစ်ကြောင်း ပညာရှင်များ တစ်ညီတည်းဆိုကြသည်။ ယခု ဤအာယသ်တော်နှင့် စပ်လျဉ်း၍ 'ဝါဂျိဗ်'ဖြစ်ခြင်း၊ မဖြစ်ခြင်းတွင် အေမာမ်ကြီးများအကြား ကွဲလွဲမှုရှိသည်။ အေမာမ်အဘူဟနီဖာဟ်၊ အေမာမ် မာလိက်နှင့် စုဖ်ယာန်ဆောင်ရီ (ရဟ) တို့ထံတွင် ဤအာယသ်တော်အပေါ် 'စဂ်ျဒဟ်သေလာဝသ်'ပြုရန်

'ဝါဂျိဗ်'မဖြစ်ပေ။ အကြောင်းမှာ ဤအာယသ်တော်တွင် 'စဂျ်ဒဟ်'အကြောင်းကို ရုကူအ် စသည်တို့နှင့် အတူ တင်ပြထားခြင်းကြောင့် ဖြစ်သည်။ ဤသည်မှာ နမာဇ်၏ 'စဂျ်ဒဟ်'ကို ဆိုလိုကြောင်း ထင်ရှားသည်။

وَاسْجُدِىْ وَارْكَعِىْ مَعَ الرَّاكِعِيْنَ

တွင် နမာဇ်၏ 'စဂျ်ဒဟ်'ကို ဆိုလိုကြောင်း အေမာမ်အားလုံးထဲတွင် တစ်ညီတည်းဖြစ်သည်။ ထိုအာယသ်တော်အား ဖတ်ရွတ်ခြင်းဖြင့် 'စဂျ်ဒဟ်သေလာဝသ်'ပြုရန် 'ဝါဂျိဗ်'မဟုတ်ပေ။ အလားတူ ဖော်ပြပါအာယသ်တော်၌လည်း 'စဂျ်ဒဟ်သေလာဝသ်'ပြုရန် 'ဝါဂျိဗ်'မဖြစ်ပေ။ အေမာမ်ရှာဖေအီ၊ အေမာမ် အဟ်မဒ်တို့ထံတွင် ထိုအာယသ်တော်တွင်လည်း 'စဂျ်ဒဟ်သေလာဝသ်'ပြုရန် 'ဝါဂျိဗ်'ဖြစ်သည်။ ၎င်းတို့၏ အထောက်အထားမှာ ဟဒီးစ်တော်တစ်ပုဒ် ဖြစ်သည်။ ဟဒီးစ်တော်၌ မိန့်ကြားထားသည်မှာ 'စူရာဟ်ဟဂျ်' သည် အခြားစူရာဟ်များထက် ထူးမြတ်ရခြင်းမှာ ထိုစူရာဟ်တွင် 'စဂျ်ဒဟ်သေလာဝသ်'နှစ်ခု ပါရှိသော ကြောင့် ဖြစ်သည်။ အေမာမ်အဘူဟနီဖဟ်ထံတွင် ဤဆင့်ပြန်ချက်၏ ခိုင်မာမှုတွင် စောဒကရှိသည်။ ဤအကြောင်းကို ဖိကာဟ်နှင့် ဟဒီးစ်ကျမ်းကြီးများ၌ ကြည့်ရှုနိုင်သည်။

وَجَاهِدُوْا فِى اللّٰهِ حَقَّ جِهَادِهٖ

တွင် جِهَاد နှင့် بُجَاهِد ဟူသော စာလုံးတို့သည် 'ရည်ရွယ်ချက်တစ်ခုကို ရရှိရန် မိမိ၏ အင်အားအပြည့်အဝ ကို သုံးစွဲခြင်းနှင့် ထိုကိစ္စအတွက် ခက်ခဲမှုဒုက္ခများခံခြင်းဟူသော အဓိပ္ပာယ်အတွက် လာရှိသည်။ ကာဖိရ် များအား တိုက်ခိုက်ရာ၌လည်း မွတ်စ္စလင်မ်တို့သည် လုပ်ရပ်အားဖြင့်လည်းကောင်း၊ စကားအားဖြင့် လည်းကောင်း၊ တတ်စွမ်းနိုင်သမျှ ဝင်ငွေများအပေါ်၌လည်းကောင်း အမျိုးမျိုး မိမိတို့၏ အင်အားများကို သုံးစွဲကြသည့်အတွက် ထိုသုံးစွဲမှုကိုလည်း 'ဂျိဟားဒ်'ဟု ခေါ်ဆိုသည်။ حَقَّ جِهَادِهٖ ၏ သဘောမှာ အလ္လာဟ်အသျှင်မြတ်အတွက် စိတ်ထားမှန်ကန်မှု အပြည့်အဝရှိခြင်းကို ဆိုလိုသည်။ လောကီ ရေးကျော်ကြားမှုနှင့် သုံ့ပန်းပစ္စည်းများ၏ ရမ္မက်များ စိုးစဉ်းမျှ မရှိရပေ။

ဟရေသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်က حَقَّ جِهَادِهٖ ၏ အလိုသဘောမှာ 'ဂျိဟားဒ်တွင် မိမိ၏ အင်အားကို အပြည့်အဝသုံးပြီး ရှုတ်ချသူ၏ ရှုတ်ချမှုကို နားမထောင်သူဖြစ်သည်'ဟု ဆိုသည်။ အချို့အဖွင့် ပညာရှင်တို့ထံ ဤနေရာတွင် 'ဂျိဟားဒ်'၏ အဓိပ္ပာယ်မှာ 'အေဗာဒသ်'များနှင့် အသျှင်မြတ်၏ အမိန့် တော်များကို လိုက်နာရာတွင် မိမိ၏ အင်အားကို စိတ်ထားမှန်ကန်ခြင်း အပြည့်ဖြင့် သုံးစွဲခြင်းဖြစ်သည်ဟု ဆိုကြသည်။ ဒွဟ်ဟားက်နှင့် မုကာသိလ်တို့က ဤအာယသ်တော်၏ အလိုသဘောမှာ-

اِعْمَلُوْا لِلّٰهِ عَمَلِهٖ وَاعْبُدُوْهُ عِبَادَتَه

အလ္လာဟ်အသျှင်မြတ်အတွက် တာဝန်ရှိသည်နှင့်အညီ 'အမလ်'ပြုလုပ်ကြကုန်။ ထို့နောက် တာဝန် ရှိသည်နှင့်အညီ 'အေဗာဒသ်'ပြုလုပ်ကြ'ဟု ဖြစ်သည်။ ဟရေသ်အဗ်ဒွလ္လာဟ်ဗင်နိမုဗာရတ်က 'ဤနေရာ

တွင် 'ဂျီဟားဒ်'၏ သဘောမှာ မိမိနဖ်စ်နှင့် နဖ်စ်၏ အကျိုးမဲ့ဆန္ဒများကို ဆန့်ကျင်၍ ဒုက္ခခံခြင်း ဖြစ်သည်။ ဤသည်မှာ حق جهاد ဖြစ်သည်ဟု ဆိုသည်။ အေမာမ်ဗဂဝီစသည်တို့က ဤအဆိုကို ထောက်ခံလျက် ဟဇရသ်ဂျာဗိရ်ဗင်န်အဗဒ္ဒုလ္လာဟ်၏ ဟဒီးစ်တော်တစ်ပုဒ်ကို ဆင့်ပြန်ခဲ့ကြသည်။ ထိုဟဒီးစ်တော်တွင် 'အခါတစ်ပါး၌ ဆွဟာဗာတို့၏ အုပ်စုတစ်စုသည် ကာဖိရ်များနှင့် စစ်ထိုးရန် ထွက်ခွာသွားကြသည်။ ၎င်းအုပ်စု ပြန်လည်ရောက်ရှိလာသည့်အခါ တမန်တော်မြတ် ﷺ က

قد متم خير مقدم من الجها د الاصغر الى جها د الا كبر

قال مجاهدة العبد لهواه رواه ابيهقى فقال هذا اسنا د فيه ضعف

ဆိုလိုသည်မှာ 'အသင်တို့သည် 'ဂျီဟားဒ်'အသေးစားမှ အကြီးစား 'ဂျီဟားဒ်'ဘက်သို့ ကောင်းစွာ ရောက်ရှိလာခဲ့ပေပြီ' ဟု ဆိုလိုသည်။ (မိမိ၏ နဖ်စ်၏ လွဲမှားသော ဆန္ဒများကို တိုက်ခိုက်ဆန့်ကျင်သည့် 'ဂျီဟားဒ်'သည် ယခုတိုင် ရှိပေသည်) ဟု ဖြစ်သည်။ ဤဆင့်ပြန်ချက်ကို ဗိုင်ဟကီက ဆင့်ပြန်ခဲ့သည်။ သို့ရာတွင် ၎င်း၏ စနဒ်များတွင် ဖွအီးဖ်ဖြစ်သည်ဟု ဆိုသည်။

အကျိုးကျေးဇူး

သဖ်စီးရ် မဇ္ဇဟရီကျမ်းတွင် ဤဒုတိယသဖ်စီးရ်ကို ရွေးချယ်၍ ဤအာယသ်တော်မှ ဓမ္မသတ်ထုတ်နုတ်သည်မှာ ဆွဟာဗာတို့သည် ကာဖိရ်တို့နှင့် စစ်ထိုးတိုက်ခိုက်ခဲ့ကြသည်။ စိတ်ရိုင်း၏ ဆန္ဒများအား ဆန့်ကျင်သည့် 'ဂျီဟားဒ်'မှာမူ ထိုအချိန်ကပင် ရှိခဲ့ပေသည်။ သို့ရာတွင် ဟဒီးစ်တော်တွင် ထိုအကြောင်းကို ပြန်လည်ရောက်ရှိချိန်၌ တင်ပြခြင်းဖြစ်သည်။ ဤသည်မှာ 'နဖ်စ်ဆန္ဒများကို ဆန့်ကျင်တိုက်ခိုက်သည့် 'ဂျီဟားဒ်'သည် စစ်မြေပြင်၌လည်း ရှိပေသည်။ သို့ရာတွင် ဓလေ့ထုံးစံအရ ဤသည် ရှိက်ခ်ကာမိလ်ထံ၌သာ ဖြစ်ရပေသည်။ ထို့ကြောင့် ထိုကိစ္စသည် 'ဂျီဟားဒ်'မှ အပြန် ကိုယ်တော်မြတ် ﷺ ၏ ရှေ့တော်မှောက် ရောက်ရှိသည့်အချိန်မှ စတင်ပေသည်။

ဒွမ္မသ်မုဟမ္မဒီယဟ်သည် အလ္လာဟ်အသျှင်မြတ် အထူးရွေးချယ်တော်မူထားသည့် ဒွမ္မသ်ဖြစ်ခြင်း

هوا جتبكم ဟဇရသ်ဝါစိလဟ်ဗင်န်အခ်ကအ် ﷺ ၏ ဆင့်ပြန်ချက်တွင် တမန်တော်မြတ် ﷺ က 'အလ္လာဟ်အသျှင်မြတ်သည် ဗနီအီစ်မာအီးလ် (ဟဇရသ်အစ်မာအီးလ် عليه السلام ၏ သားစဉ်မြေးဆက်များအနက် 'ကနာနဟ်'ကို ရွေးချယ်တော်မူခဲ့သည်။ ထို့နောက် 'ကနာနဟ်'၏ သားစဉ်မြေးဆက်များမှ ကုရိုက်ရှ်အားလည်းကောင်း၊ ထိုကုရိုက်ရှ်များအနက် ဗနီဟာရှင်မ်အားလည်းကောင်း၊ ထို့နောက် ဗနီဟာရှင်မ်အနက် ငါကိုယ်တော်၏ အနွယ်တော်အားလည်းကောင်း ရွေးချယ်တော်မူခဲ့သည်' ဟု မိန့်ကြားတော်မူခဲ့သည်။

[မွတ်စ္စလင်မ်ကျမ်း၊ မဇ္ဇဟရီကျမ်း။]

وَمَا جَعَلَ عَلَيْكُمْ فِي الدِّينِ مِنْ حَرَجٍ

'အလ္လာဟ်အသျှင်မြတ်သည် သာသနာတော်တွင် မည်သည့်ကျပ်တည်းမှုမျှ အသင်တို့အပေါ် ပြုထားခြင်းမရှိပေ။' ဤသည်နှင့် စပ်လျဉ်း၍ အချို့ပညာရှင်များက ဤသာသနာတော်တွင် 'သောင်ဗာဟ်'ပြုခြင်းဖြင့် ခွင့်လွှတ်ခြင်းမခံရဟူသော အပြစ် 'ဂိုနာဟ်'မရှိ။ 'အာခေရသ်'၏ 'အဇာဗ်' အပြစ်လွှတ်မြောက်နိုင်သည့် လမ်းမရှိသည်မှာ မဟုတ်ဟု ဆိုသည်။ အကြောင်းမှာ ရှေးအုမ္မသ်များတွင် အချို့အပြစ်များမှာ 'သောင်ဗာဟ်' ပြုခြင်း ဖြင့်ပင် ခွင့်လွှတ်ခြင်း မခံရသော အပြစ် 'ဂိုနာဟ်'များ ရှိသောကြောင့် ဖြစ်သည်ဟု ဆိုကြသည်။

ဟဇရသ်အိဗ်နေအဗ္ဗားစ် ﷺ သခင်က 'ကျပ်တည်းခြင်းဆိုသည်မှာ ကုရ်အာန်ကျမ်းတော်မြတ်တွင် إصْر နှင့် اغلال ဆိုသည့် စာလုံးများနှင့် ခိုင်းနှိုင်းထားသည့် ဗနီအိစ်ရာအီးလ်တို့အပေါ်တွင် သတ်မှတ်ခဲ့သော ပြင်းထန်ခက်ခဲသည့် အမိန့်ပညတ်ချက်များ ဖြစ်သည်။ ဤအုမ္မသ်အပေါ် ဤသို့သော အမိန့်များ သတ်မှတ်တော်မူခြင်းမရှိ' ဟု ဆိုသည်။ အချို့ပညာရှင်များက ကြပ်တည်းခြင်းဆိုသည်မှာ လူသည် မခံမရပ်နိုင်ဖြစ်ရသော အခြေအနေမျိုးဖြစ်လျှင် ၎င်းကို ကျပ်တည်းမှုဟု ဆိုကြသည်။ အနည်းနှင့် အများဆိုသလို ကြိုးစားအားထုတ် အပင်ပန်းခံခြင်းသည် လောက၏ အလုပ်တိုင်းတွင် ရှိပေသည်။ ပညာရှာဖွေဆည်းပူးခြင်း၊ ဝန်ထမ်းအလုပ်လုပ်ခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းနှင့် လက်မှုလုပ်ငန်းများ ပြုလုပ်ခြင်းတို့တွင် ဒုက္ခများ ခံကြရသည်။ သို့သော် ထိုသို့ ကြိုးစားအားထုတ်၊ ဒုက္ခခံရခြင်းကြောင့် အလွန် ခက်ခဲကြမ်းတမ်းသည်ဟု မဆိုနိုင်ပေ။ အသိုင်းအဝိုင်း မှားယွင်းမှုကြောင့်ဖြစ်စေ၊ အသိုင်းအဝိုင်းနှင့် ဆန့်ကျင်ခြားနားခြင်းကြောင့်ဖြစ်စေ၊ (သို့) ထိုဒေသတွင် ပြုလေ့ပြုထမရှိခြင်းကြောင့် ဖြစ်စေ၊ ကိစ္စရပ်တစ်ခုခု ပြုလုပ်ရန် ခက်ခဲနေပါလျှင် ထိုကိစ္စကို ကြပ်တည်းသည်၊ ခက်ခဲသည်ဟု မဆိုနိုင်ပေ။ ပြုလုပ်သူအဖို့ ၎င်း၏ အသိုင်းအဝိုင်းတွင် ၎င်းနှင့် လက်တွဲနိုင်သူ မရှိခြင်းကြောင့်သာ ကြပ်တည်းသည်ဟု ခံစားရခြင်းဖြစ်သည်။ ရိုတီမုန့်စားခြင်း၊ ပြုလုပ်ခြင်း အလေ့အထမရှိသော ဒေသတစ်ခုတွင် ထိုရိုတီမုန့် ရရှိရန် မည်မျှ ခက်ခဲမည်နည်း ဆိုသည်ကို အားလုံး သိရှိကြပါသည်။ သို့ရာတွင် ထိုသို့ဖြစ်ပါလျက် ရိုတီမုန့် ပြုလုပ်ခြင်းသည် ခက်ခဲသည်ဟုကား မဆိုနိုင်ပါချေ။

ကာဇီစနာအုလ္လာဟ် (ရဟ) သည် သဖ်စီးရ်မဇ္ဖဟရီကျမ်းတွင် မိန့်ဆိုသည်မှာ သာသနာတော်တွင် ကြပ်တည်းမှုဆိုသည်မှာ အလ္လာဟ်အသျှင်မြတ်သည် ဤအုမ္မသ်အား အခြားအုမ္မသ်အားလုံးတို့အနက်မှ မိမိအတွက် ရွေးချယ်တော်မူလိုက်သည်။ ထိုရွေးချယ်ခြင်း၏ 'ဗရ်ကသ်'မင်္ဂလာဖြင့် ဤအုမ္မသ်များအဖို့ သာသနာလမ်းတွင် ကြီးမားသော ဒုက္ခများ ခံစားရခြင်းသည်လည်း လွယ်ကူရှုံ့မျှမက အရသာပင် ဖြစ်သွားရသည်။ ကြိုးပမ်းဒုက္ခခံခြင်းဖြင့် သာယာမှု ရရှိပေသည်။ အထူးသဖြင့် နှလုံးသားတွင် အီမာန်၏ ချိုမြိန်မှု ရရှိသွားသည့်အခါ လေးလံခက်ခဲသည့် အလုပ်များသည်လည်း ပေါ့ပါးသွားသည်ဟု ခံစားရပေသည်။ ဟဒီးစ်တော်၌ ဟဇရသ်အနတ်စ် ﷺ ၏ ဆင့်ပြန်ချက် လာရှိသည်မှာ တမန်တော်မြတ် ﷺ က

جعلت قرة عيني في الصلوة

'နမာဇ်ဝတ်ပြုခြင်းတွင် ငါကိုယ်တော်၏ မျက်လုံးများ အေးမြစေခဲ့သည်' ဟု မိန့်ကြားတော်မူခဲ့သည်။

[အဟ်မဒ်၊ နစာအီ၊ ဟာကင်မ်ကျမ်း။]

مِلَّةَ اَبِيكُمْ اِبْرٰهِيْمَ

ဤသည် အသင်တို့၏ဖခင် အီဗ်ရာဟီမ် ﷺ ၏ လမ်းစဉ်ဖြစ်သည်။ ဤဦးတည်မိန့်ကြားခြင်းသည် ဟဇရတ်အီဗ်ရာဟီမ် ﷺ ၏ အနွယ်တော် ကုရိုက်ရှ်မျိုးနွယ်မှ မုအ်မင်န်များကို မိန့်ကြားခြင်းဖြစ်သည်။ ထို့နောက် လူသားအားလုံးတို့သည် ကုရိုက်ရှ်တို့၏ နောက်မှ ဤထူးမြတ်ခြင်း၌ ပါဝင်ကြရသည်။ ဟဒီးစ်တော်မြတ်တွင်

الناس تبع لقريش في هذا الشا ن مسلمهم تبع لمسلمهم وكافرهم تبع لكافرهم

လူသားအားလုံးသည် ဤသာသနာတော်တွင် ကုရိုက်ရှ်တို့၏ နောက်လိုက်များ ဖြစ်ကြသည်။ မွတ်စ္စလင်မ်သည် မွတ်စ္စလင်မ်ကုရိုက်ရှ်၏ နောက်လိုက်ဖြစ်၍ ကာဖိရ်တို့သည် ကာဖိရ်ကုရိုက်ရှ်တို့၏ နောက်လိုက် ဖြစ်ကြသည်ဟု လာရှိသည်။ အချို့ပုဂ္ဂိုလ်များက اَبِيكُمْ اِبْرٰهِمَ ဟု မိန့်ကြားခြင်းသည် အွမ္မသ်အားလုံးတို့၏ မွတ်စ္စလင်မ်များကို ဖြစ်သည်' ဟု ဆိုကြသည်။ အီဗ်ရာဟီမ် ﷺ သည် ၎င်းတို့အားလုံးအတွက် ဖခင်ဖြစ်ရခြင်းမှာ နဗီတမန်တော်မြတ် ﷺ သည် အွမ္မသ်၏ ဝိညာဉ်ပိုင်းဆိုင်ရာ (အတွင်းပိုင်း) ဖခင်ဖြစ်သည်။ ကိုယ်တော်မြတ် ﷺ ၏ ကြင်ယာတော်များသည် မွတ်စ္စလင်မ်တို့၏ မိခင်မွန်များ ဖြစ်ကြသည်။ နဗီကိုယ်တော်မြတ် ﷺ သည် ဟဇရတ်အီဗ်ရာဟီမ် ﷺ ၏ သားစဉ်မြေးဆက်မှ ဖြစ်သည်မှာ ကျော်ကြားပေါ်လွင်သော အချက်ဖြစ်ပေသည်။

هُوَ سَمّٰكُمُ المسلمين مِنْ قَبْلُ وَفِيْ هٰذَا

ဟဇရတ်အီဗ်ရာဟီမ် ﷺ သည် အွမ္မသ်မုဟမ္မဒီယဟ်နှင့် အီမာန်ရှင်အားလုံးတို့၏ အမည်ကို ကုရ်အာန်ထက်အလျင် မွတ်စ္စလင်မ်ဟူ၍ ရွေးချယ်တော်မူခဲ့သည်။ ကုရ်အာန်ကျမ်းတော်မြတ်တွင် ဟဇရတ်အီဗ်ရာဟီမ် ﷺ တောင်းဆိုခဲ့သည့် ဒိုအာအတိုင်း ကုရ်အာန်ကျမ်းတော်မြတ်က တင်ပြထားသည်မှာ-

ربنا واجعلنا مسلمين لك ومن ذ رّيّتنا امة مسلمة لك

ဟု ဖြစ်သည်။ ထို့နောက် ကုရ်အာန်တွင် အီမာန်ရှင်များ၏ အမည်ကို မွတ်စ္စလင်မ်ဟု ထားရာတွင် ထိုအမည်ထားသူမှာ ဟဇရတ်အီဗ်ရာဟီမ် ﷺ မဟုတ်သော်လည်း ကုရ်အာန်ထက်အလျင် ၎င်းက ဤအမည်ကို ရွေးချယ်လိုက်ခြင်းသည် ကုရ်အာန်၌ ထိုအမည်အတိုင်း မှည့်ခေါ်ရန် အကြောင်းခံဖြစ်ခဲ့ရသည်။ ထို့ကြောင့် ဤအမည်မှည့်ခေါ်ခြင်းသည်လည်း ဟဇရတ်အီဗ်ရာဟီမ် ﷺ နှင့် ပတ်သက်ခဲ့ရသည်။

لِيَكُوْنَ الرَّسُوْلُ شَهِيْدًا عَلَيْكُمْ وَتَكُوْنُوْا شُهَدَاءَ عَلَى النَّاسِ

နဗီကိုယ်တော်မြတ် ﷺ သည် 'ကျွန်တော်မျိုးသည် အသျှင်မြတ်၏ အမိန့်တော်များကို ဤအုမ္မသ်ထံ ပို့ချပေးခဲ့ပါသည်' ဟု ထွက်ဆိုတော်မူပေမည်။ ထိုအခါ အုမ္မသ်မိုဟမ္မဒီယဟ်သည် ထိုထွက်ဆိုချက်အပေါ် ဝန်ခံကြပေလိမ့်မည်။ သို့သော် အခြားသော နဗီတမန်တော်များက ဤသို့ ထွက်ဆိုသည်ကို ၎င်းတို့၏ အုမ္မသ်များက ငြင်းဆိုကြလိမ့်မည်။ ထိုအချိန်တွင် အုမ္မသေ့မိုဟမ္မဒီယဟ်သည် 'မုချကေန် နဗီတမန်တော်အားလုံးတို့သည် မိမိတို့၏ အမျိုးသားများကို အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်များကို ပို့ချပေးခဲ့ကြပါသည်' ဟူ၍ သက်သေထွက်ဆိုကြပေလိမ့်မည်။ ထိုအခါ အခြားသော အုမ္မသ်အားလုံးတို့သည် ၎င်းတို့၏ သက်သေထွက်ဆိုချက်အပေါ် စိုးရိမ်မှုများဖြစ်၍ 'ကျွန်ုပ်တို့ ခေတ်သမယတွင် အုမ္မသ်မိုဟမ္မဒီယဟ် ရှိပင် မရှိခဲ့ပါ။ ၎င်းတို့သည် ကျွန်ုပ်တို့၏ အရေးကိစ္စတွင် မည်သို့ သက်သေထွက်ဆိုသူ ဖြစ်နိုင်ပါမည်နည်း' ဟု ဆိုကြလေရာ ၎င်းတို့၏ အမေးကို အုမ္မသ်မိုဟမ္မဒီယဟ်က ဖြေကြားသည်မှာ 'ကေန်အမှန် ကျွန်ုပ်တို့သည် ထိုအချိန်က မရှိခဲ့ကြပါ။ သို့ရာတွင် ကျွန်ုပ်တို့သည် ဤအကြောင်းများကို မိမိတို့၏ တမန်တော်မြတ် ﷺ ထံတော်မှ ကြားသိခဲ့ရပါသည်။ ထိုတမန်တော်မြတ် ﷺ ၏ မှန်ကန်မှုနှင့် ပတ်သက်၍ ဒွိဟသံသယ အလျှင်း မရှိပါချေ။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဤအကြောင်းကို သက်သေထွက်ဆိုနိုင်ခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် ၎င်းတို့၏ သက်သေထွက်ဆိုခြင်းသည် လက်ခံခြင်း ခံရပေမည်။ ဤအကြောင်းအရာသည် ဗိုခါရီ စသော ကျမ်းများတွင် ဟဇရသ်အဗူစအီးဒ်ခွဒ်ရီ ؓ ၏ ဆင့်ပြန်သည့် ဟဒီးစ်တော်မှ ဖြစ်သည်။

فَاَقِيْمُوا الصَّلٰوةَ وَاٰتُوا الزَّكٰوةَ

အလ္လာဟ်အသျှင်မြတ်သည် အသင်တို့အပေါ်တွင် အထက်၌ တင်ပြခဲ့သည့်အတိုင်း ကြီးမားသော ကျေးဇူးတော်များ ချီးမြှင့်တော်မူခဲ့သည်။ သို့ရှိရာ အသျှင်မြတ်၏ အမိန့်တော်များကို လိုက်နာဆောင်ရွက်ရာတွင် အပြည့်အဝ ကြိုးပမ်းရန်မှာ အသင်တို့၏ တာဝန်ဖြစ်ပေသည်။ ဤနေရာ၌ နမာဇ်နှင့် 'ဇကားသ်' ကိုသာ တင်ပြရခြင်းမှာ ခန္ဓာကိုယ်နှင့် စပ်လျဉ်း၍ ကျင့်ဆောင်ချက်များနှင့် အမိန့်များတွင် နမာဇ်သည် အရေးပါဆုံး ဖြစ်သည်။ ဥစ္စာပစ္စည်းနှင့် စပ်လျဉ်းသည့် အမိန့်များတွင် 'ဇကားသ်' သည် အလေးနက်ဆုံး၊ အရေးကြီးဆုံးဖြစ်သည်။ ထို့ကြောင့် ဤမျှသာ ကျင့်ဆောင်ခြင်းသည်ပင် ရှရီအသ်တရားတော်၏ အမိန့်ပညတ်ချက်အားလုံးကို လိုက်နာခြင်းဖြစ်ပေသည်။

وَاعْتَصِمُوْا بِاللّٰهِ

'မိမိ၏ အလုပ်အားလုံးတွင် အလ္လာဟ်အသျှင်မြတ်ကိုသာ ယုံပုံအားကိုးရမည်။ ထိုအသျှင်မြတ်ထံတော်မှသာ အကူအညီတောင်းခံရမည်' ဟု ဆိုလိုခြင်းဖြစ်သည်။ ဟဇရသ်အိဗ်ဒွလ္လာဟ်ဗင်န်အဗ္ဗားစ် ؓ သခင်

က မိန့်ဆိုသည်မှာ ဤ 'အိအ်သိဆွာမ်' ၏ အလိုသဘောမှာ 'အလ္လာဟ်အသျှင်မြတ်ထံတော်၌ လောကီ၊ လော ကုတ္တရာ၏ မလိုလား မနှစ်မြို့မှုများမှ လွတ်ကင်းရန် ဒိုအာတောင်းခံခြင်း ပြုကြကုန်' ဟု ဖြစ်သည်။ အချို့ပုဂ္ဂိုလ်များက မိန့်ဆိုသည်မှာ واعتصموا بالله ၏ အဓိပ္ပာယ်မှာ 'ကုရ်အာန်နှင့် စွန္နသ်ကို မြဲမြံစွာ လိုက်နာကျင့်သုံးခြင်းဖြစ်သည်။ ၄င်းတို့ကို အခြေအနေတိုင်း၌ ကိုင်တွယ်ထားပါ' ဟု ဖြစ်သည်။

ဟဒီးစ်တော်၌ တမန်တော်မြတ် ﷺ မိန့်ကြားတော်မူသည်မှာ-

تَرَكْتُ فيكم امرين لن تضلّوا ما تمسّكتم بهما كتاب الله و سنة رسوله

رواه مالك في المؤطاء مرسلا

ငါကိုယ်တော်သည် အသင်တို့အတွက် အရာနှစ်ခုကို ထားရစ်ခဲ့သည်။ ထိုအရာနှစ်ခုကို လက်ကိုင် ပြုထားသရွေ့ အသင်တို့သည် လမ်းမှားကြမည်မဟုတ်ပေ။ ယင်းနှစ်ခုမှာ 'ကိသာဗုလ္လာဟ်' (ကုရ်အာန်) နှင့် ထိုအသျှင်မြတ်၏ တမန်တော်မြတ် ﷺ ၏ စွန္နသ်ပင် ဖြစ်ပေသည်။ *[မဇ္ဇဟ်ရီကျမ်း]*

အလ္လာဟ်အသျှင်မြတ်၏ 'သောင်ဖီးက်' စွမ်းအားဖြင့်

မအာရိဖွလ်ကုရ်အာန် မြန်မာဘာသာပြန် အတွဲ [၁၅]

ဤတွင် ပြီးဆုံးပါပြီ။

فَاسْئَلُوْٓا اَهْلَ الذِّكْرِ اِنْ كُنْتُمْ لَا تَعْلَمُوْنَ ۝

معارف القرآن

''အသင်တို့ မသိကြပါမူ
တတ်သိသူများအား မေးမြန်း ကြလေကုန်။''